MCM PDF Team မှတင်ဆက်သော ......

# စိတ္တရလေခါ

## ပါရဂူ

[ဘဂဝတီ ကျရန် ဗရမာ၏ 'ကျိတ္တရလေခါ' ဟိန္ဒီဝတ္ထုကို မြန်မာပြန်သည်။]

[ ၁၊ မေ၊ ၁၉၉၆ ]




စာမူခွင့်ပြုချက်အမှတ် [ ၉ / ၉၆ (၁) ]

မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၈၅ / ၉၆ (၂) ]

စာဖတ်ပရိတ်သတ်များအား အစဉ်လေးစားလျက် .......

www.mmcybermedia.com

Typing - ငွေဇင်ယော်

mmcybermedia.com

စီစဉ်ထုတ်လုပ်မှု

ရာပြည့်ဦးစိုးညွန့်

ပုံနှိပ်သူ

ဒေါ်တင်တင်ဒွေး [၀၅၂၄၀]၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်

အမှတ် ၁၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း

ပထမ အကြိမ်(၁၉၆၆)ကျော်ညွန့်နှင့် အပေါင်းအသင်း

ဒုတိယ အကြိမ် (၁၉၇၁) လောကစာပေ

တတိယ အကြိမ် (၁၉၇၃) အလင်္ကာစာပေ

စတုတ္ထ အကြိမ် (၁၉၇၅) ချင်းတွင်းစာပေတိုက်

ပဉ္စမ အကြိမ် (၁၉၇၉) သုတေသီစာပေ

ဆဋ္ဌမ အကြိမ် (၁၉၉၀) ယောမင်းကြီး

သတ္တမ အကြိမ် (၁၉၉၆) ရာပြည့်စာအုပ်တိုက်

အုပ်ရေ ( ၁၀၀၀ )

ထုတ်ဝေသူ

ဦးလှကြိုင် [၀၂၃၃]၊ လောကစာပေ

အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

စာအုပ်ချုပ်

ကိုမြင့်

မျက်နှာဖုံးရိုက်

ဦးမြင့်သိန်း [၀၁၄၂၇]၊ သိန်းမြင့်ဝင်းအော့ဖ်ဆက်

အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

စံတိုး

တန်ဖိုး

၁၅၀၀ ကျပ်

Typing - ငွေဇင်ယော်

## မာတိကာ

၁။ အမှာ

၂။ စိတြလေခါကို မွေးဖွားသူ

၃။ နိဒါန်း

၄။ စိတ္တရလေခါ

၅။ နိဂုံး

## အမှာ

စိတ္တရလေခါသည် လွန်ခဲ့သည့် အနှစ်သုံးဆယ်ခန့်က 'ဘာဂဝတီ ကျရန် ဗရမာ' အမည်ရှိ နာမည်ကျော် ဟိန္ဒီစာရေးဆရာတစ်ဦး ရေးသားထားသော ဟိန္ဒီဝတ္ထု ဖြစ်သည်။ လူ့သဘာဝကို လေ့လာရာ၌ အပေါ်ယံအလွှာများကို တစ်လွှာပြီးတစ်လွှာ ခွာလျက် စူးရှနက်နဲသော အမြင်ဖြင့် အတွင်းနိုက်၍ လေ့လာထားသော ဝတ္ထုဖြစ်ခြင်းကြောင့် ဟိန္ဒီစာပေလောက၌ ခေတ်ပေါ်ဂန္ထဝင်မြောက် ဝတ္ထုအဖြစ် ထင်ပေါ်ကျော်ကြားပြီးလျှင် အရောင်းရ အတွင်ကျယ်ဆုံး ဝတ္ထုတစ်ခု ဖြစ်လာခဲ့လေသည်။

ဟိန္ဒီစာပေလောက၌ အခြားသော ဝတ္ထုများသည် ပေါ်ချိမြုပ်ချိနှင့် အချိန်ကာလဒဏ်ကို ခံနိုင်ရည် မရှိကြသော်လည်း စိတ္တရလေခါကမူ အချိန်နှောင်းလာလေလေ၊ အရောင်အသွေး ပိုမို၍ တောက်ပြောင်လာလေလေ ဖြစ်လေ၏။ စထွက်သည့်နှစ်မှစ၍ ယခုအထိ နှစ်စဉ်နှစ်တိုင်း အကြိမ်ကြိမ် ထပ်ကာ ထပ်ကာ ရိုက်နှိပ် ထုတ်ဝေရခြင်းက စိတ္တရလေခါ မည်မျှ အောင်မြင်မှု ရရှိနေသည် ဆိုသည့်အချက်ကို သက်သေခံနေပေသည်။ အင်္ဂလိပ် ဘာသာဖြင့်လည်း စိတ္တရလေခါကို ဘာသာပြန်ထားလေသည်။

"မကောင်းမှုဟူသည်မှာ မည်သည့်အရာ ဖြစ်သနည်း" ဟူ၍ တစ်ယောက်သောသူက မေးခွန်းထုတ်လျှင် ထိုမေးခွန်းထုတ်သူအား သင် မည်ကဲ့သို့ သဘောထားမည်နည်း။ ရှင်းနေပြီးဖြစ်သည့် အရာတစ်ခုကို ရှုပ်အောင်မေးရမည်လောဟု မေးခွန်းထုတ်သူအား အပြစ်တင်ကောင်း တင်ပေလိမ့်မည်။ သို့ရာတွင် 'စိတ္တရလေခါ' ၌မူ "မကောင်းမှုဟူသည်မှာ မည်သည့်အရာ ဖြစ်သနည်း" ဟူသော အမေးပုစ္ဆာနှင့် နိဒါန်းပျိုးထားလေ၏။ မကောင်းမှုကို သင် သဘောပေါက်သလို 'စိတ္တရလေခါ' က သဘောပေါက်ဟန် မတူ။ မကောင်းမှုကို သင် အနက်အဓိပ္ပာယ် ကောက်ယူသကဲ့သို့ 'စိတ္တရလေခါ' က အနက်အဓိပ္ပာယ် ကောက်ယူချင်မှ ကောက်ယူမည်။ မကောင်းမှုဟူသော ဝေါဟာရ စကားလုံးကို အစဉ်အလာ ဝိဂြိုဟ်ဝစနတ် ပြုလာသည့်နည်းတူ 'စိတ္တရလေခါ' က ဝိဂြိုဟ်ဝစနတ် ပြုလိမ့်မည် မဟုတ်။ သူ့နည်းနှင့်သူ အဓိပ္ပာယ် ကောက်ယူလိုသည်။ သူ့နည်းနှင့်သူ ဝိဂြိုဟ်ဝစနတ်ပြုလိုသည်။ သို့ဖြစ်၍ မကောင်းမှုဟူသော ပြဿနာကို ရှေ့တန်းတင်လာခြင်း ဖြစ်လေ၏။

'စိတ္တရလေခါ' သည် လူသားတို့၏ အကြောင်းအရာ ဖြစ်သည်။ လူသားတို့၏ ဝတ္ထု ဖြစ်သည်။ ယင်းလူသားတို့၏ အပြုအမူတို့သည် လူ့အလိုဆန္ဒ၏ ကွပ်ကဲမှုကိုလည်းကောင်း၊ ပတ်ဝန်းကျင် အခြေအနေ၏ ထိန်းချုပ်မှုကိုလည်းကောင်း ခံနေကြရ၏။ စိတ္တရလေခါ၌ ယောဂီတစ်ဦး ပါ၏။ သူသည် မိမိကိုယ်ကို အနိုင်ရထားသည်ဟူ၍ ယုံကြည်သူ ဖြစ်သည်။

သို့ရာတွင် မိန်းမချောတစ်ယောက်ကို တွေ့ရသည့်အခါ သူသည် ကာယိန္ဒြေ ပျက်သွား၏။ စိတ္တရလေခါ၌ပါသော အခြားဇာတ်ဆောင်တစ်ဦးမှာ ကာမဂုဏ်အာရုံ၌ နစ်မွန်းနေသူ ယောက်ျားတစ်ယောက် ဖြစ်၏။ ကာမဂုဏ် အာရုံ၌ နစ်မွန်းနေသူ ဖြစ်စေကာမူ သူသည် မိမိ၏ စိတ်နှလုံးကိုမူ တန်ဖိုးထားလေ၏။ 'စိတ္တရလေခါ' ၌ မိန်းမတစ်ဦးလည်း ပါရှိ၏။ ထိုမိန်းမသည် မြင်ရသရွေ့ ယောက်ျားတို့အား ရုပ်ပါရုံဖြင့် ညို့နိုင်စွမ်းရှိ၏။ သို့ရာတွင် သူသည် မိမိ၏နှလုံးကိုမူ ချစ်မြတ်နိုးသူ ဖြစ်၏။ ယင်းဇာတ်ဆောင် သုံးဦး၏ ဘဝကို 'စိတ္တရလေခါ' တွင် သရုပ်ဖော်ထားသည်။

ပုဂ္ဂိုလ်တစ်ယောက် ရှိသည်။ ထိုပုဂ္ဂိုလ်မှာ တရားဘာဝနာ ပွားများကျင့်ကြံနေသူ ဖြစ်၏။ သူ့ဘဝကို တရားဘာဝနာ အလုပ်၌ မြှုပ်နှံထား၏။ သို့ရာတွင် သူ၏ အသက်ရှင်နေမှုမှာ သူ့အတွက်သာ ဖြစ်သည်။ သူသည် ပရဟိတကို ဂရုမထား။ တရားဘာဝနာ ကျင့်ကြံအားထုတ်နေခြင်းကိုက အတ္တဟိတ အလုပ်ဖြစ်သည်။ တစ်ယောက်သောသူကမူ ကာမဂုဏ်အာရုံ၏ သားကောင် ဖြစ်သည်။ လောကီအာရုံများနှင့် ရစ်ပတ်ထွေးလုံးနေ၏။ သို့သော် သူသည် သူတထူးအတွက် ကိုယ်ကျိုးကို စွန့်လွှတ်၏။ မိမိအကျိုးကို အများအကျိုးအတွက် စတေး၏။ ထိုပုဂ္ဂိုလ် နှစ်ဦးအနက် မည်သူအား လူတော် လူကောင်းဟူ၍ သမုတ် မည်နည်း။ 'စိတ္တရလေခါ' က ယင်းပြဿနာကို တင်ပြထားသည်။ 'စိတ္တရလေခါ' ကို ဖတ်ပြီးသည့် အဆုံး၌ ယင်းပြဿနာနှင့် ပတ်သက်၍ သင် ဘဝင်ကျချင်လည်း ကျသွားမည်။ သို့မဟုတ် ဘဝင်မကျ ဖြစ်နေချင်လည်း ဖြစ်နေလိမ့်မည်။

'စိတ္တလေခါ' ၏ ဦးတည်ချက်သည် ဆန်းသစ်သည်။ 'စိတ္တရလေခါ' ၏ ဒဿနသည် အစဉ်အလာကို တော်လှန်ထားသည်။ ဝတ္ထုရေးဆရာသည် ယင်း ဆန်းသစ်သော ဦးတည်ချက်နှင့် တော်လှန်သော ဒဿနကို ခိုင်ခံ့သော ယုတ္တိသာဓက အုတ်မြစ်ပေါ်၌ အခြေစိုက်ထား၏။

ဒဿနသမိုင်း တစ်လျှောက်၌ အငြင်းပွားလာခဲ့သော ပြဿနာတစ်ရပ် ရှိသေးသည်။ လူသည် ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုကို ခံရသလော၊ လူ၏ အပြုအမူသည် ပတ်ဝန်းကျင် အခြေအနေ၏ ကြိုးကိုင်မှုကို ခံရသလော ဟူသည့် ပြဿနာ ဖြစ်၏။ ယင်းပြဿနာကိုလည်း 'စိတ္တရလေခါ' က အဖြေပေးထားသည်။

'စိတ္တရလေခါ'သည် ရာဇဝင်ဝတ္ထုဖြစ်သည်။ သို့ရာတွင် အချစ်ကို ဋီကာဖွင့်ပြသည်ဖြစ်၍ အချစ်ဝတ္ထုလည်း ဖြစ်သည်။ အတွေးအခေါ်ကို အဓိကထားသောကြောင့် အတွေးအခေါ်ဝတ္ထုလည်း ဖြစ်သည်။ တော်လှန်ရေး ဒဿနတစ်ရပ်ကို တင်ပြသောကြောင့် ဒဿနဝတ္ထုလည်း ဖြစ်သည်။

'စိတ္တရလေခါ' သည် အိန္ဒိယသမိုင်း ဂုတ္တခေတ်ကို အခြေပြု၍ ရေးသားထားသော ဝတ္ထုဖြစ်၏။ 'စိတ္တရလေခါ' ၌ ပါဝင်သည့် ဇာတ်ရုံများ ဖြစ်ကြသော စန္ဒဂုတ်ဘုရင်၊ စာဏကျ အမတ်ကြီးတို့မှာ အိန္ဒိယသမိုင်းဝင် ထင်ပေါ်ကျော်ကြားသော ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ စန္ဒဂုတ်ဘုရင်မှာ ဗုဒ္ဓသာသနာပြု သီရိဓမ္မာသောကမင်းတရားကြီး၏ ဘိုးတော်ဖြစ်၍ 'ဘိုးတော် စန္ဒဂုတ်' ဟူသော အမည်ဖြင့် လူသိများသော မင်းတစ်ပါး ဖြစ်လေ၏။

စာဏကျ အမတ်ကြီးကား စန္ဒဂုတ်ဘုရင်၏ သက်တော်ရှည် ပညာရှိအမတ်ကြီး ဖြစ်၏။ စာဏကျသည် စာဏကျနီတိ၊ အာတ္ထသျှတ္တရစသည့် ကျမ်းဂန်များကို ရေးသားပြုစုခဲ့လေ၏။ စာဏကျနီတိသည် နီတိကျမ်းဂန်များအနက် ထင်ရှားကျော်ကြားသော ကျမ်းဂန်တစ်ခု ဖြစ်သည်။ အာတ္ထသျှတ္တရမှာလည်း ရှေးအကျဆုံး ကမ္ဘာ့နိုင်ငံရေးပညာနှင့် ဘောဂဗေဒပညာ ကျမ်းများစာရင်းတွင် တစ်ခုအပါအဝင် ဖြစ်လေ၏။

*Typing - ငွေဇင်ယော်*

စန္ဒဂုတ်ဘုရင်နှင့် စာဏကျ အမတ်ကြီးမှတစ်ပါး 'စိတ္တရလေခါ' ၌ ပါသည့် အခြား ဇာတ်ဆောင် ပုဂ္ဂိုလ်များမှာကား ဝတ္ထုရေးဆရာ၏ စိတ်ကူးထဲက ပုဂ္ဂိုလ်များ ဖြစ်တန်ရာသည်။ 'စိတ္တရလေခါ' သည် ရာဇဝင်ကို ဇာတ်အိမ်ဖွဲ့ထားသော်လည်း၊ ရာဇဝင်ခေတ်ကို နောက်ခံထား၍ ရေးသားထားသော်လည်း ရာဇဝင်အကြောင်းကို အဓိက မထား။ လူ့သဘာဝကိုသာလျှင် အလေးအနက် ပြုထားသည်။ 'စိတ္တရလေခါ' သည် ရာဇဝင်ဝတ္ထု မည်ကာမတ္တလောက်သာ ဖြစ်လျက်၊ အတွေးအခေါ်နှင့် ဒဿနကို ဦးစားပေး ရေးထားသော ဝတ္ထုဖြစ်၏။

'စိတ္တရလေခါ' ၏ အတွေးအခေါ်နှင့် ဒဿနသည် အားလုံးအတွက် နားဝင်ပီယံ ဖြစ်ချင်မှ ဖြစ်မည်။ အစဉ်အလာနှင့် ရိုးရာကိုတော်လှန်သည့် အယူအဆတစ်ရပ်ကို လူ့လောကတစ်ခုလုံးက တညီတညွတ်တည်း ကြိုဆိုလက်ခံနိုင်ဖို့ရန်မှာကား မလွယ်ကူပေ။ သို့ရာတွင် 'စိတ္တရလေခါ' လူကြိုက်များသည်ကို ထောက်၍ 'စိတ္တရလေခါ' ၏ ဒဿနမှာလည်း အားမသေးကြောင်း သိရှိရလေ၏။ မြန်မာပရိသတ်အတွက်မှာမူ ယခုအကြိမ်သည် အကဲစမ်း ကြည့်လိုက်သည့် အကြိမ် ဖြစ်သည်။

'စိတ္တရလေခါ' ၌ ဟိုနေရာ သည်နေရာတွင် စာဖတ်သူ၏ ဦးနှောက်ထဲ ရှောရှောရှူရှူ တန်းဝင်မသွားသည့် စာပိုဒ်များ၊ စကားဝါကျများ ပါရှိသည်ကို တွေ့ရပေလိမ့်မည်။ ယင်းစာပိုဒ်အချို့၊ စကားဝါကျအချို့ကို အပြည့်အဝ နားလည် သဘောပေါက်ရန်မှာကား ဟိန္ဒူအယူဝါဒ၊ ဟိန္ဒူဒဿနကို အတော်အတန် ခေါက်မိထားဖို့ လိုလိမ့်မည်။ ဗြဟ္မ၊ အတ္တ၊ မာယာဟူသော ဝေါဟာရ စကားလုံးများမှာ ဟိန္ဒူဒဿန၏ကိုယ်ပိုင် ဝေါဟာရစကားလုံးများ ဖြစ်ကြ၏။

ကျွန်ုပ်သည် 'စိတ္တရလေခါ' ကို မူလပင်ရင်း ဟိန္ဒီဘာသာမှ ဘာသာပြန်ဆိုပါသည်။ သို့ရာတွင် ယင်းသို့ ဘာသာပြန်ရာ၌ အင်္ဂလိပ်ဘာသာပြန်ကိုလည်း တစ်ဖက်တွင် တစေ့တစောင်း ကြည့်မိသည်။ အင်္ဂလိပ်ဘာသာပြန်၌ မူလ ဟိန္ဒီမူတွင် မပါသော စာပိုဒ်များ အများအပြား ပါဝင်နေသည်ကို တွေ့ရ၏။ အင်္ဂလိပ် ဘာသာပြန်ကပင် အတ္တနောမတိတွေ အများအပြား ထည့်ထားသလော၊ သို့မဟုတ် ကျွန်ုပ်လက်ဝယ်ရှိ ဟိန္ဒီမူရင်းကပဲ စာပိုဒ်အချို့ ကျနေသလော။ ကျွန်ုပ် ဝေခွဲ၍မရ။ ကျွန်ုပ် မြန်မာပြန်လိုသည့် စာအုပ်တစ်အုပ်ကို မြန်မာပြန်လိုက်ရပြန်ပြီ ဖြစ်သည့်အတွက် ပီတိသောမနဿ ဖြစ်မိပါသည်။

ပါရဂူ

၁၃-၆-၁၉၆၆။

*mmcybermedia PDF Team*

*Typing - ငွေဇင်ယော်*

*Proof - Parker*

*Pdf - ညီစေမင်း*

*Design - wannar*

## စိတြလေခါကို မွေးဖွားသူ

လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ကျော်လောက်က အိန္ဒိယပြည် ဗာရာဏသီ ဟိန္ဒူတက္ကသိုလ်သို့ ကျွန်တော်တို့ ရောက်သွားစတွင် ဗာရာဏသီ ဟိန္ဒူတက္ကသိုလ်၌ တရုတ်ကျောင်းသား နှစ်ယောက်ကို တွေ့ရသည်။ တရုတ်ကျောင်းသား နှစ်ယောက်မှာ တရုတ်ပြည်မှ လာရောက်ကျောင်းတက်နေကြသူများ ဖြစ်ကြသည်။ ထိုအချိန်က တရုတ်ပြည်တွင် ကွန်မြူနစ်ပါတီ အာဏာ မရသေးပေ။ တရုပ်ပြည်သူ့သမ္မတနိုင်ငံလည်း ဖြစ်ပေါ်မလာသေးပေ။ တရုတ်ကျောင်းသား နှစ်ယောက်နှင့် ကျွန်တော်တို့သည် အဆောင်တစ်ဆောင်စီ နေကြရသော်လည်း နိုင်ငံခြားကျောင်းသားများဖြစ်၍ တစ်ဦးနှင့်တစ်ဦး သွေးစည်းရင်းနှီးမှု ရှိကြသည်။ တစ်နေ့ တရုတ်ကျောင်းသားနှစ်ယောက် နေသည့်အခန်းသို့ ရောက်သွားသည်။ တရုတ်ကျောင်းသားနှစ်ဦးအနက် တစ်ဦးမှာ ဟိန္ဒီဝတ္ထုစာအုပ်တစ်အုပ်ကို စိတ်ပါဝင်စားစွာ ဖတ်နေသည်။ ထိုအချိန်က ကျွန်တော် ဟိန္ဒီ ပြောလောက်ဆိုလောက်အောင် မတတ်သေးပေ။ တရုတ်ကျောင်းသား ဖတ်နေသည့် ဟိန္ဒီဝတ္ထုစာအုပ်ကို ကြည့်လိုက်သောအခါ 'စိတြလေခါ' အမည်ရှိစာအုပ် ဖြစ်နေသည်ကို တွေ့ရသည်။ ထိုတရုတ်ကျောင်းသားက သူဖတ်နေသော 'စိတြလေခါ' ဝတ္ထု အလွန်ကောင်းကြောင်း အားရပါးရပြောပြသည်။ ထိုတရုတ်ကျောင်းသား ဖောက်သည်ချသဖြင့် 'စိတြလေခါ' ဝတ္ထုကို ကျွန်တော် မှတ်သားထားလိုက်လေသည်။

ထို့နောက် ကျွန်တော် ဟိန္ဒီစာ ရေးတတ် ဖတ်တတ် လာသောအခါ ပထမဦးဆုံး 'စိတြလေခါ' ဝတ္ထုကို ဝယ်ဖတ်သည်။ ထိုတရုတ်ကျောင်းသားကဲ့သို့ပင် ကျွန်တော်လည်း 'စိတြလေခါ' ဝတ္ထုကို နှစ်ခြိုက်စွဲလမ်းသွားသည်။ ထိုအချိန်က ကျွန်တော် စာရေးဝါသနာ ပါနေပြီ။ ဆောင်းပါးများကိုပင် စတင် ရေးနေပြီ။ ထို့ကြောင့် မြန်မာနိုင်ငံ ပြန်ရောက်လျှင် 'စိတြလေခါ' ဝတ္ထုကို မြန်မာဘာသာဖြင့် ပြန်ဆို ထုတ်ဝေမည်ဟု စိတ်ပိုင်းဖြတ်ထားလိုက်သည်။ လေးငါးနှစ်နေပြီး မြန်မာနိုင်ငံ ပြန်လာသည်။ သို့သော်လည်း 'စိတြလေခါ' ကို တော်တော်နှင့် ဘာသာပြန်ဆို မထုတ်ဝေဖြစ်ခဲ့ပေ။ ၁၉၆၆ ခုနှစ်လောက်ကျမှ ထုတ်ဝေဖြစ်သည်။ ပထမအကြိမ် ထုတ်ဝေလျှင် ထုတ်ဝေချင်း စာဖတ်ပရိသတ် လက်ခံသည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရှိရသည်။ 'စိတြလေခါ' မြန်မာပြန်ကို ၁၉၇၉ ခုနှစ်အထိ ငါးကြိမ်တိတိ ရိုက်နှိပ် ထုတ်ဝေပြီးပြီ။ ယခုအကြိမ် ထုတ်ဝေခြင်းမှာ သတ္တမအကြိမ်မြောက် ထုတ်ဝေခြင်း ဖြစ်သည်။ အုပ်ရေအနေဖြင့် ပြောရလျှင် အုပ်ရေ နှစ်သောင်းလောက် ရိုက်နှိပ်ထုတ်ဝေ ပြီးသွားပြီ။ 'စိတြလေခါ' သည် ကျွန်တော် မြန်မာဘာသာပြန်ဆိုသော ဝတ္ထုစာအုပ်များအနက် အအောင်မြင်ဆုံး စာအုပ်တစ်အုပ် ဖြစ်သည်။

'စိတြလေခါ' ၏ မူရင်းမှာ ဟိန္ဒီဘာသာဖြင့် ဖြစ်သည်။ 'စိတြလေခါ' ရေးသူ ဝတ္ထုရေးဆရာမှာ 'ဗဂဝတီ ချရန် ဗရမာ' အမည်ရှိ နာမည်ကျော် ဟိန္ဒီဝတ္ထုရေး ဆရာကြီး ဖြစ်သည်။ 'စိတြလေခါ' ကို ၁၉၃၄ ခုနှစ်၌ ပထမဆုံးအကြိမ်ထုတ်ဝေသည်။ ထိုအချိန်မှစ၍ ယခုအထိ အိန္ဒိယနိုင်ငံ၌ ထုတ်ဝေရသည့် အကြိမ်မှာ လေး ငါးဆယ်ထက် နည်းတော့မည် မဟုတ်ပေ။ ဟိန္ဒီဘာသာ စာမေးပွဲများအတွက် ပြဋ္ဌာန်းစာအုပ် ဖြစ်နေသည့်အတွက်ကြောင့်လည်း အုပ်ရေပေါင်းများစွာ ထုတ်ဝေနေရခြင်း ဖြစ်သည်။ 'စိတြလေခါ' သည် ဟိန္ဒီစာပေလောက၌ အောင်မြင်မှု အရရှိဆုံး ဝတ္ထုတစ်အုပ် ဖြစ်သည်။ -----------

'စိတြလေခါ' ကို အိန္ဒိယပြည်တွင်း၌ အိန္ဒိယနိုင်ငံ၏ ဘာသာအမျိုးမျိုးဖြင့် ဘာသာပြန် ဆိုထားကြသည်။ ဆင်ဂလိခေါ် သီရိလင်္ကာဘာသာဖြင့်လည်း ဘာသာပြန်ဆိုထားသည်။ စိတြလေခါ အင်္ဂလိပ်ဘာသာပြန်လည်း ရှိသည်။ စိတြလေခါ ဝတ္ထုဇာတ်လမ်းသည် ရုပ်ရှင်ဖလင်ကော်ပြားပေါ်သို့လည်း နှစ်ကြိမ်တိတိ ရောက်ရှိခဲ့သည်။ စိတြလေခါ ဝတ္ထုကိုရေးရာ၌ စာရေးဆရာသည် 'အနာတိုလေဖရန့်' ၏ 'ထားယိဆ်' ဝတ္ထုမှ လှုံ့ဆော်အားပေးမှု ရသည်ဟု ဆိုကြသည်။ ဝတ္ထုနှစ်ပုဒ်သည် ဇာတ်လမ်းဇာတ်ကွက်နှင့်

သဘောသဘာဝ ဆင်တူမှု ရှိသလောက် ရှိသော်လည်း 'စိတြလေခါ' သည် ပင်ကိုဝတ္ထုလုံးလုံး ဖြစ်သည်။ သမိုင်းထဲက ဇာတ်ဆောင်အမည်တချို့ကို အသုံးပြုပြီးလျှင် အိန္ဒိယနိုင်ငံ ဂုပ္ပတခေတ် ခေတ်ယဉ်ကျေးမှုကို နောက်ခံပြုလျက် ရေးသားထားခြင်း ဖြစ်သည်။

ရသေ့ကြီး ရတနမ္ဗရ၏ တပည့်နှစ်ဦးက ရသေ့ကြီးအား 'ပါပ' ခေါ် မကောင်းမှုဟူသည်မှာ မည်သည့်အရာဖြစ်သနည်း ဟူ၍ မေးခွန်းထုတ်ကြသည်။ ရသေ့ကြီးက ထိုပြဿနာကို သူကိုယ်တိုင် အဖြေမပေးဘဲ အဖြေရရှိရန်အတွက် တစ်ယောက်ကို မြို့စားကလေး ဗီဇဂုတ္တထံ ပို့လိုက်ပြီး၊ ကျန်တစ်ယောက်ကိုမူ ယောဂီကုမာရဂိရိထံ ပို့လိုက်သည်။ ထူးခြားသောအလှနှင့် အသိဉာဏ်ပိုင်ရှင် နာမည်ကျော် ကချေသည် 'စိတြလေခါ' သည် မြို့စားကလေး ဗီဇဂုတ္တ၏ အတွဲဖြစ်သည်။ နောက်ပိုင်း၌ 'စိတြလေခါ' သည် ရုတ်တရက် ယောဂီကုမာရဂိရိကို တိမ်းညွှတ်သွားပြန်သည်။ ဗီဇဂုတ္တ၊ စိတြလေခါ၊ ကုမာရဂိရိတို့၏ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေးကို အခြေခံလျက် ဝတ္ထုကို စိတ်ဝင်စားဖွယ် ရေးသားထားသည်။ ရတနမ္ဗရ ရသေ့ကြီး၏ တပည့်နှစ်ဦးသည် ယင်းဇာတ်ကောင်သုံးဦး၏ ဆက်ဆံပေါင်းသင်းရေးပေါ်၌ အခြေတည်လျက် အတွေ့အကြုံ ကြွယ်ဝလာအောင် လုပ်ပြီးလျှင် 'ပါပ' နှင့် 'ပုည' ကို အနက်အဓိပ္ပာယ်ဖွင့်ဖို့ ကြိုးစားကြသည်။ နောက်ဆုံး၌ ရတနမ္ဗရ ရသေ့ကြီးက "အမှန်မှာ 'ပါပ' နှင့် 'ပုည' ဟူသည် ဘာမျှမဟုတ်။ ယင်းနှစ်မျိုး၏ အသွင်သည် တစ်ဦးနှင့်တစ်ဦး မတူသော အမြင်ဖြင့် ကြည့်သော အကြည့်ပေါ်၌သာ အခြေတည်သည်" ဟူ၍ ဆုံးဖြတ်ချက် ပေးလိုက်လေသည်။

'စိတြလေခါ' သည် ဘဂဝတီကျရန် ဗရမာ၏ ပထမဆုံးဝတ္ထု ဖြစ်သည်။ သူ၏ ပထမဆုံး ဝတ္ထုသည်ပင် သူ့ကို အကျော်ကြားဆုံး အအောင်မြင်ဆုံး စာရေးဆရာတစ်ဦးအဖြစ် ဖန်တီးလိုက်သည်။ ဘဂဝတီကျရန် ဗရမာသည် လပ်ခနောင်းမြို့က သူ၏ အိမ်ဂေဟာကို 'စိတြလေခါ' ဟူ၍ပင် အမည်တပ်ထားသည်။

*Typing - ငွေဇင်ယော်*

ဘဂဝတီကျရန် ဗရမာသည် ၁၉၀၃ ခုနှစ်၌ ဥန္နာဝခရိုင် ရှဖိပူ၌ မွေးဖွားသည်။ ငယ်စဉ်ကစပြီး ဒုက္ခမျိုးစုံနှင့် ကြုံရသည်။ ငါးနှစ်သား အရွယ်ကပင် ဖခင် ကွယ်လွန်သွားသည်။ ဆယ်နှစ်သားအရွယ် ရောက်သောအခါ ဦးလေး ဘဝတစ်ပါး ပြောင်းသွားပြန်သည်။ ထို့ကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့်ပင် အိမ်ထောင့်တာဝန်ကို ထမ်းဆောင်ရသည်။ သာမန်ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အတွက်ဆိုလျှင် ထိုကဲ့သို့သော အခက်အခဲ အမျိုးမျိုးကြားထဲမှာနေပြီး ပညာဆက်လက် သင်ကြားဖို့ရန်မှာ မလွယ်ပေ။ သို့သော်လည်း ဘဂဝတီကျရန် ဗရမာသည် သူ၏ မိသားစုတာဝန်ကြီးကို တစ်ဖက်မှ ထမ်းရွက်ရင်းနှင့် ပညာကို ဆက်လက်ကြိုးစားရာ ၁၉၂၈ ခုနှစ်၌ အေလဟာဘတ် တက္ကသိုလ်မှ ဥပဒေဘွဲ့ရသည်။ ထို့နောက် ကန်ပူမြို့၌ ရှေ့နေလိုက်နေသည်။ သို့သော်လည်း သုံးနှစ်လောက်ကြာသောအခါ ရှေ့နေအလုပ် မလုပ်တော့ဘဲ စာပေနယ်ထဲ ခြေစုံပစ် ဝင်လိုက်လေသည်။ သူ၏ ပထမဆုံး ဝတ္ထုဖြစ်သော 'စိတြလေခါ' သည် စာပေလောက၌ တစ်ဟုန်ထိုး ကျော်ကြားသွားပြီးလျှင် ဟိန္ဒီဝတ္ထုများထဲတွင် အရောင်းရ အတွင်ကျယ်ဆုံးဝတ္ထု ဖြစ်လာသည်သာ မကဘဲ ယခုအထိ ဟိန္ဒီဝတ္ထုများထဲတွင် စာပေသမိုင်းဝင် ထိပ်တန်း ဝတ္ထုတစ်ခု ဖြစ်နေသည်။ 'စိတြလေခါ' ဝတ္ထုထဲတွင် တင်ပြထားသော အတွေးအခေါ်သည် ထိုခေတ် ထိုအချိန်နှင့်ကြည့်လျှင် အလွန်ရဲရင့်သော အတွေးအခေါ် ဖြစ်သည်။

ဟိန္ဒီစာပေ လောကတွင် ဘဂဝတီကျရန် ပေါ်လာသော အချိန်မှာ နှစ်ဆယ်ရာစုနှစ်အစ ဖြစ်သည်။ ထိုအချိန်ကာလသည် နိုင်ငံ့ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေသည့် အချိန်ကာလ ဖြစ်သည်။ ခေတ်မမီတော့သည့် ရှေးဟောင်း အယူအဆများနှင့် ယဉ်ကျေးမှုများကို တော်လှန် ဆန့်ကျင်စပြုသည့် အချိန်ကာလ ဖြစ်သည်။ ထိုအချိန်ကာလ၌ ဘဂဝတီကျရန် ဗရမာသည် စာပေဖြင့် လူမျိုး၏အဆင့်ကို မြှင့်တင်ပေးသော စာရေးဆရာများ ထဲတွင် တစ်ဦး အပါအဝင် ဖြစ်လာသည်။ ဘဂဝတီကျရန် ဗရမာ၏ ထူးခြားချက်မှာ ရှေးဟောင်း အယူအဆနှင့် ဝါဒစွဲမှုများမှ လွတ်လွတ်ကျွတ်ကျွတ် ထွက်ပြီးလျှင် မိမိ၏ဘဝ အတွေ့အကြုံပေါ်၌ အခြေခံလျက် အမှန်တရားကို ရဲရဲဝံ့ဝံ့ ထုတ်ဖော် ရေးသားခြင်း ဖြစ်သည်။ 'စိတြလေခါ' သည် ထိုကဲ့သို့သော အယူအဆမျိုးမှ ပေါက်ဖွား ဖြစ်ပေါ်လာသော ဝတ္ထုဖြစ်သည်။

ဘဂဝတီကျရန် ဗရမာသည် ဘဝကို ပြည့်ပြည့်ဝဝ စုံစုံလင်လင် လေ့လာသည်။ ဘက်စုံ သုံးသပ်သည်။ ဘဝကို တစ်ဖက်သတ်အမြင် တစ်ကြောင်းဆွဲ အကြည့်ဖြင့် ချည်နှောင်မထားပေ။ သူ၏ ဝတ္ထုတစ်ပုဒ်ဖြစ်သော 'တေရေမေရေ ရာဆတေ' (သင်နှင့် ငါ၏လမ်း)၌ မနမိုဟန်ပြောသော "သေခြင်းသည် ဘဝ၏နိဂုံး ဖြစ်သည်မှာ မှန်၏။ သို့သော်လည်း သေခြင်းဖြင့် ဘဝတစ်ခုလုံးကို အဆိပ်ပြွမ်းအောင် လုပ်လိုက်ခြင်းမှာမူ ဘဝကို ပြက်ရယ်ပြုခြင်းသာ ဖြစ်၏" ဟူသည့် စကားမှာ ဘဝအပေါ် စာရေးဆရာ၏ သုံးသပ်ချက် ဖြစ်သည်။

ဘဂဝတီကျရန် ဗရမာသည် ကဗျာနှင့် ဝတ္ထုတိုများကိုလည်း ရေးသည်။ သို့သော်လည်း ဝတ္ထုရှည်နှင့်စာလျှင် ကဗျာနှင့် ဝတ္ထုတို အရေးနည်းသည်။ ကဗျာရေးသားရာ၌ ဘဝ၏ အတွေ့အကြုံကိုသာလျှင် အလေးအနက် ထားသည်။ သူ၏ ဝတ္ထုတိုများ၌ လူမှုရေးဘဝကို စူးစူးရှရှ ကြည့်ထားသည်ကို တွေ့ရသည်။ နိုင်ငံရေးနှင့်လည်းကောင်း၊ ဘာသာရေးနှင့် လည်းကောင်း၊ လူမှုရေးနှင့် လည်းကောင်း ပတ်သက်ဆက်နွယ်နေသည့် မည်သည့် အချက်အလက်မျိုးကိုမဆို မျက်စိစပါးမွေးစူးလျှင် သူ၏ ဝတ္ထုတိုများ၌ သရော်စရာများ ဝေဖန်စရာများ ဖြစ်လာသည်။ သူ၏ ဝတ္ထုတို အတော်များများမှာ ယင်းအမြင်မျိုးဖြင့် ရေးထားသည့် ဝတ္ထုတိုများ ဖြစ်သည်။

ဘဂဝတီကျရန် ဗရမာ၏ ဝတ္ထုရှည်များ၌ ဘဝကို ထောင့်စုံ အလေးအနက် သုံးသပ်ခြင်းနှင့် ခေတ်အသိ ခေတ်အတွေးများ ပေါ်လွင်ထင်ဟပ်နေသည်ကို တွေ့ရလေသည်။ နှစ်ဆယ်ရာစု ရောက်လာသောအခါ ဆန်းသစ်သော အတွေးအခေါ်များ၊ အယူအဆဝါဒများ ပေါ်လာသည်ဖြစ်၍ 'ပါပ' နှင့် 'ပုည'၊ 'သင့်တော်၏ မတော်၏' စသော လူ့အကဲဖြတ်မှု များစွာတို့၏ ရှေ့တွင် 'ကွက်ရှင်မာ့က်' တပ်လာကြလေသည်။ ရှေးဟောင်း အစဉ်အလာများ၊ အယူအဆများသည် အခြေမခိုင် ယိမ်းယိုင်လာကြသည်။ ဘဂဝတီကျရန် ဗရမာသည် 'စိတြလေခါ' ဝတ္ထု၌ ယင်းကဲ့သို့သော ပြဿနာတစ်ရပ်ကို တင်ပြထားသည်။ မိမိ၏ လွတ်လပ်သော အတွေးအခေါ်ပေါ် အခြေခံပြီးလျှင် ဝတ္ထုရေးဆရာသည် "လူသည် ပတ်ဝန်းကျင် အခြေအနေကြောင့် တစ်ခုခုကို လုပ်ရခြင်းဖြစ်၏" ဟူ၍ သူ့အမြင်ကို တင်ပြထားသည်။ "လူတိုင်း လူတိုင်းသည် ဤကမ္ဘာလောက ဇာတ်ခုံပေါ်တွင် သရုပ်ဆောင်ရန် ရောက်လာကြသူများ ဖြစ်ကြ၏။ မိမိ စိတ်ဆန္ဒ တိုက်တွန်းချက်အရ မိမိ၏ သင်ခန်းစာကို ရွတ်ဖတ် သရုပ်ဖွယ်နေကြခြင်း ဖြစ်၏။ ယင်းသည်ပင်လျှင် လူ့ဘဝဖြစ်၏။ လူသည် မိမိ၏သခင် မဟုတ်။ ပတ်ဝန်းကျင်၏ ကျေးကျွန်သာ ဖြစ်၏။ လူသည် ပြုသူမဟုတ် ပြုရာပြုကြောင်းမျှသာ ဖြစ်၏" ဟူသော စိတြလေခါ၏ စကားသည်လည်းကောင်း၊ "ကမ္ဘာလောကမှာ 'ပါပ' ၏ အနက်အဓိပ္ပာယ်ကို တစ်မျိုးတည်းဖွင့်လို့ မရဘူး။ ငါတို့ဟာ 'ပါပ' ကိုလည်း လုပ်တာမဟုတ်ဘူး၊ 'ပုည' ကိုလည်း လုပ်တာမဟုတ်ဘူး၊ ငါတို့ မလုပ်မဖြစ်တဲ့ အလုပ်ကိုသာ လုပ်ရခြင်း ဖြစ်တယ်" ဟူသော ရတနမ္ဗရ၏ စကားသည်လည်းကောင်း ဝတ္ထုရေးဆရာ၏ အမြင်များဖြစ်သည်။

'ပရရှန အောက်ရ် မရီကျိကာ' (ပြဿနာနှင့် တံလျှပ်) အမည်ရှိ ဝတ္ထုရှည်လည်း ဘဂဝတီကျရန် ဗရမာ၏ ထင်ရှားကျော်ကြားသော ဝတ္ထုဖြစ်သည်။ "အိန္ဒိယနိုင်ငံသည် လူအင်အားနှင့် ရုပ်ဝတ္ထုပစ္စည်း အလုံအလောက် ရှိလင့်ကစား အဘယ်ကြောင့် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေနိုင်သည့် အင်အားကြီးနိုင်ငံတစ်ခု ဖြစ်မလာသနည်း။ နေရာအနှံ့ ပြန့်နှံ့နေသော ကိုယ့်ကျိုးကြည့်မှု အကျင့်ပျက်မှုများ ရှိနေသည့် နိုင်ငံကို လူအင်အားက ပြန်လည်ထူထောင်ရေးသို့ ခေါ်ဆောင် သွားလိမ့်မည်ဟူ၍ မျှော်လင့် နေကြသူများသည် တံလျှပ်နောက် ပြေးလိုက်နေကြသူများသာ ဖြစ်၏" ဟူ၍ ထိုဝတ္ထု၌ သုံးသပ်တင်ပြထားသည်။

စာပေနှင့် ပတ်သက်၍ အကျိုးပြုမှုတို့ကြောင့် ဘဂဝတီကျရန် ဗရမာသည် 'ဆာဟိတျ အကယ်ဒမီ' ဆု၊ နိုင်ငံတော်က ချီးမြှင့်သော 'ပဒမဘူရှဏ်' ဆုတံဆိပ်များကို ရရှိသည်။ အိန္ဒိယနိုင်ငံ ဗဟိုအစိုးရ အထက်လွှတ်တော် အမတ်တစ်ဦးလည်း ဖြစ်သည်။

'စိတြလေခါ' ကို မွေးဖွားသော ဘဂဝတီကျရန် ဗရမာသည် ၁၉၈၁ ခုနှစ်၌ အသက် ၇၈ နှစ်အရွယ်တွင် ကွယ်လွန်သွားလေသည်။

ပါရဂူ (၇-၂-၁၉၉၆)

Typing - ငွေဇင်ယော်

## နိဒါန်း

သေတံကက မေးလျှောက်လိုက်၏ - "နို့ မကောင်းမှု ဆိုတာကကော . . . . ."

ရသေ့မြတ် ရတနမ္ဗရသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ ရုတ်တရက် လန့်နိုးသကဲ့သို့ ဖြစ်သွား၏။ သေတံကကို တစ်ကြိမ် စူးစိုက် ကြည့်ရှုလိုက်သည်။

"မကောင်းမှု ဟုတ်လား။ အင်း အတော့်ကို ခက်ခဲ နက်နဲတဲ့ မေးခွန်းပဲ တပည့်။ ဒါပေမဲ့ သဘာဝကတော့ တကယ်ကျတဲ့ မေးခွန်းဖြစ်တယ်။ မကောင်းမှုဆိုတာ ဘာလဲလို့ မင်း မေးတယ်နော် ဟုတ်လား"

ယင်းသို့ ပြောပြီးလျှင် ရသေ့မြတ် ရတနမ္ဗရသည် အတန်ကြာမျှ ရုတ်ရုတ်သဲသဲ ဖြစ်နေသော ပါဋ္ဌလိပုတ်မြို့ဘက် ငေးမျှော် ကြည့်ရှုနေ၏။ စုလစ်မွန်းချွန်များ မိုးစွန်တဖျား မြင့်မားထိုးထွက်နေသော ပါဋ္ဌလိပုတ်မြို့တော်မှ ပြာသာဒ်ဘုံဗိမာန်ဆောင်တို့မှာ ညနေဆည်းဆာ၏ မှုန်မွှားသော ရောင်ခြည်တွင် တွေ့မြင်နေရတုန်းပင် ရှိသေးသည်။

"အင်း မကောင်းမှုဆိုတဲ့ ဝေါဟာရရဲ့ အနက်အဓိပ္ပာယ်ကို သိရန်အတွက် ငါလည်းပဲ အကြိမ်များစွာ ကြိုးပမ်းအားထုတ်ခဲ့ဖူးတယ်။ ဒါပေမဲ့ အဲဒီလို ကြိုးပမ်းအားထုတ်တဲ့ အခါတိုင်းပဲ အောင်မြင်မှု မရရှိခဲ့ဘူး။ မကောင်းမှုဆိုတာ ဘာလဲ၊ မကောင်းမှုရဲ့နေရာ ဘယ်မှာ ရှိသလဲ။ အဲဒီပြဿနာဟာ အင်မတန်မှ ခက်ခဲနက်နဲတဲ့ ပြဿနာဖြစ်တယ်။ ယနေ့အထိ အဲဒီပြဿနာကို ငါတော့ ဖြေရှင်းလို့ မရသေးဘူး။ နှစ်ရှည်လများ ကြိုးစားအားထုတ် လာခဲ့ပြီးတာတောင်မှ၊ ပြီးတော့ အတွေ့အကြုံပြင်လယ်ထဲမှာ လက်ပစ်ကူးခဲ့ပြီးတာတောင်မှ ဖြေရှင်းလို့ မရနိုင်တဲ့ ပြဿနာကို ငါ မင်းကို ဘယ်လိုလုပ် ဖြေရှင်းပြောပြရမလဲ"

ရတနမ္ဗရသည် အနည်းငယ် ရပ်တန့်လိုက်ပြီးနောက် တစ်ဖန် ပြောပြန်လေ၏။

"ဒါပေမဲ့ သေတံက၊ တကယ်လို့ မင်း မကောင်းမှုဆိုတာကို သိချင်သပဆိုရင် ကမ္ဘာလောကထဲမှာ ရှာဖွေရလိမ့်မယ်။ အဲဒီလိုလုပ်ဖို့ အသင့်ပဲဆိုရင်တော့ မကောင်းမှုဆိုတာကို မင်း သိကောင်း သိပါလိမ့်မယ်"

သေတံကသည် ရသေ့မြတ် ရတနမ္ဗရ၏ ရှေ့မှောက်၌ ရှိခိုးဦးညွှတ်ပြီးလျှင် ပြောလိုက်သည်။

"တပည့်တော် အသင့် ဖြစ်ပါတယ်"

"မင်းလဲ မကောင်းမှုဆိုတာကို ရှာဖွေ စူးစမ်းချင်သေးတယ် ထင်တယ်"

ရတနမ္ဗရသည် ဝိသာလဒေဝကို ကြည့်လိုက်သည်။ ဝိသာလဒေဝကလည်း ရတနမ္ဗရ၏ ရှေ့မှောက်၌ ရှိခိုးဦးညွှတ်ပြီးလျှင် လျှောက်ထားလိုက်သည်။

"အရှင်မြတ် တွေးထင်တဲ့အတိုင်းပင် ဖြစ်ပါတယ်"

ရတနမ္ဗရ၏ မျက်နှာသည် ရွှင်ပျလာလေသည်။

"ငါ မင်းတို့ကို ကမ္ဘာလောကထဲမှာ လှည့်လည်ပြီး အတွေ့အကြုံရအောင်ရှာဖို့ မလွှတ်ခင် ပတ်ဝန်းကျင် လောကနဲ့ မင်းတို့ကို မိတ်ဆက်ပေးဖို့ လိုလိမ့်မယ်။ ဒီမြို့မှာရှိတဲ့ ပုဂ္ဂိုလ်နှစ်ဦးနဲ့ ငါ ကောင်းကောင်းကျွမ်းတယ်။ မင်းတို့ရဲ့ ရည်ရွယ်ချက် ပြည့်စုံအောင်မြင်ရေးအတွက် မင်းတို့ဟာ အဲဒီပုဂ္ဂိုလ်နှစ်ဦးရဲ့ အကူအညီလိုလိမ့်မယ်။ တစ်ယောက်က ယောဂီ ဖြစ်တယ်။ နောက်တစ်ယောက်ကတော့ စည်းစိမ်ရှင်။ ယောဂီရဲ့ အမည်က ကုမာရဂိရိလို့ခေါ်ပြီး စည်းစိမ်ရှင်ကတော့ ဗီဇဂုတ္တလို့ခေါ်တယ်။ မင်းတို့နှစ်ဦးရဲ့ ဘဝကို အဲဒီပုဂ္ဂိုလ်နှစ်ဦးရဲ့ ဘဝရေယဉ်ကြောနဲ့အတူ မျှောလိုက်ရလိမ့်မယ်"

တပည့်နှစ်ဦးလုံးက ပြိုင်တူအဖြေပေးကြလေ၏။

"တပည့်တော်တို့ အဆင်သင့် ရှိနေကြပါတယ် ဘုရား"

"ဝိသာလဒေဝ၊ မင်းက ဗြာဟ္မဏလူမျိုး ဖြစ်တယ်။ တရားဘာဝနာ အားထုတ်တဲ့နေရာမှာ ဝါသနာလည်းပါတယ်။ သို့အတွက် ကုမာရဂိရိရဲ့ တပည့်လုပ်မှ သင့်လျော်လိမ့်မယ်။ သေတံက၊ မင်းကတော့ ခတ္တိယလူမျိုး ဖြစ်တဲ့အလျောက် လူ့လောက အသိုင်းအဝိုင်းထဲမှာ မွေ့လျော်တယ်။ သို့အတွက် မင်းက ဗီဇဂုတ္တရဲ့ အလုပ်အကျွေး လုပ်ရလိမ့်မယ်"

တပည့်နှစ်ဦးလုံးက ပြိုင်တူ အဖြေပေးကြလေ၏။

"တပည့်တော်တို့ အဆင်သင့်ပါ ဘုရား့"

"မင်းတို့ နှစ်ဦးလုံးရဲ့ လမ်းကြောင်းကို သတ်မှတ်ဆုံးဖြတ် လိုက်ပြီ။ ငါ့အတွက်တော့ မင်းတို့ ဘာမှ မပူကြနဲ့။ လူ့ဘဝမှာ တရားဘာဝနာ အားထုတ်ခြင်းနဲ့ ကျမ်းဂန်စာပေ သင်ကြားခြင်းများ လိုအပ်သလောက် အတွေ့အကြုံ ဆိုတာလဲ လိုအပ်တာပဲ။ မင်းတို့ တစ်တွေက အတွေ့အကြုံကို ရအောင်ယူကြ။ ငါက တရားဘာဝနာ ကျင့်ကြံအားထုတ်မယ်။ ဒီနေ့ကစပြီး တစ်နှစ်ကျော်လွန်တဲ့အခါ မင်းတို့နှစ်ယောက် ငါနဲ့ ဒီနေရာမှာ လာတွေ့ကြ။ အဲဒီအချိန်မှာ ငါတို့ ကိုယ်သတ်မှတ် ဆုံးဖြတ်ထားတဲ့ လမ်းစဉ်အတိုင်း ဆောင်ရွက်လုပ်ကိုင်နိုင်ကောင်းစရာ ရှိပါတယ်။

ဒါပေမဲ့ တစ်ခုတော့ သတိထားရလိမ့်မယ်။ သင်ကြားဆည်းပူးခြင်းအားဖြင့် မသိအပ် မသိနိုင်တဲ့အရာကို အတွေ့အကြုံအားဖြင့် သိအောင်ကြိုးစားဖို့ရန်အတွက်သာ ငါ မင်းတို့ကို လူ့လောကထဲ ပို့ခြင်းဖြစ်တယ်။ အဲဒီ အတွေ့အကြုံထဲမှာ မင်းတို့ ကိုယ်တိုင် မျောပါမသွားဖို့တော့ သတိမူရလိမ့်မယ်နော်။ မင်းတို့ဟာ ကမ္ဘာလောကရဲ့ လှိုင်းအလျဉ်ထဲမှာ မျှောလိုက်ရလိမ့်မယ်။ ဒါပေမဲ့ အဲဒီလှိုင်းအလျဉ်ထဲမှာ မြုပ်မသွားဖို့ကိုတော့ သတိကြပ်ကြပ်ထားရလိမ့်မယ်"

သေတံကသည် ဝိသာလဒေဝကို လှမ်းကြည့်လိုက်၏။ ဝိသာလဒေဝကလည်း သေတံကကို လှမ်းကြည့်လိုက်သည်။

ရတနမွှသည် အတန်ကြာမျှ ခပ်မဆိတ်နေပြီးနောက် တစ်ဖန် ပြောပြလေ၏။

"မင်းတို့ ရင်ဆိုင်ရမယ့် ပတ်ဝန်းကျင် အခြေအနေအကြောင်းကို ပထမဦးစွာ မင်းတို့ကို ငါ ပြောပြထားမယ်။ ကုမာရဂိရိက ယောဂီဖြစ်တယ်။ လောကီအာရုံ ခံမင်တွယ်တာမှု ဟူသမျှကို အနိုင်ယူမယ်လို့ ကြေညာနေတဲ့လူ ဖြစ်တယ်။ လောကကို တွယ်တာကပ်ငြိခြင်း မရှိဘူး။ သုခဆိုတာ ဘယ်လိုဟာဖြစ်တယ်လို့လဲပဲ သူ့နည်းနဲ့သူ သဘောပေါက်ထားတယ်။ သူ့မှာ အရှိန်အစော် ရှိတယ်။ အစွမ်းသတ္တိ ရှိတယ်။ သူ့မှာ ကာယဗလ၊ စိတ္တဗလ နှစ်မျိုးစလုံး ရှိတယ်။ လူတွေပြောတဲ့ စကားအတိုင်းဆိုရင် သူဟာ ငါဆိုတဲ့ သက္ကာယစွဲကို ချိုးနှိမ်ပြီး အနိုင်ရထားတဲ့လူ ဖြစ်တယ်။ ကုမာရဂိရိဟာ လုလင်တစ်ဦး ဖြစ်တယ်။ ဒါပေမဲ့ ပျိုရွယ်မှုနဲ့ တွယ်တာတပ်မက်ခြင်း ကင်းမဲ့မှုနှစ်မျိုး ရောနှောပေါင်းစပ်ပြီး သူ့သန္တာန်မှာ ထူးခြားတဲ့ စွမ်းရည်သတ္တိထူးတစ်ခုကို ဖန်တီးပေးထားတယ်။ ချုပ်တည်းခြင်းဟာ သူ့လုပ်ငန်း ဖြစ်တယ်။ ဝိမုတ္တိက သူ့ရည်မှန်းချက် ဖြစ်တယ်။ ဝိလာသဒေဝ၊ အဲဒီ ကုမာရဂိရိကို မင်း ဆရာတင်ရလိမ့်မယ်"

"အင်း ပြီးတော့ သေတံက၊ ဗီဇဂုတ္တကတော့ စည်းစိမ်ရှင်ဖြစ်တယ်။ သူ့နှလုံးထဲမှာ ပျိုရွယ်မှုရဲ့ လှိုင်းတံပိုး လှုပ်ရှားထကြွနေတယ်။ သူ့မျက်လုံးထဲမှာ မူးယစ်ခြင်းရဲ့ အသွင်ဖြစ်တဲ့ အနီရောင်သန်းနေတယ်။ ကျယ်ဝန်းတဲ့ သူ့စံအိမ်မှာတော့ ကာမဂုဏ်အာရုံများ မွေ့လျော်ပျော်ပိုက်နေကြတယ်။ ရတနာ ခြယ်စီထားတဲ့ သေရည်ခွက်များထဲမှာသာ သူ့ဘဝရဲ့ ချမ်းသာသုခ ဟူသမျှ စုဝေးနေကြတယ်။ ကာမဂုဏ်စည်းစိမ် လှိုင်းတံပိုးထဲမှာ သူ ပျော်မြူးတယ်။ သူ့မှာ စည်းစိမ်ချမ်းသာ အပြည့်အစုံ အလုံအလောက် ရှိတယ်။ သူ့မှာ အလှရှိတယ်။ သူ့နှလုံးထဲမှာ ကမ္ဘာလောကထဲက ရှိသမျှ ကာမဂုဏ် အာရုံများ စုဝေးနေကြတယ်။ သူ့စံအိမ်မှာ အလှမာန် ယစ်မူးနေကြတဲ့ ကချေသည်များ ကဟန်ချီနေကြတယ်။ ဘုရားသခင်ကို သူ မယုံကြည်ဘူး။ ဘုရားသခင် အကြောင်းကို တစ်ခါမှ သူ့စိတ်ကူးထဲ ထည့်မိမယ် မဟုတ်ဘူး။ ပြီးတော့ နတ်ပြည်နဲ့ ငရဲပြည်အကြောင်းကိုလည်း သူ ဘယ်တော့မှ မတွေးတောဘူး။ ကာမဂုဏ်အာရုံ ခံစားစံစားခြင်းသာ သူ့ဘဝရဲ့ လုပ်ငန်းလည်း ဖြစ်တယ်။ ရည်မှန်းချက်လည်း ဖြစ်တယ်။ အဲဒီ ဗီဇဂုတ္တကို မင်းက ပြုစုလုပ်ကျွေးရလိမ့်မယ်။ သေတံက၊ ဘယ့်နှယ်လဲ သဘောတူရဲ့ မဟုတ်လား"

Typing - ငွေဇင်ယော်

"အရှင်မြတ်ရဲ့ အမိန့်အာဏာကို ဦးထိပ်ရွက်ပါတယ် ဘုရား"

သေတံကသည် တွေးတောကြံဆ၍ မရသည့် စည်းစိမ်ချမ်းသာ၏ အတိမ်အနက်ကို တစ်ကြိမ်လောက် ထောက်ကြည့်လိုစိတ် ပေါက်နေသည်။

"ဝိသာလဒေဝ ကကော၊ သဘောတူတယ် မဟုတ်လား"

"အရှင်မြတ်ရဲ့ အမိန့်အာဏာကို ဦးထိပ်ရွက်ပါတယ် ဘုရား"

ဝိသာလဒေဝသည် ပျို့ရွယ်မှုနှင့် တပ်မက်ခြင်းကင်းမှုနှစ်မျိုး ရောနှောပေါင်းစပ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် စွမ်းရည်သတ္တိမျိုး၏ ထူးခြားပုံကို စုံစမ်းလိုသည့်ဆန္ဒ ပေါက်နေသည်။

"ဒါဖြင့် မင်းတို့ လိုလားတဲ့အတိုင်း ဖြစ်ရစေ့မယ်"

ယင်းသို့ အမိန့်ရှိတော်မူပြီးလျှင် ရသေ့မြတ် ရတနမ္ဗရသည် ထလိုက်သည်။

နောက်တစ်နေ့၌ ကျောင်းသခ်မ်းသည် လူသူ ဆိတ်သုဉ်းသွား၏။ ဆရာသည် လူခြေတိတ်နေသော တရားဂူသို့လည်းကောင်း၊ တပည့်နှစ်ဦးသည် ထောက်မီနိုင်ခဲ့သည့် ကမ္ဘာလောကထဲသို့ လည်းကောင်း၊ အသီးသီး ထွက်သွားကြလေ၏။

---

## အခန်း (၁)

သေရည်လျှံနေသည့် သေရည်ခွက်ကို စိတ္တရလေခါ၏ ပါးစပ်တွင် တေ့လျက် ဗီဇဂုတ္တက မေးလိုက်သည်။

"စိတ္တရလေခါ၊ ဘဝရဲ့ သုခဆိုတာ ဘာလဲ သိလား"

စိတ္တရလေခါ၏ မပွင့်တပွင့် မျက်လုံး၌ မူးယစ်ခြင်း ပေါ်နေသည်။ သူ၏ အရက်သွေးပါးပြင်၌ ရွှင်လန်းတက်ကြွခြင်း စိုးမိုးနေသည်။ ပျို့ရွယ်မှု၏ ဖွံ့ထွားစည်ပင်ခြင်း၌ အလှသည် မြူးတူးနေသည်။ ပွေ့ဖက်ခြင်း ကြော့ကွင်းထဲ၌ အာသာရမ္မက်သည် ရယ်သွမ်းသွေးနေသည်။ စိတ္တရလေခါသည် သေရည်ကို တစ်ကျိုက် သောက်ချလိုက်၏။ ထို့နောက် ပြုံးလိုက်သည်။ ခဏကြာမှ သူ၏ နှုတ်ခမ်းသည် ဗီဇဂုတ္တနှုတ်ခမ်းနှင့် အသံမထွက်သော ဘာသာစကားဖြင့် တစ်စုံတစ်ခု ပြောကြားနေသည်။ ပြီးမှ ဖြည်းညင်းစွာ အဖြေပေးလိုက်သည်။

"မူးယစ်ခြင်း"

ထိုအချိန်၌ ညဥ့်မှာ တစ်ဝက်ကျိုးလုမတတ် ရှိနေပြီ။ ဗီဇဂုတ္တ၏ စံအိမ်သည် အထောင်မကသော ဆီမီးတို့၏အရောင်ဖြင့် ဝင်းလက် တောက်ပနေသည်။ တံခါးဝ၌ ညဥ့်စောင့်တေးသံအလိုက် စောင်းက လိုက်ညှနေ၏။ အဆောင်တော်တစ်ခုထဲ၌မူ မြို့တော်၏ အလှဆုံးကချေသည်နှင့် အတူတကွ မြို့စားကလေး ဗီဇဂုတ္တသည် ပျို့ရွယ်မှု၏ ပိတိရေယဉ်ကြော၌ နစ်မြုပ်နေသည်။ အပြင်ဘက်၌မူ တစ်ခဲနက် အမိုက်တိုက်ထဲ၌ ကမ္ဘာလောကကြီးတစ်ခုလုံး နစ်မြုပ်နေသည်။

ဗီဇဂုတ္တက ရယ်လိုက်သည်။

"ပျို့ရွယ်မှုရဲ့ နိဂုံးဟာ ဘာများ ဖြစ်လိမ့်မလဲဆိုတာ စဉ်းစားနေတယ် စိတ္တရလေခါ"

စိတ္တရလေခါကလည်း ပြုံးလိုက်သည်။ သို့ရာတွင် သူ၏အပြုံးသည် တဒင်္ဂ တစ်ခဏမျှသာ ခံ၏။ ချိုသာခြင်း၊ တက်ကြွရွှင်လန်းခြင်း အပြည့်ရှိသော ထိုအပြုံးသည် ဝေဒနာရောနှောသော တည်ကြည်ခြင်း အဖြစ်သို့ တစ်မဟုတ်ချင်း ပြောင်းလဲသွားလေသည်။ သူလည်း ထိုပြဿနာအဖြေကို ရဖို့ရန် ကြိုးစားခဲ့ဖူးဟန်တူသည်။ သို့ရာတွင် ပြဿနာသည် မည်မျှလောက် ထိတ်လန့်ဖွယ် ကောင်းသနည်းဟူမှု သူသည် ထိုပြဿနာကို ကြာရှည်စွာ မတွေးတော မစဉ်းစားဝံ့ခဲ့ပေ။ သူ၏ဦးခေါင်းသည် တွေဝေ မူးမိုက်သွားခဲ့၏။ ထို့နောက်တွင်မှ သူသည် ထိုခဏတာအတွက် ထိုစိတ်ဆင်းရဲစရာ အတွေးကို သေရည်ခွက်ထဲ၌သာလျှင် နှစ်မြှုပ်ပစ်လိုက်ရလေသည်။ ယနေ့ မမျှော်လင့်ဘဲနှင့် ထိုပြဿနာကို တစ်ဖန် ပြန်လည် ကြားရပြန်သဖြင့် သူသည် ထိတ်လန့်သွား၏။

"အသက်ရှင်နေတဲ့ သေခြင်းလား"

"အသက်ရှင်နေတဲ့ သေခြင်း ဟုတ်လား။ ဟင့်အင်း၊ အဲဒါ မဖြစ်နိုင်ဘူး။ ပျို့ရွယ်မှုရဲ့ နိဂုံးဟာ မသိအပ်တဲ့ အမိုက်တိုက်တစ်ခု ဖြစ်တယ်။ အဲဒီ မသိအပ်တဲ့ အမိုက်တိုက်ရဲ့ လိုဏ်ခေါင်းထဲမှာ ဘယ်အရာ ပုန်းအောင်းနေတယ်ဆိုတာတော့ ကျုပ် မသိဘူး။ သိလိုတဲ့ စိတ်ဆန္ဒလည်း မရှိဘူး။ အတိတ်နဲ့ အနာဂတ် နှစ်မျိုးလုံးဟာ စိတ်ကူးထဲက အရာများသာ ဖြစ်ကြတယ်။ အဲဒါတွေနဲ့ ကျုပ် ဘာမှ မဆိုင်ဘူး။ ပစ္စုပ္ပန်သာ ကျုပ်တို့ရဲ့ ရှေ့မှောက်မှာ ရှိနေတယ်။ အဲဒီ ပစ္စုပ္ပန်ဟာ . . . . ."

ဗီဇဂုတ္တ တန့်ရပ်သွား၏။ ရှေ့စကားဆက်ကို တွေးတော ရှာဖွေနေဟန်တူသည်။

". . . . အဲဒီ ပစ္စုပ္ပန်ဟာ ခံစား စံစားစရာ၊ ပျော်ရွှင်မြူးတူးစရာ ဖြစ်တယ်။ ကမ္ဘာလောကရဲ့ သုခဖြစ်တယ်။ ပျို့ရွယ်မှုရဲ့ အနှစ်သာရဖြစ်တယ်"

စိတ္တရလေခါက ပြုံးရယ်လျက် စကားဝါကျကို ဖြည့်ပေးလိုက်လေသည်။

ဗီဇဂုတ္တသည် စိတ္တရလေခါကို ပွေ့ဖက်လျက် ပြောလိုက်ပြန်သည်။

"မင်းဟာ ကျုပ်ရဲ့ မူးယစ်ခြင်း ဖြစ်တယ်"

စိတ္တရလေခါက ပြန်ဖြေ၏။

"ရှင်ကတော့ ကျမရဲ့ ရူးမူးခြင်း ဖြစ်တယ်"

စိတ္တရလေခါသည် ပြည့်တန်ဆာ မဟုတ်ပေ။ ကချေသည် သက်သက်သာလျှင် ဖြစ်သည်။ ပါဋလိပုတ်မြို့တော်မှ ထူးထူးခြားခြား လှပသူ ကချေသည်တစ်ဦးက ပြည့်တန်ဆာ ဘဝကို လက်မခံခြင်းကိုက တစ်မူထူးခြား၍နေသည်။ သို့ရာတွင် ယင်းသို့ ဖြစ်ရခြင်း၌ အကြောင်းရှိ၏။ ထိုအကြောင်းမှာ သူ၏ အတိတ်ဘဝနှင့် နက်နဲစွာ ဆက်စပ်၍နေသည်။

စိတ္တရလေခါသည် ဗြာဟ္မဏမျိုးနွယ် မုဆိုးမ ဖြစ်သည်။ အသက် ဆယ့်ရှစ်နှစ်အရွယ်ကပင် မုဆိုးမဘဝ ရောက်ရရှာသည်။ မုဆိုးမဘဝ ရောက်ပြီးသည့်နောက်တွင် ကိုယ့်ကိုယ်ကို ထိန်းချုပ်ခြင်းသည် သူ၏ စည်းကမ်းကျင့်ဝတ် ဖြစ်ခဲ့သည်။ သို့ရာတွင် ထိုအခြေအနေသည် တာရှည် မခံပေ။ တစ်နေ့သောအခါတွင် သူမ၏ဘဝအတွင်းသို့ ကရိရုနဒိတ္တ ဝင်ရောက်လာလေ၏။ ကရိရုနဒိတ္တသည် ခတ္တိယနှင့် သုဒ္ဒ ကပြားတစ်ဦး ဖြစ်သည်။ ရုပ်ရည် ပြေပြစ်ချောမောသူ လုလင်တစ်ဦး ဖြစ်သည်။ သူ၏အလှ၌ ထူးခြားသော စွဲလမ်းတပ်မက်စရာတစ်ခု ရှိသည်။ ကရိရုနဒိတ္တသည် မုဆိုးမ စိတ္တရလေခါ၏ အကျင့်ကို ချိုးဖောက်ဖျက်ဆီး ပစ်လိုက်လေသည်။

အလှမယ် စိတ္တရလေခါ၏ ချိုးနှိမ်ဖိနှိပ်ထားသော ပျိုရွယ်မှုသည် ဖွံ့ထွားကြွရွလာသည်။ သူ၏ တရားဖက်လိုသည့် စိတ်သည် လောကီအာရုံတို့၏ အကြား၌ အားပျော့ညှိုးမှိန်လာသည်။ ကရိရှနဒိတျသည် စိတ္တရလေခါအား သစ္စာထားလေ၏။

"ငါတို့နှစ်ယောက်သည် သက်ဆုံးတိုင် အတူတကွ ပေါင်းသင်းနေထိုင် သွားကြမယ်။ ဘယ်လိုအရာမျိုးကမှ ငါတို့နှစ်ယောက်ကို ခွဲလို့ ကွဲမှာ မဟုတ်ဘူး"

စိတ္တလေခါသည် ကရိရှနဒိတျ၏ သစ္စာထားမှုကို ယုံကြည်ကိုးစားခဲ့၏။ လျှို့ဝှက်ထားသော အချစ်သည် လူပုံအလယ်တွင် ဘွားဘွား ပေါ်ခဲ့လေပြီ။ ကရိရှနဒိတျ၏ ဖခင်သည် ကရိရှနဒိတျအားလည်းကောင်း၊ စိတ္တရလေခါ၏ ဖခင်သည် စိတ္တရလေခါအားလည်းကောင်း အသီးသီး အိမ်က နှင်ထုတ်ပစ်လိုက်ကြလေသည်။ ကြေးရတတ်ဖခင်၏ သားဖြစ်သူ ကရိရှနဒိတျသည် ကိုယ်ဝန်အရင့်အမာနှင့် စိတ္တရလေခါ အလှကညာကို ခေါ်လျက် ဖုန်းတောင်းယာစကာကဲ့သို့ လူ့လောကထဲ ထွက်လာခဲ့လေ၏။ လူ့လောက၏ ဝိုင်းပယ်ခြင်း၊ မေးငေါ့ခြင်းကို ခံရသဖြင့် ကရိရှနဒိတျသည် စိတ်ထိခိုက်လာသည်။ ဤတံတွေးခွက်ထဲတွင် ပက်လက်မျောနေရသည့် ဘဝထက် အသက်ခန္ဓာ ဆုံးရှုံးသွားရခြင်းက ပို၍ ကောင်းဦးမည်ဟု တွက်လိုက်သည်။ စိတ္တရလေခါ တစ်ကိုယ်တည်း ကျန်ခဲ့လေ၏။ သူ့ကို ကချေသည် တစ်ဦးက ခေါ်လျက် ကြည့်ရှုစောင့်ရှောက်ထားသည်။

စိတ္တရလေခါသည် သားယောကျ်ားကလေးတစ်ယောက် ဖွားမြင်လာ၏။ သို့ရာတွင် ထိုကလေးငယ်သည် မွေးပြီး မကြာခင်မှာပင် လူ့လောကကို စွန့်ခွာသွားလေသည်။ စိတ္တရလေခါ၏ အသံသည် နူးညံ့ပျော့ပျောင်းသည်။ ရုပ်ရည် ရူပကာယသည် လှပချောမွတ်သည်။ မွေးမြူ ကြည့်ရှုထားသည့် ကချေသည်က စိတ္တရလေခါအား အကနှင့် ဂီတပညာကို သင်ကြားပေး၏။ ထို့နောက်တွင်မူ စိတ္တရလေခါလည်း ကချေသည်တစ်ဦး ဖြစ်လာပြီးလျှင် တစ်ဖန်ပြန်ပြီး မုဆိုးမဘဝ၏ ကျင့်ဝတ်သိက္ခာများကို စောင့်ထိန်းရပြန်လေသည်။ ကရိရှနဒိတျနှင့် ကရိရှနဒိတျ၏သား နှစ်ဦးလုံးပင် စိတ္တရလေခါ၏ ဘဝအတွင်းသို့ ဝင်ရောက်လာကြပြီးနောက် ပြန်ထွက်သွားကြလေသည်။ သို့ရာတွင် နှစ်ဦးစလုံးပင် ကိုယ်စီကိုယ်င အမှတ်သင်္ကေတများကို စိတ္တရလေခါ၏ နှလုံးသားပေါ်၌ ချန်ထားပစ်ခဲ့ကြလေ၏။

ပါဋလိပုတ်မြို့သူမြို့သားတို့သည် စိတ္တရလေခါ၏ ခြေရင်းတွင် ဝပ်စင်းခယ ကြလေ၏။ သို့ရာတွင် စိတ္တရလေခါသည် သူ၏ ကျင့်ဝတ်သိက္ခာကြောင့် ဖြစ်ပေါ်လာသည့် ဂုဏ်အသရေကို ထိန်းသိမ်းထားလေသည်။ ဩဇာတိက္ကမ ကြီးမားသူ မြို့စား၊ ရွာစား ကြေးရတတ်များနှင့် ရုပ်ရည် သနားကမား လူငယ်လူရွယ်များသည် သူ၏ အချစ်ကို ရယူလိုကြသည်။ သို့ရာတွင် မည်သူ တစ်ဦးတစ်ယောက်မျှ မရရှိကြပေ။ လူထုပရိသတ်၏ ရှေ့မှောက်၌ ထိုအလှကညာသည် ပေါ်ပေါက်လာပြီးလျှင် လျှပ်စစ်ပြက်လိုက်သကဲ့သို့ တစ်ချက်လက်လျက် ထိုလူထုပရိသတ်၏ မျက်မှောက်မှ ပျောက်ကွယ်သွားတတ်လေသည်။ သူ့ကို တစ်ကြိမ်တစ်ခါ မြင်တွေ့လိုက်ရလျှင် တွေ့သူ၏နှလုံး၌ နောက်တစ်ကြိမ် ထပ်တွေ့လိုသည့်ဆန္ဒသည် ဖြေဖျောက် မရနိုင်လောက်အောင်ပင် ပေါ်ပေါက်လာတတ်ပေသည်။ ----------

တစ်နေ့သ၌ ဗီဇဂုတ္တသည် စိတ္တရလေခါ၏ အကကို ကြည့်ရှုရန် ရောက်လာလေသည်။ က,ရင်း က,ရင်းနှင့် စိတ္တရလေခါ၏မျက်လုံးသည် ဗီဇဂုတ္တရှိရာသို့ ရောက်သွားသည်။ သူ၏ မျက်နှာသည် ရုတ်တရက် ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ ကရိရှနဒိတျ နတ်ပြည် နတ်လောကမှ ဆင်းသက်လာပြီးလျှင် သူ၏ အကကိုများ လာကြည့်နေသလားဟု ထင်မှတ် မှားနေမိသည်။ သူသည် ရုတ်တရက် တန့်ရပ်သွား၏။ ခဏတာမျှ မိမိကိုယ်နှင့်တကွ မျက်မှောက်တွင် ထိုင်နေကြသည့် လူထုပရိသတ်ကိုပါ မေ့သွားပြီးလျှင် ဗီဇဂုတ္တကို စူးစိုက်ကြည့်နေမိ၏။ ဗီဇဂုတ္တသည် လူရွယ်တစ်ဦး ဖြစ်သည်။ သူ၏အသက်မှာ နှစ်ဆယ့်ငါးနှစ်လောက်ပင် ရှိပေလိမ့်ဦးမည်။ စိတ္တရလေခါ၏ ရုပ်သို့ဓာတ်ကြောင့် သူကလည်း စိတ္တရလေခါကို စိုက်ကြည့်နေ၏။ သူ၏ မျက်လုံးသည် စိတ္တရလေခါ၏ မျက်လုံးနှင့် သွားဆုံကြလေ၏။ လူထုပရိသတ်၏ မျက်လုံးများသည် စိတ္တရလေခါ၏ အကြည့်ခံနေရသူဆီသို့ စုပြုံရောက်သွားကြလေ၏။ လူအများ၏နှုတ်မှ ရုတ်တရက် ထွက်ပေါ်လာလေသည်။

"အလို ဘယ်သူလဲလို့၊ ဗီဇဂုတ္တပါကလား"

Typing - ငွေဇင်ယော်

စိတ္တရလေခါကလည်း ထိုအသံကို ကြားလိုက်ရ၏။ သူ့အမှားကို သူ နောင်တရနေသည်။ သို့ရာတွင် နောင်တရခြင်းထက် ဒေါသဖြစ်ခြင်းက ပိုမို လွန်ကဲနေ၏။ ဗီဇဂုတ္တထံမှ မျက်လုံးကို လွှဲလိုက်ပြီးလျှင် အကကို ပြန်ကောက်လေသည်။

အက ပြီးဆုံးသွားသည့်အခါ ဗီဇဂုတ္တသည် စိတ္တရလေခါအနီးသို့ ကပ်သွားလျက် ပြောလိုက်သည်။

"မင်းအိမ်မှာ မင်းနဲ့ တစ်ခါလောက် မတွေ့ရဘူးလား စိတ္တရလေခါ"

စိတ္တရလေခါသည် ဗီဇဂုတ္တကို ကြည့်၍ ရယ်လိုက်သည်။

"ဟင့်အင်း။ ကျွန်မ တစ်ဦးချင်းနဲ့ အတွေ့မခံဘူး။ လူစုလူဝေးရှေ့ကိုပဲ ကျွန်မ လာတယ်။ ကျွန်မရဲ့ဘဝဟာ တစ်ဦးချင်းနဲ့ ဘယ်လိုမှ မဆက်စပ်ဘူး"

ဗီဇဂုတ္တ၏ မျှော်လင့်ချက်ပေါ်၌ မြူနှင်း လွှမ်းသွားလေပြီ။ သူ၏ ပွင့်လန်းလျှက်ရှိသော မျက်နှာလည်း ညှိုးရော်သွားလေပြီ။ သို့ဖြစ်လင့်ကစား အရဲစွန့်လိုက်ပြန်၏။

"လူစုလူဝေးဆိုတာ တစ်ဦးချင်းနဲ့သာ တည်ဆောက် ဖန်တီးထားတာ ဖြစ်တယ်။ လူစုလူဝေးရဲ့ မွတ်သိပ်ခြင်းဟာ အဲဒီ လူစုလူဝေးထဲက တစ်ဦးချင်း တစ်ဦးချင်းရဲ့ မွတ်သိပ်ခြင်းပဲ မဟုတ်လား။ ဘာများ ထူးခြားချက် ရှိသေးလို့တုန်း"

"ထူးခြားချက်ကို သိချင်ရင် နားထောင်ပါ။ အားလုံးက လူစုလူဝေးရဲ့ ပျော်ရွှင်မှုလို့ခေါ်တဲ့ အရာဟာ အမှန်ကတော့ လူစုလူဝေးမှာရှိတဲ့ တစ်ဦးချင်းတွေရဲ့ ငိုကြွေးမြည်တမ်းမှု အစုအပေါင်း ဖြစ်တယ်။ အားမဲ့သူတွေရဲ့ ညည်းညူမှုများ ပေါင်းစုပြီးတော့ လူစုလူဝေးရဲ့ တော်လှန်ပုန်ကန်မှုဆိုတဲ့အသွင် ပေါ်ပေါက်လာနိုင်တယ်။ ပြီးတော့ လူစုလူဝေးကြောင့် တစ်စုံတစ်ခု ထိခိုက်နစ်နာမှု ဖြစ်နိုင်စရာ မရှိပေမယ့် တစ်ဦးချင်းရဲ့ ငါစွဲ၊ အတ္တစွဲဟာ ဘေးအန္တရာယ်ကို ဖြစ်ပွားစေနိုင်တယ်"

ဗီဇဂုတ္တသည် အချစ်ကို ရယူရန် ရောက်လာခြင်း ဖြစ်သည်။ ဒဿန သဘောတရားကို ဆွေးနွေးငြင်းခုံရန် လာရောက်ခြင်း မဟုတ်ပေ။

"ဒါဖြင့် မင်းရဲ့ တံခါးဟာ ကျုပ်အတွက် ပိတ်ထားတယ်လို့ပဲ မှတ်ရတော့မှာပေ့ါ"

စိတ္တရလေခါက ပထမအတိုင်းပင် အေးတိအေးစက်နှင့် ပြန်ဖြေ၏။

"တစ်ဦးချင်းအတွက် ဆိုရင်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ တကယ်လို့ တစ်ဦးချင်းဟာ လူစုလူဝေးရဲ့ အစိတ်အပိုင်းဆိုရင်တော့ ရှင်ပြောသလို မဟုတ်ပါဘူး"

ဗီဇဂုတ္တသည် စိတ်ပျက် အားလျော့စွာဖြင့် မချိပြုံး ပြုံးလိုက်သည်။

"တစ်ဦးချင်းဟာ လူ့ဘဝမှာ ပြဋ္ဌာန်းတဲ့၊ အဓိက ဖြစ်တဲ့အရာ ဖြစ်တယ်။ လူစုလူဝေးဆိုတာ တစ်ဦးချင်းတွေနဲ့ပဲ တည်ဆောက်ထားတာ ဖြစ်တယ်။ အဲဒီ တစ်ဦးချင်းဟာ အပယ်ခံဘဝရောက်ပြီး လူစုလူဝေးရဲ့ အစိတ်အပိုင်း လုပ်ရင်တော့ ကိုယ့်ကိုယ်ကို ပြန်စော်ကားတာပဲ"

ယင်းသို့ ပြောပြီးလျှင် ဗီဇဂုတ္တသည် မြားအဟုန်ကဲ့သို့ ထိုနေရာမှ ထွက်ခွာသွားလေ၏။

ဗီဇဂုတ္တ ထွက်သွားလေပြီ။ သို့ရာတွင် စိတ္တရလေခါ၏ နှလုံးထဲ၌ ခံစားမှု တစ်မျိုးကို ဖန်တီးပစ်ခဲ့လေ၏။

တစ်နေ့ တစ်နေ့နှင့် တရွေ့ရွေ့ ကုန်ဆုံးသွားခဲ့သော်လည်း စိတ္တရလေခါသည် ဗီဇဂုတ္တကို နောက်ထပ် မတွေ့ရတော့ပေ။ သူ၏ အပေါ်ယံ ဥပက္ခာသဘောသည် လွင့်စဉ် ပျောက်ကွယ်သွားလျက် သူ၏ နှလုံးထဲ၌ ဗီဇဂုတ္တကို လွမ်းဆွတ်တသခြင်းသည် ကြိတ်မနိုင် ခဲမရ အင်အား ကြီးမားလာ၏။ အခါခပ်သိမ်းပင် ပွဲကြည့်ခန်းဆောင်တွင် ထိုင်နေကြသည့် ပွဲကြည့်ပရိသတ်ထဲ၌ ဗီဇဂုတ္တကို တွေ့လိုတွေ့ငြား ရှာဖွေကြည့်သည်။ သို့ရာတွင် နောက်ဆုံး၌ လက်လျှော့ရလေ၏။

အကြိမ်ပေါင်း သိန်းသန်းမက ဖိနှိပ်ချိုးနှိမ်ရန် ကြိုးစားပါသော်လည်း အာသာ ဆန္ဒသည် အားကောင်းမြဲ ကောင်းနေ၏။ တစ်နေ့သ၌ စိတ္တရလေခါသည် သူ၏ ကျွန်မအား မေးလိုက်သည်။

"ဒီမြို့ထဲမှာ ဗီဇဂုတ္တလို့ခေါ်တဲ့ လူတစ်ယောက်များ မရှိဘူးလား"

ကျွန်မက ပြန်ပြောသည်။ "ဗီဇဂုတ္တကို မသိသူ ဘယ်ရှိမလဲ။ ဒီမြို့ထဲက ရုပ်အချောဆုံး သြဇာအညောင်းဆုံး မြို့စားကလေးလေ"

စိတ္တရလေခါသည် စာတစ်စောင်ရေးလျက် ကျွန်မအား ဗီဇဂုတ္တထံ သွားအပေး ခိုင်းလိုက်လေ၏။

ကျွန်မသည် ဗီဇဂုတ္တထံသွားပြီး စိတ္တရလေခါ၏ စာကို ပေးလိုက်သည်။ စာထဲ၌ ဤသို့ရေးထားသည်။

"စိတ္တရလေခါသည် အပြန်ပြန် အထပ်ထပ် စဉ်းစားလျက် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ထိုဆုံးဖြတ်ချက်မှာ ဤသို့တည်း။ သူ၏ ဘဝထဲ၌ တစ်ဦးချင်း အနေအားဖြင့် ပုဂ္ဂိုလ်တစ်ဦးသာလျှင် ဝင်ရောက်လာနိုင်၏။ ထိုပုဂ္ဂိုလ်မှာ အခြားမဟုတ်။ ဗီဇဂုတ္တပင် ဖြစ်သည်"

စာကို ဖတ်လိုက်ရသည်နှင့် တစ်ပြိုင်နက် ဗီဇဂုတ္တ တစ်ကိုယ်လုံးတွင် ပီတိလွှမ်းသွားသည်။ ထိုနေ့မှ အစပြုလျက် ထိုပုဂ္ဂိုလ်နှစ်ဦးသည် ဆက်ဆံပေါင်းဖက် လာခဲ့လေ၏။ သို့ရာတွင် စိတ္တရလေခါသည် ပြည့်တန်ဆာမူကား မဟုတ်ပေ။

---

ဗီဇဂုတ္တက ရယ်ပြီး ပြောလိုက်သည်။

"မူယစ်ခြင်းနဲ့ ရှုံးမှုးခြင်း၊ အဲဒီ နှစ်မျိုးဟာ အမြဲတစေပဲ အတူတကွ ရှိလာခဲ့တယ်။ နောင်လည်း ရှိနေမှာပဲ။ စိတ္တရလေခါ၊ ကျုပ်တို့နှစ်ဦးဟာ ဘယ်လောက် ချမ်းသာသုခနဲ့ ပြည့်ဝနေသလဲ"

*Typing - ငွေဇင်ယော်*

ထိုအခိုက်တွင် စိတ္တရလေခါကလည်း ပြုံးနေသည်။

ထိုအချိန်၌ စောင်းသံ ရပ်သွားလေ၏။ တံခါးစောင့်က လှမ်း၍ အသံခပ်ကျယ်ကျယ်ဖြင့် အကြောင်းကြားလိုက်သည်။

"သခင်၊ တံခါးဝမှာ ဧည့်သည်တွေ ရောက်နေပါတယ်။ ဘယ်လို ပြောလိုက်ရမလဲ"

ဗီဇဂုတ္တသည် စိတ္တရလေခါအား ပွေ့ဖက်ထားခြင်းကို လျှော့လိုက်လေသည်။ စိတ္တရလေခါက ခပ်ခွာခွာဖယ်၍ ထိုင်နေလိုက်လေ၏။ ဗီဇဂုတ္တသည် အလုပ်အကျွေး တစ်ဦးအား "ဧည့်သည်တွေကို ဒီခေါ်ခဲ့" ဟု ပြောပြီးလျှင် သေရည်ခွက်ထဲမှ လက်ကျန်ကို ရှင်းပစ်လိုက်လေသည်။

ညကြီး အချိန်မတော် ဘယ်လိုဧည့်သည်များ လာပြန်ပါလိမ့်ဟု စဉ်းစားတွေးတော နေစဉ်မှာပင် သေတံကနှင့် အတူတကွ ရသေ့ကြီး ရတနမ္ဗရသည် ဗီဇဂုတ္တ၏ ခန်းဆောင်ထဲသို့ ရောက်လာလေ၏။ ရတနမ္ဗရကို တွေ့ရသဖြင့် ဗီဇဂုတ္တသည် ထ၍ အရိုအသေ ပြုလိုက်သည်။ စိတ္တရလေခါကလည်း ဦးညွှတ်လိုက်လေ၏။

ခန်းဆောင်ကို တစ်ချက် စေ့စေ့စပ်စပ် ကြည့်လိုက်ပြီးနောက် ရတနမ္ဗရမျက်လုံးသည် စိတ္တရလေခါ ရှိရာတွင် တန့်ရပ်သွားသည်။ ခေတ္တခဏမျှ တန့်ရပ်နေပြီးနောက် ရတနမ္ဗရသည် "ည အချိန်မတော်မှာ ဗီဇဂုတ္တရဲ့ ခန်းဆောင်ထဲ မြို့ရွာရဲ့ အလှဆုံး၊ အချောဆုံး ကချေသည် ရောက်နေတယ်နော်။ အံ့သြစရာပဲ" ဟု ပြောလျက် နေရာလွတ်တွင် ဝင်ထိုင်လိုက်လေ၏။ သေတံကကမူ မတ်တတ်ရပ်နေသည်။

ဗီဇဂုတ္တက ရတနမ္ဗရအား မေးလိုက်သည်။

"ဘယ်လို ကိစ္စများရှိလို့ ညကြီး အချိန်မတော်မှာ ဒုက္ခခံပြီး တပည့်တော်ဆီကို ကြွရောက်လာပါသလဲ"

ရတနမ္ဗရက ရယ်လိုက်လေ၏။

"ဗိဇဂုတ္တ၊ မင်းကိုတော့ အကြောင်းစုံဖွင့်ပြီး ပြောရတော့မှာပဲ။ ဒီကနေ့ ငါ့ ပေါဒီတပည့်က 'မကောင်းမှုဆိုတာ ဘာလဲ' လို့ ငါ့ကို မေးခွန်းထုတ်တယ်။ ငါ သူ့မေးခွန်းကို ပြန်မဖြေနိုင်ဘူး။ မင်း ငါ့ကို အကူအညီ ပေးနိုင်တယ်။ မင်းဟာ ငါ့တပည့်တစ်ဦး ဖြစ်တယ်။ ဒါပေမဲ့ ငါ မင်းဆီက ဘယ်တုန်းကမှ တစ်စုံတစ်ခုကို အလှူမခံခဲ့ဘူး။ မကောင်းမှုဆိုတာ ဘာလဲလို့ စူးစမ်းထောက်လှမ်းရန်အတွက် ပြဟ္မစာရီ ရသေ့သူတော်ကောင်းတို့ရဲ့ ကျောင်းသခ်မ်းဟာ သင့်တင့်လျောက်ပတ်တဲ့ ဌာန မဟုတ်ဘူး။ ကမ္ဘာလောကရဲ့ ကာမဂုဏ်အာရုံထဲမှာသာ မကောင်းမှု ဒုစရိုက်ကို ရှာဖွေစူးစမ်းလို့ ဖြစ်နိုင်ဖို့ရှိတယ်။ မင်းရဲ့စံအိမ်၊ မင်းရဲ့ အပေါင်းအသင်း၊ မင်းရဲ့ ပတ်ဝန်းကျင် လူ့လောက၊ အဲဒီ အရာတွေနဲ့ သေတံကကို ရင်းနှီးအောင် လုပ်ပေးဖို့ လိုလိမ့်မယ်။ သူ့ကို အလုပ်အကျွေးသဘောမျိုးနဲ့ မင်းက လက်ခံထားစေချင်တယ်။ ဒါပေမဲ့ တစ်ခုတော့ သတိထားရလိမ့်မယ်။ သူဟာ မင်းနဲ့ ဆရာတူ တပည့်ချင်းလဲ ဖြစ်နိုင်တယ်"

"အရှင်မြတ် အမိန့်ကို ဦးထိပ်ရွက်ပါတယ် ဘုရား" ဗိဇဂုတ္တ ဦးညွှတ်လိုက်လေ၏။

"ကောင်းပြီ။ ငါ သွားတော့မယ်။ ငါ့ အလုပ်တစ်ခုတော့ ပြီးမြောက် အောင်မြင်သွားပြီ။ ဒီမှာ သေတံက၊ ဗိဇဂုတ္တဟာ မင်းရဲ့သခင်၊ မင်းက သူ့ အလုပ်အကျွေးဆိုတာ မှတ်ထားရလိမ့်မယ် သိလား။ ဒီမှာရှိတဲ့ ကာမဂုဏ် အာရုံတွေကို ခံစား စံစား။ ပြီးတော့ မကောင်းမှုဆိုတာ ဘာလဲလို့ ကြိုးစားပြီး စူးစမ်းလေ့လာ။ အကောင်းနဲ့အဆိုး အဲဒီနှစ်မျိုးလုံး မင်းရှေ့မှောက် ရောက်လာလိမ့်မယ်။ ဒါပေမဲ့ ကောင်းတဲ့ အရာဝတ္ထုဆိုတာ မင်းအတွက် အကောင်း ဖြစ်တာနဲ့အမျှ သူတစ်ပါး အတွက်လည်း အဆိုးမဖြစ်ရဘူးဆိုတဲ့ မှတ်ကျောက်ကိုတော့ သေတံကရဲ့ အပြစ်ကို တွေ့လို့ရှိရင် သည်းခံစေချင်တယ်။ သူက အခု လူမမယ် သာသာပဲ ရှိသေးတယ်။ ကမ္ဘာလောကထဲမှာ အခုမှ ခြေချခါစ ရှိသေးတယ်"

ယင်းသို့ ပြောပြီးလျှင် ရတနမ္ဗရသည် ခန်းဆောင်ထဲမှ ထွက်ခွာသွားလေ၏။

ရတနမ္ဗရ ထွက်ခွာသွားပြီးသောအခါ ဗိဇဂုတ္တသည် သေတံကကို စေ့စေ့ကြည့်ပြီးလျှင် "မင်းနာမည်က သေတံကလို့ ခေါ်တယ်နော်။ မင်း ဒီနေ့ကစပြီး ငါ့အလုပ်အကျွေး ဖြစ်ပြီပေါ့ ဟုတ်လား" ဟု ပြောလိုက်လေ၏။ သူ၏ မျက်နှာပေါ်၌မူ မသိမသာအပြုံး ပေါ်လာလေသည်။ တစ်ဖန် စိတ္တရလေခါဘက်ကို လက်ညှိုးညွှန်လျက် ဗိဇဂုတ္တက "သေတံက၊ မင်း သူ့ကို သိသလား" ဟု မေးလိုက်လေ၏။

ညဥ့်အချိန် မီးရောင်များဖြင့် တစ်လက်လက် တောက်ပ၍နေသော ပြင်ဆင် မွမ်းမံထားသည့် ခန်းဆောင်ထဲရှိ စိတ္တရလေခါ၏ ယစ်မူးစေတတ်သည့် အလှကို တွေ့ရသဖြင့် သေတံက၏ မျက်လုံးများသည် ကျိန်းသွားလေ၏။ သူက ပြောလိုက်လေသည်။ "ဟင့်အင်း၊ မသိဘူး"

"ကောင်းပြီ၊ မသိရင် ငါပြောပြမယ် နားထောင်။ သူ့နာမည်က စိတ္တရလေခါလို့ ခေါ်တယ်။ သူဟာ ပါဋလိပုတ်မြို့က အလှဆုံး ကချေသည်ဖြစ်ပေမယ့် ငါ့ကြင်ယာဇနီးနဲ့ ဘာမှ မခြားဘူး။ ဒါကြောင့် သူဟာ မင်းသခင်မလို့လည်း ဆိုနိုင်တယ်"

ယင်းသို့ပြောပြီးလျှင် ဗိဇဂုတ္တ ရယ်လိုက်လေ၏။

"မင်း အံ့သြချင် အံ့သြနေလိမ့်မယ်။ ဒါပေမဲ့ ဘာမှ အံ့သြစရာ မလိုဘူး။ ဒီမှာနေပြီး မင်းဟာ ပတ်ဝန်းကျင်နဲ့ နီးနှောအောင် လုပ်နိုင်ကောင်းစရာ ရှိပါတယ်။ ရော့ ဟောဒီ သေရည်ခွက်ကို မင်းသခင်မ ပေးလိုက်စမ်း"

ယင်းသို့ပြောလျက် ဗိဇဂုတ္တသည် ရန့်ကြိုင်သင်း၍ နေသော သေရည်အပြည့် ထည့်ထားသည့် ရွှေခွက်ကို သေတံက၏ လက်ထဲ ထည့်လိုက်လေ၏။

သေတံကသည် သေရည်ခွက်ကို စိတ္တရလေခါအား လှမ်းပေးလိုက်လေသည်။ သေရည်ခွက်ကို လှမ်းပေးရင်းနှင့် သေတံက၏လက်သည် စိတ္တရလေခါ၏လက်နှင့် ထိသွားလေ၏။ ထိုအတွေ့ အထိကြောင့် သေတံကသည် တစ်ကိုယ်လုံး ရှိန်းကနဲ ဖိန်းခနဲ ဖြစ်သွားလေ၏။ စိတ္တရလေခါသည် သေတံကကို ကြည့်လိုက်သည်။

"လုလင်၊ ဒီဆန်းကြယ်လှတဲ့ လူ့လောကထဲကို ပထမဆုံးအကြိမ် ရောက်ရှိလာတဲ့ အထိမ်းအမှတ်နဲ့ သင့်ကို ဂုဏ်ပြုလိုက်ပါတယ်"

ယင်းသို့ပြောပြလျက် စိတ္တရလေခါသည် သေရည်ခွက်ကို မော့ချလိုက်လေသည်။

ထိုအချိန်၌ အစောင့်က ကျယ်စွာသောအသံဖြင့် "အိပ်ချိန် တန်ပါပြီ" ဟု ဟစ်လိုက်လေ၏။

ဗီဇဂုတ္တက စိတ္တရလေခါအား မေးလေသည်။

"ဘယ့်နှယ်လဲ၊ ဒီမှာ အိပ်မလား၊ အိမ်ကို ပြန်မလား"

စိတ္တရလေခါ မတ်တတ်ရပ်လိုက်သည်။ တံခါးဝဘက် ခြေလှမ်း လှမ်းရင်း ပြန်ပြောသည်။

"အိမ်ကို ပြန်တာပဲ ကောင်းပါလိမ့်မယ်။ ဒါပေမဲ့ တစ်ယောက်တည်း ပြန်လို့တော့ ဖြစ်မယ် မထင်ဘူး"

ထိုအခိုက် သူ၏ခြေထောက်မှာ သိုင်းကွက် နင်းနေသည်။ လက်ပါးစေ မိန်းမသည် ခန်းဆောင်ထဲသို့ ဝင်လာလေ၏။ ဗီဇဂုတ္တလည်း မတ်တတ်ရပ်လိုက်သည်။

"ဟုတ်တယ်။ ဒီအချိန်ကြီးမှာ တစ်ယောက်တည်း ပြန်လို့ မတော်ဘူး"

အတန်ကြာမျှ စဉ်းစားနေပြီးနောက် ဗီဇဂုတ္တသည် သေတံကာဘက်သို့ လှည့်၍ ပြောလိုက်သည်။

"တံခါးဝမှာ ရထားရပ်ထားတယ်။ အဲဒီ ရထားနဲ့ မင်း မင်းသခင်မကို သူ့အိမ် လိုက်ပို့လိုက်စမ်း သိလား။ မင်းပြန်မလာခင် မင်းအတွက် အိပ်ဖို့ အိပ်ခန်း အသင့်ပြင်ထားနှင့်မယ်"

သေတံကသည် စိတ္တရလေခါနှင့် အတူတကွ ထွက်သွားလေသည်။ ဗီဇဂုတ္တသည် လက်ပါးစေမိန်းမအား သေတံကအတွက် အိပ်ခန်းပြင်ထားဖို့ အမိန့်ပေးလျက် အိပ်ရာထဲ ဝင်သွားလေသည်။

*Typing - ငွေဇင်ယော်*

## အခန်း ( ၂ )

ကုမာရဂိရိသည် ယောဂီတစ်ဦး ဖြစ်သည်။

ယောဂီလား။ မှန်သည်။ အကြောင်းမူ သူသည် လူ့လောကကို စွန့်ပယ်ထားသူ ဖြစ်သောကြောင့်တည်း။ အဘယ်ကြောင့် လူ့လောကကို စွန့်ပယ်ထားသနည်း။ စိတ်ကူးယဉ် တခြားလောကတစ်ခုသို့ ရောက်ဖို့ရန်အတွက် စွန့်ပယ်ထားခြင်း ဖြစ်သည်။ ထိုလောကသည် ချမ်းသာသုခ အပြည့်အဝ ရှိလိမ့်မည်ဟု သူ မျှော်လင့်သည်။ လူ့လောကက အသိုင်းအဝိုင်းကို သူ မနှစ်သက်ပေ။ စိတ်ကူးယဉ် အသိုင်းအဝန်း တစ်ခုဆီသို့သာ သူ့စိတ်အာရုံ ရောက်နေသည်။ လူ့လောကထဲတွင် ငြိမ်းချမ်းရေးကို သူ ရှာမတွေ့။ သို့ဖြစ်၍ ငြိမ်းချမ်းရေး တွေ့မြင်ရရှိရေးအတွက် လူ့ဘောင်ကို ရှောင်ခွာခဲ့ရလေသည်။ သူသည် ချုပ်တည်းမှုနှင့် စောင့်စည်းမှု နှစ်မျိုးကို စိတ်ချယုံကြည်သည်။ အလိုရမ္မက်များကို ကွပ်ကဲ ထိန်းချုပ်ထားသည်။

ယောဂီ ကုမာရဂိရိတွင် စွမ်းရည်သတ္တိများလည်း ရှိသည်။ သို့ရာတွင် သူသည် ယင်းစွမ်းရည် သတ္တိများကို အသုံးချခြင်း၌မူ ယုံကြည်မှု မရှိပေ။ သူ၏ စိတ်နှလုံးသည် ဆိတ်ငြိမ်ရာ၌သာလျှင် မွေ့လျော်၏။ သူသည် စိတ်ကို တသမတ်တည်းထားလျက် သမထတရားကိုလည်း ပွားများနိုင်သည်။ သူသည် မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်သည်။ ပူလောင်စေသည်။ သို့ရာတွင် ဆင်းရဲပင်ပန်းခြင်း မဖြစ်ပေ။ ကိုယ်ကာယ ပူလောင်နေသော်လည်း ယင်းကဲ့သို့သော ပူလောင်ခြင်းကို လောက အပြင်ဘက်ရှိ ချမ်းသာသုခကို စိတ်ကူးယဉ်မှုက အေးအောင် ဖန်တီးပေးနေသည်။ သူသည် အာသာဆန္ဒများကို ချိုးနှိမ် ဖိနှိပ်ထားသည်။ အဘယ်ကြောင့်နည်း။

အာသာဆန္ဒများကြောင့်သာလျှင် သူသည် မကောင်းမှု ဒုစရိုက်များကို ကျူးလွန် ပြုလုပ်တတ်သောကြောင့် ဖြစ်သည်။

ယောဂီကုမာရဂိရိသည် ချမ်းသာသုခနှင့် ပြည့်စုံသူ ဖြစ်သည်။ အတွေးပင်လယ်ထဲတွင် နစ်မြုပ်၍နေသူ ဖြစ်သည်။ သူ၏ မျက်မှောက်၌ အလိုဆန္ဒလောက မရှိပေ။ သို့ဖြစ်၍ အလိုဆန္ဒ မပြည့်စုံမှုကြောင့် ဖြစ်ပေါ်လာသည့် ဆင်းရဲ ပင်ပန်းမှုမျိုး သူ့တွင် မရှိပေ။ သူ့ဘဝ၏ ငြိမ်သက်ရပ်တန့်နေမှု အပေါ်၌ အသိဉာဏ်ပညာနှင့် စဉ်းစားဆင်ခြင်ခြင်း အဖုံး ဖုံးအုပ်ထားသည်။ ချမ်းသာသုခသည် စိတ်ကူးယဉ်ဖြစ်သည်၊ တင်းတိမ်ရောင့်ရဲခြင်း ဖြစ်သည်။ ဆာလောင်မွတ်သိပ်မှု မရှိခြင်းကြောင့် တင်းတိမ်ရောင့်ရဲခြင်း၏ အဓိပ္ပာယ် ကင်းမဲ့ချင် ကင်းမဲ့နေမည်ဖြစ်သော်လည်း ယင်းသို့သော အခြေအနေမျိုး၌ စိတ်နှလုံးအပေါ်တွင် မည်ကဲ့သို့သော ဝန်ထုပ်ဝန်ပိုးမျှ မရှိပေ။ နာကျင်ခြင်းကို မသိ နားမလည်ခြင်းသည် အဓိကဖြစ်သည်။ ကြောင့်ကြပူပန်မှုကင်းသည့် ခပ်ပေါ့ပေါ့ စိတ်နှလုံးကို စိတ်ကူးယဉ် လောကထဲ ခေါ်ငင်သွားဘို့ရန်မှာ လွယ်ကူလှသည်။ ယောဂီ ကုမာရဂိရိသည် မေ့လျော့ခြင်း၏ ရင်ခွင်ထဲ၌ ရှိသည်။ မိမိကိုယ်ကို မေ့လျော့ခြင်းနှင့် စိတ်ကူးယဉ်ကို အထင်မှားခြင်း၊ ယင်းနှစ်မျိုးတွင် ထူးထူးခြားခြား မူးယစ်၍ နေသည်။ စိတ်ကူးယဉ် လိုအင်ဆန္ဒ တစ်ခု ရှိသည်။ စိတ်ကူးယဉ် ရောင့်ရဲတင်းတိမ်မှုလည်း ရှိသည်။ ယင်းစိတ်ကူးယဉ် နှစ်မျိုးကြောင့် ဖြစ်ပေါ်လာသော ချမ်းသာသုခထဲတွင် သူသည် နစ်မြုပ်၍နေသည်။

ထို့ကြောင့် ကုမာရဂိရိသည် ယောဂီတစ်ဦး ဖြစ်နေသည်။

မဓုပါလသည် ယောဂီကုမာရဂိရိ၏ တပည့်ဖြစ်သည်။ ကုမာရဂိရိ၏ စွမ်းရည်သတ္တိတို့ကို သိရှိသည်။ အံ့သြလည်း အံ့သြသည်။

မဓုပါလက မေးလိုက်လေ၏။ "အရှင်၊ ချုပ်တည်းခြင်းရဲ့ ရည်မှန်းချက်ဟာ အဘယ်အရာ ဖြစ်ပါသလဲ"

ကုမာရဂိရိသည် ကိုယ်ကို ပြင်ထိုင်လိုက်လေ၏။

"ငြိမ်းချမ်းမှု၊ ပြီးတော့ ငြိမ်းချမ်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ ရွှင်လန်းဝမ်းမြောက်မှု . . . . ."

မဓုပါလက တစ်ဖန် မေးလိုက်ပြန်လေ၏။

"အရှင်၊ ကမ္ဘာလောကရဲ့ တကယ့် အလျဉ်၊ တကယ့်အစဉ် အစစ်အမှန်ဟာ ဘယ်အရာ ဖြစ်ပါသလဲ"

"ဗဟိဒ္ဓအမြင်နဲ့ကြည့်ရင် ပြောင်းလဲခြင်း၊ အဇ္ဈတ္တ အမြင်နဲ့ကြည့်ရင်တော့ သုည။ သုညနဲ့ ပြောင်းလဲခြင်း - အဲဒီနှစ်မျိုးရဲ့ ထူးထူးဆန်းဆန်း ပေါင်းဆုံမှုကို မင်း အံ့သြချင် အံ့သြနေလိမ့်မယ်။ အဲဒီနှစ်မျိုး ဘယ်နည်းဘယ်ပုံ တစ်မျိုးတည်း၊ တစ်စားတည်း ဖြစ်နိုင်သလဲဆိုတဲ့ မေးခွန်းဟာ သဘာဝကျတဲ့မေးခွန်း ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ လူဟာ ပြောင်းလဲခြင်းနဲ့ သုညရဲ့ ကွဲပြားခြားနားမှု အဆင့်ထက် မြင့်တဲ့အဆင့်ကို ရောက်ရင်၊ ပြောင်းလဲခြင်းနဲ့ သုညကို မခွဲခြားတော့လို့ ရှိရင်၊ အဲဒီ အဆင့်ဟာ အသိဉာဏ်ရဲ့ နောက်ဆုံးပိတ်အဆင့် ဖြစ်တယ်။ ကမ္ဘာလောကဆိုတာ ဘာလဲ။ သုည ဖြစ်တယ်။ ပြောင်းလဲခြင်းဆိုတာကတော့ အဲဒီသုညရဲ့ ရွေ့လျားခြင်း ဖြစ်တယ်။ ပြောင်းလဲခြင်းဆိုတာ စိတ်ကူးယဉ် ဖြစ်တယ်။ စိတ်ကူးယဉ် ကိုယ်တိုင်ကလဲ သုည ဖြစ်တယ်။ သဘောပေါက်တယ် မဟုတ်လား" -------------

မဓုပါလသည် ကုမာရဂိရိ၏ အဖြေကို မကျေနပ်ပေ။ ဘဝင်မကျ ဖြစ်နေသည်။ "အရှင်၊ ကမ္ဘာလောကဟာ သုညဖြစ်တယ်လို့ အရှင်က ပြောတယ်။ ကျွန်ုပ် သဘော မပေါက်ဘူး။ မျက်မှောက်မှာ မြင်တွေ့နေရတဲ့ အရာတွေဟာ ဘယ်ပုံဘယ်နည်းနဲ့ သုညဖြစ်နိုင်မလဲ"

ကုမာရဂိရိက ရယ်လိုက်လေ၏။ "ယောဂအကျင့် လိုအပ်တာ ဒီနေရာမျိုးမှာပေါ့။ ယောဂီလုပ်တဲ့လူဟာ မျက်စိကို မှိတ်လိုက်လို့ရှိရင် အဲဒီအခါမျိုးမှာ ပြန့်ကျယ်ကြီးမားတဲ့ သုညတစ်ခုမှတစ်ပါး တခြား ဘာမှ မရှိတော့ဘူး။ အဲဒီ သုညထဲမှာ သုခနဲ့ ဒုက္ခ၊ ချစ်ခင်ခြင်းနှင့် ကွေကွင်းခြင်း၊ နေ့နဲ့ ည၊ ပြဟ္မနဲ့ မာယာ အဲဒါတွေအားလုံး ပျောက်ကွယ်သွားတယ်။ အဲဒီ

ထွန်းလင်းတောက်ပတဲ့ သုညထဲမှာ ယောဂီဟာ လှည့်လည်သွားလာပြီး အဲဒီ သုညထဲမှာပဲ မြုပ်နှစ်သွားတယ်။ သူ စတင်ဖြစ်ပေါ် ပေါက်ပွားလာရာဖြစ်တဲ့ နေရာမှာ သူဟာ ခဏတာ အနည်းငယ်မျှ မြုပ်နှစ်သွားတယ်။ အဲဒီ ပြဟ္မနဲ့ယှဉ်တဲ့ သုညထဲမှာ ထာဝစဉ် နှစ်မြုပ်သွားခြင်းကိုပဲ လွတ်ငြိမ်းမှု (မုတ္တိ)လို့ ခေါ်တယ်။ အဲဒီနည်းနဲ့ ယောဂီဟာ ဒီလက်ရှိ ကိုယ်ခန္ဓာ ထင်ရှားလျက်နဲ့ လွတ်ငြိမ်းမှု (မုတ္တိ)ကို ထိတွေ့ ခံစားနိုင်တယ်”

ဆရာ၏ အပေါ်၌ထားသော မဓုပါလ၏ ကြည်ညိုလေးစားမှုသည် တိုးပွား ခိုင်မာလာသည်။ ပီတိသောမနဿ အပြည့်နှင့် ဆရာ၏ ခြေအစုံကို ဦးတိုက်လိုက်လေ၏။ သူ့ဆရာ၏ ကြီးမားကျယ်ပြန့်သည့် ဉာဏ်ပညာအတွက် ဂုဏ်ယူသည်။ သူ့ဆရာ၏ ခိုင်မြဲသော သမာဓိကို ယုံကြည်စိတ်ချသည်။ ထိုအချိန်၌ ရသေ့ကြီး ရတနမ္ဗရသည် ဝိလာသဒေဝကို ခေါ်ခဲ့ပြီးလျှင် ကုမာရဂိရိ၏ သင်္ခမ်းကျောင်းအတွင်းသို့ ဝင်ရောက်လာလေ၏။

ရသေ့ကြီးရတနမ္ဗရ ကြွရောက်လာသည်ကို တွေ့ရသည့်အခါ ကုမာရဂိရိသည် နေရာမှ ထလိုက်လေ၏။ သူတို့နှစ်ဦးသည် လည်ချင်းယှဉ်ဖက်လျက် နှုတ်ဆက်လိုက်ကြသည်။ ထို့နောက် ရတနမ္ဗရကို နေရာထိုင်ခင်းပေးလျက် ကုမာရဂိရိက မေးလိုက်လေ၏။

“ဘယ်လိုကိစ္စရှိလို့ ကြွရောက်လာပါသလဲ ဆရာအရှင်”

တည်ငြိမ်အေးဆေးသော အမူအရာဖြင့် ရတနမ္ဗရက ပြန်ဖြေ၏။

“ထက်မြက်တဲ့ တန်ခိုးစွမ်းရည်ရှိတဲ့ ယောဂီကုမာရဂိရိဆီက ပညာရည်နို့ သောက်စို့ဖို့ရန် အတွက် ဟောဒီ ငါ့တပည့်ကို လာရောက်အပ်နှံရခြင်း ဖြစ်ပါတယ်”

ကုမာရဂိရိက ပြောလေ၏။ “ဆရာအရှင်က ဒီက သေးသိမ်တဲ့တပည့် ကုမာရဂိရိကို ကြီးကျယ်မြင့်မြတ်တဲ့နေရာ ပေးနေပါကလား။ ဆရာအရှင် ပေးအပ်တဲ့နေရာနဲ့ တပည့် လားလားမှ ထိုက်တန်တဲ့လူ မဟုတ်ပါ”

“မဟုတ်ပါဘူး ယောဂီကုမာရဂိရိ၊ သင် ကိုယ့်ကိုယ်ကို နှိမ့်ချ မနေပါနဲ့။ သင်ဟာ တကယ်မြင့်မြတ်တဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ငါကတော့ အခုထက်ထိ ကမ္ဘာလောကထဲမှာပဲ ရှိသေးတယ်။ ပြဿနာတစ်ခုခုကို တက္ကဗေဒသဘော တစ်ခုတည်းနဲ့ ဖြေရှင်းလို့မရတဲ့ နေရာမျိုးမှာ အတွေ့အကြုံနဲ့ အကြံအစည်များဟာ လိုအပ်တဲ့အရာများ ဖြစ်ကြတယ်။ သင့်မှာ ဉာဏ်ရှိတယ်။ အကြံရှိတယ်။ ငါ့မှာတော့ အတွေ့အကြုံပဲ ရှိတယ်။ ဒါကြောင့် သင့်ထံ လာရခြင်း ဖြစ်တယ်။ သင်နဲ့အတူတကွ နေခြင်းအားဖြင့် လူ့ဘဝရဲ့ သပွတ်အူလို ရှုပ်ထွေးနေတဲ့ ပြဿနာများကို အောင်မြင်ထမြောက်စွာ ဖြေရှင်းနိုင်စရာ အကြောင်းရှိတယ်။ ဒါကြောင့် ငါ ဝိလာသဒေဝကို သင့်ထံ အပ်နှံဖို့ ရည်ရွယ်ရခြင်း ဖြစ်တယ်။ ယောဂီ ကုမာရဂိရိ၊ သင် ငါ့တောင်းပန်ချက်ကို မငြင်းဘူး မဟုတ်လား”

ကုမာရဂိရိသည် ဝိလာသဒေဝဘက်သို့ လှမ်းကြည့်လိုက်၏။ “လုလင်၊ ဘဝရဲ့ ဘယ်လိုပြဿနာများကို ဖြေရှင်းဖို့အတွက် ငါ့ထံ ရောက်လာရသလဲ”

ဝိလာသဒေဝသည် ကုမာရဂိရိကို ဦးညွှတ်ပြီးလျှင် အေးအေးဆေးဆေးပင် ပြန်ပြောသည်။

“အရှင်၊ မကောင်းမှုဆိုတာ ဘယ်လိုဟာလဲလို့ ကျွန်ုပ် သိချင်ပါတယ်”

ကုမာရဂိရိက ရယ်လိုက်သည်။ သူ၏ ရယ်သံ၌ ချိုသာငြိမ့်ညောင်းမှု ရှိလေသည်။

“မကောင်းမှုဆိုတာ ဘယ်လိုဟာလဲလို့ မင်း သိချင်တယ် ဟုတ်လား။ မကောင်းမှုရဲ့ အဓိပ္ပာယ်ကို များသောအားဖြင့် အတွေ့အကြုံအရသာ သိရှိ နားလည်နိုင်တယ်။ ငါနဲ့ အတူနေပြီး မင်း မကောင်းမှုကို တွေ့ကြုံသိရှိဖို့ မလွယ်ဘူး။ ငါ့ရဲ့ နယ်ပယ်က ချုပ်တည်းခြင်းနဲ့ စောင့်စည်းခြင်း။ မကောင်းမှုဆိုတာက အဲဒီ ချုပ်တည်းခြင်း၊ စောင့်စည်းခြင်းနဲ့ ခရီးအင်မတန် ဝေးတယ်။ ဒါပေမဲ့ မင်းကို တပည့်အဖြစ်နဲ့ လက်မခံခင် မင်းနဲ့ ဆရာအရှင်ကို အတိအလင်း ဝန်ခံဖို့ လိုလိမ့်မယ်ထင်တယ်။ ငါ မင်းကို ကောင်းမှုရဲ့ အသွင်အပြင်ကို ပြမယ်။ ကောင်းမှုကို သိရှိနားလည်ရင် မင်း မကောင်းမှုဆိုတာ ဘယ်ဟာလဲလို့ သဘောပေါက်နိုင်ကောင်းစရာ ရှိပါတယ်”

Typing - ငွေဇင်ယော်

ကုမာရဂိရိ၏ စကားကို ကြားရသည့်အခါ ရတနမ္ဗရသည် စိတ်ထဲက ပြုံးမိလေ၏။ ထို့နောက် ပြောလိုက်လေသည်။ "ယောဂီ ကုမာရဂိရိ၊ သင်ပြောတာ သင့်လျော်လျောက်ပတ်ပါတယ်။ ဉာဏ်အမြော်အမြင်နဲ့ ပြည့်စုံတဲ့ ဘယ်ပုဂ္ဂိုလ်မဆို သင်ပြောတဲ့အချက်ကို ကန့်ကွက်ငြင်းဆိုစရာ မရှိပါဘူး"

"ဒါဖြင့် ဆရာအရှင်ရဲ့ တောင်းပန်တိုက်တွန်းချက်ကို လက်ခံပါတယ်"

ရတနမ္ဗရသည် မတ်တတ်ရပ်လိုက်သည်။ "ကဲ ဒါဖြင့် ကုမာရဂိရိ၊ ငါကို သွားခွင့်ပြုပါတော့။ သင် အံ့သြကောင်း အံ့သြနေလိမ့်မယ်။ ဒါပေမဲ့ မကောင်းမှုဆိုတာ ဘာလဲလို့ ငါကိုယ်တိုင် မသိတာအမှန်ပဲ။ နှစ်ပရိစ္ဆေဒပေါင်းများစွာ စာပေသင်ကြားလာခဲ့ပေမယ့်၊ အတွေ့အကြုံ ရှိလာခဲ့ပေမယ့် ကျပ်ပြည့်တင်းပြည့်ဖြစ်တဲ့ အသိပညာကိုတော့ ထောက်ကြည့်လို့ ရနိုင်ဖို့ မလွယ်ဘူး။ ဝံ့ါတပည့်များကို ထိုက်တန်တဲ့ ပုဂ္ဂိုလ်တွေဆီမှာ အပ်နှံပြီးပြီ။ ငါ အခု တရားဘာဝနာကို ကျင့်ကြံအားထုတ်နိုင်သလောက် ကျင့်ကြံအားထုတ်ကြည့်ဦးမယ်။ အတွေ့အကြုံအားဖြင့်ဖြစ်စေ၊ လက်တွေ့အားဖြင့်ဖြစ်စေ မသိနားမလည်နိုင်တဲ့ အရာဝတ္ထုကို တရားဘာဝနာ ကျင့်ကြံအားထုတ်ခြင်းဖြင့် သိနိုင်မလား မသိဘူး။ ကြည့်ရဦးမယ်"

ယင်းသို့ ပြောပြီးလျှင် ရတနမ္ဗရသည် ထိုနေရာမှ ထွက်ခွာသွားလေ၏။ ---------

ရတနမ္ဗရ ထွက်ခွာသွားပြီးသောအခါ ကုမာရဂိရိသည် ဝိသာလဒေဝကို ထိုင်ရန် ညွှန်ကြား ပြောပြလိုက်လေ၏။

"လုလင်၊ မင်း ငါ့တပည့် ဖြစ်သွားပြီ။ ငါ အခု မင်းဆီက ပြဿနာအချို့ရဲ့ အဖြေကို လိုချင်တယ်။ အာသာဆိုတာ ဘာလဲ သိရဲ့လား"

ဝိသာလဒေဝက ပြန်ဖြေ၏။ "အရှင်၊ အာသာဆိုတာ အလိုဆန္ဒရဲ့ ဒုတိယ အမည်နာမ ဖြစ်ပါတယ်"

"မှန်တယ်၊ အင်း ပြီးတော့ လူ့ဘဝမှာ အာသာဟာ ဘယ်လိုအခန်းက ပါဝင်တယ်ဆိုတာကိုကော မင်း သိသလား" ကုမာရဂိရိက မေးလိုက်ပြန်၏။

*Typing - ငွေဇင်ယော်*

"သိမှာ မဟုတ်ဘူးထင်တယ်။ ဒီကနေ့ ငါ မင်းကို အဲဒီသဘောကို ပြောပြမယ်။ အာသာဆိုတာ မကောင်းမှုဖြစ်တယ်။ ဘဝကို ညစ်နွမ်းအောင်၊ စွန်းထင်းအောင် လုပ်ဖို့အတွက် တစ်ခုတည်းသော ကိရိယာတန်ဆာပလာ ဖြစ်တယ်။ အာသာရမ္မက်က စေ့ဆောင်တဲ့အတွက် လူဟာ ဘုရားသခင်ရဲ့ ကျင့်ဝတ်စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်တယ်။ အဲဒီ အာသာရမ္မက်ထဲမှာ မြုပ်နှစ်ပြီးတော့ လူဟာ မိမိကိုယ်နဲ့ မိမိကိုယ်ကို ဖန်ဆင်းတဲ့ ပြဟ္မကို မေ့လျော့သွားတယ်။ ဒါကြောင့် အာသာဟာ စွန့်ပယ်ထိုက်တဲ့အရာ ဖြစ်တယ်။ တကယ်လို့ လူဟာ မိမိရဲ့ အလိုဆန္ဒကို စွန့်လွှတ်ပယ်ဖြတ်နိုင်တယ်ဆိုရင် အင်မတန် မြင့်မြတ်တဲ့နေရာကို တက်လှမ်းနိုင်တယ်။"

"ဘုရားသခင်ရဲ့ ဂုဏ်အင်္ဂါ သုံးရပ်ရှိတယ်။ မှန်ကန်ခြင်း၊ သိမြင်ခြင်း၊ ရွှင်လန်းခြင်းတဲ့။ အဲဒီ ဂုဏ်အင်္ဂါ သုံးရပ်ကို အာသာကင်းကွာပြီး စင်ကြယ်သန့်ရှင်းတဲ့ စိတ်နှလုံးရှိသူမှ ရနိုင်တယ်။ အာသာကပ်ငြိနေလျှင်တော့ ငါစွဲ သက္ကာယစွဲက အလေးသာနေတတ်တယ်။ ငါစွဲ၊ သက္ကာယစွဲတည်းဟူသော မှောက်မှားစေတတ်တဲ့ အဖုံးအလွှမ်း ရှိနေလျှင်တော့ အဲဒီဂုဏ်အင်္ဂါ သုံးမျိုးထဲက တစ်မျိုးကိုမှ ရဖို့ မလွယ်ဘူး။"

"ဝိသာလဒေဝ၊ ငါ့တပည့်အနေနဲ့ မင်း ပထမဦးဆုံး လုပ်ကိုင်ဆောင်ရွက်ရမယ့် လုပ်ငန်းကတော့ အာသာဆန္ဒကို စွန့်ပယ်ဖြတ်တောက်ပြီး ကိုယ့်စိတ်နှလုံးကို စင်ကြယ်သန့်ရှင်းအောင် လုပ်ရလိမ့်မယ်။ အဲဒီအလုပ်ဟာ တရားအကျင့်ကို ကျင့်ကြံအားထုတ်ခြင်းတစ်မျိုး ဖြစ်တယ်။ ဒါပေမဲ့ အဲဒီတရားအကျင့်မှာ ဆင်းရဲဒုက္ခ မရှိဘူး။ အလိုဆန္ဒကို ဖိနှိပ်ချိုးနှိမ်တာဟာ သင့်လျော်ကောင်းမြတ်တဲ့ နည်းလမ်း မဟုတ်ဘူး။ အလိုဆန္ဒကို ဖြစ်ပေါ်လာခွင့်ကို မပေးရဘူး။ တစ်ကြိမ်တစ်ခါလောက် အလိုဆန္ဒ ဖြစ်ပေါ်လာမိလို့ရှိရင် အဲဒီအလိုဆန္ဒဟာ ကြီးထွားလာဖို့ပဲ ရှိတော့တယ်။ ဒါကြောင့် မင်းရဲ့ တာဝန်ဝတ္တရားက အလိုဆန္ဒများကို တစ်ခါတည်း အပြီးအပိုင် သတ်ဖြတ်ပစ်လိုက်ဖို့ ဖြစ်တယ်။ ဘယ့်နယ်လဲ၊ စွမ်းနိုင်ပါ့မလား"

ဝိသာလဒေဝက ဖြေသည်။ "အရှင်၊ ကျွန်ုပ် ကြိုးစားပါ့မယ်။ ဒါပေမဲ့ စွမ်းနိုင်မယ် မစွမ်းနိုင်ဘူးဆိုတာကိုတော့ ကျွန်ုပ် မပြောတတ်သေးပါ။ အရှင် ပြောပြတဲ့ လမ်းကြောင်းဟာ

လွယ်ပါတယ်။ ဒါပေမဲ့ အဲဒီလမ်းကြောင်းမှာ အနှောင့်အယှက် ရှိသလောက်တော့ မုချ ရှိလိမ့်မယ်။ အာသာဆန္ဒကို သတ်ဖြတ်ပစ်ခြင်းဟာ ဘဝရဲ့ သဘောတရားများနဲ့ ပဋိပက္ခ ဖြစ်မနေဘူးလား။ လူရယ်လို့ မွေးဖွား ပေါ်ပေါက်လာရခြင်းဟာ ဘာကြောင့်လဲ။ အလုပ်ကိစ္စ လုပ်ကိုင်ဆောင်ရွက်ဖို့ အတွက်ဖြစ်တယ်။ အဲဒီ အချိန်ကာလ အတောအတွင်းမှာ အလုပ်ကိစ္စကို လုပ်ကိုင် ဆောင်ဖို့အတွက်ဖြစ်တဲ့ ကိရိယာ တန်ဆာပလာများကို ဖျက်ဆီးပစ်ခြင်းဟာ ဘုရားသခင်ရဲ့ ဥပဒေစည်းကမ်းများနဲ့ ဆန့်ကျင်ဘက် ဖြစ်မနေဘူးလား။ အရှင်၊ အခုပြောတဲ့ အချက်နဲ့ ပတ်သက်ပြီး ကျွန်ုပ်ရဲ့ အစွဲကို အရှင် ချွတ်ပစ်နိုင်တဲ့ ခဏမှာ ကျွန်ုပ် အရှင်ညွှန်ပြတဲ့ လမ်းကြောင်းမှာ လျှောက်သွားပါ့မယ်"

ကုမာရဂိရိကိုယ်တိုင်က ဝိသာလဒေဝဆီက ယင်းကဲ့သို့သော အဖြေမျိုး ထွက်လာလိမ့်မည်ဟု မျှော်လင့်ထားဟန် တူသည်။

"မင်းပြောတာ မမှားပါဘူး ဝိသာလဒေဝ။ ဘာကြောင့်လဲဆိုရင် မင်းအပေါ်မှာ ဆရာတစ်ဦးရဲ့ဩဇာ လွှမ်းမိုးနေတယ်။ အဲဒီဩဇာကို တခြား ဖယ်ရှားပြီး မင်းအပေါ်မှာ ငါ့ဩဇာ လွှမ်းမိုးလာအောင် လုပ်ရလိမ့်မယ်။ ငါ မင်းအစွဲကို ချွတ်ပေးမယ်။ မင်းအမှားကို ဖယ်ရှားပေးမယ်။ ဒါပေမဲ့ ဒီကနေ့တော့ မဟုတ်ဘူး။ အမှား သက်ဝင်ယုံကြည်နေတဲ့ ဆရာ့ရဲ့တပည့်က အယူမှားနေတယ်ဆိုတာ မဆန်းပါဘူး။ သဘာဝ ကျပါတယ်။ ဝိလာသဒေဝ၊ ရတနမ္ဗရအရှင်ရဲ့ အတွေးအခေါ် အယူအဆတွေဟာ ဘယ်အထိ ဘုရားမဲ့ တရားမဲ့ ဝါဒဘက် ယိမ်းယိုင်နေတယ်ဆိုတာကို ငါသိတယ်။ ငါက ဘုရားနဲ့ တရားနဲ့ နေတဲ့လူ ဖြစ်တယ်။ မင်း ငါ့ဆီက တစ်စုံတစ်ခု မသင်ကြား မနာယူခင် မင်း အချက်နှစ်ချက်ကို လက်ခံယုံကြည်ဖို့ လိုလိမ့်မယ်။ ပထမ အချက်က ဗြဟ္မ၊ နောက်တစ်ချက်က တာဝန်ဝတ္တရားဟာ ဘဝရဲ့ အဓိက အင်္ဂါရပ် ဖြစ်တယ်ဆိုတဲ့ အချက်ဖြစ်တယ်"

ဝိသာလဒေဝက ပြန်ဖြေလေ၏။ "အရှင်၊ ကျွန်ုပ် အဲဒီအချက် နှစ်ချက်ကို လက်ခံယုံကြည်ပါတယ်"

ကုမာရဂိရိ မတ်တတ်ရပ်လိုက်လေ၏။ "ဒီလိုဆိုရင် ငါ စိတ်အေးသွားပြီ။ ငါ မင်းကို တရားပြမယ်။ လွတ်ငြိမ်းမှု (မုတ္တိ)လမ်းကြောင်းကို ညွှန်ပြပြီး မကောင်းမှုဆိုတာ ဘာလဲလို့ ငါ မင်းကို သိအောင် ပြမယ်"

---

**အခန်း ( ၃ )**

သေတံကသည် ဗြဟ္မစာရီ ဖြစ်၏။ သူ၏နယ်ပယ်မှာ အတွေ့အကြုံကင်းမဲ့သည့် ကျမ်းဂန် သင်ကြားဆည်းပူးခြင်းဖြစ်လျက် သူ၏ ရည်မှန်းချက်မှာ အသိဉာဏ်ပညာ ရရှိရေးဖြစ်သည်။ သူ၏အရွယ်မှာ ထိုအချိန်၌ အစိတ်နီးပါးမျှ ရှိနေပြီ။ ထိုမျှသော ကာလအတွင်း၌ သူသည် ဒဿန ကျမ်းဂန်များနှင့် ဓမ္မကျမ်းဂန်များကို သင်ကြားတတ်မြောက် ပြီးလေပြီ။ ဗျာကရဏ်း ကျမ်းဂန်များနှင့် စာပေကျမ်းဂန်များကိုလည်း လေ့လာပြီးလေပြီ။ ကဗျာလင်္ကာများ၌ ပါရှိသည့် အသက်ဝင်လျက်ရှိသော အချစ်အကြောင်းများကို သူသည် ဂရုစိုက်၍ ဖတ်သည်။ သဘောပေါက်အောင်လည်း ကြိုးစားကြည့်သည်။ သို့ရာတွင် သဘောမပေါက်ခဲ့၊ နားမလည်ခဲ့။ မိန်းမဆိုသည်ကို သူ မသိပေ။ ပျိုရွယ်မှု၏ တက်ကြွယစ်မူးခြင်းကို သူ နားမလည်ပေ။

ဗီဇဂုတ္တ၏ စံအိမ်၌ ဗြဟ္မစာရီ သေတံကနှင့် ကချေသည် စိတ္တရလေခါတို့ တွေ့ကြုံ ဆုံဆည်းကြသည်။ သေတံကနှင့် စိတ္တရလေခါကို မိတ်ဆက်ပေးသည့် ခဏ၌ ဗီဇဂုတ္တသည် ရယ်ရုံသာ ရယ်လိုက်မိသည်။ သို့ရာတွင် စေ့စေ့ တွေးကြည့်လိုက်သည့်အခါ တအံ့တဩ ဖြစ်သွားမိလေသည်။ ဗြဟ္မစာရီနှင့် ကချေသည် - ဗီဇဂုတ္တသည် သူတို့နှစ်ဦး၏ ဆုံးဆည်းမှုကို မရယ် မပြုံးဘဲ မနေနိုင်ခဲ့ပေ။

သို့ရာတွင် ဗီဇဂုတ္တ၏ အရယ်အပြုံးသည် သေတံက၏ ဘဝ၌ လှိုင်းဂယက် ထခြင်းတစ်မျိုး ဖြစ်နေ၏။ ညချမ်းချိန်ခါ၌ အမြဲတစေလိုပင် သေတံကသည် စိတ္တရလေခါအား

*Typing - ငွေဇင်ယော်*

သူ့အိမ်သို့ လိုက်ပို့ရလေသည်။ ထိုချိန်ခါမျိုး၌ စိတ္တရလေခါသည် သေရည်မူးယစ်နေတတ်သည်။ စိတ္တရလေခါ၏ မျက်လုံးပေါ်၌ ပေါ်နေသော ယစ်မူးခြင်းသည် သေတံက၏ နှလုံး၌ လှုပ်ရှားမှုတစ်မျိုးကို ဖြစ်ပေါ်စေခဲ့သည်။ မိန်းမနှင့်သေရည် - ဆီပြည့်လျှံလျက်ရှိသော ဆီမီး၏ တောက်ပဝင်းလက်နေသော အလင်းရောင် ဖြစ်သည်။ ယင်း၏ ပတ်ပတ်လည်၌ သေတံကသည် ပိုးဖလံ တစ်ကောင်ကဲ့သို့ လှည့်ပတ်နေသည်။ စိတ္တရလေခါကို မြင်လိုက်ရသည့် အခါတိုင်း သေတံက၏ စိတ်နှလုံး၌ ထူးခြားဆန်းကြယ်သည့် ချမ်းမြေ့ ရွှင်လန်းမှုတစ်မျိုး ပေါ်ပေါက်လာသည်။ ယင်း ချမ်းမြေ့ရွှင်လန်းမှုသည် မည်သည့်အရာနည်း။ ပြောပြ၍ မဖြစ်သည့် အာသာဆန္ဒ၏ လှုပ်ရှားခြင်း ဖြစ်လေသည်။ စိတ္တရလေခါ၏ ယစ်မူးနေသော မပွင့်တပွင့် မျက်လုံးနှင့် သေတံက၏ မျက်လုံးတို့ ဆုံမိသည့်အခါ သေတံကသည် အရူးအသွင်ကဲ့သို့ ယိုင်တိယိုင်ထိုး ဖြစ်သွားတတ်လေသည်။

ဗီဇဂုတ္တ၏ စံအိမ်၌ သေတံကကို ဗီဇဂုတ္တ၏ ညီငယ်အသွင်ကဲ့သို့ ပြုမူဆက်ဆံကြသည်။ ဗီဇဂုတ္တ၏ အလုပ်အကျွေးတို့သည် သေတံကကို သူတို့နှင့် တန်းတူရည်တူ သဘောမထားကြပေ။ ဗီဇဂုတ္တကဲ့သို့ပင် သေတံကအားလည်း မိမိတို့၏ သခင်ဟုပင် အမှတ်ထားကြသည်။ လောကီစည်းစိမ် စံစား ခံစားစရာ ဟူသမျှ သေတံက၏ မျက်မှောက်၌ ဘာတစ်ခုမျှ လိုလေသေးမရှိပေ။ မြို့ပေါ်ရှိ ဩဇာတိက္ကမရှိသူ မြို့မိမြို့ဖများနှင့် သေတံကသည် အသိအကျွမ်း ဖြစ်သွားခဲ့လေပြီ။ မဲမှောင်နက်ရှိုင်သော အမိုက်တိုက် တစ်ခုထဲမှ ထွက်လာခဲ့ပြီးလျှင် သေတံကသည် ဝင်းလက်တောက်ပသော လောကတစ်ခုထဲ ရောက်လာခဲ့လေသည်။ သို့ဖြစ်၍ မိမိ၏ အခြေအနေကို မိမိကိုယ်တိုင်ပင် မယုံကြည်နိုင်အောင် ဖြစ်နေ၏။ သို့ရာတွင် တဖြည်းဖြည်း တစ်စတစ်စနှင့် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ဖြစ်လာခဲ့လေ၏။ မိမိသည် ကမ္ဘာလောကထဲမှာပင် ရှိနေသည် ဟူ၍လည်းကောင်း၊ မကောင်းမှုနှင့် ကောင်းမှုအကြားတွင် ရှိနေသည် ဟူ၍လည်းကောင်း၊ မိမိ၏ လေးဘက်လေးရပ်၌ အာသာရမ္မက် ပေါင်းဆုံ စုဝေးနေသည် ဟူ၍လည်းကောင်း သေတံကသည် သဘောပေါက်လာခဲ့သည်။ ကမ္ဘာလောက၏ လှိုင်းတံပိုးထဲမှာ မျောပါနေသည်ဟူသော အသိလည်း ပေါ်ပေါက်လာခဲ့လေသည်။ -----------

တစ်နေ့သ၌ ဗီဇဂုတ္တသည် အလုပ်ကိစ္စတစ်ခုနှင့် အပြင်ဘက် ထွက်သွားလေ၏။ အလုပ်ကိစ္စမှာ ရှောင်တခင် အရေးတကြီး ဖြစ်ပေါ်လာခြင်းဖြစ်၍ ညနေဆည်းဆာတွင် အိမ်သို့ ပြန်မလာနိုင်ခဲ့ပေ။ အချိန်တိုင်သည့်အခါ စိတ္တရလေခါ၏ ယာဉ်ရထားသည် ဗီဇဂုတ္တ၏ အိမ်တံခါးဝသို့ ရောက်လာလေသည်။ သေတံကသည် စိတ္တရလေခါအား သခင်မရှိခိုက် အိမ်၌ ကြိုဆိုဧည့်ခံလေသည်။ ဗီဇဂုတ္တကို မမြင်ရ၍ စိတ္တရလေခါက မေးလိုက်သည်။ "ရှင့်သခင် ဘယ်သွားသလဲ"

"ရှင့်သခင် ဘယ်သွားသလဲ" ပြဟ္မစာရီသည် ကချေသည်၏ နှုတ်မှ ယင်းအမေးကို ကြားလိုက်ရသဖြင့် စိတ်ထိခိုက် သွားလေ၏။ ယင်းစကားဝါကျသည် မြားကဲ့သို့ ချွန်ထက်လှလေသည်။ အကယ်၍သာ ယင်းစကားဝါကျသည် အခြားသာမန် မိန်းမတစ်ဦးဦး၏ နှုတ်မှ ထွက်ပေါ်လာခြင်း ဖြစ်ဘိမူ သေတံကသည် ပက်ပက်စက်စက် ပြန်လှန်ပြောလိုက်မည် ဖြစ်သည်။ သို့မဟုတ်ကလည်း စိုးစဉ်းမျှ ဂရုစိုက်လိမ့်မည် မဟုတ်ပေ။ သေတံကသည် ပထမဆုံးအကြိမ် မိမိ၏ အခြေအနေနှင့် မိမိ၏ သေးသိမ်နိမ့်ကျမှုကို သတိပြုမိလေသည်။ နောင်တ တစ်ဖန်လည်း ပူပန်မိလေသည်။ သို့ရာတွင် ထိုအတွေး၊ ထိုအသိမျိုးကို မျိုသိပ်ပြီးလျှင် ပြန်ဖြေလိုက်လေ၏။

"ကိစ္စတစ်ခုနဲ့ သူ အပြင်ကို ထွက်သွားပါတယ် သခင်မ"

စိတ္တရလေခါက မေးပြန်၏။ " သူ ဘယ်တော့ ပြန်လာမလဲ"

"အခုပဲ ပြန်လာပါလိမ့်မယ်"

"သေတံက၊ ကျွန်မ ရေငတ်လိုက်တာ"

သေတံကသည် ထိုင်ရာမှ ထလိုက်သည်။ သူသည် မိမိ၏ အခြေအနေကို တွေးတောစဉ်းစားမိလေပြီ။ ထို့ပြင် ဗီဇဂုတ္တပြောခဲ့ဖူးသည့် "စိတ္တရလေခါဟာ မင့် သခင်မ

ဖြစ်တယ်” ဟူသည့် စကားကိုလည်း သတိရလာလေသည်။ သူကိုယ်တိုင် ရွှေခွက်ဖြင့် သောက်ရေကို ခပ်ယူလာခဲ့လေ၏။

စိတ္တရလေခါသည် ရေကိုကြည့်လျက် ငြိုးလိုက်သည်။

“သေတံက၊ ရှင်ဟာ တကယ့်ကို ကလေးရှိသေးတာပဲနော်”

သေတံကသည် စိတ္တရလေခါ သရော်သည်ကို နားမလည်ပေ။

“သခင်မ၊ ကျွန်ုပ် ဘာများ အမှားလုပ်မိလို့လဲ”

ထိုအကြိမ်၌ စိတ္တရလေခါသည် ဟားတိုက်ရယ်လိုက်လေ၏။

“သေတံက၊ ရှင် အခုထက်ထိ နားမလည်သေးဘူးလား။ မွတ်သိပ်ခြင်းဆိုတာ တင်းတိမ်ရောင့်ရဲရမယ့် အရာဝတ္ထု မဟုတ်ဘူး။ မီးအတွက် ရေမလိုဘူး။ မီးတောက်မီးလျှံ ပိုမို အားကောင်းလာအောင် ဆီသာ လိုတယ်။ ဘဝဆိုတာ တစ်သမတ်တည်းသွားတဲ့ မွတ်သိပ်ခြင်းတစ်မျိုး ဖြစ်တယ်။ အဲဒီ မွတ်သိပ်ခြင်းကို တင်းတိမ်ရောင့်ရဲ သွားအောင် လုပ်လိုက်ခြင်းဟာ ဘဝကို ကိစ္စတုံးပစ်လိုက်တာနဲ့ အတူတူပဲ။ ကျွန်မ ရေကို အလိုမရှိဘူး။ ကျွန်မ အလိုရှိတာက သေရည်”

သေတံကသည် စိတ္တရလေခါ၏ စကားကိုကြားလိုက်ရသောအခါ အံ့အားသင့် သွားလေ၏။ သူ့စကားမှာ ကြောက်ရွံ့ ထိန့်လန့်စရာ ကောင်းလှ၏။ သို့ရာတွင် ယုတ္တိ တကယ်ရှိသည့်စကား ဖြစ်နေသည်။ သေတံကလည်း ရယ်မောလိုက်လေသည်။

“အင်း ကျွန်ုပ်ဟာ ပါဋလိပုတ် နေပြည်တော်က အလှဆုံး မန်းမပျိုရဲ့ တပည့် လုပ်ရလိမ့်မယ် ထင်တယ် သခင်မ” ယင်းသို့ပြောလျက် သေတံကသည် စိတ္တရလေခါ၏ ရှေ့မှောက်သို့ သေရည်ခွက်ကို ထိုးပေးလိုက်လေသည်။

တစ်ကျိုက် သောက်ချလိုက်ပြီးနောက် စိတ္တရလေခါသည် သေရည်ခွက်ကို သေတံက၏ ရှေ့၌ ချလိုက်သည်။ ထိုခဏ၌ စိတ္တရလေခါ မီးအုံးကို မှီထိုင်နေလေ၏။ သူ၏ ဦးခေါင်းပေါ်မှ အဝတ်သည် လျှောကျနေသည်။ သူ၏ ဦးခေါင်းပေါ်မှ ဆံပင်များသည် အမိုက်တိုက်ကဲ့သို့ မဲမှောင်နက်ချိပ်နေသည်။ ထိုဆံပင်များ၌ ရစ်ပတ်စည်းနှောင်ထားသည့် ပုလဲကုံးမှာ အလင်းရောင်ကဲ့သို့ တောက်ပြောင် ပြိုးပြက်၍ နေသည်။ သူ၏ ရုပ်ပုံသွင်ပြင်သည် မည်မျှလောက် လှပ တင့်တယ်၍ နေဘိသနည်း။ သေတံကသည် ယင်းကဲ့သို့သော ပြိုင်ဘက်ကင်း အလှကညာမျိုးကို စိတ်ကူးထဲမှာသော်မှ မတွေ့မိခဲ့ဘူးပေ။ စိတ္တရလေခါ၏ အပျိုအရွယ်သည် တက်ကြွယစ်မူးခြင်း၏ ရုပ်လုံး ဖြစ်သည်။ သူ၏ အရက်ရောင် ပါးပြင်ပေါ်၌ ကြက်သွေးရောင် ထနေသည်။ သူ၏နှုတ်ခမ်းသည် အပြုံးပွင့်ချပ် ပွင့်လွှာဖြင့် စိုစွတ်နေသည်။ သူ၏ မျက်လုံးသည် ငြိုးရီနေသည်။

သေတံကသည် မမှတ်မသုန် စိတ္တရလေခါ၏ အလှကို စူးစိုက်ကြည့်ရှုနေသည်။ စိတ္တရလေခါက မေးလိုက်လေ၏။

“သေတံက၊ ရှင် သေရည်ကို မသောက်ဘူး ဟုတ်လား။ ကျွန်မ ရှင့်ရှေ့ သေရည်ခွက်ကို ထိုးပေးတယ်။ ဒါတောင်မှ ရှင့်လက်က သေရည်ခွက်ကို ပါးစပ်အထိ ယူသွားဖို့ မဝံ့ဘူး။ ကျွန်မ ရှင့်ကို မေးခွန်းတစ်ခု မေးမယ်။ မှန်မှန် ဖြေရမယ်နော်၊ သိလား”

သေတံကသည် ဦးခေါင်းကို ညိတ်လိုက်လေ၏။

“ရှင်က ဗြဟ္မစာရီနော်။ ရှင့်ဆရာကြီးက ရှင့်ကို သေရည်မသောက်ဖို့ တားမြစ် ပိတ်ပင်ထားလိမ့်မယ်။ ဘာဖြစ်လို့ အဲဒီလို တားမြစ် ပိတ်ပင်ထားတယ်ဆိုတာ ကျွန်မ သိချင်တယ်”

သေတံက က တစ်လုံးချင်း ပြန်ဖြေလေ၏။

“သခင်မ၊ ချုပ်တည်းမှုဆိုတာ ဘဝရဲ့ လိုအပ်တဲ့ အင်္ဂါအစိတ်အပိုင်းတစ်ခု ဖြစ်တယ်။ သေရည်နဲ့ ချုပ်တည်းမှုဟာ တစ်ခုနဲ့တစ်ခု ဖြောင့်ဖြောင့်ဆန့်ကျင်တဲ့ အရာများ ဖြစ်ကြပါတယ်”

“အင်း ဒါဖြင့် ... ချုပ်တည်းမှုရဲ့ ရည်မှန်းချက်က ဘာလဲ”

Typing - ငွေဇင်ယော်

"စိတ်ချမ်းသာမှုနဲ့ ငြိမ်းချမ်းမှု"

စိတ္တရလေခါသည် သေရည်ခွက်ကို နှုတ်ခမ်းတွင်တေ့လျက် မေးလိုက်ပြန်လေ၏။

"အင်း ပြီးတော့ ... ဘဝရဲ့ ရည်မှန်းချက်က ဘာလဲ"

စိတ္တရလေခါ၏ မျက်လုံးသည် သေရည်၏ တန်ခိုးကြောင့် နီမြန်းလာလေပြီ။ သေတံကသည် စိတ္တရလေခါ၏ အသံ၌ ဂီတတစ်မျိုးကို လည်းကောင်း၊ စိတ္တရလေခါ၏ စကား၌ ကဗျာတစ်မျိုးကိုလည်းကောင်း ကြားရသည်။

"ဘဝရဲ့ ရည်မှန်းချက် ဟုတ်လား ... ချမ်းသာမှုနဲ့ ငြိမ်းချမ်းမှု"

"ဒီနေရာမှာတော့ ရှင် မှားပြီ လုလင်" စိတ္တရလေခါသည် ကိုယ်ကိုပြင်ထိုင်လိုက်သည်။

"ချမ်းသာမှုဆိုတာက တင်းတိမ်ရောင့်ရဲခြင်း ဖြစ်တယ်။ ငြိမ်းချမ်းမှု ဆိုတာက ရပ်တန့်ငြိမ်သက်နေခြင်း ဖြစ်တယ်။ ဘဝဆိုတာကတော့ ရပ်နားခြင်းမရှိတဲ့ တက်ကြွလှုပ်ရှားခြင်း ဖြစ်တယ်။ ပျောက်ပျက် ငြိမ်းအေးမသွားတဲ့ မွတ်သိပ်ဆာလောင်ခြင်း ဖြစ်တယ်။ ပြီးတော့ ဘဝဟာ ရွေ့လျားနေတဲ့အရာ ဖြစ်တယ်။ ပြောင်းလဲနေတဲ့အရာ ဖြစ်တယ်။ ရွေ့လျားခြင်းနဲ့ ပြောင်းလဲခြင်းမှာ ချမ်းသာမှုနဲ့ ငြိမ်းချမ်းမှုအတွက် နေရာမရှိဘူး" ယင်းသို့ပြောပြီးလျှင် စိတ္တရလေခါသည် သေရည်ခွက်ကို သေတံက၏ ပါးစပ်တွင် တေ့ပေးလိုက်လေ၏။ ------------

သေတံကသည် သေရည်ခွက်ကို လက်ဖြင့် ဖယ်ပစ်လိုက်ဖို့ တစ်ကြိမ် စဉ်းစားကြည့်လိုက်သေးသည်။ သို့ရာတွင် စိတ္တရလေခါ၏ ပြုံးရီရွှန်းနေသော မျက်လုံး၌ ဆန်းကျယ်သော အညို့ဓာတ်တစ်ခု ရှိသည်။ သေတံကသည် စိတ္တရလေခါကိုလည်းကောင်း၊ မိမိကိုယ်ကိုလည်းကောင်း ကာယကံမြောက် မဟန့်တားနိုင်ခဲ့ပေ။ သေရည်သည် သူ၏ လည်ချောင်းမှ အောက်ဘက် စီးကျသွားလေ၏။

ထိုအခိုက် ဗီဇဂုတ္တက နောက်ဖက်မှ တဟားဟားနှင့် ရယ်မောလျက် ပြောလိုက်လေသည်။

"ပြဟ္မစာရီ ဒီကနေ့ မင်းကို ကချေသည် ဇာတ်သွင်းပေးလိုက်ပြီ။ အဲဒီ အထိမ်းအမှတ်နဲ့ ကျုပ်က စိတ္တရလေခါကို ချီးကျူးထောမနာ ပြုလိုက်ပါတယ်"

သေတံကသည် မိန်းမောနေရာမှ ရုတ်တရက် ကြီးကန်းတောင်းမှောက် ဖြစ်သွားလေ၏။ ဗီဇဂုတ္တ ရယ်မောလိုက်ခြင်းကြောင့် သူ့အမှားကို သူ သတိရသွားပြီးလျှင် စိတ္တရလေခါကို တစ်လှည့်၊ ဗီဇဂုတ္တကို တစ်လှည့် ကြည့်နေသည်။ ထိုနောက် ဦးခေါင်းကို ငိုက်စိုက်ချလိုက်လေ၏။ ဗီဇဂုတ္တသည် ရယ်မောရင်း အဝတ်လဲရန် ထွက်သွားလေ၏။ ဗီဇဂုတ္တ ထွက်သွားပြီးနောက် သေတံကက စိတ္တရလေခါအား ပြောလိုက်သည်။

"သခင်မ၊ ဒီကနေ့ သခင်မဟာ ကျွန်ုပ်ရဲ့ အကျင့်ကို မှုန့်မှုန့်ညက်ညက်ဖြစ်အောင် လုပ်ပစ်လိုက်ပြီ။ သခင်မ အဲဒီလို ဘာဖြစ်လို့ လုပ်ရတာလဲ။ ကျွန်ုပ်ရဲ့ နှလုံးသားထဲမှာ မီးတောက်မီးလျှံတစ်ခု ထတောက်အောင် သခင်မ မွှေးလိုက်ပြီ။ ဘာ့ကြောင့် အဲဒီလို လုပ်ရတာလဲ။ သခင်မ၊ ကျွန်ုပ်ရဲ့ ဘဝထဲကို သခင်မ မုန်တိုင်းအဖြစ်နဲ့ ဘာဖြစ်လို့ ရောင်တခင် ရောက်လာရတာလဲ" ပြောပြောဆိုဆို သေတံကသည် စိတ္တရလေခါ၏ လက်ကို အတင်း ဖက်ကိုင်လိုက်လေ၏။

စိတ္တရလေခါက အပြုံးမပျက် ပြန်လည်ဖြေကြားသည်။

"သေတံက၊ ရှင်မှားပြီ။ အကျင့်လို့ ရှင်ခေါ်တဲ့အရာဟာ အမှန်က ကိုယ့်ကိုယ်ကို ညှင်းဆဲခြင်းသာ ဖြစ်တယ်။ မူးယစ်ခြင်းဆိုတာ ဘဝရဲ့ အဓိက အင်္ဂါရပ် ဖြစ်တယ်ဆိုတဲ့ အကြောင်းလောက်ကိုသာ ကျွန်မ ရှင့်ကို ပြလိုက်တာပါ။ ရှင့်နှလုံးသားထဲမှာ မီးတောက်မီးလျှံ တောက်လောင်နေတယ် ဆိုတာတော့ ကျွန်မ မပြောတတ်ဘူး။ ကျွန်မကတော့ ရှင့်ကို ဘဝရဲ့ စစ်မှန်တဲ့ အနှစ်သာရကို ပြရုံ ပြလိုက်တာပဲ" စိတ္တရလေခါသည် ရုတ်တရက် တည်ကြည်လေးနက်သွား၏။ သေတံက၏လက်ကို ဖယ်ပစ်လိုက်လေ၏။

"သေတံက ရှင့်ဘဝထဲကို ကျွန်မ ရောက်လာတယ်ဆိုတာ မဖြစ်နိုင်ဘူးဆိုတဲ့ အချက်ကိုတော့ ရှင် သတိချပ်ပါ။ ဘာကြီး ဖြစ်နေ ဖြစ်နေ ကျွန်မ ကိုယ့်စိတ်ကို ကိုယ်သိတယ်။

ကျွန်မ ရှင့်ဘဝထဲ ဝင်ရောက်လာနိုင်တယ်ဆိုတဲ့ အချက်ကိုတော့ စိတ်ကူးထဲတောင် ထည့်မကြည့်ပါနဲ့။ ရှင် အခု သွားနိုင်ပါပြီ"

သေတံကာ၏ မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ ကချေသည် တစ်ဦးအား သေတံကာ အရှုံးပေးလိုက်ရလေပြီ။ အသိပညာ၊ တာဝန်ဝတ္တရား၊ ပုဂ္ဂိုလ်ရေး၊ ယင်းသုံးမျိုးစလုံး၌ပင် အရှုံးပေးလိုက်ရလေပြီ။

"ကောင်းပါပြီ၊ သခင်မ"

ဤမျှသာပြောလျက် အစော်ကားခံလိုက်ရသူ၊ အရှုံးပေးလိုက်ရသူ ပြဟ္မစာရီသည် တံခါးပေါက်ဆီသို့ ထွက်သွားလေ၏။

စိတ္တရလေခါသည် အတန်ကြာမျှ စဉ်းစားဆင်ခြင်ပြီးနောက် တစ်စုံတစ်ခုကို သဘောပေါက်သွားလေ၏။ တံခါးပေါက်ရှိရာသို့ ထွက်သွားသော သေတံကာအား လှမ်းခေါ်လိုက်သည်။

"ဒီမှာ သေတံကာ၊ ခဏနေပါဦး။ ရှင့်ကို ပြောစရာ နည်းနည်း ရှိသေးတယ်။ ဒီ လာပါဦး"

သေတံကာ တန့်ရပ်သွားသည်။ ပြန်၍မူ မလာ။ လှည့်၍သာလျှင် စကားပြန်ပြော၏။

"သခင်မ၊ ဘာလဲ။ ကြိမ်းလို့ မောင်းလို့ မကုန်သေးဘူးလား။ ကျွန်ုပ်ရဲ့ အားပျော့ချက်ကြောင့် ရရှိတဲ့ ဆုထူး လာဘ်ထူးဟာ မပြည့်စုံ မလုံလောက်သေးလို့လား။ သခင်မဟာ ကျွန်ုပ်ရဲ့ အရှင်သခင် ဖြစ်ပါတယ်။ ပြီးတော့ ကျွန်ုပ်ဘဝရဲ့ အို … ယောင်လို့၊ မဟုတ်ပေါင် သည်းခံပါနော်။ သခင်မဟာ ကျွန်ုပ်ရဲ့ အရှင်သခင်သာ ဖြစ်ပါတယ်။ သခင်မရဲ့ အမိန့်ကို ကျွန်ုပ် ဦးထိပ်ရွက်ပါတယ်။ ဘာပြောစရာ ရှိသေးလဲ သခင်မ" ထိုအချိန်၌ သေတံကာ၏ မျက်လုံးများ၌ မျက်ရည်ဥလာလေသည်။

စိတ္တရလေခါ၏ နှလုံးသည် သူငယ် သေတံကာ ပြောလိုက်သည့် စကားများကြောင့် ထိခိုက် နာကျင်သွား၏။

"သေတံကာ၊ ကျွန်မ မှားသွားပါတယ်။ ကျွန်မ ရှင့်ကို မောက်မောက်မာမာ ပြုမူဆက်ဆံမိတဲ့အတွက် တောင်းပန်လိုစိတ် ပေါ်လာပါတယ်။ သေတံကာ၊ ကျွန်မဟာ ရှင့်အပေါ်မှာ ခင်မင်တဲ့စိတ် ရှိပါတယ်။ ကျွန်မ ရှင့်ကို ကိုယ့်မောင်ဖွားလေးလိုပဲ အောက်မေ့တယ်။ ရှင် စိတ်မကောင်းဘူးဆိုရင် ကျွန်မလည်း စိတ်မကောင်းပါဘူး။ ကျွန်မ ရှင့်ကို အမှတ်တမဲ့ စော်ကားမော်ကား ပြုလုပ်လိုက်မိတယ်။ အဲဒီအတွက် ကျွန်မ ရှင့်ကို တောင်းပန်ပါတယ်"

စိတ္တရလေခါ တိုးလျိုး တောင်းပန်လိုက်သောကြောင့် သေတံကာ၏ ဝမ်းနည်းခြင်း၊ စိတ်ဆင်းရဲခြင်းတို့သည် အဝေးသို့ လွင့်စဉ် ပျောက်ကွယ်သွားလေ၏။ သူ့နှလုံး၏ အနာသည် ဆီးနှင်းကဲ့သို့ အရည်ပျော်သွားလေသည်။ စိတ္တရလေခါ၌ နတ်ဒေဝီတစ်ဦး၏ အသွင်ကို တွေ့ရသည်။ ထူးခြားသော အလင်းရောင်တစ်မျိုးကို မြင်ရသည်။ သူ၏ အမြင်၌ စိတ္တရလေခါသည် ကချေသည် မဟုတ်တော့ချေ။ သူနှင့် စိတ္တရလေခါသည် ဘဝတစ်ပါးမှ အဆက်အသွယ် ရှိသလိုလို သူ အထင်ရှိနေသည်။

"သခင်မ၊ တောင်းပန်နေစရာ မလိုပါဘူး။ အပြစ်က ကျွန်ုပ် အပြစ်ပါ။ အဲဒီအပြစ်ကြောင့် ကျွန်ုပ်ဟာ အပြစ်ဒဏ်ကို ခံထိုက်သူတစ်ဦး ဖြစ်နေပါတယ်။ ဒါပေမဲ့ သခင်မ၊ သခင်မက ကျွန်ုပ်ကို အပြစ်ဒဏ်ပေးရမယ့်အစား စေတနာ မေတ္တာ ထားနေတာကို တွေ့နေရပါတယ်။ သခင်မဟာ ကျွန်ုပ်ကို မြုပ်နှစ်မယ့်ဆဲဆဲက ကယ်တင်ပြီး ဘယ်လောက် ကျေးဇူးပြုတယ်ဆိုတာကို ကျွန်ုပ် ပြောမပြတတ်အောင်ပဲ ရှိနေပါတယ်။ ကျွန်ုပ်ကို ခွင့်လွှတ်ပါနော် သခင်မ" ယင်းသို့ပြောလျက် သေတံကာသည် ခန်းဆောင်၏ အပြင်ဘက်သို့ ထွက်သွားလေ၏။ စိတ္တရလေခါကမူ ကျောက်ရုပ်အသွင်ကဲ့သို့ မတုန်မလှုပ် ကျန်ရစ်ခဲ့လေသည်။ လူမမယ် သူငယ်တစ်ယောက်အား မိမိရုပ်ရုံ၏ သားကောင်အဖြစ် အမှတ်မထင် ပြုလုပ်လိုက်မိသည့်အတွက် စိတ်မကောင်း ဖြစ်နေမိလေ၏။

*Typing - ငွေဇင်ယော်*

သေတံကသည် ဗီဇဂုတ္တ၏ အထံသို့ တန်းသွားလေသည်။ ဗီဇဂုတ္တထံ ရောက်သည်နှင့် တစ်ပြိုင်နက် ဗီဇဂုတ္တ၏ ခြေပေါ် ပစ်လှဲလိုက်လေသည်။ ဤမျှသာ ပြောလိုက်လေသည်။

"သခင် ကျွန်ပ်ကို အပြစ်ဒဏ်ပေးပါ"

ဗီဇဂုတ္တသည် သေတံက၏ အပြုအမူကြောင့် အံ့အားသင့်သွားလေ၏။ သေတံကအား ထူမပြီး မေးလိုက်၏။

"သေတံက၊ ဘာဖြစ်လာတာလဲ။ ဘယ်လို အကြောင်းကိစ္စ ပေါ်လို့လဲ"

သေတံကက မှုမမှန်သော အသံဖြင့် ပြန်ပြောလေသည်။

"သခင်၊ ကျွန်ပ်ဟာ သခင့်ကို သစ္စာဖောက်တဲ့ အပြစ်ကို ကျူးလွန်မိခဲ့ပါတယ်။ သခင့်ကို ချစ်နေတဲ့၊ သခင်ကလည်း ချစ်နေတဲ့ ကျွန်ပ်ရဲ့ သခင်မလည်းဖြစ်တဲ့ မိန်းမကို ချစ်မိတဲ့အပြစ်ကို ကျွန်ပ် ကျူးလွန်မိခဲ့ပါတယ်"

ဗီဇဂုတ္တ တစ်ခုမကျန် နားလည်သွားလေပြီ။ စိတ်ထဲက ကြိတ်၍ ရယ်လိုက်လေ၏။

"သေတံက၊ အဲဒီမိန်းမကလည်း ငါ့ကို ချစ်နေတယ်လို့ မင်း ဘယ်လိုလုပ် သိသလဲ"

"သူကိုယ်တိုင်က ကျွန်ပ်ကို ဖွင့်ပြောပြပါတယ်"

သေတံက၏အပေါ်တွင် သေရည်၏ အရှိန်အဝါ ရောက်ရှိလာလေပြီ။ မိမိ၏ ကိုယ်ကာယတွင် အားအင်တစ်မျိုး ပေါ်လာသည်ဟု အမှတ်ထားမိလေ၏။

"ဒီကနေ့ ကျွန်ပ် သူ့လက်နဲ့ တိုက်တဲ့ သေရည်ကိုသောက်ပြီး ကိုယ့်အကျင့်ကို ချိုးဖောက်ဖျက်ဆီးခဲ့ပါတယ်။ အဲဒီလိုဖြစ်ရတာဟာ ကျွန်ပ် ချစ်နေတဲ့ မိန်းမရဲ့ လက်နဲ့ တိုက်တဲ့ သေရည်ကို ကျွန်ပ်အနေနဲ့ မငြင်းပယ်နိုင်ခဲ့လို့ပါ"

ဗီဇဂုတ္တသည် တမင်လုပ်ထားသည့် ဣန္ဒြေဖြင့် ပြောလေ၏။

"သေတံက၊ တကယ်လို့ အဲဒီမိန်းမက သူ ငါ့ကိုချစ်တယ်လို့ မင်းကို မပြောခဲ့လို့ရှိရင်၊ ပြီးတော့ သူ့ကိုယ်ကို မင်းအပေါ် ပုံအပ်မယ်ဆိုရင် မင်း ဘယ်လိုလုပ်မလဲ"

အတန်ကြာမျှ စဉ်းစားဆင်ခြင်ပြီးနောက် သေတံကက ပြောလေ၏။

"အဲလိုဆိုရင် ကျွန်ပ် သခင့်ကို တောင်းပန်နေတော့မှာ မဟုတ်ဘဲ သခင့်ကို သစ္စာဖောက်တဲ့ ပြစ်မှုကို ကျူးလွန်မိလိမ့်မယ် ထင်တယ်"

ဗီဇဂုတ္တက သေတံက၏ကျောကို လက်ဖြင့် ပွတ်သပ်ရင်း ပြောလေသည်။

"သေတံက၊ ငါ့ကို တောင်းပန်နေစရာ မလိုပါဘူး။ မင်းရဲ့ အခြေအနေမျိုးကို ရင်ဆိုင်ရမယ်ဆိုရင် တခြားလူတစ်ယောက်လည်း မင်းလုပ်သလို မလုပ်ဘဲနေနိုင်မှာ မဟုတ်ဘူး။ မင်းလုပ်ခဲ့တာဟာ မမှားပါဘူး။ အခု မင်းလုပ်တာလဲ မမှားဘူး။ မင်းအပြစ် လုံးဝမဟုတ်ဘူး။ အပြစ်က ပတ်ဝန်းကျင် အခြေအနေရဲ့ အပြစ်သာ ဖြစ်တယ်။ ဒါပေမဲ့ ငါ မင်းကို ကျေနပ်တယ်။ မင်းဟာ အပြစ်ကို ကျူးလွန်ပေမယ့် အကျူးလွန်ခံရတဲ့ ပုဂ္ဂိုလ်ကို ဖွင့်ဟပြောပြပြီး မင်း ကိုယ့်အပြစ်ကို ဆေးကြောပစ်လိုက်တယ်။ မင်း ငါ့ကို မကွယ်မထောင့်ဘဲ မှန်ရာကို ပြောပြတယ်။ အဲဒါဟာ မင်းအတွက် နည်းလမ်းကျတယ်။ ငါ့ကို သစ္စာဖောက်မိတယ် ဆိုတဲ့အချက်နဲ့ ပတ်သက်လို့တော့ မင်း နားမလည်သေးပါဘူး။ မင်း အခု ကမ္ဘာလောကထဲ ဝင်ခါစ ရှိသေးတယ်။ ကမ္ဘာလောက အတွေ့အကြုံရယ်လို့ မင်းမှာ မရှိသေးဘူး။ အတွေ့အကြုံ မှတ်ကျောက်ပေါ် ဘယ်နကြိမ် ဘယ်နခါ တက်ရဦးမယ်ဆိုတာ မသိဘူး။ အဲဒီအခါမှာ မင်းဟာ တာဝန် ဟုတ်၏ မဟုတ်၏ ဆိုတဲ့အချက်ကို သတိပြုရလိမ့်မယ်။ အလိုဆန္ဒများဟာ အားကောင်း မောင်းသန်ဖြစ်လာပြီး မင်းကို နှိပ်စက်လိမ့်မယ်။ မင်း အဲဒီ အလိုဆန္ဒတွေကို နှိမ်နင်းပစ်ရလိမ့်မယ်။ အဲဒီမှာပဲ မင်းရဲ့ အရည်အသွေး အစမ်းအသပ် ခံရလိမ့်မယ်။ အနိုင်နဲ့အရှုံးအတွက် နယ်မြေဟာ ကမ္ဘာလောကသာ ဖြစ်တယ်။ လူသူမဲ့တဲ့နေရာမှာ မဟုတ်ဘူး"

Typing - ငွေဇင်ယော်

သေတံကသည် ငို၍နေသည်။ ငိုနေရာမှ ပြန်ပြောလေ၏။

"သခင်၊ အဲဒါတွေ အားလုံးကို ကျွန်ုပ် လိုက်နာဆောင်ရွက်ပါမယ်။ ဒါပေမဲ့ ကျွန်ုပ်ကို အခု ကျူးလွန်မိတဲ့ အပြစ်ရဲ့ အပြစ်ဒဏ်ကိုတော့ ပေးသင့်ပါတယ်"

ဗီဇဂုတ္တသည် သေတံက၏ ဦးခေါင်းပေါ်တွင် လက်တင်လျက် ပြောလေသည်။

"ဘာဖြစ်လို့ ငိုနေရတာလဲ။ အခု အပြစ်ရဲ့ အပြစ်ဒဏ်ကို လိုချင်လို့လား။ ဒါပေမဲ့ မင်း အပြစ်ကို ကျူးလွန်တာမှ မဟုတ်ဘဲ။ အပြစ်ဒဏ်ကို ဘယ်လိုလုပ် ပေးမလဲ။ အပြစ်ဆိုတာ အလုပ်မှာသာ ရှိတယ်။ အကြံအစွေးမှာ ရှိတာမဟုတ်ဘူး။ အကြံအစွေးဆိုတာ အလုပ်ရဲ့ ကိရိယာ တန်ဆာပလာမျှသာ ဖြစ်တယ်။ ဒါပေမဲ့ မင်း အပြစ်ဒဏ်ကို လိုချင်တယ်ဆိုရင်တော့ ငါ မင်းကို အခက်ခဲဆုံး အပြစ်ဒဏ်ကို ပေးမယ်။ အဲဒီအပြစ်ဒဏ်က အခြား မဟုတ်ဘူး။ မင်း ထုံးစံအတိုင်း နောက်နောင် အခါမှာလဲ စိတ္တရလေခါကို သူ့အိမ်အထိ လိုက်ပို့ပေးရမယ်"

---

**အခန်း ( ၄ )**

ဝိလာသဒေဝသည် ကုမာရဂိရိ၏ သန္တာန်၌ ကြီးကျယ်သော ဝိညာဉ်ကို တွေ့ရသည်။ ကုမာရဂိရိ၏ အသိဉာဏ်နှင့် အရှိန်အဝါ၏ ရှေ့မှောက်၌ ဦးနိမ့်ဝပ်တွားသည်။ ကုမာရဂိရိ၏ အစဉ်းစားဉာဏ်သည် ရင့်သန်ခိုင်မာလှသည်။ ဝိလာသဒေဝ၏ ယုံမှားသင်္ကာဟူသမျှကို တစ်ခဏအတွင်း၌ပင် ကုမာရဂိရိက ဖယ်ရှားဖျောက်ဖျက်ပေးသည်။ ကုမာရဂိရိသည် ဝိလာသဒေဝအား ယောဂအကျင့်ကို အလေ့အကျင့် ပြုလုပ်ရန် သင်ကြားပြသပေးသည်။ ကုမာရဂိရိသည် တပည့်ကောင်းကို ရရှိ၏။ ဝိလာသဒေဝက ဆရာကောင်းကို ရရှိသည်။

ထိုနေ့က ကုမာရဂိရိသည် ဝိလာသဒေဝအား ဘုရားဝတ်ပြုခြင်း၏ အရေးပါ အရာရောက်ပုံကို ပြောပြနေသည်။ ထိုအချိန်၌ နေဝင်သွားပြီ။ လူသူဆိတ်သုဉ်းရာ၌ တည်ရှိသော ကုမာရဂိရိ၏ သခ်မ်းကျောင်းမှ ဆီမီးသည် မှိတ်တုတ်မှိတ်တုတ်နှင့် လင်းနေသည်။ ရုတ်တရက် တံခါးဝ၌ ခြေသံကြားရ၏။ မရှေးမနှောင်းပင် တစ်စုံတစ်ယောက်က အသံပြုလိုက်၏။

"မျက်စိလည် လမ်းမှားနေတဲ့ ခရီးသည်တွေ တစ်ညလောက် တည်းခိုပါရစေ"

ကုမာရဂိရိက ပြန်ပြောလေ၏။

"လာကြပါ။ ကျုပ်ရဲ့ သခ်မ်းကျောင်းဟာ မျက်စိလည် လမ်းမှားနေတဲ့ သတ္တဝါတိုင်းအတွက် တံခါးပွင့်နေပါတယ်"

ကုမာရဂိရိသည် ကိုယ့်စကားကို ကိုယ်ပြန်ရယ်နေ၏။

ထိုအခိုက် မိန်းမတစ်ယောက်နှင့် အတူတကွ ယောက်ျားတစ်ယောက်သည် သခ်မ်းကျောင်း အတွင်းသို့ ဝင်ရောက်လာလေ၏။

မိန်းမကို မြင်လိုက်ရသည် ဖြစ်၍ ယောဂီ ကုမာရဂိရိသည် ထိတ်လန့်သွားလေ၏။ ယောက်ျားအား ပြောလိုက်သည်။

"ဧည့်သည်။ သင်နဲ့အတူ မိန်းမတစ်ဦးလည်း ပါလာတယ်လို့ သင် ဘာဖြစ်လို့ မဆွက မပြောသလဲ။ ဒါဟာ လူ့ဘောင် လူ့လောကကို စွန့်ပယ်ထားတဲ့ ယောဂီတစ်ဦးရဲ့ သခ်မ်းကျောင်းဆိုတာ သင်သိဖို့ ကောင်းတယ်"

ယောက်ျားက ပြန်ပြောလေသည်။

"အရှင်၊ ဒါ ယောဂီတစ်ဦးရဲ့ သခ်မ်းကျောင်း ဖြစ်တယ်ဆိုတာ ကျွန်ုပ် သိပါတယ်။ ဒါပေမဲ့ ဣန္ဒြေများကို ချိုးနှိမ်အနိုင်ယူထားတဲ့ ယောဂီတစ်ဦးဟာ တစ်ညတာမျှ မိန်းမတစ်ယောက်ကို၊

အဲဒီမိန်းမဆိုတာကလည်း ယောက်ျားတစ်ယောက်နဲ့ အတူလာတဲ့ မိန်းမကို တည်းခိုခွင့်ပေးဖို့ ဝန်လေးနေလိမ့်မယ် ဆိုတာကိုတော့ ကျွန်ုပ် မတွေးမိပါ”

ထိုစကားကြောင့် ကုမာရဂိရိ တွေသွားလေ၏။ ထိုအခိုက် မိန်းမသည် နေရာတစ်နေရာတွင် ထိုင်ချလိုက်လေသည်။ ဆီမီး၏ မှုန်မွှားသော အလင်းရောင်အောင်၌ သူ၏မျက်နှာ ပေါ်နေလေသည်။ ကုမာရဂိရိက ပြန်ပြောလိုက်လေသည်။

“ညေ့်သည်၊ ကျုပ် ဒီသင်္ခမ်းကျောင်းထဲမှာ မိန်းမကို တည်းခိုခွင့်ပေးဖို့ ဝန်လေးနေတဲ့အကြောင်းက မိန်းမဆိုတာမျိုးဟာ အမိုက်တိုက်ဖြစ်တယ်၊ မောဟဖြစ်တယ်။ မာယာဖြစ်တယ်၊ တဏှာဖြစ်တယ်။ အလင်းရောင် တောက်ပြောင်နေတဲ့ အသိဉာဏ်ပညာ လောကထဲမှာ မိန်းမအတွက် ဘယ်လိုနေရာမျိုးမှ မရှိဘူး။ အဲဒီအတွက်ကြောင့် ဖြစ်တယ်။ ဒါပေမဲ့ သင်တို့နှစ်ဦးဟာ ကျုပ်ရဲ့ညေ့်သည်များ ဖြစ်ကြတယ်။ သို့အတွက် သင်တို့ကို ညေ့်ခံဖို့ဟာ ကျုပ်ရဲ့ဝတ္တရား ဖြစ်တယ်”

ထိုအချိန်အထိ မိန်းမသည် ယောဂီနှင့် ညေ့်သည်တို့ အချီအချ ပြောဆိုနေကြသည်ကို အံ့သြသော၊ စူးစမ်းလိုသော အမူအရာဖြင့် နားထောင်နေလေ၏။ ကုမာရဂိရိ စကားပြတ်သွားသောအခါ ဦးညွှတ်ပြီးလျှင် မိန်းမက စကား ဆိုလိုက်လေ၏။

“အလင်းရောင်ကို တပ်မက်တဲ့ ပိုးဖလံဟာ အမှောင်ထဲက လာတာ မဟုတ်လား”

စကားဝါကျသည် မြားကဲ့သို့ စူးရှထက်မြက်၏။ အသံကမူ တေးဂီတကဲ့သို့ နူးညံ့ပျော့ပျောင်း၏။ အလှတွင် ကဗျာဆန်မှု ရှိနေ၏။ အလိုရမ္မက်၏ မူးယစ်ခြင်း၌ မာန်မာန ရှိနေ၏။ ကုမာရဂိရိသည် ထူးခြားလှသော ထိုမိန်းမ၏ ထူးခြားလှသော ထိုစကားကို ကြားရသည်ဖြစ်၍ အံ့အားသင့်သွားပြီးလျှင် ထိုမိန်းမကို ဂရုတစိုက် ငေးကြည့်လိုက်သည်။ မိန်းမကို မြင်ရသည့်အခါ တအံ့တသြ ဖြစ်နေမိသည်။ မိမိ၏ တစ်သက်တာ၌ ဤမျှလှသော မိန်းမမျိုးကို တစ်ခါမျှ မတွေ့မြင်ခဲ့ဘူးပေ။ မိန်းမ၏ စကားကိုပြန်လည် ဖြေကြားဖို့ သင့်သည်ဟု မယူဆသဖြင့် ယောက်ျားဖြစ်သူအား ပြောလိုက်လေသည်။

“ကိုယ့်ညေ့်သည်တွေ မည်သူမည်ဝါဆိုတာ သိဖို့အခွင့်အရေး ကျုပ်မှာရှိတယ် မဟုတ်လား” ----------

ယောက်ျားက ပြန်လည်ဖြေကြားသည်။

“အရှင်၊ ကျွန်ုပ်ရဲ့ အမည်က ဗီဇဂုတ္တလို့ ခေါ်ပါတယ်။ ပါဋလိပုတ် နေပြည်တော်က မြို့စားကလေးတစ်ဦးပါ။ ဒီကမိန်းမကတော့ ပါဋလိပုတ်ရဲ့ အလှဆုံး အချောဆုံး ကချေသည် စိတ္တရလေခါ ဖြစ်တယ်”

“ဗီဇဂုတ္တနှင့် စိတ္တရလေခါ ...” ဤတစ်ကြိမ်၌မူ ကုမာရဂိရိသည် စိတ္တရလေခါဘက် လှည့်လိုက်၏။

“ကချေသည် စိတ္တရလေခါ၊ သင့်ရဲ့အဆိပ်ကို သင့်အလှက ကွယ်ဝှက်ထားတယ်။ သင်ဟာ ကျုပ်ရဲ့ညေ့်သည် ဖြစ်တယ်။ ကျုပ်ကို ရှိခိုးဦးညွှတ်တယ်။ ဆုမွန်ပေးဖို့မှာ ကျုပ်ရဲ့တာဝန်ဝတ္တရား ဖြစ်တယ်။ ဘုရားသခင်က သင့်ကို အသိပညာပေးပါစေ”

စိတ္တရလေခါက ရယ်လိုက်၏။ သူ၏ ချိုသာသော ရယ်သံ၌ စိတ်နှလုံးကို မိန်းမောစေတတ်သည့် ဓာတ်သဘော ရှိနေသည်။

“ယောဂီ၊ အသိပညာရဲ့ အနက်အဓိပ္ပာယ်ဖွင့်ဟာ တစ်ဦးနဲ့တစ်ဦး မတူကြပါဘူး။ ကွဲပြားခြားနား ကြပါတယ်။ တပ်မက်ခြင်းရဲ့ သုခဟာ တပ်မက်မှုကင်းခြင်းရဲ့ ဒုက္ခဖြစ်ပါတယ်။ လူတိုင်းလူတိုင်းဟာ ကိုယ့်အယူအဆ ကိုယ့်ဝါဒကို သတ်မှတ်ဖန်တီးကြပြီး ကိုယ် သတ်မှတ်ဖန်တီးတဲ့ အယူအဆ ဝါဒကိုပဲ လက်ခံယုံကြည်ကြတယ်။ လူတိုင်း လူတိုင်းဟာ မိမိကိုယ်ကို လမ်းမှန်ပေါ်မှာ ရှိနေတယ်လို့ ယူဆပြီး တခြားအယူအဆ တခြားဝါဒကို လက်ခံယုံကြည်သူကိုတော့ လမ်းမှားပေါ်ရောက်နေတဲ့ လူတစ်ယောက်လို့ ယူဆကြတယ်”

တပ်မက်ခြင်း၏ ကျေးကျွန်ဖြစ်သူ ကချေသည်သည် တပ်မက်မှုကင်းခြင်း၏ သခင်ဖြစ်သူ ယောဂီကို ရင်ဆိုင်နေလေပြီ။ တော်လှန်ရေးနှင့် ငြိမ်းချမ်းရေး၏ အားစမ်းပွဲ

ဖြစ်သည်။ ဘဝနှင့် လွတ်မြောက်မှု၏ ပြိုင်ပွဲ ဖြစ်သည်။ ကုမာရဂိရိက ဤကဲ့သို့ ပြန်ပြောလေ၏။

"ဒါပေမဲ့ အမှန်တရားဆိုတာ တစ်ခုတည်း ရှိတယ်။ အဲဒီ တစ်ခုတည်းသော အမှန်တရားဟာ ဘာလဲဆိုရင် အဖြစ်မှန်ကို သိမြင်ခြင်းဖြစ်တယ်။ ငြိမ်းချမ်းမှုနဲ့ ချမ်းသာမှု ရရှိနိုင်တဲ့လမ်းသာ မှန်ကန်တဲ့လမ်း ဖြစ်တယ်" ကုမာရဂိရိ၏ အသံသည် တည်ကြည်လေးနက်၏။ အကျင့်၏ အရှိန်အဝါသည် ယောဂီလုလင်၏ လှပသောသွင်ပြင်ကို တောက်ပအောင် ပြုမူဖန်တီးနေသည်။ ကုမာရဂိရိ၏ မျက်လုံး၌ ငြိမ်းချမ်းမှု အလင်းရောင် ပေါ်နေသည်။

ယောဂီ၏ မျက်လုံးသည် ကချေသည်၏ မျက်လုံးနှင့် တဒင်္ဂ တစ်ခဏမျှ ဆုံစည်းသွားသည်။ ရမ္မက်သည် အကျင့်၏ ရှေ့မှောက်၌ တုန်လှုပ်သွား၏။ သူ့ရှေ့တွင် ရှိနေသော ယောဂီသည် သာမည ပုဂ္ဂိုလ်တစ်ဦး မဟုတ်ကြောင်းကို စိတ္တရလေခါ သိရှိရိပ်မိသွား၏ သို့ဖြစ်လင့်ကစား အရဲစွန့်၍ ပြောလိုက်ပြန်သည်။

"ငြိမ်းချမ်းမှုနဲ့ ချမ်းသာမှု ဟုတ်လား။ ငြိမ်းချမ်းမှုဆိုတာ ရပ်တန့်ငြိမ်သက်နေခြင်းရဲ့ အခြားအမည်နာမ တစ်ခုဖြစ်တယ်။ ချမ်းသာမှုဆိုတာကလည်း သူ့ ဝိဂြိုဟ်ဝစနတ်က တစ်မျိုးတည်းရှိတာ မဟုတ်ဘူး"

ယောဂီကုမာရဂိရိသည် ကချေသည် စိတ္တရလေခါ၏ နှုတ်မှ အဆီအငေါ်မတည့်သည့် ဒဿန သဘောတရားတို့ကို ယုတ္တိယုတ္တာရှိရှိ ကြားရသဖြင့် အံ့အားသင့်သွားလေသည်။ သူနှင့် စကားပြောနေသော မိန်းမမှာ လှရုံသာလျှင် မဟုတ်၊ ပညာရှိလည်း ဖြစ်နေသည်။ ထိုမိန်းမ၌ ကြံရည်ဖန်ရည် ရှိသည်။ ထိုးထွင်းဉာဏ် ရှိသည်။ ထိုးထွင်းဉာဏ်ကို ထိုးထွင်းဉာဏ်ကသာလျှင် ရင်ဆိုင်နိုင်သည်။ အသိဉာဏ်နယ်ပယ်၌ ထိုးထွင်းဉာဏ်ကသာလျှင် ရင်ဆိုင်နိုင်သည်။ အသိဉာဏ်နယ်ပယ်၌ ထိုးထွင်းဉာဏ်သည် အမြင့်ဆုံးနေရာကို ရရှိလေသည်။ ကုမာရဂိရိသည် အတန်ကြာမျှ ခပ်မဆိတ် နေ၏။ ထို့နောက် တည်ကြည် လေးနက်စွာဖြင့်ပင် ပြန်ပြောလေ၏။

"ငြိမ်းချမ်းမှုဆိုတာ ရပ်တန့် ငြိမ်သက်နေခြင်းရဲ့ အခြား အမည်နာမတစ်ခု ဖြစ်တယ်ဆိုတာ၊ ရပ်တန့်ငြိမ်သက်ခြင်းသာလျှင် လွတ်မြောက်ခြင်း ဝိမုတ္တိဖြစ်တယ်ဆိုတာ မှန်ပါတယ်။ တစ်ကမ္ဘာလုံးက ရပ်တန့်ငြိမ်သက်ခြင်းလို့ ခေါ်နေတဲ့ အရာဟာ တကယ်စစ်စစ်တော့ ရပ်တန့်ငြိမ်သက်ခြင်း မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုရင် အဲဒီအခြေအနေမှာ ဦးနှောက်က အလုပ်လုပ်နေတဲ့အတွက်ကြောင့် ဖြစ်တယ်။ ရပ်တန့်ငြိမ်သက်ခြင်းရဲ့ အနက်အဓိပ္ပာယ်က ဖြစ်ပေါ် ပေါက်ဖွားလာရာဖြစ်တဲ့ သုညထဲမှာ ရောနှော ပျောက်ကွယ်သွားခြင်းသာ ဖြစ်တယ်။ အဲဒီ သုညဟာ ဘဝရဲ့ သတ်မှတ်ပိုင်းခြားထားတဲ့ ရည်မှန်းချက် ဖြစ်တယ်။ ပြီးတော့ သင်အခု ချမ်းသာမှုရဲ့ ဝိဂြိုဟ်ဝစနတ် အကြောင်းကိုပြောတယ် မဟုတ်လား။ အဲဒါကိုလည်း ကျုပ် မှန်တယ်လို့ ယူဆပါတယ်။ ဒါပေမဲ့ ချမ်းသာမှုဆိုတာ တစ်မျိုးတည်းပဲရှိတယ်။ နှစ်မျိုး မရှိနိုင်ဘူး။ အဲဒီချမ်းသာမှု ရှိတဲ့အခါ လူဟာ သာမန်ရိုးရိုး အဆင့်ထက် မြင့်တက်သွားတယ်"

စိတ္တရလေခါသည် ကုမာရဂိရိ၏ စကား၌ အနှစ်သာရကို တွေ့ရ၏။ မိမိ ယောဂီလုလင်အား မသိမသာ တိမ်းညွတ်နေသည်ဟု ထင်နေမိသည်။ တစ်ကြိမ် အရဲစွန့်လိုက်ပြန်လေ၏။

"သုည ဟုတ်လား၊ ယောဂီ။ သင်ယောဂီရဲ့ အဲဒီသုညကို ဘယ်သူ အယုံအကြည်ရှိမလဲ။ မျက်မှောက်မှာရှိတဲ့အရာသာ မှန်တဲ့တရား ဖြစ်တယ်၊ မြင့်တဲ့တရား ဖြစ်တယ်။ သုညဆိုတာကတော့ စိတ်ကူးယဉ် အရာဝတ္ထုသာ ဖြစ်တယ်။ သုညရဲ့ ကြီးကျယ်ခမ်းနားပုံကို ထုတ်ဖော်ကြေညာနေတဲ့ ယောဂီ၊ ကျွန်ုပ်နဲ့ သင်ယောဂီမှာ ကွဲပြားခြားနားချက်ကို သင်ယောဂီ တွေ့သလား။ တကယ်လို့ တွေ့တယ်ဆိုရင် သင်ယောဂီဟာ သုညကို ယုံကြည်တဲ့ပုဂ္ဂိုလ် မဟုတ်ဘူး။ မတွေ့ဘူးဆိုရင်တော့ သင့်ရဲ့ အသိဉာဏ်နဲ့ အမိုက်မှောင်၊ သုခနှင့် ဒုက္ခ၊ မိန်းမနဲ့ ယောက်ျား၊ ကောင်းမှုနဲ့ မကောင်းမှု ကွဲပြားခြားနားချက် အသိဟာ ယုံတမ်းမျှသာ ဖြစ်လိမ့်မယ်။ မနုဿလူသားကို ဖန်ဆင်းတဲ့ ဘုရားသခင်က လူရဲ့ လုပ်ငန်းစဉ်ကိုလည်း သတ်မှတ်ပေးတယ်။ ဘုရားသခင်က လူကို လူ့လောကထဲမှာ လာပြီး အလုပ်လုပ်ရအောင်

Typing - ငွေဇင်ယော်

မွေးဖွားလိုက်တာ ဖြစ်တယ်။ ကမ္ဘာလောကရဲ့ အနှောင့်အယှက် အခက်အခဲကြားထဲက သူရဲဘောကြောင်တဲ့ လူလို ထွက်ပြေးတိမ်းရှောင်သွားဖို့ ဘုရားသခင်က မွေးထုတ်လိုက်တာ မဟုတ်ဘူး။ ပြီးတော့ ချမ်းသာမှု ဆိုတာကကော။ ချမ်းသာမှု ဆိုတာဟာ တင်းတိမ်ရောင့်ရဲမှုရဲ့ အခြားနာမည်တစ်ခု ဖြစ်တယ်။ တင်းတိမ်ရောင့်ရဲမှု ဆိုတာဟာ အလိုဆန္ဒရှိတဲ့ နေရာမှာသာ၊ အာသာရမ္မက်ရှိတဲ့ နေရာမှာသာ ဖြစ်နိုင်တယ်"

ယောဂီသည် တည်ကြည်လေးနက်နေ၏။ ကချေသည်က ပြုံးရယ်နေသည်။ -----------

ဗီဇဂုတ္တသည် မိမိ၏ တပည့်မ သို့မဟုတ် ဘဝကြင်ဖော်ဖြစ်သူ စိတ္တရလေခါ၏ နှုတ်မှ မိမိနှစ်ခြိုက်သည့် အယူဝါဒများကို ယုတ္တိယုတ္တာရှိရှိ ကြားရသဖြင့် စိတ္တရလေခါအား ပိုမိုစွဲလန်းနေမိသည်။ ဝိလာသဒေဝကမူ ကချေသည်၏ အသိပညာကို အံ့သြငေးမောနေ၏။ နှစ်ဦးစလုံးပင် ကုမာရဂိရိ၏ အဖြေကို ငံ့လင့် စောင့်စားနေကြသည်။

ကုမာရဂိရိသည် အတန်ကြာမျှ ခပ်မဆိတ် ထိုင်နေ၏။ ထို့နောက် အတန်ကြာမှ တည်ကြည်လေးနက်စွာဖြင့် ပြောလေသည်။

"ဘုရားသခင် ဟုတ်လား။ ဘုရားသခင်နဲ့ လူမှာ ဘယ်လို ကွဲပြားခြားနားချက်မှ မရှိဘူး။ ကွဲပြားခြားနားချက်က ဗဟိဒ္ဓ ကွဲပြားခြားနားချက်သာ ဖြစ်တယ်။ ကမ္ဘာလောကဆိုင်ရာ ကွဲပြားခြားနားချက်သာ ဖြစ်တယ်။ မာယာနဲ့ ဗြဟ္မရဲ့ ပေါင်းစပ်နေမှုကိုပဲ ပုဂ္ဂိုလ်သတ္တဝါ ငါလို့ ခေါ်ခြင်းဖြစ်တယ်။ အမှန်စင်စစ် မာယာဟာ ဗြဟ္မရဲ့ အစိတ်အပိုင်းဖြစ်ပေမယ့် အပြင်ပန်းအားဖြင့်ကြည့်ရင် ဗြဟ္မနဲ့ တသီးတခြား ဖြစ်တယ်။ ဗြဟ္မဟာ မာယာနဲ့ ရစ်ပတ်ကပ်ငြိနေသရွေ့ ကမ္ဘာလောက ပိုက်ကွန်ထဲမှာပဲ ရှိနေတယ်။ မာယာကို စွန့်ပယ်ပြီးတဲ့နောက်မှ ဗြဟ္မဟာ သူ့ဟာသူ သီးခြားဖြစ်သွားနိုင်တယ်။ သင်နဲ့ ကျုပ်ဟာ အမှန်တကယ်တော့ ဘယ်လိုခြားနားချက်မှ မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ သင်လည်း ဗြဟ္မရဲ့ အစိတ်အပိုင်း ဖြစ်တယ်။ ကျုပ်လည်း ဗြဟ္မရဲ့ အစိတ်အပိုင်း ဖြစ်တယ်။ ခြားနားချက်က ဘာလဲဆိုရင် သင်က မာယာရောစပ်နေတဲ့ ဗြဟ္မဖြစ်တယ်။ ကျုပ်က မာယာကို စွန့်ပယ်ထားတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ အဲဒါပဲ ထူးခြားတယ်။ ဒါကြောင့်မို့ ကျုပ်ဟာ ဘဝမှာ ရှေ့တန်းရောက်နေအောင် မာယာကို ဘဝနဲ့ တသီးတခြားထားလိုတဲ့ စိတ်ဆန္ဒရှိနေခြင်း ဖြစ်တယ်။ ပြီးတော့ ချမ်းသာသုခကို တင်းတိမ်ရောင့်ရဲခြင်းလို့ သင်က ပြောတယ်။ ဒီနေရာမှာလည်း သင်မှားတယ်။ တကယ်လို့ တင်းတိမ်ရောင့်ရဲခြင်းသာလျှင် နှစ်သိမ့်မှု ရရှိခြင်းရဲ့ တစ်ခုတည်းသော ကိရိယာ တန်ဆာပလာ ဖြစ်တယ်ဆိုရင်တော့ တင်းတိမ်ရောင့်ရဲခြင်းဟာ ချမ်းသာသုခ ဧကန်မုချ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ တဏှာပိုက်ကွန်ထဲမှာ ဖမ်းမိနေတဲ့အတွက် တင်းတိမ်ရောင့်ရဲမှုနဲ့အတူ နှစ်သိမ့်ခြင်းဆိုတာ ဖြစ်မလာဘူး။ ဗြဟ္မဟာ မာယာနဲ့ ပေါင်းစပ်နေရင် မိမိကိုယ်ကို မေ့လျော့ပြီး တဏှာပိုက်ကွန်ထဲမှာ လှည့်လည်ကျက်စားနေတော့တာပါပဲ။ ဒါပေမဲ့ မာယာကို စွန့်ပယ်ပြီး မိမိကိုယ်ကို ပြန်လည်သတိရတဲ့တစ်နေ့ ရောက်တဲ့အခါမှာ တင်းတိမ်ရောင့်ရဲခြင်းလည်း ဖြစ်လာတယ်။ နှစ်သိမ့်ခြင်းလည်း ဖြစ်လာတယ်။ ဒုက္ခပြွမ်းနေတဲ့ လူ့လောကကို စွန့်ခွာခြင်းကိုသာ ချမ်းသာသုခလို့ ခေါ်တယ်"

ကုမာရဂိရိသည် အတန်ကြာမျှ ရပ်နားလိုက်လေ၏။ ထို့နောက် စိတ္တရလေခါအား ပြန်လည်ချေပခွင့် မပေးဘဲ ဆက်၍ ပြောပြန်လေသည်။

"ပြီးတော့ သတိထားရမှာက တက္ကသဘောနဲ့ စောဒကတက်တယ်ဆိုတာ ဆုံးတယ်လို့ မရှိဘူး။ အမှန်တရားဆိုတာ အတွေ့အကြုံနဲ့သာ သိရတဲ့အရာမျိုး ဖြစ်တယ်။ အတွေ့အကြုံနဲ့ ယုံကြည်မှု၊ အဲဒီ နှစ်မျိုးနဲ့ကင်းပြီး လူဟာ အသိဉာဏ်ပညာကို ရရှိဖို့ မလွယ်ကူဘူး"

ယင်းသို့ ပြောပြီးလျှင် ကုမာရဂိရိသည် မတ်တတ်ရပ်လိုက်သည်။

"ညဥ့်တောင် အတော်နက်သွားပြီ။ အိပ်တာပဲ ကောင်းပါလိမ့်မယ်"

စိတ္တရလေခါသည် ကုမာရဂိရိ၏ အဖြေကို ဘဝင်မကျ ဖြစ်နေသည်။ ကုမာရဂိရိကလည်း ထိုအချက်ကို သိရှိရိပ်မိလေ၏။ သို့ရာတွင် တစ်ပြိုင်နက်တည်းမှာပင် ကုမာရဂိရိ၏ အရည်အသွေးက စိတ္တရလေခါအား ဖြားယောင်းသွေးဆောင်ထားလေ၏။ ယောဂီသည် ကချေသည်၌ ဉာဏ်ပညာကို မြင်ရ၏။ ကချေသည်က ယောဂီတွင် အလှကို တွေ့ရသည်။

ထူးခြားဆန်းကြယ်သော အချက်ပေတည်း။ သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး ကျေနပ်အားရ မသွားကြပေ။ သို့ရာတွင် တစ်ဦးအပေါ်တစ်ဦး အာရုံစူးစိုက်သွားလေ၏။ သူတို့နှစ်ဦးသည် တစ်ဦးအပေါ်တစ်ဦး စွဲမက်စရာကို တွေ့ကြသည်။ ယောဂီက ဉာဏ်ပညာတည်းဟူသော စွဲမက်စရာကို တွေ့သည်။ ကချေသည်က အလှတည်းဟူသော စွဲမက်စရာကို တွေ့သည်။ သို့ရာတွင် ဗီဇဂုတ္တအဖို့ မည်သည့်အရာကို တွေ့ရသည်ဆိုသည့် အချက်ကိုမူ သူကိုယ်တိုင်ပင် မသိနားမလည်ပေ။ ကုမာရဂိရိနှင့် စိတ္တရလေခါတို့၏ စကားကြောင့် သူ၏နှလုံးထဲတွင် မငြိမ်သက်ခြင်းကား မဟုတ်ပေ။ သို့ရာတွင် မည်သို့သော မငြိမ်သက်ခြင်းမျိုး ဖြစ်သနည်းဟု သိရှိရန် အကြိမ်များစွာ ကြိုးစားအားထုတ်ပါသော်လည်း သိရှိခြင်းငှာ မစွမ်းနိုင် ဖြစ်နေသည်။ သူ၏နှလုံးသည် စိတ္တရလေခါ၏နှလုံး၌ မှုန်တိမှုန်မွှားထင်နေသော ကုမာရဂိရိအား စွဲမက်ခြင်း၏ အရိပ်အရောင်တစ်ခုကို တွေ့မြင်ရသည်။ သို့ရာတွင် ထိုအချက်ကို သူ မယုံကြည်ပေ။

ကုမာရဂိရိက ပြောလေ၏။

"ကျုပ်တပည့် ဝိလာသဒေဝ ဒီနေ့ည ကျုပ်သင်္ခမ်းကျောင်းဆောင်မှာ အိပ်လိမ့်မယ်။ သူ့အဆောင် အားနေတယ်။ ဧည့်သည်တွေ အဲဒီအဆောင်မှာ အိပ်နိုင်ကြပါတယ်"

ဗီဇဂုတ္တက မတ်တတ်ရပ်လိုက်သည်။ စိတ္တရလေခါကလည်း မရှေးမနှောင်းပင် မတ်တတ်ရပ်လိုက်၏။ ကုမာရဂိရိအပါးမှ မသွားမီ စိတ္တရလေခါက ပြောလိုက်လေသည်။

"ယောဂီ၊ တရားကျင့်တယ်ဆိုတာဟာ ဘဝရဲ့အမှားဖြစ်တယ် ဆိုတဲ့အကြောင်း ကျွန်ုပ် သင်ယောဂီကို ပြောပြပါရစေ။ တရားကျင့်ခြင်းရဲ့ အဖြစ်မှန်ဟာ ဘာလဲလို့ဆိုရင် အတ္တကို ညှဉ်းဆဲသတ်ဖြတ်ခြင်းပဲ။ ကဲ ... ခွင့်ပြုပါဦး။ သင် ယောဂီရဲ့ ခြေအစုံကို ကချေသည် စိတ္တရလေခါက ရှိခိုးဦးညွှတ်လိုက်ပါတယ်"

ယင်းသို့ပြောပြီးလျှင် စိတ္တရလေခါသည် ရယ်ရယ်မောမောနှင့် ဗီဇဂုတ္တနှင့်အတူ သင်္ခမ်းကျောင်းဆောင်၏ အပြင်ဘက်သို့ ထွက်သွားလေ၏။

စိတ္တရလေခါ ထွက်သွားပြီးသောအခါ ကုမာရဂိရိက ရယ်လိုက်လေ၏။

"သင်ပြောတာ မှန်တယ်။ တရားအကျင့်ဆိုတာ အတ္တကို ညှင်းဆဲသတ်ဖြတ်ခြင်းကို ခေါ်တယ်။ ပြီးတော့ အတ္တဆိုတာဟာလည်း ပြဟ္မနဲ့ မာယာရဲ့ ပေါင်းစပ်ထားခြင်းကို ခေါ်တယ်။ အတ္တသေဆုံးသွားတဲ့အခါ မာယာရဲ့ အသွင်အပြင်ဟာ ပျောက်ကွယ်သွားပြီး ပြဟ္မပဲ ကျန်ရှိတော့တယ်။ ဒါပေမဲ့ ကချေသည်၊ သင်ဟာ တကယ်လို့ တွေ့ဖူးကြုံဖူးတယ်ဆိုရင်၊ တကယ်လို့ သင့်ပတ်ဝန်းကျင် အခြေအနေဟာ တခြားတစ်မျိုးဖြစ်ရင် သင်လည်းပဲ ဒီလျှို့ဝှက်ချက်ကို သိရှိနားလည် နိုင်ကောင်းစရာ ရှိပါတယ်။ သင့်မှာ အသိဉာဏ်တော့ ရှိပါတယ်။ ဒါပေမဲ့ အဲဒီ အသိဉာဏ်ကို လမ်းညွှန်ပြမယ့်သူ တစ်စုံတစ်ဦး သင့်မှာ ရှိပုံမရဘူး။ သင့်အတွက် ကျုပ် စိတ်မကောင်း ဖြစ်မိတယ်"

ဝိလာသဒေဝသည် ဗီဇဂုတ္တနှင့် စိတ္တရလေခါကို သူ၏ သင်္ခမ်းကျောင်းဆောင်သို့ ပို့ပြီးလျှင် ဆရာအရှင်၏ သင်္ခမ်းကျောင်းဆောင်သို့ ပြန်လာလေသည်။ မအိပ်မီ ဗီဇဂုတ္တက စိတ္တရလေခါအား ခေါ်လိုက်လေ၏။ "စိတ္တရလေခါ"

စိတ္တရလေခါက ပြန်ထူး၏။ "ဘာလဲ အချစ်"

ဗီဇဂုတ္တသည် သက်ပြင်းရှည်ကြီးတစ်ချက် ချပြီးလျှင် ပြောလေသည်။

"နှလုံးပေါ်မှာ တစ်စုံတစ်ခု ပိနေသလိုပဲ အောက်မေ့တယ်။ ကျုပ်တို့နှစ်ဦးရဲ့ ဘဝမှာ ဒုက္ခတိမ်လိပ်တွေ အုံ့ဆိုင်းနေတယ်လို့ ကျုပ် ထင်နေတယ်။ စိတ္တရလေခါ၊ ကုမာရဂိရိဟာ ယောဂီဖြစ်တယ်။ သူ့မှာ တပ်မက်စွဲလမ်းစေတတ်တဲ့ စွမ်းရည်သတ္တိတစ်မျိုးလည်း ရှိတယ် ထင်တယ်"

စိတ္တရလေခါသည် တစ်ခဏမျှ မျက်နှာပျက်သွားလေ၏။ သို့ရာတွင် ချက်ချင်းပင် ကြန္တေဆောင်လိုက်ပြီးလျှင် ပြောလေသည်။

"အချစ်၊ ကုမာရဂိရိဟာ ယောဂီဖြစ်တယ်။ အရူး အမိုက်ဖြစ်တယ်။ သူ့အတ္တဟာ သေဆုံးသွားပြီ"

စိတ္တရလေခါသည် ဗီဇဂုတ္တကိုလည်းကောင်း၊ မိမိကိုယ်ကိုလည်းကောင်း လှည့်စားလိုက်လေ၏။ ဆက်၍ ပြောပြန်လေသည်။

"ကုမာရဂိရိက လူသူမဲ့တဲ့နေရာမှာ နေတဲ့လူဖြစ်တယ်။ ကျွန်မတို့က လှုပ်ရှားနေတဲ့ ကမ္ဘာလောကရဲ့ ဇာတ်ကောင်များ ဖြစ်တယ်။ ကုမာရဂိရိက အာသာရမ္မက်ကို နှိမ်နင်း သတ်ဖြတ်ထားတယ်။ ကုမာရဂိရိရဲ့ ဘဝရည်မှန်းချက်က စိတ်ကူးယဉ်ထဲက သုည ဖြစ်တယ်။ ကျွန်မတို့ရဲ့ ဘဝရည်မှန်းချက်က ယစ်မူးခြင်းနဲ့ ရူးမူးခြင်း ဖြစ်တယ်။ အချစ်၊ ကမ္ဘာလောကမှာ ဘယ်လို ပုဂ္ဂိုလ်မှ ကျွန်မတို့ နှစ်ဦးရဲ့ အကြားမှာ ဝင်ရောက်မလာနိုင်ဘူး၊ သိလား"

ဗီဇဂုတ္တ၏ မျက်နှာသည် ပီတိသောမနဿ ဖြစ်ပြီးလျှင် ဝင်းလက်တောက်ပသွား၏။

"ဘုရားသခင်က အဲဒီလိုဖြစ်အောင်ပဲ မ,ပါစေ"

စိတ္တရလေခါသည် ဗီဇဂုတ္တကို လှည့်စား၍ ရသွား၏။ သို့ရာတွင် မိမိကိုယ်ကိုမူ လှည့်စား၍ မရပေ။ စိတ်ထဲက တွေးတောနေမိ၏။

"ကုမာရဂိရိဟာ ချောတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်တယ်ဆိုတာတော့ ငြင်းလို့ မရဘူး"

---

**အခန်း ( ၅ )**

မဟာယဇ်ပူဇော်ပွဲ၏ ယဇ်ခိုး ယဇ်ငွေ့များဖြင့် ထုံသင်းကြိုင်လှိုင်နေသော ဘုရင့်နန်းတော်၏ ကျယ်ပြန့်လှသော ညီလာခံ ခန်းမဆောင်၌ စန္ဒဂုတ်မောရယဘုရင်၏ မင်းပရိသတ်များသည် စုဝေးနေကြလေသည်။ ရတနာစီခြယ်ထားသည့် သီဟာသန ရွှေပလ္လင်ထက်၌ ဘုရင်မင်းကြီးသည် ရှေ့ဘက် မျက်နှာမူလျက် တင့်တယ်စံပယ်နေတော်မူ၏။ ဘုရင်မင်းကြီး၏ လက်ယာဘက်၌ ကျယ်ပြန့်သော နိုင်ငံတော်အတွင်းမှ ပင့်ဖိတ်ထားသော မြို့စား၊ နယ်စား၊ ပဒေသရာဇ်များသည် ကြီးစဉ်ငယ်လိုက် အဆင့်အတန်းအားလျော်စွာ ထိုင်နေကြလေ၏။ လက်ဝဲဘက်၌မူ မှူးကြီးမတ်ရာများ ထိုင်နေကြ၏။ ရှေ့ဘက်၌မူကား ယဇ်ပူဇော်ပွဲ၏ ဦးစီးဦးဆောင် ပြဟ္မဏများ၊ ရသေ့သူတော်စင်များ စုရုံး ထိုင်နေကြလေ၏။

ယင်း ညီလာခံ သဘင်သည် ယဇ်ပူဇော်ပွဲ ကျင်းပပြုလုပ်ပြီးသော အခါ အစဉ်အလာအရ ဒဿန သဘောတရားကို ဆွေးနွေးရန် ကျင်းပပြုလုပ်သော ညီလာခံသဘင် ဖြစ်လေသည်။ ဘုရင်စန္ဒဂုတ်သည် ရယ်လျက် မိမိ၏ အမတ်ချုပ်ကြီး စာဏကျဘက်သို့ လှည့်ကြည့် လိုက်လေ၏။

"ဘယ့်နယ်လဲ နီတိရေးရာ လိမ္မာကျွမ်းကျင်လှတဲ့ သုခမိန် အမတ်ကြီး၊ သင်အမတ်ကြီးရဲ့ နီတိကျမ်းဟာ နေရာများစွာမှာ ဘာသာရေး အယူအဆများကို ဥပက္ခာပြုထားတာ တွေ့ရပါကလား။ အဲဒါ ဘယ်လိုအကြောင်းကြောင့်ပါလဲ။ နီတိကျမ်းဟာ ဘာသာရေး တရားထဲမှာ အကျုံးဝင်သလား၊ မဝင်ဘူးလားဆိုတာကို အသင်အမတ်ကြီး ကျွန်ုပ်ကို လျှောက်တင် မပြနိုင်ဘူးလား"

စာဏကျ အမတ်ကြီးသည် မတ်တတ်ရပ်လိုက်လျက် မိမိ၏ တုရှုရှိ ပညာရှင် ပရိသတ်အား ဦးညွှတ်နှုတ်ဆက်၍ ဘုရင်မင်းကြီးအား အရိုအသေပြုပြီးလျှင် တစ်ဖန် ပြန်ထိုင်လိုက်လေ၏။ ထိုင်ပြီးသောအခါမှ ဘုရင်မင်းကြီးအား နားတော်လျှောက်လေသည်။

"အရှင်မင်းကြီး အမိန့်ရှိတော်မူသည်မှာ အလွန်တရာ သင့်တင့်လျောက်ပတ် လှပါတယ်။ ကျွန်ုပ်ရဲ့ နီတိကျမ်းထဲမှာ ဟိုနေရာ ဒီနေရာမှာ လူအများ ယုံကြည်လက်ခံထားတဲ့ ဘာသာတရား အစဉ်အလာတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတဲ့ အယူအဆတွေကို တွေ့ရတယ်ဆိုတာ ဟုတ်ပါတယ်။ အဲဒီအချက်ကို ကျွန်ုပ် လက်ခံပါတယ်။ ဒါပေမဲ့ တစ်ပြိုင်နက်ထဲမှာ ကျွန်ုပ် လျှောက်ထား တင်ပြချင်တာတစ်ခုက ဘာသာတရားဆိုတာ လူ့အဖွဲ့အစည်းက ဖန်ဆင်းတီထွင်တဲ့ အရာဖြစ်တယ်။ ဘာသာတရားက နီတိပညာကို မွေးဖွားပေးတယ်ဆိုတဲ့ အချက်နဲ့ ဆန့်ကျင်ဘက်အားဖြင့် နီတိပညာကသာ ဘာသာတရားကို

မွေးဖွားတယ်။ လူ့အဖွဲ့အစည်းကို အသက်ရှင်နေစေဖို့အတွက် လူ့အဖွဲ့အစည်းက သတ်မှတ်ပိုင်းခြားထားတဲ့ ဥပဒေစည်းကမ်းများကိုပဲ နီတိပညာလို့ ခေါ်ခြင်းဖြစ်တယ်။ ဘာသာတရားရဲ့ အခြေခံက ယုံကြည်မှုဖြစ်တယ်။ ယုံကြည်မှု နောင်ကြိုးနဲ့ လူကို တုပ်နှောင်ပြီး လူမှုရေး ဥပဒေစည်းကမ်းကို လိုက်နာစေခြင်းသည်သာလျှင် လူ့အဖွဲ့အစည်း လူ့လောကအတွက် အကျိုးဖြစ်ထွန်းနိုင်တယ်။ အဲဒါကြောင့် ဘာသာတရားနဲ့ ဆန့်ကျင်ဘက် ပြုခြင်းသည်သာလျှင် လူ့ဘောင် လူ့လောကအတွက် အကျိုးဖြစ်ထွန်းနိုင်မယ့် အခြေအနေမျိုး၊ ပြီးတော့ တဖြည်းဖြည်း တစ်စစနဲ့ ဘာသာတရားရဲ့ အသွင်ပုံစံ ပြောင်းလဲသွားမယ့် အခြေအနေမျိုး၊ အဲဒီလို အခြေအနေမျိုးလည်း ပေါ်ပေါက်လာနိုင်စရာ ရှိတယ်”

စာဏကျအမတ်ကြီး၏ စကားဝါကျ ဆုံးသွားသည်နှင့် တစ်ပြိုင်နက် ပညာရှင် ပရိသတ်အတွင်း၌ တိတ်ဆိတ်ငြိမ်သက်ခြင်းသည် တစ်ခဲနက် လွှမ်းမိုးသွားလေ၏။ စန္ဒဂုတ်ဘုရင်မင်းကြီးသည် ဂုဏ်ယူမော်ကြွားသော အမူအရာဖြင့် မိမိ၏ အမတ်ကြီးကိုလည်းကောင်း၊ မိမိတူရူရှိ ပညာရှင် မင်းပရိသတ်ကိုလည်းကောင်း၊ တစ်လှည့်စီ ကြည့်လိုက်လေ၏။ အမတ်ကြီးသည် ကြီးကျယ်လှသော စကားကို ပြောချလိုက်လေသည်။ သူ၏ စကားသည် အနှစ်သာရ ရှိသည်ကား မှန်၏။ သို့ရာတွင် အသစ်အဆန်း ဖြစ်နေသည်။ လူအများ လက်ခံထားသော အယူအဆများနှင့် ဖီလာဖြစ်နေသည်။ ထိုစကားကို မည်သူ ပြန်လှန် ချေပမည်နည်းဟု ပရိသတ်အပေါင်းက ငံ့လင့် စောင့်စားနေကြ၏။

ပညာရှင် မင်းပရိသတ်ထဲတွင် ထိုင်နေသော ယောဂီလုလင် တစ်ဦးက တည်ငြိမ်ကျန်ခြေရသော အမူအရာဖြင့်ပင် ပြန်လည်ချေပ၏။

“အရှင်မင်းကြီး၊ ဘုရားသခင်ဟာ လူကို ဖြစ်ပေါ်စေတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ လူဟာ လူ့လောက လူ့ဘောင်ကို ဖြစ်ပေါ်စေတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဘာသာတရားဆိုတာ ကမ္ဘာလောကတွင်းက ဘုရားသခင်ရဲ့ အသွင်အပြင် ဖြစ်တယ်။ လူကို ဘုရားသခင်နဲ့ တွေ့ဆုံစေတဲ့ ကိရိယာတန်ဆာပလာ ဖြစ်တယ်။ ဘာသာတရားကို မထီမဲ့မြင် ပြုခြင်းဟာ ဘုရားသခင်ကို မထီမဲ့မြင် ပြုခြင်းပင် ဖြစ်ပါတယ်။ အမှန်တရားကို ဖဲကြည်ရှောင်ရှားခြင်းပင် ဖြစ်ပါတယ်။ အမှန်တရားဆိုတာ တစ်ခုတည်း ရှိတယ်။ ဘာသာတရားဆိုတာ အဲဒီ အမှန်တရားရဲ့ အယူအဆတွေနဲ့ ဖီလာဖြစ်နေတယ်ဆိုရင် အဲဒီ နီတိပညာဟာ နီတိပညာ မဟုတ်ဘူး။ နီတိ မဟုတ်တဲ့ ပညာသာ ဖြစ်ဖို့ရှိတယ်။ သင့်လျော်၏၊ မသင့်လျော်၏၊ တရား၏၊ မတရား၏ ဆိုတဲ့ အချက်အလက် အားလုံးရဲ့ မှတ်ကျောက်ဟာ ဘာသာတရားသာလျှင် ဖြစ်ပါတယ်။ စကြဝဠာ ကမ္ဘာလောက တစ်ခုလုံးဟာ ဘာသာတရားထဲမှာ အကျုံးဝင်နေပါတယ်”

သက်တော်ရှည် အမတ်ကြီး စာဏကျသည် ရှေ့တွင်ထိုင်နေသော ယောဂီလုလင် ကုမာရဂိရိအား ဘီလူးကြီးတစ်ကောင်က မိမိရှေ့၌ ရပ်နေသော လူပုကလေးအား ကြည့်သည့် အကြည့်မျိုးဖြင့် ကြည့်လိုက်လေ၏။ အမတ်ကြီးသည် စိတ်ထဲက ရယ်လိုက်လေသည်။

“ဘာသာတရားရဲ့ အရေးပါ အရာရောက်ပုံကို ထုတ်ဖော်ကြေညာနေတဲ့ ယောဂီ၊ ဘာသာတရားကို ဘယ်သူက ပြုလုပ်သလဲဆိုတာ သင် ယောဂီ သိသလား”

“ဘုရားသခင်က လူရဲ့ အဖျွတ္တသန္တာန်မှာ ရှိနေတဲ့ ဝိညာဉ်နဲ့ ပြုလုပ်ခြင်း ဖြစ်တယ်”

“ဒါဖြင့် ဘုရားသခင်ကိုကော ဘယ်သူ လုပ်တာလဲ”

ပရိသတ်များက စာဏကျ၏ မေးခွန်းကို အံ့အားသင့်သွားကြ၏။

“ဘုရားသခင်ကို ဘယ်သူက လုပ်တာလဲ” မည်မျှ ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသည့် မေးခွန်းပေနည်း။ ပရိသတ်ထဲတွင် အတန်ငယ် လှုပ်လှုပ်ရွရွ ဖြစ်သွားလေ၏။ -------------

ကုမာရဂိရိသည် ယခင်အတိုင်း ငြိမ်သက်သော အမူအရာဖြင့်ပင် ပြန်လည် ဖြေကြား၏။

“ဘုရားသခင်ဆိုတာ အစမရှိတဲ့ အနာဒိ ဖြစ်တယ်”

“ဘုရားသခင်ဟာ အစမရှိ အနာဒိလို့ သင်ပြောတာ မှန်တယ် ယောဂီ။ အဲဒီစကားဟာ အသစ်အဆန်း မဟုတ်ဘူး။ ဘုရားသခင်ဟာ အစမရှိ အနာဒိလို့ လူတိုင်းပဲ ပြောကြပါတယ်။ ဒါပေမဲ့ သင်ယောဂီ ဘုရားသခင်ကို သိသလား။ ဒီမှာရှိနေကြတဲ့ ပုဂ္ဂိုလ် တစ်စုံတစ်ယောက်ကော ဘုရားသခင်ကို သိရဲ့လား”

Typing - ငွေဇင်ယော်

စာဏကျ၏ အသံသည် တည်ကြည် လေးနက်၏။ သူ၏ မျက်လုံးသည် အရောင်တောက်နေ၏။ တစ်စုံတစ်ယောက်၏ အဖြေကို မစောင့်ဘဲ စာဏကျသည် ဆက်ပြောပြန်သည်။

"ဘုရားသခင်ဟာ အစမရှိ အနာဒိဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ကျုပ် ရဲရဲတင်းတင်း ပြောနိုင်တယ်။ အဲဒီ ဘုရားသခင်ကို ဘယ်သူမှ မသိဘူး။ အဲဒီ ဘုရားသခင်ဟာ သိမြင်ခြင်းမှ အပ ဖြစ်တယ်။ အဲဒီ ဘုရားသခင်ဟာ အမှန်တရား ဖြစ်တာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ သူဟာ ဘယ်လောက် တောက်ပနေသလဲဆိုရင် သူ့ရှေ့မှောက်မှာ လူသားရဲ့မျက်လုံးဟာ ပွင့်နေလို့ မရဘူး။ အဲဒီ အမှန်တရားကို သိအောင် ကြိုးစားကြည့်ပါ။ အဲဒီ ဘုရားသခင်ကို တွေ့အောင် ပြင်းပြင်းထန်ထန် အကျင့် ကျင့်ကြည့်ပါ။ ဒါပေမဲ့ အဲဒါတွေဟာ အားလုံး အလကားပဲ။ အချည်းနှီးပဲ။ တကယ်လို့ သင်ဟာ ဘုရားသခင်ကို သိနိုင်တယ်ဆိုရင်၊ သင့်ရဲ့အတွေးမှာ အဆုံးအပိုင်းအခြား မရှိတဲ့ အနန္တလောကကို ဖန်ဆင်းတဲ့ အဲဒီပုဂ္ဂိုလ် ဝင်ရောက်လာနိုင်တယ်ဆိုရင်၊ အဲဒီပုဂ္ဂိုလ်ဟာ ဘုရားသခင် ဘယ်မှာ ဟုတ်နိုင်တော့မှာလဲ။ ဒါပေမဲ့ ယောဂီ၊ ကျုပ်တို့ ပူဇော်နေတဲ့ သင်တို့ ကျုပ်တို့ရဲ့ ဘုရားသခင်ဟာ အဲဒီဘုရားသခင်နဲ့ တခြားစီပါ။ သင်တို့ ကျုပ်တို့ရဲ့ ဘုရားသခင်က စိတ်ကူးယဉ်ထားတဲ့ ဘုရားသခင်ပါ။ ကိုယ့်လိုဘ ကိုယ့်လိုအပ်ချက် ပြည့်ဝရေးအတွက် လူ့လောကက အဲဒီ ဘုရားသခင်ကို ပြုလုပ်ဖန်တီးထားတာပါ ..."

စာဏကျသည် စကားကို ရပ်လိုက်ပြီးလျှင် မိမိ၏ လေးဘက်လေးတန်ကို လှမ်းကြည့်လိုက်သည်။ တစ်ခဲနက် တိတ်ဆိတ်ငြိမ်သက်ခြင်း လွှမ်းမိုးနေ၏။ ယောဂီ ကုမာရဂိရိသည် မျက်စိ စုံမှိတ်ထား၏။ နက်နဲသည့် အတွေးတစ်ခုထဲတွင် မြုပ်နေသကဲ့သို့ ထင်ရ၏။ စာဏကျသည် ထိုင်နေရာမှ မတ်တတ်ရပ်လိုက်သည်။ ထို့နောက် ညီလာခံသဘင်ရှိ လေးဘက်လေးရပ်ကို လှမ်းကြည့်လိုက်သည်။ သူ၏ အကြည့်၌ မာန်မာန ရှိနေသည်။ ကိုယ့်ကိုယ်ကို ယုံကြည်မှု ရှိနေသည်။ သူ့မျက်လုံးသည် ညီလာခံသဘင်၌ ထိုင်နေကြသည့် ပညာရှင် မင်းပရိသတ်များအား အန်တုရဲသည့် ပုဂ္ဂိုလ်ရှိလျှင် ထွက်ခဲ့ဟူ၍ စိန်ခေါ်နေသည်။ ပြန်လှန်ချေပမည့် စကားကို တအောင့်လောက် စောင့်ပြီးနောက် စာဏကျသည် ဆက်ပြောပြန်လေသည်။

*Typing - ငွေဇင်ယော်*

"ကျုပ်စကား မဆုံးသေးဘူး။ ကျုပ်တို့ ပူဇော်နေတဲ့ သင်တို့ ကျုပ်တို့ရဲ့ ဘုရားသခင်ဟာ စိတ်ကူးယဉ်ထားတဲ့အရာ ဖြစ်တယ်။ လူ့လောက က ပြုလုပ်ဖန်တီးထားတဲ့အရာ ဖြစ်တယ်လို့ ကျုပ်ပြောခဲ့တယ်။ အဲဒီ ဘုရားသခင်ဟာ လူ့လောက လူ့အဖွဲ့အစည်း အမျိုးမျိုးကိုလိုက်ပြီး အသွင် အမျိုးမျိုးရှိတယ်။ ကဲ အခု အဖ္ဖုတ္တသန္တာန်မှာ ရှိနေတဲ့ ဝိညာဉ်ဟာ ဘုရားသခင်က ဖန်တီးတာ မဟုတ်ဘူး။ လူ့လောကက ဖန်တီးတာဖြစ်တယ်။ တကယ်လို့ အဖ္ဖုတ္တသန္တာန်မှာရှိတဲ့ ဝိညာဉ်များဟာ တကွဲတပြားစီ ဖြစ်နေမှာ မဟုတ်ဘူး။ ဘုရားသခင်ဟာ တစ်ဦးတည်း ရှိတယ်။ တကယ်လို့ ဘုရားသခင်က ဘာသာတရားရဲ့ ဥပဒေစည်းကမ်းများကို ဇာနီမုချ ပြုလုပ်ဖန်တီးတယ်ဆိုရင် လူတိုင်းလူတိုင်းအပေါ်မှာ ဥပဒေစည်းကမ်း တစ်မျိုးတည်း သတ်မှတ်ဖို့ရှိတယ်။ အခုတော့ ဒီလို မဟုတ်ဘူး။ လူ့လောက လူ့ဘောင်တစ်ခုမှာရှိတဲ့ လူပုဂ္ဂိုလ်ရဲ့ အဖ္ဖုတ္တသန္တာန်မှာရှိတဲ့ ဝိညာဉ်ဟာ ယေဘုယျအားဖြင့် တခြား လူ့လောက လူ့ဘောင်မှာရှိတဲ့ လူပုဂ္ဂိုလ်ရဲ့ အဖ္ဖုတ္တသန္တာန်မှာရှိတဲ့ ဝိညာဉ်နဲ့ သဘောတူတာ မဟုတ်ဘူး။ လူရဲ့ အဖ္ဖုတ္တသန္တာန်မှာရှိတဲ့ ဝိညာဉ်ဟာ လူ့လောကက ဖန်တီးတာဖြစ်တယ်လို့ ပုံသေကားကျ ပြောဆိုနိုင်တယ်။ လူရဲ့ နှလုံးထဲမှာရှိတဲ့ လူ့လောကရဲ့ ဥပဒေစည်းမျဉ်းများနဲ့ ပတ်သက်တဲ့ အကန်းယုံကြည်မှု၊ အပြည့်အဝ လက်ခံမှုကိုပဲ အဖ္ဖုတ္တသန္တာန်မှာရှိတဲ့ ဝိညာဉ်လို့ ခေါ်တယ်။ လူ့လောက လူ့ဘောင်နဲ့ ကင်းကွာပြီး အဲဒီဝိညာဉ်ရဲ့ တည်ရှိမှုဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

စာဏကျ ထိုင်လိုက်သည်။ ပညာရှင် ပရိသတ်ထဲက များစွာတို့မှာ စာဏကျ၏ ခိုင်မြဲသော ဆင်ခြင်တုံ သဘောတရားတို့ကို ကျေနပ်အားရသည်ဖြစ်၍ စာဏကျ၏ ရှေ့မှောက်၌ ဦးညွတ်ကြလေသည်။

ကုမာရဂိရိသည် စာဏကျ၏ ယင်းစကားဝါကျများကို ကြားသည်။ မကြားသည် မပြောတတ်ပေ။ မိမိ၏ အတွေးထဲ၌သာလျှင် ထိုအချိန်၌လည်း မြုပ်နစ်နေတုန်းပင် ရှိသည်။ မျက်လုံးကို မှိတ်ထား၏ ငြိမ်သက်သော မျက်နှာပေါ်၌ ထူးခြားသော အရှိန်အစော်တစ်မျိုး ပေါ်နေ၏။ သို့ရာတွင် ထိုအချိန်၌ စာဏကျက အနိုင်ရနေသည်။ ကုမာရဂိရိသည် လူများ၏ အယူအဆ အရဆိုလျှင် စာဏကျ၏ ခိုင်မြဲသော ဆင်ခြင်တုံ သဘောတရားများကို မည်သို့မျှ ပြန်လှန် မချေပနိုင်ပေ။ ဘုရင်စန္ဒဂုတ် ပြုံးနေသည်။ နောက်ထပ် အချိန်အနည်းငယ်မျှ

စောင့်ပြီးနောက် ဘုရင်မင်းကြီးသည် မင်းမှုထမ်း တစ်ဦးအား မျက်ရိပ်ပြလိုက်သည်။ ထိုအခိုက် မင်းမှုထမ်းသည် မတ်တတ်ရပ်လျက် “ဝါဒငြင်းခုံပွဲကြီး အပြီးသတ်သွားပါပြီ။ အခု ကပွဲစတင်ပါတော့မည်” ဟု ကြေညာလိုက်လေ၏။ တိတ်ဆိတ်ငြိမ်သက်ခြင်းသည် ပြိုကွဲ ပျက်စီးသွားလေသည်။ မင်းပရိသတ် အပေါင်းတို့သည် သောင်းသောင်းဖြဖြ သြဘာ ပေးကြလေ၏။

ထိုအချိန်၌ စိတ္တရလေခါသည် ညီလာခံ ခန်းမဆောင်ထဲ ဝင်ရောက်လာလေသည်။ လက်ဝတ်တန်ဆာများ၏ တစ်ခုနှင့်တစ်ခု ထိခိုက်သံများ၌ ဆန်းကြယ်သော ဂီတသံတစ်မျိုး ပေါ်နေသည်။ တရားသဘောလွှမ်းနေသော ခြောက်သွေ့ပျင်းရိဖွယ် ပတ်ဝန်းကျင်သည် ဝတ်ဆံဝတ်မှုန် အပြည့်ရှိနေသည့် အလှကြောင့် ချောက်ချားသွားလေသည်။ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသော အရုဏ်ဦး၏ မှုန်မွှားမွှားကို ထွင်းဖောက်ဖြိုခွဲလျက် နံနက်ခင်းနေမင်း၏ အရုဏ်ရောင် ဝင်ရောက်လာသည်နှင့် ပမာတူလေသည်။ ဆောင်းဥတု၏ ချမ်းအေးခြောက်သွေ့သော လေထဲ၌ တန်ခူးလ၏ အနွေးနှင့် မွှေးရနံ့များ ပေါ်ပေါက်လာလေသည်။ ပတ်ဝန်းကျင် တစ်ခုလုံး ပြောင်းလဲသွားလေ၏။

ပရိသတ်၏ အလယ်၌ရပ်လျက် စိတ္တရလေခါသည် ရှေးဦးစွာ ဘုရင်စန္ဒဂုတ်ကို ဂါရဝ ပြုလိုက်လေ၏။ ထိုအချိန်၌ သူ၏အလှတွင် မဖြစ်ဘူးမြဲ ထူးကဲသော အဆွဲဓာတ် ရှိနေသည်။ သူ၏ မျက်နှာဝန်းသည် လပြည့်ဝန်းနှင့် ပမာတူလေသည်။ သူ၏ ယိမ်းထိုးနေသည့် ဆံထုံးမှာ ဖိုးလမင်းထံမှ အမြိုက်ကို လုယူဖို့ရန်အတွက် ဖိုးလမင်းအား ရစ်ပတ်တွယ်ကပ်နေသည့် နဂါးမင်း၏ အမောက်နှင့် တူနေသည်။ သူ၏ဆံထုံးကို ပတ်ထားသည့် ပုလဲကွန်ရွက်မှာ ဖိုးလမင်း အခက်ကြုံနေသည်ကို တွေ့ရ၍ နက္ခတ်တာရာများ အုပ်ဖွဲ့ပြီး နဂါးနက်ကို တွန်းလှန်တိုက်ခိုက်ကြသကဲ့သို့ တင့်တယ်တောက်ပ၍ နေသည်။ သူ၏ ကိုယ်ကာယပေါ်၌ ပါးလွှာသော ပိုးသားပဝါ လွှမ်းထားလေသည်။ ထိုပိုးသားပဝါ ရှိနေခြင်းနှင့် ရှိမနေခြင်းမှာ ဘာမျှမထူးခြားပေ။ ထိုပဝါ၏အတွင်းဘက်၌ ပါးလွှာသည့် ရွှေချည်ထိုး ပိုးကိုယ်ကျပ်အင်္ကျီကို ဝတ်ထားသည်။ ထိုကိုယ်ကျပ်အင်္ကျီတွင်းမှ သူ၏ ပြည့်ဖြိုးဖောင်းအိသော ရင်သားများ မို့မောက်နေကြသည်။ သူ၏ ရွှေကြယ်ပြောက်လုံချည်မှာ ညဥ့်၏ ဝင်းလက်တောက်ပသော အရောင်အောက်၌ မျက်စိကျိန်းအောင် ဖန်တီးနေလေ၏။ ရတနာခြယ်စီထားသည့် ဝတ်စားတန်ဆာများဖြင့် သူသည် ဝန်းပိ၍ နေလေ၏။ ထိုအချိန်၌ လက္ခမီနတ်သမီး၏ ပကတိရုပ်သွင်အတိုင်း ဖြစ်နေ၏။

ဘုရင်မင်းကြီးကို ဂါရဝပြုပြီးနောက် စိတ္တရလေခါသည် စုဝေးရောက်ရှိနေကြသည့် မင်းပရိသတ်ဘက်ကို ရွှင်ပြုံးသောအကြည့်ဖြင့် ကြည့်လိုက်လေ၏။ မင်းပရိသတ်တို့၏ တက်ကြွမြူးတူးသံမှာ ညီလာခံဆောင်ထဲတွင် ပဲ့တင်ရိုက်သွားလေသည်။ ပရိသတ် တစ်ဦးစီ တစ်ဦးစီ၏ အပေါ်၌ ကျေးဇူးတင်သည့်အကြည့်ဖြင့် ကြည့်ပြီးနောက် သူ၏အကြည့်သည် ဗီဇဂုတ္တ၏ အပေါ်၌ တန့်ရပ်သွားလေ၏။ ထိုအကြိမ်၌ သူ၏မျက်လုံးမှ အပြုံးသည် သူ၏မျက်နှာပေါ်၌လည်း ကူးယှက်သွားလေသည်။ ဗီဇဂုတ္တကလည်း ပြုံးလိုက်လေသည်။ စိတ္တရလေခါ၏ အသံတိတ် ဂါရဝပြုမှုသည် အသံတိတ် တန့်ပြန်မှု ရရှိသွားလေသည်။

စိတ္တရလေခါသည် တစ်ဖန် ပညာရှင်ပရိသတ်တို့၏ ရှေ့မှောက်၌ ဦးညွှတ်လိုက်ပြန်သည်။ မိမိ၏ အကြည့်ကို ပညာရှင်ပရိသတ်ဆီမှ ခွာတော့မည်ပြုစဉ် စိတ္တရလေခါသည် ကုမာရဂိရိကို သွားတွေ့လေသည်။ သို့ဖြစ်၍ သူ၏မျက်လုံးသည် ထိုယောဂီလုလင်၏ အပေါ်၌ တန့်ရပ်သွားလေ၏။ ကုမာရဂိရိက သူ့ကို ပြန်ကြည့်လိုကြည့်ငြားဟူသော မျှော်လင့်ချက်ဖြင့် သူ၏မျက်လုံးသည် ကုမာရဂိရိ၏ အပေါ်၌ အချိန်အတန်ကြာမျှ တန့်ရပ်နေလေ၏။ သို့ရာတွင် သမာဓိဝင်စားနေသည့် ယောဂီသည် ထိုအချိန်၌ အခြားကမ္ဘာလောက တစ်ခုထဲသို့ ရောက်နေသည်။ စိတ်ပျက်အားလျော့ပြီးလျှင် စိတ္တရလေခါသည် မိမိ၏မျက်လုံးကို ကုမာရဂိရိထံမှ လွှဲဖယ်လိုက်လေသည်။

စောင်းသံသည် လေးနက်သည့်ဗုံသံနှင့် အတူတကွ သာယာနာပျော်ဖွယ် မြည်လာလေသည်။ စိတ္တရလေခါ ဝင်လာသည့် အချိန်မှစ၍ ရွှင်မြူးတက်ကြွနေသော လူထုပရိသတ်သည် တစ်ခဏ အတောအတွင်းမှာပင် ငြိမ်သက်သွားလေ၏။ စိတ္တရလေခါ၏ လှပသော၊ ကြာပွင့်ထက်ပင် နူးညံ့ပျော့ပျောင်းသော ခြေထောက်သည် ရွှေခြူသံတချွင်ချွင်ဖြင့် အကကို စလေတော့၏။ စိတ္တရလေခါ ခြေလှမ်း လှမ်းသည့်နေရာတိုင်း နေရာတိုင်း၌

Typing - ငွေဇင်ယော်

လျှပ်စစ်ပြက်သကဲ့သို့ ဝင်းလက်တောက်ပ၍ တောက်ပ၍ သွားလေ၏။ ဗုံသံ၊ ပတ်သံများမှာ လေးနက်သည့် မိုးချုန်းသံများလားဟု အောက်မေ့ရ၏။ အရပ်ထက်ဝန်းကျင်၌ တိတ်ဆိတ်ငြိမ်သက်ခြင်း လွှမ်းနေသည်။ လူတိုင်း လူတိုင်းသည် မှင်တက်မိသူပမာ အနုပညာ၏ အမြင့်ဆုံးသော ရှုကွင်းရှုကွက်ကို ရှုစားနေကြလေသည်။

ကုမာရဂိရိသည် ရုတ်တရက် မျက်စိ ဖွင့်လိုက်လေသည်။ ထိုအခိုက် သူ၏ မျက်လုံးတွင် ထူးခြားသည့် အလင်းရောင်တစ်မျိုး တောက်ပ ဝင်းလက်နေလေသည်။ မတ်တတ်ရပ်လိုက်ပြီးလျှင် တည်ကြည်လေးနက်စွာဖြင့် ပြောလိုက်လေ၏။

“အမတ်ကြီး စာဏကျ၊ ကျွန်ုပ် ဘုရားသခင်ကို သိတယ်။ သင်အမတ်ကြီးနဲ့ ပရိသတ်အားလုံး ကျေနပ်သွားအောင် ဒီနေရာမှာ ကျွန်ုပ် ဘုရားသခင်ကို လက်တွေ့ပြနိုင်တယ်”

စည်းဝေးသဘင်၏ တိတ်ဆိတ်ငြိမ်သက်ခြင်းသည် ပြိုကွဲပျက်စီးသွားလေသည်။ အချို့ ပုဂ္ဂိုလ်များသည် ကုမာရဂိရိ ပြောလိုက်သည့်စကားကို ကြားကြ၍ ထိုစကားကို မကြားလိုက်သည့် ပုဂ္ဂိုလ်များလည်း ရှိကြသည်။ မကြားလိုက်သည့် ပုဂ္ဂိုလ်များအနက်မှ များစွာတို့မှာ အကကို အာရုံ စူးစိုက်နေကြသည့် လုလင်နယ်စားပယ်စား မှူးမတ်များ ဖြစ်ကြလေ၏။ ထိုပုဂ္ဂိုလ်များက အော်ပြောလိုက်ကြသည်။

“ဟို ယောဂီကို အထိုင်းခိုင်းပါ”

စိတ္တရလေခါကလည်း ယောဂီ၏စကားကို မကြားလိုက်ပေ။ ထိုအချိန်၌ အကထဲတွင် လုံးလုံး စိတ်ဝင်စားနေ၏။ သူ၏ခြေထောက်၌ ဆန်းကြယ်သည့် ညို့ဓာတ် ရှိသည်။ အနုပညာ၏ ထူးခြားသည့် စွမ်းရည်ရှိသည်။ ဘုရင်စန္ဒဂုတ်သည် စာဏကျအမတ်ကြီးကို အဓိပ္ပာယ်ရှိသော အကြည့်ဖြင့် ကြည့်လိုက်သည်။ စာဏကျအမတ်ကြီးမလည်း ထိုနည်းအတူပင် ဘုရင်မင်းကြီးကို ပြန်ကြည့်လေ၏။ ယောဂီကုမာရဂိရိသည် ကြီးကြီးကျယ်ကျယ် စကားတစ်ခွန်း ပြောမည်ပြုစဉ် စာဏကျအမတ်ကြီးက ထ၍ ပြောလိုက်လေ၏။

“မင်းပရိသတ်အပေါင်းနဲ့ ပညာရှင်အပေါင်းတို့၊ ယောဂီကုမာရဂိရိက သူ ဘုရားသခင်ကို သိတယ်၊ အခုအချိန် ဒီနေရာမှာ လူတွေ အားလုံးတွေ့အောင် ဘုရားသခင်ကို ပြလည်း ပြနိုင်တယ်လို့ ကြေညာနေပါတယ်။ ဘုရင်မင်းကြီးကိုယ်တိုင်က လိုလားနေတဲ့အတွက် ခေတ္တခဏအကကို ရပ်ဆိုင်းထားလျှင် သင့်လျော် ကောင်းမြတ်ပါလိမ့်မယ်”

ထိုအကြိမ်၌မူ မင်းပရိသတ်အပေါင်းလည်း စကားကို လုံးစေ့ပတ်စေ့ ကြားကြရလေ၏။ စိတ္တရလေခါလည်း ကြားရလေသည်။ စိတ္တရလေခါသည် ရပ်တန့်လိုက်ပြီးလျှင် ဒေါသရောင်လျှမ်းနေသော မျက်လုံးဖြင့် စာဏကျကို လှမ်းကြည့်လိုက်သည်။ ထို့ထက် နှစ်သော ဒေါသဖြင့် ကုမာရဂိရိကိုလည်း ကြည့်လိုက်သည်။ ထို့နောက် တိတ်ဆိတ်ငြိမ်သက်စွာဖြင့်ပင် ထောင့်တစ်ထောင့်သို့ သွားထိုင်နေလိုက်သည်။ စာဏကျက ထ၍ ပြောလိုက်လေ၏။

“ယောဂီ ကုမာရဂိရိ၊ ကျွန်ုပ်တို့ အားလုံး ဘုရားသခင်ကိုကြည့်ဖို့ အဆင်သင့် ဖြစ်နေကြပါပြီ”

ကုမာရဂိရိသည် ထိုင်နေရာမှ ထလိုက်သည်။ သူ ထလိုက်သည်နှင့် တစ်ပြိုင်နက် စည်းဝေးသဘင်၌ တစ်ခဲနက် တိတ်ဆိတ်ငြိမ်သက်ခြင်း လွှမ်းသွားလေသည်။ ထို့နောက် ယောဂီသည် ပရိသတ်အပေါင်း၏ အလယ်၌ မတ်တတ်ရပ်လိုက်သည်။ အတန်ကြာမျှ မျက်စိကို မှိတ်ထားလေ၏။ ထို့နောက် ပြောလိုက်သည်။

“ကြွရောက်လာတဲ့ ပညာရှင်ပရိသတ်နှင့် မင်းပရိသတ်အပေါင်းတို့၊ ကျွန်ုပ်ဘက်ကို ကြည့်ကြပါလော့”

ယောဂီကုမာရဂိရိ ရပ်နေသည့်နေရာ အနီးရှိ ယဇ်ခုံမှ မီးလျှံတစ်ခု ထိုးထွက်လာသည်ကို လူအများ တွေ့မြင်ကြလေ၏။ ထိုမီးလျှံသည် အမိုးဘက်သို့ ထိုးထွက်သွားလေ၏။ ထိုမီးလျှံ၏ အလင်းရောင်သည် နွေဥတု နေ့လယ်မွန်းတည့်ချိန် နေရောင်ထက်ပင် တောက်ပ၏။ မီးလျှံသည် အမိုးကို ဖောက်ထွက်ပြီးလျှင် ကောင်းကင်ပြင်သို့ ထိုးတက်သွားလေ၏။ ထိုသေးသွယ်သော မီးလျှံကလေးသည် တစ်စတစ်စ ကြီးမားလာလေ၏။ ထိုမီးလျှံ၏

mmcybermedia. com

အလင်းရောင်မှာ မည်မျှ တောက်ပသနည်းဟူမူ လူတို့၏ မျက်လုံးများသည် ထိုအလင်းရောင်၏ ဒဏ်ကို မခံနိုင်ကြသည်ဖြစ်၍ မှိတ်သွားကြလေ၏။ သို့ရာတွင် အံ့သြဖွယ်ကောင်းသည့်အချက်မှာ ထိုမီးလျှံ၌ အပူ မရှိပေ။ အလင်းရောင် သက်သက်မျှသာ ရှိသည်။ ကုမာရဂိရိက ပြောလိုက်လေ၏။

“အဲဒါ အမုန်တရား ဖြစ်ပါတယ်”

စာဏကျက အော်ပြောလိုက်လေ၏။

“ယောဂီ၊ သင် ညာပြောတယ်။ ဟိုမှာ ဘာမှ မရှိပါကလား”

ထိုအကြိမ်၌မူ လူအပေါင်းတို့သည် စာဏကျအား အံ့သြသော အကြည့်ဖြင့် ကြည့်ကြလေ၏။ ယောဂီ ကုမာရဂိရိက ပြောလေသည်။

“သက်တော်ရှည် အမတ်ကြီး၊ အမုန်တရားရဲ့ အလင်းရောင်ကို မမြင်ရဘူးလား”

စာဏကျက ပြန်ပြောသည်။

“ဘယ်မှာလဲ အလင်းရောင်။ ဟိုမှာ ဘာမှ မရှိပါကလား”

ကုမာရဂိရိသည် စာဏကျကို မည်သို့မျှ အဖြေ ပြန်မပေးပေ။ တစ်ဖန် ပြောပြန်လေ၏။

“နောက်ထပ်တစ်ခါ ကြည့်ပါဦး”

ထိုအကြိမ်၌ ထိုမီးလျှံသည် မှေးမှိန်သွားပြီးလျှင် မီးပုံတစ်ခုအဖြစ် ပြောင်းလဲသွားလေ၏။ ထိုမီးပုံ၌ ပရိသတ်များသည် သတ္တဝါပေါင်းများစွာကို တွေ့မြင်ရလေ၏။ ထိုသတ္တဝါများသည် ထိုမီးပုံထဲ၌ တစ်ဖက်မှ ထွက်ပေါ်လာပြီးလျှင် အခြားတစ်ဖက်၌ ပျက်စီးပျောက်ကွယ်သွားကြလေ၏။ ထိုမီးပုံထဲ၌ ပရိသတ်များသည် ကြီးမားသော မြို့ကြီးပြကြီးများ တည်ဆောက်ကြသည်ကိုလည်းကောင်း၊ ပျက်စီးတိမ်ကော သွားသည်ကိုလည်းကောင်း တွေ့ရသည်။ ထိုမီးပုံထဲ၌ မြေ၊ ရေ၊ လေ ကောင်းကင်ကိုလည်း တွေ့ရသည်။ ယင်းအရာအားလုံးသည် တဖြည်းဖြည်း ပျက်စီးပျောက်ကွယ် သွားကြပြီးလျှင် ယခင် မီးပုံတစ်ခုသာလျှင် ကျန်ခဲ့လေ၏။

ယောဂီ ကုမာရဂိရိက ပြောလိုက်လေသည်။

“အဲဒါ ဘုရားသခင် ဖြစ်ပါတယ်”

စာဏကျသည် ထိုအကြိမ်၌ သူရူးအသွင်ကဲ့သို့ ဟစ်အော်လိုက်လေ၏။

“ကျုပ် ဘာမှ မတွေ့ရဘူး။ ယောဂီ၊ သင် ညာပြောနေတယ်လို့ ကျုပ်ထပ်ပြောလိုက်ပါတယ်”

ကုမာရဂိရိသည် မျက်စိ မှိတ်လိုက်လေ၏။ အားလုံး ပျောက်ကွယ်သွားလေသည်။ မျက်လုံးကို ဖွင့်ပြီးလျှင် ယောဂီသည် ပြုံး၍ ပြောလေသည်။

“အမတ်ကြီး၊ သင်အမတ်ကြီး ညာပြောတယ်လို့ ကျွန်ုပ်က ပြောရလိမ့်မယ်။ ကျွန်ုပ်ပြောတာကို ဟောဒီ စည်းဝေးသဘင် တစ်ခုလုံးက သက်သေခံလိမ့်မယ်။ ဒီမှာ ရောက်ရှိနေကြတဲ့ ပုဂ္ဂိုလ်များက သင် အမတ်ကြီးကို အဖြေ ပေးကြပါလိမ့်မယ်”

ပရိသတ်အပေါင်းက အော်ဟစ်ကြလေ၏။

“အမတ်ကြီး ညာပြောတယ်။ ကျွန်ုပ်တို့ အမုန်တရားနဲ့ ဘုရားသခင်ကို တကယ်မြင်ရတယ်”

ထိုအကြိမ်၌ စာဏကျသည် အရှက် အထိုးခံရသဖြင့် စန္ဒဂုတ်ဘုရင်ကို လှမ်းကြည့်လိုက်လေသည်။ ဘုရင်မင်းကြီးကလည်း ပြောလိုက်လေသည်။

“အမတ်ကြီး၊ ကုမာရဂိရိ ညာပြောတာ မဟုတ်ဘူး။ ကျွန်ုပ်လည်း အမုန်တရားနဲ့ ဘုရားသခင်ကို မြင်ရတယ်”

“ကျုပ်ရဲ့ မျက်လုံးများဟာ ဒီကနေ့ ပထမဆုံးအကြိမ် ကျုပ်ကို လှည့်စားကြတယ်။ ယောဂီလုလင်၊ ကျုပ် အရှုံးပေးပါတယ်။ သင်က အနိုင်ရပါတယ်” ယင်းသို့ ပြောလျက် စာဏကျသည် ထိုင်လိုက်လေ၏။

ယောဂီ ကုမာရဂိရိသည် ထွက်ခွာဖို့ရန် ခြေလှမ်း ပြင်လိုက်စဉ်မှာပင် ကချေသည် စိတ္တရလေခါ၏ စကားကို ကြားလိုက်ရလေသည်။

"ယောဂီ၊ နေပါဦး။ ကျွန်ုပ်ရဲ့ ယုံမှားသံသယတွေ ပျောက်မသွားသေးဘူး"

လူအပေါင်းတို့၏ မျက်လုံးများသည် စိတ္တရလေခါဆီသို့ စုပြုံ ရောက်သွား ကြလေသည်။ သူတို့၏ သိလိုကြားလိုသည့် စိတ်ဆန္ဒသည် ပိုမို၍ တိုးတက်လာလေသည်။ ယောဂီ ကုမာရဂိရိသည် တန့်ရပ်လိုက်လေ၏။ စိတ္တရလေခါက ရှေ့သို့တိုး၍ ပြောလေ၏။

"ယောဂီ၊ ကျွန်ုပ်လည်း သင်ယောဂီပြတဲ့ အရာကို မမြင်ရဘူး။ စာဏကျအမတ်ကြီးကို အားလုံးက ညာတယ်လို့ ပြောကြတယ်။ ဒါပေမဲ့ ကျွန်ုပ်ကတော့ အဲဒီလို မပြောဘူး။ အမှန်တရားနဲ့ ဘုရားသခင်ကို တိုင်တည်ပြီးတော့ ကျွန်ုပ် သင်ယောဂီကို တစ်ခု မေးချင်ပါတယ်။ သင်ကော အမှန်တရားနဲ့ ဘုရားသခင်ကို ပရိတ်သတ်အပေါင်းကို ပြတဲ့ ပုံသဏ္ဍာန်အတိုင်း အမှန်တကယ် မြင်ရဲ့လား"

ကချေသည်၏ မျက်လုံးသည် ယောဂီ၏ မျက်လုံးနှင့် ပေါင်းဆုံသွားလေ၏။ ယောဂီ၏မျက်လုံး၌ ယုံကြည်မှု၏ အရှိန်အဝါ ရှိနေသည်။ အကျင့်တရား၏ အင်အား ရှိနေသည်။ ကချေသည်၏ မျက်လုံး၌မူ တက်ကြွမှု၏ အလင်း ရှိနေသည်။ သံသယ၏ အရောင် ရှိနေသည်။ ကုမာရဂိရိ၏ နှုတ်မှ ရုတ်တရက် ထွက်ပေါ်လာလေ၏။

"ဟင့်အင်း၊ မမြင်ရဘူး"

လူအပေါင်းတို့သည် ပါးစပ်အဟောင်းသား ဖြစ်သွားကြလေ၏။ စာဏကျ အမတ်ကြီးသည် ဝမ်းသာလွန်းလှသဖြင့် ရီးတိုးရွဲတ ဖြစ်ပြီး ထလိုက်လေ၏။ သို့ရာတွင် စိတ္တရလေခါသည် စာဏကျ အမတ်ကြီးအား အမှုမထားပဲ ဆက်ပြောပြန်၏။

"ယောဂီ၊ သင်ဟာ မိမိရဲ့ စိတ်တန်ခိုး စိတ်စွမ်းရည်သတ္တိနှင့် ပရိသတ်အားလုံးကို သြဇာညောင်းအောင်လုပ်ပြီး မိမိစိတ်ကူးနှင့် ဖန်ဆင်းထားတဲ့ အမှန်တရားနှင့် ဘုရားသခင်ရဲ့ အသွင်သဏ္ဍာန်ကို ပြတာ မဟုတ်ဘူးလား။ လိမ်တော့ ပြောမယ်မကြံနှင့်။ ကျွန်ုပ် အမှန်တရားနှင့် ဘုရားသခင်ကို တိုင်တည်ပြီး သင့်ကို မေးနေခြင်း ဖြစ်တယ်။ ပြီးတော့ သင်ဟာ ယောဂီတစ်ဦးဖြစ်တယ် ဆိုတာလဲ မမေ့မထားလိုက်ပါနှင့်"

ကုမာရဂိရိသည် အတန်ငယ် စဉ်းစားပြီး ပြန်ကြားဖြေဆိုလေ၏။

"သင် ပြောတာ မှန်တယ်"

ယင်း အမေးအဖြေကို ကြားရသည့်အခါ လူအပေါင်းတို့သည် ကြက်သေသေသွား ကြလေ၏။ စိတ္တရလေခါက မေးလိုက်ပြန်သည်။

"နောက်ထပ် မေးခွန်းတစ်ခု မေးစရာရှိသေးတယ်။ သင့်ရဲ့ စိတ်တန်ခိုး စိတ်အစွမ်းနဲ့ သြဇာညောင်းအောင် လုပ်လို့ မရလောက်အောင် စိတ်တန်ခိုး စိတ်အစွမ်း ကြီးမားအားကောင်းနေတဲ့ ပုဂ္ဂိုလ်များကိုတော့ သင်ဟာ မိမိရဲ့ လုပ်ကြံထားတဲ့ အရာများကို ပြလို့ မရဘူးဆိုတာလည်း ဟုတ်တယ် မဟုတ်လား"

စည်းဝေးသဘင်သည် လှုပ်လှုပ်ရွရွ ဖြစ်လာလေသည်။ ယောဂီကုမာရဂိရိသည် မိမိ အခြေအနေကို သိရှိ ရိပ်မိသွားလေ၏။ အတန်ကြာမျှ စဉ်းစားပြီးနောက် ထုံးစံအတိုင်း တည်ငြိမ် ဣန္ဒြေရစွာဖြင့်ပင် ပြန်ပြောလေသည်။

"ဘုရားသခင်ကို ယုံကြည်တဲ့လူမှသာ စိတ်တန်ခိုး စိတ်အစွမ်း ရှိတယ်။ ဘုရားမဲ့ တရားမဲ့ ပုဂ္ဂိုလ်မှာ စိတ်တန်ခိုး စိတ်အစွမ်း မရှိနိုင်ဘူး။ တကယ်လို့ လူမှာ အကြံအစွေး ထင်ရှားရှိတယ်ဆိုရင် အဲဒီလူဟာ ဘုရားသခင်ရဲ့ သြဇာခံ မုချဖြစ်ရမှာပဲ။ ဒါပေမဲ့ အကြံအစွေး သေနေလို့ ရှိရင်တော့၊ ဘုရားမဲ့ တရားမဲ့ မျက်နှာဖုံးအမည်းက အကြံအစွေးကို မွန်းသေအောင် လုပ်ထားလို့ရှိရင်တော့ အဲဒီလူအနေနှင့် ဘုရားသခင်ကို သိဖို့ ဖြစ်နိုင်မှာ မဟုတ်ဘူး။ အခု အမှန်တရားနှင့် ဘုရားသခင်ကို မမြင်ရတဲ့ ပုဂ္ဂိုလ်တွေရဲ့ အကြံအစွေးများဟာ ကွယ်လွန် သေဆုံးသွားကြပြီ။ အဲဒီ ပုဂ္ဂိုလ်တွေဟာ ဘုရားမဲ့

Typing - ငွေဇင်ယော်

တရားမဲ့သမားတွေ ဖြစ်တယ်။ ဘုရားမဲ့ တရားမဲ့ သမားတွေမှာ စိတ်တန်ခိုး စိတ်အစွမ်း ရှိဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး”

စာဏကျသည် ဘုရင်မင်းကြီးကို လှမ်းကြည့်လိုက်သည်။ ဘုရင်မင်းကြီးက စာဏကျအား အရိပ်အကဲ ပြလိုက်လေ၏။ ထို့နောက် စာဏကျသည် ရှေ့သို့တိုးသွားပြီးလျှင် ဝိဇယမကုဋ္ဌ ခေါ် အောင်မကိုဋ်ကို စိတ္တရလေခါ၏ ဦးခေါင်းတွင် ဆောင်းပေးလိုက်လေသည်။

“ကချေသည် စိတ္တရလေခါ၊ ဒီကနေ့ အနိုင်ရသူမှာ သင်သာလျှင် ဖြစ်တယ်။ သင်ဟာ ယောဂီကုမာရဂိရိ ကိုယ့် စိတ်တန်ခိုးအစွမ်းကို တလွဲ အသုံးချပြီးတော့ မောဟအဖုံးနဲ့ ဖုံးအုပ်ဖို့ ကြိုးစားတဲ့ အမှန်တရားရဲ့ အသွင်အပြင်ကို ကျွန်ုပ်တို့အား လှစ်ပြလိုက်တယ်” ထို့နောက် ကုမာရဂိရိအား ပြောပြန်သည်။

“ယောဂီ၊ သင်ဟာ မသင့်လျော် မလျောက်ပတ်တဲ့ အလုပ်ကို ပြုလုပ်တယ်။ အဲဒီလို လုပ်တဲ့အတွက် သင့်ကို အပြစ်ဒဏ် ပေးထိုက်တယ်။ ဒါပေမဲ့ သင့်ကို အပြစ်ဒဏ် ပေးပိုင်ခွင့်ရှိသူမှာ စိတ္တရလေခါသာလျှင် ဖြစ်ပေတယ်”

ကုမာရဂိရိ၏ မျက်လုံးမှာ ဒေါသကြောင့် ရဲရဲတောက် နေလေ၏။

“ဒီပရိသတ်ထဲက ဘယ်သူမှ ကျွန်ုပ်ကို ရှုံးအောင် မလုပ်နိုင်ဘူး။ ဘယ်သူမှလဲ ကျွန်ုပ်ကို အပြစ်ဒဏ် မပေးဝံ့ဘူး”

ယင်းသို့ပြောပြီးလျှင် ကုမာရဂိရိသည် ကိုယ်ကိုမတ်မတ်ထားလျက် မတ်တတ် ရပ်လိုက်သည်။

ယောဂီ၏ အမျက်ထွက်နေသည့် အသွင်ကို တွေ့ရ၍ စည်းဝေးသဘင်တစ်ခုလုံးသည် ထိတ်လန့်တုန်လှုပ် သွားလေသည်။ သို့ရာတွင် စိတ္တရလေခါကမူ အရယ်မပျက်ပေ။ ရယ်လျက် ယောဂီဆီသို့ တိုးသွားလေ၏။ ပရိသတ်အပေါင်းသည် တအံ့တသြ ငေးမောကြည့်ရှုနေကြ၏။ ယောဂီဆီသို့ တိုးသွားရင်း စိတ္တရလေခါသည် တူရိယာဂီတဆရာများအား မျက်ရိပ် ပြလိုက်လေသည်။ ကုမာရဂိရိ၏ အပါးသို့ ရောက်သောအခါ စိတ္တရလေခါ ရပ်လိုက်သည်။

“ယောဂီ၊ သင်ယောဂီကို အပြစ်ဒဏ်ပေးပိုင်ခွင့် ကျွန်ုပ် ရရှိပြီ။ ကျွန်ုပ် သင်ယောဂီကို အပြစ်ဒဏ် ပေးရလိမ့်မယ်။ ကျွန်ုပ် သင်ယောဂီကို အပြစ်ဒဏ် ပေးဝံ့သလား၊ မပေးဝံ့ဘူးလား ဆိုတာကို ကြည့်စမ်းပါ” ယင်းသို့ပြော၍ စိတ္တရလေခါသည် သူ၏ ရွှေအောင်မကိုဋ်ကို ကုမာရဂိရိ၏ ဦးခေါင်းတွင် စွပ်ပေးလိုက်လေသည်။

ထိုအချိန်၌ ဆရန်ဂီစောင်းသံ ပေါ်လာလေ၏။ စိတ္တရလေခါသည် လျှပ်ပြက်လိုက် သကဲ့သို့ သွက်လက်ဖျတ်လတ်စွာ ပြန်လှည့်သွားသည်။ ထို့နောက် အကကို စလိုက်လေ၏။ လူအပေါင်းတို့က သောင်းသောင်းဖြဖြ သြဘာပေးကြလေ၏။

ကုမာရဂိရိသည် ပါးစပ်အဟောင်းသားနှင့် ရပ်နေလေသည်။ စိတ္တရလေခါ အဝေးသို့ ရောက်သွားမှ သတိရလာလေ၏။ ထိုအချိန်၌ ညီလာခံ ခန်းမဆောင်တစ်ခုလုံး၌ လက်ခုပ်သြဘာသံများ ဆူညံနေလေသည်။

“အပြစ်ဒဏ်နှင့် အရှုံး ... အဲဒီ အချက်နှစ်ချက်ကို စဉ်းစားရလိမ့်မယ်” ယောဂီကုမာရဂိရိက ညည်းလိုက်လေ၏။ ထို့နောက် လျင်မြန်သော အဟုန်ဖြင့် စည်းဝေးသဘင်မှ ထွက်ခွာသွားလေသည်။

---

**အခန်း ( ၆ )**

အစော်ကားလည်း ခံရ၊ အရှုံးလည်း ပေးလိုက်ရသော ယောဂီသည် အတွေးအမြင် သစ်တစ်ခု ရရှိသွားသည်။ ထိုအတွေးအမြင်၏ ဒဏ်ကြောင့် မလှုပ်ချင် မကိုင်ချင် ဖြစ်သွားလေ၏။ ယောဂီသည် တစ်စုံတစ်ဦးအား အရှုံးပေးရလိမ့်မည်ဟု မည်သည့်အခါကမျှ စိတ်ကူးထဲပင် မထည့်မိပေ။ အရှုံးပေးလိုက်ရသည်မှာလည်း မိန်းမတစ်ယောက်ကို ဖြစ်လေသည်။ ထိုမိန်းမမှာလည်း တခြားလူမဟုတ်ဘဲ သာမန်ကချေသည်တစ်ဦး ဖြစ်နေ၏။ ကုမာရဂိရိ၏ စိတ်နလုံးသည် ဂနာမငြိမ် ဖြစ်နေ၏။ အခြေအနေကို ဆန်းစစ်ကြည့်လေသည်။ အနိုင်ရရှိသော်လည်း အရှုံးပေးလိုက်ရလေသည်။ ဘုရင်စန္ဒဂုတ်၏ ကျယ်ပြန့်သော

*Typing - ငွေဇင်ယော်*

နိုင်ငံတော်အတွင်းရှိ လက်ရွေးစင် ပညာရှင်များအပေါ်၌ အနိုင်ရရှိလေသည်။ သို့ရာတွင် အမိုက်မှောင်ကိုမူ အရှုံးပေးကြရသည်။ သို့ရာတွင် သူတို့အားလုံးသည် မိန်းမအရာ၌ အရှုံးပေးရခြင်း ဖြစ်လေသည်။ ဉာဏ်ပညာအရာ၌ အရှုံးပေးရခြင်း မဟုတ်ပေ။ ကုမာရဂိရိ၏ အခြေအနေကမူ တစ်မျိုး ဖြစ်နေ၏။

အနိုင်နှင့် အရှုံး နှစ်မျိုးလုံးပင် ဓမ္မတာ သဘောတရားများ ဖြစ်ကြသည်။ သို့ရာတွင် ယခုအရှုံးမှာလည်း ထူးခြားဆန်းကြယ်သည်။ မိန်းမသည် မိမိ၏ ဉာဏ်ပညာဖြင့် မဟုတ်ဘဲ မိမိ၏ သဘောထားပြည့်ဝမှုဖြင့် ကုမာရဂိရိအား ရှုံးသူဖြစ်အောင် ပြုခြင်း ဖြစ်တန်ရာသည်။ ဝိဇယ မကုဋ္ဌခေါ် ရွှေအောင်မကိုဋ်မှာ ကုမာရဂိရိ၏ ဦးခေါင်းကို တင့်တယ်လှပစေတုန်းပင် ရှိသေးသည်။ ကုမာရဂိရိသည် ထိုမကိုဋ်ကို ခေါင်းမှ ဖြုတ်ပြီးလျှင် မြေကြီးပေါ် လွှင့်ပစ်လိုက်လေသည်။ ထို့နောက်တစ်ဖန် စဉ်းစားပြန်၏။ အရှုံး ... ယင်းစကားလုံးသည် သူ၏ အဘိဓာန်၌ မရှိ။ အနိုင်အတွက် လောကီ စည်းစိမ်ချမ်းသာများကို သူ စွန့်ပယ်ခဲ့သည်။ အနိုင်အတွက်သာလျှင် ပြင်းပြင်းထန်ထန် တရားအကျင့်ကို ကျင့်ခဲ့သည်။ သို့ဖြစ်ပါလျက် အဘယ်ကြောင့် အရှုံးရောက်လာရသနည်း။ ကုမာရဂိရိ မတ်တတ်ရပ်လိုက်သည်။

"ဟင့်အင်း၊ အရှုံးဆိုတာ မဖြစ်နိုင်ဘူး။ ငါ ဘယ်တော့မှ ရှုံးသူ မဖြစ်နိုင်ဘူး။ ငါ့အကျင့်ရဲ့ အဆုံးဟာ အရှုံးဖြစ်ပါ့မလား။ ဘယ်တော့မှ မဖြစ်နိုင်ဘူး၊ ဘယ်တော့မှ မဖြစ်နိုင်ဘူး"

ကုမာရဂိရိ၏ မျက်လုံးသည် မြေကြီးပေါ်၌ ကျနေသော ရွှေမကိုဋ်ဆီသို့ ရောက်သွား၏။ အတန်ကြာမျှ မမိုတ်မသုန် မကိုဋ်ကို စိုက်ကြည့်နေသည်။

"ယောဂီ၊ သင် အရှုံးပေးလိုက်ရသူ မဟုတ်။ အနိုင်ရသွားသူသာ ဖြစ်တယ်" ဟု မကိုဋ်က ပြောနေသကဲ့သို့ပင် အထင်ရောက်သွားသည်။ ယောဂီ၏ ကိုယ်ခန္ဓာ၌ ဖျန်းခနဲ ကြက်သီးတစ်ချက် ထသွား၏။ ကုမာရဂိရိသည် တစ်လှမ်းချင်း မကိုဋ်ဆီသို့ တိုးလာသည်။ မကိုဋ်၏ အနီးသို့ ရောက်သောအခါ ရပ်လိုက်သည်။

"အနိုင်ယှဉ်နေတဲ့ အရှုံး၊ ဘယ်လောက် ဆန်းကျယ်တဲ့ ပြဿနာလဲ။ ဒီ လက်ဆောင်အပေါ်မှာ ငါ တကယ်ပိုင်ဆိုင်ခွင့် ရှိသလား။ စည်းဝေးသဘင် တစ်ခုလုံးရဲ့ အမြင်မှာ ငါဟာ ဟိုမိန်းမကို အရှုံးပေးလိုက်ရတယ်။ ဒီမကိုဋ်ဟာ ဟိုမိန်းမကို ဆောင်းပေးလိုက်တဲ့ မကိုဋ်ဖြစ်တယ်။ ဒီမကိုဋ်ဟာ မသန့်မပြန့်တဲ့ မကိုဋ်ဖြစ်နေပြီ"

ကုမာရဂိရိသည် မျက်နှာလွှဲလိုက်ပြီးလျှင် ထိုနေရာမှ ထွက်ခွာသွားဖို့ ကြိုးစားကြည့်၏။ သို့ရာတွင် သူ၏ ခြေထောက်က မကြွပေ။ မကိုဋ်သည် ထိုနေရာ၌ပင် ရှိနေသည်။ လမင်း၏ ဖြူဝင်းသော အရောင်သည် ထိုမကိုဋ်၏ အသရေကို အရာအထောင် တိုးမြှင့်ပေးနေသည်။ ကုမာရဂိရိသည် မကိုဋ်ကို တစ်ဖန် ပြန်ကြည့်လိုက်ပြန်၏။

"ဒါပေမဲ့ ငါ မကိုဋ်ကို ဘယ်ပုံဘယ်နည်းနဲ့ ရရှိခဲ့တာလဲ။ စည်းဝေးသဘင် တစ်ခုလုံးက အနိုင်ရရှိသူလို့ ထင်မှတ်ယူဆတဲ့ ပုဂ္ဂိုလ်က ငါ့ကို သူ အရှုံးပေးလိုက်ရတယ်လို့ အောက်မေ့သွားခဲ့လို့ရှိရင် နိုင်သူဟာ ဘယ်သူဖြစ်မလဲ။ ငါသာ ဖြစ်ဖို့ရှိတယ်။ ကချေသည်၊ သင် ကျုပ်ဆီက အရှုံးလက်ခံသွားတယ်။ အဲဒါ ဘာကြောင့်လဲ"

"ကျွန်ုပ် သင့်ကို အရှုံးပေးလိုက်ရလို့"

ယောဂီသည် ခေါင်းနားပန်း ကြီးသွားသည်။ ရှေ့၌ စိတ္တရလေခါ ရပ်နေသည်။ သူ၏ မျက်နှာတွင် ချိုသာသောအပြုံး မြူးတူးနေလေသည်။ မျက်လုံးကမူ ရယ်နေ၏။

"ဘယ်လောက်ဆန်းသလဲ ယောဂီ၊ ရှုံးသူက ပြုံးနေပြီး နိုင်သူက မဲ့နေတယ်"

ကုမာရဂိရိသည် မည်သို့မျှ မပြောပေ။ မကိုဋ်ကိုသာ စိုက်ကြည့်နေ၏။

"ဘာလဲ၊ အောင်မကိုဋ် မြေကြီးပေါ်မှာ ကျနေတယ် ဟုတ်လား။ ယောဂီ၊ သင် မိမိအနိုင်ကို လက်မခံဘူးလား"

စိတ္တရလေခါ၏ အပြုံးသည် ကွယ်ပျောက်သွားလေပြီ။

အလွန်ခက်ခဲသည့် ပြဿနာဖြစ်သည်။ မာန်မာနကြီးသည့် ယောဂီအတွက် မိမိ၏ အရှုံးကို လက်ခံဖို့ရန်မှာ မဖြစ်နိုင်သည့်ကိစ္စ ဖြစ်လေသည်။ သို့ရာတွင် မည်သို့မျှ အဖြေ ပြန်မပေးပေ။

Typing - ငွေဇင်ယော်

စိတ္တရလေခါက မကိုင်ဇူကို ကောက်ယူလိုက်လေ၏။

"မာနရောက်နေတဲ့ ယောဂီ၊ သင့်ကို အနိုင်ယူဖို့ ကျွန်ုပ်အတွက် မဖြစ်နိုင်ဘူး ဆိုတာကိုတော့ ယုံကြည်စိတ်ချထားပါ" စိတ္တရလေခါသည် မကိုင်ဇူကို ကုမာရဂိရိ၏ ဦးခေါင်းတွင် ဆောင်းပေးလိုက်ပြန်လေ၏။ မိမိ လွှင့်ပစ်ထားသည့် မကိုင်ဇူကို တစ်ဖန် ပြန်ဆောင်းရသည်ကို ကုမာရဂိရိသည် မငြင်းဆန်ပေ။ ကန့်ကွက်ခြင်းလည်း မပြုလုပ်ပေ။ ထိုခဏ၌ ကုမာရဂိရိသည် မျက်စိမှိတ်ထား၏။ တစ်စုံတစ်ခုကို စဉ်းစားနေလေသည်။

"ယောဂီ၊ ဘာ စဉ်းစားနေတာလဲ"

ထိုအခိုက် ကုမာရဂိရိသည် မျက်လုံးဖွင့်လိုက်သည်။

"ကချေသည် စိတ္တရလေခါ၊ သင် ကျုပ်အပေါ် အနိုင်ရလိုက်တယ်လို့ သင် အောက်မေ့နေတယ်။ ဒါကြောင့် သင်ဟာ ကျုပ်ကို ထပ်ထပ်ပြီး စော်ကားနေတယ်။ ဒါပေမဲ့ သင်ရဲ့ အဲဒီအမြင် အဲဒီအပြုအမူများဟာ အချည်းအနှီး အလဟဿသာ ဖြစ်တယ်။ ယောဂီဆိုတာ လောကီလူ့ဘောင်ကို စွန့်ပယ်ထားတဲ့ပုဂ္ဂိုလ် ဖြစ်တယ်။ ဂုဏ်ပြုမှုတို့၊ စော်ကားမှုတို့ဆိုတာက သူနဲ့ ဘယ်လိုမှ မဆိုင်တော့ဘူး။ သင် အဲဒါတွေကို ဘာဖြစ်လို့ အချည်းနှီး အလဟဿ ပြုလုပ်နေတာလဲ"

စိတ္တရလေခါက အေးချမ်းငြိမ်သက်စွာဖြင့်ပင် ပြန်ပြောလေသည်။

"ယောဂီ၊ သင် ယောဂီရဲ့ အဲဒီအယူအဆဟာ မမှန်ဘူး။ ကျွန်ုပ် ထပ်ပြီး ပြောပါဦးမယ်။သင့်ကို အနိုင်ယူဖို့ ကျွန်ုပ်မှာ အရည်အချင်းလည်း မရှိပါဘူး။ အစွမ်းသတ္တိလည်း မရှိပါဘူး"

ကုမာရဂိရိသည် စိတ္တရလေခါအား စူးစိုက်ကြည့်ရှုလိုက်သည်။ ခေတ္တခဏမျှ မိမိရှေ့၌ ရပ်နေသော ထူးခြားဆန်းကြယ်သည့်မိန်းမ စိတ္တရလေခါကို မမှိတ်မသုန် စူးစိုက်ကြည့်နေသည်။ သူ၏ ဝါဖျော့ဖျော့ ဖြစ်နေသည့် မျက်နှာသည် ရောင်တခင် အနီရောင် သန်းလာလေ၏။ သူ၏ မတုန်မလှုပ် ကျောက်ရုပ်သဖွယ် ဖြစ်နေသော ကိုယ်ကာယသည် လှုပ်ရှားလာလေ၏။ စိတ္တရလေခါ၏ နူးညံ့ပျော့ပျောင်းသော လက်ကလေးကို ဆတ်ကနဲ ဆွဲကိုင်လိုက်ပြီး ပြောလေ၏။

"ကချေသည်၊ မှန်မှန်ပြောစမ်း။ သင် ကျုပ်နောက်ကို ဘာဖြစ်လို့ အရိပ်လို လိုက်လာတာလဲ"

စိတ်လှုပ်ရှားဖောက်ပြန်နေသဖြင့် ကုမာရဂိရိ၏ တစ်ကိုယ်လုံးမှာ တုန်နေလေသည်။ စိတ္တရလေခါသည် ယောဂီ၏အနီး၌ ကပ်နေသည်။ သူ၏မျက်လုံးသည် ကုမာရဂိရိ၏ မျက်လုံးနှင့် ပေါင်းဆုံနေသည်။ သူ၏ မျက်တောင် ခပ်စင်းစင်းဖြစ်နေသည့် မျက်လုံးထဲ၌ ဘယ်က ဆေးရည်တစ်မျိုး ရောက်နေသနည်း မသိပေ။ ပြုံးပြီး သူက အဖြေပြန်ပေးလိုက်လေသည်။

"ကျွန်ုပ်လာတဲ့အကြောင်းက တခြား မဟုတ်ပါဘူး။ ကိုယ့်အပေါ်မှာ အနိုင်ရရှိသွားတဲ့ ပုဂ္ဂိုလ်ဆီမှာ တပည့်ခံမလို့ပါ ..."

ရနံ့သင်းကြိုင်နေသည့် နွေဦးဖြစ်သည်။ ဝေ့ယမ်းတိုက်ခတ်နေသည့် လေရူးဖြစ်သည်။ လမင်းက ရယ်နေ၏။ ကြယ်တာရာများက ပြုံးနေသည်။ လူသူ ဆိတ်ကွယ်ရာနေရာ၌ ညဥ့်၏ တစ်ခဲနက် တိတ်ဆိတ်နေသည့်အချိန်ဝယ် ကုမာရဂိရိ၏ ရှေ့၌ ကချေသည် စိတ္တရလေခါ ရပ်နေသည်။

ကုမာရဂိရိ၏ လှုပ်ရှားဖောက်ပြန်နေသော စိတ်သည် ကွယ်ပျောက်သွားလေသည်။ ထိတ်လန့်တုန်လှုပ်သွားပြီးလျှင် နောက်အနည်းငယ် ဆုတ်လိုက်သည်။ အသံကို ခပ်အုပ်အုပ် လုပ်လျက် ပြောလေ၏။

"အလုပျို၊ ကျုပ်ဆီမှာ တပည့်ခံတယ်ဆိုတာ ဘယ်လို အနက်အဓိပ္ပာယ် သက်ရောက်တယ်ဆိုတာကိုကော စဉ်းစား ဆင်ခြင်မိရဲ့လား"

စိတ္တရလေခါက ရယ်လိုက်သည်။ သူ့ရယ်သံ၏ ချိုသာမှုသည် ထူးခြားဆန်းကြယ်လှသည်။ ထိုရယ်သံ၌ အသက်ဝင်နေသော အလှဖြင့် ပြည့်ဝနေသည့် ဂီတတစ်မျိုး ရှိနေသည်။

"စဉ်းစားဖူးပါတယ်။ တစ်ကြိမ် မကဘူး။ အကြိမ်များစွာ စဉ်းစားဖူးပါတယ်"

ကုမာရဂိရိသည် ထူးခြားလှသည့် အလှကညာပျို စိတ္တရလေခါထံမှ မိမိ၏ မျက်လုံးကို လွှဲဖယ်လိုက်လေသည်။

"မဟုတ်ဘူး။ သင် ကျုပ်ပြောလိုတဲ့ အဓိပ္ပာယ်ကို နားမလည်ဘူး။ ကျုပ်ရဲ့ တပည့်ခံတယ်ဆိုတာဟာ တခြား မဟုတ်ဘူး။ ကမ္ဘာလောကရဲ့ ရှိရှိသမျှ စည်းစိမ်ချမ်းသာ ကာမဂုဏ် အာရုံများကို ထာဝစဉ် စွန့်ပစ်လိုက်ခြင်း ဖြစ်တယ်။ သင် အော့နလုံးနာနေတဲ့ ရပ်တန့် ငြိမ်သက်ခြင်း၊ လှုပ်ရှားမှု ကင်းမဲ့ခြင်းကို လက်ခံလိုက်ခြင်းဖြစ်တယ်။ သင် သရော်နေတဲ့ ခြောက်ခန်းတဲ့ တရားအကျင့်နဲ့ မိမိရဲ့ နူးညံ့ပျော့ပျောင်းတဲ့ ကိုယ်ကာယကို လောင်မြိုက်စေခြင်း ဖြစ်တယ်" စိတ္တရလေခါသည် ခပ်မဆိတ်နေ၏။ ဘယ်လိုအဖြေပြန်ပေးရပါမည်နည်းဟု တွေးတောစိတ်ကူး၍ နေ၏။ ကချေသည် ဖြစ်လင့်ကစား၊ မမောက်ကမ ဖြစ်နေသည့် ဒဿနသဘောတရားများ၏ ကျေးကျွန် ဖြစ်လင့်ကစား၊ စိတ္တရလေခါသည် မုသားပြောတတ်သည့် အလေ့အကျင့် မရှိပေ။ သူ၏ ဝိညာဉ်က ပြောသည်- "မပြောဘူး" သူ့နှလုံးက စေ့ဆော်သည်- "ပြောမယ်" နှလုံးက အနိုင် ရရှိသွား၏။ နှလုံးသည် စိတ္တရလေခါအား သူ့ဘဝတွင် အကြီးဆုံးသော မုသားစကားကို ပြောခိုင်းလိုက်သည်- "ယောဂီ၊ အဲဒီအရာအားလုံးကို လုပ်ဖို့အတွက် အသင့် ပြင်ပြီးတော့ ကျွန်ုပ် လာခဲ့တာပါ"

"အဲဒီအရာအားလုံး လုပ်ဖို့ အသင့်ပြင်ပြီးတော့ လာခဲ့တာ။ ဟုတ်လား" ကုမာရဂိရိသည် အရှိန်အဝါ ကင်းမဲ့သွားသည်။

"အလှကညာပျို၊ သင်မှားမယ်။ သင်ပြုလုပ်ဖို့ အသင့်ပြင်နေတဲ့ အလုပ်ဟာ အင်မတန်မှ ခက်ခဲတဲ့ အလုပ် ဖြစ်တယ်။ လူတိုင်း အဲဒီအလုပ်ကို လုပ်နိုင်တာ မဟုတ်ဘူး။ သက္ကာယစွဲကို ပယ်စွန့်တဲ့ အလုပ်ဆိုတာ လွယ်ကူတဲ့အလုပ် မဟုတ်ဘူး။ သင် အဲဒီ အလုပ်ကို လုပ်နိုင်မှာ မဟုတ်ဘူး"

စိတ္တရလေခါသည် တည်ကြည်လေးနက်သွားလေ၏။

"ယောဂီ၊ သင် ပြောတာ မှန်ပါတယ်။ အဲဒီအလုပ်ဟာ ခက်ခဲတဲ့ အလုပ်ဆိုတာ မလွဲပါဘူး။ ဒါပေမဲ့ မဖြစ်နိုင်တဲ့ အလုပ်တော့ မဟုတ်ပါဘူး"

ယောဂီကုမာရဂိရိသည် စိတ္တရလေခါအား တစ်ကြိမ် ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြန်လေ၏။ စိတ္တရလေခါ၏ ကိုယ်ပေါ်တွင် ကသည့်အချိန်က ဝတ်သည့် အဝတ်များပင် ရှိနေသည်။ ထိုအချိန်က အလှနှင့် ထိုအချိန်က ယစ်မူးခြင်းပင် ရှိနေသည်။ စိတ္တရလေခါ၏ မျက်လုံး၌ ဆွဲဆောင်မှု ရှိလေသည်။ တက်ကြွမှု ရှိလေသည်။ ကုမာရဂိရိသည် စိတ်ထဲကပင် ပြောလိုက်လေ၏။

"ဒီမိန်းမဟာ အတော်ကို ထူးထူးခြားခြားလှတဲ့ မိန်းမဖြစ်တယ်"

ယနေ့အထိ ကုမာရဂိရိသည် အလှကို သတိမမူခဲ့ပေ။ အချစ်နှင့် တဏှာပေမ၏ နယ်ပယ်သည် သူ့အတွက် အစိမ်းသက်သက် ဖြစ်သည်။ ယင်းအလှကြောင့် ယောဂီ၏ စိတ်နှလုံးထဲတွင် လှုပ်ရှားသလိုလို ဖြစ်လာလေ၏။ ပထမဆုံးအကြိမ် ယောဂီသည် ယင်းလှုပ်ရှားခြင်းနှင့် အတူတကွ လောကီချမ်းသာသုခကို တွေ့ထိခံစား မိသွားလေသည်။ ယင်း ချမ်းသာသုခသည် မည်မျှဆန်းကြယ်ပေသနည်း။ ယောဂီက ပြောလိုက်လေသည်။

"အလှကညာပျို စိတ္တရလေခါ၊ သင့်ကို ကျုပ်ရဲ့ တပည့်လုပ်ဖို့ကိစ္စဟာ ဘယ်အတိုင်းအတာအထိ သင့်လျော် လျောက်ပတ်လိမ့်မယ်ဆိုတာကို ကျုပ်စဉ်းစားရလိမ့်ဦးမယ်။ ကျုပ်အခု ဘာမှ မပြောနိုင်သေးဘူး"

"သင် အခု ဘာမှ မပြောနိုင်သေးဘူး ဟုတ်လား၊ ယောဂီ" စိတ္တရလေခါသည် ကုမာရဂိရိ၏ စကားကို သံယောင်လိုက် ပြောလိုက်လေ၏။

Typing - ငွေဇင်ယော်

“ဘာဖြစ်လို့လဲ။ သင် ကျွန်ုပ်ကို မယုံကြည်လို့လား။ ဒါမှမဟုတ် ကိုယ့်ကိုယ်ကို မယုံကြည်လို့လား။ ယောဂီ၊ တစ်ခုတော့ သတိပြုစေချင်ပါတယ်။ ကျွန်ုပ်ကို တပည့်အဖြစ် လက်ခံဖို့ မခံဖို့ ကိစ္စဟာ သင့်အတွက် ဘယ်လိုပဲ အဓိပ္ပာယ် ရှိနေ ရှိနေ ကျွန်ုပ်အတွက်ကတော့ အဲဒါဟာ သေရေး ရှင်ရေး ပြဿနာဖြစ်တယ်။ အဲဒီအမြင်နဲ့ကြည့်ရင် သင်ယောဂီဟာ အင်မတန်မှ ကြီးလေးတဲ့တာဝန်ကြီး ရှိနေပါတယ်။ တကယ်လို့ ပုဂ္ဂိုလ် တစ်စုံတစ်ယောက်ဆီမှာ ရေရှိနေပြီး အဲဒီပုဂ္ဂိုလ်ဟာ ရေငတ်မွတ်နေတဲ့ ညေ့သည်ကို ရေမပေးဘဲ ရေငတ်ပြီး တဖျပ်ဖျပ် လူးလွန့်သေတာကို ကြည့်နေမယ်ဆိုရင် အဲဒီ ပုဂ္ဂိုလ်ဟာ အင်မတန်မှ အပြစ်ကြီးလေးတဲ့ ပုဂ္ဂိုလ် ဖြစ်လိမ့်မယ်လို့ မှတ်ရမယ်။ အဲဒီပုဂ္ဂိုလ်ရဲ့ ဝိညာဉ်ဟာ ချမ်းသာသုခကို ဘယ်တော့မှ ရတော့မှာ မဟုတ်ဘူး”

ထိုပြန်ကြား ပြောဆိုချက်ကြောင့် ကုမာရဂိရိ ထိတ်လန့် တုန်လှုပ်သွားလေ၏။

“အလုကညာပျို၊ သင့်ကို ပွင့်ပွင့်လင်းလင်း ပြောပြပါတော့မယ်။ သင့်ကို တပည့်အဖြစ် လက်ခံဖို့ ကျုပ် ဘာဖြစ်လို့ စိုးရွံ့နေသလဲဆိုရင် သင့်မှာ ကမောက်ကမ ဖြစ်နေတဲ့ ဒဿန သဘောတရားများ အမြစ်တွယ်နေကြတယ်။ အဲဒီ သဘောတရားများနဲ့အတူ ဆင်ခြင်တုံတရားများလည်း ယှဉ်တွဲနေတယ်။ အဲဒီ သဘောတရားများကို ယုံကြည်တဲ့ ပုဂ္ဂိုလ်ဟာ တန်ခိုး အရှိန်အဝါ မသေးဘူး။ ကျုပ် စိုးရိမ်တာ တစ်ခုက အဲဒီသဘောတရားများကို သင့်ဆီက ဖယ်ထုတ်ပစ်ရမယ့်အစား ကျုပ်ကိုယ်တိုင် အဲဒီသဘောတရားများထဲမှာ ဖမ်းမိများ သွားမလားလို့။ ဟင့်အင်း၊ ဟင့်အင်း ... အဲဒါ မဖြစ်နိုင်ဘူး” ကုမာရဂိရိ ရပ်သွားလေ၏။ မိမိ၏ စိတ်အားပျော့ချက်ကို ယောဂီသည် ပထမဆုံးအကြိမ် သတိပြုမိသည်။ ယင်း စိတ်အားပျော့ချက်ကို အမှတ်မထင်လည်း ဖွင့်ဟလိုက်မိလေသည်။ ကံဆိုးပုံမှာ ထိုစိတ်အားပျော့ချက်ကို သူဖွင့်ဟလိုက်သည်မှာလည်း ကချေသည်တစ်ဦး၏ ရှေ့မှောက်၌ ဖြစ်နေသည်။ ကုမာရဂိရိသည် မိမိကိုယ်ကိုမိမိ အမျက်ထွက်နေမိ၏။ သူ၏ ငြိမ်းအေးသော မျက်နှာသည် ဒေါသကြောင့် နီရဲလာလေ၏။

“အလုကညာပျို၊ ကျုပ် အခုပြောခဲ့တာတွေကို မေ့ထားလိုက်ပါတော့။ ကျုပ် တောင်းပန်ပါရစေ။ သင် ဒီက ထွက်သွားပါ။ အခြေအနေကို လေ့လာစဉ်းစားနိုင်အောင် ကျုပ်ကို အချိန်ပေးပါ”

“ကောင်းပါပြီ ယောဂီ၊ တကယ်လို့ ကျွန်ုပ် ဒီမှာ ရှိနေတဲ့အတွက်ကြောင့် သင့်မှာ စိတ်မချမ်းမသာ ဖြစ်နေတယ်ဆိုရင် ဒီက ထွက်သွားတာပဲ ကျွန်ုပ်အတွက် ကောင်းပါလိမ့်မယ်။ သင့်ရှေ့မှောက်မှာ ရပ်နေတဲ့ မိန်းမဟာ အမိုက်မှောင်ဖြစ်တယ်။ မာယာဖြစ်တယ်လို့ သင်က ထင်နေတယ်။ ကျွန်ုပ်ရဲ့ ကမောက်ကမ ဖြစ်နေတဲ့ သဘောတရားများကို သင်က ထိတ်လန့်ကြောက်ရွံ့နေတယ်။ ဒါပေမဲ့ သင့် အဲဒီ အယူအဆဟာ အခြေအမြစ် မရှိဘူး။ သင့် တပည့်ခံဖို့ လာတဲ့အခါမှာ ကျွန်ုပ်ဟာ ကိုယ့်ယုံကြည်ချက်၊ ကိုယ့်အတွေး၊ ကိုယ့်အစဉ်အလာများကို စွန့်ပယ်ထားခဲ့တယ်။ ပြီးတော့ မိန်းမဆိုတာ အမိုက်မှောင် ဖြစ်တယ်၊ မာယာ ဖြစ်တယ်လို့ သင်က စွပ်စွဲပြန်တယ်။ ယောဂီ၊ အဲဒီနေရာမှာလည်း သင်မှားတယ်။ မိန်းမဆိုတာ သူ့ကို ထိန်းကွပ်တဲ့ ပုဂ္ဂိုလ်က အရည်အချင်းရှိရင် အင်အားဖြစ်တယ်၊ အပြုဖြစ်တယ်။ တကယ်လို့ သူ့ကို ထိန်းကွပ်တဲ့ပုဂ္ဂိုလ်က အရည်အချင်း မရှိရင်တော့ မိန်းမဟာ အဖျက်ပဲ ဖြစ်မှာပဲ။ ဒါကြောင့် မိန်းမကို ကြောက်တဲ့ ပုဂ္ဂိုလ်ဟာ အရည်အချင်း မရှိတဲ့ လူရင်လည်း ဖြစ်ရမယ်။ သူရဲဘောကြောင်တဲ့ ပုဂ္ဂိုလ်ရင်လည်း ဖြစ်ရမယ်။ အရည်အချင်းမရှိသူနဲ့ သူရဲဘောကြောင်တဲ့သူ နှစ်မျိုးလုံးဟာ ကျပ်မပြည့်တဲ့ ပုဂ္ဂိုလ်များသာ ဖြစ်ကြတယ်“

စိတ္တရလေခါသည် ထိုနေရာမှ ထွက်ခွာသွားလေ၏။ ခပ်လှမ်းလှမ်းသို့ ရောက်သွားသောအခါ ရပ်လိုက်ပြန်သည်။ ကုမာရဂိရိ၏ မျက်လုံးသည် သူညထဲတွင် ရောက်နေသည်။ စိတ္တရလေခါက ပြောပြန်သည်။

“တစ်ခုပြောမလို့ မေ့သွားတယ်။ ကျွန်ုပ် နက်ဖြန်ခါ သင့်ဆီ တစ်ခါလာဦးမယ်။ သင့်ကို စဉ်းစားဆင်ခြင်နိုင်အောင် အချိန် လုံလုံလောက်လောက် ပေးလိုက်မယ်။ တကယ်လို့ ကျွန်ုပ်ကို တပည့်အဖြစ် လက်ခံဖို့ သင့်တော်တယ်လို့ အထင်ရှိရင် နက်ဖြန်ခါကျတော့ ကျွန်ုပ်ကို ပြောပြပါ။ သင့် ခြေအစုံပေါ်မှာ ဒီက ကျွန်မ ဦးတိုက်ရှိခိုး လိုက်ပါတယ်”

*Typing - ငွေဇင်ယော်*

ကုမာရဂိရိသည် စိတ္တရလေခါ ထွက်သွားသည်ကို ကြည့်နေရင်း ရုတ်တရက် ထိတ်လန့်သွား၏။ စိတ္တရလေခါ၏ အသံ၌ရှိသော တေးဂီတသည် သူ၏နားထဲတွင် ပဲ့တင်ထပ်နေသည်။ စိတ္တရလေခါ၏ အလှတွင်ရှိသော အရောင်အဝါသည် သူ၏ မျက်လုံးရှေ့တွင် ကနေသည်။ သတိလက်လွတ် ဖြစ်သွားမှာလည်း စိုးရိမ်၊ ရှေ့တွင်လည်း ရန့်ထုံသင်းနေသည့် သေရည် လျှံကျနေသည်ကို တွေ့ရသော အာသာမပြေသည့် သေသောက်သမားကဲ့သို့ ယောဂီသည် စိတ္တရလေခါကို စူးစိုက်ကြည့်ရှုနေလေသည်။ မိမိကိုယ်ကို ပိတ်ပင်တားမြစ်ရန် မစွမ်းနိုင်တော့ပေ။ စိတ္တရလေခါကို လှမ်းခေါ်လိုက်လေ၏။

"အလှကညာပျို၊ ခဏ နေပါဦး"

ကုမာရဂိရိ၏ မျက်လုံးသည် အောက်ဖက် စိုက်ကျသွားလေ၏။ သူ၏ ဝိညာဉ်သည် နလုံး၏ တက်ကြွလှုပ်ရှားမှုကို ဆန့်ကျင်ကန့်ကွက်သည်ကား မှန်သည်။ သို့ရာတွင် နလုံးသည် "ငါ ဒီမိန်းမရဲ့ စကားကို ပြန်လည်ဖြေကြားပြီး မိမိရဲ့အခြေ အနေကို ပြတ်သားအောင် လုပ်ဖို့လိုတယ်" ဟု ပြောပြီးလျှင် ဝိညာဉ်၏ ကန့်ကွက်ချက်ကို ပယ်လိုက်လေသည်။ စိတ္တရလေခါ ပြန်လှည့်လာလေသည်။

"ယောဂီ၊ သင် ကိုယ့်အမှားကို ကိုယ် ပြန်သတိရတယ်ထင်တယ်။ ပြောလေ၊ ဘာပြောချင်လို့လဲ"

ကုမာရဂိရိက မည်သို့မျှ အဖြေပြန်မပေးပေ။ လရောင်အောက်၌ စိတ္တရလေခါ၏ အလှကို စူးစိုက် ကြည့်ရှုနေသည်။ စိတ္တရလေခါ၏ ဝတ်စားတန်ဆာများကို မြင်ရသည်။ သေရည်ကို တွေ့ရသည်။ ယစ်မူးခြင်းကို တွေ့ရသည်။ အလိုဆန္ဒကို အာရုံပြုမိသည်။ အလိုဆန္ဒ၏ စိတ်ပါဝင်စားစရာကိုလည်း သတိပြုမိသည်။ ရှောင်တခင် စိတ်နလုံးထဲတွင် ပြဿနာ ပေါ်လာလေ၏ "မိန်းမဆိုတာ ဘယ်လိုအရာနည်း။ အလှဆိုတာ ဘယ်လိုအရာနည်း။ ဘုရားသခင်ဟာ အဲဒီ အရာဝတ္ထုများကို ဘာကြောင့် ဖန်ဆင်းထားသနည်း" ယင်းပြဿနာကား သင့်လျော်လျောက်ပတ်သည့် ပြဿနာ မဟုတ်။ နှစ်ရှည်လများ အထုံရှိလာခဲ့သော အတွေးအသိက ပြောလေ၏ "ငါ ကိုယ့်လမ်းကြောင်းက သွေဖည်များ သွားနေသလား" ယောဂီသည် အစွမ်းရှိသမျှ ကြိုးစားအားထုတ်၍ ထိုအတွေးကို ဖိနှိပ်ထားလိုက်သည်။

"အလှကညာပျို၊ ဘယ်လိုအမှားကို သင်ဆိုလိုတာလဲ။ ကျုပ်သိရသမျှ ကျုပ်ဟာ ဘယ်လိုအမှားမျိုးကိုမှ မပြုလုပ်ခဲ့ဖူးဘူး"

ဆန့်ကျင်ဘက် ပြန်လှန် ချေပနေခြင်းဖြင့် ကျေးဇူးမများတော့ပေ "အရှင်၊ သည်းခံပါ။ ကျွန်ုပ် ဆရာတစ်ဆူ တင်မယ့် ပုဂ္ဂိုလ်ဟာ အမှားကိုပြုလုပ်မယ့် ပုဂ္ဂိုလ်မျိုး မဟုတ်ပါဘူး။ ကျွန်ုပ် ပြောမှားဆိုမှား လုပ်မိတဲ့အတွက် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

"အင်း ... သင့်ကို ဘာပြောချင်သလဲလို့ သင်က အခုန မေးတယ်။ ပြီးတော့ ကျုပ် သင့်ကို ဘာဖြစ်လို့ လှမ်းခေါ်တာလဲဆိုတဲ့ မေးခွန်းကိုလည်း သင့်အနေနဲ့ မေးဖို့ ကောင်းသေးတယ် ထင်တယ်။ ကျုပ် အဲဒါတွေကို ဘာဖြစ်လို့ လုပ်တယ်ဆိုတာ ကျုပ်ကိုယ်တိုင်လည်း မသိဘူး။ အမှန်တကယ်ပဲ ကျုပ်ဟာ မဟာအမှားကြီးတစ်ရပ်ကို ဒီတစ်ခါ ကျူးလွန် ပြုလုပ်မိတယ်။ ဘာပဲဖြစ်ဖြစ် ကျုပ် သင့်ကို တပည့်အဖြစ် လက်ခံနိုင်စွမ်း မရှိဘူးဆိုတဲ့ အကြောင်းပါပဲ။ လက်ခံနိုင်စွမ်း မရှိရုံတင် မဟုတ်ဘူး။ အဲဒီအလုပ်ဟာ ကျုပ်အတွက် မဖြစ်နိုင်တဲ့ အလုပ်တစ်ခု ဖြစ်ပါတယ်။ သင့်ကို တပည့်အဖြစ် လက်ခံတယ်ဆိုတာဟာ ကျုပ်ကိုယ်တိုင် သင့်တပည့် ဖြစ်သွားတယ်ဆိုတဲ့ အနက်အဓိပ္ပာယ် ဖြစ်ချင်ဖြစ်နေလိမ့်မယ်။ အဲဒီကိစ္စအတွက် ကျုပ် အသင့်မရှိဘူး" ကုမာရဂိရိ၏ မျက်လုံးသည် အတ္တတောင်စွယ်တွင် ကွယ်လုလု ဖြစ်နေသည့် လမင်းဆီသို့ ရောက်ရှိနေသည်။

စိတ္တရလေခါသည် တည်ကြည် လေးနက်နေ၏။ သူ၏ မျက်နှာတွင် စိတ်ပျက်အားလျော့ခြင်းနှင့် ဖျော့တော့တော့ အရောင်အသွေး ပေါ်လွင်နေသည်။ သူ၏ မျက်လုံး၌ ကရုဏာ၏ အရိပ်အခြည် ထင်နေသည်။ ဖြည်းညင်းစွာ ပြောလိုက်လေ၏ "အရှင်၊ သင် ပြုလုပ်လိုက်တဲ့ အမှားကြောင့် သင့်ထက် ကျွန်ုပ်က ပိုပြီး စိတ်မချမ်းမသာ ဖြစ်နေရတယ်။ ကျွန်ုပ် ဘာလုပ်ရမယ်ဆိုတာ မသိတော့ပါ။ သင်ရဲ့ မစွမ်းနိုင်မှုဟာ ကျွန်ုပ်ရဲ့ဘဝမှာ

Typing - ငွေဇင်ယော်

ဘယ်လိုဩဇာမျိုး သက်ရောက်သွားလိမ့်မယ်ဆိုတာ ကျွန်ုပ် အခု အတိအကျ ပြောမပြနိုင်ပါ။ ဒါပေမဲ့ သင်ရဲ့ ဩဇာဟာ ကျွန်ုပ်ရဲ့ဘဝမှာ အကြီးအကျယ် လွှမ်းမိုးသွားပြီ ဆိုတာကတော့ သံသယဖြစ်ဖွယ် မလိုတော့ဘူး။ ကျွန်ုပ် မျှော်လင့်ခဲ့တယ်။ သင် ကျွန်ုပ်ကို တပည့်အဖြစ် လက်ခံကောင်း လက်ခံလိမ့်မယ်လို့ မျှော်လင့်ပြီး အနာဂတ်ရဲ့ အုတ်မြစ်ပေါ် ကျွန်ုပ် လျှောက်လာခဲ့တယ်။ ဒါပေမဲ့ အခု အဲဒီမျှော်လင့်ချက်တွေဟာ ကြွေမွ ပျက်စီးသွားကုန်ပြီ။ သင့်အလိုအရဆိုရင် ကျွန်ုပ်ရဲ့ဘဝဟာ အဓိပ်အတိသာ ဖြစ်တယ်။ ကျွန်ုပ် သင့် အလင်းရောင်ကို ကြည့်မြင်လိုတယ်။ 'အလိုဆန္ဒ' ပြည့်ဝ မသွားဘူး။ ဒါပေမဲ့ အဲဒါလို ဖြစ်တဲ့အတွက် ကျွန်ုပ် သင့်ကို အပြစ်မတင်ဘူး။ ကိုယ့် ကံကြမ္မာကိုသာ အပြစ်တင်ချင်တယ်" ယင်းသို့ပြောလျက် စိတ္တရလေခါသည် ယောဂီကုမာရ၏ အနီးသို့ ကပ်သထက် ကပ်လိုက်လေ၏။

ယောဂီသည် မတုန်မလှုပ် ရပ်နေသည်။ စိတ္တရလေခါက သူ၏လက်ကို လှမ်းကိုင်လိုက်လေ၏။ တုန်လှုပ်ခြင်းတစ်မျိုး ထူးခြားစွာ ဖြစ်ပေါ်လာသည်ဟု ယောဂီ သတိထားလိုက်မိသည်။ သို့ရာတွင် ယင်း တုန်လှုပ်ခြင်း၌ ရွှင်လန်းမှု ရှိသည်။ တက်ကြွမှု ရှိသည်။

"အင်း ဟုတ်တယ်။ ကျွန်ုပ်နဲ့ သင်ရဲ့ ပေါင်းဆုံမှု မဖြစ်နိုင်ဘူးဆိုတာ ဟုတ်ပါလိမ့်မယ်။ ကျွန်ုပ်က မိန်းမ၊ သင်က ယောက်ျား။ ကျွန်ုပ်က ကချေသည်၊ သင်ကယောဂီ။ ကျွန်ုပ်ရဲ့နယ်ပယ်က တဏှာပေမ၊ သင်ရဲ့ နယ်ပယ်က အကျင့်တရား၊ အဲဒီနှစ်မျိုးမှာ ပဋိပက္ခသဘော ရှိနေတယ်။ သင်ဟာ ကျွန်ုပ်ရဲ့ဘဝမှာ မုန်တိုင်းအသွင်လို ရောက်လာပြီး ပြန်ထွက်သွားတယ်။ ကောင်းပါပြီ။ နောက်ကို ကျွန်ုပ် သင်နဲ့ မတွေ့အောင် ကြိုးစားပါတော့မယ်။ ဒါပေမဲ့ ယောဂီ၊ ကျွန်ုပ်တို့ တစ်ယောက်နဲ့ တစ်ယောက် မခွဲမီ ကျွန်ုပ် သင့်ခြေမှာရှိတဲ့ မြူမှုန်များကို ကျွန်ုပ်ရဲ့ ဦးခေါင်းပေါ်မှာ တင်လိုပါတယ်" စိတ္တရလေခါသည် ကုမာရဂိရိ၏ ခြေထောက်ပေါ်၌ လဲကျသွားလေသည်။

ကုမာရဂိရိ၏ နလုံးသည် တဒိတ်ဒိတ် ခုန်နေသည်။ မိမိခြေထောက်ပေါ်၌ စိတ္တရလေခါ လဲကျသွားသည်ကို တွေ့ရသောအခါ ယောဂီ မျက်လုံးပြူးသွားလေ၏။ စိတ္တရလေခါကို ထူလိုက်သည်။ ယောဂီ၏လက်သည် စိတ္တရလေခါ၏ ရင်သားနှင့် ထိသွားသည်။ စိတ္တရလေခါသည် ပီတိသောမနဿ ဖြစ်လွန်းလှသဖြင့် ကြက်သီးမွေးညင်း ထသွားသည်။ ယင်းအထိအတွေ့သည် ယောဂီအတွက် မည်သို့မျှ အဓိပ္ပာယ် မရှိပေ။ သာမန်အနေအားဖြင့် မတော်တဆ ဖြစ်သွားခြင်းသာ ဖြစ်သည်။ သူ၏ အာရုံကလည်း အခြားသို့ ရောက်နေသဖြင့် ယင်းအထိအတွေ့ကို သတိမမူ လိုက်မိပေ။ သို့ရာတွင် စိတ္တရလေခါကမူ ယင်းအဖြစ်အပျက်ကို အနက်အဓိပ္ပာယ်တစ်မျိုး ကောက်ယူလိုက်လေ၏။

"သင် ကျုပ် ခြေထောက်ကို ဘာဖြစ်လို့ ထိနေသလဲ အလှကညာပျို"

စိတ္တရလေခါသည် ကုမာရဂိရိနှင့် ကပ်၍ ရပ်နေလေ၏။ မိမိ၏ မျက်နှာကို ကုမာရဂိရိ၏ မျက်နှာအနီးသို့ တိုးပြီးလျှင် ပြောလိုက်သည်။

"သင်ဟာ ကျွန်ုပ်ရဲ့ အပူဇော်ခံ နတ်ဒေဝတာ ဖြစ်တယ်"

ကုမာရဂိရိ၏ မျက်လုံးသည် စိတ္တရလေခါ၏ မျက်လုံးနှင့် ပေါင်းဆုံသွားလေသည်။ စိတ္တရလေခါ၏ မျက်လုံးထဲတွင် ရှိနေသော ယစ်မူးခြင်း၏ တန်ခိုးရှိန်ဝါသည် ကုမာရဂိရိ၏ မျက်လုံးပေါ်တွင်လည်း ကျရောက်သွားသည်။ စိတ္တရလေခါသည် မျက်နှာကို အနည်းငယ် ရှေ့သို့ တိုးလိုက်လေ၏။ ကုမာရဂိရိသည် မျက်နှာ တစ်ဖက် လှည့်မသွားပေ။ သူ၏ ထွက်သက်ဝင်သက်မှာ ပူနွေးနွေး ဖြစ်လာလေသည်။ သူ၏ တစ်ကိုယ်လုံးမှာလည်း တုန်နေသည်။

ထိုအခိုက် ကုမာရဂိရိ ခေါ်သံကြားလိုက်ရ၏။

"ဆရာအရှင်"

ကုမာရဂိရိ ခေါင်းနပန်းကြီးသွား၏။ နမော်နမဲ့နှင့် မြွေမ၏ အနီးသို့ ရောက်သွားပြီး မြွေမက ကိုက်မည်အပြုတွင် ခပ်လှမ်းလှမ်းတွင် ရပ်နေသူတစ်ဦးက လှမ်းသတိပေးမှ တထိတ်တလန့်နှင့် တိမ်းလိုက်သည့် လူကဲ့သို့ ကုမာရဂိရိသည် စိတ္တရလေခါ၏ အနီးမှ တိမ်းလိုက်လေသည်။ ရှေ့၌ ဝိလာသဒေဝ ရပ်နေသည်။ ဝိလာသဒေဝကို တွေ့ရသဖြင့်

Typing - ငွေဇင်ယော်

ကုမာရဂိရိသည် မှုန်ထူသွားပြီးလျှင် ဦးခေါင်းငိုက်စိုက် ကျသွားလေသည်။ ယောဂီသည် ယနေ့ အရှုံးပေးလိုက်ရလေသည်။ ကချေသည်ကို မိမိ၏ တပည့်ရှေ့မှောက်၌ပင် အရှုံးပေးလိုက်ရလေသည်။

စိတ္တရလေခါကမူ ဝိလာသဒေဝအား အကြီးအကျယ် ဒေါ်ပွသွားလေ၏။ ပထမဆုံးတစ်ကျိုက်ကို အရသာခံနေစဉ် ပါးစပ်ဖျားမှ သေရည်ခွက် ပုတ်အချခံလိုက်ရသည်။ ဝိလာသဒေဝသည် ထိုအချိန် ထိုအခါမျိုး၌ မည်ကဲ့သို့သော လာပိုင်ခွင့်မှ မရှိပေ။ စိတ္တရလေခါသည် မိတ်လိုက်စဉ်အတွင်း လူကိုတွေ့ရသဖြင့် ရှုံးကနဲ ဒေါသဖြစ်ပြီး ထိုလူကို ကိုက်ရန် လိုက်သော မြွေမကဲ့သို့ ဝိလာသဒေဝအား အပြိုးထားလေတော့သည်။

"လုလင်၊ သင် ဘယ်သူလဲ။ ဒီအချိန် ဒီကို ဘာကြောင့် လာရသလဲ" စိတ္တရလေခါ၏ အသံသည် ခက်ထန်မာကျောလာလေသည်။

"ကျွန်ုပ် ဆရာအရှင်ရဲ့ တပည့်ဖြစ်တယ်။ ညဦးနက်သန်းခေါင်အထိ ဆရာအရှင် ပြန်မလာတဲ့အတွက် ကျွန်ုပ် သူ့ကို ရှာရအောင် လိုက်လာတာ"

စိတ္တရလေခါက "ခက်လိုက်တာ" ဟု ညည်းပြီးလျှင် ကုမာရဂိရိအား ပြောလေ၏။

"ကဲ ဒါဖြင့် သွားတော့မယ် ဆရာအရှင်။ ဒါပေမဲ့ တစ်ခုတော့ သတိပြုပါ။ ကျွန်ုပ်ဟာ ဆရာအရှင်ရဲ့ တပည့်အဖြစ်ကို လိုလားနေတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါတယ်။ ကျွန်ုပ်ကို ဆရာအရှင် နည်းနိသလရည်း ညွှန်ကြားပြသ ပေးကိုပေးရမယ်"

စိတ္တရလေခါ၏ နူးညံ့ပြီး တည်ကြည်သော အသံ၌ အမိန့်သြဇာပေးသည့် သခင်မ၏ လေးနက်မှု ရှိနေသည်။

"ကျွန်ုပ် လူစုလူဝေးထဲက ထွက်ပြီး ဆိတ်ငြိမ်ရာကို လာချင်တဲ့ဆန္ဒ ရှိတယ်။ အဲဒီကိစ္စကို စဉ်းစားချိန်ဆနိုင်အောင် သင့်ကို အချိန်ပေးလိုက်ပါတယ် ဆရာအရှင်။ သင်ဟာ လူထက်မြင့်တဲ့ အဆင့်ပေါ်မှာ ရောက်နေတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။ သင့်အနေနဲ့ ကျွန်ုပ်ကို ကြောက်လန့်နေစရာ အကြောင်း မရှိပါဘူး။ သင်ဟာ ကာမဂုဏ်အာရုံရဲ့ အပေါ်မှာ အနိုင်ရထားတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ဒါကြောင့် ဟောဒီ ကျွန်မက ရှိခိုးဦးတင် လိုက်ပါတယ်" ယင်းသို့ပြောပြီးလျှင် စိတ္တရလေခါသည် ထိုနေရာမှ ထွက်ခွာသွားလေ၏။

ကုမာရဂိရိသည် ဝိလာသဒေဝ၏ လက်ကို ဆတ်ခနဲ ဆွဲကိုင်လိုက်ပြီးလျှင် "မင်း သိပ်မိုက်တဲ့ အကောင်ပဲ" ဟု ပြောလိုက်လေသည်။

ထိုအချိန်၌ လမင်းသည် အတ္တတောင်စွယ် အတွင်းသို့ သက်ဆင်းနေလေ၏။

## အခန်း ( ၇ )

"သေတံက"

"သခင်"

"မင်း ဒီနေ့ ဘာကို တွေ့ခဲ့သလဲဆိုတာ ပြောပြနိုင်ပါ့မလား"

"ပြောပြနိုင်ပါတယ်။ ဒီကနေ့ ယောဂီကုမာရဂိရိကို သခင်မက အနိုင်ရလိုက်တယ်။ ကျွန်ုပ် ဝမ်းသာလိုက်တာ မပြောပါနဲ့တော့"

"မင်းက ဝမ်းသာတယ်၊ ဟုတ်လား" ဗီဇဂုတ္တက ရယ်လိုက်လေ၏။ သို့ရာတွင် သူ၏ရယ်သံသည် အခြောက်တိုက်ရယ်သံ ဖြစ်နေသည်။

"စိတ္တရလေခါက ကုမာရဂိရိကို အနိုင်ရလိုက်တာ မင်းက ဝမ်းသာတယ် ဟုတ်လား။ ဒါပေမဲ့ သေတံက၊ ငါကတော့ စိတ်မကောင်း ဖြစ်သွားတယ်။ ငါ့စကားကို မင်း အံ့သြချင် အံ့သြနေလိမ့်မယ်။ ဒါပေမဲ့ ငါ တကယ်ပြောနေတာ။ မင်းကတော့ ရယ်နိုင်တယ်။ ငါလည်းပဲ ရယ်ချင် ရယ်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ ငါ့အသည်းနှလုံးကတော့ ငိုနေတယ်"

*Typing - ငွေဇင်ယော်*

သေတံကက အံ့ဩသော အမူအရာဖြင့် မေးလိုက်လေ၏။ "ကျွန်ုပ် သခင် ပြောတဲ့ အဓိပ္ပာယ်ကို နားမလည်ဘူး"

"နားမလည်ဘူး ဟုတ်လား။ အင်း ဟုတ်တယ်၊ ဘယ်ပုံ ဘယ်နည်းနဲ့ မင်းနားလည်နိုင်ပါ့မလဲ။ မင်း အခု ကမ္ဘာလောကကို မမြင်ရသေးဘူး။ မင်း အတွေ့အကြုံ မရှိသေးဘူး။ မင်း စိတ္တရလေခါရဲ့ အနိုင်လို့ ထင်မှတ်နေတဲ့ အရာဟာ စိတ္တရလေခါရဲ့ မဟာအရှုံး ဖြစ်နေတယ်။ စိတ္တရလေခါနဲ့ ကုမာရဂိရိ၊ သူတို့နှစ်ယောက် ဘယ်သူမှ နိုင်သူ မဟုတ်ကြဘူး။ နှစ်ယောက်စလုံး ရှုံးသူများ ဖြစ်ကြတယ်။ ပတ်ဝန်းကျင် အခြေအနေ စက်ရဟတ်ဝန်းဟာ အရှိန်ပြင်းစွာနဲ့ လည်နေတယ်။ အဲဒီစက်ဝန်းအပတ်ထဲမှာ ဒီသတ္တဝါနှစ်ဦးစလုံး မိနေကြတယ်"

သေတံကသည် ဗီဇဂုတ္တ၏ စကားကို ယခုထက်တိုင် နားမလည်သေးပေ။ ထိုအချိန်၌ ယာဉ်ရထားသည် ဗီဇဂုတ္တ၏ အိမ်တံခါးဝသို့ ရောက်လာလေ၏။ နှစ်ဦးလုံးပင် ရထားပေါ်မှ ဆင်းလိုက်ကြလေ၏။ ဗီဇဂုတ္တသည် သေတံက၏ လက်ကိုကိုင်လျက် ပြောလိုက်လေ၏။

"မင်းနဲ့ ထပ်စကားပြောချင်သေးတယ်။ လာ ... မင်း ငါနဲ့ တစ်အောင့်လောက် ထိုင်လိုက်ပါဦး"

သေတံကသည် အမှန်တကယ်ပင် ဗီဇဂုတ္တ၏ စကားကို နားမလည်ပေ။ သခင်နှင့် အလုပ်အကျွေး နှစ်ဦးလုံးပင် စာကြည့်ဆောင်သို့ ဝင်သွားကြလေသည်။ သေတံကအား ထိုင်ရန် ညွှန်ကြားလိုက်ပြီး ဗီဇဂုတ္တသည် သူကိုယ်တိုင်လည်း ထိုင်လိုက်လေ၏။ ထို့နောက် စကားစလိုက်လေ၏။

"သေတံက၊ ကုမာရဂိရိ ဘာကြောင့် ရှုံးတယ်ဆိုတာ သိရဲ့လား"

"ဟင့်အား မသိဘူး"

"အဲဒီ လျှို့ဝှက်ချက်ကို ငါ ပြောပြမယ်။ နားထောင်။ မင်း စိတ္တရလေခါကို ငါသိသလောက် မသိဘူး။ စိတ္တရလေခါရဲ့ လှုရည်လှုသွေးဟာ အင်မတန် မြင့်တယ်။ ဩဇာတန်ခိုးလည်း ရှိတယ်။ ကုမာရဂိရိကတော့ ပညာရှိ ဖြစ်တယ်။ ယောဂီ ဖြစ်တယ်။ ကာမဂုဏ် အာရုံဆိုတာ သူ့ရန်သူပဲ။ ပြီးတော့ စိတ္တရလေခါဟာ ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပေမယ့် အကျင့်တရား ဆိုတာနဲ့တော့ ဝေးသောကပဲ။ ကုမာရဂိရိနဲ့ စိတ္တရလေခါ နှစ်ယောက်စလုံးဟာ အတ္တစွဲ ကြီးနေကြတဲ့ ငါစွဲ သက္ကာယစွဲရဲ့ ကျေးကျွန်များ ဖြစ်ကြတယ်။ ပြီးတော့ နှစ်ယောက်စလုံး ငါစွဲ သက္ကာယစွဲရဲ့ ရောင့်ရဲ တင်းတိမ်မှုကို ယုံကြည်နေကြသူများ ဖြစ်ကြတယ်။ ဒါပေမဲ့ သူတို့ နှစ်ယောက်ရဲ့ လမ်းစဉ်ကတော့ တစ်ခုနဲ့တစ်ခု မတူဘူး။ ဆန့်ကျင်ဘက် ဖြစ်တယ်။ တစ်ယောက်က အကျင့်တရားကို ကိုးကွယ်လဲလျောင်းပြီး အခြားတစ်ယောက်က ကိုယ့်ကိုယ်ကို အားကိုးယုံကြည်မှုကို ကိုးကွယ်လဲလျောင်းတယ်။ ဒါပေမဲ့ ဒီကနေ့ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ကြောင့် နှစ်ဦးစလုံး မိမိတို့ရဲ့ လမ်းစဉ်က သွေဖည်သွားကြတယ်။ မဝေးလှတဲ့ အနာဂတ်မှာ နှစ်ယောက်စလုံးဟာ မိမိတို့ရဲ့ စွမ်းရည်သတ္တိ ပျောက်ဆုံးသွားကြလိမ့်မယ်"

ဗီဇဂုတ္တ၏ စကားများသည် သေတံကအတွက် ပဟေဠိအသွင် ဆောင်နေသည်။ သေတံကက ပြောလိုက်သည်။

"သခင်၊ ကျွန်ုပ် သခင့်အတွေးအခေါ်ရဲ့ အတိမ်အနက်ကို ထောက်ကြည့်လို့ မရအောင် ဖြစ်နေပါတယ်"

ဗီဇဂုတ္တ၏အသံသည် လျော့ကျသွားလေသည်။

"ဒီအကြောင်းကို ငါ ဒါထက် ရှင်းပြနိုင်စွမ်း မရှိတော့ဘူး။ ဒါထက်ပိုပြီး ရှင်းပြတာကိုလည်း ငါ သင့်လျော်လျောက်ပတ်တယ်လို့ မထင်ဘူး။ အင်း ... တစ်ခုတော့ ရှိတယ်။ တကယ်လို့ မင်း အဲဒီအကြောင်းကို သိချင်သပဆိုရင် ငါပြောတဲ့အတိုင်း လုပ်ပေတော့"

သေတံကက ပြောလေ၏။ "သခင် အမိန့်ပေးတဲ့အတိုင်း လိုက်နာဆောင်ရွက်ပါ့မယ်"

ဗီဇဂုတ္တက ပြောလေသည်။

*Typing - ငွေဇင်ယော်*

"အခု မင်း စိတ္တရလေခါကို ချီးကျူးဂုဏ်ပြုရအောင် သူ့ဆီသွား။ ပြီးတော့ သူ့မျက်နှာ အမူအရာကို အကဲခတ်ကြည့်"

မကြာမီ သေတံကသည် စိတ္တရလေခါ၏ အိမ်ဂေဟာသို့ ရောက်သွားလေ၏။ စိတ္တရလေခါ၏ အိမ်ဂေဟာ၌ မီးများ လင်းနေသည်။ ချီးကျူးဂုဏ်ပြုရန် ရောက်လာကြသော လုလင် မင်းပရိသတ်များသည် ဝင်းတံခါး ပတ်ပတ်လည်၌ ကြိတ်ကြိတ်တိုးနေကြသည်။ စိတ္တရလေခါ၏ ကျွန်မများသည် ယင်းဧည့်ပရိသတ်များကို ဧည့်ခံပြုစုနေရသည်မှာ လက်မလည်အောင် ဖြစ်နေသည်။ သို့ရာတွင် အိမ်၌ စိတ္တရလေခါကို မတွေ့ရပေ။ သေတံကသည် ကျွန်မ တစ်ယောက်အား "သခင်မ ဘယ်မှာလဲ" ဟု မေးလိုက်လေ၏။ ထိုကျွန်မက သေတံကကို အိမ်ထဲခေါ်သွားပြီးလျှင် ပြင်ဆင်ထားသည့် အခန်းတစ်ခုထဲ၌ အထိုင်ခိုင်းပြီး ပြောလေ၏ "သခင်မ အခု ပြန်မလာသေးဘူး။ ပြန်လာပါလိမ့်မယ်" သေတံက ထိုင်စောင့်နေလေသည်။

မတ်တတ်ရပ်စောင့်နေသော မင်းပရိသတ် အစုအဝေးသည် စိတ်ပျက်အားလျော့ပြီး တဖြည်းဖြည်း စဲသွားလေပြီ။ တစ်ယောက်ပြီးတစ်ယောက် အားလုံး ကြက်ပျောက် ငှက်ပျောက် ပျောက်သွားကြလေ၏။ နာရီပေါင်းလည်း များစွာ ကျော်လွန်သွားလေပြီ။ သို့ရာတွင် စိတ္တရလေခါ ပြန်ရောက် မလာသေးပေ။ သေတံက တအံ့တသြ ဖြစ်နေ၏။ ညဥ့်နက်သန်းခေါင် အချိန်မတော် စိတ္တရလေခါ ဘယ်များသွားနေသနည်း။ ကျွန်မကို တစ်ဖန် မေးလိုက်ပြန်သည် " သခင်မ ဘယ်တော့လောက် ပြန်လာမယ် ထင်သလဲ"

ကျွန်မက ပြန်ဖြေသည် "ကျွန်ုပ် မပြောတတ်ဘူး"

သေတံကသည် စိတ်မရှည်တော့ပေ။ ညဥ့်တစ်ဝက် ကျိုးလုမတတ် ရှိသွားပြီ။ သို့ရာတွင် စိတ္တရလေခါ၏ အစအနကိုမျှ မတွေ့ရသေးပေ။ သေတံက၏ စိတ်ထဲတွင် အိမ်ပြန်သွားလိုသည့်ဆန္ဒ အကြိမ်များစွာ ဖြစ်ပေါ်လာလေ၏။ သို့ရာတွင် စူးစမ်းထောက်လှမ်းလိုသည့်စိတ်က မပြန်ဖြစ်အောင် ဟန့်တားထားလေသည်။ ထိုအချိန်၌ ညဥ့်ဝက် အချက်ပေးခေါင်းလောင်း ထိုးလိုက်လေ၏။ သေတံက ထလိုက်သည်။ ကျွန်မကို ပြောလိုက်သည် "သခင်မ ပြန်လာရင် ပြောလိုက်ပါ။ ကျွန်ုပ် ချီးကျူးဂုဏ်ပြုရအောင် လာတယ်လို့..." ယင်းသို့ပြောလျက် အိမ်အပြင် ထွက်လိုက်လေသည်။ ထိုအခိုက် စိတ္တရလေခါ၏ ယာဥ်ရထား ပြန်လာသည်ကို တွေ့မြင်ရလေ၏။ သေတံက တန့်ရပ်သွားလေသည်။

သေတံကသည် ရထားပေါ်မှ စိတ္တရလေခါကို တွဲ၍ ချပေးသည်။ စိတ္တရလေခါသည် သေတံကကို တွေ့ရ၍ ပြုံးလိုက်လေ၏ "ဘယ့်နှယ်လဲ သေတံက၊ ညဥ့်နက်သန်းခေါင်အထိ ဘာဖြစ်လို့ မအိပ်သေးတာတုန်း"

"သခင်မကို ချီးကျူးဂုဏ်ပြုမလို့" သေတံကက ရယ်လိုက်သည်။

စိတ္တရလေခါကို လက်တွဲပြီးလျှင် သေတံကသည် ခန်းဆောင်ထဲ ခေါ်သွားလေသည်။ စိတ္တရလေခါက ပြောသည်။

"သေတံက၊ ရှင် ကျွန်မရဲ့ ဧည့်ခန်းမှာ ထိုင်ပြီး စောင့်နေပါ။ ကျွန်မ အခု လာခဲ့မယ်"

အဝတ်အစား လဲပြီးနောက် စိတ္တရလေခါသည် ဧည့်ခန်းထဲ ဝင်လာလေ၏။ ထိုအချိန်၌ အဖြူရောင် ကိုယ်ရုံတစ်ခုတည်းကိုသာလျှင် ဝတ်ဆင်ထားလေသည်။

"အင်း ပြောပါဦး သေတံက၊ ရှင် ကျွန်မကို ချီးကျူးဂုဏ်ပြုရအောင် လာတယ် ဟုတ်လား။ ဘာဖြစ်လို့ ချီးကျူး ဂုဏ်ပြုမှာလဲ"

"သခင်မ အနိုင်ရလို့"

"ကျွန်မ အနိုင်ရလို့ ဟုတ်လား" စိတ္တရလေခါ၏ တစ်ခဏအလွန်က တက်ကြွရွှင်လန်းနေသော မျက်နှာသည် ရောင်တခင် ညှိုးရော်သွားလေ၏။ ပျိုရွယ်မှု၏ တက်ကြွရွှင်မြူးခြင်း နောက်ကွယ်၌ပုန်းကွယ်နေသော ယင်း စိတ်မချမ်းမြေ့ခြင်း၏ အရိပ်အရောင်ကို သေတံကသည် ပထမဆုံးအကြိမ် တွေ့မြင်သိရှိရသည်။ အဓိပ္ပာယ်ကိုမူ နားမလည်ပေ။ လှသောမျက်နှာသည် သွင်ပြင်လက္ခဏာ ပြောင်းသွားသော်လည်း

အလှမပျက်ပေ။ လှမြဲ လှနေ၏။ စိတ်မချမ်းမြေ့မှု၏ ညှိုးရော်သော လက္ခဏာကို ဆောင်ထားသော ယင်းအသွင်သဏ္ဍာန်သည်လည်း သေတံကအတွက် အလွန်တရာ တပ်မက်စွဲလမ်းစရာ ဖြစ်နေသည်။ အထူးအားဖြင့် သူ၏ညှိုးရော်သော မျက်နှာပေါ်၌ ဆီမီးတစ်ထောင်၏ အရောင်များ ထင်ဟပ်နေသောကြောင့် ဖြစ်လေသည်။

"ကျွန်မ အနိုင်ရလို့ ဟုတ်လား။ သေတံက၊ ကျွန်မဟာ ချီးကျူးဂုဏ်ပြုထိုက်တဲ့ပုဂ္ဂိုလ် မဟုတ်ပါဘူး။ အဲဒါ ကျွန်မရဲ့ အနိုင် မဟုတ်ဘူး။ ကျွန်မရဲ့ မဟာအရှုံးတစ်ခု ဖြစ်တယ်"

စိတ္တရလေခါကလည်း ဗီဇဂုတ္တပြောသည့် စကားကိုပင် ပြောလေသည်။ ထို့ပြင် နှစ်ဦးလုံးပင် ယင်းစကားကို လေးလေးနက်နက် ပြောကြလေသည်။ သေတံက တအံ့တသြ ဖြစ်နေ၏။

စိတ္တရလေခါသည် သေတံက၏ မျက်နှာအမူအရာကို အကဲခတ်မိလေ၏။

"ရှင် ကျွန်မ ပြောတာကို အံ့သြနေတယ် ထင်တယ်။ ဒါပေမဲ့ အံ့သြစရာအကြောင်း ဘာမှ မရှိဘူး။ ကျွန်မ အခု ဘယ်က လာတယ်ဆိုတာ သိသလား"

"အဲဒီ မေးခွန်းကို ကျွန်ုပ်လည်း မေးမလို့ပဲ။ ဒါပေမဲ့ မမေးဝံ့လို့"

"ဒါဖြင့် နားထောင်။ ကျွန်မ အခု ကုမာရဂိရိရဲ့ သင်္ခမ်းကျောင်းက လာခဲ့တာ။ ကုမာရဂိရိကို မထိမဲ့မြင် လုပ်စရာ၊ အရှက်တကွဲ အကျိုးနည်း လုပ်စရာအကြောင်း ကျွန်မမှာ ဘာမှ မရှိဘူး။ ဘယ်လို လုပ်ပိုင်ခွင့်မျိုးမှလည်း ကျွန်မမှာ မရှိဘူး။ ကျွန်မရဲ့ နယ်ပယ်က တစ်မျိုးဖြစ်တယ်။ ပညာရှင်များရဲ့ နယ်ပယ်ထဲ သွားခြေချတာဟာ ကျွန်မအတွက် သင့်လျော် လျောက်ပတ်တဲ့အလုပ် မဟုတ်ဘူး။ ကျွန်မ လုပ်ခဲ့တဲ့အလုပ်ဟာ မတော်ဘူး။ မှားတယ်။ ကျွန်မ ဝန်ချတောင်းပန်ဖို့ သူ့ဆီကို အခု ရောက်ခဲ့တယ်"

သေတံကသည် တွေဝေငေးမောသွား၏။ အယူအဆ ပြောင်းလဲသွားပုံကို သဘောမပေါက် ဖြစ်နေသည်။ စိတ္တရလေခါအား ပြောလိုက်သည်။

"ဒါပေမဲ့ မှန်တဲ့အရာကို ပြောတာဟာ လူတိုင်းအတွက် သင့်လျော် လျောက်ပတ်တဲ့ အလုပ် ဖြစ်ပါတယ်။ ပြီးတော့ မလိမ့်တစ်ပတ်နဲ့ လူတွေကို လမ်းမှားအောင်၊ အယူမှားအောင် လုပ်တဲ့လူရဲ့ အရေခွံကို ခွာပြတာဟာ တာဝန်ဝတ္တရားတစ်ခု ဖြစ်တယ်။ ဒေဗီ လုပ်ခဲ့တဲ့ အလုပ်ဟာ မှန်တဲ့အလုပ် ဖြစ်ပါတယ်"

"အဲဒါကြောင့် ကျွန်မ စိတ်မချမ်းမြေ့ ဖြစ်ရတာပေါ့။ ကျွန်မ လုပ်ခဲ့တဲ့ အလုပ်ကို တစ်ကမ္ဘာလုံးက မှန်တယ်လို့ ထင်တယ်။ ဒါပေမဲ့ ကျွန်မက မှန်တယ်လို့ မယူဆဘူး။ ကုမာရဂိရိဟာ ယောဂီတစ်ဦး ဖြစ်တယ်။ သူ့မှာ အစွမ်းသတ္တိ ရှိတယ်။ သူ့အမှန်တရားနဲ့ ဘုရားသခင် နှစ်မျိုးလုံးဟာ သူ့စိတ်ကူးယဉ်ထဲက အရာများ ဖြစ်ကြတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ လူမှာ အဲဒီလောက် အဆင့်အတန်း မြင့်မားတဲ့ စိတ်ကူးယဉ်မျိုး ဖြစ်ပေါ်လာတယ်ဆိုတာကလည်း လွယ်တာ မဟုတ်ဘူး။ အဲဒီ စိတ်ကူးယဉ်ရဲ့ မြစ်ဖျားခံရာဟာ ဘယ်မှာရှိသလဲ။ အဲဒါ ပြဿနာပဲ။ ကုမာရဂိရိမှာ အပြုစွမ်းရည်၊ အပြုသတ္တိ ရှိတယ်။ ကျွန်မ လုပ်ခဲ့တာကတော့ အဖျက်လုပ်ငန်းသာ ဖြစ်တယ်။ လူတစ်ဦးတစ်ယောက်ရဲ့ မြင့်မြတ်မှုဆိုတာ တစ်စုံတစ်ခုကို ကပျက်ယပျက် ပြုလုပ်ခြင်းမှာ ရှိတာမဟုတ်ဘူး။ အပြုမှာသာ ရှိတယ်"

"ဒါပေမဲ့ တကယ်လို့ လူတစ်ဦးတစ်ယောက်က နေထိုင်တဲ့ ပုဂ္ဂိုလ်များကို အန္တရာယ်ဖြစ်စေမယ့် အဆောက်အအုံမျိုးကို ဆောင်လုပ်တယ်ဆိုရင် အဲဒီ အဆောက်အအုံမျိုးကို ဖြိုလှဲဖျက်ဆီးပစ်တာဟာ သင့်လျော် လျောက်ပတ်တဲ့ အလုပ် မဟုတ်ဘူးလား"

စိတ္တရလေခါ ရယ်လိုက်သည်။

"စောဒက တက်နေလို့ ဘာမှ ကျေးဇူးရှိမှာ မဟုတ်ဘူး။ ကျွန်မ လုပ်ခဲ့တဲ့ အလုပ်ဟာ မကောင်းတဲ့အလုပ် ဖြစ်တယ်ဆိုတာကိုပဲ ကျွန်မ နားလည်တယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့အမှု ပြီးခဲ့ပြီးပြီ။ အဲဒီ အကျိုးသက်ရောက်မှုကို ခံစားဖို့ပဲ ရှိတော့တယ်"

"အကျိုးသက်ရောက်မှု ဟုတ်လား" ယင်းအချက်သည် သေတံကအတွက် နောက်ထပ် ပြဿနာတစ်ခု ဖြစ်နေသည်။

"ဘယ်လို အကျိုးသက်ရောက်မှုလဲ၊ ဒေဝီ"

"အဲဒါကို ရှင် မကြာတော့တဲ့ အနာဂတ်ကာလမှာ သိရပါလိမ့်မယ်" စိတ္တရလေခါသည် ကျွန်မကို လှမ်းခေါ်လိုက်လေ၏။

"အခု ကျွန်မ ထမင်း မစားရသေးဘူး။ သေတံက၊ ရှင်လည်းပဲ ထမင်းစားရမှာ မဟုတ်သေးဘူး ထင်တယ်"

စိတ္တရလေခါသည် ကျွန်မအား ထမင်းနှစ်ပွဲ ပြင်ယူလာခဲ့ဖို့ အမိန့်ပေးလိုက်လေ၏။

ကျွန်မ ထွက်သွားလေသည်။ စိတ္တရလေခါသည် သေရည်အိုးကို ထုတ်ယူလိုက်လေသည်။ မိမိကိုယ်တိုင် ငှဲ့သောက်ပြီးလျှင် သေတံကအားလည်း ပေးလိုက်လေသည်။ သေတံကသည် သေရည်ကို သောက်တတ်နေလေပြီ။ သူလည်း ခွက်ကို ရှင်းပစ်လိုက်လေ၏။ စိတ္တရလေခါသည် သေတံကအား စကား စလေတော့၏။

"သေတံက၊ ကျွန်မ ရှင့်အပေါ်မှာ သံယောဇဉ်ရှိတယ်။ ကိုယ် သံယောဇဉ်ရှိတဲ့၊ ကိုယ် ခင်မင်တဲ့ပုဂ္ဂိုလ်ကို ဘယ်လို အကြောင်းအရာမျိုးကိုမှ လျှို့ဝှက် မထားသင့်ဘူး"

သေတံကသည် စိတ္တရလေခါ၏ စကားကြောင့် ကိုယ့်ကိုယ်ကို အထင်ကြီးမိသွားလေ၏။ အမှန်စင်စစ်အားဖြင့် သူ၏အပေါ်၌ စိတ္တရလေခါ၏ အပြုအမူသည် အခါခပ်သိမ်း ကြင်ကြင်နာနာ ရှိလာခဲ့သော်လည်း သေတံကသည် စိတ္တရလေခါအား သခင်မတစ်ဦးကဲ့သို့ပင် မှတ်ထင် အောက်မေ့နေ၏။ သေတံက က ပြန်ပြောသည်။

"ဒေဝီ၊ ကျွန်ုပ်ဟာ ကိုယ်ချင်းစာနာ ငဲ့ညှာထောက်ထားတတ်တဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်တယ်ဆိုတာ ယုံကြည်စိတ်ချ စေချင်ပါတယ်"

စိတ္တရလေခါသည် သေတံက၏လက်ကို ကိုင်လျက် ပြောလေသည်။

"သေတံက၊ ရှင် ကျွန်မရဲ့ လျှို့ဝှက်ချက်ကို မပေါက်ကြားစေရဘူးနော်"

"ဘုရားစူးရပါစေရဲ့၊ မပေါက်ကြားစေရပါဘူး"

"ကျွန်ုပ် သစ္စာဆိုပြီး ကတိပေးပါတယ်"

စိတ္တရလေခါသည် သေတံက၏လက်ကို လွှတ်လိုက်လေသည်။

"နားထောင်၊ ကျွန်မ ပြောပြမယ်။ ဒီကနေ့ ကျွန်မရဲ့ အနိုင်ဟာ တကယ်စင်စစ်တော့ ကျွန်မရဲ့ အနိုင်မဟုတ်ဘူး။ ကျွန်မရဲ့ အရှုံး ဖြစ်နေတယ်။ ကုမာရဂိရိဟာ ကျွန်မရဲ့ ဘဝအပေါ်မှာ သြဇာလွှမ်းမိုးထားလိုက်ပြီ"

သေတံကသည် ဗီဇဂုတ္တ ညွှန်ပြသည့် ကြောက်ရွံ့ထိတ်လန့်ဖွယ် အမှန်တရားကို အနည်းအကျဉ်း ရိပ်စားမိလေသည်။ မိမိ၏ ယုံမှားသံသယကို ပယ်ဖျောက်ပစ်ရန်အတွက် တစ်ဖန် မေးလိုက်ပြန်လေသည်။

"ဘယ်ပုံ ဘယ်နည်းနဲ့လဲ"

"ဘယ်ပုံ ဘယ်နည်းနဲ့လဲ ဟုတ်လား။ ဒါလောက်ကလေးမှ မသိဘူးလား။ နားထောင်။ ကျွန်မ ကုမာရဂိရိကို ချစ်နေပြီ။ ကုမာရဂိရိနဲ့ ကျွန်မဟာ ခေတ်အဆက်ဆက်က ဆက်သွယ်ပေါင်းဖက်မှု ရှိလာခဲ့တယ်လို့ပဲ ကျွန်မ ထင်တယ်။ ဒီကနေ့ ညီလာခံသဘင်မှာ ဒီယောဂီဟာ ဇမ္ဗူဒိပ် တစ်ကျွန်းလုံးက လက်ရွေးစင် ပညာရှင်တွေရဲ့ အပေါ်မှာ အနိုင်ရခဲ့တယ်။ လူတိုင်း သူ့ကို အံ့သြသွားကြတယ်။ ဒါပေမဲ့ ကျွန်မကတော့ အဲဒီလို မဟုတ်ဘူး။ အဲဒါဘာကြောင့်လဲ၊ အကြောင်းက တခြားမဟုတ်ဘူး။ ကုမာရဂိရိကို ကျွန်မ သိတယ်။ ကုမာရဂိရိက ကျွန်မကို သိတယ်။ ကျွန်မတို့နှစ်ဦးဟာ ဘဝအဆက်ဆက်က စပြီး မကွေမကွာ အတူနေလာခဲ့ကြတယ်"

သေတံကသည် နောင်ဘဝကို ယုံကြည်သူဖြစ်သည်။ စိတ္တရလေခါ၏ ပြောကြားချက်များကို ဆန့်ကျင်ဘက် မပြုပေ။

"ဟုတ်ကဲ့၊ နားလည်ပါပြီ"

"ကုမာရဂိရိကို တွေ့တဲ့နေ့ကစပြီး ကျွန်မစိတ် သူ့ဆီ ရောက်နေတယ်။ သူ့ဝိညာဉ်ကို အသေအချာ နားလည်သဘောပေါက်တဲ့လူမှ သူ့ဝိညာဉ်ရဲ့ အတိမ်အနက်ကို ထောက်ကြည့်နိုင်မယ်။ ကျွန်မ သူ့ကို ကောင်းကောင်းသိတယ်။ သူ့ဝိညာဉ်ကိုလည်း သိတယ်။ သေတံက၊ ကုမာရဂိရိဟာ ကျွန်မဘဝရဲ့ အဓိကဇာတ်ဆောင် ဖြစ်နေပြီ"

"နားလည်ပါပြီ ဒေဝီ။ ကျွန်ုပ် ဘယ်လိုလုပ် အကူအညီပေးရမလဲ"

ကျွန်မသည် ထမင်းနှစ်ပွဲ ယူလာလေ၏။ စိတ္တရလေခါသည် သေတံကအား ထမင်းသုံးဆောင် ရန်ပြောပြီး သူကိုယ်တိုင်လည်း ထမင်း စ၍ စားလေ၏။

ထမင်းစားပြီးနောက် စိတ္တရလေခါက စကားဆက်ပြောလေသည်။

"အင်း ... ဘယ်လိုလုပ် အကူအညီ ပေးရမလဲလို့ ရှင်က မေးတယ်။ ရှင် ကူညီရမယ့်ဟာက တခြား မဟုတ်ပါဘူး။ ရှင် ဗီဇဂုတ္တကို ကျွန်မရဲ့ လျှို့ဝှက်ချက် အခု ပြောမပြနဲ့ဦး။ ဗီဇဂုတ္တ ကျွန်မကို မယုံသင်္ကာ ဖြစ်နေလိမ့်မယ်။ ရှင့်အလုပ်က ဗီဇဂုတ္တရဲ့ မယုံသင်္ကာကို ဖယ်ရှား ဖျောက်ဖျက်ပစ်ရမယ့် အလုပ်ဖြစ်တယ်"

သေတံက အနည်းငယ် တွေဝေစဉ်းစားနေ၏။ စိတ္တရလေခါ ပြောပြသည့်အရာကို ပြုလုပ်ဆောင်ရွက်ရန်မှာ သေတံကအတွက် မလွယ်ကူပေ။ ဗီဇဂုတ္တသည် သူ၏ သခင် ဖြစ်သည်။ ဗီဇဂုတ္တကို လှည့်စားခြင်းသည် သခင်ကို သစ္စာဖောက်ခြင်းပင် ဖြစ်သည်။ သို့ရာတွင် စိတ္တရလေခါလည်း သူ့သခင်မ ဖြစ်သည်။ ထို့ပြင် ... ထို့ပြင် ... --------------

စိတ္တရလေခါသည် သေတံက၏ မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်မိလေ၏။ သေရည်ခွက်တွင် သေရည်ထပ်ဖြည့်လျက် သေတံက၏ နှုတ်ခမ်းတွင် တေ့ပေးလိုက်လေ၏။ ထိုအချိန်၌ စိတ္တရလေခါသည် ပြုံးနေသည်။ သေတံကသည် သေရည်ခွက်ကို ရှင်းပစ်လိုက်ပြန်လေ၏။ စိတ္တရလေခါက အပြုံးမပျက်ဘဲ မေးလိုက်လေ၏။

"ပြောစမ်းပါ၊ ရှင် ကျွန်မ တောင်းပန်ချက်ကို လက်ခံမယ် မဟုတ်လား"

သေတံကက ခပ်မဆိတ် ဖြစ်နေ၏။ 'အင်း ... သို့မဟုတ် ... ဟင့်အင်း' သူ၏နှုတ်မှ တစ်ခုမျှ ထွက်မပေါ်မလာပေ။

စိတ္တရလေခါ၏ အပြုံးသည် ပျောက်ကွယ်သွားလေပြီ။ ဒေါသ၏ နီတွေးတွေး အရောင်သည် နှံ့သာမှုန့်ခြယ်ထားသည့် ပါးပြင်တွင် ပေါ်လာလေ၏။ သူ၏ ပျော့ပျောင်းနူးညံ့သော လက်သည် စိတ်လိုက်မာန်ပါ တုန်နေသည်။ သေတံက၏ လက်ကို ဆတ်ကနဲ ဆွဲကိုင်လိုက်လေ၏။

"သေတံက၊ ကျွန်မ ရှင့်ကို အမိန့်ပေးတယ်။ ကျွန်မပြောပြတာကို ရှင်လိုက်နာ ဆောင်ရွက်ရလိမ့်မယ်"

သေတံကသည် စိတ္တရလေခါ၏ ဒေါသရှေ့မှောက်တွင် ငုံ့လျှိုးသွားလေသည်။ ဖြည်းညင်းစွာ ပြန်ပြောလိုက်လေ၏။

"ပေးတဲ့အမိန့်ကို လိုက်နာပါ့မယ်"

"ရှင် ကျိန်ပြောရမယ် ..." စိတ္တရလေခါ အတန်ငယ် တန့်ရပ်သွား၏ -

"ဟင့်အင်း၊ ဟင့်အင်း၊ ရှင် ကျိန်တွယ်ပြောဖို့ မလိုဘူး။ ရှင် ကျွန်မကို ကတိပေးတယ်။ ကိုယ့်ကတိရဲ့ မြင့်မြတ်စင်ကြယ်မှုကို ရှင် ဂရုပြုလိမ့်မယ်လို့ ကျွန်မ ယုံကြည်စိတ်ချတယ်" ယင်းသို့ပြောလျက် စိတ္တရလေခါသည် သေတံက၏ နှုတ်ခမ်း၌ တတိယအကြိမ်မြောက် သေရည်ခွက်ကို တေ့ပေးလိုက်ပြန်လေ၏။

သေတံကသည် မျက်လုံးမှိတ်ပြီးလျှင် မဖြစ်ဘူးမြဲ ထူးကဲသောအရသာကို ခံစားနေသည်။ သေရည်သောက်ပြီးနောက် ပြောလိုက်လေသည်။

"ဒေဝီ၊ ကျွန်ုပ်ဟာ အခါခပ်သိမ်း ဒေဝီကို ကိုးကွယ် ပူဇော်နေတဲ့လူပါ။ ကျွန်ုပ်ရဲ့ ဘဝဟာ ဒေဝီ့ဘဝနဲ့ အခိုင်အမာ ဆက်စပ်နေပါတယ်။ ဒေဝီဟာ ကျွန်ုပ်ရဲ့ သခင်မဖြစ်တယ်။

Typing - ငွေဇင်ယော်

ကျွန်ုပ်က ဒေဝီရဲ့ ကျေးကျွန်ဖြစ်တယ်။ ဒေဝီပြောတဲ့ စကားဝါကျတိုင်း စကားဝါကျတိုင်းဟာ ကျွန်ုပ်အတွက် နတ်စကား ဖြစ်တယ်ဆိုတာကို ယုံကြည်စိတ်ချထားပါ။ ပြီးတော့ ကိုယ့်ကတိရဲ့ မြင့်မြတ်စင်ကြယ်မှုနဲ့ ပတ်သက်ပြီး ကျွန်ုပ် ပြောပြနိုင်တာ တစ်ခုကတော့ ကျွန်ုပ်ဟာ ယုတ်ညံ့သေးသိမ်တဲ့လူ မဟုတ်ပါဘူးဆိုတဲ့ အကြောင်းပါပဲ"

သေတံက မတ်တတ်ရပ်လိုက်သည်။ စိတ္တရလေခါက ပြောသည်။

"ဘယ့်နယ်လဲ၊ ဒီကနေ့ ကျွန်မ သေတံကကို လိုက်ပို့ဖို့ စီစဉ်ရမှာလား"

"ဟင့်အင်း" သေတံက၏ အမူး၌ ယိမ်းယိုင်ခြင်းလည်း မရှိပေ။ သတိလစ်ခြင်းလည်း မရှိပေ။

"ကျွန်ုပ် သတိရပါတယ်။ သတိရပြီး နေမှာပါ" ယင်းသို့ပြောလျက် သေတံကသည် ထိုနေရာမှ ထွက်ခွာလာခဲ့လေ၏။

အိမ်သို့ သေတံက ပြန်ရောက်လာသောအခါ ဗီဇဂုတ္တ၏ စာကြည့်ခန်း၌ မီးရောင်ကို တွေ့မြင်ရလေသည်။ လက်ပါးစေတစ်ဦးက သူ့ကို လှမ်းပြောလိုက်သည်။

"သင့်ကို သခင် စောင့်နေတယ်"

သေတံကသည် စာကြည့်ဆောင်ထဲ ဝင်လိုက်သည်။ ထိုအချိန်၌ ဗီဇဂုတ္တသည် ထိုင်ပြီး တစ်စုံတစ်ခုကို တွေးတော စဉ်းစားနေလေ၏။ ယနေ့အထိ သေတံကသည် ဗီဇဂုတ္တအား ယခုကဲ့သို့ တွေဝေငေးမောနေသည်ကို တစ်ခါမျှ မတွေ့ခဲ့ဘူးပေ။ ဗီဇဂုတ္တ၏ ရှေ့၌ သေရည်ပြောင်နေသည့် သေရည်ခွက် ရှိနေသည်။ ထောက်မမီသည့် အတွေးပင်လယ် ရှိနေသည်။ စိတ်ကူးညယျာဉ်ထဲ၌ ထိတ်လန့်ခြင်းလေပူ တိုက်ခတ်နေသည်။ ရွှင်လန်းချမ်းမြေ့ခြင်း၏ နိုင်ငံနယ်မြေ၌ စိတ်နှလုံး မကြည်မသာ မချမ်းမြေ့ခြင်း၏ တော်လှန်ပုန်ကန်မှု ပေါ်ပေါက်နေသည်။ သေတံကကို တွေ့ရသောအခါ ဗီဇဂုတ္တသည် အိပ်ရာမှ လန့်နိုးသလို ဖြစ်သွား၏။

"မင်း ပြန်လာပြီလား။ ကြာလှပါလား"

သေတံက ထိုင်လိုက်၏။ ရေတာကောင်းထဲက ရေတစ်ခွက် ငှဲ့ယူပြီးလျှင် ရေအေးတစ်ခွက်ကို တစ်ကျိုက်တည်းနှင့် သောက်ပစ်လိုက်လေသည်။ ------------

အတန်ကြာမျှ သေတံကထံမှ စကားပြန်ကို စောင့်ဆိုင်းပြီးနောက် ဗီဇဂုတ္တသည် တစ်ဖန် ပြောလိုက်ပြန်လေသည်။

"သေတံက၊ မင်း ငါမေးတာ ပြန်မဖြေသေးပါကလား။ ဘာအကြောင်း ရှိနေလို့လဲ"

"ဟုတ်ကဲ့ သခင်၊ သခင်မကို စောင့်နေရလို့ ဒါလောက်ကြာသွားတာပါ"

"စိတ္တရလေခါကို စောင့်နေရလို့ ဟုတ်လား" ဗီဇဂုတ္တသည် ကျွန်ုပ်မပျက်အောင် ဟန်ဆောင်လျက် ထိုင်လိုက်လေ၏။

"ဘာပြောတယ်။ မင်း သူ့အိမ်ရောက်သွားတဲ့အချိန်မှာ သူ သူ့အိမ်မှာ မရှိဘူး ဟုတ်လား"

သေတံက ဘေးကျပ်နံကျပ် ဖြစ်နေ၏။ မိမိ၏ ကတိစကားနှင့် မိမိ ကျိန်တွယ်ပြောခဲ့သော စကားများကို သတိရလာ၏။

"သခင်ပြောတာ မှန်ပါတယ်။ ကျွန်ုပ် ရောက်သွားတဲ့အချိန်မှာ စိတ္တရလေခါ သူ့အိမ်မှာ မရှိပါဘူး"

ဗီဇဂုတ္တသည် သေတံက၏ နှုတ်မှ စကားဝါကျများ ရှောရှောရှုရှု ထွက်မလာသည်ကို သတိပြုမိလေ၏။ တစ်ဖန် မေးလိုက်ပြန်သည်။

"သူ ဘယ်ကိုသွားတယ်ဆိုတဲ့အကြောင်း မင်းကို သူက ပြောမပြဘူးလား"

*Typing - ငွေဇင်ယော်*

သေတံက၏ စိတ်နှလုံးထဲ၌ သို့လော သို့လော ဖြစ်နေ၏။ သို့ရာတွင် ဆုံးဖြတ်ချက်ချရန် သူ့မှာ အချိန် လုံလုံလောက်လောက် မရှိပေ။ မဆိုင်းမတွပင် ပြန်ဖြေလိုက်လေ၏။

"သခင်မကတော့ ဘာမှ မပြောပါဘူး။ ဒါပေမဲ့ အမတ်ကြီးစာဏက္ယ ဖိတ်လို့ သွားတာနဲ့ တူပါတယ်"

ဗီဇဂုတ္တ၏ နှလုံးမှ ဝန်ထုပ်ကြီးတစ်ခု ကျသွား၏။ သူ၏ နှလုံးထဲ၌ စိတ္တရလေခါ ကုမာရဂိရိထံသွားခြင်း ဖြစ်လိမ့်မည်ဟူသော အတွေး အဘယ့်ကြောင့် ပေါ်ပေါက်လာသည် မသိပေ။ သေတံက၏ အဖြေကြောင့် သူ၏စိုးရိမ်မှုသည် အဝေးသို့ ရောက်သွားလေ၏။ သေတံကအား တစ်ဖန် မေးလိုက်ပြန်လေ၏။

"အင်း ... ပြောစမ်းပါဦး။ မင်း စိတ္တရလေခါကို ချီးကျူးဂုဏ်ပြုခဲ့ရဲ့လား"

"ပြုခဲ့ပါတယ်" သေတံကက ခပ်အေးအေး ပြန်ပြောသည်။

"ဒါပေမဲ့ စိတ္တရလေခါက ကျွန်ုပ်ကို ပြောတယ်။ သူဟာ ချီးကျူးဂုဏ်ပြုထိုက်တဲ့ ပုဂ္ဂိုလ် မဟုတ်ပါဘူးတဲ့။ ကိုယ့်အောင်မြင်မှုအတွက် သူ ဂုဏ်လည်း မယူဘူး။ ရွှင်လန်းချမ်းမြေ့ခြင်းလည်း မဖြစ်ဘူး။ ကျွန်ုပ် အံ့သြလို့ မဆုံးဘူး။ စိတ္တရလေခါဟာ သူ့အောင်မြင်မှုအတွက် စိတ်လက် မကြည်မသာ ဖြစ်နေတယ်"

ဗီဇဂုတ္တ ပြုံးလိုက်လေသည်။ သို့ရာတွင် သူ၏အပြုံး၌ ထောက်မှီသည့် ကရုဏာ ပင်လယ်သမုဒ္ဒရာ ကွယ်ဝှက် ကိန်းအောင်းနေလေသည်။

"ငါ မင်းကို ဘာပြောခဲ့သလဲ။ မိမိရဲ့ အောင်မြင်မှုကို စိတ္တရလေခါ လက်မခံခြင်းကပဲ သူဟာ အနိုင်မရဘူး၊ အရှုံးပေးလိုက်ရတယ်ဆိုတဲ့ အချက်ကို သက်သေခံနေတယ် မဟုတ်လား"

"သခင် ပြောတဲ့ အဓိပ္ပာယ် အခု ကျွန်ုပ် အတော်အတန် နားလည်ပါပြီ"

"အတော်အတန် နားလည်ပါပြီဆိုတာ အဓိပ္ပာယ် လုံးလုံး မရှိဘူး။ တကယ်လို့ မင်း နားလည်တယ်ဆိုရင် အပြည့်အဝ နားလည်ရမယ်။ ဒါမှ မဟုတ်ရင်လည်း လုံးလုံး နားလည်မှာ မဟုတ်ဘူး"

ဗီဇဂုတ္တ မတ်တတ်ရပ်လိုက်၏။

"သေတံက၊ မှတ်ထား။ လူဟာ လွတ်လွတ်လပ်လပ် တွေးခေါ်တတ်တဲ့ သတ္တဝါ ဖြစ်ပေမယ့် ပတ်ဝန်းကျင် အခြေအနေရဲ့ ကျေးကျွန်ဖြစ်တယ်။ လူရဲ့ အောင်မြင်မှုဟာ ဘယ်လိုအခါမျိုးမှာ ဖြစ်နိုင်သလဲဆိုရင် ပတ်ဝန်းကျင် အခြေအနေ စက်ရဟတ်ဝန်းထဲမှာ ကျရောက်တဲ့အခါ စက်ရဟတ်ရဲ့ အဝါးမခံရဘဲ အမှား အမှန် ဆင်ခြင် စဉ်းစားပြီး ပတ်ဝန်းကျင် စက်ရဟတ်အပေါ်မှာ အနိုင်ရရှိတဲ့ အခါမျိုးကျမှသာ လူရဲ့အောင်မြင်မှုဆိုတာ ဖြစ်နိုင်တယ်။ စိတ္တရလေခါဟာ ပတ်ဝန်းကျင် အခြေအနေ စက်ရဟတ်ဝန်းထဲမှာ ကျရောက်နေရှာတယ်။ သူ့ဘဝထဲ ကုမာရဂိရိ ဝင်ရောက်လာတာ သူ့အတွက် အန္တရာယ်ပဲ။ ပြီးတော့ ကုမာရဂိရိရဲ့ ဘဝထဲ သူဝင်ရောက်လာတာလည်း ကုမာရဂိရိအတွက် အန္တရာယ်ပဲ။ ကံမကောင်း အကြောင်းမသင့်တော့ နှစ်ဦးစလုံးဟာ တစ်ဦးစီရဲ့ ဘဝထဲကို အမှတ်တမဲ့ မိမိတို့ရဲ့ အကျင့်တရားကို ဖျက်ဆီးပစ်ဖို့အတွက် ဝင်ရောက်လာကြတယ်။ ဘုရားသခင်မှပဲ သူတို့ကို ကယ်နိုင်လိမ့်မယ်"

---

**အခန်း ( ၈ )**

ကြောက်မက်ထိတ်လန့်ဖွယ်ကောင်းသော လေမုန်တိုင်းမထမီ ပင်လယ် သမုဒ္ဒရာ၏ ငြိမ်သက်နေသော ရင်ခွင်၌ တစ်ခဲနက်တိတ်ဆိတ်ခြင်း လွှမ်းမိုးလာသည်။ ထိုအချိန်၌ ရာသီဥတုသည် ခက်ထန်လာသည်။ ပတ်ဝန်းကျင် တစ်ခုလုံးသည် ပေါ်ပေါက်လာမည့် တော်လှန်ပြောင်းလဲမှုကို စိုးရွံ့သဖြင့် တွေဝေ ငေးမောသွားလေသည်။

ထို့နောက် ... လေ၏ ကြမ်းတမ်းသော တိုက်ခတ်ခြင်းများ၊ လှိုင်းများ၏ အကနှင့် ကမ္ဘာဖျက်တေးသံ။

မီးတောင် မပေါက်ကွဲမီ ကောင်းကင်၌ အောင့်အည်းထားရသော မငြိမ်သက်မှုသည် ပျံ့နှံ့လာသည်။ ကောင်းကင်ပြင်၏ ညိုပြာရောင်သည် မှိုင်းမှိုင်းဝေဝေ ဖြစ်လာသည်။ ပျက်စီးတော့မည်ကို စိုးရွံ့သဖြင့် လဟာပြင် တစ်ခုလုံးသည် လေ ဆိတ်သုဉ်းသွားလေသည်။

ထိုမှ နောက်၌ - မီးလျှံများ၊ အပျက်အစီးများ ... ။

စိတ္တရလေခါ၏ ယာဉ်ရထားသည် ဗီဇဂုတ္တ၏ ဝင်းတံခါး၌ ရပ်လိုက်လေ၏။ အချိန်ကား ညနေဆည်းဆာ ဖြစ်သည်။ နေ့၏ ကြောက်မက်ထိတ်လန့်ဖွယ် အပူချိန်နောက်ပိုင်း၌ ပါဋလိပုတ်ရှိ လမ်းများတွင် မြို့စားရွာစား မင်းညီမင်းသားများ၏ ယာဉ်ရထားများ ဥဒဟို သွားလာနေကြ၏။ ပန်းဆက်သည့် မိန်းမပျိုများက ပန်းကုံးများကို ကိုင်လျက် မြို့စား ရွာစား မင်းညီမင်းသားများအား ပန်းကုံးစွပ်နေကြ၏။ မွှေးရနံ့ ကြိုင်လှိုင်နေသည့် အေးမြသော အဖျော်ယမကာ ခွက်များမှာ ကြေးရတတ် လုလင် လုံမပျိုတို့၏ နှုတ်ခမ်းကို နမ်းစုပ်နေကြသည်။ အရပ်ထက်ဝန်းကျင်၌ တက်ကြွ နေကြသည်။ ရွှင်မြူးနေကြသည်။

မင်းလမ်းမမှာ ထိုအချိန်၌ ပွဲသဘင် ဗဟိုချက်ချာ ဖြစ်နေလေသည်။ ရတနာဆိုင်များ၌ လုံမပျိုများ တိုးဝှေ့နေကြသည်။ ကွမ်းယာဆိုင်များ၌ လုလင်ပျိုများ အုတ်အုတ်ကျက်ကျက် ဖြစ်နေကြသည်။ ဗီဇဂုတ္တသည်လည်း ထိုလူစုလူဝေး၏ အစိတ်အပိုင်းတစ်ခု ဖြစ်လေသည်။

ထိုအချိန်၌ သေတံကသည် အပြင်ထွက်ဖို့ ပြင်ဆင်နေလေ၏။ သူ၏ ယာဉ်ရထားမှာ အပြင်၌ ရပ်ထား၏။ အစေအပါးတစ်ယောက်က သူ့ကို အဝတ်ဝတ်ပေးနေလေသည်။ တံခါးမှူးက လာပြီး အကြောင်းကြား၏။

"သခင်၊ သခင်မ ရထားတံခါးဝမှာ သခင့်ကို စောင့်နေပါတယ်"

သေတံက လန့်သွား၏။ ထိုအချိန် ဗီဇဂုတ္တ အိမ်မှာ မရှိသည့်အတွက် စိတ်ရှုပ်သွားသည်။ သေတံကသည် မကောင်းမှုကို ကျူးလွန်ခဲ့သည်။ မိမိ မကျူးလွန်လိုသည့် မကောင်းမှုကို ထပ်ပြီး ကျူးလွန်ရမည်လို ဖြစ်နေပြန်သည်။ သို့ရာတွင် သေတံကက အကြောင်းကြား ခိုင်းလိုက်သည်။

"အခုချက်ချင်း လာခဲ့မယ်လို့ ပြောလိုက်"

သေတံက အပြင် ထွက်လာလေ၏။ ထိုအချိန်၌ သေတံကသည် အလွန်တရာ တင့်တယ်လှပနေ၏။ စိတ္တရလေခါ၏ အနီးသို့ ရောက်သွား၏။

"ဘယ်လို အမိန့်ပါလဲ၊ ဒေဝီ"

စိတ္တရလေခါသည် နဂိုအပြုံးဖြင့် ပြန်ပြောလိုက်လေ၏။

"ဗီဇဂုတ္တနဲ့ တွေ့ရအောင် လာတာ။ သူ အိမ်မှာ မရှိဘူး ထင်တယ်"

သေတံက ကလည်း ပြုံးရယ်ပြီး ပြန်ပြော၏။

"သခင်မ တွေးတဲ့အတိုင်းပါပဲ"

"ရှင်နဲ့ပဲ တွေ့တော့မယ်လို့ စိတ်ကူးပေါက်လာပြန်တယ်"

ဒီက ကျေးကျွန်ကို ဒေဝီဟာ အင်မတန်မှ ငဲ့ညှာ ထောက်ထားခဲ့ပါတယ်။ ဒေဝီရဲ့ အကျိုးကိုဆောင်ဖို့ ကျွန်ုပ် ဘယ်အခါမဆို အသင့်ရှိနေပါတယ်"

"အကျိုးကို ဆောင်ဖို့ မဟုတ်ပါဘူး။ ဒီနေ့ နေရတာ ပျင်းရိငြီးငွေ့ သလိုလိုနဲ့။ စိတ်ပြေလက်ပျောက် လူတောထဲ သွားလိုတဲ့ဆန္ဒ ပေါ်လာတယ်။ အလည်သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ထွက်လာခဲ့တာပဲ။ ဗီဇဂုတ္တ မရှိလဲ ကိစ္စ မရှိပါဘူး။ ရှင် အရှိသားပဲ"

"ကောင်းပါပြီ" ယင်းသို့ပြောလျက် သေတံကသည် သူ၏ ယာဉ်ရထားရှိရာသို့ သွားလေ၏။ သို့ရာတွင် စိတ္တရလေခါက သူ၏ လက်ကို ဖမ်းဆွဲထားလိုက်သည်။

"ဟင့်အင်း၊ ရှင် ကျွန်မနဲ့အတူ ဒီရထားနဲ့ပဲ သွားရမယ်"

မှင်တက်မိနေသူကဲ့သို့ သေတံကသည် စိတ္တရလေခါ၏ ယာဉ်ရထားပေါ် တက်ထိုင်လိုက်လေသည်။ ရထားသည် မင်းလမ်းမဘက်သို့ ထွက်လာခဲ့လေသည်။ စိတ္တရလေခါက ထိုင်နေသည်။ မြင်းဇက်ကြိုးမှာ သေတံက၏ လက်ထဲတွင် ရှိနေ၏။ မင်းလမ်းမသို့ ရောက်သည်နှင့် တစ်ပြိုင်နက် မြင်းဇက်ကြိုးကို စိတ္တရလေခါက လှမ်းယူလိုက်လေသည်။ မြင်းသည် မြူးကြွသွားသည်။ ဝင့်ကြွားစွာဖြင့် ဦးခေါင်းကို ထောင်ပြီးလျှင် မင်းလမ်းမထဲ ဝင်သွားလေသည်။ သူ၏ ဇက်ကြိုးသည် ပါဋ္ဌလိပုတ်ရှိ တကယ့် အဓိပတိ မြို့စားနယ်စား မင်းညီမင်းသားများအပေါ်တွင် ဩဇာလွှမ်းနေသည့် မိန်းမ၏ လက်ထဲတွင် ရှိနေသည် ဆိုသည်ကို မြင်းက သိဟန်တူသည်။ စိတ္တရလေခါ၏ ယာဉ်ရထားကို တွေ့ရသည်ဖြစ်၍ အဓိပတိ မြို့စားနယ်စား မင်းညီမင်းသားများ၏ ယာဉ်ရထားများသည် ရပ်သွားကြလေသည်။ လူအပေါင်းတို့က သူ့ကို ရိုသေဦးညွှတ်ကြသည်။ ချီးကျူးထောမနာ ပြုကြသည်။ သူနှင့်အတူ သေတံက ထိုင်နေသည်ကို တွေ့ရှိရသဖြင့် အချို့ပုဂ္ဂိုလ်များက မထိတထိ ပြောင်ကြ နောက်ကြ၏။ သို့ရာတွင် စိတ္တရလေခါက ဂရုမစိုက်။ ပြုံး၍ပင် ပြလိုက်သေးသည်။ -------------

ထိုအချိန်၌ စိတ္တရလေခါသည် ပန်းကုံးများဖြင့် ပိနေသည်။ မြို့စား နယ်စားတိုင်းက သူ့ကို ပန်းကုံးတစ်ကုံးစီ ပစ်ပေးကြသည်။ သူတို့အား ကျေးဇူးတုံ့ပြန်သည့် အနေဖြင့် စိတ္တရလေခါသည် ပန်းကုံးများကို ဆင်မြန်းလေသည်။ ယာဉ်ရထားပေါ်၌ ရှိနေသော စိတ္တရလေခါသည် ထိုအချိန်၌ နတ်ရုပ်တုအသွင် ပေါက်နေသည်။ လူအပေါင်းတို့က သူ့ကို အရိုအသေ ပြုကြသည်။ ပူဇော်ကြသည်။ သူ့ရှေ့မှောက်၌ ဦးညွှတ်ကြသည်။ မင်းလမ်းမရှိ ကြီးမားသော လူစုလူဝေးကြီးမှာ စိတ္တရလေခါကို ကြိုဆိုနေသကဲ့သို့ပင် ထင်ရသည်။

တူရူမှ ယာဉ်ရထားတစ်စီး ပေါက်လာပြီး စိတ္တရလေခါ၏ ရထားအနီး၌ ရပ်လိုက်လေ၏။ ထိုအချိန်၌ စိတ္တရလေခါသည် လုလင်တစ်ဦးနှင့် စကားပြောနေ၏။ သူ့ရထားမှာ ရပ်နေသည်။ အခြားရထားတစ်စီး ရပ်လိုက်သည်နှင့် တစ်ပြိုင်နက် စိတ္တရလေခါ အာရုံပြောင်းသွား၏။ အနီး၌ ဗီဇဂုတ္တက ရယ်နေသည်။

"ဒီကနေ့ မင်းလမ်းမမှာ စိတ္တရလေခါကို တွေ့ရတာ အံ့ဩစရာပဲ"

"ဒီကနေ့ ဗီဇဂုတ္တကို အိမ်မှာ မတွေ့ရတာလည်း အံ့ဩစရာပဲ"

အထေ့နှင့် အငေါ့၊ နှစ်မျိုးစလုံး၌ လျှို့ဝှက်ချက် ကွယ်ဝှက် တိမ်မြုပ်နေသည်။ ယင်းလျှို့ဝှက်ချက်ကို နှစ်ဦးစလုံးက သိရှိရိပ်မိကြသည်။ သေတံက ရထားပေါ်မှ ဆင်းလိုက်လေ၏။ ဗီဇဂုတ္တက ပြောလေသည်။

"စိတ္တရလေခါကို ဗီဇဂုတ္တရဲ့အိမ် အလည်ကြွဖို့ ပင့်ဖိတ်လိုက်ပါတယ်။ ပင့်ဖိတ်ချက်ကို လက်မခံဘဲ နေမယ် မဟုတ်ဘူး ထင်ပါတယ်"

စိတ္တရလေခါက ပြန်ပြောလေသည်။

"ဗီဇဂုတ္တရဲ့ ပင့်ဖိတ်ချက်ကို စိတ္တရလေခါက ဝမ်းသာအားရနဲ့ လက်ခံပါတယ်"

ထိုအချိန်၌ ဆည်းဆာ ကျော်လွန်သွားလေပြီ။ မင်းလမ်းမ၌ မီးများ လင်းလာ၏။ ဗီဇဂုတ္တသည် သူ၏ရထားပေါ်မှ ဆင်းပြီး စိတ္တရလေခါ၏ ရထားပေါ် တက်ထိုင်လိုက်၏။ မြင်းဇက်ကြိုးကိုလည်း လှမ်းယူလိုက်လေသည်။ သေတံကက ဗီဇဂုတ္တ၏ ရထားကို မောင်းလာလေသည်။

ရထားနှစ်စင်းမှာ ဗီဇဂုတ္တ၏ အိမ်ဘက်သို့ ပြေးနေကြ၏။ ဗီဇဂုတ္တက ပြောလေသည်။

"ကျုပ်အိမ် မင်းလာတဲ့အခိုက် ကျုပ် ကိုယ့်အိမ်မှာ မရှိတာ ကျုပ် စိတ်မကောင်းဘူး၊ စိတ္တရလေခါ"

"စိတ်မကောင်း ဖြစ်စရာ မလိုပါဘူး" စိတ္တရလေခါက ပြုံးလိုက်သည်။

"အပြစ်က ကျွန်မ အပြစ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ရှင့်အိမ်ကို ဘယ်တုန်းကမှ မသွားဘူးတဲ့ အချိန်မျိုးမှာ ရောက်သွားတယ်။ အဲဒါကြောင့် ရှင် အိမ်မှာမရှိတာဟာ အဆန်းမဟုတ်ပါဘူး"

စိတ္တရလေခါ ခပ်မဆိတ် ထိုင်နေ၏။ ဗီဇဂုတ္တလည်း တိတ်နေသည်။ အတန်ကြာမျှ သူတို့သည် မည်သည့်စကားကိုမျှ မဆိုကြပေ။ ထို့နောက် ဗီဇဂုတ္တက စကားစလိုက်လေ၏။

"စိတ္တရလေခါ၊ စိတ်မတည်ငြိမ် ဖြစ်နေတာ အတော်ကြာပြီ။ ဘာဖြစ်လို့လဲ ဆိုတာကို ကျုပ်ကိုယ်တိုင်လည်း မသိဘူး။ တစ်ခု မေးရဦးမယ်။ မင်း ကျုပ်ဆီကို မလာတာ ကြာပြီ။ ဘာအကြောင်းရှိလို့ မလာတာလဲ"

စိတ္တရလေခါက မျက်နှာ မော့လိုက်လေ၏။

"မလာတဲ့ အကြောင်းကို မေးတယ် ဟုတ်လား။ ဟုတ်ကဲ့၊ မလာဖြစ်ဘူး။ ဘာ့ကြောင့်လဲဆိုတော့ လာချင်တဲ့စိတ် မရှိလို့ပဲ ..."

ယင်းအဖြေမျိုး ထွက်လာလိမ့်မည်ဟု ဗီဇဂုတ္တ မမျှော်လင့်ပေ။ စိတ္တရလေခါ အကြောင်းတစ်စုံတရာကို ပြောပြလိမ့်မည်ဟု သူက တွက်လေသည်။ သို့ရာတွင် ယခုလောက် ရှင်းလင်းပြတ်သားသော၊ ယခုလောက် တိကျမှန်ကန်သောစကားကို ကြားရသောအခါ အံ့အားသင့်သွား၏။ ဒေါသလည်း ထွက်၏။ မိမိကိုယ်ကို ဒေါသထွက်သည့်အပြင် စိတ္တရလေခါကိုလည်း ဒေါသထွက်သွား၏။

"လာချင်တဲ့စိတ် မရှိဘူး၊ ဟုတ်လား။ မလာချင်တဲ့အကြောင်းကို ကျုပ် သိပိုင်ခွင့်ရှိတယ်"

စိတ္တရလေခါသည် ဗီဇဂုတ္တ၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။ သူ၏ မျက်နှာ၌ တည်ကြည်မှု ရှိနေသည်။ လေးနက်မှု ရှိနေသည်။ ဒေါသ၏အရိပ် ထိုးနေသည်။ ပိုင်သည် ဆိုင်သည်ဟူသော အပေါ်စီးရှိနေသည်။ စိတ္တရလေခါ၏ မျက်နှာသည် နီမြန်းသွားလေ၏။ သို့ရာတွင် ဒေါသကို ချုပ်တည်းပြီး ပြောလိုက်လေသည်။

"သိပိုင်ခွင့်ရှိတယ် ဟုတ်လား။ ကျွန်မ မသိပါဘူး။ လူလူချင်း ဘယ်လို ပိုင်စိုးပိုင်ခွင့် ရှိတယ်ဆိုတာ ကျွန်မ ဘယ်တုန်းကမှ မသိခဲ့ဘူး။ ဒါပေမဲ့ အကျိုးအကြောင်းကို သိချင်သပဆိုရင် နားထောင်ပါ။ ယခုတလော ကျွန်မလည်း စိတ်မတည်မငြိမ် ဖြစ်နေတယ်။ အဲဒီလို စိတ်မတည်မငြိမ် ဖြစ်နေတဲ့အတွက် ကျွန်မ ကိုယ့်ကိုယ်ကိုရော၊ ကိုယ်နဲ့ အကျွမ်းဝင်သူတွေကိုရော မေ့သလိုလို ဖြစ်နေတယ်"

ထိုအချိန်၌ ရထားသည် ဗီဇဂုတ္တ၏ အိမ်တံခါးဝ၌ ရပ်လိုက်လေသည်။ သေတံကသည် သူ၏ ရထားပေါ်မှ ဆင်းပြီးလျှင် ဗီဇဂုတ္တနှင့် စိတ္တရလေခါကို ချပေးလေ၏။ သုံးဦးသားသည် ဗီဇဂုတ္တ၏ ခန်းဆောင်ထဲ ဝင်သွားကြလေ၏။ ထို့နောက် သေတံကသည် ထိုခန်းဆောင်ထဲမှ ထွက်သွားလေ၏။ သေတံက ထွက်သွားသည်ကို တွေ့ရသောအခါ ဗီဇဂုတ္တက လှမ်းပြောလိုက်သည်။

"သေတံက၊ နေဦး။ မင်းသွားဖို့ မလိုဘူး"

စိတ္တရလေခါက ဗီဇဂုတ္တကို ပြောလိုက်သည်။

"သေတံက ဒီမှာရှိနေဖို့ မလိုပါဘူး"

"သေတံက ဒီမှာရှိနေတဲ့အတွက်လည်း ဘာမှ ထိခိုက်နစ်နာစရာ ရှိမှာ မဟုတ်ပါဘူး"

ဗီဇဂုတ္တက ရယ်လိုက်သည်။

"သေတံက ဒီမှာရှိနေတဲ့အတွက် သူ့မှာတောင် ကျေးဇူးများလိမ့်ဦးမယ်။ ဒီ အတွေ့အကြုံ ကင်းမဲ့နေတဲ့ လူငယ်အတွက် အတွေ့အကြုံတောင် ရလာဖို့ရာ ရှိပါတယ်"

သေတံက ရပ်သွား၏။ ဗီဇဂုတ္တက သူ့ကို သေရည်ယူလာခဲ့ဖို့ ပြောလိုက်သည်။

ယင်းအလုပ်၌ သေတံကသည် အလျင်ရနေပြီ။ ဗီဇဂုတ္တအား သေရည်ခွက် ပေးလိုက်သည်။ စိတ္တရလေခါအားလည်း ပေးလိုက်သည်။ မိမိကိုယ်တိုင်လည်း ယူလေသည်။ ထို့နောက် အတန်ငယ်ခွာပြီး ထိုင်လိုက်လေ၏။

ဗီဇဂုတ္တက စကားမပြန်သည်။

"အင်း ... စိတ် မတည်မငြိမ် ဖြစ်နေတဲ့အတွက် မိမိကိုယ်ကိုရော၊ မိမိနဲ့ အကျွမ်းတဝင်ဖြစ်နေတဲ့ လူတွေကိုရော မေ့နေတယ်လို့ မင်းပြောတယ်။ အဲဒီလို မေ့အောင်ပြုလုပ်တဲ့ စိတ်မတည်မငြိမ်မှုဟာ တော်တော်ကို ထူးခြားမှာပဲ"

စိတ္တရလေခါ ရယ်လိုက်သည်။

"ဒီလိုဆိုရင် ဗီဇဂုတ္တဟာ ကျွန်မကို ကိုယ့်သဘောထားကို ရှင်းလင်းပြောပြဖို့ အတင်းခိုင်းနေတယ်လို့ ကျွန်မ ယူဆလိုက်ရမလား"

"ဟင့်အင်း၊ အတင်းခိုင်းနေတာ မဟုတ်ဘူး။ ကျုပ် သိပါရစေလို့ တောင်းပန်နေတာပါ"

"တကယ်ပဲ ဗီဇဂုတ္တ တောင်းပန်နေရတာဆိုရင် စိတ်မတည်ငြိမ်မှုဟာ သာမန်မဟုတ်ဘူး ဆိုတဲ့အကြောင်းနဲ့ အဲဒီစိတ်မတည်ငြိမ်မှုရဲ့ အကြောင်းဟာလည်း သာမန် မဟုတ်ဘူးဆိုတဲ့ အကြောင်းကိုလည်း သူမသိဘဲနေမှာ မဟုတ်ဘူး။ ဒါပေမဲ့ စိတ္တရလေခါကတော့ အဲဒီစိတ်မတည်ငြိမ်မှုနဲ့ ပတ်သက်ပြီး ဒါထက် ပိုပြီး ပြောမပြနိုင်တော့ဘူး"

ဗီဇဂုတ္တသည် သေတံကကို လှမ်းကြည့်လိုက်သည်။ သေတံကက သူတို့ နှစ်ဦး၏ စကားကို နားစိုက်ထောင်နေသည်။

"စိတ္တရလေခါ ပြောမပြနိုင်တော့ဘူး၊ ဟုတ်လား" ဗီဇဂုတ္တသည် တစ်လုံးချင်း ပြောလေ၏။

"ကျုပ်တို့နှစ်ယောက် တစ်ဦးနဲ့တစ်ဦး အကျွမ်းတဝင် ဖြစ်ကြပြီးတဲ့နောက် စိတ္တရလေခါက ဗီဇဂုတ္တကို မိမိရဲ့ လျှို့ဝှက်ချက် အသိမပေးတာ ဒီနေ့ဟာ ပထမဆုံး အကြိမ်ပဲ။ စိတ္တရလေခါရဲ့ နှလုံးဟာ ပြောင်းလဲသွားပြီ။ အဲဒီအကြောင်းကို ဗီဇဂုတ္တ ရိပ်စားမိစ ပြုပါပြီ"

သုံးဦးလုံး၏ အပေါ်တွင် သေရည် အစွမ်းပြနေလေပြီ။ နောက်တစ်ခွက်ကို နှုတ်ခမ်းတွင် တေ့လျက် စိတ္တရလေခါက ပြောလိုက်သည်။

"ဒီပြောင်းလဲနေတဲ့ ကမ္ဘာလောကကြီးထဲမှာ ဘယ်အရာဝတ္ထုမျိုး မဆို ပြောင်းလဲနေတာဟာ အံ့သြစရာ မဟုတ်ပါဘူး"

ဗီဇဂုတ္တ အကြောင်သား ဖြစ်သွား၏။ ယင်းအဖြေမျိုး ထွက်လာလိမ့်မည်ဟု သူ မမျှော်လင့်ပေ။

"ဘာပြောတယ်။ ဒီပြောင်းလဲနေတဲ့ ကမ္ဘာလောကကြီးထဲမှာ ဘယ်အရာဝတ္ထုမျိုးမဆို ပြောင်းလဲနေတာဟာ အံ့သြစရာ မဟုတ်ဘူး၊ ဟုတ်လား။ ဒီလိုဆိုရင် စိတ္တရလေခါရဲ့ အချစ်ဟာ ပြောင်းလဲသွားနိုင်တယ်လို့ ယူဆရမလား"

စိတ္တရလေခါသည် မိမိပြောလိုက်သည့် စကားအတွက် မိမိကိုယ်တိုင် နောင်တရနေ၏။ မဆင်မခြင် မစဉ်းမစား ဘယ်လို အကျိုးသက်ရောက် လာနိုင်သည် ဆိုသည်ကို ဂရုမထားဘဲ ထိုစကားကို စိတ်လိုက်မာန်ပါ ပြောချလိုက်ခြင်း ဖြစ်လေသည်။ ထိုစကားကို အကြောင်းပြု၍ ဤမျှ အရေးကြီးသည့်ပြဿနာ ဖြစ်ပေါ်လာနိုင်သည် ဆိုသည်ကို သူ စိတ်ကူးထဲပင် မထည့်မိခဲ့ပေ။ ဗီဇဂုတ္တအား ပြောလိုက်လေသည်။

"ဟင့်အင်း၊ ဗီဇဂုတ္တတွေးတာ မမှန်ဘူး။ စိတ္တရလေခါရဲ့ အချစ်ဟာ ပင်လယ်သမုဒ္ဒရာလို နက်ရှိုင်းပါတယ်။ ပြောင်းလဲသွားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ အချစ်ဆိုတာ ပြောင်းလဲတတ်တယ် ဆိုတာကိုတော့ ကျွန်မယုံကြည်တယ်။ အဲဒီလို ပြောင်းလဲတာကို မှန်တယ်လို့လည်း ကျွန်မ ထင်တယ်။ သဘာဝရဲ့ သဘောလက္ခဏာ တစ်ခုပဲ။ သဘာဝရဲ့ နိယာမတရားကို အချစ်အပေါ်မှာလည်း ချကြည့်လို့ရတယ်"

စိတ္တရလေခါ၏ စကားသည် နားဝင်မချိုသော်လည်း မှန်သလောက် မှန်သည်ဆိုသည်ကို ဗီဇဂုတ္တ သတိပြုမိလေသည်။ စိတ္တရလေခါ၏ စကားသည် မှန်သည်။ ဆိုရေးဆိုခွင့်ရှိသည့် အခါသမယလည်း ဖြစ်သည်။ စကားစပ်လာပုံမှာလည်း အချိန်သမယနှင့် ကိုက်ညီသည်။ စိတ္တရလေခါသည် သူ့ထံမှ ရွေ့လျားသွားပြီ ဟူ၍လည်းကောင်း ဗီဇဂုတ္တ ထင်နေသည်။ မသိအပ် မသိရသည့် စွမ်းရည်သတ္တိတစ်ခု သို့မဟုတ် လှုံ့ဆော်ချက်တစ်ခုသည် ယင်းသတ္တဝါနှစ်ဦး၏ အကြားတွင် ကန့်လန့် လာခံနေလေပြီ။ -----------------

"စိတ္တရလေခါ၊ မင်း သတိမေ့နေတယ် ထင်တယ်။ အချစ်ဟာ သဘာဝနဲ့ ဆက်သွယ်တာ မဟုတ်ဘူး။ ဝိညာဉ်နဲ့သာ ဆက်သွယ်တာ။ သဘာဝနဲ့ ဆက်သွယ်တဲ့ အရာဝတ္ထုက

တဏှာရာဂသာ ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ တဏှာရာဂဟာ အပြင်အပနဲ့သာ ဆက်သွယ်တယ်။ တဏှာရာဂရဲ့ ရည်မှန်းချက်ဟာ သဘာဝက လှအောင်ဖန်တီးထားတဲ့ ကိုယ်ကာယသာ ဖြစ်တယ်။ အချစ်ကတော့ ဝိညာဉ်နဲ့သာ ဆက်သွယ်တယ်။ ကိုယ်ကာယနဲ့ ဆက်သွယ်တာ မဟုတ်ဘူး။ ပြောင်းလဲခြင်းဆိုတာ သဘာဝရဲ့ နိယာမ သဘောတရားသာ ဖြစ်တယ်။ ဝိညာဉ်ရဲ့ နိယာမ သဘောတရား မဟုတ်ဘူး။ ဝိညာဉ်ရဲ့ ဆက်သွယ်မှုက ဘယ်တော့မှ ပျက်စီးပျောက်ကွယ်သွားတယ်လို့ မရှိဘူး”

စိတ္တရလေခါက ရယ်လိုက်လေ၏။

“ဝိညာဉ်ရဲ့ ဆက်သွယ်မှုက ဘယ်တော့မှ ပျက်စီးပျောက်ကွယ်သွားတယ်လို့ မရှိဘူး၊ ဟုတ်လား။ သိပ်ဆန်းကြယ်တဲ့ စကားကို ပြောနေတာကိုး ဗီဇဂုတ္တ။ မွေးဖွားလာတဲ့ လူမှန်သမျှ သေကြေပျက်စီး ရတယ်။ တကယ်လို့ တစ်စုံတစ်ဦးဟာ မသေကြေ မပျက်စီးဘူးဆိုရင် မမွေးဖွားတာလည်း ဖြစ်ရမယ်။ အပြုရှိတဲ့နေရာမှာ အပျက်လည်း ရှိရမှာပဲ။ ဝိညာဉ်ဟာ မွေးဖွားလာတာ မဟုတ်ဘူး။ သို့အတွက် မသေကြေ မပျက်စီးဘူး။ ဒါပေမဲ့ အချစ်ဟာ မမွေးဖွားတာ မဟုတ်ဘူး။ တစ်စုံတစ်ယောက်နဲ့ ချစ်မိလို့ရှိရင် အဲဒီနေရာမှာ အချစ်ဟာ မွေးဖွားဖြစ်ပေါ်လာတာပဲ။ အဆက်အသွယ် ပြုလိုက်တယ်ဆိုတာဟာ ဆက်သွယ်မှု မွေးဖွား ဖြစ်ပေါ်လာတာပဲ။ အဲဒီဆက်သွယ်မှုဟာ အနန္တ မဟုတ်ဘူး။ တစ်ကြိမ်တစ်ခါမှာ အဲဒီ ဆက်သွယ်မှုဟာ အဆုံးသတ်ရမှာ အမှန်ပဲ။ အချစ်နဲ့တဏှာ ရာဂရဲ့ ထူးခြားချက်ဟာ အဲဒါပါပဲ။ တဏှာရာဂက တစ်ခဏသာခံတဲ့ ရူးမိုက်ခြင်း ဖြစ်တယ်။ သို့အတွက် တဏှာရာဂဟာ ရူးမိုက်ခြင်းနဲ့ အတူတကွပဲ ကွယ်ပျောက် သွားတတ်တယ်။ အချစ်ကတော့ လေးနက်တယ်။ အချစ်ရဲ့ တည်ရှိမှုဟာ အဆောတလျင် ကွယ်ပျောက်မသွားဘူး။ ဝိညာဉ်ရဲ့ ဆက်သွယ်မှုဟာ အနာဒိ မဟုတ်ပါဘူး၊ ဗီဇဂုတ္တ”

စိတ္တရလေခါ၏ဆင်ခြေမှာ သာမန်ကာလျှံကာ မဟုတ်ကြောင်း ဗီဇဂုတ္တ သိရလေ၏။ ဤတစ်ကြိမ်တွင်လည်း ဗီဇဂုတ္တ လက်မြှောက်ရပြန်လေသည်။

“မင်း ပြောပြတာတွေဟာ မှန်ပါလိမ့်မယ်။ ကျုပ် ပြန်မချေပတော့ပါဘူး။ ကိုယ်ထင်ရာ ကိုယ်ယုံကြည်စမြဲပါ။ ဒါပေမဲ့ ကျုပ် တစ်ခုတော့ ပြောရလိမ့်မယ်။ ရူးခြင်းနဲ့ အသိဉာဏ်မှာရှိတဲ့ ခြားနားချက်မျိုး တဏှာရာဂနဲ့ အချစ်မှာလည်း ရှိတယ်။ ရူးခြင်းဟာ ယာယီမျှသာ ဖြစ်တယ်။ အသိဉာဏ်ကတော့ အစဉ်ထာဝရ တည်မြဲတယ်။ အသိဉာဏ်ဟာ အခိုက်အတံ့ ငုပ်ချင်ငုပ်နေပေမယ့် ကွယ်ပျောက်မသွားဘူး။ ရူးခြင်းရဲ့ အထိုးအနက်ကို ခံရတဲ့အခါ အသိဉာဏ်ဟာ ငုပ်နေသလိုလို ထင်ရတယ်။ ဒါပေမဲ့ ရူးခြင်း စခန်းသိမ်းသွားတာနဲ့ တစ်ပြိုင်နက် အသိဉာဏ်ဟာ ပေါ်လွင်ထင်ရှားလာတယ်။ တကယ်လို့ အသိဉာဏ်ဟာ ထာဝစဉ် တည်မြဲတဲ့အရာ မဟုတ်ဘူးဆိုရင် အချစ်လည်းပဲ ထာဝစဉ် တည်မြဲတဲ့အရာ မဟုတ်ဘူး။ ဒါပေမဲ့ ကျုပ် စိတ်အထင်ကတော့ အသိဉာဏ်ဟာ ထာဝစဉ် တည်မြဲတဲ့အရာ ဖြစ်တယ်။ ဘုရားသခင်ရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်တယ်။ ပြီးတော့ အချစ်ဟာလည်း အဲဒီအတိုင်းပဲ”

ထိုအချိန်၌ စိတ္တရလေခါသည် လဲလျောင်းနေလေ၏။ သူ၏မျက်လုံးမှာ မပွင့်တပွင့် ဖြစ်နေသည်။ သူ၏ လှပသော မျက်နှာ၌ ရူးမူးခြင်းသည် ကလူကျီစယ် ပြုနေသည်။ ရုတ်တရက် ထထိုင်ပြီး ပြောလိုက်လေ၏။

“ဗီဇဂုတ္တ၊ ရှင် ပြောတာ မှန်တယ်။ ကျွန်မ မှားပါတယ်။ အမှား ဖုံးလွှမ်းနေတဲ့အတွက် ကျွန်မ ကိုယ့်ကိုယ်ကို မေ့သွားတယ်။ ခွင့်လွှတ်ပါ … ” ယင်းသို့ပြောလျက် စိတ္တရလေခါသည် ဗီဇဂုတ္တ၏ လည်ပင်းကို ဖက်လိုက်လေသည်။

သေတံကက ထိုအခြင်းအရာကို မြင်သည်။ သူ ထလိုက်သည်။ ဗီဇဂုတ္တက ပြောလိုက်သည်။

“သေတံက၊ မင်း သွားနိုင်ပြီ။ ရထားကို မဖြုတ်နဲ့ဦး။ ဒီကနေ့ ငါ့ကိုရော မင်းကိုရော ဖိတ်ထားတယ်”

## အခန်း ( ၉ )

မိတ္တဥ္စယသည် ဇာတိအားဖြင့် ခတ္တိယ ဖြစ်သော်လည်း အလုပ်သဘောအားဖြင့်မူ ဗြာဟ္မဏ ဖြစ်လေသည်။ ပါဋ္ဌလိပုတ်ရှိ ယင်း သက်ကြီး ရွယ်ကြီး မြို့စားကြီး၏ နေအိမ်၌ လောကီရေးများ၏အစား လောကုတ္တရာရေးများက ကြီးစိုးနေကြသည်။ မိတ္တဥ္စယ၏ အမည်နာမကို မကြားဘူးသူ မရှိပေ။ တစ်မြို့လုံး သူ့ကို သိကြ၏။ သူ့လိုလူများမှာ မပေါ်များပေ။ သူ၏ နယ်ပယ်မှာ ဟေးလားဝါးလား အပျော်အပါးများ ပြည့်နှက်နေသည့် လူစုလူဝေး မဟုတ်ပေ။ ဘုရားဝတ်ပြုခြင်း၊ တရားအားထုတ်ခြင်းနှင့် ဆိတ်ငြိမ်နေသော နေရာသာ သူ၏ နယ်ပယ် ဖြစ်လေသည်။

ဆိတ်ငြိမ်ရာ၌သာ တရားထိုင်နေတတ်သည့် ယင်းခတ္တိယ၏အထဲ၌ ပေါများကြွယ်ဝသော စည်းစိမ်ဥစ္စာ ရှိလေသည်။ မြို့ပေါ်ရှိ အရေးပါ အရာရောက်သည့် မြို့မျက်နှာဖုံး လူကုံထံများ၏ စာရင်းတွင် သူ၏အမည်မှာ ထိပ်ဆုံးက ရှိနေသည်။ မင်းပေါက် စိုးပေါက်လည်း ဖြစ်သည်။ နန်းတော်အတွင်း၌ သူ၏အခန်းကဏ္ဍမှာ မသေးငယ်လှပေ။ သူ့အမည်ကို ကြားလိုက်ရုံမျှဖြင့် လူအပေါင်းတို့က ဦးညွှတ်အရိုအသေ ပြုကြသည်။ သူ့ရှေ့မှောက် ရောက်သည်နှင့်တစ်ပြိုင်နက် သူ့ကို ကြည်ညိုလေးစားသည့် စိတ်ထားများ တဖွားဖွား ပေါ်ပေါက်လာကြသည်။ သူ၏ အကျင့်တရားမှာ ကျယ်ပြောလှသည်။ သူ့တွင် စိတ်ဓာတ်အင်အား ရှိသည်။ စိတ်ဓာတ် အရှိန်အဝါ ရှိသည်။

မိတ္တဥ္စယတွင် သားမရှိပေ။ သမီးတစ်ယောက်သာ ထွန်းကား၏။ သမီး၏အမည်မှာ ယသောဓရာ ဖြစ်သည်။ တစ်ဦးတည်းသမီး ဖြစ်သဖြင့် ယသောဓရာ၏ အပေါ်၌ ဖခင် မိတ္တဥ္စယ၏ အချစ်မှာ စုပုံနေသည်။ ထိုအချိန်၌ ယသောဓရာ၏အရွယ်သည် ဆယ့်ရှစ်နှစ်လောက် ရှိနေလေပြီ။ ယသောဓရာ၏အရွယ်သည် တိုးတက်ဖွံ့ထွားချိန် ရောက်နေပြီ။ မိတ္တဥ္စယ၏အရွယ်သည် ဘဝ၏ နိဂုံးသို့ ရောက်နေပြီ။ မကုန်မခမ်းနိုင်သည့် စည်းစိမ်ဥစ္စာများ၏ပိုင်ရှင် ယသောဓရာနှင့် လက်ထပ်ထိမ်းမြားလိုသည့်အတွက် လုလင်တိုင်း ယောက်ယက်ခတ်နေသည်မှာ မဆန်းပေ။ ထိုမျှသာမက ယသောဓရာမှာ ရုပ်ရည်ကလည်း အလွန်တရာ လှပချောမောသူ ဖြစ်နေ၏။ အဆင့်အတန်းမြင့်သည့် အလှကညာပျိုလည်း ဖြစ်နေ၏။ သူ၏ ငြိမ်းအေးသော မျက်နှာဝန်း၌ ရိုးသားမှုသည် စိုးမိုးနေသည်။ သူ၏ ချိုသာသော ရယ်သံ၌ ပျိုရွယ်မှုကို အရှုံးပေးလိုက်ရသော ငယ်မူ ငယ်သွေးသည် မိုနို လဲလျောင်းနေသည်။ သမင်မ မျက်လုံးကဲ့သို့ ဝိုင်းစက်လှပသော မျက်လုံး၌ မဝံ့မရဲခြင်း ရှိနေသည်။ အရက်ရောင် ပါးပြင်ပေါ်၌ ရှက်သွေးဖြာနေသည်။ သူ၏ပျိုရွယ်မှုသည် မဝံ့မရဲခြင်းနှင့် မြူးကြွခြင်း၏ ရောရာ ဖြစ်နေသည်။ ယင်း၌ မာန်မာန၏ မိုးမမြင် လေမမြင်ဖြစ်ခြင်း မရှိပေ။ ရှက်ခြင်း၏ ငြိမ်ဝပ်ပိပြားခြင်းသာလျှင် ရှိသည်။

အဖိုးကြီး မိတ္တဥ္စယသည် ယသောဓရာအတွက် သတို့သားကို ရှာနေသည်။ ရုတ်တရက် ဗီဇဂုတ္တကို သွားတွေ့သည်။ ဗီဇဂုတ္တသည် အိမ်ထောင် မရှိသေးပေ။ အထက်တန်းစား မျိုးနွယ်ထဲက လုလင်လည်း ဖြစ်သည်။ မိတ္တဥ္စယ၏ အပေါင်းအသင်းများသည် အထူးအားဖြင့် ယင်းအပေါင်းအသင်းများထဲက ယသောဓရာကို ချွေးမတော်ချင်သည့်စိတ် ပြင်းပြင်းပြပြ ရှိနေသူများသည် မိတ္တဥ္စယအား ဗီဇဂုတ္တနှင့် စိတ္တရလေခါတို့၏ ဆက်သွယ်ရေးကို တစ်ကြိမ်မက ပြောပြကြ၏။ သို့ရာတွင် ယင်းသို့ ပြောသည့်အခါတိုင်း အတွေ့အကြုံ ပြည့်ဝနေသူ အဖိုးကြီး မိတ္တဥ္စယက အဖြေ ပြန်ပေးတတ်သည်။

"ဗီဇဂုတ္တအဖို့ အခု ပျော်တုန်း ပါးတုန်း အချိန်အရွယ် ရှိသေးတယ်။ အနာဂတ်ဆိုတာ အင်မတန်မှ ရှည်လျား ကျယ်ဝန်းလှပါတယ်။ ဗီဇဂုတ္တဟာ ပညာသင်ကြား တတ်မြောက်ထားသူ တစ်ယောက် ဖြစ်တယ်။ သူအခု အတွေ့အကြုံ ပင်လယ်သမုဒ္ဒရာထဲမှာ လက်ပစ်ကူးနေတုန်း ရှိသေးတယ်"

ထိုနေ့တွင် ဗီဇဂုတ္တကို မိတ္တဥ္စယ၏အိမ်မှ ပင့်ဖိတ်ထားလေသည်။ ယသောဓရာ၏ မွေးနေ့အထိမ်းအမှတ် အဖြစ်ဖြင့် မိတ္တဥ္စယ၏အိမ်၌ သိုက်မြိုက် စည်ကားသော ပွဲသဘင်တစ်ခု ဆင်ယင် ကျင်းပလေသည်။ ယသောဓရာ ကလေးအရွယ်က ဗီဇဂုတ္တသည် ယသောဓရာအား

တစ်ကြိမ်နှစ်ကြိမ် တွေ့မြင်ဖူးသည်။ မိတ္ထူဃယနှင့်လည်း ထူးထူးခြားခြား အကျွမ်းတဝင် မရှိပေ။ ထိုနေ့ မိတ္ထူဃယထံမှ ဖိတ်စာ ရရှိသည်ဖြစ်၍ အံ့အားသင့်နေ၏။ စိတ္တရလေခါကို သူနှင့်အတူ ဖိတ်ထားကြောင်း ဖတ်ရသည့်အခါ ဗီဇဂုတ္တသည် ပိုပြီး အံ့အားသင့်နေသည်။

ဗီဇဂုတ္တသည် စိတ္တရလေခါအား ပြောလိုက်လေသည်။

"စိတ္တရလေခါ၊ အကြောင်းကတော့ တော်တော် ထူးတာပဲ။ မင်း အဖိုးကြီး မိတ္ထူဃယကို သိမှာပေါ့"

"သိသားပဲ"

"သူ့ သမီး ယသောရောကိုလည်း သိမှာပေါ့"

အတန်ငယ် တွေးတောစဉ်းစားပြီး စိတ္တရလေခါက ပြန်ဖြေသည်။

"အင်း၊ သူ့ကိုလည်း တစ်ခါ နှစ်ခါလောက် မြင်ဖူးပါတယ်"

"ဒီကနေ့ မိတ္ထူဃယအိမ်မှာ ကျင်းပမယ့် ယသောရောရဲ့ မွေးနေ့အထိမ်းအမှတ်ပွဲသဘင်တက်ဖို့ ဖိတ်စာရတယ်။ ကျုပ် မိတ္ထူဃယနဲ့ အကျွမ်းတဝင် မရှိလှဘူး။ ဒါကြောင့် ဖိတ်စာရတာ ကျုပ် အံ့ဩနေတယ်။ ဒါပေမဲ့ အဲဒါထက်ပိုပြီး အံ့ဩစရာကောင်းတာက မင်းကိုလည်း ကျုပ်နဲ့အတူ ဖိတ်တဲ့အချက် ဖြစ်တယ်။ မင်း ကျုပ်ဆီကတစ်ဆင့် ပေးတဲ့ဖိတ်စာ ရတယ်မဟုတ်လား"

"ကျွန်မ သွားဖို့ မသင့်ဘူးလို့ ဆိုလိုတာလား"

"မဟုတ်ပါဘူး၊ စိတ္တရလေခါ။ မင်း ကျုပ်ဆီက တစ်ဆင့် ဖိတ်စာရတယ် မဟုတ်လား။ အဲဒါကြောင့် မင်း ကျုပ်နဲ့အတူ သွားရလိမ့်မယ်။ အဲဒီလိုသွားတာ သင့်လည်း သင့်လျော်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လူ့အသိုက်အဝန်းက မင်းနဲ့ကျုပ်ရဲ့ ဆက်သွယ်ရေးကို မြင့်မြတ်စင်ကြယ်တယ်လို့ ယူဆထားတဲ့အတွက်ကြောင့် ဖြစ်တယ်"

စိတ္တရလေခါသည် အတန်ကြာမျှ ခတ်မဆိတ် နေပြီးနောက် ပြောလေ၏။

"ဗီဇဂုတ္တ၊ ကျွန်မဟာ မင်းပွဲစိုးပွဲများမှာ ကချေသည်အဖြစ်နဲ့သာ သွားလေ့သွားထ ရှိတယ်။ အထက်တန်းလွှာ မိန်းမတွေက ကျွန်မကို မထီမဲ့မြင် လုပ်ကြလိမ့်မယ် ထင်တယ်။ တကယ်လို့ အဲဒီလို အခြေအနေမျိုး ဖြစ်ပေါ်လာရင် ဘာလုပ်ရမယ်ဆိုတာ ကျွန်မ မသိဘူး"

ဗီဇဂုတ္တက ရယ်လိုက်လေ၏။

"ကျုပ်နဲ့ အတူရှိနေရင် မင်းကို ဘယ်သူကမှ မထီမဲ့မြင် မလုပ်ရဲဘူးဆိုတာ စိတ်ချထားပါ" ယင်းသို့ပြောလျက် ဗီဇဂုတ္တသည် သေတံကကို ခေါ်လိုက်လေ၏။

သေတံကနှင့် အတူတကွ သူတို့နှစ်ဦးသည် အပြင်သို့ ထွက်လာကြလေ၏။ ဗီဇဂုတ္တ၏ ရထားပေါ်၌ စိတ္တရလေခါနှင့် ဗီဇဂုတ္တတို့ ထိုင်ကြလေသည်။ သေတံကက မြင်းဇက်ကြိုးကို ကိုင်လေ၏။

ပင့်ဖိတ်ထားသည့် အချိန်၌ ဧည့်သည်များသည် မိတ္ထူဃယ၏ အိမ်တံခါးဝသို့ ရောက်ရှိလာကြလေ၏။ တံခါးမှူးက အကြောင်းကြားလိုက်လေ၏။

"မြို့စားကလေး ဗီဇဂုတ္တရဲ့ရထား တံခါးဝမှာ ရောက်နေပါတယ်" ယသောရောနှင့် အတူတကွ မိတ္ထူဃယသည် တံခါးဝသို့ ထွက်လာခဲ့ကြသည်။ မိတ္ထူဃယက ဗီဇဂုတ္တကို ကြိုဆိုသည်။ ယသောရောက စိတ္တရလေခါကို ကြိုဆိုသည်။ သေတံကက နောက်မှ လိုက်လာ၏။

တံခါးကို ဖြတ်ကျော်ပြီးနောက် အားလုံး အဆောင်သို့ ရောက်သွားကြလေ၏။ ပါဋ္ဌလိပုတ်မြို့ရှိ ဩဇာတိက္ကမရှိသည့် မြို့မျက်နှာဖုံး ပုဂ္ဂိုလ်တိုင်းလိုလို ရောက်ရှိနေကြသည်။ အားလုံးကပင် ဗီဇဂုတ္တနှင့် စိတ္တရလေခါ ရောက်လာသည့်အတွက် ကောင်းချီးဩဘာ

Typing - ငွေဇင်ယော်

ပေးကြလေ၏။ စိတ္တလေခါသည် ယသောဓရာနှင့်အတူ မိန်းမသိုက်ရှိရာသို့ သွားလေသည်။ ဗီဇဂုတ္တကမူ မိတုဥ္စယနှင့်အတူ ထိုင်နေ၏။

ယသောဓရာကို တွေ့ရသောအခါ စိတ္တရလေခါ အံ့အားသင့်သွား၏။ ယနေ့အထိ စိတ္တရလေခါသည် အလှမာန်တက်နေသူ ဖြစ်သည်။ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချထားသူ ဖြစ်သည်။ သို့ရာတွင် ယသောဓရာက တစ်ခဏ အတောအတွင်းမှာပင် သူ၏အလှမာန်ကို ဖယ်ရှားပစ်လိုက်လေသည်။ သူ၏ အတ္တစွဲကို ဖျောက်ဖျက်ပစ်လိုက်သည်။ ယသောဓရာသည် စိတ္တရလေခါအား ရှိသေလေးစားစွာဖြင့် နေရာထိုင်ခင်းပေးပြီးလျှင် မိမိကိုယ်တိုင်လည်း စိတ္တရလေခါအနီး၌ ထိုင်လိုက်လေ၏။ စိတ္တရလေခါအနီးတွင် ယသောဓရာ ထိုင်နေသည်ကို တွေ့ရသောကြောင့် လည်းကောင်း၊ ယသောဓရာက စိတ္တရလေခါအား ထူးထူးခြားခြား အရေးပေးသည်ကို တွေ့ရသောကြောင့် လည်းကောင်း အခြား မိန်းမများက နှုတ်ခမ်းစူကြလေ၏။ မေးငေါ့ကြလေ၏။

ကလေးအရွယ်က ယသောဓရာသည် စိတ္တရလေခါ၏ အကကို ကြည့်ဖူးသည်။ ထိုစဉ်က စိတ္တရလေခါ၏အကကို စွဲမက်လည်း စွဲမက်သွားခဲ့ဖူးလေသည်။ ယနေ့ သူ့ကို ဖခင်ဖြစ်သူက စိတ္တရလေခါနှင့် ထိုင်နေဖို့ ညွှန်ကြားထား၏။ ယင်းသို့ စိတ္တရလေခါနှင့်အတူ ထိုင်နေရခြင်းကို သူကလည်း ကျေနပ်နေလေ၏။

စိတ္တရလေခါ၏ ဘေးပတ်လည်တွင် မိန်းမပျိုများ စုဝေးနေကြသည်။ ရယ်သူက ရယ်ပြီး လှောင်သူက လှောင်နေကြသည်။ စိတ္တရလေခါကမူ မည်သို့မျှ မအောက်မေ့။ မိမိ၏ အခြေအနေကို ကောင်းစွာ နားလည် သဘောပေါက်ထား၏။ အနီးတွင် ရပ်နေသော မြို့စားကြီးကတော်တစ်ဦးက ပြောလိုက်လေ၏။

"ဒီကနေ့ ကချေသည် စိတ္တရလေခါကို ကျုပ်တို့နဲ့ တန်းတူရည်တူ ကျုပ်တို့ရဲ့ အသိုင်းအဝန်းထဲ ဝင်ရောက်လာတဲ့အတွက် ဂုဏ်ပြု ချီးကျူးလိုက်ပါတယ်"

ထိုစကားမှာ ရင့်သီးလှပေသည်။ ပြန်လှန် ချေပချက်မှာ ထို့ထက်ပင် ရင့်သီးသေး၏။



"မာနကြီးနေတဲ့ မိန်းမတွေကို မိမိရဲ့ အလှအင်အားနဲ့ မိမိကို မလေးစားဘဲ မနေအောင် ပြုလုပ်လိုက်တဲ့ မိန်းမကို ဂုဏ်ပြုချီးကျူးစရာ မလိုပါဘူး"

တစ်ယောက်က အခြားတစ်ယောက်ကို လှမ်းကြည့်သည်။ အခြားတစ်ယောက်က နောက်တစ်ယောက်ကို လှမ်းကြည့်သည်။ စကား၏ ရင့်သီးခြင်းမှာ အနီးတွင် စုရုံးထိုင်နေကြသည့် ယောကျ်ား အသိုက်အဝန်းထဲသို့လည်း ကူးစက်သွားလေသည်။ ဗီဇဂုတ္တသည် မိန်းမသိုက်ဘက်သို့ လှည့်ကြည့်လိုက်၏။ စိတ္တရလေခါ အစော်ကားများ ခံရလေမည်လားဟု စိုးရိမ်မကင်း ဖြစ်နေခဲ့သည်။ တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန် ခွန်းကြီးခွန်းငယ် ပြောကြားချက်များကို ကြားရသောအခါ သူ၏စိုးရိမ်မကင်းမှုသည် ပိုမိုလွန်ကဲလာလေသည်။

"ဘာဖြစ်တာလဲ"

ဒေါသကြောင့် နီမြန်းနေသော စိတ္တရလေခါ၏ မျက်နှာသည် တစ်မုဟုတ်ချင်း ငြိမ်းအေးသွားလေ၏။

"ဘာမှ မဟုတ်ပါဘူး။ ပြောင်နေကြတာပါ" ထိုအချိန်၌ စိတ္တရလေခါ ရယ်နေသည်။

ယသောဓရာသည် စိတ္တရလေခါ အမူအရာ ပြောင်းလဲသွားပုံကို အံ့သြသွားလေ၏။ ဗီဇဂုတ္တ ထွက်သွားသောအခါ ယသောဓရာက စိတ္တရလေခါအား ပြောလိုက်လေသည်။

"မမ စိတ္တရလေခါ၊ မမဟာ လောကဝတ် တော်တော် နားလည်တယ်နော်"

"အဲဒါကြောင့် ဒါလောက် သြဇာတန်ခိုး ရှိနေတာပေါ့" စိတ္တရလေခါက ရယ်လိုက်လေ၏။

စိတ္တရလေခါ၏ ရယ်သံသည် ညိုးညိုးညံ့ညံ့ ဖြစ်သွားလေသည်။ လုလင်တစ်သိုက်၏ မျက်လုံးများသည် သူ့ထံသို့ စူးစိုက်ရောက်ရှိ သွားကြလေ၏။ ထိုအချိန်မှာ ဗီဇဂုတ္တအား ထိုလုလင်ပျိုတစ်သိုက်က သီချင်းဆိုပြရန် ဝိုင်းပြီး ပွဲတောင်းနေသည့်အခိုက် ဖြစ်လေသည်။

စောင်းကို ဆွဲယူလိုက်ပြီးလျှင် ဇီဇဂုတ္တသည် 'ဗာဂီရှရီ' သီချင်းကို သီဆို၍ စောင်းသံကို အစပျိုးလိုက်လေသည်။ မိန်းမများရော ယောကျ်ားများပါ ဇီဇဂုတ္တ၏ သီချင်းသံကို မှင်တက်မိနေသူများပမာ နားသောတ ဆင်နေကြသည်။ ဇီဇဂုတ္တသည် သီချင်းကို အဆုံးသတ်လိုက်လေ၏။ ထို့နောက်တွင်မူ မိတ္တဉ္စယသည် ကိုယ်တိုင်စောင်းကို ကောက်ယူလိုက်ပြီးလျှင် ယသောဓရာအား မျက်ရိပ်ပြလိုက်လေ၏။ ယသောဓရာကလည်း 'ဗာဂီရှရီ' သီချင်းကိုပင် သီဆိုလေသည်။ ယသောဓရာ၏ သီချင်း အဆုံးသတ်သွားသောအခါ၌ ဇီဇဂုတ္တ၏ သီချင်းရှေ့မှောက်တွင် ယသောဓရာ၏သီချင်း အရောင်ညှိုးမှိန်နေပုံကို လူအများက သတိပြုမိကြလေသည်။ စိတ္တရလေခါက လူအများ၏ အကဲကို ခတ်မိပြီးလျှင် ပြောလိုက်လေသည်။

"ယသောဓရာ၊ ဝန်မလေးဘူးဆိုရင် 'ကလျာန်' အသံနဲ့ သီချင်းတစ်ပုဒ်လောက် သီဆိုပါလို့ တောင်းပန်ချင်ပါတယ်"

အားလုံးက စိတ္တလေခါကို လှည့်ကြည့်ကြ၏။ မိတ္တဉ္စယလည်း စိတ္တရလေခါကို လှည့်ကြည့်လေသည်။ စိတ္တရလေခါ၏ အဆိုပြုချက် မည်ကဲ့သို့ အဓိပ္ပာယ် သက်ရောက်မည်ဆိုသည်ကို မိတ္တဉ္စယ မသိနားမလည်ပေ။ သို့ရာတွင် ပင့်ဖိတ်ထားအပ်သည့် ဧည့်သည်တစ်ဦး၏ တောင်းပန်ချက်ဖြစ်၍ မိတ္တဉ္စယသည် စောင်းကြိုးတွင် 'ကလျာန်' အသံညှိလိုက်လေသည်။ ယသောဓရာက သီချင်းကို စတင်သီဆိုလေသည်။ ဤတစ်ကြိမ်၌မူ ယသောဓရာသည် အားလုံးအား တွေဝေငေးမော သွားစေ၏။ အားလုံးက သူ့သီချင်းသံကို ချီးကျူးမဆုံး ဖြစ်နေကြသည်။ သီချင်း အဆုံးသတ်သွားလေ၏။ စိတ္တလေခါက ယသောဓရာကို ချီးကျူးဂုဏ်ပြုလေသည်။

"ညီမ ယသောဓရာ၊ သီချင်းကို ဒါလောက်ကောင်းအောင် သီဆိုနိုင်တဲ့အတွက် ညီမကို မမက ဂုဏ်ပြု ချီးကျူးလိုက်ပါတယ်"

မိတ္တဉ္စယသည် စိတ္တရလေခါ၏ အဆိုပြုချက် မည်ကဲ့သို့ အဓိပ္ပာယ်သက်ရောက်သည် ဆိုသည်ကို သိရှိနားလည် သွားလေ၏။

"စိတ္တရလေခါ၊ ကျုပ်က ယသောဓရာရဲ့ ကိုယ်စား စိတ္တရလေခါကို ကျေးဇူးတင် လိုက်ပါတယ်"

အချီအချ ပြောဆိုနေကြသည်ကို ဇီဇဂုတ္တက နားထောင်နေသည်။ ထို့နောက် သူက ပြုံးရယ်ပြီး ပြောလေ၏။

"စိတ္တရလေခါကို ကကြိုးတစ်ကြိုးလောက် ကပြပါလို့ ကျုပ်က တောင်းပန်ပါရစေ"

စိတ္တရလေခါက ရယ်ပြီး ပြန်ပြောလေ၏။

"ဇီဇဂုတ္တရဲ့ တောင်းပန်ချက်ဟာ ကျွန်မအတွက် အမိန့်အာဏာအတိုင်းပဲ မဟုတ်လား"

မိတ္တဉ္စယသည် စောင်းကို ကောက်ကိုင်လိုက်သည်။ ဇီဇဂုတ္တက ဗုံကို လှမ်းယူသည်။ စိတ္တရလေခါ အကကို စလေ၏။ စိတ္တရလေခါ၏ အကကို အားလုံးကပင် တအံ့တသြ ဖြစ်နေကြသည်။ စိတ္တရလေခါကလည်း သူ၏ အနုပညာစွမ်းရည်ကို ပြနေလေ၏။ ထိုအချိန်၌ တံခါးမှူးက လှမ်းပြောလိုက်လေသည်။

"ယောဂီ ကုမာရဂိရိ သူ့တပည့်နှင့်အတူ  တံခါးဝမှာ ရောက်နေပါတယ်"

မိတ္တဉ္စယသည် စောင်းကို ချထားလိုက်ပြီးလျှင် ကုမာရဂိရိကို ခရီးဦးကြိုဆိုရန် အပြင်သို့ ထွက်သွားလေ၏။ မိတ္တဉ္စယ စောင်းကို ချလိုက်သည်နှင့် တစ်ပြိုင်နက် စိတ္တလေခါ၏ အကလည်း ရပ်သွားလေ၏။

မိတ္တဉ္စယသည် ကုမာရဂိရိကို အခန်းထဲ ခေါ်ဆောင် လာလေ၏။ ကုမာရဂိရိနှင့်အတူ ဝိသာလဒေဝလည်း ပါလာလေသည်။ ကုမာရဂိရိ၏ရှေ့၌ အားလုံး မတ်တတ် ရပ်လိုက်ကြသည်။ ထိုအချိန်၌ စိတ္တရလေခါက ဇီဇဂုတ္တကို ပြောလိုက်သည်။

"ကျွန်မ သွားတော့မယ်။ ကျွန်မ အစော်ကား အများကြီးခံရတယ်"

*Typing - ငွေဇင်ယော်*

"ဘယ်လို ဖြစ်လို့လဲ"

"ကျွန်မရဲ့ အမြင်မှာ အနုပညာဟာ အမြင့်ဆုံးနေရာမှာ ရှိနေတယ်။ အနုပညာကို စော်ကားတဲ့လူဟာ လူမဟုတ်ဘူး။ တိရစ္ဆာန်သာ ဖြစ်တယ်။ ကုမာရဂိရိကို ခရီးဦးကြိုဆိုဖို့အတွက် မိတုဠ္ဌယက ကျွန်မရဲ့ အကကို ရပ်ပစ်လိုက်တာဟာ ကျွန်မကို စော်ကားတာ မဟုတ်လို့ ဘာလဲ"

ဗီဇဂုတ္တက ပြုံးလေသည်။

"မင်းသဘော အတိုင်းပါပဲ"

ထိုအချိန်၌ ကုမာရဂိရိသည် နေရာတစ်နေရာတွင် ထိုင်လိုက်လေ၏။ စိတ္တရလေခါသည် ရှေ့သို့ တိုးလာပြီးလျှင် ယောဂီကုမာရဂိရိကို အရိုအသေပြုလိုက်လေသည်။ ထို့နောက် မိတုဠ္ဌယကို ပြောလိုက်လေ၏။

"ကျွန်မကို ပြန်ခွင့်ပြုပါတော့"

မိတုဠ္ဌယ ပြန်မပြောမီပင် ကုမာရဂိရိက ပြန်ပြောလိုက်လေသည်။

"ဘယ့်နယ် ... ဘယ်လို ဖြစ်တာလဲ။ ကျုပ်ရောက်လာတာကို မနှစ်သက်ဘူးလား ကချေသည်။ အင်း မနှစ်သက်ဘူးဆိုတာ သဘာဝလည်း ကျပါတယ်" ကုမာရဂိရိ၏ ကလေးသူငယ် ရယ်သံကဲ့သို့သော ပျော့ပျောင်းနူးညံ့ပြီး ချိုသာသော ရယ်သံသည် တူရိယာသံကဲ့သို့ပင် ပဲ့တင်ညံသွားလေသည်။

စိတ္တရလေခါက အတန်ငယ် စဉ်းစားပြီး ပြောလေ၏။

"မဟုတ်ပါဘူး ယောဂီ။ ယောဂီ ကြွရောက်လာတာကို မနှစ်သက်တဲ့လူရယ်လို့ ကမ္ဘာပေါ်မှာ တစ်ယောက်မှ ရှိမှာ မဟုတ်ဘူးဆိုတာ ယုံကြည်စိတ်ချပါ။ ဒီနေရာက ကျွန်ုပ်သွားမလို့ လုပ်တာက အခြား အကြောင်းတစ်ခုကြောင့် ဖြစ်ပါတယ်"

"ဒါပေမဲ့ စိတ္တရလေခါ ပြန်မယ်လို့ အချိန်ကိုရွေးတာဟာ အရွေး မမှားဘူးလား"

"ဒါဖြင့် ကျွန်ုပ် မပြန်တော့ဘူး"

မိတုဠ္ဌယသည် စောင်းကို တစ်ဖန် ကောက်ကိုင်လိုက်ပြန်လေ၏။ သို့ရာတွင် စိတ္တရလေခါသည် အကကို ပြန်ကောက်ရန် ငြင်းဆန်လိုက်လေသည်။ ထိုအကြိမ်၌ ယသောဓရာက ရှေ့သို့ တိုးလာပြီးလျှင် စိတ္တရလေခါအား ပြောလိုက်လေသည်။

"မမ စိတ္တရလေခါ၊ မမရဲ့စကားကို ကျွန်မ မပယ်ခဲ့ဘူး။ ဒီတစ်ခါတော့ ကျွန်မက မမကို တစ်ခါပြန်ပြီး ကပြပါလို့ တောင်းပန်ချင်ပါတယ်။ ကျွန်မရဲ့ တောင်းပန်ချက်ကို လက်ခံလိမ့်မယ်လို့လည်း ကျွန်မ ယုံကြည်စိတ်ချပါတယ်"

စိတ္တရလေခါသည် ယသောဓရာ၏ တောင်းပန်ချက်ကို မငြင်းပယ်ပေ။ အကကို တစ်ဖန် ပြန်စလေ၏။ ယောဂီကုမာရဂိရိသည် ယသောဓရာကို ကြည့်လိုက်လေသည်။ အတန်ကြာမျှ ယသောဓရာကို စိုက်ကြည့်နေသည်။ ယောဂီသည် စိတ္တရလေခါနှင့် ယသောဓရာကို နှိုင်းယှဉ်ကြည့်သည်။ နှစ်ဦးစလုံးပင် အထက်တန်းလွှာမှ အလှကညာပျိုများ ဖြစ်ကြသည်။ သို့ရာတွင် တစ်ယောက်တွင် ယစ်မူးခြင်းက ပြဋ္ဌာန်းနေပြီး အခြားတစ်ယောက်တွင်မူ ငြိမ်းချမ်းခြင်းက ပြဋ္ဌာန်းနေသည်။ စိတ္တရလေခါ၏ ယစ်မူးခြင်းသည် ထိတ်လန့်ကြောက်ရွံ့ဖွယ် ဖြစ်သည်။ ယင်းအခြေအနေကို သူ၏အကက သရုပ်ဖော်ထားသည်။

သို့ရာတွင် တစ်ပြိုင်နက်တည်းမှာပင် ယသောဓရာ၏ ငြိမ်းချမ်းခြင်းကမူ ထောက်၍မမီသည့် သိန္ဓုမြစ်နှင့် ပမာတူသည်။ ထိုအထဲတွင် ကျရောက်သွားလျှင် လူသည် မိမိကိုယ်ကို မေ့လျော့သွားသည်။

Typing - ငွေဇင်ယော်

စိတ္တရလေခါသည် အသက်ရှင်ခြင်း၏ လှုပ်ရှားခြင်းဖြစ်သည်။ ယသောရောကမူ အသက်သေခြင်း၏ ငြိမ်းချမ်းခြင်း ဖြစ်သည်။ မိမိသည် လောကီအာရုံဆီသို့ တိမ်းညွတ်နေသည် ဟူ၍လည်းကောင်း၊ လောကီအာရုံ ခံမင်တွယ်တာခြင်း၏ လှုပ်ရှားအသက်ဝင်မှုသည် လောကီအာရုံ ပယ်ခွာခြင်း၏ ငြိမ်သက်ရပ်တန့်မှုအပေါ်တွင် အနိုင်ရနေသည် ဟူ၍လည်းကောင်း၊ ကုမာရဂိရိက အတွေးပေါက်နေသည်။

အက အပြီးသတ်သွားလေ၏။ မိတုဥ္စယက ကျွန်မအား မေးလိုက်လေ၏။

"ထမင်းပွဲ အဆင်သင့် ဖြစ်ပြီလား"

"အဆင်သင့် ဖြစ်ပါပြီ။ အမိန့်ကိုပဲ စောင့်နေကြပါတယ်"

ပင့်ဖိတ်ထားသည့် ဧည့်သည်များသည် ထမင်းစားခန်းထဲသို့ဝင်၍ ထိုင်ကြသည်။ ကျွန်မများက ထမင်းပွဲ ချပေးကြလေ၏။ ဗီဇဂုတ္တ၏အနီး၌ ယသောရောက ထိုင်သည်။ စိတ္တရလေခါသည် ယသောရော၏ အနီး၌ ထိုင်၏။ သူ့နံဘေး၌မူ သေတံက ရှိနေ၏။

ထမင်းစ၍ သုံးဆောင် စားသောက်ကြလေသည်။ အနီးတွင် ထိုင်နေကြသော ဧည့်သည်များမှာလည်း အချင်းချင်း အာလာပသလ္လာပ ပြောနေကြလေ၏။ ယသောရောသည် ယခင်က ဗီဇဂုတ္တအား တစ်ခါမျှ စကားမပြောခဲ့ဘူးပေ။ ဗီဇဂုတ္တက စကားစလိုက်လေ၏။

"ဒေဝီ၊ ကနေ့ ပထမဆုံးစပြီး ကျုပ်တို့ အကျွမ်းတဝင် ဖြစ်ရတယ်။ အဲဒီလို အကျွမ်းတဝင် ဖြစ်ရတဲ့အတွက် ကျုပ် ကိုယ့်ကိုယ်ကို ဂုဏ်ပြုချီးကျူးမိပါတယ်"

တစ်သက်တာတွင် ယနေ့ ပထမဆုံးအကြိမ် ယသောရော၏ သမင်မျက်လုံးကဲ့သို့သော ဝိုင်းစက်ပြူးကျယ်သည့် မျက်လုံးသည် အခြားလူသားတစ်ဦး၏ မျက်လုံးရှေ့မှောက်၌ မဖော်နိုင် မမော့နိုင် ဖြစ်ခဲ့ရသည်။ ယသောရော၏ နလုံးသည် တဒိတ်ဒိတ်နှင့် ခုန်နေ၏။ အေးအေးဆေးဆေးပင် ပြန်ပြောလိုက်လေ၏။

"ကျွန်မနဲ့ အကျွမ်းတဝင် ဖြစ်ရတာဟာ ပြောလောက်ဆိုလောက်တဲ့အရာ မဟုတ်ပါဘူး"

သူတို့နှစ်ဦး၏ စကားကို ကြားရ၍ စိတ္တရလေခါက ရယ်လိုက်လေ၏။

"အဲဒီ အကျွမ်းတဝင် ဖြစ်မှုဟာ တစ်စထက်တစ်စ ပိုမိုရင်းနှီးလာပြီး အဲဒီရင်းနှီးမှုကတစ်ဆင့် ဘဝရဲ့ စင်ကြယ် မြင့်မြတ်တဲ့ အနှောင်အဖွဲ့အဖြစ် တိုးတက်ပြောင်းလဲ သွားပါစေလို့ ဘုရားသခင်ကို ဆုတောင်းလိုက်ပါတယ်"

ယသောရောက ကျေးဇူးဥပကာရ တင်ရှိသော မျက်လုံးဖြင့် စိတ္တရလေခါကို လှမ်းကြည့်လိုက်သည်။ ဗီဇဂုတ္တကလည်း စိတ္တရလေခါကို လှမ်းကြည့်လိုက်သည်။ သို့ရာတွင် သူကမူ ဝေခွဲမရသော မျက်လုံးဖြင့် ကြည့်ခြင်းဖြစ်သည်။ အနီးတွင်ရှိနေသော သေတံကကမူ ယသောရောကို စိုက်ကြည့်နေသည်။ ရုတ်တရက် သေတံကသည် ယသောရောနှင့် အကြည့်ချင်းဆုံ သွားလေ၏။ ထိုအချိန်အထိ ယသောရောသည် သေတံကကို မကြည့်မိပေ။ မိမိ၏ အိမ်တော်သို့ ပင့်ဖိတ်ထားသည့် ပုဂ္ဂိုလ်တိုင်းကို သူသိသည်။ မသိသည့်ပုဂ္ဂိုလ်မှာ သေတံက တစ်ဦးတည်းသာလျှင် ရှိနေ၏။ ယသောရောသည် ဗီဇဂုတ္တအား မေးလိုက်လေ၏။

"ဟို လုလင်က ဘယ်သူလဲ"

"ကျုပ် တပည့်၊ ကျုပ် ညီငယ်လည်း ဟုတ်တယ်" ဗီဇဂုတ္တက ရယ်လိုက်လေ၏။

ယသောရော အံ့သြသွား၏။

"တပည့်လည်း ဟုတ်တယ်၊ ညီငယ်လည်း ဟုတ်တယ်။ တယ်ဆန်းပါကလား၊ ဘယ်လိုဟာလဲ"

"အကြောင်းက ဒီလိုပါ။ အဲဒီလုလင်ရဲ့ နာမည်က သေတံကလို့ ခေါ်တယ်။ သူလည်း ခတ္တိယလုလင်တစ်ဦး ဖြစ်တယ်။ သူ့ အမျိုးအနွယ်ကလည်း သေးတာ မဟုတ်ဘူး။ ဒါပေမဲ့ သူဟာ အခုအထိ ဗြဟ္မစာရီအဖြစ်နဲ့ သူ့ဆရာနဲ့အတူ နေတုန်းပဲ ရှိသေးတယ်။ သူ့ဆရာက မကောင်းမှုဆိုတာ ဘယ်လိုအရာ ဖြစ်သလဲလို့ စူးစမ်းထောက်လှမ်းရအောင်ဆိုပြီး သူ့ကို

Typing - ငွေဇင်ယော်

ကျုပ်ဆီမှာ ထားပစ်ခဲ့တယ်။ ကျုပ်ဆီကနေ တစ်ဆင့် ဒီလုလင်ဟာ လူ့လောကထဲကို ခြေလှမ်း လှမ်းနေတယ်"

ယသောဓရာသည် ပို၍ပင် အံ့သြသွားပြန်လေ၏။

"မကောင်းမှုဆိုတာကို စုံစမ်းထောက်လှမ်းရအောင် ဒီလုလင်ကို သူ့ဆရာက ရှင့်ဆီ ပို့ထားတယ် ဟုတ်လား။ ဒါဖြင့် ရှင့်နေရာ၊ ရှင့်ပတ်ဝန်းကျင်၊ ရှင့်အပေါင်းအသင်းတွေဟာ မကောင်းမှုကို စုံစမ်းထောက်လှမ်းဖို့ သင့်လျော် လျောက်ပတ်တဲ့ အကွက်အကွင်း ဖြစ်တယ်ပေါ့"

ဇီဇဂုတ္တသည် စိတ်ထဲက ရယ်လိုက်မိလေ၏။ ဘယ်လောက်ရိုးသားသည့် သူငယ်မနည်း။ ဘယ်လောက် အမြင်မှားနေသည့် သူငယ်မနည်း။

"အဆိုးတကာ့ အဆိုးဆုံးလူတောင်မှ သူ လူဆိုးဆိုတာကို ဝန်မခံဘူး။ လူတိုင်း ကိုယ့်ကိုယ်ကို အကောင်း ထင်ကြတာချည်းပဲ။ မိမိကိုယ်ကို အမှန်အတိုင်း ထင်မြင်နိုင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ တကယ်လို့ သေတံကက ကျုပ်ဟာ မကောင်းမှုကို ကျူးလွန်ပြုလုပ်တဲ့ လူဆိုးလို့ ကောက်ချက်ချတယ်ဆိုရင် ကျုပ်ဟာ အမှန်တကယ် မကောင်းမှုကို ကျူးလွန်ပြုလုပ်တဲ့ လူဆိုးတစ်ယောက် ဖြစ်ရမှာပေါ့"

ယသောဓရာ၏ ရင်ပေါ်၌ တစ်စုံတစ်ခု ပိသလို ဖြစ်သွားလေသည်။ အကြင်ပုဂ္ဂိုလ်နှင့် လက်ဆက်ရတော့မည်ဟူသော အတွေးဖြင့် သူ၏ စိတ်နှလုံးသည် မြူးကြွနေ၏။ ထိုပုဂ္ဂိုလ်အား အလွန်တရာကြီးမားသည့် ဆရာတစ်ဦးက မကောင်းမှုကို စူးစမ်းထောက်လှန်းရန်အတွက် သင့်လျော်သည့် အကွက်အကွင်း တစ်ခုဟု သတ်မှတ် ယူဆထားသည်။ သေတံကကို လှမ်းကြည့်လိုက်ပြန်သည်။ ဘယ်လောက်ရိုးသားသည့် လုလင် ဖြစ်သနည်း။ ဘယ်လောက်လှသည့် လုလင် ဖြစ်သနည်း။ ထို့ပြင် ဇီဇဂုတ္တကကော ...။

ထိုအချိန်၌ ထမင်းစားပွဲ ပြီးဆုံးသွားလေပြီ။ ဧည့်သည်များ ထကြလေ၏။ လက်ဆေးကြောပြီးသောအခါ ဧည့်သည်များသည် တစ်ဖန် ဧည့်ခန်းထဲတွင် စုရုံးထိုင်ကြပြန်လေသည်။ ဇီဇဂုတ္တသည် သေတံက၏လက်ကို ကိုင်ပြီးလျှင် မိတုဋ္ဌယနှင့် မိတ်ဆက်ပေးလေ၏။ ထို့နောက် ဧည့်သည်များသည် အသီးသီး ကိုယ့်အိမ်ကိုယ် ပြန်သွားကြလေသည်။

---

## အခန်း ( ၁၀ )

မိတုဋ္ဌယ၏ ဆီမီးထွန်းထားသော စံအိမ်တော်၏ အလင်းရောင်မှာ ထိုအတိုင်း လင်းလျက်ပင် ရှိသေးသည်။ သို့ရာတွင် ယခင်ကလောက် အသက်မဝင်တော့ပေ။ မလိုသည့် ဧည့်သည်များ ပြန်သွားပြီးသည့်နောက် ပြဇာတ်၏ အဓိကဇာတ်ဆောင် ပုဂ္ဂိုလ်များသာလျှင် ကျန်ခဲ့တော့၏။ ယောဂီ ကုမာရဂိရိ၊ ဝိလာသဒေဝ၊ စိတ္တရလေခါ၊ ဇီဇဂုတ္တ၊ သေတံက ယင်းပုဂ္ဂိုလ်များကို သာလျှင် မိတုဋ္ဌယက တားထားလေသည်။ အတန်ကြာမျှ ခပ်မဆိတ် နေပြီးနောက် မိတုဋ္ဌယက ဇီဇဂုတ္တ၏ လက်ကို ကိုင်လိုက်သည်။ ထို့နောက် တစ်ဆို့သောအသံဖြင့် ပြောလေ၏။

"မြို့စားကလေး ဇီဇဂုတ္တ၊ အခုပွဲသဘင်မှာ ကြီးမားတဲ့ လျှို့ဝှက်ချက်တစ်ခု ကွယ်ဝှက်နေတယ်။ အဲဒီ လျှို့ဝှက်ချက်ဟာ မြို့စားကလေးနဲ့ နီးနီးကပ်ကပ် ဆက်စပ်နေပါတယ်" ယင်းသို့ပြောပြီးလျှင် မိတုဋ္ဌယသည် အဓိပ္ပာယ်ပြည့်ဝသော အကြည့်ဖြင့် ယသောဓရာကို လှမ်းကြည့်လိုက်လေ၏။ ဇီဇဂုတ္တ မျက်နှာပျက်သွားလေ၏။ စိတ္တရလေခါက ပြုံးလေသည်။

"အင်း ပြီးတော့ ... အဖိုးကြီး မိတုဋ္ဌယရဲ့ စကားကို မြို့စားကလေးအနေနဲ့ ငြင်းပယ်လိမ့်မယ် မဟုတ်ဘူးလို့လည်း ကျုပ် အပြည့်အဝ မျှော်လင့်ထားပါတယ်"

Typing - ငွေဇင်ယော်

မိတ္တဥ္စယ ဆိုလိုသည့် အနက်အဓိပ္ပာယ်ကို အားလုံးလိုလိုပင် သိရှိ ရိပ်မိကြသည်။ သို့ဖြစ်လင့်ကစား ဇီဇဂုတ္တက ပြောလေ၏။

"မြို့စားကြီး၊ ငြင်းပယ်တယ်၊ လက်ခံတယ်ဆိုတာဟာ အဆိုပြုချက်ရဲ့ သင့်လျော်မှု၊ ပတ်ဝန်းကျင် အခြေအနေနဲ့ လိုက်ဖက်မှုအပေါ်မှာ တည်နေပါတယ်။ မြို့စားကြီးရဲ့ အဆိုပြုချက် အနေအထားအတိုင်း ကျွန်ုပ်ရဲ့ အဖြေလည်း ထွက်ပေါ်လာပါလိမ့်မယ်"

မိတ္တဥ္စယသည် အတန်ကြာမျှ စဉ်းစားနေလေ၏။

"ဇီဇဂုတ္တ၊ မောင် အခုထိ လက်မထပ်ရသေးဘူးနော်"

ထိုစကားကို ကြားလိုက်ရသောအခါ ဇီဇဂုတ္တက စိတ္တရလေခါကို လှမ်းကြည့်လိုက်လေ၏။ မည်ကဲ့သို့ အဖြေပြန်ပေးရမည်ကို မဆုံးဖြတ်တတ် ဖြစ်နေသည်။ မိတ္တဥ္စယ၏ စကားသည် မှန်သည်။ သို့ရာတွင် တစ်ပြိုင်နက်တည်းမှာပင် ဇီဇဂုတ္တ၏ အယူအဆအရ မှားလည်း မှားနေသည်။

"ဘာသာရေး ထုံးတမ်းအရ တရားဝင်တော့ လက်မထပ်ရသေးပါဘူး"

ထိုအခိုက် ကုမာရဂိရိက တည်ကြည်လေးနက်သော အသံဖြင့် ဝင်ပြောလိုက်လေ၏။

"လုလင်၊ ဘာသာရေး ထုံးတမ်းအရ တရားဝင် မပြုလုပ်တဲ့ လက်ထပ်ထိမ်းမြားခြင်းဟာ လက်ထပ်ထိမ်းမြားခြင်း မည်နိုင်ပါသလား"

ဇီဇဂုတ္တက ပြောလေသည်။

"မိန်းမနဲ့ ယောက်ျားရဲ့ ရှည်ကြာခိုင်မြဲတဲ့ ဆက်သွယ်မှုကိုပဲ လက်ထပ်ထိမ်းမြားခြင်းလို့ ခေါ်ပါတယ်"

ကုမာရဂိရိက ရယ်လိုက်လေ၏။

"ဒါပေမဲ့ လက်ထပ်ထိမ်းမြားခြင်းဆိုတဲ့ စကားလုံးဟာ လူ့လောကက သတ်မှတ်ထားတဲ့ စကားလုံးဖြစ်တယ်။ ဘာသာရေးထုံးတမ်းက မိန်းမနဲ့ယောက်ျား ဆက်သွယ်မှုကို စင်ကြယ်မြင့်မြတ်အောင် ပြုလုပ်ပြီးတော့ လူ့လောကထဲမှာ တရားဝင်အောင် လုပ်ပေးတယ်။ ဇီဇဂုတ္တ၊ သင်ဟာ မမှန်တစ်ဝက် မှန်တစ်ဝက်ကို ကိုးကွယ် လဲလျောင်းဖို့ ကြိုးစားနေတယ် မဟုတ်လား"

ဇီဇဂုတ္တကလည်း တည်ကြည်လေးနက်သော အသံဖြင့်ပင် ပြန်ပြောလေသည်။

"ယောဂီ၊ အမှန်တရားဆိုတာ တစ်ဝက်သာမှန်တယ်၊ တစ်ပိုင်းသာ မှန်တယ်လို့ မရှိဘူး။ အမှန်တရားရဲ့ မှန်တဲ့သဘောဟာ ချိုးတစ်ပြား လျော့မနေဘူး။ ကျပ်ပြည့် တင်းပြည့် ဖြစ်တယ်။ ဒါပေမဲ့ အခုအချိန်ဟာ တစ်ဦးနဲ့တစ်ဦး စကား စစ်ထိုးနေရမယ့် အချိန်မဟုတ်ဘူး။ ဒါကြောင့် အခု ပြန်လည် မချေပတာပဲ ကောင်းလိမ့်မယ် ထင်တယ်" ယင်းသို့ ပြောပြီးလျှင် ဇီဇဂုတ္တသည် မိတ္တဥ္စယဘက် လှည့်ပြောလိုက်လေသည်။

"မြို့စားကြီး၊ ကျွန်ုပ်ဟာ ဘာသာရေး ထုံးတမ်းအရ တရားဝင်တော့ လက်မထပ်ရသေးဘူးလို့ ပြောခဲ့တယ် မဟုတ်လား။ အဲဒါကို ထပ်ပြီး ရှင်းပြဖို့ လိုလိမ့်မယ် ထင်တယ်။ လူတွေရဲ့ အမြင်မှာ ကျွန်ုပ်ဟာ လက်မထပ်ရသေးတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့လို့ ကျွန်ုပ်ဟာ အမှန်စင်စစ်တော့ လက်ထပ်ထိမ်းမြားပြီးတဲ့ လူတစ်ယောက် ဖြစ်နေပါပြီ။ စိတ္တရလေခါဟာ ကျွန်ုပ်ရဲ့ မယား ဖြစ်တယ်။ ကျွန်ုပ်ဟာ စိတ္တရလေခါကို ဘာသာရေးထုံးတမ်းစဉ်လာအရ တရားဝင်တော့ လက်ထပ်ယူတာ မဟုတ်ပါဘူး။ လူလောကရဲ့ စည်းကမ်းဥပဒေအရ အဲဒီလို တရားဝင် လက်ထပ်ယူလို့လည်း မဖြစ်ဘူး။ ဒါပေမဲ့ ကျွန်ုပ်နဲ့ စိတ္တရလေခါရဲ့ ဆက်သွယ်ရေးဟာ လင်နဲ့မယားရဲ့ ဆက်သွယ်ရေး အတိုင်းပါပဲ။ ကျွန်ုပ်ဟာ အချစ်ကို ယုံကြည်တယ်။ အဲဒီ အခြေအနေမျိုးနဲ့ ကျွန်ုပ် အခု အခြားတစ်ယောက်ကို လက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်ုပ်ရဲ့ အချစ်ကို ပိုင်ဆိုင်သူဟာ တခြား မိန်းမတစ်ယောက် မဖြစ်နိုင်တော့တဲ့ အတွက်ကြောင့် ဖြစ်ပါတယ်"

ယင်းသို့ပြောကြားနေစဉ် ဗီဇဂုတ္တသည် ဦးခေါင်း အောက်ဘက်သို့ ငုံ့နေသည်။ မိတုဥ္စယက ပြောလေ၏။

"ဗီဇဂုတ္တ၊ မောင်ပြောတာတွေဟာ ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်။ ဒါပေမဲ့ လူ့လောကက မောင့်ကို လက်မထပ်ရသေးတဲ့လူလို့ အသိအမှတ်ပြုတဲ့ အချိန်မှာ မောင်ဟာ လက်မထပ်ရသေးတဲ့ လူတစ်ယောက်ပဲ ဖြစ်တယ်။ လက်ထပ်ထိမ်းမြားတာနဲ့ ပတ်သက်ပြီး ကျုပ် မောင့်ကို တစ်ခု သတိပေးချင်တယ်။ လက်ထပ်ထိမ်းမြားခြင်းဟာ လိုအပ်တယ်။ လက်ထပ်ထိမ်းမြားခြင်းဟာ သားသမီးမွေးဖွားဖို့အတွက် ဖြစ်တယ်။ ဒါကြောင့် လက်ထပ်ထိမ်းမြားခြင်းဟာ လိုအပ်တယ်။ စိတ္တရလေခါရဲ့ သားသမီးဟာ ဗီဇဂုတ္တရဲ့ သားသမီး မဟုတ်ဘူး။ စိတ္တရလေခါရဲ့ သားသမီးဟာ ဗီဇဂုတ္တရဲ့ အမွေစား အမွေခံလည်း မဟုတ်နိုင်ဘူး။ အဲဒီအချက်ကိုကော စဉ်းစားမိရဲ့လား"

အမှန်စင်စစ်အားဖြင့်မူ ဗီဇဂုတ္တသည် ယင်းအချက်ကို မစဉ်းစားမိခဲ့ပေ။ မိတုဥ္စယ၏ အမေးကို မည်သို့မျှ အဖြေပြန်မပေးပေ။ ယင်းအချက်သည် သူ့အတွက် ပြဿနာသစ် ဖြစ်လေသည်။ မိတုဥ္စယသည် ယခုတစ်ကြိမ်၌ စိတ္တရလေခါဘက် လှည့်လိုက်လေ၏။

"ဒေဝီ စိတ္တရလေခါ၊ စိတ္တရလေခါဟာ အမြော်အမြင်ရှိသူ တစ်ယောက် ဖြစ်ပါတယ်။ စိတ္တရလေခါကို ထွေထွေထူးထူး ပြောနေဖို့ လိုမယ်မထင်ဘူး။ စိတ္တရလေခါ ဗီဇဂုတ္တရဲ့ အခြေအနေကို ကောင်းကောင်း နားလည်ပါလိမ့်မယ်"

စိတ္တရလေခါသည် ထိုအချိန်အထိ ခပ်မဆိတ် ထိုင်နေလေ၏။ မိတုဥ္စယက မေးသောအခါ စိတ္တရလေခါက ပြန်ဖြေလေသည်။

"မြို့စားကြီး၊ မြို့စားကြီးပြောတာ အင်မတန်မှ မှန်ကန်ပါတယ်။ ကျွန်မဟာ လူ့လောကထဲမှာ အရာမဝင်တဲ့ အပယ်ခံ ကချေသည်မျှသာ ဖြစ်ပါတယ်။ ဗီဇဂုတ္တရဲ့ ဇနီးဖြစ်ဖို့ဆိုတာ ကျွန်မအတွက် မလွယ်ပါဘူး။ အဲဒီလို အခြေအနေမှာ ဗီဇဂုတ္တ အကျိုးရှိမယ့် အလုပ်မျိုးဆိုရင် ဘယ်အလုပ်မျိုးမဆို ကျွန်မအနေနဲ့ ပြုလုပ်ဖို့ အဆင်သင့် ဖြစ်ပါတယ်။ ဒါပေမဲ့ မြို့စားကြီး နားလည်ထားရမှာက အဲဒီလို ပြုလုပ်တဲ့နေရာမှာ ကျွန်မဟာ ရောမစွန့်ခြင်းကြီးကို စွန့်ရမယ်ဆိုတဲ့ အကြောင်း ဖြစ်ပါတယ်"

"စွန့်ခြင်းကြီး စွန့်ရမယ် ဟုတ်လား၊ ကချေသည်" ကုမာရဂိရိက ပြုံးလိုက်လေသည်။

"ထူးဆန်း အံ့ဩဖွယ်ကောင်းတဲ့ စကားကို ကြားနေရပြန်ပါပြီ။ သင် မိမိရဲ့ စိတ်ဆန္ဒကို မေ့နေတယ် ထင်တယ်။ လောကီအာရုံကို ပယ်ပြီး လောကုတ္တရာနယ်ထဲ ဝင်ရောက်လိုတဲ့ဆန္ဒ ရှိနေပါတယ်လို့ သင် တစ်ခါတုန်းက ကျုပ်ကို ပြောပြဖူးတယ် မဟုတ်လား။ အဲဒီလို လုပ်ဖို့အတွက် ယခုအချိန်ဟာ အကောင်းဆုံး အခါအခွင့် မဟုတ်လား"

ကုမာရဂိရိ၏ စကားကြောင့် ဗီဇဂုတ္တ အံ့အားသင့်သွားလေ၏။

"ယောဂီ၊ သင်ယောဂီဟာ တကယ်လို့ လောကီအာရုံ စွန့်ပယ်တဲ့ လောကုတ္တရာနယ်ကို ယုံကြည်တယ်ဆိုရင်၊ ပြီးတော့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို လောကီအာရုံပယ်ပြီး လောကုတ္တရာနယ်ကိုကူးဖို့ တရားအဆုံးအမ ပေးတတ်တယ်ဆိုရင် ကျွန်ုပ်ကို အနှောင်အဖွဲ့ထဲမှာ အချည်နှောင်ခံရအောင် ဘာဖြစ်လို့ အတင်းလုပ်နေရတာလဲ"

"သင်က လောကီအာရုံ ပယ်ခွာတဲ့ လောကုတ္တရာနယ်နဲ့ လားလားမှ မထိုက်တဲ့ပုဂ္ဂိုလ် ဖြစ်တဲ့အတွက်ကြောင့်ပါ။ ပြီးတော့ သင်ဟာ လူ့လောကရဲ့ စည်းကမ်းဥပဒေများနဲ့လည်း တစ်လမ်းသွား ဖြစ်နေတယ်။ သင်ဟာ ယုတ်စွအဆုံး လူ့လောကရဲ့ စည်းကမ်း ဥပဒေများကိုတော့ လိုက်နာဖို့ကောင်းတယ်"

စိတ္တရလေခါသည် ထိုအချိန်အထိ ကုမာရဂိရိ၏ ပြောကြားချက်များကို စဉ်းစား နေလေ၏။ ထို့နောက် ပြောလိုက်လေသည်။

"ယောဂီ၊ တစ်ခု မေးရဦးမယ်။ သင်ယောဂီ ကျွန်ုပ်ကို တပည့်အဖြစ် လက်ခံဖို့ အသင့်ဖြစ်ပြီလား။ တကယ်လို့ အသင့်ရှိပြီဆိုရင် ကျွန်ုပ် ယခုအချိန်ကစပြီး သင်ယောဂီရဲ့ တပည့်ဖြစ်ပြီ"

*Typing - ငွေဇင်ယော်*

ကုမာရဂိရိ၏ မျက်လုံးသည် ဝိလာသဒေဝဆီသို့ အလိုလို လှည့်သွားလေသည်။ ဝိလာသဒေဝသည် ထိုအချိန်၌ သူ့ဆရာကို ကြည့်နေလေသည်။ အချိန်အတန်ကြာမျှ ကုမာရဂိရိသည် စဉ်းစားနေလေ၏။ "ကချေသည် စိတ္တရလေခါ၊ သင့်ကို တပည့်အဖြစ် လက်ခံဖို့ ကျုပ်အနေနဲ့ မဖြစ်နိုင်ပါဘူး"

ထိုအကြိမ်၌မူ စိတ္တရလေခါက ရယ်လိုက်လေသည်။

"ပါးစပ်ပြော လွယ်သလောက် အလုပ်ကျတော့ တကယ်ခက်တယ်။ ယောဂီ၊ လောကီအာရုံကို ပယ်ပြီး လောကုတ္တရာနယ်ကို ကူးခြင်းဟာ သင့်အတွက် လွယ်ကူသလောက် ကျွန်ုပ်အတွက် ခက်ခဲတဲ့အလုပ် ဖြစ်တယ်။ တစ်ယောက်တည်း လောကုတ္တရာ နယ်ထဲမှာ လှည့်လည်သွားလာဖို့ဆိုတာ ကျွန်ုပ်အတွက် မဖြစ်နိုင်ဘူး။ အခုအထိ ကျွန်ုပ်ဟာ လောကီနယ်ထဲမှာပဲ ရှိနေတယ်။ အဲဒီနယ်ကို ကမ္ဘာလောကက မသန့်ရှင်း မစင်ကြယ်ဘူးလို့ ယူဆပေမယ့် ဘုရားသခင်ရဲ့ ရှေ့မှောက်မှာရော၊ ကျွန်ုပ်ရဲ့ ရှေ့မှောက်မှာရော အဲဒီနယ်ဟာ သန့်ရှင်းစင်ကြယ်နေတယ်။ အဲဒီနယ်ရဲ့ အပြင်ကို ထွက်ခြင်းရဲ့ အဓိပ္ပာယ်ဟာ အပြစ်အနာအဆာ ရှိနေတဲ့နယ်ကို ခြေချခြင်းပဲ။ မကောင်းမှုကို အချည်းနှီး ကျူးလွန်ပြုလုပ်ဖို့အတွက် ကျွန်ုပ် အဆင်သင့် မရှိဘူး"

အဆင်ပြေသလို ဖြစ်ပြီးမှ အဆင်မပြေ ဖြစ်ရသည်။ မိတ္တဥ္စယက ဤသို့ သဘောရသည်။ အဆင်မပြေသလို ဖြစ်ပြီးမှ အဆင်ပြေသွားသည်။ ဗီဇဂုတ္တက ဤသို့ သဘောရသည်။

ကုမာရဂိရိသည် စိတ္တရလေခါကို နားလည်သည်။ စိတ္တရလေခါသည် ကုမာရဂိရိကို နားလည်သည်။ သေတံကနှင့် ဝိလာသဒေဝ နှစ်ဦးသာလျှင် ထိုစကားများ၏ အတွင်းငုပ်နေသည့် အနက်အဓိပ္ပာယ်ကို သိရှိနားလည်ကြသည်။ ဘာမျှမသိသူ၊ ဘာမျှ နားမလည်သူ၊ ဘာမျှ သဘောမပေါက်သူမှာ ယသောရော တစ်ယောက်သာလျှင် ဖြစ်လေသည်။ မိတ္တဥ္စယကို ပြောလိုက်လေ၏။

"ညဥ့် အတော်နက်သွားပြီ ဘာဘ"

အဖိုးကြီး မိတ္တဥ္စယသည် သမီးကိုတစ်လှည့် စိတ္တရလေခါကို တစ်လှည့် ကြည့်လိုက်သည်။ တစ်ဦးနှင့်တစ်ဦး ဘယ်လောက် ခြားနားသနည်း။ တစ်ဦးက နတ်ဒေဝီဖြစ်ပြီး နောက်တစ်ဦးက ဘီလူးမ ဖြစ်သည်။ တစ်ဦးက ငြိမ်းချမ်းခြင်းဖြစ်ပြီး နောက်တစ်ဦးက မှုးယစ်ခြင်း ဖြစ်သည်။ ဗီဇဂုတ္တကကော ... ။ ပတ်ဝန်းကျင် အခြေအနေ စက်ရဟတ်၏ ကံဆိုးလှသော သားကောင်တစ်ဦး ဖြစ်နေရှာသည်။ သို့ရာတွင် တစ်ပြိုင်နက်တည်းမှာပင် လူသား တကယ်ဆန်သော လူသားတစ်ယောက်ပေတည်း။

မိတ္တဥ္စယသည် စိတ္တရလေခါကို ပြောလိုက်သည်။

"သင်ရဲ့နယ်ကို မသန့်ရှင်း မစင်ကြယ်ဘူးလို့ ဘယ်သူပြောလို့လဲ။ သင်ဟာ ဘာမဆို မိမိရဲ့ စိတ်ဆန္ဒအရ ပြုလုပ်တာ မဟုတ်လား။ သင်ရဲ့ အပြုအမူ မှန်သမျှဟာ အချစ်ကို အခြေခံတယ်လို့လည်း ကျွန်ုပ် ယုံကြည်တယ်။ အချစ်ရဲ့ နယ်ပယ်မှာ မသန့်ရှင်း မစင်ကြယ်မှုအတွက် ဘယ်လိုနေရာမျိုးမှ မရှိဘူး။ ဒါပေမဲ့ ဒေဝီ၊ တကယ်လို့ သင်ချစ်နေတဲ့ ပုဂ္ဂိုလ်ဟာ လမ်းမှန်ပေါ်မှာ ရှိမနေဘူးဆိုရင် သူ့ကို လမ်းမှန်ပေါ်ရောက်အောင် ပို့ဖို့ဟာ သင့်တာဝန် မဟုတ်ဘူးလား။ အချစ်မှာ စွန့်လွှတ်ခြင်း လိုတယ်။ ဗီဇဂုတ္တအတွက် သင်ပြုရမယ့် စွန့်လွှတ်ခြင်းဟာ အင်မတန်မှ ကြီးကျယ် မြင့်မြတ်ပါလိမ့်မယ်"

မိတ္တဥ္စယ၏ စကားပရိယာယ်သည် စိတ္တရလေခါ အပေါ်တွင် ဩဇာစူးရှ သက်ရောက်သွားသည်။ ဗီဇဂုတ္တကစကားကို ဖြတ်ပြောလိုက်လေ၏။ "မြို့စားကြီး၊ စိတ္တရလေခါကို ပြောပြနေလို့ အပိုပါပဲ။ အပြုနဲ့အဖျက်ဟာ ကျွန်ုပ်အပေါ်မှာ တည်နေပါတယ်။

ကျွန်ုပ်ကသာ ကာယကံရှင် ဖြစ်ပါတယ်။ စိတ္တရလေခါက ကျွန်ုပ်ကို ပြုလည်း မပြုနိုင်ပါဘူး။ ဖျက်လည်း မဖျက်နိုင်ပါဘူး။ ကျွန်ုပ် နောက်ဆုံးပြောချင်တာက ကျွန်ုပ်နဲ့ စိတ္တရလေခါရဲ့ ဆက်သွယ်မှုဟာ အစဉ်ထာဝရ တည်မြဲနေလိမ့်မယ်ဆိုတဲ့ အကြောင်း ဖြစ်ပါတယ်"

ဗီဇဂုတ္တ မတ်တတ် ရပ်လိုက်သည်။ စိတ္တရလေခါကမူ ထိုင်မြဲ ထိုင်နေသည်။ စိတ္တရလေခါက ပြောလိုက်လေ၏။

"မြို့စားကြီး၊ မြို့စားကြီးပြောပြတာတွေဟာ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ ကျွန်မအနေနဲ့ ကျွန်မ အကျိုးအတွက် မဟုတ်ဘဲ၊ ဗီဇဂုတ္တရဲ့ အကျိုးအတွက် လိုက်နာဆောင်ရွက်ရလိမ့်မယ် ဆိုတဲ့အကြောင်းကို ယုံကြည်စိတ်ချထားပါ" စိတ္တရလေခါသည် ယသောရောဘက် လှည့်ကြည့်လိုက်လေ၏။

"အင်း ပြီးတော့ ပြောရဦးမယ်။ မြို့စားကြီး၊ မြို့စားကြီးရဲ့ သမီးကညာအတွက် ဗီဇဂုတ္တဟာ အသင့်လျော်ဆုံးသတို့သား ဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ လက်ထပ်မင်္ဂလာဟာ စံအပြုထိုက်ဆုံး လက်ထပ်မင်္ဂလာ ဖြစ်ပါလိမ့်မယ်" ယင်းသို့ပြောပြီးလျှင် စိတ္တရလေခါသည် ဗီဇဂုတ္တဘက် လှည့်ပြောလိုက်ပြန်လေ၏။

"ဗီဇဂုတ္တ၊ ရှင့်အနေနဲ့ ယသောရောလို ကြင်ဖက်ကို ရဖို့မလွယ်ပါဘူး။ ဒီကနေ့ကစပြီး ရှင်နဲ့ ယသောရောရဲ့ ဆက်သွယ်ရေးဟာ သေချာခိုင်မြဲသွားပြီ"

ဗီဇဂုတ္တသည် ထိုအချိန်၌ တံခါးဝတွင် ရပ်နေ၏။

"စိတ္တရလေခါ၊ မင်းပြောတာ မသင့်လျော်ဘူး။ ကျုပ်အတွက်လည်း မဖြစ်နိုင်ဘူး။ အခုတော့ ကျုပ် ဒါလောက်ပဲ ပြောနိုင်တယ်။ ကဲ ... မြို့စားကြီး၊ ခွင့်ပြုပါဦး" ယင်းသို့ပြောလျက် ဗီဇဂုတ္တသည် မိတုဋ္ဌယ အိမ်တော်တွင်းမှ ထွက်လာခဲ့လေ၏။

စိတ္တရလေခါ မတ်တတ်ရပ်လိုက်သည်။

"မြို့စားကြီး၊ ဗီဇဂုတ္တ ပြောတာတွေကို ဘယ်လိုမှ မအောက်မေ့ပါနဲ့။ စိတ်လိုက်မာန်ပါဖြစ်လာရင် လူဟာ အကောင်းအဆိုးကို ခွဲခြားသိတတ်တဲ့ အသိဉာဏ် ပျောက်နေတတ်ပါတယ်။ အဲဒီ အချိန်မျိုးမှာ တစ်စုံတစ်ယောက်ဟာ အဲဒီလူရဲ့ စိတ်နေသဘောထားကို အကဲဖြတ်လိုက်မယ်ဆိုရင် သင့်လျော်မယ် မဟုတ်ပါဘူး။ ဗီဇဂုတ္တနဲ့ မြို့စားကြီး သမီးကညာရဲ့ ဆက်သွယ်ရေးဟာ အင်မတန်မှ မြင့်မြတ်ကောင်းမွန်လိမ့်မယ်ဆိုတဲ့အကြောင်းနဲ့ အဲဒီဆက်သွယ်ရေးကို ပြုလုပ်ဖို့လည်း လိုအပ်တယ်ဆိုတဲ့အကြောင်းကို ကျွန်မ မြို့စားကြီးကို အခိုင်အမာ ပြောခဲ့ပါတယ်"

သေတံကနင့်အတူ စိတ္တရလေခါလည်း ဗီဇဂုတ္တနောက် ထွက်လိုက်သွားလေသည်။ ယင်းပုဂ္ဂိုလ်များ ထွက်ခွာသွားကြပြီးသည့်နောက်၌ မိတုဋ္ဌယသည် အခြေအနေကို ကောင်းစွာ သုံးသပ်ကြည့်မိလေ၏။ အတန်ကြာမျှ ခပ်မဆိတ်နေပြီးနောက် ကုမာရဂိရိကို ပြောလိုက်လေသည်။

"ယောဂီ၊ ကျွန်ုပ် ဘာမှ မတွေးတတ်အောင် ဖြစ်နေတယ်။ ဒါပေမဲ့ အခုပြောကြတဲ့စကားတွေကို ထောက်ထားပြီး ဒီကချေသည်ဟာ ဗီဇဂုတ္တအပေါ်မှာ အတော်ဩဇာညောင်းတယ် ဆိုတာတော့ ကျွန်ုပ် အကဲခတ်မိတယ်"

"မြို့စားကြီးတွေးတာ မမှားပါဘူး"

"ပြီးတော့ ကချေသည် စိတ္တရလေခါဟာ စိတ်နှလုံး အတော်ဖြောင့်မတ်စင်ကြယ်ပုံလည်း ရတယ်"

ထိုအကြိမ်၌မူ ကုမာရဂိရိသည် နှုတ်ပိတ်၍ နေ၏။ သူ၏မျက်လုံးသည် ဝိလာသဒေဝဆီသို့ အလိုအလျောက် အဘယ့်ကြောင့် ရောက်သွားသည် မသိပေ။ ဝိလာသဒေဝကမူ စိတ်ထဲက ပြုံးနေ၏။

မိတုဋ္ဌယက တစ်ဖန် ပြန်ပြောလေ၏။

"ယောဂီ၊ ဗီဇဂုတ္တကို အကျပ်ကိုင်လို့ သင့်တော်ပါ့မလားဆိုတဲ့ ပြဿနာတစ်ခု ရှိနေတယ်။ စိတ္တရလေခါက ပြောသွားတယ်။ သူပြောသွားတဲ့အတိုင်း လုပ်လိမ့်မယ်လို့လည်း ကျွန်ုပ် ယုံကြည်တယ်။ ဒါပေမဲ့ ဗီဇဂုတ္တကို လျစ်လျူရှုလိုက်ရရင် ကောင်းမလားလို့လည်း အတွေးပေါ်လာမိပြန်တယ်။ ဘာဖြစ်လို့လဲဆိုတော့ စိတ္တရလေခါ စိတ်နှလုံး ထိခိုက်သွားမယ့်အကြောင်း ဖြစ်နေတယ် မဟုတ်လား"

Typing - ငွေဇင်ယော်

ထိုအကြိမ်၌မူ ကုမာရဂိရိက နှုတ်ပိတ်မနေတော့ပေ။

"စိတ္တရလေခါ စိတ်နှလုံး ထိခိုက်သွားလိမ့်မယ် ဆိုတာကိုတော့ ကျုပ် မယုံကြည်ဘူး။ စိတ္တရလေခါ ကိုယ်တိုင်က ဗီဇဂုတ္တကို မျက်နှာလွှဲဖို့ အလားအလာ အများကြီးရှိပါတယ်။ အဲဒီ အခြေအနေမျိုးမှာ ဗီဇဂုတ္တရဲ့ ဘဝဟာ ဆောက်တည်ရာ ရသွားပါလိမ့်မယ်။ တစ်ဦးနဲ့တစ်ဦး အဆက်အသွယ် ပြတ်စဲသွားတာပဲ သူတို့နှစ်ဦးအတွက် သင့်လျော်ကောင်းမြတ်လိမ့်မယ် ဆိုတဲ့အထိ ကျုပ်အနေနဲ့ ပြောချင်တယ်"

ကုမာရဂိရိ မတ်တတ်ရပ်လိုက်၏။ ထို့နောက် ပြောလိုက်ပြန်လေ၏။

"မိတ္တဥ္စယ၊ ယသောဓရာအတွက် ဗီဇဂုတ္တထက် သင့်လျော်ကောင်းမွန်တဲ့ သတို့သားမျိုး ဘယ်မှာမှ ရနိုင်မှာ မဟုတ်ဘူး။ အဲဒီအချက်ကို လေးလေးနက်နက်သာ မှတ်ထားပါ"

---

**အခန်း ( ၁၁ )**

စိတ္တရလေခါသည် မိမိ၏ဘဝ၌ အချစ်ကို ဝိဂြိုဟ်ပြုခဲ့သည်မှာ ဘယ်နကြိမ် ဘယ်နခါ ဟူ၍ မသိတော့ပေ။ ယင်း အကြိမ်တိုင်း၊ အခါတိုင်း၌ ပြီးခဲ့သည့် အကြိမ်က မိမိ၏အဆုံးအဖြတ်သည် မှားယွင်းသည်ဟူ၍ သူ သဘောပေါက်သွားသည်သာလျှင် ဖြစ်လေ၏။

စိတ္တရလေခါအတွက် ဖွဲဆော်ဦးအချစ်မှာ ဘုရားသခင်ပေး အချစ်ဖြစ်သည်။ သူသည် မိမိ၏လင်ယောကျ်ားအား အဆုံး အပိုင်းအခြားမရှိသော ကြည်ညိုဝပ်တွားမှု ရှိသည်။ လင်ယောကျ်ားကို ချစ်ရာ၌ စိတ္တရလေခါသည် မိမိ၏တည်ရှိမှုကို လင်ယောကျ်ား၏ တည်ရှိမှုအတွင်း၌ ရောနှောလိုက်သည်။ မိမိ၏တည်ရှိမှုကို ဖျောက်ဖျက်လိုက်သည်။ လင်ယောကျ်ားအား ရွှင်လန်းစေရန် သူပြုံးသည်။ လင်ယောကျ်ားအား နှစ်သိမ့်စေရန် သူ စကားပြောသည်။ ဘယ်အထိ ဖြစ်သနည်းဟူမူ သူ တည်ရှိနေသည်မှာ သူ၏လင်ယောကျ်ားအတွက် သက်သက်သာလျှင် ဖြစ်သည်။ မိမိဘဝ၏ ခဏတိုင်း ခဏတိုင်းကို လင်ယောကျ်ားအား ရည်ညွှန်း အပ်နှံထားသည်။

လင်ယောကျ်ားသည် သူ၏ ကမ္ဘာလောက ဖြစ်သည်။ သူ၏ ဘုရားသခင် ဖြစ်သည်။ သူ၏ တည်ရှိမှု ဖြစ်သည်။ လင်ယောကျ်ားကို ချစ်သည့်အချစ်၌ သူမည်မျှ ချမ်းသာသုခ တွေ့သနည်း။ လင်ယောကျ်ားကို ချစ်သည့်အချစ်သည် သူ့အတွက် အမြင့်ဆုံး ကိုယ်ကျိုးစွန့်လွှတ်မှု ဖြစ်သည်။ ကိုယ်ကျိုးစွန့်လွှတ်မှု၌ မည်မျှ ချမ်းသာသုခရှိသည်ကို ကိုယ်ကျိုးစွန့်လွှတ်သူသာလျှင် သိရှိနားလည်လေသည်။

လင်ယောကျ်ား ကွယ်လွန် သွားပြီးသည့်နောက်၌ သူ၏ကမ္ဘာလောကသည် အမိုက်တိုက်အတိ ဖြစ်သွားလေသည်။ မိမိ၏ အကျင့်တရားနှင့် စွန့်လွှတ်ခြင်းများသည် အားလုံးပင် သဲထဲရေသွန် ဖြစ်သွား၏ဟု သူသဘောပေါက်သွားသည်။ အကြိမ်များစွာ ကိုယ့်ကိုယ်ကို သတ်သေရန်ပင် စိတ်ကူးကြည့်၏။ သို့ရာတွင် ကိုယ်ကိုယ်ကို သတ်သေခြင်းသည် အပြစ်ကြီးလေးလှ၏ဟူ၍ သိထားမိသည်။

အကျင့်တရားကို ကျင့်ခြင်းသည် ဘဝ၏ အဓိက အင်္ဂါရပ် ဖြစ်သည်ဟူ၍လည်းကောင်း၊ မုဆိုးမ၏ ဝတ္တရားသည် စောင့်စည်းထိန်းချုပ်ခြင်းနှင့် ယှဉ်သော တရားအကျင့်ကို ကျင့်ခြင်းဖြစ်သည် ဟူ၍လည်းကောင်း၊ သူ့ကို ညွှန်ပြ ဆုံးမထားကြသည်။

စိတ္တရလေခါသည် ယင်းအချက်များကိုလည်း ကြိုးစားပြုလုပ်ကြည့်သည်။ သို့ရာတွင် သူ့အတွက် မလွယ်ပေ။ လင်ယောကျ်ား အသက်နှင့်ကိုယ် ထင်ရှားရှိစဉ်က သူသည် ပူဇော်ဝပ်တွား နိုင်ခဲ့သည်။ အကျင့်တရားကို ကျင့်နိုင်ခဲ့သည်။ အကျင့်တရား၌ အာရုံစူးစိုက်နိုင်ခဲ့သည်။ အကြောင်းမူကား ယင်းအရာခပ်သိမ်း၏ ခရိုင်တစ်ခု တည်ရှိသောကြောင့် ဖြစ်သည်။ သူ့ထံ၌ အခြေခံ အုတ်မြစ်တစ်ခု ရှိနေသောကြောင့် ဖြစ်သည်။ ခရိုင် ပြုတ်သွားသည့်အခါ၌မူ တည်ငြိမ်စူးစိုက်မှုသည် ကတိမ်းကပါး ဖြစ်သွားလေသည်။ ယုံကြည်ချက်သည် မိမိ၏ အခြေခံအားပြုရာ မရှိတော့သည့်အတွက် ယိမ်းယိုင်သွားလေသည်။

ထို့နောက် စိတ္တရလေခါသည် ကရိရှနဒိတျနှင့် ချစ်ကြိုးသွယ်ခဲ့လေ၏။ ဤအကြိမ်၌မူ အချစ်သည် ဘုရားသခင်ပေး အချစ်မဟုတ်တော့ပေ။ သဘာဝအချစ် ဖြစ်လာ၏။ ဤအကြိမ်၌ အချစ်တွင် ကြည်ညိုဝပ်တွားမှု မရှိတော့ပေ။ မိမိကိုယ်မိမိ မေ့လျော့ခြင်းသာလျှင် ရှိလာ၏။ ဤအကြိမ်၌ အချစ်တွင် မိမိ၏ တည်ရှိမှုကို ဖယ်ရှား ဖျောက်ဖျက်ပစ်ရန် မဟုတ်တော့ဘဲ မိမိ၏ တည်ရှိမှုနှင့် မိမိချစ်သူ၏ တည်ရှိမှုကို တစ်ခုတည်းအဖြစ် ပေါင်းစပ်ရန် ဖြစ်လာလေသည်။

ကရိရှနဒိတျကို ချစ်သည့်အချစ်၌ စိတ္တရလေခါသည် ပထမဆုံးအကြိမ် မွတ်သိပ်ခြင်းကို သိလာလေသည်။ သူသည် ထိတ်လန့်သွား၏။ မွတ်သိပ်ခြင်း၏ အရေးပါပုံကို သူ မသိနားမလည်ခဲ့ပေ။ လင်ယောကျ်ားကို ချစ်သည့်အချစ်၌မူ သူသည် မိမိကိုယ်ကို ဖယ်ရှားဖျောက်ဖျက်၍သာလျှင် ထားလေ၏။ ယင်း အခြေအနေ၌ မွတ်သိပ်ခြင်း အဘယ်မှာ ဖြစ်မည်နည်း။

ဤအကြိမ်၌ကား စိတ္တရလေခါသည် မိမိ၏ အာသာဆန္ဒကို သတိပြုလာသည်။ မိမိ စိတ်လှုပ်ရှားမှု၏ ထက်မြက်သောအသွင်ကို တွေ့ရသောအခါ အစပထမ၌မူ ထိတ်လန့်သွား၏။ ထို့နောက်တွင်ကား သုခ တွေ့သွားလေသည်။ ဤအကြိမ်၌ သူသည် မိမိကိုယ်၌ အသက်ရှိသည်ဆိုသည်ကို သိလာလေသည်။ အချစ်သည် ကြည်ညိုဝပ်တွားခြင်း မဟုတ်ပေ။ သို့ဖြစ်၍ တစ်ဖက်သတ် လုပ်၍မရပေ။ အချစ်သည် ဆက်သွယ်ပေါင်းစပ်ခြင်း ဖြစ်သည်။ ယင်း ဆက်သွယ်ပေါင်းစပ်ခြင်းသည် နှစ်ဖက်စလုံးမှ ဆက်သွယ်ပေါင်းစပ်ခြင်း ဖြစ်လေသည်။

အချစ်ဟူသည် ဝိညာဉ်၏ စင်ကြယ်မြင့်မြတ်သော ဆက်သွယ်ပေါင်းစပ်ခြင်းကို ခေါ်သည်။ အချစ်၌ လှုပ်ရှားခြင်း ရှိသည်။ မွတ်သိပ်ခြင်း ရှိသည်။ မိမိကိုယ်ကို မေ့လျော့ခြင်း ရှိသည်။ အချစ်၌ ရောင့်ရဲတင်းတိမ်မှုအတွက် မည်ကဲ့သို့သော နေရာမျိုးမျှ မရှိပေ။ အချစ်၌ ကိုယ်ကျိုးစွန့်လွှတ်မှု ရှိသည်။ သို့ရာတွင် တစ်ဖက်တည်းမှ ကိုယ်ကျိုးစွန့်လွှတ်ခြင်းမျိုး မဟုတ်ဘဲ နှစ်ဖက်စလုံးမှ ကိုယ်ကျိုးစွန့်လွှတ်ခြင်းမျိုး ဖြစ်သည်။

ကရိရှနဒိတျလည်း သွားပြန်လေသည်။ ဤအကြိမ်၌ အချစ်ဟူသည် ထာဝရ တည်မြဲနေသော မဟုတ်ဟူ၍ စိတ္တရလေခါ သိမြင်လာလေသည်။ မြင့်မြတ်စင်ကြယ်သော လွမ်းဆွတ် တသခြင်းသည် တစ်နေ့ပြီးတစ်နေ့ မေးမှိန် အားပျော့သွားပြီးလျှင် ပျောက်ပျက်သွားသည် အထိ ဖြစ်နိုင်လေသည်။

စိတ္တရလေခါ၏ ဘဝတွင် ဗီဇဂုတ္တ ဝင်ရောက်လာလေ၏။ ဤအကြိမ်၌ စိတ္တရလေခါသည် အချစ်၌ မွတ်သိပ်ခြင်း သက်သက်ကိုသာလျှင် သတိပြုမိသည်။ တစ်ခါတစ်ရံကျမှ မိမိကိုယ်မိမိ မေ့လျော့ခြင်းကို သတိပြုမိသည်။ ကိုယ်ကျိုးစွန့်လွှတ်ခြင်းကိုမူ သတိမပြုမိပေ။ ဤအကြိမ်၌ သူသည် အချစ်၏ မှုးယစ်ခြင်းကို မြင်ရသည်။ ဤအကြိမ်၌ သူသည် အချစ်နှင့်အတူတကွ လောကီအာရုံနှင့် စည်းစိမ်ဥစ္စာ ခံစားစံစားမှု၏ နှစ်လိုဖွယ် အသွင်အပြင်ကို မြင်ရသည်။

စိတ္တရလေခါသည် နောက်ထပ် အကြောင်းအရာ အသစ်တစ်ခုကို မြင်ရသေးသည်။ ဘဝ၌ အချစ်တစ်ခုတည်းသာလျှင် ရှိမည်မဟုတ်။ အချစ်သည် ဘဝ၏ တစ်ခုတည်းသော အခြေခံအုတ်မြစ် မဟုတ်။ အချစ်နှင့်အတူတကွ အခြားလှုပ်ရှားမှုများလည်း ရှိကြသည်။ အချစ် သက်သက်မှာမူ နေ့ရက် အတန်ကြာမျှသာ သုခ၏အုတ်မြစ် ဖြစ်နိုင်သည်ဟု စိတ္တရလေခါ သိမြင်လာလေသည်။ အချစ်၏ သုခကို ကြာရှည်လေးမြင့်စွာ တည်တံ့နေစေရန်အတွက် မိမိကိုယ်မိမိ မေ့လျော့ခြင်း လိုအပ်ပေသည်။ သို့ရာတွင် မိမိကိုယ်မိမိ မေ့လျော့ခြင်းသည် သူ့အလိုအလျောက် မဖြစ်နိုင်ပေ။ သို့ဖြစ်၍ မိမိကိုယ်မိမိ မေ့လျော့ခြင်း ဖြစ်စေရန်အတွက် သေရည် လိုအပ်လာလေ၏။

ထို့နောက် စိတ္တရလေခါသည် ကုမာရဂိရိကို တိမ်းညွှတ်လာလေ၏။ ကုမာရဂိရိသည် ပျိုရွယ်သူ ဖြစ်သည်။ လှသည်။ တန်ခိုးသတ္တိ ရှိသည်။ ထို့ပြင်... စိတ္တရလေခါသည် ရှေ့ဆက်၍ မတွေးတတ်တော့ပေ။ သူသည် ကုမာရဂိရိကို မိမိ၏ အလိုဆန္ဒမပါဘဲ မသိလိုက် မသိဖာသာ တိမ်းညွှတ်နေခြင်း ဖြစ်သည်။ ယင်းအချက်ကို သူနားလည်သည်။ သို့ရာတွင် မိမိ၏ အလိုဆန္ဒကိုကော သူ သိရှိပါသလော။

Typing - ငွေဇင်ယော်

စိတ္တရလေခါသည် ကုမာရဂိရိကို ချစ်စ ပြုလာလေသည်။ ဤအကြိမ်၌ မိမိအချစ်၏ အခြေခံအုတ်မြစ်ဖြစ်သော ဗီဇဂုတ္တ ထင်ရှားရှိနေသည်ဖြစ်၍ ကုမာရဂိရိထံသို့ သွားရန် မဝံ့မရဲ ဖြစ်နေ၏။

သို့ရာတွင် မိတုဋ္ဌယ၏အိမ်တော်တွင် ကျင်းပသော ပွဲသဘင်၌ ဖြစ်ပျက်သည့် အဖြစ်အပျက်က သူ့ကို ရဲဆေး တင်ပေးလိုက်သည်။ ရဲဆေးနှင့် အတူတကွ သူ၏ လူသားအဖြစ်ကို လှည့်စားရန် နည်းပရိယာယ် တစ်ခုကိုလည်း ရရှိလာသည်။ စိတ်ထဲက ပြောမိလေ၏။

"ဗီဇဂုတ္တ စိတ်ချမ်းသာအောင် ပြုလုပ်ဖို့ရန်မှာ ငါ၏ တာဝန်ဝတ္တရား ဖြစ်သည်။ သူ့ကို လွတ်မြောက်အောင် ပြုလုပ်ခြင်းသာလျှင် ငါ၏ မဟာစွန့်လွှတ်ခြင်း ဖြစ်ပေလိမ့်မည်။ သူ့ဘဝကို အကျိုးရှိအောင် လုပ်ရပေလိမ့်မည်။ ငါ ဗီဇဂုတ္တကို စွန့်ရလိမ့်မည်။ ထာဝစဉ် စွန့်ရပေလိမ့်မည်"

ထိုညတွင် စိတ္တရလေခါ အိပ်၍ မပျော်တော့ပေ။ ယင်းအချက်အလက်များကို အဖြီးပြန် ခေါင်းပြန် စဉ်းစားနေလေသည်။ နံနက် မိုးလင်းမှ အိပ်ပျော်သွားသည်ဖြစ်၍ နေမြင့်မှ အိပ်ရာ ထလေသည်။ သူ အိပ်ရာထချိန်၌ နေ့လယ် မွန်းတည့်နေလေပြီ။ စိတ္တရလေခါသည် ကျွန်မကို မေးလိုက်လေ၏။

"ဗီဇဂုတ္တဆီက သတင်းလေး ဘာလေးများ ရောက်မလာဘူးလား"

"ဟင့်အင်း"

စိတ္တရလေခါသည် ရေမိုးချိုးလေသည်။ ထမင်းကိုမူ မစားတော့ဟု ပြောလိုက်လေသည်။ ယာဉ်ရထားကို ယူလာခဲ့ရန် အမိန့်ပေးလိုက်ပြီးလျှင် အလှပြင်သည့် အခန်းထဲသို့ ဝင်သွားလေ၏။ ဝတ်စားတန်ဆာ ဟူသရွေ့ကို ချွတ်ပစ်လိုက်လေသည်။ နနွင်းရောင် ပိုးစာရီ တစ်ထည်ကိုသာလျှင် ထုတ်ဝတ်လေ၏။ ဆံပင်ကိုလည်း မဖြီးမသင်ပေ။ ထိုအချိန်၌ ယာဉ်ရထား တံခါးဝ ရောက်လာလေ၏။

စိတ္တရလေခါသည် ဗီဇဂုတ္တကို စာတစ်စောင် ရေးလေသည်။ ညနေစောင်း၍မှ သူ ပြန်မလာလျှင် စာကို ဗီဇဂုတ္တအား ပေးလိုက်ရန် ကျွန်မအား အမိန့်ပေးလိုက်သည်။ ထို့နောက် အိမ်မှုကိစ္စဟူသမျှကို ယုံကြည်စိတ်ချရသော ကျွန်မတစ်ဦးအား လွှဲအပ်လေ၏။ ထိုကျွန်မက မျက်လုံးပြူးကြည့်နေ၏။ စိတ္တရလေခါက ဤမျှသာ ပြောလိုက်လေ၏။

"အံ့ဩမနေနဲ့ သုနယနာ၊ ငါ နေ့ရက် အတန်ကြာ ဒီစည်းစိမ်ကို စွန့်ထားမယ်လို့ စိတ်ကူးတယ်။ ငါ ပြန်မလာမချင်း ဒီအိမ်က သခင်မဟာ ညည်းပဲလို့ မှတ်ပေတော့"

ရထားစီးပြီးလျှင် စိတ္တရလေခါသည် ကုမာရဂိရိ၏ သင်္ခမ်းကျောင်းသို့ ထွက်သွားလေသည်။ မင်းလမ်းတွင် ရထားကို ထားခဲ့ပြီးလျှင် ရထားမောင်းအား ပြောလေ၏။

"ဒီက စောင့်နေပါ။ တကယ်လို့ နှစ်ပဟိုရ်အတွင်း ကျုပ်ပြန်မလာရင် ရထားကို ပြန်ယူသွားပေတော့။ ကျုပ်ကို မစောင့်နဲ့တော့"

ကုမာရဂိရိ၏ သင်္ခမ်းကျောင်းသို့ စိတ္တရလေခါ ရောက်သွားသည့် အချိန်၌ ကုမာရဂိရိသည် တရားဘာဝနာ အရုံပြုနေလေသည်။ စိတ္တရလေခါသည် ထိုနေရာ၌ပင် ထိုင်စောင့်နေသည်။ တစ်ပဟိုရ်နီးပါး ကြာပြီးသည့်နောက်မှ ကုမာရဂိရိသည် တရားဘာဝနာအာရုံကို ဖြတ်လိုက်လေသည်။ မျက်စိ ဖွင့်ကြည့်လိုက်သောအခါ ရှေ့တွင် စိတ္တရလေခါ ထိုင်နေသည်ကို တွေ့ရသည်။ စိတ္တရလေခါသည် မျက်စိမှိတ်ထားလေသည်။ တစ်စုံတစ်ခုကို စဉ်းစားနေ၏။ သူ၏ ကိုယ်ကာယပေါ်၌ တစ်ခုတည်းသော အဝတ်သာလျှင် ရှိနေသည်။ ကုမာရဂိရိသည် စိတ္တရလေခါ၏ သွက်လက် လှုပ်ရှားသော၊ တောက်ပြောင် ဝင့်ဝါသော အလှကိုသာလျှင် တွေ့မြင်ခဲ့ဖူးသည်။ ယခုတစ်ကြိမ်၌မူ ငြိမ်းအေးသော တန်ခိုးအရှိန်အစော် အပြည့်ဖြစ်နေသော စိတ္တရလေခါကို တွေ့မြင်ရသည်။ စိတ္တရလေခါ၏ ဖျော့တော့ကြုံလှီနေသော မျက်နှာပေါ်ရှိ ငြိမ်းချမ်းမှု အရောင်အဝါသည် သူ၏ လျှပ်ပေါ်လော်လည်မှုကို ဖုံးအုပ်ထားလေသည်။ မှင်တက်မိနေသူပမာ ကုမာရဂိရိသည် စိတ္တရလေခါ၏အလှကို ငေးကြည့်နေလေသည်။ ထို့နောက် ဖြည်းညင်းစွာ ခေါ်လိုက်လေ၏။

"ကချေသည်"

*Typing - ငွေဇင်ယော်*

စိတ္တရလေခါသည် မျက်စိ ဖွင့်လိုက်လေ၏။

"ဆရာအရှင်ရဲ့ ဘာဝနာအလုပ် အပြီးသတ်သွားပြီလား"

"ဟုတ်တယ်၊ ပြီးသွားပြီ။ စိတ္တရလေခါ၊ သင် ဘာဖြစ်လို့ ဒီကို လာသလဲ"

"ဆရာအရှင့်ဆီမှာ တပည့်ခံမလို့"

"ကျုပ် သင့်ကို တပည့်အဖြစ် လက်ခံဖို့ ငြင်းဆန်ထားတယ် ဆိုတာ သင် သတိရပါလိမ့်မယ်"

"ဟုတ်ကဲ့၊ သတိရပါတယ်။ ဒါပေမဲ့ လာခဲ့တာပဲ။ ကျွန်ုပ် စွန့်ပယ်လိုက်ပြီ။ ဒီကနေ့ မိမိပိုင်ဆိုင်တဲ့ စည်းစိမ်ချမ်းသာ ဟူသမျှကို ကျွန်ုပ်ကျော်ခိုင်းလိုက်ပြီ။ စွန့်လွှတ်လိုက်ပြီ။ ငါစွဲတစ်ခုပဲ ကျန်တော့တယ်။ အဲဒီ ငါစွဲ သက္ကာယစွဲကို ကျွန်ုပ် သင့်ဆီကို ယူလာခဲ့တယ်။ အဲဒီ ငါစွဲ သက္ကာယစွဲက ကျွန်ုပ်ကို လွတ်မြောက်အောင် လုပ်ဖို့ဟာ သင်ယောဂီရဲ့ တာဝန်ဝတ္တရား ဖြစ်ပါတယ်။ ယောဂီရဲ့ တရားဓမ္မ ဖြစ်ပါတယ်"

"မဖြစ်ဘူး ကချေသည်၊ မဖြစ်ဘူး"

စိတ္တရလေခါ၏ သမင်မမျက်လုံးကဲ့သို့ ဝိုင်းစက်ပြူးကျယ်သော မျက်လုံး၏ ရှေ့မှောက်၌ ယောဂီသည် တုန်လှုပ်သွားသည်။ အသံကျယ်စွာဖြင့် ပြောလိုက်လေ၏။

"မဖြစ်ဘူး ကချေသည်၊ မဖြစ်ဘူး။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ကျုပ် သင့်ကို တပည့်အဖြစ် လက်ခံလို့ မဖြစ်ဘူး"

ထိုအချိန်၌ ကုမာရဂိရိသည် မိမိကိုယ်ကို မေ့သွားလေသည်။

"သင့်ကို တပည့်အဖြစ် လက်ခံတယ်ဆိုတဲ့ အဓိပ္ပာယ်ဟာ ထိုးကျခြင်း ဖြစ်တယ်။ အနိမ့်ကို ထိုးကျခြင်း ဖြစ်တယ်။ ဘယ်နေရာကို ထိုးကျတယ်မှတ်သလဲ။ အဆုံးရယ်လို့ မရှိတဲ့ အနိမ့်တကာ့ အနိမ့်ဆုံးကို။ ကျုပ် သင့်ကို သိတယ်။ ကိုယ့်ကိုယ်ကိုလည်း သိတယ်။ သင့်ကို အပေါ်မြှင့်တင်ပေးဖို့ မလွယ်ဘူး။ ကိုယ် ကိုယ်တိုင် အောက်ကျသွားဖို့က လွယ်တယ်"

ကုမာရဂိရိသည် ထလိုက်သည်။ ထပြီးနောက် ဦးနောက်ပျက်နေသူပမာ သခ်မ်းကျောင်းထဲတွင် ဟိုသွား ဒီလာ လုပ်နေလေ၏။ စိတ္တရလေခါကမူ ကျောက်ရုပ်ကဲ့သို့ မတုန်မလှုပ် ထိုင်နေသည်။ ယောဂီသည် တစ်ဖန် ရပ်လိုက်ပြီးလျှင် ပြောပြန်လေသည်။

"ကချေသည်၊ မှန်မှန်ပြောစမ်းပါ။ ကျုပ်လည်း သင့်ကို ညာမပြောဘူး။ မှန်မှန်ပြောစမ်း။ သင် ဒီကို ဘာဖြစ်လို့ လာသလဲ။ သင် တကယ် အသိဉာဏ်ကို ရယူလိုတာ ဟုတ်ရဲ့လား။ သင် တကယ် လောကီစည်းစိမ်ချမ်းသာကို စွန့်ပယ်ဖို့ ဒီကိုလာတာ ဟုတ်ရဲ့လား။ အဲဒီလို ဖြစ်နိုင်ပါ့မလား။ ပြောစမ်းပါဦး။ ဘာဖြစ်လို့ နှုတ်ပိတ်နေသလဲ"

ကုမာရဂိရိ ရယ်လိုက်လေ၏။

"သင် မှန်မှန် မပြောချင်ဘူး။ ညာပြီးတော့လည်း ပြောလို့ မရဘူး။ သင် နှုတ်ပိတ်နေတာဟာ 'မဟုတ်ဘူး' ဆိုတဲ့ အဓိပ္ပာယ်ပဲ မဟုတ်လား"

စိတ္တရလေခါသည် ငိုက်မျဉ်းနေရာမှ လန့်နိုးသကဲ့သို့ ဖြစ်သွားလေသည်။ ကုမာရဂိရိကို ကြည့်လိုက်သည်။ သူ၏ မျက်လုံးသည် ကုမာရဂိရိ၏ မျက်လုံးနှင့် ဆုံသွား၏။ ငြိမ်းအေးသော အမူအရာဖြင့်ပင် ပြန်ပြောလိုက်လေသည်။

"ယောဂီ၊ မိမိရဲ့ အနိုင်အရှုံးကို ပမာဏ မထားဘဲ တစ်ခါတုန်းက သင်ဟာ ကျွန်ုပ်ကို အမှန်အတိုင်း ပြောပြခဲ့တယ်။ ကျွန်ုပ်လည်း သင့်ကို အမှန်အတိုင်း ပြောပြပါ့မယ်။ ကျွန်ုပ် သင့်ကို ချစ်ရအောင် လာခဲ့တာပါ"

"ဒီလိုဆိုရင် ကျုပ် တွေးတာ မမှားဘူး။ ကျေးဇူးတင်ပါတယ်။ သင် ကျုပ်ကို ချစ်ရအောင် လာတယ် မဟုတ်လား။ ဘယ်တုန်းက ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးတဲ့ အချစ်ဆိုတာ ဘာလဲလို့ သိကိုမသိတဲ့ ကျုပ်ကို ချစ်ရအောင် လာတယ် ဟုတ်လား။ ဘယ်လောက် ထူးဆန်းသလဲ။ ဒါပေမဲ့ နောက်တစ်ခု ထပ်မေးရဦးမယ်။ အချစ်ကို ဘယ်လိုလုပ် ချစ်ရသလဲ။ လူရဲ့သန္တာန်မှာ

အချစ်ဟာ သူ့အလိုလို ပေါ်ပေါက်လာတယ်လို့ပဲ အခုအထိ ကျုပ်နားလည်တယ်။ ချစ်ဖို့အတွက် လူဟာ အစပထမ အသင့်ပြင်ထားရပြီး နောက်မှ ချစ်ရတယ်ဆိုတာ ကျုပ်မသိဘူး" ကုမာရဂိရိ ရယ်နေသည်။ သို့ရာတွင် သူ၏ရယ်သံသည် ဘယ်လောက် အခြောက်တိုက် ဖြစ်နေသနည်း။ ဘယ်လောက် သရော်သည့် အဓိပ္ပာယ် ပါသနည်း။ စိတ္တရလေခါ အံ့သြ ငေးမောသွား၏။

"ယောဂီ၊ ကျွန်ုပ်ရဲ့ စကားလုံးများဟာ မတိကျ မမှန်ကန်ပါဘူး။ ကျွန်ုပ်ဟာ ကိုယ့်အဓိပ္ပာယ်ကို တိကျမှန်ကန်တဲ့ စကားလုံးများနဲ့ မထုတ်ဖော် မပြောပြနိုင်ပါဘူး။ ကျွန်ုပ် သင့်ကို ချစ်တယ်။ အဲဒါကို သင်လည်း သိနေပါတယ်။ အချိန်ကြာမြင့်စွာကပဲ သိနေပါတယ်။ ကျွန်ုပ် သင့်ဆီကို လာတာဟာ သင်ကလည်း ကျွန်ုပ်ကို ပြန်ချစ်အောင်ဆိုတဲ့ သဘောနဲ့ လာခဲ့တာပါ။ ကျွန်ုပ် အခု သင့်ကို အားလုံး ဖွင့်ဟ ပြောပြပြီးပါပြီ"

"ကျွန်ုပ်ကို သင်ကချစ်တယ်ဆိုတာပဲ တော်လောက်ပါပြီ။ သင့်ကို အဲဒီလို မပြုလုပ်ဖို့ ကျုပ် ဘယ်တုန်းကမှ မတားမြစ်ခဲ့ဘူး။ တားမြစ်လည်း မတားမြစ်နိုင်ဘူး။ အချစ်ရဲ့အစား အချစ်ကို ပြန်မျှော်လင့်တာဟာ မသင့်လျော်ဘူးလို့ မပြောနိုင်ပါဘူး။ ဒါပေမဲ့ အဲဒီ မျှော်လင့်ချက်ကို အကောင်အထည် ပေါ်အောင် ကြိုးပမ်းတာကတော့ မပိုင်ဝက်မွေးတဲ့ သဘောဖြစ်တယ်"

စိတ္တရလေခါ မျက်နှာ ဖြူရော်သွားသည်။ သို့ရာတွင် တစ်ခဏ အတောအတွင်းမှာ ဣန္ဒြေ ပြန်ဆောင်လိုက်လေ၏။ မျက်နှာကို ခပ်တည်တည်ထားလျက် ပြန်ပြောလေ၏။

"ယောဂီပြောတာ မှန်ပါတယ်။ ဒီတစ်ကြိမ်လည်းပဲ ကျွန်ုပ် အပြောမှားသွားပါတယ်။ ကျွန်ုပ် ဒီကိုလာတာဟာ အချစ်ရဲ့ မတင်းတိမ် မရောင့်ရဲတဲ့သူရဲ့ ခြေထောက်က မြူမှုန်များကို ကိုယ့်ခေါင်းပေါ် အမြဲတစေ တင်ထားလိုတဲ့အတွက်ကြောင့် လာတာပါ။ သင့်သန္တာန်မှာ မိမိကိုယ်ကို မြှုပ်နှစ်ပစ်လိုက်ဖို့အတွင် လာတာပါ။ ပြုစုခြင်း၊ လေးစားခြင်း၊ ကိုယ့်ကိုယ်ကို မေ့လျော့ခြင်း၊ မတင်းတိမ် မရောင့်ရဲတဲ့ မွတ်သိပ်ခြင်း၊ အဲဒါတွေဟာ အချစ်ရဲ့ အမှတ်လက္ခဏာများ ဖြစ်ကြတယ်။ ကျွန်ုပ် အဲဒီအမှန်တရားကို လက်ထပ်တဲ့ အခါတုန်းက ယုံကြည်ချက်မျက်နှာဖုံး၊ တာဝန်ဝတ္တရား မျက်နှာဖုံးတွေစွပ်ပြီး ကြည့်ခဲ့တယ်။ ဒါပေမဲ့ အဲဒီမျက်နှာဖုံးတွေ စွပ်ထားတဲ့အတွက် အဲဒီအမှန်တရားရဲ့ စစ်မှန်တဲ့အသွင်၊ စစ်မှန်တဲ့အဓိပ္ပာယ်ကို မသိနားမလည်ခဲ့ဘူး။ အခု အဲဒီ အမှန်တရားကို မြင်ရပြီ။ ဒါကြောင့် ကျွန်ုပ် သင့်ဆီကို လာခဲ့တာ"

ထိုအကြိမ်၌မူ ကုမာရဂိရိသည် တည်ကြည် လေးနက်သွားလေ၏။

"တဏှာရာဂ မပါဘဲနဲ့ အချစ်ဆိုတာ ဖြစ်နိုင်ပါ့မလား" သူ၏ စိတ်ထဲ၌ ယင်းပြဿနာ ပေါ်လာလေသည်။ သူ၏ တရားအကျင့်နှင့် ယုံကြည်ချက်က အဖြေပေးလေ၏။ "မဖြစ်နိုင်ဘူး" သူ၏နှလုံးက ပြောလေသည်။ "မိုက်လှ အ,လှ ချည်ကလား။ သန့်ရှင်းစင်ကြယ်တဲ့အချစ်မှာ တဏှာရာဂအတွက် ဘယ်လိုနေရာမျိုးမှ မရှိဘူး"

ကုမာရဂိရိက ပြောလိုက်လေ၏။

"အချိန်နည်းနည်း ပေးပါဦး ဒေဝီ။ ပြဿနာက ခက်ခဲတဲ့ပြဿနာ ဖြစ်နေပါတယ်"

စိတ္တရလေခါသည် ကုမာရဂိရိ၏ ခြေထောက်ကို လှမ်းဖက်လိုက်လေ၏။

"အချိန်ပေးဖို့ အချိန်မရှိတော့ပါဘူး။ ဖြစ်ရမယ့်အရာဟာ ဖြစ်ပြီးသွားပါပြီ။ ကျွန်ုပ် ရေ့အများကြီး တိုးလာခဲ့ပြီးပါပြီ။ နောက်ပြန်ဆုတ်ဖို့ လာခဲ့တာ မဟုတ်ဘူး"

ယင်းစကားကို အဖြေပြန်မပေးဘဲနှင့် ကုမာရဂိရိက ပြောလိုက်လေ၏

"သင် ဒီကို ခြေလျင်လာခဲ့တာလား" "ရထား ဘယ်မှာလဲ"

"မင်းလမ်းမမှာ ထားခဲ့တယ်။ ခုလောက်ရှိရင် ပြန်သွားပြီထင်တယ်"

ကုမာရဂိရိသည် အပေါ် မော့ကြည့်လိုက်သည်။

"အိုဘုရားသခင်၊ ဘယ်လိုလှို့ဝှက်ချက်များ ပုန်းကွယ်နေပါသလဲ။ သင်ရဲ့ အလိုဆန္ဒက ဘယ်လိုပါလဲ။ သင်ရဲ့ အလိုဆန္ဒအတိုင်း ဖြစ်ရပါလိမ့်မယ်" ထို့နောက် ခြေထောက်ပေါ်တွင် လဲလျောင်းနေသော စိတ္တရလေခါကို ထူမလိုက်လေသည်။

"ကောင်းပြီ ဒေဝီ၊ ဒီလိုဆိုရင် သင့်ကို တပည့်အဖြစ် လက်ခံပါတော့မယ်။ ဘုရားသခင်က ကျုပ်ကို လောကီအာရုံ ကာမဂုဏ်နဲ့ တိုက်ပွဲဝင်စေလိုတဲ့ ဆန္ဒရှိရင် အဲဒီအတိုင်းပဲ ဖြစ်ရမှာပေါ့" ယင်းသို့ ပြောလျက် ကုမာရဂိရိသည် ဝိလာသဒေဝအား လှမ်းခေါ်လိုက်လေသည်။

ဝိသာလဒေဝ ရောက်လာသောအခါ ကုမာရဂိရိက ပြောလေ၏။

"ဝိသာလဒေဝ၊ မင်း ဒေဝီ စိတ္တရလေခါနေဖို့ သခ်ႌမ်းကျောင်းတစ်ခု အသင့်ပြင်ထားရလိမ့်မယ်"

ဝိသာလဒေဝ၏ မျက်နှာတွင် အံ့သြသည့်အမူအရာ ပေါ်ပေါက်လာလေသည်။ လှို့ဝှက်ချက်ကို သူ ကောင်းစွာ နားလည်သဘောပေါက်ထားသည်။ စိတ္တရလေခါကို အရိုအသေပေးရင်းက -

"ဒေဝီ၊ သင့်ကို ကြိုဆိုပါတယ်" ဟု ပြောလိုက်လေသည်။ ထို့နောက် ကုမာရဂိရိအား အဓိပ္ပာယ် အပြည့်ရှိသော အကြည့်ဖြင့် ကြည့်လိုက်လေသည်။

ကုမာရဂိရိသည် ဝိသာလဒေဝ ကြည့်သော အကြည့်၏ အနက်အဓိပ္ပာယ်ကို နားလည်သွားလေသည်။

"မင်းက အံ့သြနေသလား။ ငါရဲ့ အားပျော့ချက်ကို မင်းတစ်ခါတွေ့ဖူးထားတယ်။ ဒါကြောင့် မင်း အံ့သြနေတယ်ဆိုတာ မဆန်းပါဘူး။ ဒါပေမဲ့ လူရဲ့တာဝန်ဝတ္တရားဟာ အားပျော့ချက်ပေါ် အနိုင်ရရှိအောင် ပြုလုပ်ခြင်းဖြစ်တယ်ဆိုတဲ့အချက်ကို မင်းသတိပြုရလိမ့်မယ်။ ဒီကနေ့ ဘုရားသခင်က ငါ့ကို အမှန်တရားတစ်ခု ပြလိုက်တယ်။ အဲဒီ အမှန်တရားဟာ ဘာလဲဆိုရင် ဘဝရဲ့ ကြီးကျယ်မြင့်မြတ်မှုဟာ ကာမဂုဏ်အာရုံနဲ့ တိုက်တဲ့ တိုက်ပွဲမှာ ရှိနေတယ်ဆိုတဲ့ အချက်ပဲ။ ငါလည်း ဒီတိုက်ပွဲကို ဝင်ပါမယ်။ ဒါကြောင့် ငါ စိတ္တရလေခါကို တပည့်အဖြစ် လက်ခံတော့မယ်"

ဝိသာလဒေဝက ပြုံးလိုက်လေ၏။

"ဆရာအရှင် အမိန့်ရှိတာ အကြွင်းမဲ့ သင့်လျော်မှန်ကန်ပါတယ်။ ညကျရင် ကျွန်ုပ် သခ်ႌမ်းကျောင်းဆောင်တစ်ဆောင် အသင့် ပြင်ဆင်ထားပါ့မယ်" ------------------

ဝိသာလဒေဝ၏အပြုံးကြောင့်လည်းကောင်း၊ အပြောကြောင့်လည်းကောင်း၊ ကုမာရဂိရိ၏ တစ်ကိုယ်လုံးတွင် ဒေါသလွှမ်းသွားလေ၏။ ဒေါသကြောင့် တုန်နေသည်။ မတ်တတ်ရပ်ပြီး ပြောလိုက်လေသည်။

"တခြား သခ်ႌမ်းကျောင်းဆောင် တစ်ဆောင် မလိုပါဘူး။ စိတ္တရလေခါ ငါ့သခ်ႌမ်း ကျောင်းဆောင်မှာပဲ နေလိမ့်မယ်။ နားလည်လား။ ဝိသာလဒေဝ၊ ငါ့ အားပျော့ချက်ကို သရော်ချင်တဲ့ လုလင်၊ မှတ်ထား၊ ငါဟာ မင်းရဲ့ဆရာဖြစ်တယ်။ မင်းထက်လည်း မြင့်မြတ်တယ်။ အကျင့်တရားကို ကျင့်ကြံအားထုတ်နေတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လောက် အားအင်ကြီးမားတယ် ဆိုတဲ့အချက်ကို ငါ မင်းကိုပြမယ်"

ကုမာရဂိရိ၏ ဒေါသထွက်နေသည့် အမူအရာကို တွေ့ရသည်ဖြစ်၍ ဝိသာလဒေဝသည် ထိတ်လန့်ကြောက်ရွံ့သွားပြီးလျှင် သူ့ဆရာအရှင်၏ ခြေအစုံပေါ်တွင် ပစ်လှဲလိုက်လေသည်။

"ဆရာအရှင်၊ ကျွန်ုပ် မချေမငံပြုမိတာကို သည်းခံတော်မူပါ။ ကျွန်ုပ် သခ်ႌမ်းကျောင်းဆောင် ပြင်ဆင်ဖို့ သွားပါတော့မယ်"

"ဟင့်အင်း" ကုမာရဂိရိက ဟိန်းဟောက်လိုက်၏။

"အခု သခ်ႌမ်းကျောင်းဆောင် မလိုတော့ဘူး။ ဝိသာလဒေဝ၊ တစ်ခါတုန်းက ငါ မောဟဖုံးလွှမ်းပြီး မင်းဆရာကို ပြက်ရယ်ပြုခဲ့တယ်။ အဲဒီအပြစ်ကို ငါအခု ခံနေရတယ်။ မင်းဆရာက မင်းကို ငါ့ခဲ့ဆီ မကောင်းမှုဆိုတာ စူးစမ်းထောက်လှမ်းရအောင် ပို့ထားတယ်။

ဒီကနေ့ မင်းအဖို့ အခွင့်ရပြီ။ မင်း မကောင်းမှုကို တွေ့ရလိမ့်မယ်။ ပြီးတော့ မကောင်းမှုအပေါ် အနိုင်ယူပုံကိုလည်း တွေ့ရလိမ့်မယ်။ သွားနိုင်ပြီ။ ညနေဆည်းဆာ ဘုရားဝတ်ပြုချိန် ရောက်နေပြီ”

ဝိသာလဒေဝ ထွက်သွား၏။ ကုမာရဂိရိသည် စိတ္တရလေခါကို ပြောလိုက်သည်။

“ဒေဝီ၊ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ကတော့ဖြင့် အိပ်မက်နဲ့ ဘာမှ မထူးခြားဘူး။ ကျုပ်ကိုယ်တိုင်တောင်မှ မယုံကြည်နိုင်လောက်အောင် ဖြစ်နေတယ်။ ဒါပေမဲ့ ဖြစ်တာကတော့ ဖြစ်ပြီးပြီ။ မကြာခဏ ကျုပ် လန့်လန့်နေတယ်။ ကျုပ်ဟာ မီးနဲ့ ကစားနေတယ်လို့ပဲ ကျုပ် ထင်နေမိတယ်”

စိတ္တရလေခါ၏ မျက်နှာပေါ်ရှိ ချိုသောအပြုံး ပေါ်လာလေသည်။

“အရှင်၊ ကျွန်ုပ်ကို မကြောက်ပါနဲ့။ တရားအကျင့်ကို ကျင့်ကြံပြုလုပ်တဲ့နေရာမှာ သင်ဟာ ကျွန်ုပ်ကို အနှောင့်အယှက်အဖြစ်နဲ့ ဘယ်တော့မှ တွေ့ရလိမ့်မယ် မဟုတ်ဘူးဆိုတာ ကျွန်ုပ် ပြောရဲပါတယ်။ ကျွန်ုပ် သင့်ကိုချစ်တယ်။ ချစ်တယ်ဆိုတာရဲ့ အနက်အဓိပ္ပာယ်ဟာ အပိုင်းအခြား မရှိတဲ့ စွန့်လွှတ်ခြင်း ဖြစ်တယ်။ သင့်အဖို့ ချမ်းသာသုခရှိတဲ့ အရာမှာ ကျွန်ုပ်အဖို့လည်း ချမ်းသာသုခ တွေ့မှာပဲ”

“ဒီအတိုင်းပဲ ဖြစ်ပါစေ” ကုမာရဂိရိသည် ထိုင်လိုက်သည်။

“သင် ကိုယ့်အတွက်အခင်းကို ကိုယ်တိုင်ခင်းရလိမ့်မယ်။ အခင်းကို ဝိလာသဒေဝဆီက တောင်းယူနိုင်ပါတယ်။ ကျုပ် ညနေဆည်းဆာ တရားထိုင်တဲ့အချိန် ရောက်နေပြီ” ယင်းသို့ပြောလျက် ကုမာရဂိရိသည် မျက်လုံးကို မှိတ်လိုက်လေ၏။

---

## အခန်း ( ၁၂ )

မိတ္တဥ္စယအား မိမိ အကြောင်းမဲ့သက်သက် မထီလေးစား ပြုလုပ်ခဲ့သည်ဟု ဗီဇဂုတ္တ အတွေးရောက်နေသည်။ နောက်တစ်နေ့ နံနက် ဗီဇဂုတ္တအနီးသို့ သေတံက ရောက်လာသောအခါ ဗီဇဂုတ္တက ပြောလေ၏။

“သေတံက၊ မိတ္တဥ္စယရဲ့ ညည့်ခံပွဲမှာ ငါမချေမငံ ပြောခဲ့မိတယ်လို့ ထင်တယ်။ ဒါပေမဲ့ ဘယ်လို မချေမငံ ပြောခဲ့တယ်ဆိုတာကို ငါမမှတ်မိတော့ဘူး။ မင်းလည်း ညည့်ခံပွဲမှာ ရှိနေတယ် မဟုတ်လား။ ဘယ်လို မချေမငံ ပြောခဲ့တယ်ဆိုတာ မင်း သတိရမှာပေါ့”

အတန်ငယ် စဉ်းစားပြီး သေတံကက ပြောလေ၏။

“သခင် ပြောခဲ့တာတွေဟာ မမှားပါဘူး။ မထီလေးစား လုပ်မလုပ်ဆိုတာနဲ့ ပတ်သက်လို့တော့ သခင်ပြောခဲ့တဲ့ စကားတွေဟာ ဘယ်လောက် ပွင့်လင်းသလဲဆိုရင် မြို့စားကြီး မိတ္တဥ္စယအနေနဲ့ ကိုယ့်ကိုယ်ကို မထီလေးစား အလုပ်ခံရပါကလားလို့ ထင်မယ်ဆိုက ထင်နိုင်စရာရှိတယ်လို့ ကျွန်ုပ်လည်းပဲ တွေးမိတယ်။ ဒါပေမဲ့ ဂရုပြုစရာ မလိုပါဘူး။ တစ်ဦးနဲ့တစ်ဦး ဆန့်ကျင်ခြားနားတဲ့ အယူဝါဒ ရှိနိုင်ပေမယ့် အမှန်တရားကတော့ အမှန်တရား ပါပဲ”

“မဟုတ်ဘူး။ ဒီနေရာမှာတော့ မင်းမှားနေပြီ သေတံက။ အမှန်တရားဟာ အမှန်တရားဖြစ်တယ် ဆိုတာတော့ မှန်ပါတယ်။ ဒါပေမဲ့ အမှန်တရားဟာ လမ်းအားဖြင့် နာခံသာအောင် ပြောပြနိုင်သားပဲ”

ဗီဇဂုတ္တသည် မိတ္တဥ္စယအား မထီလေးစား ပြုလုပ်မိခဲ့သည့်အတွက် သည်လောက် နောင်တ မရပေ။ ယသောဓရာအား မိမိ၏ စကားများဖြင့် စိတ်မချမ်းသာအောင် ပြုလုပ်မိခဲ့သည့်အတွက် အထူးစိတ်မကောင်း ဖြစ်နေလေ၏။ သူ့မျက်လုံး၏ ရှေ့မှောက်၌ ယသောဓရာ၏ ရုပ်ပုံလွှာသည် ကနေသည်။ ယသောဓရာ၏ ရုပ်ပုံလွှာသည် ချစ်စရာ ကောင်းလှသည်။ သူ၏ ရိုးသားမှု၊ သူ၏ ငြိမ်းအေးသော၊ နတ်သုဓာဖြင့် စိမ့်ထုံထားအပ်သော မျက်လုံး၊ သူ၏ ရှက်ခြင်းနှင့် တောက်ပခြင်း တို့ဖြင့် တန်ဆာဆင်ထားသော မျက်နှာဝန်း၊ ယင်း အသွင်သဏ္ဌာန်များသည် ဗီဇဂုတ္တ၏ ရှေ့တွင် ကနေကြသည်။ သို့ရာတွင် ဗီဇဂုတ္တသည်

ယသောရောအား မချစ်နိုင်ပေ။ အကြောင်းမှုကား စိတ္တရလေခါအား ချစ်နေသောကြောင့် ဖြစ်သည်။ စိတ္တရလေခါ၏ ယစ်မူးခြင်းမျိုး ယသောရောတွင် မရှိပေ။ စိတ္တရလေခါ၏ နုလုံးမျိုး ယသောရောတွင်မရှိ၊ မရှိဟူသော အချက်ကို ဗီဇဂုတ္တသည် ဆုံးဖြတ်ချက် ချနိုင်လေသည်။

စိတ္တရလေခါသည် သူ့ဇနီး မဟုတ်သော်လည်း သူ့ဇနီး ဖြစ်လေသည်။ စိတ္တရလေခါသည် ကချေသည် ဖြစ်သော်လည်း ချစ်တတ်သည်။ ဥစ္စာနေအတွက် ချစ်သည်မဟုတ်။ သူ့တွင် ဥစ္စာနေ မရှားပေ။ အချစ်အတွက် ချစ်ခြင်းဖြစ်သည်။ စိတ္တရလေခါနှင့် ပထမဆုံးအကြိမ်စ၍ အကျွမ်းတဝင် ဖြစ်ခဲ့သည့်ညကို ဗီဇဂုတ္တသည် သတိပြန်လည်ရလာ၏။ စိတ္တရလေခါနှင့် ယသောရောတွင် မည်ကဲ့သို့သော တူညီမှုမျိုးမျှ မရှိပေ။ စိတ္တရလေခါသည် မြင့်မြတ်သည်။ အလွန်တရာ မြင့်မြတ်သည်။ ယသောရောအကြောင်းကို ဘာကြောင့် စဉ်းစားနေရသနည်းဟု ဗီဇဂုတ္တသည် သူ့ကိုယ်သူ အံ့သြနေမိသည်။ သေတံကကို ပြောလိုက်လေ၏။

"သေတံက၊ မချေမင် ပြောမိတဲ့အတွက် မိတ္တဥယကို တောင်းပန်ဖို့ဟာ ငါ့ တာဝန်ဝတ္တရား ဖြစ်တယ်"

"သခင့် သဘောအတိုင်းပါပဲ"

"ဒါပေမဲ့ ငါ အဲဒီကို မသွားချင်ဘူး" ဗီဇဂုတ္တသည် ယသောရောကို မေ့ပစ်လိုသည်။

"ငါ စာတစ်စောင် ရေးပေးမယ်။ မင်း မိတ္တဥယကို သွားပေးချေ။ ကြားလား"

"သခင့် အမိန့်အတိုင်းပါ"

ဗီဇဂုတ္တသည် မိတ္တဥယအတွက် စာတစ်စောင်ရေးပြီးလျှင် သေတံကကို ပေးလိုက်လေ၏။ သေတံကသည် စာကိုယူခဲ့ပြီးလျှင် မိတ္တဥယ၏အိမ်သို့ သွားလေ၏။ အိမ်သို့ ရောက်သောအခါ တံခါးစောင့်အား မေးလိုက်လေ၏။

"မြို့စားကြီး အိမ်မှာရှိသလား"

တံခါးစောင့်က ပြန်ပြောလေသည်။

"ကိစ္စတစ်ခုနဲ့ အပြင်ထွက်သွားတယ်။ ဘာကိစ္စရှိလို့လဲ"

"သူ့ဖို့ စာတစ်စောင် ပါတယ်"

"ကျွန်ုပ်ကို ပေးထားခဲ့လေ။ ကျွန်ုပ် သူ့ကို ပေးလိုက်မယ်"

"ဟင့်အင်း၊ သူ့တွေ့မှ ဒီစာ ပေးနိုင်မယ်" သေတံကသည် အတန်ငယ် တန့်သွားပြီးလျှင် -

"ဒါမှမဟုတ်၊ သူ့သမီး ယသောရော ရှိရင်လဲ ဒီစာ ပေးထားခဲ့နိုင်ပါတယ်" သေတံက၏ နှုတ်မှ ယင်း စကားဝါကျသည် မမျှော်လင့်ပဲ ထွက်လာလေ၏။

တံခါးစောင့်သည် ယသောရောကို အကြောင်းကြားပြီးလျှင် သေတံကကို ဧည့်ခန်းဆောင်ထံသို့ ခေါ်သွားပြီး နေရာပေးထားလေ၏။ အတန်ငယ်ကြာသောအခါ ထိုနေရာသို့ ယသောရော ရောက်လာ၏။ သေတံကသည် ယသောရောအား နှုတ်ဆက်ရန် နေရာမှ ထလိုက်သည်။ သေတံကကို တွေ့ရသည့်အခါ ယသောရောသည် နေရာလွတ်တစ်ခုတွင် ထိုင်ရင်း မေးလိုက်လေ၏။

"ဘာကိစ္စ ရှိလို့ပါလဲ"

"မြို့စားကလေး ဗီဇဂုတ္တက ဒေဝီရဲ့ ဖခင်ထံ စာတစ်စောင် ပေးလိုက်ပါတယ်။ အဲဒီစာကို ယူဆောင်လာရင်းနဲ့ ကျွန်ုပ် ဒေဝီရဲ့ရှေ့မှောက်ကို ရောက်လာရခြင်း ဖြစ်ပါတယ်" သေတံကသည် ဗီဇဂုတ္တအား သခင်ဟု မခေါ်ခြင်းက သင့်လျော်လိမ့်မည်ဟု တွေးမိလေသည်။

"ဘဘ ပြန်တော့ ပြန်လာမှာပဲ။ ရှင် သူပြန်လာတဲ့အထိ စောင့်နေလို့ ဒုက္ခများ ရောက်နေမလား မသိဘူး" ယသောရော၏ မျက်လုံးသည် သေတံက၏မျက်လုံးနှင့်

ဆုံသွားလေ၏။ သို့ရာတွင် ယင်းမျက်လုံး၌ ရှက်ရွံ့သည့် အရိပ်အရောင်ကို မတွေ့ရပေ။ သေတံကက ပြန်ပြောလေသည်။

"ပါဠ္ဍလိပုတ်ရဲ့ အလှဆုံး ဒေဝီရဲ့ ရှေ့မှောက်မှာ ထိုင်နေရတာ ဘယ်မှာ ဒုက္ခရောက်တယ် ရှိပဲ့မလဲ" -----------------

ယသောဓရာသည် ယင်းကဲ့သို့ စကားလုံးမျိုးကို ကြားနေကျ မဟုတ်ပေ။ အထူးအားဖြင့် မကြာခင်ကမှ အသိဖြစ်ခဲ့ရသူတစ်ဦး၏ နှုတ်မှ ထွက်လာသော စကားများ ဖြစ်နေလေသည်။ သို့ရာတွင် စကားလုံးများမှာ ချိုသာလှပေ၏။ ယသောဓရာ၏ မျက်လုံးသည် ပီတိရောနှောသော အရှက်ဖြင့် ငုံ့သွားလေ၏။ သူ၏ပါးပြင်ပေါ်ရှိ နဂိုနှင်းဆီသည် နစ်ဆတိုးသွားသည်။ သေတံကသည် သူ့ဧည့်သည် ဖြစ်သည်။ ဧည့်သည်အား လေးစားရန်မှာ သူ့တာဝန်ဝတ္တရား ဖြစ်သည်။ သေတံကအား မေးလိုက်လေ၏။

"မြို့စားကလေး ဗီဇဂုတ္တကို ရှင် သေသေချာချာ သိတယ်နော်"

"ဟုတ်ကဲ့၊ ကမ္ဘာပေါ်မှာရှိတဲ့ အကြီးကျယ် အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်များ စာရင်းထဲမှာ သူ့ကို ထည့်သွင်းရင် ဘယ်သူ့အနေနဲ့မှ ကန့်ကွက်ဖို့ မသင့်ဘူး"

"ကချေသည် စိတ္တရလေခါနဲ့ ပတ်သက်လို့ကော ရှင် ဘယ်လို သဘောရသလဲ"

"အဆင့်အတန်း အင်မတန်မြင့်မြတ်တဲ့ မိန်းမတစ်ဦး ဖြစ်တယ်။ သူဟာ နတ်ဒေဝီတစ်ဦး ဖြစ်တယ်ဆိုတဲ့အထိပဲ ကျွန်ုပ်ကတော့ ပြောချင်တာပဲ။ စိတ္တရလေခါကို သိရှိနားလည်တဲ့လူဟာ အလှနဲ့ တာဝန်ဝတ္တရားကို သိရှိနားလည်တဲ့လူဖြစ်တယ်"

ယသောဓရာက ရယ်လိုက်လေသည်

"ကျွန်မ အတွေးဟာ မမှားဘူးလို့ ဆိုရမှာပေါ့။ ရှင့်နာမည် သေတံကနော်"

"ဟုတ်ပါတယ်"

"သေတံက၊ တစ်ခု ထပ်မေးရဦးမယ်။ ရှင့်ဆရာက ရှင့်ကို မကောင်းမှုဆိုတာကို စုံစမ်း ထောက်လှမ်းရအောင် ဗီဇဂုတ္တဆီ ပို့တယ်ဆိုတာ တကယ်ပဲနော်။ အဲဒီလိုဆိုရင် ဗီဇဂုတ္တရဲ့ ပတ်ဝန်းကျင်ဟာ မကောင်းမှုကို စုံစမ်းထောက်လှမ်းဖို့အတွက် သင့်လျော်တဲ့နယ်ပယ် ဖြစ်မနေဘူးလား"

သေတံကက ပြုံးလိုက်လေ၏။

"ကျွန်ုပ်ရဲ့ဆရာက ကျွန်ုပ်ကို မကောင်းမှုဆိုတာကို စုံစမ်းထောက်လှမ်းဖို့အတွက် ဗီဇဂုတ္တဆီ ပို့ထားတယ်ဆိုတာ မှန်ပါတယ်။ ဗီဇဂုတ္တရဲ့ ပတ်ဝန်းကျင်ဟာ မကောင်းမှုကို စုံစမ်းထောက်လှမ်းဖို့အတွက် သင့်လျော်တဲ့ နယ်ပယ်ဖြစ်တယ်လို့ ယူဆတာနဲ့ ပတ်သက်လို့တော့ ကျွန်ုပ်လည်း မတွေးတတ်အောင် ဖြစ်နေတယ်။ ကျွန်ုပ် တစ်ခုပြောပါရစေဦး။ ယောဂီ ကုမာရဂိရိဆီကိုလည်း မနေ့က သူနဲ့အတူ ဧည့်ခံပွဲကို ပါလာတဲ့ ကျွန်ုပ်ရဲ့ ဆရာတူတပည့် ဖြစ်တဲ့လူကို မကောင်းမှုဆိုတာကို စုံစမ်းထောက်လှမ်းဖို့ ပို့ထားတယ်။ အဲဒါကိုလည်း ဒေဝီ အံ့သြမှာပေါ့"

အမှန်တကယ်ပင် ယသောဓရာ အံ့သြသွားလေသည်။

"အံ့သြစရာအကြောင်း မဟုတ်ပါဘူး ဒေဝီ။ ကျွန်ုပ်တို့ အပို့ခံရတဲ့ ပိုဂ္ဂိုလ်တွေဟာ မကောင်းမှုကို ကျူးလွန်တဲ့လူဆိုးတွေ ဖြစ်ခဲ့ရင် တွေ့ကောင်းတွေ့လိမ့်မယ် ဆိုတာတော့ ဖြစ်နိုင်စရာ ရှိပါတယ်။ နောက်တစ်ကြောင်းကလည်း မကောင်းမှုဆိုတာ ဘာလဲ။ မကောင်းမှုကို ဘယ်သူသိသလဲ။ ကျွန်ုပ်အနေနဲ့ မကောင်းမှုလို့ ထင်တဲ့အရာကို အခြားပုဂ္ဂိုလ် တစ်ဦးတစ်ယောက်က မကောင်းမှုလို့ ထင်ချင်မှ ထင်မယ်။ ပြီးတော့လည်း ကျွန်ုပ်တို့အနေနဲ့ နည်းနည်းမှ အမှုမထားတဲ့ အရာဝတ္ထုများဟာ အခြား ပုဂ္ဂိုလ်များအတွက် မကောင်းမှု ဖြစ်ချင် ဖြစ်နေတတ်တယ်"

ယင်းအဖြေသည် ယသောဓရာအား ဘဝင်ကျသွားအောင် မစွမ်းနိုင်ပေ။

*Typing - ငွေဇင်ယော်*

“သေတံက၊ လူရဲ့ အကောင်းကို ကြည့်တတ်တဲ့ ရှင့်စိတ်သဘောကို ကျွန်မ ချီးကျူးပါတယ်”

ထိုအခိုက် မိတ္တဥ္စယသည် အိမ်တော်အတွင်းသို့ ဝင်ရောက်လာလေ၏။ သေတံကက မတ်တတ်ရပ်ပြီး နှုတ်ဆက်လိုက်လေ၏။ ယသောဓရာကမူ အိမ်ခန်းအတွင်းသို့ ဝင်သွားလေသည်။

မိတ္တဥ္စယသည် သေတံကအား ထိုင်ရန် ညွှန်ကြားပြီး ပြောလေ၏။

“မင်း မနေ့က ဗီဇဂုတ္တနဲ့အတူ ပါလာတဲ့ ဗီဇဂုတ္တရဲ့ တပည့် မဟုတ်လား”

“မှန်ပါတယ်။ သခင်က မြို့စားကြီးအတွက် စာတစ်စောင် အပေးခိုင်းလို့ပါ”

မိတ္တဥ္စယသည် စာကို လှမ်းယူးလိုက်သည်။ စာကို ဖတ်ပြီးသောအခါ သူ၏ မျက်နှာပေါ်၌ ကျေနပ်သည့်အမူအရာ ပေါ်လာလေ၏။

“မြို့စားကလေး ဗီဇဂုတ္တကို ပြောလိုက်ပါ။ သူ့အနေနဲ့ ကျုပ်ကို တောင်းပန်နေစရာ မလိုပါဘူး။ သူ့အပေါ် ကျုပ်ရဲ့သဘောထားဟာ အရင်ကလိုပဲ ဖြူစင်ပါတယ်။ သန့်ရှင်းပါတယ်။ နောက်တစ်ခု သူ့ကို ပြောလိုက်ပါဦး။ အားလို့ရှိရင် ညနေဒီကိုလာပြီး ညစာစားပါလို့ … ” အနည်းငယ် တန့်သွားပြီးလျှင် ဆက်ပြောလေ၏။

“မင်းကိုလည်း ဗီဇဂုတ္တနဲ့အတူ လိုက်လာဖို့ ဖိတ်လိုက်ပါတယ်”

သေတံက၏ မျက်နှာသည် ပီတိဖြင့် ပွင့်လန်းသွားလေသည်။

“မြို့စားကြီးရဲ့ အမိန့်ကို နာခံပါ့မယ်။ သခင်လာရင် ကျွန်ုပ်လည်း လိုက်လာပါ့မယ်။ ဒါပေမဲ့ သူ့အမိန့်အရဘဲ ကျွန်ုပ်ဒီကိုလာဖို့ဟာ ဘယ်အထိ သင့်လျော် မှန်ကန်လိမ့်မယ် ဆိုတာကိုတော့ ကျွန်ုပ် မပြောတတ်ပါဘူး”

မိတ္တဥ္စယက ရယ်လိုက်လေ၏။

“မင်းဟာ ငြိမ်းအေးတဲ့၊ နက်နဲတဲ့၊ တာဝန်ကျေတဲ့ လုလင်တစ်ယောက် ဖြစ်တယ်။ ငါ မင်းကို သဘောကျတယ်။ မင်း ဘယ်အမျိုးအနွယ်ကလဲ။ မင်း ဖခင်ရဲ့နာမည်က ဘယ်သူလို့ ခေါ်သလဲ။ သူက ဘယ်မှာနေသလဲ”

“ကျွန်ုပ် ဆူရယမျိုးနွယ်ပါ။ ကျွန်ုပ်ဖခင်ရဲ့အမည်က ဗိဿပတိလို့ ခေါ်ပါတယ်။ နေတာကတော့ ကောသလတိုင်းမှာပါ”

“မင်း ဖခင်ရဲ့ နာမည်က ဗိဿပတိ ဟုတ်လား။ ပြီးတော့ ကောသလတိုင်းမှာ နေတယ် ဟုတ်လား။ သူ ကာသီမှာ ပညာ သင်ကြားဖူးသလား”

“ဟုတ်ကဲ့၊ သင်ကြားဖူးပါတယ်”

“ဘယ်လောက် အံ့သြစရာကောင်းသလဲ။ ဗိဿပတိဟာ ငါနဲ့ ပညာသင်ဘက် ဆရာတူတပည့် ဖြစ်တယ်။ ငါ မင်းကို ကောင်းကောင်း ကြိုဆိုပါတယ်။ မင်းဟာ ငါ့သားနဲ့ ဘာမှ မခြားဘူး သိလား”

မိမိ၏ဖခင်နှင့် မိတ္တဥ္စယတို့ ငယ်ပေါင်းကြီးဖော် ဖြစ်နေသည် ဆိုသည့်အတွက် သေတံက မည်မျှ ဝမ်းသာသွားသည် ဆိုသည်ကို ပြောမပြနိုင်ပေ။ သေတံက၏နှလုံး၌ မျှော်လင့်ချက်တစ်မျိုး ပေါ်ပေါက်လာလေသည်။ သူ တွေးကြည့်မိသည်။

“ယသောဓရာနဲ့ ငါ လက်ထပ်ဖို့ ဖြစ်နိုင်ပါ့မလား”

“မဖြစ်နိုင်” သေတံက နားလည်သွားသည်။ သူ့ဖခင်၏ စည်းစိမ်မှာ ပြုန်းသွားခဲ့လေပြီ။ သူ့ဖခင်သည် ယခုအခါတွင် တောသူတောင်သားဘဝဖြင့် ရိုးရိုးကုတ်ကုတ်သာ နေလေ၏။ အမျိုးအနွယ် ကြီးမြင့်သည်မှာ မှန်၏။ သို့ရာတွင် အမျိုးအနွယ် ကြီးမြင့်ရုံဖြင့် ဘာတတ်နိုင်မည်နည်း။ မိတ္တဥ္စယသည် သူ့ဖခင်ထက် ဥစ္စာနေတွင်လည်း သာသည်။ စည်းစိမ်ဂုဏ်သိမ်တွင်လည်း သာသည်။ သြဇာအာဏာလည်း ပို၍ ပြည့်ဝသည်။ လက်ထပ်မင်္ဂလာကိစ္စ၌ ယင်းအချက်များ၏ တူညီမှုသည် လိုအပ်လှပေသည်။ သို့ရာတွင် မျှော်လင့်ချက်ကို ဖိနှိပ်ချိုးနှိမ်၍ မရပေ။

Typing - ငွေဇင်ယော်

သေတံက ခပ်မဆိတ်နေသည်ကို တွေ့ရ၍ မိတ္တဥယက ပြောလေ၏။

"ငါ့သား သေတံက၊ ငါ့အိမ်ကို မင်း ကိုယ့်အိမ်ကိုယ့်ယာလိုပဲ သဘောထား၊ ကြားလား။ ဗိဋ္ဌပတိက မင်း ဒီမှာနေတယ်ဆိုတာ ငါ့ဆီ ဘာဖြစ်လို့ အကြောင်းမကြားသလဲဆိုတာ ငါ အံ့သြနေတယ်"

"ကျွန်ုပ်ဖခင်ဟာ ယခု တောမှီတဲ့ယောဂီအလုပ်ကိုပဲ လုပ်နေပါတယ်။ အဲဒါကြောင့် အကြောင်းမကြားနိုင်တာ ဖြစ်ပါလိမ့်မယ်။ ကဲ ဒါဖြင့် မြို့စားကြီး၊ ကျွန်ုပ်ကို ပြန်ခွင့်ပြုပါဦး"

ထမင်းစားချိန် ရောက်လာ၏။

"တို့အိမ်မှာ ထမင်းစားသွားဖို့ မင်းဝန်လေးမယ် မဟုတ်ပါဘူး။ တစ်ခါတည်း စားသွားပါလား"

သေတံက ပြုံးပြီးပြန်ပြော၏။

"တာဝန်လေးစရာ မလိုပါဘူး။ ဒါပေမဲ့ ကျွန်ုပ်ဟာ အခုအချိန်မှာ ဗီဇဂုတ္တရဲ့ အလုပ်အကျွေး ဖြစ်နေပါတယ်။ သူ့အမိန့်မရဘဲ ကျွန်ုပ် ဘယ်အလုပ်ကိုမှ မလုပ်နိုင်ပါဘူး။ ကဲ ကျွန်ုပ်ကို သွားခွင့်သာ ပြုပါတော့။ အချိန် အတော်လင့်သွားပါပြီ။ ဗီဇဂုတ္တ ကျွန်ုပ်ကို မျှော်နေရော့မယ်"

"ကောင်းပါပြီ။ မင်း ကိုယ့်တာဝန်ဝတ္တရားကို ကောင်းကောင်း သိရှိနားလည်တယ်။ ငါ မင်းကို သိပ်သဘောကျတယ်။ မင်းသွားနိုင်ပြီ။ ဗီဇဂုတ္တကိုတော့ ငါပြောတဲ့စကားကို ပြောလိုက်ပါ။ မေ့မနေနဲ့"

သေတံက ပြန်သွားလေ၏။ ဗီဇဂုတ္တအား မိတ္တဥယက ဖိတ်လိုက်သည့် အကြောင်းကို ပြောပြလေ၏။

ဗီဇဂုတ္တက ပြောလေသည်။

"ငါ့ကို ဖိတ်လိုက်တယ် ဟုတ်လား။ ဒါပေမဲ့ ငါသွားလို့ သင့်တော်ပါ့မလား"

ဗီဇဂုတ္တသည် မိတ္တဥယ၏ ပင့်ဖိတ်ချက်ကို နေ့လယ်တစ်ချိန်လုံး စဉ်းစားနေသည်။ သူ မိတ္တဥယအိမ် သွားလို့ မသင့်တော်ခြင်းမှာ အဘယ့်ကြောင့်နည်း။ ဗီဇဂုတ္တ၏ စိတ်ထဲတွင် ယင်းပြဿနာ ပေါ်လာလေသည်။ သူ မိတ္တဥယအိမ် သွားလို့မသင့်တော် ဟူ၍မူ သူပြောနိုင်သည်။ သို့ရာတွင် အကြောင်းကိုမူ သူကိုယ်တိုင်ပင် ပြောမပြနိုင်ပေ။ အပြန်အလှန် တွေးတောစဉ်းစားပြီးသည်နောက် ဗီဇဂုတ္တသည် မိတ္တဥယအိမ်သို့ သွားရန် ဆုံးဖြတ်ချက် ချလိုက်လေ၏။ ညနေချမ်း ရောက်သောအခါ သေတံကကို ပြောလေ၏။

"သေတံက၊ လူကြီးလူကောင်း တစ်ယောက်ရဲ့ ပင့်ဖိတ်ချက်ကို မငြင်းသင့်ဘူးလို့ ငါယူဆတယ်" သူ၏ စိတ်နှလုံးထဲ၌ ယသောဓရာကို တစ်ကြိမ်လောက် တွေ့လိုသည်။ ယသောဓရာနှင့် တစ်ကြိမ်လောက် စကားပြောလိုသည့် မပြတ်မသားသော အာသာဆန္ဒသည် ပေါ်လာလေသည်။

ညအချိန် ရောက်လာသောအခါ ဗီဇဂုတ္တသည် သေတံကနှင့် အတူတကွ မိတ္တဥယအိမ်သို့ ရောက်လာလေ၏။ ယနေ့ မိတ္တဥယ၏ အိမ်တော်၌ ယမန်နေ့ညကကဲ့သို့ လှုပ်ရှားမှု၊ ပျာယာခတ်မှုမျိုး မရှိပေ။ အခြေအနေမှာ ငြိမ်သက်နေသည်။ မိတ္တဥယသည် ဗီဇဂုတ္တကို ခရီးဦးကြိုဆိုလေသည်။ အပန်းဖြေ ခန်းဆောင်ထဲသို့ ရောက်သောအခါ အားလုံး ထိုင်ကြလေ၏။ ယသောဓရာကမူ ပထမကပင် ထိုနေရာ၌ ထိုင်ပြီး ဧည့်သည်များကို စောင့်ကြိုနေလေသည်။

"ဗီဇဂုတ္တ၊ ဟိုစာဟာ မလိုပါဘူး" မိတ္တဥယက စကား စလိုက်လေ၏။

"မြို့စားကြီး၊ ကိုယ့်အမှားကို ကိုယ်ဝန်ခံဖို့ဟာ လူတိုင်းရဲ့ တာဝန်ဝတ္တရား ဖြစ်တယ်"

မိတ္တဥယက ရယ်လိုက်လေ၏။

"မောင့် အလုပ်အကျွေး သေတံကဟာ ကျုပ်နဲ့ ပညာသင်ဘက် ဆရာတူတပည့်ဖြစ်တဲ့ ဗိဋ္ဌပတိရဲ့သားဆိုတာ ဒီကနေ့ မနက်ကျမှပဲ သိရတယ်" ယင်းသို့ ပြောပြီးလျှင် မိတ္တဥယသည် သေတံကကို လှမ်းကြည့်လိုက်လေသည်။

Typing - ငွေဇင်ယော်

"သေတံကဟာ ကျွန်ပ်ရဲ့ အလုပ်အကျွေး မဟုတ်ပါဘူး။ ဆရာတူ တပည့်ပါ"

"ဗီဇဂုတ္တ၊ ဒီကနေ့လာတာ နည်းနည်း နောက်ကျသွားတယ်နော်"

"ဟုတ်ကဲ့။ ဒီကနေ့ ကာသီက ဧည့်သည်တွေ ရောက်နေလို့ပါ"

ထိုအကြိမ်၌မူ ယသောဓရာက ပြောလိုက်လေ၏။

"ကာသီဟာ သိပ်လှတဲ့ ရှေးဟောင်းမြို့တော် ဖြစ်တယ်နော်။ ရှင် ကာသီကို ရောက်ဖူးလား"

ဗီဇဂုတ္တက ရယ်လိုက်လေ၏။

"ကျုပ်ဘဝရဲ့ အလှဆုံး အချိန်ကာလများဟာ ကာသီမှာပဲ ကုန်လွန်ခဲ့တယ်။ ကျုပ်ရဲ့ ဆရာအရှင် ရသေ့မြတ် ရတနမ္ဗရဟာ ပထမ ကာသီမှာပဲ သီတင်းသုံးတယ်။ ဒေဝီယသောဓရာ၊ ကာသီက ဒီကနေ ဘယ်လောက်ဝေးလို့လဲ။ ကျုပ် မြောက်ပိုင်း ဇမ္ဗူဒိပ်ကျွန်း တစ်ခုလုံးကို လှည့်ပတ် သွားလာခဲ့ဖူးတယ်"

"ဒီလိုဆိုရင် ရှင် ဟိမဝန္တာတောင်ကိုလည်း တွေ့ဖူးမှာပေါ့နော်"

"အင်း၊ ဟိမဝန္တာနဲ့ ဟိန္ဒူကုသတောင်တွေကိုလည်း ကျုပ် တွေ့ခဲ့ဖူးတယ်။ သဘာဝ အလှအပရဲ့ အပြည့်ဝဆုံး အသွင်အပြင်ကိုတော့ တောင်များမှာ တွေ့မြင်နိုင်တယ်" ထိုအကြိမ်၌ ဗီဇဂုတ္တသည် မိတ္တူဇယအား ပြောလိုက်လေသည်။

"မြို့စားကြီး၊ တကယ်ကို အံ့သြဖွယ်ကောင်းတဲ့ အရာများကို ကျွန်ပ် အဲဒီဒေသတွေမှာ တွေ့ခဲ့တယ်။ အဖြစ်အပျက် တစ်ခုကိုတော့ ကျွန်ပ်တစ်သက် ဘယ်တော့မှ မေ့နိုင်တော့မှာ မဟုတ်ဘူး။ အဲဒီ အဖြစ်အပျက်ကို ကြားရုံနဲ့ပဲ ကြက်သီးမွေးညင်း ထသွားနိုင်တယ်"

ယသောဓရာက သိချင်ဇောဖြင့် မေးလိုက်လေ၏။

"အဲဒီ အဖြစ်အပျက်ကို ပြောမပြနိုင်ဘူးလား"

"ဘာဖြစ်လို့ ပြောမပြနိုင်ရမှာလဲ" ဗီဇဂုတ္တက ပြန်ပြောလေသည်။

"ဆယ်နှစ် မတိုင်ခင်က အဖြစ်အပျက် ဖြစ်တယ်။ အဲဒီတုန်းက ကျုပ် ကျောင်းသားမျှသာ ရှိသေးတယ်။ ရသေ့မြတ် ရတနမ္ဗရနဲ့အတူ ကျုပ် ဒေသန္တရခရီးကို လှည့်လည် ထွက်သွားခဲ့တယ်။ ကြီးပေ့ဆိုတဲ့ မြို့ကြီးများနဲ့ ဥယျာဉ်ကြီးများကို ဖြတ်ကျော်ပြီး ကျုပ်တို့နှစ်ဦး ဂင်္ဂါမြစ်ကမ်းတစ်လျှောက်က လျှောက်သွားလိုက်ကြတာ ဟရိဒွါရကို ရောက်သွားကြတယ်။ အဲဒီရောက်တော့ မြေပြန့်ဟာ ဆုံးသွားပြီး ကောင်းကင်မှာ ဦးခေါင်းထောင်နေတဲ့ တောင်ထိပ် တောင်ထွတ်ဟာ ကျုပ်တို့ရဲ့ရှေ့မှာ မားမားမတ်မတ် ရပ်နေတာကို တွေ့ရတယ်။ ကျုပ်က ရသေ့မြတ် ရတနမ္ဗရကို 'ရှေ့မှာ ဘာရှိသလဲ' လို့ မေးကြည့်တယ်။ 'မသိအပ်တဲ့ အရပ်' လို့ သူက ပြန်ပြောတယ်။ ဂင်္ဂါမြစ်ကမ်းပါးမှာ လူတစ်ယောက် ထိုင်နေတယ်။ သူက ရသေ့မြတ်ရဲ့ စကားကို ကြားသွားတယ်ထင်ပါရဲ့။ စကား လှမ်းပြောတယ်။

"ဘာပြောတယ်၊ ရှေ့မှာ 'မသိအပ်တဲ့ အရပ်' ရှိတယ် ဟုတ်လား။ ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်ပ်က တာဝန်တစ်ရပ်အနေနဲ့ ဖြည့်စွက် ပြောပါရစေဦး။ အဲဒီ 'မသိအပ်တဲ့အရပ်' ဟာ နတ်ဒေဝတာတို့ရဲ့ နေရာဌာန ဖြစ်တယ်။ အဲဒီ တောင်တန်းဒေသများမှာ ကေလာသတောင် ရှိတယ်။ အဲဒီနေရာမှာ ဂန္ဓဗ္ဗနတ်တွေ ကကြ ခုန်ကြတယ်။ နတ်ကညာများ မြူးကြပျော်ကြ ကစားကြတယ်" အဲဒီလူရဲ့ စကားကို ကြားရတော့ ရသေ့မြတ်ရဲ့ မျက်နှာပေါ်မှာ မယုံကြည်တဲ့ အပြုံး ပေါ်လာတယ်။ ဒါပေမဲ့ အတွေ့အကြုံမရှိသေးတဲ့ လုလင်တစ်ယောက်ရဲ့ အတွေးကတော့ မယုံကြည်မှုကို လက်မခံနိုင်သေးဘူး။ ကျုပ်က ပြောလိုက်တယ်။ "သူပြောတာ ဟုတ်ချင်ဟုတ်မှာ။ ရသေ့ကြီး၊ ဒီတောင်ပေါ်တက်ပြီး အဲဒီအရပ်ကို သွားရင် ဘယ်သူကမှ ကန့်ကွက်မှာ မဟုတ်ပါဘူးနော့"

"မကန့်ကွက်ပါဘူး။ မင်းသွားချင်ရင် ငါကလဲ အဆင်သင့်ပါပဲ"

"ကျုပ်တို့ နှစ်ဦး ရှေ့ဆက်သွားကြတယ်။ အဲဒီ သဘာဝအလှမျိုးကိုတော့ ကျုပ် စိတ်ကူးထဲမှာတောင် တွေးမကြည့်မိခဲ့ဖူးဘူး။ တောဟောဝန်များမှာ အရောင်မျိုးစုံလင်တဲ့ ပန်းများ ပွင့်နေကြတယ်။ အေးမြတဲ့ တောင်လေဟာ အဲဒီပန်းမန်တွေနဲ့ ကစားနေတယ်။

ကျေးငှက်သာရကာတွေကလည်း သီဆိုကျူးရင့်နေကြတယ်။ လေးဘက်လေးရပ်မှာ ငြိမ်းချမ်းရေး လွှမ်းမိုးအုပ်စိုးနေတယ်။ အုတ်အုတ်ကျက်ကျက်ဆူသံ ပူသံရယ်လို့ မရှိဘူး။ လူသံ သူသံလည်း မကြားရဘူး။ တစ်ခုအပေါ် တစ်ခုထိုးထွက်နေတဲ့ တောင်တန်းများကိုသာ တွေ့ရတယ်"

"လမ်းတွေမှာတော့ ရွာများ ရှိကြတယ်။ အဲဒီရွာများမှာ နေကြတဲ့ ကျေးတောသူ ကျေးတောသားများဟာ အသားဖြူကြတယ်။ မိန်းမများကတော့ အတော်ကို လှတယ်။ ရောင်စုံအဝတ်များကို ဝတ်ကြတယ်။ ပြုံးရယ်ပြီး နေကြတယ်။ သီချင်း ဆိုကြတယ်။ သူတို့မှာ အရက်အကြောက်ရယ်လို့ မရှိဘူး။ ကျုပ်က လုလင် ကျောင်းသားမျှသာ ရှိသေးတယ် မဟုတ်လား။ သူတို့ရဲ့ အလှကို စွဲလမ်းနစ်သက် သွားမိတယ်။ မိန်းမတွေဟာ အစုလိုက် အပြုံလိုက် သီချင်းဂီတများကို သီဆိုကျူးရင့် သွားကြတာကို တွေ့ရတယ်။ ကျုပ် သူတို့ရဲ့ ဘာသာစကားကို နားမလည်ပေမယ့် သူတို့ရဲ့ ချိုသာတဲ့ တေးဂီတဟာ အင်မတန် ကဗျာဆန်တယ်၊ အချစ်အကြောင်းကို ဖွဲ့ဆိုထားတယ် ဆိုတာလောက်တော့ ရိပ်စားမိတယ်။ 'နတ်ကညာတွေရဲ့ အရပ်ဒေသဟာ ဒါများလား' လို့ ကျုပ် အတွေးပေါ်လာမိတယ်"

"ကျုပ်တို့ ရှေ့ဆက်သွားကြတယ်။ ရွာများဟာ တစ်ရွာနဲ့တစ်ရွာ အတော်အလှမ်း ဝေးသွားကြတာကို တွေ့ရတယ်။ ရွာကြီးကြီးမားမားရယ်လို့လည်း မရှိတော့ဘူး။ အအေးလည်း အတော်ပြင်းထန်လာတယ်။ သစ်ပင်ပန်းမန်များကို ဒါလောက် မတွေ့ရတော့ဘူး။ တစ်နေ့မနက်ကျတော့ ရှေ့ဘက် ခပ်လှမ်းလှမ်းမှာ ရွှေတောင်တစ်တောင်ကို ကျုပ်တွေ့မြင်ရတယ်။ ကျုပ် အရူးပမာ လှမ်းအော်လိုက်မိတယ်။ 'ဆရာအရှင်၊ ရှေ့ကဟာ ကုဝေရနတ်မင်းရဲ့ ရွှေတောင် မဟုတ်လား' ရသေ့မြတ်က ကျုပ်ရူးပုံ အ,ပုံကို ရယ်နေတယ်။ 'အဲဒါ ဟိမဝန္တာတောင်ပေါ့။ ဆီးနှင်းပေါ်မှာ နေရောင်တွေ တောက်ပနေတယ်။ အဲဒါကြောင့်မို့ ရွှေလို့ မင်းအမှတ်မှားနေတာ'။ ကျုပ် မိမိရဲ့ ရူးပုံ အ,ပုံများကို ရှက်များ ရှက်သွားမိတယ်"

"ကျုပ်တို့ ရှေ့ဆက်ပြီး အထက်ကို တက်ကြတယ်။ အဲဒီအခါကျတော့ ပထဝီမြေကြီးဟာ နေရာတကာတိုင်းလိုလိုမှာပဲ ရေခဲများ ဖုံးလွှမ်းနေတာကို တွေ့ရတယ်။ ကျုပ်တို့ရဲ့ တစ်ကိုယ်လုံးဟာလည်း ထုံလာတယ်။ ရသေ့မြတ် ရတနမ္ဗရက 'ကဲ လှည့်ပြန်ကြစို့' လို့ ပြောရတယ်။ ဒါပေမဲ့ ကျုပ်က 'မပြန်သေးဘူး ရသေ့ကြီး။ ဟိုဆီးနှင်းဖုံးနေတဲ့ တောင်ခြေရင်းအထိ ရောက်အောင်တော့ တက်ဦးမှာပေါ့' လို့ လူစွမ်းကောင်း လုပ်လိုက်တယ်။ ရှေ့ဆက်သွားတော့ ကျုပ်တို့ သင်္ချမ်းကျောင်းတစ်ကျောင်းကို တွေ့ရတယ်။ အဲဒီသင်္ချမ်းကျောင်းမှာ အဲဒီအခိုက် မိန်းမတစ်ယောက် တစ်ယောက်တည်းထိုင်ပြီး စဉ်းစားနေတာကို တွေ့ရတယ်။ ကျုပ်တို့ကို တွေ့ရတော့ သူ နေရာကထပြီး 'ဧည့်သည်တွေကို ကြိုဆိုပါတယ်' လို့ ပြောတယ်။ ရသေ့မြတ်က အဲဒီမိန်းမကို ခြေဆုံး ခေါင်းဆုံး စူးစိုက် ကြည့်လိုက်တယ်။ ပြီးတော့ ကျုပ် နားနားကပ်ပြီး- 'ဒီနေရာဟာ အန္တရာယ်ကင်းမယ့်နေရာ မဟုတ်ဘူး။ ဒီနေရာက ပြန်လှည့်ကြစို့' လို့ ပြောလိုက်တယ်။ အဲဒီ မိန်းမက ရယ်တယ်။ 'ဧည့်သည်အို တွေးတာ မမှားပါဘူး။ ဒါပေမဲ့ ဒီအထိ ရောက်လာပြီးတဲ့နောက်မှာတော့ အကြောင်းအရာတစ်ခုကို သိအောင် လုပ်သွားကြပါ။ အဲဒီ အကြောင်းအရာကို သင်တို့ တစ်သက်လုံး ဘယ်တော့မှ မေ့နိုင်တော့မှာ မဟုတ်ဘူး' မိန်းမရဲ့ စကားကို ကြားရတော့ ရသေ့မြတ်ဟာ အတော် အံ့အားသင့်သွားတယ်။ ဒါပေမဲ့ သူ တိုက်တွန်းတာကို လက်မခံရင် သင့်လျော်မှာ မဟုတ်ဘူးလို့လည်း ရသေ့မြတ်က အတွေးပေါက်သွားတယ်"

"နောက်ထပ်နည်းနည်း ဆက်သွားမိတော့ နှင်းကျောက်တုံးတစ်ခုပေါ်မှာ ထိုင်နေတဲ့ ယောဂီတစ်ဦးကို ကျုပ်တို့ တွေ့ရတယ်။ သူ့ဆံကျစ်ဟာ သူ့ခြေအထိ ကျနေတယ်။ ခြေသည်း လက်သည်းများကတော့ ခြင်္သေ့ရဲ့ ခြေသည်း လက်သည်း အတိုင်းပဲ။ ကျုပ်တို့လာတဲ့ဘက်ကို မမှိတ်မသုန် စိုက်ကြည့်နေတယ်။ ကျုပ်တို့ သူ့နားရောက်တော့ သူ့ကို အရိုအသေပြုလိုက်တယ်။ သူက ဆုမွန်ပေးပြီး ကျုပ်တို့ကို သူ့နားမှာ ထိုင်ခိုင်းတယ် - 'ငါ လူသားတစ်ဦးဦးကို မမြင်ရတာ အချိန်ကာလ ဘယ်လောက်ကြာသွားပြီ မသိဘူး။ ဒီကနေ့မှပဲ မြင်ရတော့တယ်' လို့ ပြောပြီး သူ သက်ပြင်းရှည်ကြီးကို ချလိုက်တယ်။ သူ့မျက်နှာပေါ်မှာလည်း ကြင်နာသနားခြင်းနဲ့ စိတ်ပျက်ဝမ်းနည်းခြင်း အမူအရာများ ပေါ်နေတယ်။ ရသေ့မြတ်က 'အရှင်၊ သင် စိတ်ဆင်းရဲနေပါသလော' လို့ မေးလိုက်တယ်။ 'ဟုတ်တယ်' လို့ သူက ပြန်ဖြေတယ် - 'ကျုပ် စိတ်ဆင်းရဲတယ်။ စိတ်ချမ်းသာလည်း ချမ်းသာတယ်' အဲဒီလိုပြောပြီး နောက်ဘက်ကို သူ ညွှန်ပြလိုက်တယ်"

Typing - ငွေဇင်ယော်

"ကျုပ်တို့ ထပြီး နောက်ဘက်ကို ကြည့်လိုက်တော့ ထိတ်လန့်ကြောက်ရွံ့တဲ့အတွက် တုန်များတောင် တုန်သွားမိတယ်။ နောက်ဘက်မှာ သွေးရေကန် တစ်ကန်ကို တွေ့ရတယ်။ အဲဒီ သွေးရေကန်မှာ ဆိပ်ကမ်းလည်း ရှိတယ်။ အဲဒီ သွေးရေကန်က မကောင်းတဲ့ အနံ့အသက်တွေ ထွက်နေတယ်။ ရသေ့မြတ်က ယောဂီကို - 'သင် ဒီနေရာက ဘာဖြစ်လို့ မစွန့်ခွာသလဲ' လို့ မေးလိုက်တယ်။ သူက ပြန်ဖြေတယ် - 'စွန့်တော့ စွန့်ခွာချင်ပါတယ်။ ဒါပေမဲ့ စွန့်ခွာလို့ မရဘူး။ ဒီနေရာက စွန့်ခွာဖို့ စိတ်ကူးတာ ဘယ်နှကြိမ်ရှိပြီ မသိတော့ဘူး။ ဒါပေမဲ့ အထ မမြောက်ဘူး။ ဒီနေရာက စွန့်ခွာလို့ကို မရဘူး။ ဘယ်လောက် ကံဆိုးလိုက်သလဲလို့ ... "

"အဲဒီနောက် အသိဉာဏ်ပညာနဲ့ ပတ်သက်တဲ့ အကြောင်းအရာများကို ဆွေးနွေး ပြောကြားကြတယ်။ သူက အကျင့်တရားနဲ့ ပူဇော်ဝတ်ပြုခြင်းများရဲ့ အရေးကြီးပုံကို ကျုပ်တို့ကို ပြောပြတယ်။ အဲဒီယောဂီရဲ့ အသိဉာဏ်ပညာဟာ အတော်ကို အဆင့်အတန်းမြင့်တယ်။ နာရီပေါင်းများစွာ မကောင်းတဲ့ အနံ့အသက်တွေကို နံနေရပေမယ့် ကျုပ်တို့ အသိဉာဏ်ပညာနဲ့ ပတ်သက်တဲ့ သူ့တရားစကားတွေကို နားထောင်လို့ မညည်းဘူး။ တဖြည်းဖြည်း ညနေဆည်းဆာချိန် နီးကပ်လာတယ်။ ယောဂီဟာ ရုတ်တရက် 'ဟော အချိန်ကျပြီ' လို့ အော်ပြောပြီး ရေကန်ဆီကို အတင်းထပြေးတယ်။ ကျုပ်တို့လည်း သိချင်ဇောနဲ့ သူ့နောက်ကို အတင်းပြေလိုက်ကြတယ်"

"ယောဂီဟာ အရူးအသွင်လို အဲဒီ သွေးရေကန်ထဲ ခုန်ချလိုက်တယ်။ အံ့သြစရာကောင်းတာက အဲဒီရေကန်ထဲမှာ အဲဒီအခိုက်အတန့်မှာ သွေးရေတွေရဲ့ အစား ကြည်လင်သန့်ပြန့်တဲ့ရေတွေ ဖြစ်လာတယ်။ ရေကန်ထဲမှာရှိတဲ့ ငရဲကောင်တွေဟာလဲ လှပတဲ့ ကြာပန်းကြာပွင့်များအသွင် ပြောင်းလဲသွားကြတယ်။ ကျုပ်တို့လဲ ကြက်သေသေပြီး ငေးမော ကြည့်နေမိတယ်။ အဲဒီရေကန်မှာ ယောဂီနဲ့အတူ မိန်းမတစ်ဦး ရှိနေတာကိုလည်း တွေ့ခဲ့ရတယ်"

"အဲဒီမိန်းမဟာ တခြား မဟုတ်ဘူး။ ကျုပ်တို့ သခ်မ်းကျောင်းထဲမှာ တွေ့ရတဲ့ မိန်းမဖြစ်တယ်။ သူတို့ နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် ကျီစယ်နေကြတယ်။ မိန်းမက ရယ်ပြီး ကျုပ်တို့ကို လှမ်းအော်ပြောတယ်- 'အ အတွေ။ ရပ်ပြီး ဘာကြည့်နေကြတာလဲ။ လာပါလား။ ဒီမှာ ရေချိုးပါလား။ ဘဝရဲ့ချမ်းသာသုခကို ခံစား စံစားပါလား' ကျုပ်ရဲ့ စိတ်ထဲမှာ ရေဆင်းချိုးချင်တဲ့ဆန္ဒ ပေါ်လာပြီး အဝတ်ကို ချွတ်လိုက်တယ်။ အဲဒီတော့ ရသေ့မြတ်က ကျုပ်လက်ကို လှမ်းကိုင်ပြီး အတင်းဆွဲတယ်။ သူ့လက်မှာ ဘယ်လောက်အင်အားရှိတယ် မပြောတတ်ဘူး။ ကျုပ် အတင်းအားစိုက်ပြီး ရုန်းကန်ပေမယ့် သူ့လက်က လွတ်ထွက်မသွားဘူး။ ရသေ့မြတ်ဟာ ကျုပ်ကို အတင်းဆွဲခေါ်သွားတယ်။ အဲဒီအချိန်မှာ ရသေ့မြတ်က ရိုးရိုးသွားတာ မဟုတ်ဘဲ အတင်းပြေးတော့တာပဲ။ သခ်မ်းကျောင်းကို ဖြတ်ကျော်ပြီးတော့ ကျုပ်တို့ လမ်းဟောင်းအတိုင်း ပြန်လာခဲ့ကြတယ်။ ရသေ့မြတ်က ကျုပ်ကို နောက်မှ 'တပည့်၊ ငါတို့ လွတ်လာတာ ဘုရားသခင်ကို ကျေးဇူးတင်ပေတော့' လို့ ပြောတယ်။ အဲဒီအချိန်ကစပြီး နှစ်ပေါင်းများစွာအထိ ကျုပ်ရှေ့မှောက်မှာ အဲဒီမိန်းမရဲ့ ရုပ်ပုံလွှာဟာ ပေါ်နေတော့တာပဲ"

ယသောဓရာက မေးလေ၏။

"အဲဒီ အဖြစ်အပျက်ရဲ့ လျှို့ဝှက်ချက်ကိုကော ရသေ့မြတ်က ရှင့်ကို ပြောမပြဘူးလား"

"ဟင့်အင်း၊ ကမ္ဘာလောကမှာ နားလည်ဖို့မလွယ်တဲ့ အဖြစ်အပျက်တွေ အမြောက်အမြား ရှိတယ်။ ကျုပ်တို့တွေ့ခဲ့တဲ့ အဖြစ်အပျက်ဟာလဲ အဲဒီ အမျိုးအစားထဲက တစ်ခုပဲလို့သာ ပြောတယ်"

ထို့နောက် အားလုံး ထမင်းစားခန်းသို့ သွားကြလေ၏။

ယနေ့ ယသောဓရာ၏ တစ်ဖက်တွင် ဗီဇဂုတ္တာထိုင်ပြီး အခြားတစ်ဖက်တွင် သေတံကက ထိုင်သည်။ ထမင်းစားရင်း ယသောဓရာက ဗီဇဂုတ္တာကို ပြောလေသည်။

"ရှင့်ဝတ္ထုက ဆုံးမှ မဆုံးပဲ။ ရှင့်ဝတ္ထု နားထောင်ရတာ ကျွန်မစိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတယ်။ အဲဒီလို အံ့သြဖွယ်ကောင်းတဲ့ အရာတွေကို ကျွန်မကိုယ်တိုင် ကြည့်ချင်၊ မြင်ချင်တဲ့စိတ် ပေါ်လာတယ်"

ဗီဇဂုတ္တာက ရယ်ပြီး ပြောလေ၏။

Typing - ငွေဇင်ယော်

"ဒေဝီ၊ လူက အတွေ့အကြုံကို ရရှိတာ မဟုတ်ဘူး။ အခြေအနေက လူကို အတွေ့အကြုံ ရရှိစေခြင်းသာ ဖြစ်တယ်"

သေတံကသည် ယသောရောနှင့် စကားပြောရန် အခွင့်ကို စောင့်နေလေ၏။

"ဒေဝီ၊ အတွေ့အကြုံ ရရှိဖို့အတွက် ဘဝတစ်လျှောက်လုံး အချိန်တွေ ရှိပါသေးတယ်"

ယသောရော၏ မျက်နှာပေါ်၌ ထူးခြားသော အမူအရာတစ်မျိုး ပေါ်လာလေသည်။

"ဟုတ်ပါလိမ့်မယ်။ ဒါပေမဲ့ တိုတောင်းလှတဲ့ ဒီဘဝရဲ့ ခဏတိုင်း ခဏတိုင်းဟာ ဘယ်လောက် တန်ဖိုးရှိနေသလဲ။ ဘဝရဲ့ အဲဒီခဏတွေ အချည်းနှီး အလဟဿ ကုန်ဆုံးကျော်လွန်သွားမယ်ဆိုရင် ဘာမှ အကျိုးရှိလိမ့်မယ် မဟုတ်ဘူး မဟုတ်လား"

ဗီဇဂုတ္တက ရယ်လိုက်လေသည်။

"ကျုပ်တို့ရဲ့ အလုပ်တိုင်း အလုပ်တိုင်းမှာ မမြင်အပ်၊ မမြင်ရတဲ့ လက်တစ်ခု ပါဝင်လုပ်ကိုင်နေတယ်။ အဲဒီလက်ရဲ့ အလိုဆန္ဒဟာ အဓိကပဲ။ ကမ္ဘာပေါ်မှာ အခု အယူအဆနှစ်မျိုး ရှိနေတယ်။ တစ်မျိုးက ဘဝကို လှုပ်ရှားမှု အပြည့်အဝဖြစ်နေအောင် လုပ်တယ်။ နောက်တစ်မျိုးက ဘဝကို ငြိမ်းချမ်းမှုရဲ့ ဗဟိုချက်ချာဖြစ်အောင် လုပ်လိုတယ်။ နှစ်ဖက်စလုံးက အကြောင်းပြတွေဟာ သင့်လျော် ကောင်းမြတ်ကြတာချည်းပဲ။ ဘယ်ဟာက မှန်တယ်လို့ ဆုံးဖြတ်ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စ မဟုတ်ဘူး"

သေတံကသည် မိမိအနေဖြင့် ယသောရော၏ အပေါ်၌ ဗီဇဂုတ္တလောက် ဩဇာလွှမ်းမိုးအောင် မပြုနိုင်ကြောင်း သိရှိရလေသည်။ တစ်ကြိမ် အရဲစွန့်လိုက်ပြန်လေ၏။

"ဒေဝီယသောရော၊ လူ့အနေနဲ့ ရွှင်လန်းချမ်းမြေ့ပြီး အားရတင်းတိမ်နေတဲ့ဘဝ လိုအပ်နေပေမယ့် အဲဒီဘဝမှာ လှုပ်ရှားခြင်းဆိုတဲ့ အဖုံးတော့ ရှိသင့်တယ်။ အချစ်ဟာ လူရဲ့ သတ်မှတ်ပိုင်းခြားထားတဲ့ ရည်မှန်းချက်ပန်းတိုင် ဖြစ်တယ်။ တုန်လှုပ်ခြင်း၊ တုန်လှုပ်ခြင်းမရှိတဲ့ သုခ၊ မွတ်သိပ်ခြင်းနဲ့ တင်းတိမ်ရောင့်ရဲခြင်း၊ အဲဒါတွေဟာ အချစ်ရဲ့နယ်ပယ်များ ဖြစ်ကြတယ်။ ဘဝမှာ အချစ်ဟာ အဓိကဖြစ်တယ်။ ဘဝမှာ တစ်ဦးက အခြားတစ်ဦးရဲ့ ဝိညာဉ်ကို သေချာကျနစွာ သိရှိနားလည်ဖို့ လိုတယ်။ တစ်ဦးနဲ့တစ်ဦး ကိုယ်ချင်းစာနာမှု ထားခြင်း၊ တစ်ဦးစီရဲ့ တည်ရှိမှုကို တစ်သားတည်း ပြုလုပ်လိုက်ခြင်းသာ အချစ်ဖြစ်တယ်။ ဘဝရဲ့ အကောင်းဆုံးဖြစ်တဲ့ ရည်မှန်းချက်ပန်းတိုင် ဖြစ်တယ်"

ယသောရောသည် သေတံကကို ကြည့်လိုက်သည်။ သူ၏ မျက်လုံးသည် သေတံက၏ မျက်လုံးနှင့် သွားဆုံလေ၏။ သေတံကသည် တစ်ကိုယ်လုံး ကြက်သီးမွေးညင်း ထသွားသည်။ ဘယ်လောက်ကြာကြာ ယသောရောက သေတံကကို ကြည့်နေသည် မသိပေ။ သို့ရာတွင် သေတံကအတွက် ယင်းခဏတာမျှသည် မည်မျှ မူးယစ်စေခဲ့သနည်း။

ဗီဇဂုတ္တက ရယ်လိုက်လေသည်။

"အဲဒါ ဘဝပေါ့" ယင်းသို့ ဖြည်းညင်းစွာ ပြောလိုက်လေသည်။

ယသောရောသည် ချက်ချင်း သေတံကထံမှ မျက်နှာလွှဲပစ်လိုက်လေ၏။ သူ၏ မျက်နှာသည် ဝင်းဝါမနေဘဲ နီမြန်းသွားလေ၏။ သေတံကသည် ကျိုးကန်းတောင်းမှောက် ဖြစ်ပြီး မျက်လွှာ အောက်ချလိုက်လေသည်။

---

## အခန်း ( ၁၃ )

ယသောရော၌ ဆွဲဆောင်မှု ရှိသည်။ ယင်းဆွဲဆောင်မှုသည် မည်မျှ လှသနည်း။ မည်မျှ ချိုသနည်း။ မည်မျှ အသက်မဲ့သနည်း။ ယသောရော၏ အနီး၌ ထိုင်ပြီး လူသည် မြင့်မြတ်စင်ကြယ်မှုကို မြင်နိုင်သည်။ မြင့်မြတ်စင်ကြယ်မှုကို သိနိုင်သည် ထို့ပြင် မြင့်မြတ်စင်ကြယ်လည်း သွားနိုင်သည်။ သို့ပင်ဖြစ်စေကာမူ ဗီဇဂုတ္တသည် ချမ်းသာမှုကို

မတွေ့။ ရှင်လန်းမှုကို မမြင်။ ယသောဓရော်၌ သူ့အနေဖြင့် စိမ်းနေသော ပတ်ဝန်းကျင် အနေအထားကို တွေ့ရသည်။ ယသောဓရော်၏ ထွင်းဖောက်နိုင်ဖို့ရန် မလွယ်သော နက်နဲခြင်း၌သာ ဘဝ၏ နှုတ်ပိတ်နေသော ပဟေဠိတစ်ခု ကွယ်ဝှက်နေသည်။ ယသောဓရော်၏ ပြတ်သားသော၊ စဉ်းလဲမှုကင်းသော၊ ကဗျာမဆန်သော စကား၌ မျှော်မှန်းခြင်းတစ်မျိုး ရှိနေသည်။ ယင်းမျှော်မှန်းခြင်းကို ဗီဇဂုတ္တအနေနှင့် လေးစားမှု ပြုရုံသာလျှင် ပြုနိုင်သည်။ လက်မခံနိုင်ပေ။

ပျို့ရွယ်မှုသည် လှုပ်ရှားမှုကို လိုလားသည်။ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ အခက်အခဲများကို ရှာဖွေသည်။ အခက်အခဲများကို ပိုက်ထွေးသည်။ ပျို့ရွယ်မှုသည် မိမိ၏ တည်ရှိမှုကို ထင်ရှားပြတ်သားစွာ ထားလိုသည့်ဆန္ဒ ရှိသည်။ မိမိ၏ အမှတ်အသားကို ပယ်ဖျောက်ပစ်လိုသည့် ဆန္ဒ မရှိပေ။ နောက်ဘက်သို့လည်း လွှင့်ပစ်လိုသည့်ဆန္ဒ မရှိပေ။ ထို့ပြင် ပျို့ရွယ်မှုသည် မိမိ၏ ဘဝ၌ ပြတ်သားသော၊ ဩဇာတန်ခိုးရှိသော ပုဂ္ဂိုလ်ကိုသာလျှင် လိုလားသည်။

အမျိုးမျိုး အပြားပြားသော များစွာသော အင်အားစုတို့၏ စုစည်းထားအပ်သော တစ်ပေါင်းတည်း ဖြစ်နေမှုကိုသာလျှင် တော်လှန်ပုန်ကန်မှုဟု ခေါ်ကြသည်။ သို့ရာတွင် ယင်း၌ ထိုအင်အားစုများကို စုစည်း ပေါင်းစုထားခြင်းသာလျှင် ရှိနေသည်။ ထိုအင်အားစုများသည် တသီးတခြား ဖြစ်ကြသည်။ ထိုအင်အားစုများ တသီးတခြား ကွဲပြားခြားနားသွားမှုသည် မည်သည့် အချိန်ကာလမဆို ဖြစ်ပေါ်လာနိုင်သည်။

သို့ဖြစ်၍ ဗီဇဂုတ္တ၏ နှလုံးထဲ၌ ယသောဓရော အစွဲသည် ထိတ်လန့်စိုးရွံ့ခြင်းနှင့် ရောနှောနေသည့် ရှင်လန်းချမ်းမြေ့မှုတစ်မျိုး၊ မောဟ ရောနှောနေသည့် တဏှာရာဂတစ်မျိုး၊ အသက်မပါသည့် အချစ်တစ်မျိုး အဖြစ်ဖြင့်သာလျှင် ရှိနေသည်။

ယသောဓရောသည် နှလုံးကျောက်ဆောင်ထဲ၌ ထည့်ထားကိုးကွယ်ဖို့ ကောင်းသည့် ရုပ်ပုံလွှာတစ်ခု ဖြစ်သည်။ ယသောဓရော်၌ မိန်းမမှု မိန်းမဘဝ၏ စံပြဂုဏ်အင်္ဂါနှင့်ယှဉ်သော စင်ကြယ်မြင့်မြတ်မှု ရှိသည်။ ယသောဓရောသည် ဘာသာတရားကို ယုံကြည်ကိုးစားမှု၏ ရုပ်လုံးဖြစ်သည်။ ယသောဓရော်၏ မျက်လုံး၌ ငြိမ်းချမ်းမှုရှိသည်။ အေးမြမှုရှိသည်။ ဗီဇဂုတ္တက ဘဝကို လိုလားသည်။ လှုပ်ရှားမှုကို တောင့်တသည်။ မိမိ၏ အကြောအခြင်များထဲ၌ နွေးသောသွေးအလျဉ် စီးဆင်းနေခြင်းကို အာသီသ ရှိသည်။ သို့ဖြစ်၍ ဗီဇဂုတ္တသည် မိမိ၏ဘဝ၌ ယသောဓရောကို လိုလားခြင်း မရှိပေ။

အကြင်သူ တစ်ဦးတစ်ယောက်သည် တစ်ကြိမ်တစ်ခါ သေရည်သောက်ကြည့်ဖူး၏။ တစ်ကြိမ်တစ်ခါ သေရည်၏ မူးယစ်ခြင်းအရသာကို မြည်းကြည့်ဖူး၏။ ထိုသူသည် သေရည်ကို မစွန့်နိုင်တော့ပေ။ ဗီဇဂုတ္တသည် စိတ္တရလေခါကို ချစ်သည်။ စိတ္တရလေခါကို လက်လွှတ်လိုက်ဖို့ရန်မှာ သူ့အတွက် မဖြစ်နိုင်တော့ပေ။

ဗီဇဂုတ္တ အိမ်ပြန်ရောက်သွားသောအခါ စိတ္တရလေခါ၏ စာကို တွေ့ရလေ၏။ စာမှာ ရိုးရိုး စာတိုကလေးမျှသာ ဖြစ်၏။ သို့ရာတွင် ယင်းစာတိုကလေး၌ ဘဝ၏ ရည်လျားလှသော ဝတ္ထုကြီးတစ်ပုဒ် ရှိနေသည်။ စိတ္တဗေဒ၏ အပြည့်အစုံ ကျမ်းဂန်ကြီး တစ်ခု ရှိနေသည်။

*စာမှာ ဤသို့ ဖြစ်၏။*

*လေးစားအပ်သူ ...*

*ယနေ့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဖူးသည့် အရာကို ပြုလုပ်တော့မည်။ ကျွန်မ ရှင့်ကို ချစ်သည်။ ယခုလည်း ချစ်သည်။ အချစ်၌ စွန့်လွှတ်ခြင်း လိုအပ်သည်။ ထိုစွန့်လွှတ်ခြင်းကို ကျွန်မ ပြုလုပ်တော့မည်။ ကျွန်မ ရှင့်ဘဝကို အချည်းနှီး အလဟဿ ဖြစ်စေခဲ့သည်။ ကျွန်မ၏အချစ်သည် ယောကျ်ားကောင်း ယောကျ်ားမြတ် တစ်ယောက်ကို*

Typing - ငွေဇင်ယော်

*တာဝန်မကျေပွန်အောင် ပြုမူခဲ့သည်။ ယင်းသို့ ပြုမူခြင်းကို ယခု အပြစ်ဒဏ် ခတ်တော့မည်။ ကျွန်မ အခု လောကီစည်းစိမ်ကို ပယ်စွန့်ပြီး စောင့်စည်းခြင်း၊ တရားကျင့်ခြင်း တို့ကိုသာလျှင် သင့်လျော်ကောင်းမြတ်သည့် အလုပ်များဖြစ်၏ဟု ယူဆနေပါပြီ။ သို့ဖြစ်၍ ကျွန်မ ယောဂီကုမာရဂိရိဆီမှာ တပည့်ခံတော့မည်။ ရှင်လက်ထပ်သော လက်ထပ်လိုက်ပါ။ မိမိအတွက် လက်မထပ်ချင်တောင်မှ ကျွန်မ၏ တောင်းပန်ချက်ကို ငဲ့ပြီး လက်ထပ်လိုက်ပါ။ ကျွန်မ ရှိနေလျှင် ရှင် လက်ထပ်ဖြစ်မှာ မဟုတ်ဟု ကျွန်မ သိသည်။ သို့ဖြစ်၍ ကျွန်မ ရှင်နဲ့ ခွဲရခြင်း ဖြစ်သည်။ ကျွန်မအကြောင်း ပြောရလျှင်မူ ကျွန်မသည် မုဆိုးမတစ်ဦး ဖြစ်သည်။ အချစ်ကြောင့် ကျွန်မသည် တာဝန်ဝတ္တရား ပျက်ကွက်ခဲ့သည်။ ယခုတစ်ဖန် ပြန်ပြီး ကိုယ့်တာဝန်ဝတ္တရားကို လိုက်နာ စောင့်ရှောက်တော့မည်။ မုဆိုးမဘဝ၏ စည်းမျဉ်းကို လိုက်နာ စောင့်ရှောက်ပါတော့မည်။*

*သင်၏ စိတ္တရလေခါ*

ဗီဇဂုတ္တသည် စာကို ဖတ်သည်။ ဖတ်ရင်း ဖတ်ရင်း သူ၏လက်များ တုန်နေသည်။ သူ၏ မျက်နှာမှာ ဖြူရော်သွားသည်။ သူ၏ နလုံးမှာ ခုန်နေသည်။ စာကို သေတံကအား ပေးလိုက်လေ၏။ မျက်နှာကို အုပ်ပြီးလျှင် အိပ်ခန်းဆောင်ထဲသို့ ဝင်သွားလေ၏။

သူ ဖြစ်မှာစိုးနေသော အရာသည် ဖြစ်လာလေပြီ။ စိတ္တရလေခါနှင့် ကုမာရဂိရိ - ဘယ်လောက် ဆန်းကြယ်သည့် ပေါင်းဆုံခြင်းပေနည်း။ ဗီဇဂုတ္တက ပြောလိုက်လေ၏။

"မဖြစ်နိုင်ဘူး။ သူတို့နှစ်ယောက် အချိန်ကြာကြာ နေဖို့ဆိုတာ မဖြစ်နိုင်ဘူး"

သို့ရာတွင် ဘာဆိုင်သနည်း။ ဖြစ်နိုင် ဖြစ်နိုင်၊ မဖြစ်နိုင် မဖြစ်နိုင် ဗီဇဂုတ္တနှင့် ဘာဆိုင်သနည်း။ ဗီဇဂုတ္တ၏ ရှေ့မှောက်၌ ပြဿနာများ ပေါ်လာလေသည်။ စိတ္တရလေခါသည် ကုမာရဂိရိအား အဘယ့်ကြောင့် တိမ်းညွတ်သွားသနည်း။ အချစ်ဆိုသည်မှာ ထိုအရာကိုပင် ခေါ်သလော။ ဝိညာဉ်တို့၏ တစ်ခုနှင့်တစ်ခု ဆက်သွယ်မှုသည်လည်း ယာယီမျှသာ ဖြစ်သလော။

"ဝိညာဉ်တို့ရဲ့ ဆက်သွယ်မှုဆိုတာ အနာဒိ အစမရှိ မဟုတ်ဘူး၊ ဗီဇဂုတ္တ" လို့ ပြောတဲ့ စိတ္တရလေခါရဲ့ စကားဟာ မှန်သလော။

သို့ရာတွင် စိတ္တရလေခါသည် ဗီဇဂုတ္တကို အချစ်ရပ်လိုက်ပြီဟူသည်မှာ ဘယ်အထိ သေချာမှန်ကန်သနည်း။ စာကမူ ယင်းသို့ ဆိုမထားပေ။ စာက ဆိုထားသည်မှာ တခြားဖြစ်သည်။ စာက ဤသို့ဆိုထားသည်။ စိတ္တရလေခါသည် အချစ်၏ အမြင့်ဆုံးသော စံနမူနာဖြစ်သည့် စွန့်လွှတ်မှု၊ မိမိကိုယ်ကို စွန့်လွှတ်မှုကို ရင်ဝယ်ပိုက်လိုက်ပြီ။ စိတ္တရလေခါသည် ဗီဇဂုတ္တကို ချမ်းမြေ့မှုဖြစ်စေရန်အတွက် ဗီဇဂုတ္တကို စွန့်လွှတ်လိုက်လေပြီ။ ဗီဇဂုတ္တ၏နလုံးသည် စိတ္တရလေခါအပေါ်၌ ဗီဇဂုတ္တ၏ မယုံသင်္ကာဖြစ်နေမှုကို ရှုံ့မုန်းသွားလေသည်။ စိတ္တရလေခါသည် နတ်ဒေဝီ ဖြစ်သည်။ သို့ရာတွင် သူသည် အမှားကို ပြုလုပ်သည်။ သူသည် ဗီဇဂုတ္တ၏ ဘဝကို ချမ်းမြေ့အောင် မလုပ်ဘဲ မချမ်းမြေ့အောင် ပြုလုပ်လိုက်သည်။ ဗီဇဂုတ္တအတွက် လက်ထပ်ထိမ်းမြားရန်မှာ မဖြစ်နိုင်သည့် အရာမဟုတ်။ သူသည် တစ်ဦးတည်းသော မိန်းမကိုသာ ချစ်သည်။ ထိုမိန်းမမှာ စိတ္တရလေခါ ဖြစ်၏။ လက်ထပ်ထိမ်းမြားခြင်းနှင့် အချစ်၌ နီးကပ်သော ဆက်စပ်မှု ရှိလေသည်။

ဗီဇဂုတ္တ အိပ်မပျော်ပေ။ ထလိုက်လေ၏။ ထိုအချိန်၌ ညဥ့်တစ်ဝက် ကျိုးသွားလေပြီ။ အိမ်၏ အပြင်ဘက်သို့ ထွက်သွားပြီးလျှင် ဗီဇဂုတ္တသည် ကုမာရဂိရိ၏ သင်္ခမ်းကျောင်းဘက် ထွက်သွားလေ၏။

ကုမာရဂိရိ၏ သင်္ခမ်းကျောင်း၌ မီးရောင်လင်းနေ၏။ ကုမာရဂိရိသည် သူ၏ နေရာတွင်ထိုင်ပြီး တရားဘာဝနာ အာရုံပြုနေ၏။ စိတ္တရလေခါကမူ ထောင့်တစ်ထောင့်ရှိ

မြက်ဖျာပေါ်တွင် အိပ်ပျော်နေသည်။ ဗီဇဂုတ္တသည် စိတ္တရလေခါအား လောကီစည်းစိမ်၏ တောက်ပမှု အောက်၌သာ မြင်ဖူးသည်။ ငြိမ်းချမ်းမှု၏ အရိပ်အောက်၌ မမြင်ဖူးပေ။ ယခုအကြိမ်၌မူ ကချေသည်ကို ငြိမ်းချမ်းမှု၏ အရိပ်၌ တွေ့မြင်ရလေသည်။ စိတ္တရလေခါ၏ ကိုယ်ကာယပေါ်၌ လက်ဝတ်တန်ဆာ မရှိပေ။ အမွှေးနံ့သာလည်း ခြယ်မထားပေ။ လျှပ်ပေါ်မှုလည်း မမြင်ရပေ။ မျက်နှာတွင် ငြိမ်းချမ်းမှု၏ ချိုသာသော အပြုံးတစ်မျိုးသည် တင့်တယ်၍နေသည်။ အိပ်မက်လောကထဲတွင် ငြိမ်းချမ်းရေးနတ်ဒေဝီ၏ ခြေရင်း၌ လဲလျောင်းနေပုံရသည်။ ဗီဇဂုတ္တသည် စိတ္တရလေခါကို စိုက်ကြည့်နေ၏။

အရုဏ်ဦး ရောက်လာလေ၏။ ကုမာရဂိရိသည် ဘာဝနာအလုပ်ကို ရပ်နားလိုက်သည်။ စိတ္တရလေခါက မျက်လုံး ဖွင့်လိုက်သည်။ နှစ်ဦးစလုံး တစ်ပြိုင်နက် ဗီဇဂုတ္တကို တွေ့ရသည်။ နှစ်ဦးစလုံးပင် တစ်ပြိုင်နက် ပြောလိုက်ကြသည်။

"ဟင် ဗီဇဂုတ္တ"

ကုမာရဂိရိ၏ မျက်နှာ၌ အံ့သြခြင်း ရှိနေသည်။

စိတ္တရလေခါ၏ မျက်လုံး၌ ထိတ်လန့်ခြင်း ရှိနေသည်။

ဗီဇဂုတ္တသည် ကုမာရဂိရိကို နှုတ်ဆက်လိုက်၏။ စိတ္တရလေခါကိုလည်း နှုတ်ဆက်လိုက်သည်။ ကုမာရဂိရိက ဆုမွန်ပေးလေ၏။ စိတ္တရလေခါက မျက်လုံးကို မှိတ်ထားလိုက်လေသည်။

ဗီဇဂုတ္တက ဖြည်းညင်းစွာ ခေါ်လိုက်လေသည်။

"စိတ္တရလေခါ"

"ဗီဇဂုတ္တ"

ဗီဇဂုတ္တသည် အားရပါးရ ပြောပစ်လိုက်မည်ဟု လာခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ပြောမည်ဟု ကြံရွယ်လာခဲ့သော စကားလုံးများ တစ်လုံးမကျန် မေ့သွားလေ၏။ ရှိသမျှ အစွမ်းကို ညှစ်ထုတ်ပြီး စွန့်ပြောလိုက်လေသည်။

"မင်း ဆုံးဖြတ်ချက် ချပြီးပြီ ဟုတ်လား"

စိတ္တရလေခါသည် အပြစ်ရှိသူကဲ့သို့ ဦးခေါင်း ငုံ့သွားလေ၏။ သူ၏ မျက်လုံးမှ မျက်ရည်နှစ်ပေါက် စီးကျလာသည်။ ဖြည်းညင်းစွာ ပြန်ပြောလေ၏။

"ဗီဇဂုတ္တ၊ ရှင် မြင်နေရတာဟာ ကျွန်မရဲ့ နောက်ဆုံးပိတ် ဆုံးဖြတ်ချက် ဖြစ်ပါတယ်"

"ဒါပေမဲ့ အဲဒီဆုံးဖြတ်ချက်ကို ပြန်ပြီး စဉ်းစားဖို့ မင်း အခွင့်အရေးရပါတယ်။ ဆုံးဖြတ်ချက် မချခင် မင်း ကျုပ်ကို မေးမြန်းစုံစမ်းဖို့ မလိုဘူးလား။ ကျုပ်ကို ကိုယ့်နှလုံးထဲမှာ ရှိတဲ့အကြောင်းကို ဖွင့်ဟပြောပြဖို့ မလိုဘူးလို့ ယူဆရလောက်အောင် မင်းကျုပ်ကို မင်းရဲ့ဘဝနဲ့ တစ်သီးတခြားဖြစ်တယ်လို့ ထင်နေသလား။ စိတ္တရလေခါ၊ အချစ်ဟာ တစ်ဦးနဲ့တစ်ဦးရဲ့ ကွဲပြားခြားနားမှုကို မကြည့်ဘူး။ အချစ်ဟာ နှလုံးနှစ်ခုရဲ့ ကွဲပြားခြားနားခြင်း မရှိမှု၊ တစ်သားတည်းဖြစ်မှုရဲ့ အမှတ်အသားသာ ဖြစ်တယ်။ အဲဒီလို ဆုံးဖြတ်ချက်နဲ့ မင်းက ကျုပ်ကို လက်ထပ်ထိမ်းမြားအောင် လုပ်လို့ ရလိမ့်မယ်လို့ ထင်တယ်။ ဒါပေမဲ့ မင်းအထင်ဟာ မမှန်ဘူး။ အဲဒီဆုံးဖြတ်ချက်နဲ့ မင်း ကျုပ်ကို ချမ်းမြေ့အောင် လုပ်နိုင်မှာ မဟုတ်ဘူးဆိုတာ ယုံကြည် စိတ်ချထားပါ။ ကျုပ်ဟာ ကျုပ်တစ်သက်တာမှာ မင်းတစ်ယောက်ထဲကိုသာ ချစ်တယ်။ ပြီးတော့ မင်းအပြင် ဘယ်သူ့ကိုမှ ကျုပ် မချစ်နိုင်ဘူး။ ကျုပ် လက်ထပ်ထိမ်းမြားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး"

စိတ္တရလေခါသည် ဗီဇဂုတ္တ၏ ခြေရင်းတွင် လဲကျသွားလေသည်။ ထပြီး ဗီဇဂုတ္တနှင့်အတူ လိုက်သွားလိုသည့်ဆန္ဒ တစ်ကြိမ်ပေါ်လာသည်။ သို့ရာတွင် ယင်းဆန္ဒသည် ရုတ်တရက် တန့်ရပ်သွားလေ၏။ သူ ခရီးလွန်လာခဲ့လေပြီ။ နောက်သို့ ပြန်ဆုတ်ဖို့ရန်မှာ မဖြစ်နိုင်တော့ပေ။ ဗီဇဂုတ္တ၏ ခြေရင်း၌ ရှိုက်၍ ရှိုက်၍ငိုနေလေ၏။ ဗီဇဂုတ္တက သူ့ကို

ထူမလိုက်လေသည်။ စိတ်အတော်အတန် သက်သာရာရသွားပြီးလျှင် စိတ္တရလေခါက ပြောလိုက်လေ၏။

"ဗီဇဂုတ္တ၊ ရှင်ဟာ ပူဇော်ထိုက် ပူဇော်အပ်တဲ့ ပုဂ္ဂိုလ် ဖြစ်တယ်။ ရှင်ဟာ လူသာမန် မဟုတ်ဘူး။ နတ်ဒေဝတာ ဖြစ်တယ်။ ကျွန်မ ရှင့်ကို နားလည်တယ်။ ဒါပေမဲ့ ကျွန်မ ရှင့်ကို ချစ်ပြီး ရှင့်ဘဝကို အချည်းနှီး အလဟဿဖြစ်အောင် ပြုလုပ်ထားတယ် ဆိုတာကိုလည်း ကျွန်မ နားလည်တယ်။ ဗီဇဂုတ္တ၊ ရှင် လက်ထပ်ထိမ်းမြားပါ။ ရှင် ကျွန်မကို ချစ်တယ်ဆိုရင် ကျွန်မကို ချမ်းမြေ့အောင် လုပ်ဖို့ဟာ ရှင့်တာဝန်ဝတ္တရား ဖြစ်တယ်။ ရှင် လက်ထပ်ထိမ်းမြားတာကို မမြင်ရမချင်း၊ ရှင့် သားသမီးတွေကို အမေလို့ အခေါ်မခိုင်းရမချင်း ကျွန်မ ရွှင်လန်းချမ်းမြေ့မှာ မဟုတ်ဘူး။ ရှင် လက်ထပ်ထိမ်းမြားလိုက်ပါ။ ကျွန်မ ရှင့်ကို ထာဝစဉ် ချစ်နေမယ်ဆိုတာကိုလည်း မှတ်ထားပါ။ ဗီဇဂုတ္တ၊ အချစ်ရဲ့ အဓိက အင်္ဂါရပ်ဟာ အာရုံခံစား စံစားခြင်းသာ ဖြစ်သလား။ အာရုံခံစား စံစားခြင်း မပါဘဲနဲ့ အချစ်မဖြစ်နိုင်ဘူးလား။ ကျွန်မအခု ရှင်နဲ့ ကိုယ်ကာယ အဆက်အသွယ်သာ ပြတ်တောက်နေခြင်း ဖြစ်ပါတယ်။ ကိုယ်ကာယ အဆက်အသွယ်ထက် ကျွန်မတို့ရဲ့ စိတ် အဆက်အသွယ်၊ ဝိညာဉ် အဆက်အသွယ်က ပိုပြီး ခိုင်မြဲလာပါလိမ့်မယ်"

ဗီဇဂုတ္တက ဤမျှသာ ပြောလိုက်လေ၏။

"စိတ္တရလေခါ၊ ထပ်ပြီး စဉ်းစားပါဦး။ မင်း ကျုပ်ကို တိုက်တွန်းနေတဲ့ ကိစ္စကတော့ မဖြစ်နိုင်ပါဘူး"

စိတ္တရလေခါသည် ဗီဇဂုတ္တ၏ လည်ပင်းဖက်ပြီး ပြောလေ၏။

"ဗီဇဂုတ္တ၊ ရက်အနည်းငယ်လောက် ကျွန်မတို့နှစ်ယောက် ခွဲပြီး နေကြည့်ရအောင်။ နေ့ရက် အနည်းငယ် ကြာပြီးတဲ့နောက်မှာ ရှင်လက်ထပ်ထိမ်းမြားဖို့ အသင့်ဖြစ်ချင် ဖြစ်လာပါလိမ့်မယ်။ အချစ်မှာ ကွဲကွာမှုဆိုတာ မဖြစ်ရတော့ဘူးလား။ အဲဒီ ကွဲကွာမှုကို ကျွန်မတို့ အနည်းအကျဉ်း ခံစားကြည့်ကြစို့"

ဗီဇဂုတ္တ ထလိုက်သည်။

"ပြောရမယ့်ဟာကိုတော့ ပြောပြီးပြီ။ လိုက်နာတာ မလိုက်နာတာကတော့ မင်းအပေါ်မှာ တည်တယ်။ မင်းအလိုဆန္ဒသာ အမှန်လို့ပဲ ထားလိုက်ပါတော့။ ဒါပေမဲ့ မကြာခင်မှာပဲ မင်း မိမိ တလွဲလုပ်နေတယ် ဆိုတာ သဘောပေါက်လာလိမ့်မယ်" ယင်းသို့ပြောလျက် ဗီဇဂုတ္တသည် ထိုနေရာမှ ထွက်ခွာလာခဲ့လေ၏။ စိတ္တရလေခါသည် ဗီဇဂုတ္တကို မင်းလမ်းမအထိ လိုက်ပို့လေသည်။ မင်းလမ်းမသို့ ရောက်သောအခါ ရပ်တန့်ပြီး ဗီဇဂုတ္တကို နမ်းစုပ်လိုက်လေသည်။ ယင်းအနမ်း၌ ဗီဇဂုတ္တသည် မည်မျှ ယစ်မူးခြင်း၊ မည်မျှ နက်နဲသော ချစ်ခြင်းကို တွေ့ရသနည်းဟူမူ နှစ်ရှည်လများအထိ ယင်း ယစ်မူးခြင်းမျိုး၊ ချစ်ခြင်းမျိုးကို မတွေ့ဘူး မကြုံဘူးခဲ့ပေ။ ခွဲခွာမည်ပြုသောအခါ စိတ္တရလေခါသည် ဗီဇဂုတ္တ၏ ခြေကိုကိုင်ပြီး ပြောလေ၏။

"ဗီဇဂုတ္တ၊ ကျွန်မ ပြုလုပ်တာ မှားချင်မှားနေလိမ့်မယ်။ အဲဒီလို ပြုလုပ်မိတဲ့အတွက် ခွင့်လွှတ်ပါ"

ဗီဇဂုတ္တကို ခွဲခဲ့ပြီးလျှင် စိတ္တရလေခါသည် သင်္ခမ်းကျောင်းသို့ ပြန်သွားလေ၏။ ထိုအချိန်၌ ကုမာရဂိရိသည် တစ်စုံတစ်ခုကို စဉ်းစားနေလေ၏။ စိတ္တရလေခါကို ထိုင်ရန် ညွှန်ပြပြောဆိုပြီးလျှင် သူက မေးလိုက်လေသည်။

"စိတ္တရလေခါ၊ သင် ကျုပ်ကို ချစ်တယ်လို့ ပြောခဲ့ဖူးတယ်။ အဲဒါ အဟုတ်ပဲလား"

စိတ္တရလေခါက အံ့အားသင့်ပြီး ပြန်ပြောလေသည်။

"ဟုတ်ပါတယ်။ အဲဒါ ဘာဖြစ်သလဲ"

"ကျွန်မ ရှင့်ကို ချစ်တယ်။ အမြဲပဲ ချစ်နေမယ်လို့ အခုပဲ သင် ဗီဇဂုတ္တကို ပြောလိုက်တယ် မဟုတ်လား"

"ဟုတ်တယ်။ အဲဒါလည်း အမှန်ပဲ"

"ခေါင်းတစ်လုံးတည်း အိုးနှစ်လုံးရွက်လို့ ဖြစ်ပါ့မလား" ကုမာရဂိရိ၏ ငြိမ်းအေးသော မျက်နှာပေါ်၌ ယုံကြည်မှု မရှိသည့် အမူအရာသည် မသိမသာ ပေါ်ထင်၍နေသည်။

"မဖြစ်နိုင်ဖူးလို့ သင်ယောဂီ ထင်သလား။ ဆရာအရှင်၊ ယောကျ်ားဟာ နှစ်ခါ လက်ထပ် ထိမ်းမြားနိုင်တယ်။ မိန်းမနှစ်ဦးကို ချစ်နိုင်တယ်။ မိန်းမအနေနဲ့ကော အဲဒီလို ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ။ မိန်းမဟာ မိမိရဲ့ လင်ယောကျ်ားကို၊ မိမိရဲ့ သားသမီးကို ချစ်သလောက်ပဲ ချစ်နိုင်တယ်။ စိတ်နှလုံး ဆက်သွယ်မှုဟာ လူများစွာနဲ့ တစ်ပြိုင်နက်တည်းမှာ ဖြစ်နိုင်တယ်"

"စိတ္တရလေခါ၊ သင် ကျုပ်ကို လိမ်လည်လှည့်ဖြား လိုတာလား။ ဒါမှမဟုတ် ဗီဇဂုတ္တကို လိမ်လည်လှည့်ဖြား လိုတာလား။ ဒါမှ မဟုတ်ရင်လည်း မိမိကိုယ်ကို လိမ်လည်လှည့်ဖြား လိုတာလား"

"ကျွန်ုပ် သင့်ကို မလိမ်လည် မလှည့်ဖြားဘူးဆိုတာ စိတ်ချ ယုံကြည်ပါ ဆရာအရှင်။ ကျွန်ုပ် ဗီဇဂုတ္တကို လိမ်လည်လှည့်ဖြားနေတယ်၊ သို့မဟုတ် မိမိကိုယ်ကို လိမ်လည်လှည့်ဖြားနေတယ် ဆိုတာတော့ ဟုတ်ကောင်း ဟုတ်မလား မသိဘူး"

"မဟုတ်ဘူး စိတ္တရလေခါ၊ တစ်ခါထပ်ပြီး သေသေချာချာ စဉ်းစားစမ်းပါဦး။ ကျုပ်နဲ့ နေရင် သင် ဗီဇဂုတ္တကို ချစ်လို့ မဖြစ်ဘူးဆိုတာကို စွဲစွဲမြဲမြဲ မှတ်ထားပါ။ ကျုပ်နဲ့ အတူနေရင် သင် လူလောကရဲ့ အပေါ်မှာ တက်နေရလိမ့်မယ်။ ကျုပ်ဆီမှာ ခြောက်ကပ်တဲ့ တရားကျင့်ခြင်းနဲ့၊ ဘုရားဝတ်ပြုခြင်းနယ်ပယ်သာ ရှိတယ်။ အားပျော့တဲ့ စိတ်နှလုံးအတွက် ဒီမှာ နေရာမရှိဘူး။ သင် တစ်ခါထပ်ပြီး စဉ်းစားဆင်ခြင်ဖို့ ကျုပ် သင့်ကို အချိန်ပေးလိုက်ပါတယ်"

"စဉ်းစားပြီးပါပြီ ဆရာအရှင်၊ သေသေချာချာ စဉ်းစားပြီးပါပြီ။ ကျွန်ုပ် သင်ပြောတဲ့အတိုင်း လိုက်နာပြုလုပ်ပါ့မယ်။ သင် ညွှန်ကြားပြောပြရင် ကျွန်ုပ် ငါဆိုတဲ့ အစွဲကိုတောင် စွန့်ပစ်လိုက်ဖို့ အသင့်ဖြစ်ပါတယ်။ လူ့လောက ဆိုတာကတော့ စွန့်ပစ်လိုက်ဖို့ ဘာမှ မခဲယဉ်းပါဘူး"

ကုမာရဂိရိသည် စိတ္တရလေခါကို နားမလည်ပေ။ စိတ္တရလေခါ၌ ထူးခြားသော အစွမ်းသတ္တိ ရှိသည်။ ယင်းအစွမ်းသတ္တိသည် မည်မျှ ဩဇာတန်ခိုး ရှိသနည်း။ ကုမာရဂိရိ၏ စိတ်နှလုံးထဲ၌ စိတ္တရလေခါအား တပည့်အဖြစ် လက်မခံဖို့ရန် တစ်ဖန် အကြံပေါ်လာပြန်လေ၏။

"ဒေဝီ စိတ္တရလေခါ။ ကျုပ် သင့်ကို နားမလည်ဘူး။ သင့်စွမ်းရည်ဟာ ကျုပ်စွမ်းရည်ထက် မနိမ့်ဘူး။ သို့အတွက် သင့်ကို တပည့်အဖြစ် လက်ခံဖို့ဟာ ဘယ်အထိ သင့်လျော်လိမ့်မယ် ဆိုတာကို ဆုံးဖြတ်ရလိမ့်ဦးမယ်။ အဲဒါကို ဆုံးဖြတ်လို့ မရမချင်းတော့ ... "

ကုမာရဂိရိ၏ စကားဝါကျ အပြီးမသတ်မီပင် ဝိသာလဒေဝသည် သင်္ခမ်းကျောင်းထဲ ဝင်လာလေ၏။ ဝိသာလဒေဝကို တွေ့ရသည်ဖြစ်၍ ကုမာရဂိရိ တန့်ရပ်သွားလေ၏။ မိမိ၏ စကားဝါကျကို အဆုံးမသတ်နိုင် ဖြစ်သွားလေသည်။ ဝိသာလဒေဝသည် ကုမာရဂိရိ၏ ခြေထောက်ကို တို့လိုက်သည်။ ထို့နောက် စိတ္တရလေခါအား နှုတ်ဆက်လေသည်။ ထို့နောက် အပြင်သို့ ထွက်သွားလေသည်။

ဝိသာလဒေဝ ထွက်သွားသောအခါ ကုမာရဂိရိက ရယ်လိုက်လေ၏။

"သင့်ကို တပည့်အဖြစ်နဲ့ လက်ခံဖို့၊ မိမိနဲ့ အတူထားဖို့၊ မိမိကိုယ်ကို အစမ်းသပ်ခံဖို့ဆိုတာ ဘုရားသခင်ရဲ့ အမိန့်ဩဇာနဲ့ပဲ တူပါတယ်။ ကချေသည်၊ ကျုပ် အခုန ပြောခဲ့တာတွေကို အမှတ်မထားနဲ့တော့ ကြားလား"

---

**အခန်း ( ၁၄ )**

နေ့၏ နောက်၌ ညီ၊ ည၏ နောက်၌ နေ့။

သုခ၏ နောက်၌ ဒုက္ခ၊ ဒုက္ခ၏ နောက်၌ သုခ။

ညမရှိဘဲနှင့် နေ့သည် အဓိပ္ပာယ် မရှိပေ။ နေ့မရှိဘဲနှင့် ညသည် အဓိပ္ပာယ် မရှိပေ။ ဒုက္ခမရှိဘဲနှင့် သုခသည် တန်ဖိုး မရှိပေ။ သုခ မရှိဘဲနှင့် ဒုက္ခသည် တန်ဖိုး မရှိပေ။

ဤကား ရွေ့လျားပြောင်းလဲမှု၏ နိယာမ သဘောတရား ဖြစ်သည်။ ကမ္ဘာလောကသည် ရွေ့လျားပြောင်းလဲနေသည်။ လူသည် ယင်းကမ္ဘာလောက၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ဗီဇဂုတ္တသည် လူတစ်ယောက် ဖြစ်သည်။ သုခကို သူတွေ့မြင်ရသည်။ ဒုက္ခကို သိရှိနားလည်ဖို့ရန်လည်း သူ့အတွက် လိုအပ်သည်။ သို့ရာတွင် မိမိ၏ ဒုက္ခဝန်ပိုးကြောင့် ဗီဇဂုတ္တသည် ကယောင်ချောက်ချား ဖြစ်သွားသည်။ သူ စိတ်ကူးထဲပင် မထည့်မိသည့်အရာမှာ ဖြစ်လာသည်။ သူ ဘာကြောင့် အသက်ရှင်နေသနည်းဟု သူ့ကိုယ်သူ အံ့သြနေမိသည်။ ဗီဇဂုတ္တအတွက် သူ၏ အသက်ရှင်နေမှုမှာ ဝန်ထုပ်ဝန်ပိုး တစ်ခုမျှသာ ဖြစ်နေသည်။

သို့ပင် ဖြစ်လင့်ကစား လူသည် သုခနှင့် ဒုက္ခကို ခံစားဖို့ရန်အတွက် လူဖြစ်လာခြင်း ဖြစ်သည်။ သုခနှင့် ဒုက္ခ တစ်ခုခုမှ ရှောင်ရှားထွက်ပြေးခြင်းသည် သူရဲဘောကြောင်ခြင်းမျှသာ ဖြစ်သည်။ ယင်းသဘောကို ဗီဇဂုတ္တ သိရှိနားလည်သည်။ စိတ္တရလေခါနှင့် ကွေကွင်းရသည့် ဒုက္ခကို ရဲရဲဝံ့ဝံ့ ခံလိုက်ဖို့ရန် သူ ဆုံးဖြတ်ချက် ချလိုက်သည်။

အခက်အခဲတစ်ခု ရှိနေသည်။ ပါဋလိပုတ်မှာ ရှိနေလျှင် သူသည် စိတ္တရလေခါနှင့် တစ်ကြိမ်မတွေ့ တစ်ကြိမ်တွေ့နိုင်သည်။ ယင်းသို့ တွေ့နေလျှင် ကွေကွင်းနေခြင်းဟူသော တရားအကျင့်မှာ ဘာအဓိပ္ပာယ် ရှိမည်နည်း။

ထိုထက် ကြီးကျယ်သော အခက်အခဲတစ်ခုလည်း ရှိသေးသည်။ စိတ္တရလေခါ ဗီဇဂုတ္တကို စွန့်ခွာပြီး တရားအကျင့်ကို ကျင့်ကြံအားထုတ်နေသည် ဆိုသည့်သတင်းကို အခြားလူကုံထံများ ကြားသိသွားလျှင် ထိုလူများကို ဗီဇဂုတ္တသည် ဘယ်လိုလုပ် မျက်နှာပြမည်နည်း။

နောက်တစ်ကြောင်းမှာမူ မပြတ်သားလှပေ။ ယသောဓရာသည် ဗီဇဂုတ္တ၏ အချစ်ကို သြဇာ လွှမ်းမိုးနိုင်ပါမည်လော။

ဗီဇဂုတ္တသည် တစ်နေ့ခင်းလုံး ထိုပြဿနာကို ကြိုးစား၍ ဖြေရှင်းနေလေသည်။ သို့ရာတွင် ပြဿနာမှာ ရှင်းလေ ရှုပ်လေ ဖြစ်လာသည်။ နောက်ဆုံး၌ စိတ်ပျက်သွားလေ၏။ ထိုအကြောင်းကို လေးလေးနက်နက် စဉ်းစားသည့်အခါ သူ၏နှလုံးတွင် အခံရခက်သည့် ဝေဒနာတစ်မျိုး ဖြစ်ပေါ်လာလေ၏။ ညအချိန် ရောက်လာသောအခါ သေတံကကို ပြောလိုက်လေ၏။

"သေတံက၊ ငါ အကြံတစ်ခု ရတယ်"

"ဘာအကြံပါလဲ"

"ငါတို့ ကာသီကို သွားကြရအောင်။ ငါ နေ့ရက် အတန်ကြာကြာ ခရီးလှည့်လည် သွားလာလိုစိတ် ရှိနေတယ်"

"ဆိုင်းမဆင့် ဗုံမဆင့်ပါလား" သေတံကက တအံ့တသြ မေးလိုက်လေ၏။ ယသောဓရာအား ချစ်နေသည့် အချစ်ကို ခိုင်မြဲအောင် လုပ်လိုသည့်ဆန္ဒ သူ့မှာ ရှိနေသည်။ သို့ဖြစ်၍ သူ့အတွက် ပါဋလိပုတ်မှာ နေဖို့ရန် လိုအပ်နေပေ၏။

"ငါးရက် ဆယ်ရက်လောက် မဆိုင်းနိုင်ဘူးလား။ ပြင်ဖို့ ဆင်ဖို့ ရှိသေးတယ်"

ဗီဇဂုတ္တက စိတ်မပါတပါနှင့် ပြန်ပြောလေ၏။

"ဟင့်အင်း၊ ဆိုင်းလို့ မဖြစ်ဘူး။ သန်ဘက်ခါပဲ သွားမယ်။ ပြင်တာ ဆင်တာ အချိန် သိပ်မကြာပါဘူး။ မင်းနဲ့ ငါ ခရီးထွက်ဖို့လောက်ပဲ ပြင်ဆင်ရမှာ"

"ဒီလိုဆိုရင် သခင့်သဘောအတိုင်းပါပဲ"

သေတံကသည် တစ်ညဥ့်လုံး အိပ်မပျော်ပေ။ ဗီဇဂုတ္တ၏ ယင်းဆုံးဖြတ်ချက်ကို သူ သဘောမကျပေ။ သို့ရာတွင် မည်သို့ တတ်နိုင်မည်နည်း။ ဗီဇဂုတ္တနှင့် မလိုက်ဘဲနေမည်ဟု သူ စိတ်ကူးကြည့်သည်။ သို့ရာတွင် ယင်းသို့ မလိုက်ဘဲလည်း မနေဝံ့ပေ။ မလိုက်ဘဲနေခြင်းသည် သူ၏ နိမ့်ကျခြင်းသာ ဖြစ်လိမ့်မည်ဟု သူ့နှလုံးက ပြောနေသည်။ နံနက်စောစော အိပ်ရာမှ ထလျက် ဗီဇဂုတ္တအား ပြောပြ၏။

"သခင် ခွင့်ပေးရင် ကျွန်ုပ် မိတုဥ္ဒယနဲ့ သွားတွေ့ချင်တယ်"

အကြောင်းကို သိပြီးဖြစ်သော်လည်း ဗီဇဂုတ္တက မေးလိုက်လေ၏။

"ဘာကိစ္စ ရှိလို့လဲ"

"ရပ်ဝေးကို သွားမယ် မဟုတ်လား။ ရပ်ဝေးမှာ အချိန် ကြာချင် ကြာနေမှာ။ ဒါကြောင့်မို့ နှုတ်ဆက် သွားချင်လို့ပါ"

"သွားနိုင်ပါတယ်" ဗီဇဂုတ္တက စိတ်ထဲက ကြိတ်ရယ်လိုက်လေ၏။ တစ်ဦးမှာ ချစ်မိသည့်အတွက် နောင်တရနေ၏။ နောက်တစ်ဦးမှာမူ ချစ်ဖို့ရန်အတွက် စိုင်းပြင်းနေသည်။

မိတုဥ္ဒယ၏အိမ်သို့ သေတံက ရောက်သွားလေ၏။ မိတုဥ္ဒယ အပြင်သွားနေသည်။ သေတံကသည် မိမိ ရောက်လာကြောင်းကို ယသောဓရာအား အကြောင်းကြား ခိုင်းလိုက်လေသည်။

အပန်းဖြေခန်းဆောင်၌ ယသောဓရာသည် သေတံကနှင့် တွေ့ဆုံလေသည်။ နှုတ်ဆက်ပြီးသောအခါ နှစ်ဦးစလုံး ထိုင်လိုက်ကြသည်။ အတန်ကြာမျှ နှစ်ဦးလုံး နှုတ်ဆိတ်နေကြသည်။ ထို့နောက် သေတံကက စ၍ ပြောလိုက်လေ၏။

"ဒေဝီ၊ နက်ဖြန်ခါ ကျွန်ုပ် ဗီဇဂုတ္တနဲ့အတူ ခရီးသွားမလို့။ နှုတ်ဆက်ရအောင် လာခဲ့တယ်။ ရက်ကြာကြာ ရပ်ဝေးမှာ နေကောင်းနေရလိမ့်မယ်"

သေတံကသည် ယသောဓရာ၏ မျက်နှာကို ကြည့်နေသည်။ သို့ရာတွင် ယသောဓရာ၏ မျက်နှာ၌ အမူအရာပြောင်းလဲသွားသည်ကို မည်သို့မျှ မတွေ့ရပေ။

"ဗီဇဂုတ္တ ခရီးသွားမလို့ ဟုတ်လား။ မနေ့ကတော့ သူ ခရီးသွားမယ့်အကြောင်း ကျွန်မကို မပြောပါလား"

ယသောဓရာ မိမိအပေါ် စိတ်ဝင်စားသည်ကို မတွေ့ရသဖြင့် သေတံကသည် ကျေနပ်ခြင်း မရှိပေ။ သို့ရာတွင် ဣန္ဒြေမပျက် ပြောလေ၏။

"ဟုတ်တယ် ဒေဝီ။ အကြောင်းက တခြား မဟုတ်ပါဘူး။ စိတ္တရလေခါက ဗီဇဂုတ္တကို ခွဲပြီး ယောဂီကုမာရဂိရိရဲ့ တပည့်ခံလိုက်တယ် မဟုတ်လား"

ဤအကြိမ်၌မူ ယသောဓရာ အံ့အားသင့်သွားလေ၏။

"ဘာပြောတယ်။ စိတ္တရလေခါ လူ့ဘောင်ကို စွန့်ပယ်လိုက်ပြီ ဟုတ်လား။ သိပ်အံ့သြစရာ ကောင်းတာပဲ။ ဟုတ်မှာပေါ့။ ဗီဇဂုတ္တ စိတ်မချမ်းမသာဖြစ်မှာ အမှန်ပဲ" ယသောဓရာသည် အတန်ကြာမျှ ခပ်မဆိတ်နေပြီးနောက် တစ်ဖန် ပြောပြန်လေ၏။

"ကျွန်မ စိတ္တရလေခါကို တွေ့တွေ့ချင်း သူ့အကြောင်း သိပါတယ်။ စိတ္တရလေခါဟာ နတ်ဒေဝီ ဖြစ်တယ်။ ဗီဇဂုတ္တအတွက် ဘာမဆို စွန့်လွှတ်နိုင်သူ ဖြစ်တယ်"

သေတံကသည် မိမိ၏ မြားချက်ဖြင့် မိမိကိုယ်တွင် ဒဏ်ရာ ရရှိသွား၏။ သို့ဖြစ်၍ ကလဲ့စား ပြန်ချေလိုသည်။

"အင်း ဗီဇဂုတ္တဟာ စိတ္တရလေခါကလွဲပြီး တခြား မိန်းမကို မချစ်နိုင်ဘူးဆိုတာ ကျွန်ုပ်သိတယ်။ ဒါကြောင့် သူ စိတ်ပြေလက်ပျောက် ခရီးထွက်မယ်ကြံတာ။ သူ ဘယ်လောက် စိတ်မချမ်းမသာ ဖြစ်နေသလဲဆိုရင် တခြားမသွားဘဲ ပါဋလိပုတ်မှာပဲနေရင် သူ ကိုယ့်ကိုယ်ကို သတ်သေကောင်း သတ်သေလိမ့်မယ်"

Typing - ငွေဇင်ယော်

ဤအကြိမ်၌ကား ယသောဓရာမျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

"ရှင်ပြောတာ မှန်တယ် သေတ်ံက။ ဗီဇဂုတ္တအကြောင်း ကျွန်မလည်း သိတယ်။ ကျွန်မ ရှင်ပြောတဲ့ စကားထဲမှာ အနှစ်သာရ တွေ့ပါတယ်။ ဗီဇဂုတ္တဟာ အဆင့်အတန်း မြင့်မားတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ကြောင်း တွေ့ရတော့ ကျွန်မ သူ့ကို အပြစ်မတင်နိုင်တော့ဘူး။ သူ့အပေါ်မှာရှိတဲ့ ကျွန်မရဲ့ ကြည်ညိုလေးစားမှုဟာ ပိုပြီးတောင် တိုးလာသေးတယ်"

သေတ်ံကသည် ဒေါသကြောင့် ရှူးချင်ချင် ဖြစ်သွားလေ၏။

"ယသောဓရာ၊ ကချေသည်တစ်ယောက်အတွက် ဒါလောက် အချစ်ရူး ရူးနေတာဟာ ဗီဇဂုတ္တအနေနဲ့ ဖြစ်ဖြစ်၊ တခြားယောကျ်ား တစ်ဦးတစ်ယောက်အနေနဲ့ ဖြစ်ဖြစ်၊ ဘယ်အထိ သင့်လျော်မှန်ကန်တယ်ဆိုတာ ကျွန်ုပ်တော့ မသိဘူး။ နောက်တစ်ကြောင်းကလည်း စိတ်မချမ်းသာမှုနဲ့ ရင်ဆိုင်ရတဲ့အခါ ဒါလောက် ကယောင်ချောက်ချား ဖြစ်သွားတာဟာ ပျော့ညံ့မှုရဲ့ အမှတ်လက္ခဏာပဲ မဟုတ်လား"

ယသောဓရာသည် သေတ်ံက ဘာကြောင့် ဒေါသထွက်နေသည် ဆိုသည်ကို မသိနားမလည်ပေ။ ဣန္ဒြေရရပင် ပြန်ပြောလေ၏။

"သေတ်ံက၊ ရှင်ပြောတာ မှန်ကောင်း မှန်ပါလိမ့်မယ်။ ကျွန်မ ရှင့်စကားကို မပယ်ဖျက်ပါဘူး။ ဒါပေမဲ့ ဒီကိစ္စမှာ ဗီဇဂုတ္တ လုံးဝ အပြစ်မရှိဘူးဆိုတဲ့ အကြောင်းကိုတော့ ကျွန်မ ပြောရလိမ့်မယ်။ ဒေဝီ စိတ္တရလေခါဟာ ဗီဇဂုတ္တရဲ့ အမြင်မှာရော၊ ဗီဇဂုတ္တရဲ့ ဘဝမှာရော၊ ကချေသည် မဟုတ်တော့ဘူး။ သူ့ ကြင်ဘက် ဇနီးမယားအတိုင်းပဲ ဖြစ်နေတယ်။ အဲဒါတော့ ကျွန်မ သိတယ်။ ရှင်လည်း သိတာပဲ။ တစ်ကမ္ဘာလုံးလည်း သိတာပဲ။ အားပျော့ချက်နဲ့ ပတ်သက်လို့ကတော့ လူတိုင်း လူတိုင်းမှာ အားပျော့ချက် ရှိတာချည်းပဲ။ လူဆိုတာ ဘယ်တော့မှ ကျပ်ပြည့် တင်းပြည့်ရယ်လို့ မရှိဘူး။ အဲဒီ အားပျော့ချက်အတွက် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကို အတင်းပြောမယ်၊ ရန်သူ သဘောထားမယ်ဆိုရင် သင့်လျော်မယ်မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုရင် အဲဒီလိုသာ လုပ်မယ်ဆိုရင် လူတစ်ယောက်ဟာ အခြားလူတစ်ယောက်ရဲ့ မိတ်ဆွေ ဖြစ်နိုင်တော့မှာ မဟုတ်ဘူး။ သူ့အနေနဲ့ ကမ္ဘာပေါ်မှာ ရှိတဲ့ လူတိုင်းလူတိုင်းကို မကောင်း ပြောရလိမ့်မယ်။ လူတိုင်း လူတိုင်းဟာ သူ့ရန်သူ ဖြစ်လာရလိမ့်မယ်။ အဲဒီတော့ သူ့ဘဝဟာလည်း ဝန်လေးလာလိမ့်မယ်။ အခြားပုဂ္ဂိုလ်များရဲ့ အားပျော့ချက် ချွတ်ယွင်းချက်အပေါ်မှာ ကိုယ်ချင်းစာမှု၊ ငဲ့ညှာထောက်ထားမှု ထားတာဟာ လူရဲ့ တာဝန်ဝတ္တရား ဖြစ်တယ်"

သေတ်ံက၏ ဒေါသသည် သူ၏ အသိဉာဏ်အားလုံးကို ဖုံးအုပ်ထားလေ၏။

"ကိုယ်ချင်းစာနာမှုနဲ့ ငဲ့ညှာထောက်ထားမှုဟာ တာဝန်ဝတ္တရားမှာ ဘယ်လို နေရာမျိုးမှ မရှိပါဘူး။ အားပျော့ချက်ကင်းအောင် လုပ်တာဟာ သင့်လျော်ကောင်းမြတ်တဲ့ အလုပ် ဖြစ်တယ်"

ယသောဓရာက ရယ်လိုက်လေသည်။

"လူဟာ မိမိကိုယ်ကို အားပျော့ချက်ကင်းအောင် ရှေးဦးစွာ ကြိုးစားအားထုတ်သင့်တယ်။ သေတ်ံက၊ သူတစ်ပါးရဲ့ အပြစ်ကို ကြည့်တာ လွယ်ကူပါတယ်။ မိမိရဲ့ အပြစ်ကို ဂုဏ်လို့ မြင်တာဟာ ကမ္ဘာလောကရဲ့ စနစ်တစ်ခုလို ဖြစ်နေပြီ။ မိမိရဲ့ အားပျော့ချက်ကို သိအောင်လုပ်ပြီး မိမိကိုယ်ကို အားပျော့ချက်ကင်းအောင် ကြိုးစားတဲ့ ပုဂ္ဂိုလ်ဟာ မြင့်မြတ်တဲ့ပုဂ္ဂိုလ် ဖြစ်တယ်"

ယသောဓရာ၏ နောက်ဆုံးစကားဝါကျသည် သေတ်ံက၏ နှလုံးသားထဲတွင် မြားကဲ့သို့ စူးဝင်သွားလေ၏။ ယသောဓရာက သူ့ကို သရော်လိုက်တာများ ဖြစ်လေမည်လားဟု မတွေးတတ်အောင် ဖြစ်နေသည်။ သို့ရာတွင် ယသောဓရာ ပြောလိုက်သော စကားများမှာ မှန်နေသည်။ ယင်းစကားဝါကျသည် ဗီဇဂုတ္တနှင့် ကိုက်ညီနေသည်။ အကြောင်းမူကား ဗီဇဂုတ္တသည် မိမိ၏ အားပျော့ချက်ကို သိရှိနားလည်ပြီး ထိုအားပျော့ချက်ကို ဖယ်ရှားဖျောက်ဖျက်ရန်အတွက် ကြိုးစားအားထုတ်နေသူ ဖြစ်သောကြောင့်တည်း။ ယင်းစကားဝါကျသည် သေတ်ံကနှင့်လည်း ဟပ်မိနေသည်။ အကြောင်းမူကား သေတ်ံကသည် အခြားပုဂ္ဂိုလ်များ၏ အပြစ်ကို ဝေဖန်စောကြောနေပြီး မိမိ၏ ကလဲ့စားပြန်ချေလိုသည့် စိတ်ဆန္ဒကိုမူ အပြစ်ဟူ၍ မမြင်သောကြောင့်တည်း။

Typing - ငွေဇင်ယော်

သူ၏မျက်နှာသည် ဖြူရော်ရော် ဖြစ်သွား၏။ ညင်သာပြီး တုန်လှုပ်နေသော အသံဖြင့် ပြောလိုက်လေ၏။

"ဗီဇဂုတ္တအကြောင်း ဒေဝီရှေ့မှာ မကောင်းပြောမိတာ မှားပါတယ်။ ကျွန်ုပ်ကို ခွင့်လွှတ်ပါ။ နောက်ကျရင် ကျွန်ုပ်ကိုယ့်အပြစ်ကို ဖယ်ရှားဖျောက်ဖျက်ပစ်ဖို့ ကြိုးစားပါတော့မယ်"

"ဗီဇဂုတ္တ အကြောင်းကို ကျွန်မရှေ့မှာ မကောင်းပြောမိတာ မှားပါတယ် ဟုတ်လား" ယသောဓရာသည် ဒေါသကြောင့် နီရဲလာလေ၏။ သို့ရာတွင် တစ်ခဏ အတောအတွင်းမှာပင် သေတံက အဘယ့်ကြောင့် ဒေါသထွက်သည်ဆိုသည်ကို သိရှိ ရိပ်မိသွားလေ၏။ သို့ဖြစ်၍ ချက်ချင်းပင် သူ၏မျက်နှာသည် ဖြူရော်ရော် ဖြစ်သွားလေသည်။

"သေတံက၊ ရှင် အမှားကြီး မှားတယ်။ ကျွန်မ ဗီဇဂုတ္တကို မချစ်ဘူးဆိုတဲ့အကြောင်း ရှင့်ကို အတိအလင်း ပြောပြမှ သင့်တော်လိမ့်မယ် ထင်တယ်" ယသောဓရာ၏ မျက်လုံးတွင် မျက်ရည်စို့လာလေ၏။ မျက်နှာကို အင်္ကျီစဖြင့် ဖုံးလိုက်လေ၏။

သေတံက၏ နှုတ်မှ ယင်းစကားဝါကျသည် စိတ်ထဲက မပါဘဲနှင့် အမှတ်တမဲ့ ထွက်လာခြင်း ဖြစ်သည်။ သို့ဖြစ်၍ သေတံကသည် စိတ်မကောင်း ဖြစ်နေမိလေ၏။ သို့ရာတွင် စကားမှာ နှုတ်မှ ထွက်သွားပြီးပြီ ဖြစ်၏။ ကျံပြီးသား စကားကို ပြန်ရုပ်သိမ်း၍ မရတော့ပေ။ ယသောဓရာ၏ ရှေ့တွင် လက်ယှက်၍ ပြောလိုက်လေသည်။

"ဒေဝီယသောဓရာ၊ ကျွန်ုပ်ကို ခွင့်လွှတ်ပါ။ ကျွန်ုပ် အလွန်တရာကြီးကျယ်တဲ့ ပြစ်မှုကို ကျူးလွန်မိပါတယ်။ ဒါပေမဲ့ ယခုအချိန်မှာ ကျွန်ုပ်ဟာ မိမိစိတ် ပျောက်နေတဲ့ လူတစ်ယောက် ဖြစ်နေပါတယ်။ ကျွန်ုပ်ဘာဖြစ်လို့ ဒါလောက် ရင့်ရင့်သီးသီး ဖြစ်သွားတယ်ဆိုတာ ယသောဓရာ သိမှာ မဟုတ်ပါဘူး"

"ဘာဖြစ်လို့လဲ" အကြောင်းကို ရိပ်စားမိသော်လည်း ပြတ်ပြတ်သားသား သိလိုကြားလိုသည့် စိတ်ဆန္ဒကြောင့် မေးမြန်းလိုက်ခြင်း ဖြစ်ပေလိမ့်မည်။

"တခြားအကြောင်း မဟုတ်ပါဘူး။ ဒေဝီကို ချစ်နေလို့ပါ"

ယသောဓရာသည် သေတံကကို ကြည့်လိုက်သည်။ သူ၏ အရှက်အရွံ့ကင်းသော မျက်လုံးသည် သေတံက၏ မျက်လုံးနှင့် သွားရောက် ပေါင်းဆုံလေ၏။

"သိပ် အံ့သြစရာ ကောင်းတာပဲ သေတံက"

ယင်းစကားကြောင့် သေတံက ထိခိုက်သွားလေ၏။ ယင်းစကားဝါကျ၌ မည်မျှနက်နဲသည့် အဓိပ္ပာယ် ရှိနေသနည်း။ ယင်းတိုတောင်းလှသော စကားဝါကျငယ်၌ မည်မျှထိတ်လန့်ဖွယ်ကောင်းသည့် အမှန်တရား ကွယ်ဝှက်နေသနည်း။ ယသောဓရာသည် သေတံကကို မချစ်ပေ။ သေတံကက ပြောလိုက်လေ၏။

"ယသောဓရာ ကျွန်ုပ်ကို မချစ်ဘူးဆိုတာ ကျွန်ုပ် သိပါတယ် ဒေဝီ။ ဒါပေမဲ့ ကျွန်ုပ်ကတော့ ယသောဓရာကို ချစ်နေတယ်။ အဲဒီအကြောင်းကိုလည်း ထုတ်ပြောဖို့ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် အချစ်ဆိုတာ ချစ်တာမျိုးပဲဖြစ်တယ်။ ထုတ်ဖော်ပြောပြနေတာမျိုး မဟုတ်ဘူး။ ဒါပေမဲ့ ထုတ်ဖော်ပြောမပြဘဲနေလို့ မဖြစ်တဲ့အခွင့်မျိုး ဆိုက်လာတယ်။ ရင့်ရင့်သီးသီး မဖွယ်မရာ ပြောမိဆိုမိတဲ့အတွက် ကျွန်ုပ် ယသောဓရာကို တောင်းပန်ပါတယ်"

ယသောဓရာ မတ်တတ်ရပ်လိုက်သည်။

"တောင်းပန်နေစရာ မလိုပါဘူး သေတံက။ ကျွန်မ ရှင့်ကို အပြစ်မတင်ပါဘူး။ လူ့လောကမှာ ဒီလို အဖြစ်အပျက်တွေဟာ နေ့စဉ်နဲ့အမျှ ဆိုသလို ဖြစ်ပျက်နေကြတာပါပဲ။ ဘယ်မှာ တောင်းပန်နေနိုင်မလဲ။ ကဲ ... ကျွန်မ သွားဦးမယ်။ ဘဘ ပြန်လာပြီလား မသိဘူး။ ကြည့်လိုက်ဦးမယ်"

ယသောဓရာ ထွက်သွားလေသည်။ မိမိသည် ကြီးမားစွာသော အမှားကို ပြုလုပ်မိပြီဟု သေတံက တွေးမိလေသည်။ ယသောဓရာနှင့် တွေ့ရအောင် သူ လာခဲ့ခြင်း ဖြစ်လေသည်။ ကံကောင်းထောက်မသည့် အားလျော်စွာ ယသောဓရာနှင့် နှစ်ယောက်ချင်းလည်း စကားပြောရသည်။ အချိန် အတော်ကြာကြာပင် စကားပြောရသည်။ အကယ်၍ သူသည်

Typing - ငွေဇင်ယော်

မိမိ၏ ရှုးမှု၊ အ,မှုဖြင့် ယသောရောအား ဒေါသဖြစ်အောင် မပြုခဲ့လျှင် ထိုထက်ပင် အချိန်ကြာကြာ စကားပြောခွင့် ရပေဦးမည်။ သူသည် မိမိ၏ ရှုးမှု၊ အ,မှုအပေါ်တွင် အကြီးအကျယ် ဒေါသထွက်နေ၏။ ထိုနေရာ၌ ဆက်၍နေထိုင်ဖို့ မလိုတော့ဟု သူတွေးမိလေသည်။ သူလုပ်ရန် လာခဲ့သော အလုပ်သည် ဖြစ်မည့်အစား ပျက်ပြားသွားလေပြီ။ သေတံက ထလိုက်သည်။ အပြင်ထွက်သွားတော့မည် လုပ်လိုက်သည်။ ထိုအခိုက်၌ ယသောရောနှင့် မိတ္တဥ္စယတို့ အခန်းထဲ ဝင်လာကြ၏။ မိတ္တဥ္စယကို တွေ့ရသည်ဖြစ်၍ တံ့သွားပြီးလျှင် သေတံကသည် မိတ္တဥ္စယကို နှုတ်ဆက်လိုက်လေ၏။

မိတ္တဥ္စယက သေတံကအား ထိုင်ရန် ညွှန်ပြရင်း ပြောလေ၏။

"ထိုင်ပါဦး သေတံက။ မင်း ဗီဇဂုတ္တနဲ့အတူ ခရီးထွက်မယ်လို့ ကြားပါလား၊ တကယ်ပဲလား"

သေတံကက ကြိုးစား၍ ပြုံးလိုက်ပြီးလျှင် ပြန်ပြောလေသည်။

"ဟုတ်ပါတယ် မြို့စားကြီး၊ နက်ဖြန်ခါပဲ ကျွန်ုပ်တို့ ခရီးထွက်ဖို့ အစီအစဉ် ရှိနေပါတယ်"

"ဘယ်ကို သွားဖို့ ရည်ရွယ်ထားကြသလဲ"

"ကာသီ"

"ဘယ်တော့လောက် ပြန်လာကြမလဲ"

အဲဒါတော့ မပြောတတ်ဘူး။ ပြန်ဖို့ မပြန်ဖို့က ဗီဇဂုတ္တအပေါ်မှာ လုံးလုံးတည်နေပါတယ်"

ယသောရောက သူ့ဖခင်ကို ပြောလိုက်လေသည်။

"ဘဘ၊ ဘဘကော ဘာဖြစ်လို့ အလည်အပတ် ခရီးမထွက်သလဲ။ သမီး ကာသီကို တစ်ခါမှ မရောက်ဖူးဘူး။ အခု သမီးတို့လည်း ဗီဇဂုတ္တနဲ့အတူ လိုက်သွားရရင် မကောင်းဘူးလား"

ယသောရော၏ အကြံပေးချက်မှာ မဆိုးလှပေ။ ပါဋ္ဌလိပုတ်နှင့် ကာသီသည် ခရီး သိပ်မဝေးလှပေ။ မိတ္တဥ္စယက ပြောလိုက်လေ၏။

"သမီးကလည်း ဒါလောက် မြန်မြန်ဆန်ဆန် ဖြစ်နိုင်ပါ့မလား"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ။ ဘဘကသာ သဘောတူမယ်ဆိုရင် ဒီကနေ့ညနေပဲ အားလုံးပြီးစီးအောင် စီစဉ်နိုင်ပါတယ်"

မိတ္တဥ္စယက ရယ်လိုက်လေသည်။

"ယသောရော၊ သမီးရဲ့ ပထမဦးဆုံး တိုက်တွန်းတောင်းပန်ချက်ကို ဘဘ သဘောတူပါတယ်။ ငြင်းပယ်နိုင်တဲ့စွမ်းရည် ဘဘမှာ မရှိပါဘူး။ စီစဉ်နိုင်မယ်ဆိုရင် စီစဉ်လိုက်။ ဘဘကိုတော့ ဒုက္ခမပေးနဲ့၊ ကြားလား"

သေတံက၏ စိတ်ပျက်အားလျော့နေသော စိတ်သည် ပို၍ စိတ်ပျက်အားလျော့ သွားလေသည်။ ယသောရောသည် အမှန်တကယ်ပင် ဗီဇဂုတ္တကို ချစ်နေသည်။ သို့ဖြစ်သောကြောင့်သာ သည်လောက် မြန်မြန်ဆန်ဆန် ကာသီသို့ လိုက်ရန်အသင့် ဖြစ်သွားခြင်း ဖြစ်သည်။ သို့ရာတွင် သေတံကသည် မိမိ၏ စိတ်နှလုံးအား ဖျောင်းဖျသည်။ ဗီဇဂုတ္တကမူ ယသောရောကို မချစ်ပေ။ နေ့ရက်ကြာကြာ နေသွားလျှင် ဘယ်သူက သူ့ကို ချစ်သည်ဆိုသည်ကို ယသောရော သဘောပေါက်လာပေလိမ့်မည်။

ယသောရောက သေတံကကို ပြောလိုက်လေ၏။

"သေတံက၊ ကျွန်မတို့လည်း ရှင်တို့နဲ့အတူ လိုက်မယ်။ ဗီဇဂုတ္တကို အဲဒီအကြောင်း ဆက်ဆက် ပြောလိုက်ပါ"

မိတ္တဥ္စယက စိတ်မပါ့တပါနှင့် ပြောလိုက်လေ၏။

"ယသောရော၊ ပထမ အစီအစဉ် လုပ်ပါဦး။ တကယ်လို့ နက်ဖြန်အထိ သမီး အစီအစဉ် မလုပ်နိုင်ဘူးဆိုရင် ဗီဇဂုတ္တတို့ တစ်နေ့ အလကား ပုပ်သွားမှာနော်"

"ဘယ်လို ပြောတာလဲ ဘဘ။ ဘာဖြစ်လို့ အစီအစဉ် မလုပ်နိုင်ရမှာလဲ။ သေတံက၊ ကျွန်မတို့ တကယ် လိုက်မှာနော်"

သေတံက ထလိုက်သည်။

"ဒါဖြင့် သွားခွင့်ပြုပါ မြို့စားကြီး။ ကျွန်ုပ် ဗီဇဂုတ္တကို ပြောလိုက်ပါ့မယ်" ထို့နောက် ယသောဓရာကို ပြောလိုက်လေ၏။

"ဒေဝီ၊ တကယ်လို့ အစီအစဉ်လုပ်ဖို့ မလွယ်ဘူးဆိုရင် ကျွန်ုပ် အကူအညီပေးဖို့ အဆင်သင့်ပါပဲ။ ညနေကျရင် ကျွန်ုပ် လာနိုင်ပါတယ်"

ယသောဓရာက ရယ်လိုက်လေ၏။

"ကျေးဇူးတင်ပါတယ်။ ညနေ ရှင် ရောက်လာတော့ လုပ်စရာရှိရင်လည်း ပြောပါ့မယ်"

သေတံက ထွက်သွားလေ၏။ အိမ်ပြန်ရောက်သောအခါ ဗီဇဂုတ္တအား ပြောလိုက်လေသည်။

"သခင်၊ မိတုဋ္ဌယက သူ့သမီးနဲ့အတူ နက်ဖြန်ခါ ကာသီကို အလည်သွားမလို့တဲ့။ သူတို့က သခင်နဲ့ ခရီးအတူ သွားလိုတဲ့အကြောင်းကို ပြောခိုင်းလိုက်ပါတယ်"

ဗီဇဂုတ္တသည် မိတုဋ္ဌယတို့နှင့်အတူ သွားလိုစိတ် မရှိပေ။ သူ ခရီးထွက်ရခြင်း၏ အကြောင်းများအနက် အကြောင်းတစ်ကြောင်းမှာ သူနှင့် ထပ်ကြပ်မကွာ လိုက်ပါလာတော့မည် ဖြစ်သည်။ သို့ရာတွင် မည်သို့မျှ မတတ်နိုင်တော့။ ဗီဇဂုတ္တသည် စိတ်မပါ့တပါ့နှင့် ပြောလိုက်လေ၏။

"ကောင်းသားပဲ"

---

## အခန်း ( ၁၅ )

ယသောဓရာသည် မိမိ၏စကားနှင့် ညီအောင် ပြုလုပ်ဆောင်ရွက်သည်။ ခရီးထွက်ဖို့ အစီအစဉ်ကို ပြီးစီးအောင် စီမံလိုက်လေသည်။ နောက်တစ်နေ့တွင် အားလုံး ကာသီသို့ ခရီးထွက်ကြသည်။

အချိန်မှာ ညချမ်းဆည်းဆာ ဖြစ်သည်။ နွေဥတု၏ ညဉ့်အချိန်သည် သာယာမွေ့လျော်ဖွယ် ကောင်းနေသည်။ သို့ရာတွင် ဗီဇဂုတ္တအတွက်မူ ထိုညဉ့်သည် သာယာမွေ့လျော်ဖွယ် ညဉ့်မဟုတ်ပေ။ လမင်းသည် အရှေ့ဘက် မိုးကုပ်စက်ဝိုင်းပေါ်၌ တောက်ပနေသည်။ ဗီဇဂုတ္တ၏ နှလုံးတွင်း၌မူ မီးအလျှံတစ်ခု တောက်လောင်နေသည်။ ကျေးကျွန်များသည် အစုလိုက် အပြုံလိုက် လက်ထဲတွင် မီးတုတ်များကို ကိုင်ဆောင်ရင်း လိုက်ပါလာကြ၏။ မီးတုတ်များရှိ မီးလျှံများထဲ၌ ဗီဇဂုတ္တသည် သူ၏နှလုံးတွင် တောက်လောင်နေသော မီးလျှံ၏ ရောင်ပြန်ဟပ်ခြင်းကို တွေ့မြင်နေရသည်။ ဗီဇဂုတ္တ နှုတ်ပိတ်နေလေ၏။

ဗီဇဂုတ္တ၏ရထားပေါ်၌ ဗီဇဂုတ္တနှင့် သေတံက ရှိသည်။ ယသောဓရာက မိတုဋ္ဌယနှင့် အတူပါလာသည်။

သန်းခေါင် ကျော်လွန်သွားလေပြီ။ လရောင် ဖြာထွက်နေ၏။ လမ်း၏ အနီးအနား ပတ်ဝန်းကျင်ရှိ ဥယျာဉ်များမှ ပန်းရနံ့များသည် လေးဖက်လေးရပ်တွင် ပျံ့နှံ့ကြိုင်လှိုင်နေကြသည်။ သေတံကက တိတ်ဆိတ်ငြိမ်သက်ခြင်းကို ဖြိုခွင်းလိုက်လေ၏။

"ဒီည မနားကြတော့ဘူးလား"

ထိုအချိန်၌ ဗီဇဂုတ္တသည် တစ်စုံတစ်ခုကို တွေးတော စဉ်းစားနေသည်။ ဘာတွေးတော စဉ်းစားနေသည် ဆိုသည်ကို သူကိုယ်တိုင်လည်း မသိပေ။ တစ်ခုပြီးတစ်ခု အတွေးများသည် သူ၏ဦးနှောက်ထဲတွင် ပေါ်လာကြသည်။ ပျောက်ပျက် သွားကြသည်။ ယင်းကဲ့သို့ အတွေးကျွံနေသည့် အခြေအနေ၌ သူ့အနေဖြင့် အချိန်သမယကို သတိပြုဖို့ရန် မလွယ်ကူပေ။

Typing - ငွေဇင်ယော်

ထိုအချိန်၌ မိတ္ထူယ၏ ရထားသည် သူ၏ ရထားအနီးသို့ ကပ်လာလေ၏။ ယသောရောက ပြောလိုက်သည်။

"ဗီဇဂုတ္တ၊ မနားကြတော့ဘူးလား"

ဗီဇဂုတ္တ သတိရသွား၏။ ကောင်းကင်ပေါ် မော့ကြည့်လိုက်သည်။ လမင်းသည် ကောင်းကင်ပြင် အရှေ့ဘက်ကို စွန့်ခွာပြီးလျှင် အနောက်ဘက်ပိုင်းဆီသို့ ရွေ့ရှားနေလေ၏။ သေတံကအား ပြောလိုက်လေ၏။

"သေတံက၊ ရထားကို ရပ်လိုက်။ ပြီးတော့ အနီးအနား ဥယျာဉ်တစ်ခုထဲမှာ နားလို့ ဖြစ်နိုင် မဖြစ်နိုင် သွားကြည့်ချေ"

ရထား ရပ်သွားလေ၏။ ဗီဇဂုတ္တသည် ရထား ရပ်လိုက်သည်နှင့် တစ်ပြိုင်နက် အခြားအခြား ရထားများလည်း ရပ်သွားကြသည်။ သေတံကသည် ရထားပေါ်မှ ဆင်းလျက် ဥယျာဉ် အရှာထွက်သွားလေ၏။ ဗီဇဂုတ္တက မိတ္ထူယအား ပြောလိုက်လေသည်။

"မြို့စားကြီး၊ ခွင့်လွှတ်ပါ။ ကျွန်ုပ် အချိန်ကို လုံးလုံး သတိမပြုမိဘူး။ မြို့စားကြီး ဒုက္ခရောက်နေပြီ ထင်တယ်။ ဒါပေမဲ့ ညဉ့်တစ်ဝက် ကျိုးသွားပြီ။ မြို့စားကြီး သဘောတူရင် ရှေ့ဆက်သွားတာ ကောင်းလိမ့်မယ် ထင်တယ်။ နက်ဖြန်နံနက် နေထွက်တဲ့အချိန် ရွာတစ်ရွာကိုရောက်ရင် အဲဒီရွာမှာ တစ်နေ့လုံး နားနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီမှာ နေ့လယ် နေပူမမိအောင် စီစဉ်ဖို့ မလွယ်ဘူးထင်တယ်။ ပြီးတော့ နေ့လယ် နေပူကျဲတဲကြီးမှာ ခရီးဆက်ဖို့ဆိုတာ မလွယ်ဘူး"

မိတ္ထူယက အတန်ငယ် စဉ်းစားပြီးလျှင် ပြောလေသည်။

"ဗီဇဂုတ္တပြောတာ မှန်တယ်။ ရှေ့ဆက်သွားတာပဲ ကောင်းလိမ့်မယ်ထင်တယ်"

အတန်ငယ်ကြာသွားသောအခါ သေတံက ပြန်လာလေ၏။

"သိပ်ကောင်းတဲ့ ဥယျာဉ်တစ်ခု တွေ့ခဲ့တယ်။ အဲဒီဥယျာဉ်ထဲမှာ အိမ်ကြီးတစ်ဆောင်လည်း ရှိတယ်။ ဥယျာဉ်က မြို့စားကြီး မဟာပရဒိရဲ့ ဥယျာဉ်လို့ ပြောတယ်။ တည်းခိုဖို့အတွက်လည်း အဆင်သင့်ပဲ"

"မြို့စားကြီး မဟာပရဒိရဲ့ ဥယျာဉ် ဟုတ်လား" မိတ္ထူယက ပြောလိုက်လေ၏။

"ဒီလိုဆိုရင် တည်းခိုဖို့ အခက်အခဲ ရှိမှာမဟုတ်ဘူး။ ဗီဇဂုတ္တ၊ ကျုပ် အဲဒီဥယျာဉ်မှာ တည်းဖူးတယ်။ မြို့စားကြီး မဟာပရဒိရဲ့ အိမ်တော်လည်း ဒီမှာ ရှိတယ်"

ရထားများသည် ဥယျာဉ်သို့ ဦးလှည့်သွားကြသည်။ ဥယျာဉ်စောင့်က ဧည့်သည်များအား ဧည့်ခံကြိုဆိုလေ၏။ ဥယျာဉ်ထဲ၌ ဧည့်သည်များအတွက် အိပ်ရာနေရာများကို ခင်းပေးလေ၏။ အားလုံး ခရီးပန်းလာကြသည်ဖြစ်၍ အိပ်ပျော်သွားကြသည်။ ဗီဇဂုတ္တတစ်ယောက်ကမူ အိပ်မပျော်ပေ။

---

ဗီဇဂုတ္တ ဘယ်ကို သွားသနည်း။ ဘာကိစ္စ သွားသနည်း။ ယင်း ပြဿနာများသည် သူ၏ ဦးနှောက်ကို ချာချာလည်စေခဲ့သည်။ သူ ကာသီသို့ သွားနေသည်။ ငြိမ်းချမ်းမှု ရရှိရေးအတွက်၊ မိမိ၏ စိတ်အနာ သက်သာရာ ရရှိရေးအတွက်၊ မိမိ၏ တာဝန်ဝတ္တရားမှ သွေဖည် မသွားရေးအတွက် သွားနေသည်။ သူ ပါဋ္ဌလိပုတ်ကို စွန့်ခွာလာခဲ့သည်။ ယသောရောနှင့် ဝေးဝေးနေရန်အတွက်၊ စိတ္တရလေခါနှင့် ဝေးဝေးနေရန်အတွက် ပါဋ္ဌလိပုတ်ကို စွန့်ခွာလာခဲ့သည်။ သို့ရာတွင် ယသောရောနှင့် ဝေးဝေးနေ၍ မရပေ။ ယသောရောသည် သူ့အနီးသို့ ပို၍ပင် ကပ်လာလေသည်။ ထိုထက်ပိုပြီး တစ်သားတည်းဖြစ်အောင် ကပ်လာဦးမည်လော။ "မဖြစ်နိုင်" ဗီဇဂုတ္တ မပွင့်တပွင့် ညည်းညူလိုက်သည်။ ယသောရောကို သူ မချစ်နိုင်။ သူ၏ရှေ့မှ ယသောရော ဖယ်ရှားသွားသည်။ စိတ္တရလေခါ ရောက်လာသည်။ စိတ္တရလေခါ မည်သူနည်း။ သူ့ဘဝနှင့် စိတ္တရလေခါသည် မည်ကဲ့သို့ ဆက်သွယ်မှု ရှိသနည်း။

စိတ္တရလေခါသည် သူ့ချစ်သူ ဖြစ်သည်။ သူ့မယား ဖြစ်သည်။ စိတ္တရလေခါကို သူချစ်သည်။ စိတ္တရလေခါကလည်း သူ့ကို ချစ်သည်။ စိတ္တရလေခါ အခု သူ့ကို ချစ်သေးသလော။ ချစ်ချင်လည်း ချစ်မည်။ မချစ်ချင်လည်း နေမည်။ အဘယ်ကြောင့် ချစ်သနည်း။ ဗီဇဂုတ္တကို ဗီဇဂုတ္တ၏ အကျိုးစီးပွားအတွက် စွန့်လွှတ်ခဲ့သောကြောင့် ဖြစ်သည်။ အဘယ့်ကြောင့် မချစ်သနည်း။ ဗီဇဂုတ္တ သဘောမတူဘဲနှင့် ဗီဇဂုတ္တ၏ ဘဝကို ဝန်ထုပ်ဝန်လေး ပိအောင်လုပ်ပြီးလျှင် ထွက်သွားသောကြောင့် ဖြစ်သည်။

ယင်းသို့ တွေးရင် တွေးရင်းနှင့် ဗီဇဂုတ္တသည် ကျေးငှက်များ သီဆိုကျူးရင့်သံကို ကြားရလေသည်။ အရှေ့ဘက်ကောင်းကင်မှ နေရောင်ဦးသည် ရွှေရောင်ခြည်ကို ဖြာထွက်စေလျက် မိုးသောက်လေနှင့် ကလူကျီစယ် နေသည်။ ကြယ်တာရာတို့သည် ဝါဖျော့ဖျော့ ဖြစ်ကုန်ကြပြီးလျှင် တစ်လုံးပြီးတစ်လုံး ငုပ်လျှိုး ကွယ်ပျောက်သွားကြသည်။ မလှမ်းမကမ်း၌ ယသောဓရာ မတ်တတ်ရပ်ပြီး ပွင့်အာလျက်ရှိသော စပယ်ပန်းများပေါ်ရှိ နှင်းပေါက်ကလေးများနှင့် ကစားနေသည်ကို ဗီဇဂုတ္တ တွေ့ရလေသည်။ ဗီဇဂုတ္တ ထလိုက်သည်။ ကိုယ်လက်သုတ်သင်ပြီးနောက် သူလည်း ရနံ့ထုံသင်း၍နေသော လေအေးဖြင့် မိမိ၏ ပူလောင်နေသော နှလုံးသားကို စိမ့်ထုံရန်အတွက် ဥယျာဉ်ထဲ ထွက်လာခဲ့လေသည်။

ယသောဓရာသည် လက်ထဲတွင် ပန်းများကို ကိုင်ထားပြီးလျှင် ဗီဇဂုတ္တကို လှမ်းခေါ်လိုက်လေ၏။

"ဗီဇဂုတ္တ၊ ကြည့်စမ်း။ သဘာဝရဲ့ လှပတဲ့ အသွင်အပြင်ကို ကြည့်စမ်းပါ။ ဘယ်လောက် ကြည်နူးစရာ ကောင်းသလဲ။ ဘယ်လောက် ငြိမ်းချမ်းမှု ရှိသလဲ။ ဘယ်လောက် ချစ်စရာ ကောင်းသလဲ။ စိုးရိမ်ကြောင့်ကြမှု၊ ချစ်ခင်မှု၊ မုန်းတီးမှုတွေနဲ့ ပြည့်နေတဲ့ ကမ္ဘာလောက တစ်ခုလုံးရဲ့ လှုပ်ရှားမှုတွေနဲ့ ဝေးတဲ့၊ အလွန်တရာဝေးတဲ့ ဒီနေရာမှာ အပြစ်မရှိတဲ့ သဘာဝဟာ လိပ်ပြာတွေရဲ့ ရောင်စုံ တောင်ပံတွေနဲ့အတူ မြူးတူးပျော်ပါးနေပါတယ်"

ယသောဓရာ၏ အနီးသို့ ဗီဇဂုတ္တ ရောက်လာပြီးလျှင် ယသောဓရာ၏ ဘေးတွင် ရပ်လိုက်လေသည်။ ထို့နောက် အရပ်ထက်ဝန်းကျင်ကို လှမ်းကြည့်လိုက်လေသည်။

Typing - ငွေဇင်ယော်

"ဒေဝီယသောဓရာ၊ ကျုပ်တော့ သဘာဝမှာ ဘယ်လို အလှမျိုးမှ မမြင်ဘူး"

"သဘာဝမှာ ဘယ်လိုအလှမျိုးမှ ရှင်မမြင်ဘူး ဟုတ်လား" ယသောဓရာသည် အံ့သြသော မျက်လုံးများဖြင့် ဗီဇဂုတ္တကို ကြည့်လိုက်သည်။

"ဗီဇဂုတ္တ၊ ရှင် တကယ်ပြောတာလား။ အပြက် ပြောတာလား"

"အပြက် ပြောတာ မဟုတ်ပါဘူး။ ဒေဝီ။ တကယ် ပြောတာပါ။ သဘာဝဟာ လှတယ်လို့ ဒေဝီက ပြောတယ်။ ကျုပ်ကတော့ သဘာဝကို အရုပ်ဆိုးတယ်လို့ပဲ မြင်တယ်"

ယသောဓရာသည် ဗီဇဂုတ္တ၏ စကားကို လက်ခံလိုစိတ် မရှိပေ။

"ဗီဇဂုတ္တ၊ ဟောဒီ မြက်ခင်းဟာ ဘယ်လောက် နူးညံ့သလဲ။ ဘယ်လောက် လှသလဲ။ ကျွန်မတော့ ဒီမြက်ခင်းပေါ်မှာပဲ နေချင်စိတ်၊ ထိုင်ချင်စိတ်၊ အိပ်ချင်စိတ် ပေါက်နေတယ်"

ဗီဇဂုတ္တက ရယ်လိုက်လေ၏။

"ဒီလို လုပ်လို့ ဘယ်ဖြစ်မလဲ ဒေဝီ။ ဒီအနီးအနားမှာ ဆေးဝါးကုသနိုင်းဖို့ ဘယ်ဆေးဆရာမှလည်း မရှိဘူး။ မြက်ခင်းဟာ လှတယ်၊ နူးညံ့တယ်လို့ ဒေဝီက ပြောတယ်။ အဲဒါ ဘာကြောင့်လဲဆိုရင် ဒေဝီဟာ ပွင့်လင်းတဲ့ဘဝနဲ့ မနေဘူး မထိုင်ဘူးတဲ့ အတွက်ကြောင့် ဖြစ်တယ်။ ဒီမြက်ခင်းထဲမှာ ပိုးမွှားတိရစ္ဆာန်တွေ ဘယ်လောက်ရှိနေတယ် ဆိုတာကိုကော ဒေဝီ သတိပြုမိရဲ့လား။ ပြီးတော့ မြက်ခင်းမှာ စိုထိုင်းနေတဲ့ အငွေ့ရှိတယ်။ အဲဒီမြက်ခင်းပေါ်မှာ ခပ်ကြာကြာ အိပ်နေမယ်ဆိုရင် ဒေဝီ အအေးမိမှာ ဧကန်မုချပဲ။ ဒေဝီ၊ သဘာဝဆိုတာ အဆင်ပြေတဲ့ အရာမျိုး မဟုတ်ဘူး။ ပြည့်စုံတဲ့ အရာမျိုး မဟုတ်ဘူး"

ယသောဓရာသည် စကားလုံး အသစ်အဆန်းများကို ကြားရလေ၏။ ယင်းစကားလုံး အသစ်အဆန်းများမှာ အလွန်တရာ စိတ်ပါဝင်စားဖွယ် ကောင်း၏။ ယုတ္တိယုတ္တာ ရှိ၏။ ယသောဓရာအတွက် ပြန်လှန်ချေပနိုင်ဖို့ မလွယ်သော စကားများ ဖြစ်၏။

ယသောဓရာက ပြောလိုက်လေသည်။

"ဟုတ်တယ်၊ သဘာဝဟာ မပြည့်စုံဘူး။ သဘာဝက မပြည့်စုံတဲ့အတွက်ကြောင့် လူဟာ သဘာဝ မဟုတ်တဲ့ အတုအပအရာကို အားကိုးအားထား ပြုလုပ်ခြင်းဖြစ်တယ်။ မြက်ခင်းဟာ နူးညံ့တယ်၊ လှတယ်ဆိုတာ မှန်တယ် ဒါပေမဲ့ အဲဒီမြက်ခင်းမှာ စိုထိုင်းတဲ့အငွေ့ ရှိနေတယ်။ ပိုးမွှားတိရစ္ဆာန်များကိုလည်း အဲဒီမြက်ခင်းမှာ တွေ့ရလိမ့်မယ်။ ဒါကြောင့် လူတွေက ကတ္တီပါကော်ဇောများကို ပြုလုပ်ဖန်တီး ကြတာပေါ့။ ကတ္တီပါကော်ဇောများမှာတော့ စိုထိုင်းတဲ့ အငွေ့လည်း မရှိဘူး။ ပိုးမွှား တိရစ္ဆာန်လည်း မရှိဘူး။ ပြီးတော့ မြက်ခင်းထက်လည်း ပိုပြီး နူးညံ့သေးတယ်"

"ဆောင်းဥတု ကာလမှာ သဘာဝရဲ့ လှပတဲ့ နေရာဌာနများရဲ့ အရုပ်ဆိုးပုံကိုလည်း ကြည့်ပါဦး။ ဆီးနှင်းတွေလွှမ်းပြီး လေအေးတိုက်လိုက်တဲ့အခါမှာ ကိုယ်ခန္ဓာ ခိုက်ခိုက်တုန်အောင် အေးစိမ့်သွားတယ်။ နွေဥတု ကာလမှာဆိုရင်လည်း ဘယ်လောက်ပူပြင်းတဲ့ လေတိုက်သလဲဆိုရင် ကိုယ်ခန္ဓာတစ်ခုလုံးဟာ မီးလောင်မြိုက်ထားတဲ့ အတိုင်းပဲ။ သဘာဝရဲ့ အဲဒီအဆင်မပြေမှုများက လွတ်ကင်းအောင်ဆိုတဲ့ သဘောနဲ့ပဲ လူတွေဟာ အိမ်များကို ဆောက်ကြခြင်း ဖြစ်တယ်။ အဲဒီ အိမ်များမှာ လူတွေဟာ ဆောင်းအခါမှာ မြောက်လေကိုတားပြီး မီးလင်းဖို ဖိုပြီးတော့ အချမ်းမလာအောင် လုပ်ထားနိုင်ကြတယ်။ အဲဒီအိမ်များမှာ လူတွေဟာ နွေအခါမှာ ရင်းများကိုကာရံပြီး အပူမလာအောင် လုပ်ထားနိုင်ကြတယ်။ သဘာဝဟာ လူရဲ့ အဆင်ပြေမှုကို ကြည့်တာ မဟုတ်ဘူး။ ဒါကြောင့် သဘာဝဟာ မပြည့်စုံဘူး"

ဒီပန်းတွေဟာ ဘယ်လောက် နူးညံ့သလဲ။ ဒီပန်းတွေမှာ ဘယ်လောက် နှစ်သက်စရာကောင်းတဲ့ ရနံ့တွေ ရှိနေသလဲ။ ဒီကျေးငှက်သာရကာတွေရဲ့ တွန်ကျူးသံတွေဟာလည်း ဘယ်လောက် သာယာနာပျော်ဖွယ် ကောင်းသလဲ။ ဘယ်လောက် လူ့စိတ်နှလုံးကို ဆွဲဆောင်တဲ့ သီချင်းဂီတတွေ ဖြစ်သလဲ။ ဥဩသံဟာ ဘယ်လောက် သာယာသလဲ။ ဘယ်လောက် ကရုဏာသက်စရာ ကောင်းသလဲ"

"ဒီပန်းတွေဟာ နူးညံ့တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ဒီပန်းတွေမှာ ဆူးလည်းရှိတယ်။ သေးငယ်တဲ့ ပိုးမွှားကလေးများ ဘယ်လောက် ဒီပန်းတွေထဲမှာ ဝင်နေတယ်ဆိုတာလည်း မသိဘူး။ သူတို့ရဲ့ နူးညံ့မှုနဲ့ မွှေးရနံ့ဆိုတာကတော့ တစ်ခဏသာ ခံတယ်။ ပြီးတော့ သူတို့ရဲ့ မွှေးရနံ့ တွေဟာ ဘာ အသုံးကျလို့လဲ။ လူသူမရှိတဲ့နေရာမှာ ဒီပန်းတွေဟာ သူတို့ရဲ့ မွှေးရနံ့ကို အလကား ဖြုန်းတီးပစ်နေကြတယ်။ ပြီးတော့ ဒီကျေးငှက်တွေရဲ့ သီချင်းဂီတဟာ သာယာနာပျော်ဖွယ် ကောင်းတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ အသံသက်သက်သာ ဖြစ်တယ်။ ဘာသာစကား မရှိတဲ့အတွက် ဒီကျေးငှက်တွေရဲ့ သီချင်းဂီတဟာ အသံ အနိမ့်အမြင့်ရယ်လို့ မရှိတဲ့ အဓိပ္ပာယ်ကင်းတဲ့ သီချင်းဂီတနဲ့ ဘာမှမထူးဘူး။ အဲဒီ သီချင်းဂီတမှာ ခုနစ်သံတစ်ပြိုင်တည်း ထွက်နေတယ်။ ဒီကျေးငှက်တွေရဲ့ သီချင်းသံထက်စေ တာ့ လူ့သီချင်းသံက အဆများစွာ သာတယ်။ ပြီးတော့ ဥဩသံဆိုတာလဲ တစ်သံတည်းပဲ။ ကြာကြာနားထောင်ရင် ငြီးငွေ့တောင် လာသေးတယ်။ ဥဩက ဘာဆိုတယ်ဆိုတာ ဘယ်သူမှလည်း နားမလည်ဘူး။ ဘာမှ ဆိုတာလည်း ဟုတ်ချင်မှ ဟုတ်မယ်"

ယသောရော အံ့အားသင့်နေ၏။ သူ့အိမ်၌ ဥယျာဉ်တစ်ခု ရှိသည်။ ထိုဥယျာဉ်၌ သဘာဝကို သူ မြင်ရသည်။ သဘာဝ၏ အလှကို သူငေးမောနေမိခဲ့ဖူးသည်။ သို့ရာတွင် ယနေ့ ဗီဇဂုတ္တ၏ စကားများကို ကြားရသောအခါ သူ့အမှားကို သူတွေးနေမိသည်။ ရှေ့နားတွင် ရေတံခွန် အတုတစ်ခု ရှိသည်။ ထိုရေတံခွန်နှင့် မလှမ်းမကမ်း၌ ခိုကလေးများသည် အုပ်စုဖွဲ့ပြီး ရေကန် အတုတစ်ခုထဲတွင် ရေချိုးနေကြသည်။ ယသောရောသည် ထိုနေရာသို့ တိုးသွား၏။ ဗီဇဂုတ္တလည်း သူ့နောက် လိုက်သွားသည်။ မှင်တက်မိသူကဲ့သို့ ယသောရောသည် ယင်းအလှကို ငေးမောကြည့်နေသည်။ ထိုနောက် ဖြည်းညင်းစွာ ပြောလိုက်လေ၏။

"ဒီခိုကလေးတွေဟာ ဘယ်လောက် ပျော်ရွှင်နေကြသလဲ။ အချင်းချင်း ကစားနေလိုက်ကြတာ။ သူတို့မှာ မနာလိုမှုတို့၊ မုန်းတီးမှုတို့၊ ရန်ငြိုးထားမှုတို့ မရှိဘူး။ လူတို့မှာရှိတဲ့ အခြား မကောင်းတဲ့ အကျင့်တွေလည်း မရှိဘူး။ ကျွန်မလည်း အတောင်ပေါက်ပြီး ခိုကလေးတွေလို ဖြစ်ချင်တဲ့စိတ် ပေါက်လာတယ်"

သူငယ်မ၏ ရိုးသားမှုကို ဗီဇဂုတ္တက ရယ်လိုက်လေ၏။

Typing - ငွေဇင်ယော်

"ဒေဝီယသောဓရာ၊ ဒေဝီဟာ ခိုဖြစ်သွားရင် လူဖြစ်ချင်တဲ့စိတ် ပေါ်လာဦးမှာပဲလို့ ကျုပ်ပြောရဲတယ်။ ဒီခိုကလေးတွေဟာ ရွှင်လန်းချမ်းမြေ့ နေကြတယ်။ ကြောင့်ကြဗျာပါရ မရှိဘူး။ ရန်လည်း ကင်းတယ်လို့ ဒေဝီ ထင်နေတယ်။ အဲဒါ ဒေဝီ မှားတယ်။ အလိုဆန္ဒ ပြည့်ဝခြင်းကို ရွှင်လန်းချမ်းမြေ့ခြင်း သို့မဟုတ် သုခလို့ခေါ်တယ်။ အလိုဆန္ဒ မပြည့်ဝခြင်းကို စိတ်ဆင်းရဲခြင်း သို့မဟုတ် ဒုက္ခလို့ ခေါ်တယ်။ ဒီ ခိုကလေးတွေရဲ့ အလိုဆန္ဒ ဟူသမျှ အားလုံးပြည့်ဝတယ်လို့ ဒေဝီ ထင်သလား။ သူတို့မှာ အလိုဆန္ဒ ရှိသလား ဆိုတာကလည်း ပြဿနာတစ်ခုပဲ။ ဒီ ကျေးငှက် တိရစ္ဆာန်တွေထက် လူက သာလွန်မြင့်မြတ်တဲ့အကြောင်းက လူက အလိုဆန္ဒရှိတယ်။ အဲဒီ အလိုဆန္ဒကို ပြည့်ဝအောင်မြင်အောင်လုပ်ပြီး ရွှင်လန်းချမ်းမြေ့စွာ နေထိုင်တယ်။ လူဟာ အလုပ်သမားဖြစ်တယ်။ မွေးဖွားပေါ်ပေါက်လာပြီးနောက် လှုပ်ရှားမှုမရှိတဲ့ ဘဝနဲ့ ကုန်ဆုံးကျော်လွန်ပြီး သေကြေပျက်စီးသွားဖို့အတွက် လူဖြစ်လာတာ မဟုတ်ဘူး။ အလုပ် လုပ်ဖို့အတွက် လူဖြစ်လာတာ"

"ကျေးငှက် တိရစ္ဆာန်တွေဟာ အစာရေစာအတွက် ဘယ်လောက် တစ်ကောင်နှင့်တစ်ကောင် သတ်ကြ ကိုက်ကြသလဲ။ သတိထားရမှာက လူတွေဟာ ကိုယ့်အစာအာဟာရအတွက် အလုပ်လုပ်ကြတယ်။ ထယ်ထိုးကြတယ်။ စပါး စိုက်ကြတယ်။ ကျေးငှက် တိရစ္ဆာန်တွေကတော့ သဘာဝအရာဝတ္ထုတွေ အပေါ်မှာ အမှီပြုနေကြတယ်။ မြေကြီးမှာရှိတဲ့ ပိုးမွှားများကို စားပြီး အသက်ရှင်နေကြတယ်။ ကျေးငှက်တိရစ္ဆာန် တစ်ကောင်နှင့်တစ်ကောင် စားကြတယ်။ ဒီ ခိုကလေးများရဲ့ ရန်သူဖြစ်တဲ့ သိန်းငှက် စွန်ငှက်က သူတို့ကို သုတ်တဲ့အခါ သူတို့ရဲ့ အခြေအနေကို ကြည့်ပါဦး။ သူတို့ ဘယ်လောက် ကြောင့်ကြဗျာပါရ ဖြစ်နေကြသလဲ။ ဘယ်လောက် ခိုကိုးရာမဲ့ ဖြစ်နေကြသလဲ"

ယသောဓရာသည် ဗီဇဂုတ္တကို တအံ့တဩ ကြည့်နေသည်။ ဗီဇဂုတ္တက အတန်ငယ်ရပ်ပြီး ဆက်ပြောပြန်လေ၏။

"ဒေဝီယသောဓရာ၊ သဘာဝပတ်ဝန်းကျင်မှာ နေရတဲ့ လူတွေဟာ ရွှင်လန်းချမ်းမြေ့ကြလိမ့်မယ်လို့ ဒေဝီထင်လိမ့်မယ်။ ဒါပေမဲ့ တစ်ခု စဉ်းစားကြည့်ပါ။ လူဟာ မိမိရဲ့ရှိဆဲအခြေအနေနဲ့ ဘယ်တော့မှ မတင်းတိမ် မရောင့်ရဲဘူး။ ဒေဝီဟာ ပြာသာဒ်ဘုံဗိမာန်ပေါ်မှာ ကြီးပြင်းလာခဲ့ပေမယ့် ပြာသာဒ်ဘုံဗိမာန်ကို နှစ်သက်ကျေနပ်ခြင်း ရှိမှာ မဟုတ်ဘူး။ ပြာသာဒ်ဘုံဗိမာန်ရဲ့ အလှနဲ့ အသုံးဝင်မှုကို ဒေဝီ ငြီးငွေ့လာလိမ့်မယ်။ ငြီးငွေ့ ရုံသာလျှင် မဟုတ်ဘူး။ ပြာသာဒ်ဘုံဗိမာန် ပတ်ဝန်းကျင်ကို စွန့်ခွာလိုတဲ့ စိတ်ဆန္ဒတောင် မကြာခဏ ပေါ်လာကောင်း ပေါ်လာလိမ့်မယ်"

"ဒေဝီ ဒီသဘာဝနဲ့ နီးကပ်နေတဲ့ တဲတွေမှာ ရွှင်လန်းချမ်းမြေ့မှုကို တွေ့လိမ့်မယ်။ ကျေးရွာများရဲ့ လယ်ပြင်မှာ တိရစ္ဆာန်တွေနဲ့ အတူတကွ သဘာဝနဲ့ မြူးတူးပျော်ပါး ကစားတဲ့ အရသာကို တွေးကြည့်လိုက်ရုံနဲ့ပဲ ဒေဝီ ကြက်သီးမွေးညင်း ထကောင်း ထသွားလိမ့်မယ်။ အဲဒါဟာ ဓမ္မတာ သဘာဝဖြစ်တယ်။ ဒါပေမဲ့ အဲဒီ ရွာသူရွာသားများကို တစ်ဆိတ်လောက် မေးကြည့်စမ်းပါ။ နန်းပြာသာဒ်များမှာသာ ချမ်းမြေ့ရွှင်လန်းမှု ရှိတယ်။ ကျေးကျွန်ခြွေရံများ ဝိုင်းရံနေတဲ့ နေရာမှာသာ ချမ်းသာသုခရှိတယ်လို့ သူတို့က ပြောလိမ့်မယ်"

"ဒီ နန်းပြာသာဒ်များကို စတင် တည်ထောင်ကြတဲ့ ကျုပ်တို့ရဲ့ ဘိုး ဘေး ဘီဘင်များဟာ တစ်ခေတ် တစ်ခါတုန်းက ကျေးရွာသားများသာ ဖြစ်ခဲ့ကြပေလိမ့်မယ်။ သူတို့ဟာ ကျေးရွာကိုစွန့်ပြီး ဘာဖြစ်လို့ မြို့ကို တည်ကြသလဲ။ သဘာဝရဲ့ အရုပ်ဆိုးမှုနဲ့ အဆင်မပြေမှုကို သဘာဝ မဟုတ်တဲ့ အတုနဲ့ အစားထိုးရင် သင့်လျော်လိမ့်မယ်လို့ ထင်တဲ့အတွက်ကြောင့် ဖြစ်တယ်။ ဒေဝီ စိတ်ဝင်စားနေတဲ့ ဒီ ဥယျာဉ်ကိုယ်တိုင်ကိုက လူလုပ်ထားတဲ့ အတုသာ ဖြစ်တယ်။ တကယ့် တကယ် သဘာဝအစစ်ကို မြင်ချင်သပဆိုရင် တောနက်ထဲကိုသာ သွားပါ။ အဲဒီမှာ ခြသေ့ံတွေ သွေးဆာနေတဲ့လျှာနဲ့ လည့်ပတ်သွားလာနေကြတယ်။ အဲဒီမှာ အကြောင်းမဲ့သက်သက် လူကိုကိုက်ပြီး သေမင်းခံတွင်းထဲ ပို့မယ့်မြွေတွေ မြက်တောထဲမှာ အဆင်သင့် ရှိနေကြတယ်။ ဒီ သဘာဝ မဟုတ်တဲ့ ရေကန်အတုကို ထားပြီး မြစ်များ ချောင်းများကိုကြည့်စမ်းပါ။ အဲဒီမှာဆိုရင် မိကျောင်းနဲ့ ငါးမန်းများဟာ ရေထဲမှာ ပုန်းကွယ်ပြီး လူကိုဝါးမျိုဖို့ စောင့်မျှော်နေကြတယ်။ ကဲ ... သုခနဲ့ အလှဆိုတာ သဘာဝမှာ ရှိသလား၊ ဒါမှမဟုတ် သဘာဝမဟုတ်တဲ့ လူလုပ်အတုမှာသာ ရှိသလားဆိုတာ ဒေဝီ တွေ့ရရောပေါ့"

Typing - ငွေဇင်ယော်

ဗီဇဂုတ္တသည် စိတ်ပါလက်ပါ ပြောနေသည်။ ယသောဓရာက ဗီဇဂုတ္တ၏ မျက်နှာကို တအံ့တသြ ကြည့်နေသည်။ ယခုအထိ သူသည် ဗီဇဂုတ္တအား ကိုယ်ကျင့်တရားရှိသူ ပုဂ္ဂိုလ်တစ်ဦးမျှ လောက်သာလျှင် မှတ်ထင် အောက်မေ့ခဲ့လေသည်။ ဗီဇဂုတ္တ၌ ကြီးကျယ်မြင့်မြတ်သော ကိုယ်ကျင့် တရားသာလျှင်မက ကြီးကျယ်မြင့်မြတ်သော ဦးနှောက်လည်း ရှိသည်ဆိုသည့် အချက်ကို ယနေ့ သူ သိရှိနားလည်သွားလေ၏။ ဗီဇဂုတ္တ၏ ပညာဉာဏ်ကို လည်းကောင်း၊ နက်နဲသော အတွေးအခေါ်ကို လည်းကောင်း၊ ဆင်ခြင်စဉ်းစားဉာဏ်ကိုလည်းကောင်း ယသောဓရာ တအံ့တသြ ဖြစ်နေသည်။ ဗီဇဂုတ္တအပေါ်တွင် သူ၏ ယုံကြည်ကိုးစားမှုသည် ကြည်ညိုလေးစားသော အသွင်သို့ ပြောင်းလဲသွားသည်ဟု ထင်ရသည်။ အတန်ကြာမျှ ခပ်မဆိတ် နေပြီးနောက် ပြောလိုက်လေ၏။

"ဗီဇဂုတ္တ၊ ရိုင်းတယ်လို့ မထင်ပါနဲ့နော်၊ တစ်ခု မေးပါရစေဦး။ ရှင် အဲဒါတွေကို ဘယ်မှာ ဘယ်တုန်းက သင်ကြားခဲ့တာလဲ"

အမှန်အားဖြင့် မေးခွန်းမှာ ယဉ်ကျေးဖွယ်ရာသည့် မေးခွန်း မဟုတ်ပေ။ သို့ရာတွင် ဗီဇဂုတ္တက ဂရုမထား -

"ဒေဝီယသောဓရာ၊ ကမ္ဘာလောက စာသင်ကျောင်းမှာ ပတ်ဝန်းကျင် အခြေအနေများက လက်တွေ့ ပညာသင်ကြားရေးစနစ်နဲ့ ကျုပ်ကို အဲဒါတွေ သင်ကြားပြသပေးတယ်။ ကဲ နံနက်စာ စားဖို့ အချိန်လည်း ရောက်လာပြီ။ လာ ... သွားကြစို့" ယင်းသို့ ပြောလျက် ဗီဇဂုတ္တသည် အိမ်အဆောင်ဘက် လှည့်သွားလေ၏။ ယသောဓရာကလည်း ဗီဇဂုတ္တနှင့်အတူ အိမ်အဆောင်ဘက် ပြန်လာခဲ့လေသည်။

ဗီဇဂုတ္တသည် ရွှင်ရွှင်ပျပျ မရှိပေ။ ယင်းအချက်ကို သူ၏ မျက်နှာက သက်သေခံနေသည်။ ယသောဓရာက မေးလိုက်၏။

"ဗီဇဂုတ္တ၊ ရှင့် ကြည့်ရတာ ပျော်ပုံ မရဘူး။ ရှင် ဘာဖြစ်လို့ စိတ်ညစ်နေသလဲ။ အကျိုးအကြောင်းကို မသိရဘူးလား"

*Typing - ငွေဇင်ယော်*

သက်ပြင်းတစ်ချက်ချလျက် ဗီဇဂုတ္တက ပြောလေသည်။

"ဟုတ်တယ် ဒေဝီယသောဓရာ၊ ကျုပ် စိတ်ညစ်နေတယ်။ ဒါပေမဲ့ ကျုပ် ဘာဖြစ်လို့ စိတ်ညစ်တယ် ဆိုတာကို သိရလို့ ဒေဝီ ဘာလုပ်မလဲ။ စိတ်ညစ်နေတဲ့ အကြောင်းကို မသိရတာဘဲ ဒေဝီအတွက် ကောင်းပါလိမ့်မယ်"

"အဲဒီအကြောင်းက လျှို့ဝှက်ထားရမယ့် အကြောင်းမို့လို့လား"

"ဟင့်အင်း၊ ကျုပ်ဘဝမှာ ဘယ်အကြောင်းမှ လျှို့ဝှက်ထားတာ မရှိဘူး။ မသင့်လျော် မလျောက်ပတ်တဲ့ အရာများကိုသာ လျှို့ဝှက်ထားရတာ။ လျှို့ဝှက်ထားတယ်ဆိုတာ ကြောက်ခြင်းရဲ့ အမှတ်လက္ခဏာ ဖြစ်တယ်။ ကြောက်တယ်ဆိုတာ အပြစ်ကျူးလွန်ထားတဲ့ လူတစ်ယောက်ယောက်ရဲ့ အမှတ်လက္ခဏာ ဖြစ်တယ်။ မိမိပြုလုပ်တဲ့ အရာဟူသမျှကို သင့်လျော် လျောက်ပတ်တယ်လို့ပဲ ကျုပ် ယူဆတယ်။ ဒါကြောင့် ကျုပ် လျှို့ဝှက်မထားဘူး။ အကျိုးအကြောင်းကို ပြောမပြတာကတော့ ကိုယ့်ဒုက္ခနဲ့ သူတစ်ပါးကို ဒုက္ခမဖြစ်စေလိုတဲ့ အတွက်ကြောင့်ပါ"

ယသောဓရာ နှုတ်ပိတ်သွားလေ၏။ ယင်းအကြောင်းကို စကားစပြီး ဗီဇဂုတ္တကို ပို၍ စိတ်မချမ်းမသာ ဖြစ်အောင် လုပ်နေမိသည်ဟု အတွေးပေါ်သွားလေသည်။ ထိုအခိုက် သူတို့နှစ်ဦး အိမ်အဆောင်သို့ ရောက်သွားကြလေသည်။ မိတ္ထုဥ္ဆယနှင့် သေတံကတို့က သူတို့ကို စောင့်နေကြလေသည်။ စားဖွယ် သောက်ဖွယ်များကို ပြင်ဆင်ကြလေ၏။ ယသောဓရာသည် အပြေးကလေးလာပြီးလျှင် မိတ္ထုဥ္ဆယ၏ လည်ပင်းကို ဖက်လိုက်လေ၏။

"ဘဘ၊ ဒီကနေ့ ဗီဇဂုတ္တက သမီးကို သမီးမကြားဖူးတဲ့ အကြောင်းအရာတွေကို ပြောပြတဲ့အတွက် သမီး မျက်လုံးပွင့်သွားပြီ။ သမီးရဲ့ အယူအဆဟောင်းတွေကို ဗီဇဂုတ္တက အမြစ်ဖြုတ်ပစ်လိုက်ပြီ။ ဗီဇဂုတ္တဟာ သိပ်ပညာရှိတယ်။ ဒီနေ့မှပဲ သမီး သူ့အကြောင်း သိရတော့တယ်" ယင်းသို့ ပြောလျက် ယသောဓရာသည် ဗီဇဂုတ္တကို ကြည့်နေလေသည်။

ထို့နောက် ယသောဓရာသည် သေတံကအား လှမ်းကြည့်လိုက်လေ၏။ သေတံက၏ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ နေထိုင်မကောင်း ဖြစ်နေသည်ဟု ထင်ရသည်။ ယသောဓရာသည် သေတံက၏လက်ကို ကိုင်၍ -

"သေတံက၊ ရှင်နေလို့ မကောင်းဘူးလား" ဟု မေးလိုက်လေ၏။ ယင်းသို့မေးလျက် သေတံကကို သွေးစမ်းကြည့်လေသည်။

"ဟင့်အင်း၊ အဖျားတော့ မရှိပါဘူး။ ရှင့် မျက်နှာ ဘာဖြစ်လို့ ဒါလောက် ဖြူရော်ရော် ဖြစ်နေရတာလဲ"

"သေတံက ကောင်းကောင်းအိပ်မပျော်လို့ နွမ်းနေတာနဲ့ တူတယ်" ဗိဇဂုတ္တက ပြောလိုက်သည်။

"သေတံက၊ မင်း နေ့လယ်ထပ်ပြီး အိပ်လိုက်ဦး၊ ကြားလား"

ယသောဓရာသည် သေတံက၏ လက်ကိုကိုင်ပြီး ရပ်နေသည်။ သေတံက၏ မျက်နှာမှ ဝါဖျော့ဖျော့အရောင်သည် တဖြည်းဖြည်း ပျောက်သွားလေသည်။

"ကျွန်ပ် နေကောင်းပါတယ်။ နည်းနည်း ပန်းသွားလို့ပါ။ နည်းနည်း နားလိုက်ရင် ကောင်းသွားပါလိမ့်မယ်"

စားသောက်ပြီးကြသောအခါ ဗိဇဂုတ္တက သေတံကကို ပြောလိုက်လေ၏။

"ငါ သိပ်ပန်းနေတယ်။ အိပ်လိုက်ဦးမယ်။ ထမင်းပွဲ အသင့်ပြင်ပြီးတဲ့ အချိန်ကျတော့ ငါ့ကိုနှိုး၊ ကြားလား။ မင်း မိတ္တဥ္စယနဲ့ ထိုင်ပြီး အာလာပသလ္လာပ ပြောနေပေါ့။ ငါတို့ သူ့ကို ဂရုမစိုက်ဘူးလို့လဲ ထင်သွားဦးမယ်"

သေတံကသည် မိတ္တဥ္စယ၊ ယသောဓရာတို့နှင့်အတူ ထိုင်ပြီး စကားစမြည် ပြောနေလေ၏။

ယသောဓရာက နံနက်စောစောက သူ ကြားသိခဲ့ရသည့် သဘာဝနှင့် ပတ်သက်သော အကြောင်းအရာများကို တစ်ဆင့် ဖောက်သည်ချနေလေ၏။ မိတ္တဥ္စယသည် ဗိဇဂုတ္တ၏ စဉ်းစားဉာဏ်ကို ကြားသိရသည်ဖြစ်၍ အံ့ဩသွားလေ၏။ ထို့နောက် ပြောလိုက်လေ၏။

"သေတံက၊ ဗိဇဂုတ္တဟာ နေလို့ထိုင်လို့ သိပ်ကောင်းပုံ မရဘူး"

သေတံက အဖြေ ပြန်မပေးခင်ပင် ယသောဓရာက ကြားဖြတ်ပြောလိုက်သည်။

"ဟုတ်တယ်။ သမီးလည်း အဲဒီလိုပဲ ထင်တယ်။ သမီး သူ့ကို မေးတောင် ကြည့်သေးတယ်။ စိတ်လက် မကြည်မသာ ဖြစ်နေတယ်ဆိုတဲ့ အကြောင်းကို သူ ကိုယ်တိုင်ကလည်း ဝန်ခံတယ်။ ဘာဖြစ်လို့ စိတ်လက်မကြည်မသာ ဖြစ်နေရတာလဲလို့ သူ့ကို မေးကြည့်တော့ စိတ်လက်မကြည်မသာ ဖြစ်ရခြင်းရဲ့ အကြောင်းကိုတော့ မပြောပါရစေနဲ့လို့ သူက ပြောတယ်" ထိုအကြိမ်၌မူ ယသောဓရာ၏ မျက်လုံးသည် သေတံကဘက် လှည့်သွားသည်။

မိတ္တဥ္စယက ပြောလေ၏။

"တချို့ အကြောင်းအရာမျိုး ဆိုတာ ဖွင့်ပြောလို့ ဖြစ်တာမျိုး မဟုတ်ဘူး။ လျှို့ဝှက်ထားရတယ်"

"ဟုတ်ချင် ဟုတ်ပါလိမ့်မယ်။ ဒါပေမဲ့ လျှို့ဝှက်ထားတယ်ဆိုတာ လူတစ်ဦး တစ်ယောက်ရဲ့ အပြစ်ရှိနေတဲ့ စိတ်သဘောကို ဖော်ပြတဲ့ အမှတ်လက္ခဏာ ဖြစ်တယ်။ လူဟာ မိမိရဲ့ အကြောင်းကို ဘာကြောင့် လျှို့ဝှက်ထားသလဲဆိုရင် သူ့အကြောင်းကို လူ့လောကက သိသွားရင် ဝေဖန်ရှုတ်ချမှာ စိုးရိမ်တဲ့အတွက်ကြောင့် ဖြစ်တယ်။ ဗိဇဂုတ္တ စိတ်မချမ်းမသာ ဖြစ်နေရခြင်းရဲ့ အကြောင်းကတော့ လျှို့ဝှက်ထားတဲ့အရာ မဟုတ်ဘူးဆိုတာ သမီး ပြောပြနိုင်ပါတယ်။ အဲဒီလို သူကိုယ်တိုင်ကလည်း သမီးကို ပြောပြတယ်"

"လျှို့ဝှက်ထားတယ်ဆိုတာဟာ လူတစ်ဦးတစ်ယောက်ရဲ့ အပြစ်ရှိနေတဲ့ စိတ်သဘောကို ဖော်ပြတဲ့ အမှတ်လက္ခဏာ ဖြစ်တယ်ဆိုတဲ့ အယူအဆဟာလည်း ဗီဇဂုတ္တရဲ့ အယူအဆပဲ မဟုတ်လား" သေတံကက သရော်ပြုံး ပြုံး၍ ပြောလိုက်လေ၏။

"ဟုတ်တယ်။ အဲဒါ မမှန်ဘူးလား"

"အားရှိတဲ့လူ အတွက်တော့ အဲဒီအယူအဆ၊ အဲဒီဝါဒဟာ မမှားပါဘူး။ လူ့လောကကို နည်းနည်းကလေးမှ အမှုမထားဘဲ အသက်ရှင်နေနိုင်တဲ့ ပုဂ္ဂိုလ်အတွက် အဲဒီအယူအဆ၊ အဲဒီဝါဒဟာ အကြွင်းမဲ့ သင့်လျော်မှန်ကန်ပါတယ်။ ဒါပေမဲ့ လောကမှာရှိတဲ့ လူတွေဟာ တစ်ယောက်မကျန် အင်အားရှိနေတဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ဘူး။ ကျွန်ုပ်ကိုပဲ ကြည့်ပါ။ ကျွန်ုပ်ဟာ ဗီဇဂုတ္တရဲ့ အလုပ်အကျွေးတစ်ယောက် ဖြစ်တယ်။ သူ့အမိန့် အာဏာသာ ကျွန်ုပ်ရဲ့ အလိုဆန္ဒဖြစ်တယ်။ ကျွန်ုပ်ရဲ့ တာဝန်ဝတ္တရား ဖြစ်တယ်။ ကျွန်ုပ်မှာလည်းပဲ ကျွန်ုပ်ကိုယ်ပိုင် အရည်အသွေးဆိုတာ ရှိပါတယ်။ ဒါပေမဲ့ အဲဒီအရည်အသွေးဟာ ဘယ်မှာ အသုံးချလို့ ရသလဲ။ ကျွန်ုပ်ဟာ မလွတ်လပ်တဲ့ပုဂ္ဂိုလ် ဖြစ်တယ်။ ဆန့်ကျင်ဘက် ပြုလုပ်လိုတဲ့ စိတ်ဆန္ဒ သဘာဝမီးက ကျွန်ုပ်ရဲ့ရင်ကို လောင်မြိုက်တဲ့အခါမျိုး မကြာခဏ ပေါ်လာတတ်ပါတယ်။ အဲဒီအခါမျိုးမှာဆိုရင် အဲဒီ ဆန့်ကျင်ဘက်ပြုလိုတဲ့ စိတ်ဆန္ဒမီးကို လူသိရှင်ကြား ပြုလုပ်ပြီး ရန်ဘက်ပြိုင်လိုက်ရရင် ကောင်းမလား၊ သို့မဟုတ် အဲဒီမီးကို ဖုံးအုပ်ပြီး ကိုယ့်တာဝန်ဝတ္တရားကို လိုက်နာရရင် ကောင်းမလားဆိုတဲ့ ပြဿနာရဲ့ အဖြေဟာ ထင်ရှားပြတ်သား လာပါတယ်"

မိတုဠူယက ပြောလိုက်လေ၏။

"သေတံက၊ မင်းရဲ့ ဆန့်ကျင်လိုတဲ့ စိတ်ဓာတ်ဟာ မသင့်လျော်ပါဘူး။ အဲဒီစိတ်ဓာတ်ကို လျှို့ဝှက်ထားတာပဲ ကောင်းပါတယ်"

ယသောရောက ဖြည်းညင်းစွာ ပြောလိုက်လေသည်။

"ရှင့် အဲဒီ ဆန့်ကျင်လိုတဲ့ စိတ်ဓာတ်ဟာ သင့်လျော်မှန်ကန်ပါတယ် သေတံက။ ကျွန်မ ရှင့် အခြေအနေကို သိရတာ စိတ်မကောင်းပါဘူး" သေတံကသည် ယသောရော၏ မျက်လုံး၌ ကိုယ်ချင်းစာနာ ငဲ့ညှာထောက်ထားမှု ရောနေသော အချစ်၏ တစ်ချက်လက်လိုက်သော အရောင်ကို တွေ့မြင်ရလေသည်။

---

**အခန်း ( ၁၆ )**

အချို့ ပုဂ္ဂိုလ်များသည် အခြားပုဂ္ဂိုလ်များအား မိမိတို့အပေါ်တွင် တိမ်းညွတ်လာအောင် ညှို့နိုင်ကြသည်။ ထိုပုဂ္ဂိုလ်များသည် အခြားပုဂ္ဂိုလ်များအား မိမိတို့အပေါ်တွင် တိမ်းညွတ်စေပြီးလျှင် မိမိတို့၏ လက်အောက်ခံ ပြုလုပ်ကြသည်။ ကျေးကျွန်ပြုလုပ်ကြသည်။ စိတ္တရလေခါသည် ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သည်။ စိတ္တရလေခါသည် မိမိ၏ ယင်းညှို့အားကို ကောင်းစွာ မသိရှိသော်လည်း မိမိကိုယ်ကို မချုပ်တည်း မပိတ်ပင်နိုင်တော့ပေ။

ကုမာရဂိရိ၏ သခ်မ်းကျောင်းထဲ၌ ကုမာရဂိရိနှင့် စိတ္တရလေခါတို့ အတူဆုံကြသည်။ ကုမာရဂိရိသည် စိတ္တရလေခါနှင့် ခွာ၍ နေလိုလှသော်လည်း အခါခပ်သိမ်းပင် မိမိကိုယ်ကို စိတ္တရလေခါနှင့် ကပ်၍နေသည်ကို တွေ့ရလေသည်။ ယင်းအချက်ကို သူ အံ့သြနေမိသည်။ စိတ္တရလေခါသည် ကုမာရဂိရိနှင့်အတူ ကုမာရဂိရိ၏ သခ်မ်းကျောင်း၌ နေလေသည်။ ကုမာရဂိရိ တရားထိုင်နေသည့် အခါမျိုး၌ စိတ္တရလေခါသည် သခ်မ်းကျောင်းတွင်းသို့ လာပြီးလျှင် အိမ်ရှင်မတစ်ဦးကဲ့သို့ ဝေယျာဝစ္စကို လုပ်ကိုင်ဆောင်ရွက်လေသည်။ ထိုအချိန်မျိုး၌ ကုမာရဂိရိသည် တရားကြာကြာ ထိုင်မနေနိုင်ပေ။ သူ၏ မျက်လုံးသည် ပွင့်လာတတ်သည်။ တစ်ခဏဖြစ်ဖြစ် စိတ္တရလေခါကို မပျက်မကွက် ကြည့်တတ်သည်။ ထို့နောက် ချက်ချင်း မျက်လုံးကို ပြန်မှိတ်ပစ်လေသည်။ တစ်ဖန် ထပ်ပြီး တရားအာရုံပြုရန် ကြိုးစားသည်။ သို့ရာတွင် တရားအာရုံပြုရန် သူ့အတွက် မလွယ်တော့ပေ။

Typing - ငွေဇင်ယော်

စိတ္တရလေခါကကော။ စိတ္တရလေခါသည် ကုမာရဂိရိ၏ သခ်မ်းကျောင်းသို့ ကုမာရဂိရိကိုချစ်ရန် လာခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် သခ်မ်းကျောင်းသို့ ရောက်လာသောအခါ သူ၏ အကြံအစည်မှာ တစ်မျိုးတစ်မည် ပြောင်းသွား၏။ တရားဘာဝနာ ကျင့်ကြံအားထုတ်ခြင်းကို သင်ကြားလိုသည့် စိတ်ဆန္ဒ ပေါ်ပေါက်လာလေ၏။ ကုမာရဂိရိ၏ လမ်းခရီး၌ အနှောင့်အယှက် ပေးလိုသည့် စိတ်ဆန္ဒ မရှိပေ။

ထိုနေ့၌ ဆီမီးသည် ဆီကုန်ခမ်းသွားလေပြီ။ ညဥ့် နှစ်ပဟိုရ် တီးပြီးလေပြီ။ ကုမာရဂိရိသည် တရားထိုင်ဖို့ရန် အချိန်ရောက်လာလေပြီဖြစ်၍ မိမိ၏နေရာ၌ပင် ထိုင်လိုက်လေ၏။ မျက်စိကို မှိတ်လိုက်သည်။ သို့ရာတွင် တရားကို အာရုံပြု၍မရ။ စိတ္တရလေခါသည် ကုမာရဂိရိ တရားအာရုံပြုနေပြီဖြစ်ကြောင်း တွေ့ရသည့်အခါ သခ်မ်းကျောင်းတွင်းသို့ လာပြီးလျှင် မိမိ၏ နေရာ၌ ထိုင်လိုက်လေ၏။

စိတ္တရလေခါ၏ ခြေသံကို ကြားရသည်ဖြစ်၍ ကုမာရဂိရိသည် မျက်လုံးဖွင့်ပြီးလျှင် ဖြည်းညင်းစွာ ခေါ်လိုက်လေ၏။

"ဒေဝီ စိတ္တရလေခါ"

စိတ္တရလေခါ လန့်သွား၏။ ကုမာရဂိရိ တရားအာရုံ ရောက်သွားပြီဟု သူက ထင်မှတ်လေသည်။ ထရင်း ပြောလိုက်လေ၏။

"ခွင့်လွှတ်ပါ ဆရာအရှင်၊ ကျွန်ုပ် မှားသွားပါတယ်။ သင် ယောဂီ တရားအာရုံမရမီ ကျွန်ုပ် ရောက်လာမိပါတယ်။ သင်ယောဂီအတွက် အနှောင့်အယှက် မဖြစ်အောင် ကျွန်ုပ် သွားနေဦးမယ်"

ကုမာရဂိရိက ပြုံးလိုက်လေ၏။

"သွားနေဖို့ မလိုပါဘူး။ ဒီမှာပဲ ထိုင်ပါဦး။ အခု တရားမထိုင်သေးဘူး။ မင်းနဲ့ စကားပြောဦးမယ်"

စိတ္တရလေခါ ထိုင်လိုက်လေသည်။

"စိတ္တရလေခါ၊ လူဟာ လောကီလမ်းစဉ်နဲ့ လောကုတ္တရာလမ်းစဉ်ကို တစ်ပြိုင်နက်တည်း လိုက်လို့ရသလား၊ မရဘူးလားဆိုတာ ကျုပ် စဉ်းစားနေတယ်"

"ကျွန်ုပ် နားမလည်ဘူး"

"မင်း တပည့်ခံဖို့ လာတဲ့နေ့က မင်း ကျုပ်ကို ချစ်တယ်လို့ ပြောတယ် မဟုတ်လား"

"ဟုတ်တယ်။ ကျွန်ုပ် အမှန်ပြောတာပဲ"

"ချစ်တယ်ဆိုတာ ဘယ်လို အဓိပ္ပာယ်လဲ"

"ချစ်တယ်ဆိုတဲ့ အဓိပ္ပာယ်က ဝိညာဉ်နှစ်ခုရဲ့ ဆက်သွယ်မှု တည်ဆောက်ခြင်းကို ဆိုလိုတယ်"

ကုမာရဂိရိသည် အတန်ကြာမျှ ခပ်မဆိတ်နေလေ၏။

"ဒါဖြင့် အဲဒီ အဓိပ္ပာယ်ဖွင့်ရဲ့ အလိုအရ ချစ်တယ်ဆိုတာ ဝိညာဉ်နှစ်ခု အကြားမှာသာ ဖြစ်နိုင်တယ်ပေါ့။ လူနှစ်ယောက် အကြားမှာသာ ဖြစ်နိုင်တယ်ပေါ့။ လူနဲ့ ဘုရားသခင် အကြားမှာတော့ မဖြစ်နိုင်ဘူးပေါ့"

"ဒါပေမဲ့ သင်ယောဂီရဲ့ အလိုအရ ဝိညာဉ်ဆိုတာ ဘုရားသခင်ရဲ့ အစိတ်အပိုင်း တစ်ခုဖြစ်တယ် မဟုတ်လား။ ဒါကြောင့် ဒီ အဓိပ္ပာယ် အဖွင့်အရ ဘုရားသခင်နဲ့လည်း ချစ်ခြင်း ဖြစ်နိုင်ပါတယ်" စိတ္တရလေခါက ပြန်ဖြေလိုက်လေသည်။

"ဒီကနေ့ ကျုပ် အတွေးသစ် အကြံသစ်တစ်ခုကို စဉ်းစားနေမိတယ် ဒေဝီ စိတ္တရလေခါ။ ချစ်ခင်တပ်မက်မှု ကင်းခြင်းဆိုတာ လူအတွက် မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုရင် ချစ်ခင်တပ်မက်မှု ကင်းခြင်းဆိုတာဟာ ထင်ရှားမရှိတဲ့ အရာဖြစ်တဲ့အတွက်ကြောင့် ဖြစ်တယ်။ ချစ်ခင်တပ်မက်မှု ကင်းခြင်းရဲ့ အခြေခံဟာ သုညသာ ဖြစ်တယ်။ ဘာမှ မဟုတ်ဘူး။ အဲဒီလို အခြေအနေမှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က သူ ချစ်ခင်တပ်မက်မှုကင်းတယ်လို့ ပြောရင် သူ့စကားဟာ မှန်မှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုရင် အဲဒီအချိန်မှာ သူဟာ ကမ္ဘာလောကကို ချစ်ခင်တပ်မက်ခြင်း မရှိဘူးလို့ ပြောလိုတဲ့စိတ်ဆန္ဒ ရှိနေပေမယ့် တစ်ပြိုင်နက်တည်းမှာပဲ တစ်ဦးတစ်ယောက်ကိုတော့ သူ ဧကန်မုချ ချစ်ခင်တပ်မက်နေတယ်။ သူ ပြဟ္မကို၊ ဘုရားသခင်ကို ချစ်ခင်တပ်မက်နေတယ်။ ဘဝရဲ့ လုပ်ငန်းစဉ်ဟာ အပြုဖြစ်တယ်။ အဖျက်မဟုတ်ဘူး။ လူရဲ့ တာဝန်ဝတ္တရားဟာ ချစ်ခင်တပ်မက်ခြင်း ဖြစ်တယ်။ ချစ်ခင်တပ်မက်မှုကင်းခြင်း မဟုတ်ဘူး။ ဘုရားသခင်ကို ချစ်ခင်တပ်မက်ခြင်းရဲ့ အဓိပ္ပာယ်ဟာ ဘုရားသခင်မှ သီးခြားဖြစ်တဲ့ အရာဝတ္ထုကို လျစ်လျူရှုခြင်း သို့မဟုတ် ချစ်ခင်တပ်မက်မှုကင်းခြင်း ဖြစ်တယ်။ ဒါပေမဲ့ တကယ့် တကယ် ကြည့်လိုက်ရင်တော့ ချစ်ခင်တပ်မက်မှု ကင်းသူလို့ခေါ်တဲ့ ပုဂ္ဂိုလ်ဟာ အမှန်တကယ် ချစ်ခင်တပ်မက်မှုကင်းသူ မဟုတ်ဘူး။ ဘုရားသခင်ကို ချစ်ခင်တပ်မက်နေသူသာ ဖြစ်တယ်။ ပထမအချက်က အရေးမကြီးဘူး။ ဒုတိယအချက်က အရေးကြီးတယ်။ ကမ္ဘာလောကကို ချစ်ခင်တပ်မက်မှု ကင်းခြင်းနဲ့ ဘုရားသခင်ကို ချစ်ခင်တပ်မက်ခြင်း နှစ်မျိုးဟာ အတူတူပဲ မဟုတ်ဘူးလား"

စိတ္တရလေခါသည် ကုမာရဂိရိ၏စကားကို ကြားရသည်ဖြစ်၍ မျက်လုံးပြူးသွားလေ၏။ ကုမာရဂိရိ၏ အတွင်းစိတ်ကို သူ သိလေသည်။ ကုမာရဂိရိ၏ အားပျော့ချက်ကိုလည်း သူ သိပေလိမ့်မည် -

"ဆရာအရှင်၊ ကျွန်ုပ် အဖြေ ပြန်ပေးနိုင်စွမ်း မရှိပါ။ ကျွန်ုပ် ဆရာအရှင့်ဆီက အသိပညာရလိုတဲ့အတွက် လာရောက်ခြင်း ဖြစ်ပါတယ်။ ကျွန်ုပ် ဆရာအရှင်ဆီမှာ ဘဝရည်မှန်းချက်ပန်းတိုင်ကို ကြည့်ရှုလိုတဲ့အတွက် လာရောက်ခြင်း ဖြစ်ပါတယ်။ ပြဟ္မကို သိလိုတဲ့အတွက် လာရောက်ခြင်း ဖြစ်ပါတယ်"

ကုမာရဂိရိ ဦးခေါင်း ငုံ့သွားသည်။ သူ၏ အကျင့်တရားစိတ်က သူ၏အပြစ်မကင်းသည့် စိတ်နှလုံးကို ချုံးနှိမ်ဖိနှိပ်ထားသည်။

"ဒေဝီ စိတ္တရလေခါ၊ မင်း ပြောတာ မှန်တယ်။ အသိပညာဆိုတာ တွေးခေါ်ကြံဆလို့ ရတဲ့အရာ မဟုတ်ဘူး။ အတွေ့အကြုံအားဖြင့် ရတဲ့အရာသာ ဖြစ်တယ်ဆိုတဲ့ ဖောက်လွှဲဖောက်ပြန် ဖြစ်နေတဲ့ အယူအဆ ကျုပ်သန္တာန်မှာ ဘာဖြစ်လို့ ပေါ်လာတယ်ဆိုတာ ကျုပ်ကိုယ်တိုင်တောင်မှ မသိဘူး။ ဒါပေမဲ့ အဲဒီအယူအဆဟာ အမှန်တကယ်ပဲ အတော့်ကို အင်အားကောင်းလာတယ်။ ကမ္ဘာလောကကို မျက်နှာလွှဲပြီးတော့ ဘုရားသခင်ကို ချစ်ခင်တပ်မက်လို့ ရသလားဆိုတဲ့ မေးခွန်းရဲ့အဖြေကို ပေးရလိမ့်မယ်။ အဲဒီမေးခွန်းရဲ့ အဖြေကို မပေးနိုင်မချင်းတော့ ကျုပ် ငြိမ်းချမ်းမှု ရမှာ မဟုတ်ဘူး"

စိတ္တရလေခါသည် မိမိကိုယ်ကို ပြန်လည် ဆန်းစစ်ကြည့်၏။ မိမိကိုယ်တွင် ထူးခြားဆန်းကြယ်သော ပြောင်းလဲမှုတစ်ရပ်ကို တွေ့ရသည်။ မိမိသည် အစ ပထမတွင် ကုမာရဂိရိနှင့် ချစ်ရအောင် လာခဲ့ခြင်း ဖြစ်သည်။ ယခု ကုမာရဂိရိကို ချစ်လည်း မချစ်နိုင်ပေ။ ပူဇော်လည်း မပူဇော်နိုင်ပေ။ ကုမာရဂိရိထံမှ သင်ကြားနာယူခြင်းလည်း မပြုလုပ်နိုင်ပေ။ ယင်းအချက်များကို သဘောပေါက်လာလေသည်။ မြို့၏ ငြိမ်သက်အေးချမ်းမှု မရှိသော ဘဝကို သူ ထိတ်လန့်နေသည်။ လူသူဆိတ်သုဉ်းရာ၏ ငြိမ်းချမ်းမှု၌ လည်းကောင်း၊ သူတော်သူမြတ်၏ အရိပ်အာဝါသ၌ လည်းကောင်း၊ ယုံကြည်မှု ကန့်လန့်ကာ အကွယ်၌လည်းကောင်း ချမ်းသာမှုကို တွေ့ရသည်။ ဘဝ၏ ပျော်ရွှင်မှုများကို ငြီးငွေ့လာသည်။ အပျော်ကျူးခြင်းများသည် သူ့အတွက် စိတ်နောက်စရာ ဖြစ်လာသည်။ ကုမာရဂိရိ၏ သင်္ခမ်းကျောင်းရှိ ဆိတ်ငြိမ်သော ပတ်ဝန်းကျင်၌ စိတ္တရလေခါသည် ချမ်းသာမှုကို တွေ့ရသည်။ ရောင့်ရဲမှုကို မြင်ရသည်။

ကုမာရဂိရိသည် အတန်ကြာမျှ ဆင်ခြင်စဉ်းစား၍ နေလေ၏။ ထို့နောက်တစ်ဖန် ပြန်ပြောလေ၏။

Typing - ငွေဇင်ယော်

"ဒေဝီစိတ္တရလေခါ၊ ကျုပ် အခုထက်ထိ မင့်ကို နားမလည်သေးဘူး။ ဒါပေမဲ့ ကျုပ်တို့ရဲ့ ပေါင်းသင်းဆက်သွယ်မှုဟာ ယခင်ကတည်းက စတင်လာခဲ့တယ်လို့ ကျုပ်ရဲ့ နှလုံးသားက ပြောနေတယ်"

ကုမာရဂိရိထံသို့ မလာခင်က စိတ္တရလေခါကလည်း အလားတူပင် ဆင်ခြင်စဉ်းစား ခဲ့ဖူးသေးသည် -

"ဟုတ်ချင် ဟုတ်ပါလိမ့်မယ်။ ဒါပေမဲ့ အတိတ်ဘဝက အကြောင်းအရာတွေဆိုတာ ထင်ထင်ရှားရှား မြင်ရလောက်အောင် မပြတ်သားကြပါဘူး"

ကုမာရဂိရိက ရယ်လိုက်လေ၏။

"ကျုပ်အတွေး မှားနေချင် မှားနေပါလိမ့်မယ်။ ဒါပေမဲ့ ဒေဝီစိတ္တရလေခါ၊ တစ်ခု မေးပါရစေ။ မှန်မှန် ပြောစမ်းပါ။ မင့်မှာ အဆွဲအား၊ အညို့အားတစ်ခု ရှိတယ်။ အဲဒီအားကို မင်း ဘယ်ကရသလဲ" -----------------

စိတ္တရလေခါ မျက်နှာ နီရဲသွား၏။ နှစ်ပေါင်းများစွာ ကြာပြီးသည့် နောက်၌ ပထမဆုံးအကြိမ် ရှက်ခြင်းအသိ ဝင်လာလေသည်။ မျက်နှာ ငုံ့သွားသည်။

"ဆရာအရှင်၊ ကျွန်ုပ်မှာ အဆွဲအား၊ အညို့အားရှိတယ်ဆိုတာ ကျွန်ုပ် မသိဘူး"

ကုမာရဂိရိ မတ်တတ်ရပ်လိုက်သည်။ ထို့နောက် ဟိုလျှောက် သည်လျှောက် လုပ်နေသည်။ ထို့နောက် ပြောလိုက်လေ၏။

"ဒီကနေ့ တရားထိုင်ရတာ စိတ်မပါဘူး။ ထင်ရှားမရှိတဲ့ အရာကို အခြေခံပြီး ကိုယ့်စိတ်ကိုထိန်းရတာ ဒီကနေ့ ဘယ်လောက် အခက်တွေ့နေတယ် မသိဘူး။ အဲဒီလို ခက်တာဟာ ဘာကြောင့်လဲ" ထိုအကြိမ်၌ ကုမာရဂိရိ၏ အသံသည် တင်းမာလာလေသည်။

"ထင်ရှားမရှိတဲ့အရာကို ကိုးကွယ်ဆည်းကပ်ရတာ ဒီကနေ့ ဘာကြောင့် ဒါလောက် အခက်အခဲ တွေ့နေရတာလဲ။ နှလုံးက ပြောနေတယ် - 'ထင်ရှားရှိတဲ့ အရာကြောင့် ... ထင်ရှားရှိတဲ့ အရာကြောင့်' တဲ့" ထိုအခိုက် ကုမာရဂိရိသည် စိတ္တရလေခါအနီးသို့ ကပ်လာပြီးလျှင် ရပ်တန့်လိုက်သည်။ ထို့နောက် စိတ္တရလေခါကို စူးစိုက်ကြည့်လိုက်သည်။

"ကချေသည်၊ ကျုပ်ဟာ အခုအထိ ထင်ရှားမရှိတဲ့အရာကို ကိုးကွယ်ဆည်းကပ်ခဲ့တယ်။ အခုထင်ရှားရှိတဲ့အရာကို ကိုးကွယ်ဆည်းကပ်လိုတဲ့စိတ် ပေါ်လာတယ်။ ကျုပ် စမ်းသပ်မှုတစ်ခုကို ပြုလုပ်တော့မယ်။ အဲဒီစမ်းသပ်မှုမှာ မင်း ကျုပ်ကို အကူအညီ ပေးရမယ်၊ သိလား။ ထ ... ထ ... "

စိတ္တရလေခါ တုန်လှုပ်သွားသည်။ ယောဂီ၏မျက်နှာကို မှုန်မွှားသောအရိပ်တစ်ခု လွှမ်းနေသည်ကို တွေ့ရသည်။ ယောဂီ၏ တင့်တယ်လှပပြီး ငြိမ်းအေးသော မျက်နှာဝန်းသည် ဖောက်ပြန် ပြောင်းလဲသွားသည်။ ယောဂီ၏ သန္တာန်တွင် မိမိမွေးခဲ့သော မီးညွှန့်မီးလျှံများ၏ ထိတ်လန့်ဖွယ်ကို တွေ့မြင်ရ၍ ကြောက်ရွံ့သွားသည်။ စိတ္တရလေခါ မတ်တတ်ရပ်လိုက်သည်။ ထိုအချိန်၌ သူ၏ စွမ်းအားတို့သည် ကွယ်ပျောက် သွားကြကုန်ပြီဟု ထင်ရလေသည်။

ကုမာရဂိရိသည် စိတ္တရလေခါ၏လက်ကို ကိုင်လိုက်လေ၏။

စိတ္တရလေခါသည် ဦးခေါင်းမှခြေအထိ တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။ သူ၏လက်များကို လောလောပူနေသည့် သံကျော့ကွင်းဖြင့် ပတ်လိုက်သည်ဟု ထင်နေသည်။ ယောဂီ၏ တစ်ကိုယ်လုံးသည် ချစ်ချစ်တောက်နေသည်။

"ထင်ရှားရှိတဲ့အရာကို ကိုးကွယ်ဆည်းကပ်ဖို့ ကျုပ် စမ်းသပ်ကြည့်တော့မယ်။ ကျုပ်နှလုံးထဲမှာ အဲဒီ ထင်ရှားရှိတဲ့အရာ ဆိုတဲ့အသိ ပေါ်လာအောင် လုပ်ပေးတဲ့လူဟာ မင်းပဲဖြစ်တယ်။ ဒါကြောင့် မင်း ငါ့အလုပ်မှာ အကူအညီ ပေးရလိမ့်မယ်။ အကူအညီ မဟုတ်ဘူး။ မင်းပဲ ရည်မှန်းချက် လုပ်ရလိမ့်မယ် သိလား"

စိတ္တရလေခါသည် အားလုံးကို သိနားလည်၏။ ထိုကိစ္စအတွက်ပင် သူ ထိုနေရာသို့ လာခဲ့ခြင်းလည်း ဖြစ်သည်။ သို့ရာတွင် သူ တွေးတောမှန်းဆခဲ့သည့် အရာကိုမူ သူ မရရှိပေ။

*Typing* - ငွေဇင်ယော်

လေပြေ လေညင်းနှင့် ကစားရန် သူရောက်လာခြင်း ဖြစ်သည်။ မီးတောင်ထဲမှာ ကျွမ်းလောင်ရန် ရောက်လာခြင်း မဟုတ်ပေ။

"ဆရာ အရှင်"

ကုမာရဂိရိသည် စိတ္တရလေခါကို တင်းကျပ်စွာ ဖက်ထားလိုက်လေသည်။ သူ၏ နှုတ်ခမ်းသည် စိတ္တရလေခါ၏နှုတ်ခမ်းနှင့် သွားရောက် ဆုံစည်းလေသည်။

"ကချေသည်၊ ကျုပ် မင်းကို ချစ်နေပြီ"

စိတ္တရလေခါသည် ကုမာရဂိရိ ရှူထုတ်လိုက်သော ပူသောထွက်သက်ဖြင့် လောင်ကျွမ်းနေလေ၏။ အားစိုက်ပြီးလျှင် အတင်းရုန်းကန်လျက် မိမိ၏မျက်နှာကို ကုမာရဂိရိ၏မျက်နှာမှ လွှဲဖယ်ထားလိုက်လေသည်။

"ယောဂီ၊ သင် လမ်းလွဲနေပြီ။ သင့် အကျင့်တရားက သွေဖည်နေပြီ" ဖက်ထားသော ကုမာရဂိရိ၏ လက်များသည် ပြေကျသွားလေ၏။ ယောဂီသည် အထိတ်တလန့် ဖြစ်ပြီးလျှင် နောက်သို့ ဆုတ်လိုက်လေ၏။ သူ၏မျက်လုံးထဲတွင် ရှိနေသော ရူးသွပ်မှုသည် တစ်ခဏချင်းပင် ပျောက်ကွယ် သွားလေ၏၊ သူ၏မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည် -

"အို ... ကျုပ် ဘာလုပ်မိတယ် မသိဘူး" ကုမာရဂိရိက ပြောလိုက်လေ၏။

"ကျုပ်ကို ခွင့်လွှတ်ပါ၊ ဒေဝီ" ကုမာရဂိရိသည် ခပ်သုတ်သုတ်ပင် သင်္ခမ်းကျောင်းထဲက ထွက်သွားလေ၏။

စိတ္တရလေခါသည် ထိုနေရာမှာပင် ထိုင်လိုက်သည်။ ထိုင်လျက် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်ကို စဉ်းစားဆင်ခြင် နေလေ၏။ ကုမာရဂိရိထံသို့ သူ လာခဲ့သည်။ ယခု ကုမာရဂိရိထံမှ ပြန်သွားလိုစိတ် ပေါ်လာသည်။

စိတ္တရလေခါသည် မြေပြင်ပေါ်၌ လှဲလိုက်ပြီးလျှင် ရှိုက်၍ ရှိုက်၍ငိုလေသည်။ သူ အမှားကို ပြုလုပ်ခဲ့လေသည်။ ယင်းအချက်ကို သူကိုယ်တိုင် သဘောပေါက်လာသည်။ သူကိုယ်တိုင်လည်း အနိမ့်သို့ လိမ့်ကျခဲ့၏။ သူတစ်ပါးကိုလည်း တွန်းချခဲ့၏။ ယင်းအချက်များကို တွေးရင်းတွေးရင်းနှင့် အိပ်ပျော်သွားလေ၏။ မှန်တိုင်းစဲပြီးစ ငြိမ်သက်သွားသည်နှင့် ပမာတူလေသည်။

ကုမာရဂိရိသည် သင်္ခမ်းကျောင်းထဲက အပြင်သို့ ထွက်လာခဲ့ပြီးလျှင် လဟာပြင်ထဲတွင် လမ်းလျှောက်၍ နေလေသည်။ အချိန်အနည်းငယ်ခန့်က သူ၏ ကိုယ်ကာယသည် ပူလောင်နေသည်။ ယခု သူ၏ဦးနှောက်သည် ပူလောင်နေသည်။ ပထမအပူ၌ သုခကို တွေ့ရပြီး ဒုတိယအပူ၌ ဒုက္ခကို တွေ့ရသည်။ မိမိ၏ လုပ်ငန်းစဉ်မှ လည်းကောင်း၊ မိမိ၏ အကျင့်တရားမှ လည်းကောင်း၊ ဒလိမ့်ခေါက်ခွေး လိမ့်ကျခဲ့လေပြီ။ မိမိ၏ အားပျော့ချက် အပေါ်တွင် အနိုင်ယူဖို့ရန်မှာ သူ၏ တာဝန်ဝတ္တရား ဖြစ်လေသည်။

ရှေ့ဘက်၌ တစ်ခဲနက် အမိုက်တိုက်ရှိနေသည်။ နောက်ဘက်၌မူ ပါဠိလိပုတ်မှ ဆီမီးများသည် မိုတ်တုတ်မိုတ်တုတ်နှင့် တောက်နေကြသည်။ ကုမာရဂိရိ၏ ခြေထောက်သည် အမိုက်တိုက်ထဲသို့ လှမ်းနေသည်။

"ဟင့်အင်း၊ ငါ့အနေနဲ့ ကိုယ့်ကိုယ်ကို တားမြစ်ဖို့ဆိုတာ မလွယ်ဘူး။ လိမ့်ကျဖို့ ကျိန်းသေတယ်။ ကိုယ့်ကိုယ်ကို ကယ်တင်တာပဲ ကောင်းပါလိမ့်မယ်" ရေရွတ်လိုက်လေသည်။ ထိုအချိန်၌ ယောဂီသည် သင်္ခမ်းကျောင်းမှ အလှမ်းအတော် ဝေးသည့် နေရာသို့ ရောက်ရှိနေလေပြီ။

ရုတ်တရက် သူ၏ အဇ္ဈတ္တသန္တာန်မှ တစ်စုံတစ်ဦးက ပြောလိုက်လေ၏ -

"သင် သရဲဘော ကြောင်သလား"

သူက မေးလိုက်သည် - "ဘာဖြစ်လို့လဲ"

အဖြေရှိ၏။ - ”သင် ဘယ်ကို သွားနေတာလဲ။ မိမိရဲ့ အားပျော့ချက်အပေါ် အနိုင်ယူရခြင်းဟာ အကြီးမားဆုံးဖြစ်တဲ့ တရားအကျင့်ကို ကျင့်ခြင်း မဟုတ်လား။ မိမိအပေါ် အနိုင်မရရှိသေးသရွေ့ သင် ပြည့်စုံသူတစ်ယောက် မဟုတ်သေး။ သင် မိမိအပေါ် အနိုင်ရရှိစေရန် စိတ္တရလေခါ သင့်ဆီ ရောက်လာခြင်း ဖြစ်တယ်။ သင် စိတ္တရလေခါကို ကြောက်သလား။ စိတ္တရလေခါက သင့်ကို လိမ့်ကျဖို့ စေ့ဆော်နေသည်မဟုတ်။ သင် ကိုယ့်ကိုယ်ကို ထိတ်လန့်ကြောက်ရွံ့နေတယ်။ သင့်ဆီမှာ အားပျော့ချက် ရှိနေတယ်။ အဲဒီ အားပျော့ချက်ကို ဖယ်ရှားပစ်လော့။ အကျင့်တရား၏ ကျင့်ကြံအားထုတ်ခြင်း သင့်ဆီမှာ ရှိနေတယ်။ သင် ဘယ်ကို သွားမလို့လဲ”

ကုမာရဂိရိ တန့်ရပ်သွား၏ -

“ဒါဖြင့် အဲဒီလိုပဲ လုပ်မယ်” ဖြည်းညင်းစွာ ပြောလိုက်လေသည်။ ထို့နောက် သင်္ခမ်းကျောင်းရှိရာသို့ ပြန်လာလေသည်။ သင်္ခမ်းကျောင်းတွင်းသို့ သူ ပြန်ဝင်လာသောအခါ၌ စိတ္တရလေခါ အိပ်ပျော်နေလေပြီ။ သူ၏ ပါးပြင်တွင် ရှိနေသော မျက်ရည်စများ ခြောက်နေကြလေပြီ။ သို့ရာတွင် မျက်ရည်စီးကျသော နေရာများတွင်မူ အကြောင်းအစင်းများ ထင်နေကြသည်။ စိတ္တရလေခါ၏ အနီးတွင် ကုမာရဂိရိ ရပ်လိုက်သည်။ စိတ္တရလေခါ၏ မျက်နှာကို အတန်ကြာမျှ စိုက်ကြည့်နေလေသည်။ ထို့နောက် စိတ္တရလေခါ၏ မျက်နှာပေါ် ငုံ့လိုက်လေ၏။ ထိုအချိန်၌ ယောဂီသည် စိတ္တရလေခါ၏ နှုတ်ခမ်းနှင့် ပေါင်းလိုက်လေသည်။ သို့ရာတွင် နှုတ်ခမ်းချင်း ထိမိသည်နှင့် တစ်ပြိုင်နက် ထိတ်လန့်သွားပြီးလျှင် နောက်ဘက်သို့ ဆုတ်လိုက်လေ၏။ စိတ္တရလေခါ၏ နှုတ်ခမ်းသည် ဘယ်လောက် အေးစက်နေသနည်း။ ဘယ်လောက် အသက်မဲ့နေသနည်း။

တစ်စုံတစ်ခုကို စဉ်းစားတွေးတောပြီးလျှင် ယောဂီသည် ထိုင်လိုက်လေသည်။ တစ်ဖန်ထပ်ပြီး တရားအာရုံပြုဖို့ ကြိုးစားကြည့်၏။ သို့ရာတွင် သူ၏ အာရုံသည် တရားဘာဝနာဆီသို့ မရောက်ပေ။ ထို့နောက် လဲလျောင်းလိုက်လေသည်။ မကြာခင် မိမိကိုယ်ပေါ်တွင် အနိုင်ရအောင် လုပ်မည်ဟု စိတ်ပိုင်းဖြတ်လျက် အိပ်ပျော်သွားလေသည်။

## အခန်း ( ၁၇ )

နံနက် ဝေလီဝေလင်း စိတ္တရလေခါ အိပ်ရာမှ နိုးလာသောအခါ ကုမာရဂိရိ နေ့စဉ် ပြုလုပ်ဆောင်ရွက်နေကျ ဝတ်နှင့် ဖီလာပြုလျက် အိပ်နေသည်ကို တွေ့ရလေ၏။ အပြင်ဘက် ထွက်လာသောအခါ ဦးခေါင်းကိုက်ခဲ၍ နေသည်။ တစ်ကိုယ်လုံး ချစ်ချစ်တောက်နေသည်။ တစ်ညဉ့်လုံး အိပ်မက်ဆိုးများကို မြင်မက်ခဲ့သည်။ နလုံး တဒိတ်ဒိတ် ခုန်နေသည်။

ထိုအချိန်၌ နေထွက်ပြူ နေလေပြီ။ ကျေးငှက်သာရကာတို့၏ အသံများသည် ထိုနံနက် မိုးသောက် လေပြေလေညင်း၏ အရှိန်အဟုန်မှာ ပွင့်သစ်စ ပန်းပွင့်များ၏ ရနံ့များကို ဆောင်ကြဉ်း သယ်ပိုးနေရသဖြင့် သွက်သွက်လက်လက် မရှိလှပေ။ စိတ္တရလေခါသည် အပြင်ဘက် ထွက်လာပြီးလျှင် ရပ်လိုက်လေသည်။ ဝိလာသဒေဝသည် အပြင်ဘက်ရှိ ညောင်ပင်ရင်း၌ ထိုင်လျက် တရားအာရုံ ပြု၍နေသည်။

စိတ္တရလေခါသည် မတ်တတ်ရပ်လျက် စဉ်းစားစိတ်ကူးနေသည်။ ကုမာရဂိရိ၏ အထံ၌ သူနေ၍ တော် မတော် ဟူသော ပြဿနာကို ကြိုးစား၍ ဖြေရှင်းနေသည်။ သို့ရာတွင် သူ ယခု ဘယ်ကို သွားနိုင်သနည်း။ ဘယ်လို မျက်နှာထားပြီး ဗီဇဂုတ္တထံ သွားမည်နည်း။ ဗီဇဂုတ္တကကော သူ့ကို လက်ခံဦးမည်လော။ ယင်းပြဿနာများ၏ အဖြေကိုပေးရန် သူ မစွမ်းနိုင် ဖြစ်နေသည်။ စိတ္တရလေခါသည် ထိုနေရာမှ ရှေ့သို့ တိုးသွားလေ၏။ ဝိလာသဒေဝ၏အနီးသို့ ရောက်လာလေသည်။ ဝိလာသဒေဝသည် ထိုအခိုက် မျက်စိ ဖွင့်ကြည့်လိုက်လေ၏။ စိတ္တရလေခါ မိမိ၏ အနီးသို့ ရောက်နေသည်ကို တွေ့ရသည်ဖြစ်၍ စိတ္တရလေခါအား နှုတ်ဆက်လိုက်လေသည်။

စိတ္တရလေခါ၏ ဦးနောက်ထဲတွင် အကြံတစ်ခု ရုတ်တရက် ပေါ်လာလေသည်။ ဝိလာသဒေဝအား ပြန်လည်နှုတ်ဆက်ပြီးလျှင် စိတ္တရလေခါသည် ထိုနေရာ၌ ရပ်လိုက်လေ၏။

စိတ္တရလေခါ ယနေ့ သူ့ထံ လာသည်ကို တွေ့ရ၍ ဝိလာသဒေဝသည် အံ့အားသင့်နေသည်။

"ဒေဝီ ကျွန်ုပ်ကို ပြောစရာ ရှိလို့လား"

"ဟုတ်တယ်" စိတ္တရလေခါက ပြောလိုက်သည် - "အလွန်အရေးကြီးတဲ့ စကားတစ်ခွန်း ပြောစရာ ရှိတယ်။ ဒါပေမဲ့ အဲဒါကို ပြောမပြခင် ကျွန်မ ရှင့်ကို ကတိတစ်ခု တောင်းရလိမ့်မယ်။ တကယ်လို့ ကျွန်မပြောတဲ့စကားကို ရှင် လက်မခံချင်ဘူးဆိုရင် အဲဒီစကားကို ရှင် ဘယ်သူ့ကိုမှ ပြောမပြရဘူး။ အဲဒီ ကတိရရင် ကျွန်မ ရှင့်ကို အဲဒီအကြောင်း ပြောပြမယ်"

"ကျွန်ုပ် ကတိ ပေးပါတယ်"

"ဒါဖြင့် နားထောင် ကျွန်မ ပြောပြမယ် ဝိလာသဒေဝ။ ကျွန်မ ဒီကိုလာတာ မှားတယ်ဆိုတာ ကျွန်မ သိပြီ။ ကျွန်မ အမြင့်ကိုတက်ဖို့ လာခဲ့တယ်။ ဒါပေမဲ့ ဒီရောက်တော့ အမြင့်ကို မတက်ဘဲ အောက် လိမ့်ကျတာကို တွေ့ရတယ်"

ဝိလာသဒေဝက ပြုံးလိုက်လေ၏။ "ဟုတ်ကဲ့၊ နားလည်ပါတယ်"

ဝိလာသဒေဝ၏ အပြုံးတွင် ကွယ်ဝှက်၍နေသော သရော်သည့်အချက်ကို စိတ္တရလေခါသည် အပြည့်အဝ တွေ့မြင်ရလေသည်။ စိတ်ကိုထိန်းလျက် ပြောလိုက်ပြန်သည်။

"ရှင်က ရယ်တယ် ဟုတ်လား။ ကျွန်မ ပြောတာကို အယုံအကြည်မရှိဘူး ထင်တယ်။ မှန်ပါတယ်။ ရှင် ဟိုညက ကုမာရဂိရိနဲ့ ကျွန်မ အတူတွဲနေတာကို တွေ့ခဲ့တာကိုး။ ကျွန်မ ရှင့်ကို ဖွင့်ပြီး ပြောပြပါတော့မယ်။ ကျွန်မ ဒီကို အလုပ်တစ်ခု လုပ်မယ်လို့ ရည်ရွယ်ပြီး လာခဲ့တယ်။ ဒါပေမဲ့ အဲဒီအလုပ်ကို မလုပ်နိုင်ခဲ့ဘူး။ ဒီကို ရောက်ပြီး ကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်တော့ ကျွန်မ အမှားကို ပြုလုပ်မိတယ် ဆိုတာ သိရတယ်။ ကျွန်မ ဒီကိုလာပြီး မိမိကိုယ်ကို လိမ့်ကျအောင် လုပ်ခဲ့တယ်။ ဒါထက်ပိုပြီး လိမ့်ကျဖို့အတွက် ကျွန်မ အသင့်မရှိတော့ဘူး။ တစ်ပြိုင်နက်တည်းမှာပဲ ကျွန်မဟာ ကုမာရဂိရိကိုလည်း လိမ့်ကျအောင် ပြုလုပ်နေမိတယ်။ အဲဒါဟာ အင်မတန်ကြီးကျယ်တဲ့ ပြစ်မှုကြီးတစ်ခု ဖြစ်တယ်။ ပြောစမ်းပါ၊ အဲဒီပြစ်မှုကြီးက လွတ်အောင် ရှင်ကျွန်မကို အကူအညီပေးနိုင်မယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ပေးပါ့မယ်"

"ဝိလာသဒေဝ၊ ရှင် ဗီဇဂုတ္တရဲ့ အိမ်ကို သိတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ သိပါတယ်"

"ဗီဇဂုတ္တရဲ့ အိမ်မှာ သေတံကဆိုတဲ့ လုလင်တစ်ယောက်ရှိတယ်။ ကျွန်မက တွေ့ချင်တယ် ဆိုတဲ့အကြောင်း အဲဒီလုလင်ကို ပြောပေးပါ"

"ဟုတ်ကဲ့၊ ပြောပေးပါ့မယ်"

ထိုအချိန်၌ ကုမာရဂိရိသည် သခ်မ်းကျောင်း၏အပြင်ဘက် ထွက်လာသည်။ ကုမာရဂိရိကို တွေ့သည်ဖြစ်၍ စကားပြော ရပ်သွားသည်။ ကုမာရဂိရိသည် ဦးခေါင်းငုံ့ပြီး အပြစ်ရှိသူကဲ့သို့ သူတို့နှစ်ဦး၏ အနီး၌ ရပ်လိုက်လေသည်။ အတန်ကြာမျှ သုံးဦးသားသည် နှုတ်ဆိတ်နေကြသည်။ ထို့နောက် ကုမာရဂိရိက စတင် ပြောလိုက်လေသည်။

"ဒီနေ့ ကျုပ် အကြာကြီး အိပ်ပျော်သွားတယ်" ယင်းသို့ပြောရင်း ပြုံးလိုက်သည် - "အိပ်ရာထ နောက်ကျတဲ့အတွက် ကျုပ်စိတ်မကောင်းပါဘူး"

ယင်းသို့ ပြောလျက် ကုမာရဂိရိသည် ရှေ့သို့ ဆက်လျှောက်သွားလေသည်။ ဝိလာသဒေဝသည် ကုမာရဂိရိ၏ မျက်နှာတွင် ထူးခြားဆန်းကြယ်သော အမူအရာ ပြောင်းလဲမှုတစ်မျိုးကို တွေ့မြင်ရသည်။ ထို့ကြောင့် အံ့သြသွားပြီးလျှင် စိတ္တရလေခါကို ကြည့်လိုက်လေသည်။

"ဒေဝီ၊ ဒီကနေ့ ဆရာအရှင် သိပ်နေကောင်းပုံ မရဘူး"

“ဟုတ်တယ်၊ ဆရာအရှင် သိပ်နေမကောင်းဘူး။ အဲဒီလို ဖြစ်တာဟာ ကျွန်မ ဒီမှာ ရှိနေတဲ့အတွက်ကြောင့် ဖြစ်တယ်။ ဝိလာသဒေဝ၊ ရှင် ကျွန်မကို ကူညီရလိမ့်မယ်။ ကျွန်မအတွက် မဟုတ်ဘူး။ ရှင့် ဆရာအရှင်အတွက်ပါ”

“ကျွန်ုပ် ကူညီပါမယ်။ ဒီကနေ့ ကျွန်ုပ် ဗီဇဂုတ္တရဲ့ အိမ်ကို သွားပါမယ်” --------------

ကုမာရဂိရိသည် သခ်မ်းကျောင်းနှင့် အလှမ်းဝေးသော နေရာအထိ ထွက်သွားလေသည်။ တစ်နေ့လုံး သခ်မ်းကျောင်းသို့ ပြန်မလာပေ။ ဝိလာသဒေဝသည် ညနေချမ်းအချိန် ရောက်လာသောအခါ ပါဋ္ဌလိပုတ်မှ ပြန်လာခဲ့ပြီးလျှင် စိတ္တရလေခါအား ပြောပြလေ၏။

“ဒေဝီ၊ ဗီဇဂုတ္တ ကာသီကို အလည်အပတ် ခရီးထွက်သွားတယ်လို့ ပြောပါတယ်”

စိတ္တရလေခါသည် ထိုသတင်းကို ကြားသိသောအခါ ကြက်သေ သေသွားလေ၏။ ဝိလာသဒေဝကို ကြည့်ပြီးလျှင် ပြောလိုက်လေသည်။

“ကဲ၊ ဘယ့်နယ်လုပ်ကြမလဲ ဝိလာသဒေဝ”

“ဒေဝီ၊ ကျွန်ုပ်တော့ ဘယ်လိုမှ မလုပ်တတ်အောင် ဖြစ်နေတယ်”

“ရှင် ဘယ်လိုမှ မလုပ်တတ်အောင် ဖြစ်နေတယ် ဟုတ်လား။ ကျွန်မလည်း ဘယ်လိုမှ မလုပ်တတ်အောင် ဖြစ်နေတယ်။ ဒါ ဘုရားသခင်ပေးတဲ့ အပြစ်ဒဏ်ပဲထင်တယ်” စိတ္တရလေခါသည် တန့်ရပ်သွားသည်။ အတန်ကြာမျှ ခပ်မဆိတ် ရပ်နေလေသည်။ သူ၏ မျက်လုံးသည် ထိုအချိန်၌ မသိအပ် မသိရသည့် သုညထဲ၌ တစ်စုံတစ်ရာကို ရှာဖွေနေလေသည်။

“ဘုရားသခင်ပေးတဲ့ အပြစ်ဒဏ်ပဲ ထင်တယ်။ မိမိ ကျူးလွန်တဲ့ မကောင်းမှုများရဲ့ အကျိုးပေးလည်း ဖြစ်ကောင်း ဖြစ်လိမ့်မယ်။ အခြေခံ မှီခိုရာတစ်ခု ရှိတာကို စွန့်ပစ်ခဲ့တယ်။ ကျွန်မ ဗီဇဂုတ္တကို စွန့်ပစ်ခဲ့တယ်။ ဘာဖြစ်လို့ စွန့်ပစ်ခဲ့သလဲ။ ဘာဖြစ်လို့ မဟုတ်ဘူး။ ကျွန်မ ဒီကို အသိပညာ ရယူဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရောက်လာခဲ့တယ်။ ဒါ အသိပညာပဲလား။ ဘုရားသခင်က ကျွန်မကို အသိပညာ ပေးနေတာလား။ ဒါဖြင့် ဒါတွေအားလုံးဟာ ဘာကြောင့်လဲ။ ဝိလာသဒေဝ၊ ရှင် ဘာမှ မတတ်နိုင်ဘူး။ ဆရာအရှင်လည်း ဘာမှ မတတ်နိုင်ဘူး။ ဘုရားသခင်လည်း ဘာမှ တတ်နိုင်မှာ မဟုတ်ပါဘူး။ ဖြစ်ရမယ့်အရာ ဖြစ်နေတာပဲ။ နောင်ကိုလည်း ဖြစ်မှာပဲ” စိတ္တရလေခါ၏ မျက်လုံးသည် အရှူးအသွင်ကဲ့သို့ အရောင်တောက်နေသည်။ သူ၏ ငြိမ်းအေးသော မျက်နှာဝန်းသည် ဖောက်ပြန်ပြောင်းလဲသွားသည်။ စိတ်လှုပ်ရှားလာပြီးလျှင် တုန်တုန်ယင်ယင် ဖြစ်လာသည်။

ဝိလာသဒေဝသည် စိတ္တရလေခါ၏ ယင်းပုံပန်းသဏ္ဍာန်ကို တွေ့ရသည်ဖြစ်၍ တုန်လှုပ်သွားလေ၏။

“ဒေဝီ၊ အတိတ်က ဘဝဆီကို ဒေဝီ တစ်ဖန် ပြန်ပြီး မသွားနိုင်ဘူးလား”

စိတ္တရလေခါက ရယ်လိုက်လေ၏။

“အတိတ်က ဘဝဆီကို တစ်ဖန်ပြန်ပြီး မသွားနိုင်ဘူးလား ဟုတ်လား။ ဘယ်လောက် ကလေးဆန်တဲ့ စကားကို ပြောနေတာလဲ။ ကျွန်မ ရှေ့ကို တိုးလာခဲ့ပြီ။ နောက်ကို ပြန်ဆုတ်ဖို့ မဟုတ်ဘူး။ နောက်ကို ပြန်ဆုတ်တာဟာ သူရဲဘောကြောင်တဲ့ အလုပ်ဖြစ်တယ်။ သဘာဝနိယာမ တရားများနဲ့ ဗီလာဖြစ်တယ်။ ကမ္ဘာလောကမှာ ဘယ်သူ နောက်ပြန်ဆုတ်နိုင်သလဲ။ ဘယ်သူ နောက်ပြန် ဆုတ်နိုင်ခဲ့ဖူးသလဲ။ ခဏတိုင်း ခဏတိုင်းမှာ ရှေ့ကို တိုးသွားပြီး လူဟာ သေမင်းရဲ့ ခံတွင်းထဲ ရောက်သွားရတယ်။ တကယ်လို့ နောက်ပြန်ဆုတ်နိုင်လို့ရှိရင် လူဟာ မသေသူ ဖြစ်လာဖို့ရှိတယ် မဟုတ်လား။ ရှေ့သို့ … ရှေ့သို့ … အဲဒါဟာ မကောင်းမှုမှာပဲဖြစ်ဖြစ် ကောင်းမှုမှာပဲဖြစ်ဖြစ် နိယာမတရားတစ်ခု ဖြစ်တယ်။ နားလည်တယ် မဟုတ်လား” ယင်းသို့ပြောလျက် စိတ္တရလေခါသည် ထိုနေရာမှ ထွက်ခွာသွားလေ၏။ ဝိလာသဒေဝသည် မိမိ၏ရှေ့မှောက်မှ ထွက်သွားသော စိတ္တရလေခါကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

စိတ္တရလေခါသည် ရှေ့သို့ တိုးသွားလေသည်။ ချုံပုတ်တစ်ခုဘေးတွင် ထိုင်နေသော ကုမာရဂိရိကို တွေ့ရလေသည်။ သို့ဖြစ်၍ ကုမာရဂိရိရှိရာသို့ လာခဲ့လေ၏။ ကုမာရဂိရိသည် စိတ္တရလေခါကို တွေ့မြင်ရသည်ဖြစ်၍ မတ်တတ်ထလိုက်သည်။ စိတ္တရလေခါက မေးလိုက်လေ၏။

"ဒီကနေ့ တစ်နေ့လုံး ဆရာအရှင် သခ်မ်းကျောင်းကို မသွားဘူးနော်"

"ဟုတ်တယ် မသွားဘူး။ သခ်မ်းကျောင်းကို သွားရတာ သိပ် ကြောက်စရာကောင်းတယ်"

"ဒီလိုဆိုရင် နည်းလမ်းလေး ဘာလေး မရှိတော့ဘူးလား"

"နည်းလမ်း ဟုတ်လား၊ နည်းလမ်းတစ်ခုပဲရှိတယ် ကချေသည်၊ အဲဒီနည်းလမ်းကို မင်း နားလည်ပါတယ်။ ကျုပ် ထင်ရှားရှိတဲ့အရာကို ကိုးကွယ်ဆည်းကပ်ခြင်းအပေါ်မှာ ယုံကြည်မှုဆိုတာ ဖြစ်နိုင်မှာ မဟုတ်ဘူး"

"ထင်ရှားရှိတဲ့ အရာကို ကိုးကွယ်ဆည်းကပ်ခြင်းဆိုတာ မှောက်မှားခြင်းသာ ဖြစ်တယ်"

"ကချေသည်၊ ထင်ရှားရှိတဲ့အရာကို ကိုးကွယ်ဆည်းကပ်ခြင်းဟာ မှန်တယ်၊ မှားတယ်လို့ အဆုံးအဖြတ်ပေးဖို့ဟာ မင့်အလုပ် မဟုတ်ပါဘူး။ မင်း ကျုပ်တပည့် ဖြစ်တယ်။ မင်း တာဝန်ဝတ္တရားက ကျုပ်ပြောတာကို လိုက်နာဆောင်ရွက်ဖို့သာ ဖြစ်တယ်" ယင်းသို့ပြောလျက် ကုမာရဂိရိသည် မတ်မတ်ရပ်လိုက်လေသည်။

ဤတစ်ကြိမ်၌ စိတ္တရလေခါသည် ကြောက်လည်း မကြောက်ပေ။ ရှုံ့လည်း မရှုံ့ပေ။ ထုံးစံအတိုင်း လေးနက်သောအသံဖြင့် ပြောလိုက်လေ၏။

"ယောဂီ၊ ကိုယ့်ကိုယ်ကို မမေ့ပါနဲ့။ ယောဂီရှေ့မှာ ရပ်နေတဲ့ မိန်းမဟာ ယောဂီ အုပ်ချုပ်လို့ ရနိုင်လောက်အောင် ခိုကိုးရာ ကင်းမဲ့နေတဲ့ မိန်းမ မဟုတ်ဘူး။ ယောဂီက ကျွန်ုပ်ကို တပည့်အဖြစ် သိမ်းသွင်းလိုက်ပြီလို့ သင်ယောဂီ ထင်နေတယ်။ အဲဒါ သင့်အမှားပဲ။ မှားရုံသာ မဟုတ်ဘူး။ သင် ကိုယ့်ကိုယ်ကို လှည့်စားနေတယ်။ သင် ဘယ်သူ့ကို အမိန့်ပေးနေတာလဲ။ သင် အုပ်ချုပ်လိုတဲ့ ပုဂ္ဂိုလ်ရဲ့ ကျေးကျွန်ဖြစ်အောင် သင် ကိုယ့်ကိုယ်ကို လုပ်နေတယ်ဆိုတာ သင် မသိဘူးထင်တယ်"

ကုမာရဂိရိသည် အရှိန်အဝါ ကင်းမဲ့သွားပြီးလျှင် ထိုင်လိုက်လေသည်။ ထို့နောက် ကရုဏာသံဖြင့် ပြောလိုက်လေ၏။

"ကချေသည်၊ ကျုပ် မင်းကို ချစ်နေပြီ"

စိတ္တရလေခါက ရယ်လိုက်လေ၏။

"သင် ကျွန်ုပ်ကို ချစ်နေတယ်ဆိုတာ ကျွန်ုပ် သိတယ်။ ဒါပေမဲ့ ကျွန်ုပ်ကတော့ သင့်ကို မချစ်ဘူး။ သင့်အပေါ် စိုးမိုးချင်တဲ့ စိတ်ဆန္ဒ ကျွန်ုပ်မှာ ပေါ်လာတာ မှန်ပါတယ်။ ဒါပေမဲ့ အဲဒီ စိတ်ဆန္ဒဟာ အခိုက်အတန့်မျှသာ ဖြစ်တယ်။ အဲဒီလိုဖြစ်အောင်လည်း ကျွန်ုပ်ကြိုးစားပြီးပြီ၊ အောင်မြင်မှုလည်း ရရှိတယ်။ ဒါပေမဲ့ အဲဒါဟာ အကြောင်း မဟုတ်ပါဘူး။ ယောကျ်ားအပေါ်မှာ စိုးမိုးချင်တဲ့ စိတ်ဆန္ဒဟာ ယောကျ်ားကိုချစ်တဲ့ အချစ်ရဲ့ အမှတ်လက္ခဏာ မဟုတ်ဘူး။ သဘာဝက မိန်းမကို အုပ်ချုပ်ဖို့ ဖန်တီးထားတာ မဟုတ်ဘူး။ မိန်းမဆိုတာ အအုပ်ချုပ်ခံဖို့အတွက် ဖန်တီးထားတဲ့ အရာသာ ဖြစ်တယ်။ မိန်းမဟာ မိမိထက် အားလျော့တဲ့ ယောကျ်ားကို ချစ်လို့ မရဘူး။ မိန်းမရဲ့ စိုးမိုးခြင်း ခံနေရတဲ့ ယောကျ်ားဟာ မိန်းမရဲ့အချစ်ကို မခံထိုက်ဘူး။ မိန်းမရဲ့ ဘဝဟာ မိမိကိုယ်ကို အပ်နှင်းခြင်းဖြစ်တယ်။ မိမိရဲ့ တည်ရှိမှုကို မိမိချစ်သူရဲ့ တည်ရှိမှုနဲ့ ရောနှောလိုက်ခြင်း ဖြစ်တယ်။ သို့အတွက် မိန်းမဟာ သူ့အပေါ်မှာ အနိုင်ရရှိနိုင်တဲ့၊ သူ့အပေါ်မှာ စိုးမိုးနိုင်တဲ့ ယောကျ်ားကိုသာ ချစ်လို့ရတယ်။ ယောဂီ ကုမာရဂိရိ၊ ဒီနေရာမှာတော့ ညီညာမှု မရှိဘူး။ ယောကျ်ားရဲ့ အချစ်က စိုးမိုးခြင်းဖြစ်တယ်။ မိန်းမရဲ့အချစ်က မိမိကိုယ်ကို ယောကျ်ားလက်ထဲ အပ်နှင်းခြင်း ဖြစ်တယ်။ ဒါပေမဲ့ သင်နဲ့ ကျွန်ုပ်ကတော့ ပြောင်းပြန်ဖြစ်နေတယ်။ ကျွန်ုပ်က သခင်ဖြစ်ပြီး သင်က ကျွန်ဖြစ်နေတယ်။ ကျွန်ုပ်က သင့်အပေါ်မှာ စိုးမိုးမှု ရရှိခဲ့တယ်။ သင်က မိမိကိုယ်ကို အပ်နှင်းလိုက်တယ်။ ဘယ်လို အခြေခံနဲ့ သင် ကျွန်ုပ်ရဲ့ အချစ်ကို အလိုရှိနေသလဲ"

Typing - ငွေဇင်ယော်

ယောဂီ ကုမာရဂိရိသည် စိတ္တရလေခါပြောသော စကားများကို စိုက်ပြီးနာထောင်နေ၏။ ကချေသည် ပြောပြသွားသော စကားများမှာ ရင့်သီးလှသော်လည်း အကြွင်းမဲ့ မှန်ကန်နေသည်။ ဤအကြိမ်၌ ကုမာရဂိရိသည် မိမိ၏ အားပျော့ချက်ကို သဘောပေါက်သွားလေသည်။ မိမိအရှုံး၏ ပုံပန်းပျက်နေသော အသွင်အပြင်ကို မြင်သွားလေသည်။ ယောဂီသည် အတန်ကြာမျှ စဉ်းစားဆင်ခြင်နေပြီးနောက် ထလိုက်လေသည်။ သူ့မျက်နှာပေါ်မှ ဝါဖျော့ဖျော့အသွင်သည် လွင့်ရှား ပျောက်ကွယ်သွားလေ၏။ သူ့မျက်စိ၏ တောက်ပြောင်သော အရောင်သည် ပြန်လည် ပေါ်ပေါက်လာသည်။

"မင်းပြောတာ မှန်တယ်။ ကျုပ် မိမိကိုယ်ကို မင်းကို အပ်နှင်းခဲ့တယ်။ ကျုပ် မင်းထက် အားပျော့တယ်ဆိုတာ ထင်ရှားသွားတယ်။ ဘုရားသခင်က မင်း အကူအညီနဲ့ ကျုပ်ရဲ့ မာန်မာနကို ချိုးပစ်လိုက်တယ်။ ကျုပ်ဟာ သိမ်ငယ်တဲ့ လူတစ်ယောက် ဖြစ်တယ်ဆိုတဲ့ အကြောင်း ကျုပ်ကို ပြလိုက်တယ်။ အခု ရှေ့ ဘာလုပ်မယ်ဆိုတဲ့ အစီအစဉ်ကို ကျုပ် ဆုံးဖြတ်လိုက်ပြီ။ ကျုပ် မင်းအပေါ် အနိုင်ရအောင် လုပ်တော့မယ်။ ချစ်ဖို့အတွက် မဟုတ်ဘူး။ မင်းအပေါ် သက်သက် အနိုင်ရဖို့အတွက်၊ မိမိကိုယ်ကို လိမ့်ကျနေတဲ့နေရာက ထူမ မြှင့်တင်ဖို့အတွက် ကြိုးစားတော့မယ်။ စိတ်ချပါ။ မင်း ကုမာရဂိရိကို နောက်ကျရင် ဒါလောက် အာပျော့တာကို တွေ့ရတော့မှာ မဟုတ်ဘူး"

စိတ္တရလေခါက လေးနက်သော အမူအရာဖြင့် ပြောလေ၏။

"အဲဒီကိစ္စမှာ ကျွန်ုပ် ဆရာအရှင်ကို ကူညီချင်ပါတယ်"

"ဘယ်လိုကူညီချင်တာလဲ"

"ကျွန်ုပ် ဆရာအရှင်ရဲ့ သခ်မ်းကျောင်းက ထွက်သွားချင်ပါတယ်။ ကျွန်ုပ်ဟာ ဆရာအရှင်ရဲ့ လမ်းမှာ အနှောင့်အယှက်အဖြစ်နဲ့ လာရောက် ရပ်တည်နေတယ်ဆိုတာ ကျွန်ုပ် သိပါတယ်။ ကျွန်ုပ် အဲဒီပြစ်မှုကို ကျူးလွန်နေမိပါတယ်"

"အဲဒီလို မဖြစ်ဘူး ကချေသည်။ မင်း ကျွန်ုပ်သခ်မ်းကျောင်းက ထွက်ခွာသွားလို့ မဖြစ်ဘူး။ တကယ်လို့ မင်း ထွက်ခွာသွားမယ်ဆိုရင် ကျုပ် ဘယ်သူ့အပေါ် အနိုင်ရအောင် လုပ်ရတော့မလဲ၊ မင်း ကျုပ်နဲ့ အတူနေမှ ဖြစ်မယ် သိလား"

"ယောဂီ၊ သင် ယောဂီ ကျွန်ုပ်အပေါ် အနိုင်ရအောင် လုပ်ရမှာ မဟုတ်ဘူး။ မိမိအပေါ် အနိုင်ရအောင် လုပ်ရမှာ။ ကျွန်ုပ် ဒီမှာရှိနေသရွေ့ သင် မိမိအပေါ် အနိုင်ရဖို့ မလွယ်ဘူး။ အဲဒါကို ကျွန်ုပ် သေသေချာချာ သိတယ်။ ကျွန်ုပ်ကို ထွက်ခွာသွားခွင့်ပြုတာပဲ သင်ရဲ့ ကောင်းခြင်း ဖြစ်လိမ့်မယ်"

ကုမာရဂိရိ၏ မျက်နှာသည် နီရဲလာလေသည်။

"မဟုတ်ဘူး။ မင်း ကျုပ်နဲ့အတူ နေရမယ်။ မင်း ကျုပ်ကို သိပ်အားပျော့တဲ့ လူတစ်ယောက်လို့ ထင်နေတယ်။ မင်း ထွက်ခွာသွားရင် ကျုပ်မှာ ဆန့်ကျင်ဘက်သဘောတရား ရှိတော့မှာ မဟုတ်ဘူး။ အဲဒီလိုဆိုရင် ကျုပ် ကိုယ့်အပေါ် ဘယ်မှာအနိုင်ရတော့မှာလဲ။ ကိုယ့်အပေါ် အနိုင်ရရှိအောင် လုပ်ဖို့အတွက် ကိရိယာ တန်ဆာပလာ လိုတယ်။ ဘုရားသခင်က မင်းကို ကျုပ်ဆီ အဲဒီကိစ္စအတွက် ပို့လိုက်ခြင်းဖြစ်တယ်။ ကျုပ် အရှုံးပေးလိုက်ရတယ်။ အရှုံးဟာ ကျုပ်ရဲ့ ရည်မှန်းချက် မဟုတ်ဘူး။ အောင်မြင်မှု အပြည့်အဝ မရမချင်း ကျုပ် မင်းကို သွားခွင့် မပြုနိုင်ဘူး။ အဲဒါ မှတ်ထားပါ"

"သွားခွင့်မပြုဘူး ဟုတ်လား။ သင် ကျွန်ုပ်ကို တားထားနိုင်သလား"

"ဟင့်အင်း၊ ကျုပ် မင်းကို တားမထားနိုင်ပါဘူး။ အားပျော့သူက အားကောင်းသူကို တားထားနိုင်တယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ကျုပ် မင်းကို တောင်းပန်ရုံ တောင်းပန်နိုင်ပါတယ်။ တိုက်တွန်းရုံ တိုက်တွန်းနိုင်ပါတယ်။ တိုးလျှိုးရုံ တိုးလျှိုးနိုင်ပါတယ်။ မင်း ကျုပ်ကို လိမ့်ကျအောင် လုပ်ခဲ့တယ် ဆိုတာလောက်တော့ မင်း ဝန်ခံလိမ့်မယ် ထင်ပါတယ်"

"သင့်ကို လိမ့်ကျအောင် ကျွန်ုပ်လုပ်တာ မဟုတ်ဘူး။ သင်သာ ကိုယ့်ကိုယ်ကို လိမ့်ကျအောင် လုပ်တာပါ။ တစ်ခုတော့ ရှိတယ်။ သင် လိမ့်ကျသွားတဲ့ကိစ္စမှာ ကျွန်ုပ် ပယောဂလည်း မကင်းဘူး"

"မှန်တယ်။ ကျုပ်ပဲ မိမိကိုယ်ကို လိမ့်ကျအောင်လုပ်တယ်။ ပြီးတော့ ကျုပ်ပဲ မိမိကိုယ်ကို ထူမ မြှင့်တင်တဲ့ကိစ္စမှာ ကျုပ်အတွက် ကိရိယာ တန်ဆာပလာလုပ်ဖို့ဟာ မင့်တာဝန်ဝတ္တရား မဟုတ်ဘူးလား"

စိတ္တရလေခါ ဦးခေါင်းငုံ့လိုက်လေ၏။ သူ၏မျက်လုံးသည် ကုမာရဂိရိထံမှ ဖဲခွာပြီးလျှင် ပထဝီမြေကြီးပေါ် ရောက်ရှိနေသည်။

"ဟုတ်ပါတယ်။ ဆရာအရှင်ပြောတာ မှန်ပါတယ်"

"ဒါဖြင့် မင်း ကျုပ် တောင်းပန်တာကို လက်ခံမယ် မဟုတ်လား။ ကျုပ် အကျင့်တရားကို ပြည့်ဝ အောင်မြင်အောင် အားထုတ်နိုင်ရေး အတွက် မင်း ကျုပ်နဲ့အတူ နေ့ရက် အနည်းငယ်လောက် ဆက်ပြီး မနေနိုင်ဘူးလား"

စိတ္တရလေခါသည် အတန်ကြာမျှ တိတ်နေလေ၏။ ထို့နောက် ဖြည်းညင်းစွာ ပြောလိုက်လေသည်။

"ယောဂီ၊ ဘယ်လောက် အချိန်အပိုင်းအခြား လိုတာလဲ"

"အချိန်အပိုင်းအခြား ဟုတ်လား။ တကယ်လို့ ကျုပ် အနိုင်ရရှိတဲ့ပုဂ္ဂိုလ် ဖြစ်သွားရင် မင်း ကျုပ်နဲ့ အတူနေလို့ကော ဘာကိစ္စရှိမလဲ။ တကယ်လို့ ကျုပ် အနိုင်ရရှိတဲ့ပုဂ္ဂိုလ် ဖြစ်သွားရင် ကျုပ်ရဲ့လမ်းဟာ ဖြောင့်မှန်သွားပြီဆိုတဲ့အကြောင်း ကျုပ်နားလည်လိမ့်မယ်။ အဲဒီအချိန်မှာ မင်းလည်း သင့်လျော်တဲ့ လမ်းစဉ်ကို လိုက်နိုင်ပါတယ်"

"ဟင့်အင်း၊ ကျွန်ုပ် သင့်လမ်းစဉ်ကို မလိုက်နိုင်ပါဘူး။ ဒါပေမဲ့ အခုတော့ နေပါဦးမယ်။ ထွက်သွားလိုတဲ့ စိတ်ဆန္ဒ ပေါ်လာရင် ထပ်ပြီးပြောပါ့မယ်။ အဲဒီအခါမှာတော့ သင် ကျွန်ုပ်ကို တားလို့ရမှာ မဟုတ်ဘူး"

---

**အခန်း ( ၁၈ )**

စိတ္တရလေခါသည် ဗီဇဂုတ္တ၏ဘဝမှ ဗီဇဂုတ္တ၏ အလိုမပါဘဲ ထွက်သွားသည်။ ယသောဓရာသည် ဗီဇဂုတ္တ၏ ဘဝအတွင်းသို့ ဗီဇဂုတ္တ၏ အလိုမပါဘဲ ဝင်ရောက်လာသည်။ ဗီဇဂုတ္တက ရယ်လိုက်လေ၏။ ဘဝသည် သူ့အတွက် ပဟေဠိတစ်ခု ဖြစ်နေသည်။

ကာသီရှိ ဆူညံလှုပ်ရှားနေသော လူစုလူဝေးထဲ၌ ဗီဇဂုတ္တသည် မိမိနှလုံးထဲက ဂနာမငြိမ်မှုကို နှစ်မြုပ်ပစ်လိုက်ဖို့ရန် ကြိုးစားယသည်။ သို့ရာတွင် ထိုကဲ့သို့ မဖြစ်ခဲ့ပေ။ ဂနာမငြိမ်မှု၏ အသွင်အပြင်သည်သာလျှင် ပြောင်းလဲသွားလေ၏။ သူ၏မျက်စိရှေ့မှောက်မှ အရိပ်ရုပ်ပုံလွှာကဲ့သို့ စိတ္တရလေခါ၏ ရုပ်ပုံလွှာသည် ရွှေ့လျားသွားပြီးလျှင် ယသောဓရာ၏ ရုပ်ပုံလွှာသည် အစားရောက်လာသည်။ ဒုက္ခ၏ လှုပ်ရှားမှုသည် သုခ၏ တုန်လှုပ်မှုအဖြစ် ပြောင်းလဲသွားသည်။ ဗီဇဂုတ္တနှင့် အဖော်အပေါင်းတို့ ကာသီသို့ ရောက်လာသည်မှာ တစ်ပတ်မျှ ရှိသွားလေပြီ။

တစ်နေ့သော ညနေခင်း ဖြစ်သည်။ အားလုံး စုထိုင်ပြီး ကာသီမြို့၏ လှပသော ရှုခင်းများအကြောင်း ဆွေးနွေးနေကြလေ၏။ မိတ္တဥယက ပြောလေသည်။

"ကျုပ်ရဲ့ဆန္ဒက ကာသီမှာပဲ အေးအေးဆေးဆေး တရားအားထုတ်နေချင်တယ်။ ဒါပေမဲ့ အခြေအနေက မပေးဘူး။ အိမ်ထောင်ရေးက စိတ်မအေးရတုန်းပဲ ရှိနေသေးတယ်" ယင်းသို့ပြောလျက် မိတ္တဥယသည် အဓိပ္ပာယ်အပြည့်ရှိသော အကြည့်ဖြင့် ဗီဇဂုတ္တကို ကြည့်လိုက်လေ၏။

Typing - ငွေဇင်ယော်

ဗီဇဂုတ္တသည် မိတ္တဥ္စယ ဆိုလိုသည့် အနက်အဓိပ္ပာယ်ကို မသိကျိုးကျွန်ပြုလျက် ပြောလေသည်။

"မြို့စားကြီး၊ အပျော်အပါး လိုက်စားခြင်းနဲ့ တရားဘာဝနာ ပွားများခြင်း၊ ချစ်ခင်တပ်မက်သူနဲ့ ချစ်ခင်တပ်မက်ခြင်း ကင်းသူ၊ လူဝတ်ကြောင်နဲ့ ရသေ့ရဟန်း - အဲဒါတွေဟာ တစ်ဦးနဲ့တစ်ဦး သိပ်မကွာခြားကြပါဘူး။ အနည်းအကျဉ်း ကွာခြားချင် ကွာခြားမယ်။ ဒါပေမဲ့ မပြောပလောက်ပါဘူး" ယင်းသို့ပြောလျက် ရယ်လိုက်လေ၏။

"ကျွန်ုပ်ပြောတဲ့ စကားတွေကို မြို့စားကြီး အံ့ဩချင် အံ့ဩနေလိမ့်မယ်။ ယုံချင်မှလည်း ယုံမယ်။ ဒါပေမဲ့ ကျွန်ုပ်ပြောတဲ့ စကားကတော့ အမှန်ဖြစ်ပါတယ်"

သေတံကအဖို့ အခွင့်ကောင်း ရရှိသွားလေ၏။ မိတ္တဥ္စယဘက်က ရှေ့နေလိုက်ရင်း ပြောလိုက်လေသည်။

"သခင်၊ အမှန်ဆိုတာ ဘာလဲ။ အမှန်ဆိုတာကို ဘယ်တုန်းက သိရဖူးလို့လဲ။ ပတ်ဝန်းကျင် အခြေအနေနဲ့ လိုက်လျောညီညွတ်ခြင်းရဲ့ ဒုတိယ အမည်နာမကိုပဲ အမှန်လို့ ခေါ်ကြခြင်းဖြစ်တယ်။ ပတ်ဝန်းကျင် အခြေအနေဆိုတာက အခါခပ်သိမ်း တစ်မျိုးတည်း တစ်စားတည်း ရှိနေတာမှ မဟုတ်ဘဲ"

မိတ္တဥ္စယ၏ မျက်နှာပေါ်၌ အပြုံးပေါ်လာလေသည်။

"သေတံက၊ မင်းပြောတဲ့ စကားဟာ မှန်ပေမယ့် ငါတို့ရှေ့မှောက်မှာ ရှိနေတဲ့ ပြဿနာနဲ့တော့ ဘယ်လိုမှဆိုင်မယ် မဟုတ်ပါဘူး။ ဗီဇဂုတ္တ၊ မောင် ကိုယ့်စကားကို ထပ်ပြီး မရှင်းပြနိုင်ဘူးလား"

ဗီဇဂုတ္တသည် သေတံက၏ မဆီမဆိုင် စွက်ဖက်ပြောဆိုချက်ကြောင့် စိတ်ထိခိုက်သလို ဖြစ်သွား၏။ ခြောက်ကပ်သောအသံဖြင့် ပြောလိုက်လေသည်။

"ကျွန်ုပ်ရဲ့ စကားက သူ့အလိုလိုပဲ ရှင်းနေပါတယ်။ လူဟာ အမှန်စင်စစ်အားဖြင့် ဘယ်တော့မှ ချစ်ခင်တပ်မက်ခြင်းကင်းသူ မဖြစ်နိုင်ပါဘူး။ ချစ်ခင်တပ်မက်ခြင်း ကင်းတယ်ဆိုတာဟာ သေခြင်းရဲ့ အမှတ်လက္ခဏာ ဖြစ်ပါတယ်။ သာမန်အားဖြင့် ချစ်ခင်တပ်မက်မှုကင်းခြင်းလို့ ခေါ်တဲ့အရာဟာ ချစ်ခင်တပ်မက်ခြင်းရဲ့ အာရုံကို ပြောင်းလဲပစ်လိုက်ခြင်းရဲ့ ဒုတိယ အမည်နာမ ဝေါဟာရ စကားလုံးသာ ဖြစ်တယ်။ ချစ်ခင်တပ်မက်ခြင်းဆိုတာ လိုလားတောင့်တခြင်း ဖြစ်တယ်။ ချစ်ခင်တပ်မက်မှု ကင်းခြင်းဆိုတာက တင်းတိမ်ရောင့်ရဲခြင်း ဖြစ်တယ်"

ဗီဇဂုတ္တ၏ မျက်လုံးသည် ရုတ်တရက် ယသောဓရာဆီ ရောက်သွား၏ ယသောဓရာ၏ မျက်လုံးသည် ဗီဇဂုတ္တ၏ မျက်လုံးနှင့် ဆုံစည်းသွားလေသည်။

အတန်ကြာမျှ တိတ်ဆိတ်ငြိမ်သက်နေကြ၏။ ယင်းတိတ်ဆိတ် ငြိမ်သက်နေခြင်း၌ အသက်မဲ့ခြင်း၏ ခြောက်သွေ့မှု ပေါ်နေသည်။ စိတ်ပျက်ဝမ်းနည်းခြင်း၏ အရိပ်ထိုးနေသည်။ သေတံကမှတစ်ပါး မည်သူမျှ တစ်စုံတစ်ရာကို တွေးတောမနေ။ သေတံကသည် မဆီမဆိုင်သည့် စကားကို ဆို၏။ ဗီဇဂုတ္တကို ထော်လော်ကန့်လန့် ပြောသည့်အပြစ်ကို ကျူးလွန်ထား၏။ သို့ဖြစ်၍ စိတ်မကောင်း ဖြစ်နေသည်။ --------------

ယသောဓရာသည် သေတံကကို ကြည့်လိုက်သည်။ သေတံက၏ မျက်နှာသည် ဖြူရော်ရော် ဖြစ်နေသည်။ သေတံက၏ အတွင်းစိတ်ကို ယသောဓရာ သိရှိရိပ်မိသွား၏။ သူကပင် တိတ်ဆိတ်ငြိမ်သက်ခြင်းကို ဖြိုဖျက်ပစ်လိုက်လေသည်။

"ဗီဇဂုတ္တ၊ ဒီမှာ နောက်ထပ် ဘယ်လောက်နေဦးမယ် ကြံရွယ်သလဲ"

"အသေအချာ မပြောနိုင်သေးဘူး။ ပါဋ္ဌလိပုတ် ပြန်ချင်တဲ့စိတ် တစ်ခါတော့ ပေါ်လာပါတယ်။ ဒါပေမဲ့ ဒီမှာ ရက်အနည်းငယ် နောက်ထပ် နေချင်တဲ့စိတ်ကလည်း မကုန်သေးဘူး။ မဟုတ်လား"

ဤအကြိမ် မိတ္တဥ္စယကို လှမ်းကြည့်ပြီးလျှင် ဗီဇဂုတ္တက ပြောလေ၏။

*Typing - ငွေဇင်ယော်*

"မြို့စားကြီး၊ ဒီမှာ နောက်ထပ် ဘယ်နှစ်ရက်လောက် နေမယ်လို့ ကြံရွယ်ပါသလဲ"

မိတ္တဥ္စယက ယသောဓရာကို ကြည့်ပြီးလျှင် ပြောလေသည်။

"ကျုပ် သဘောကိုတော့ မမေးနဲ့။ ယသောဓရာ လာချင်လို့ ကျုပ် လိုက်လာခဲ့ရတာ။ ဒါကြောင့် ပြန်ဖို့ဆိုတာလည်း သူ့အပေါ်မှာပဲ တည်နေပါတယ်"

ဗီဇဂုတ္တသည် ယသောဓရာကို ကြည့်လိုက်သည်။ ယသောဓရာက ပြုံးနေ၏။ ယသောဓရာ၏ ထိုနေ့အပြုံး၌ မိန်းမောတွေဝေသွားစေနိုင်သည့် အသရေတစ်မျိုးကို တွေ့ရှိရသည်။ ယနေ့ ဗီဇဂုတ္တသည် ယသောဓရာ၏အလှ၌ ပုံမှန်အသွင်အပြင်ကို ပထမဆုံးအကြိမ် တွေ့မြင်ရသည်။ အတန်ကြာ ယသောဓရာကို စိုက်ကြည့်နေလေ၏။ ထိုအချိန်၌ ယသောဓရာကလည်း ဗီဇဂုတ္တကို မမိုတ်မသုန် စိုက်ကြည့်နေလေ၏။ ထိုအခိုက် မိတ္တဥ္စယသည် အပြင်ဘက် လှမ်းကြည့်နေလေသည်။

ယင်းအဖြစ်အပျက်သည် သေတံကအတွက် ခံရပ်နိုင်ဖွယ် မဟုတ်သည့် အဖြစ်အပျက် ဖြစ်လာလေ၏။

"သခင်၊ ဒီနေ့ မြို့ထဲ ထွက်မလည်တော့ဘူးလား"

ဗီဇဂုတ္တ ကျိုးကန်း တောင်းမှောက် ဖြစ်သွားလေ၏။ ယသောဓရာထံမှ ချက်ချင်း မျက်နှာလွှဲ ပစ်လိုက်လေသည်။ ယသောဓရာကလည်း သေတံကဘက် လှည့်ကြည့်လိုက်လေ၏။ ဗီဇဂုတ္တက မိတ္တဥ္စယကို ပြောလိုက်လေသည်။

"မြို့စားကြီး၊ မြို့ထဲ ထွက်လည်ဦးမလား"

"ဒီကနေ့တော့ လည်ချင်စိတ် မရှိပါဘူး"

သေတံကက ယသောဓရာကို မေးလိုက်သည်။

"ဒေဝီယသောဓရာ၊ ဒေဝီကော အလည်မသွားဘူးလား"

ယသောဓရာက ရယ်လိုက်သည်။

"ဒီမှာ ထိုင်နေပြီး ဘာလုပ်မှာလဲ"

ဗီဇဂုတ္တက ပြောလိုက်သည်။

"ငါလည်း ဒီနေ့ လည်ချင်စိတ် မရှိလှဘူး"

"ဒါဖြင့် ရှင် သေတံကကို ကျွန်မနဲ့ လိုက်လည်ခွင့် မပေးနိုင်ဘူးလား" ယသောဓရာက ဗီဇဂုတ္တကို မေးလိုက်သည်။

"ဘာဖြစ်လို့ မပေးနိုင်ရမှာလဲ" ဗီဇဂုတ္တသည် စိတ်မပါတပါနှင့် ပြောလိုက်လေသည်။

ယသောဓရာသည် သေတံကနှင့်အတူ ထွက်သွားလေ၏။

ဗီဇဂုတ္တက မိတ္တဥ္စယကို ပြောလိုက်လေသည်။

"မြို့စားကြီး၊ ကာသီမှာ ယဇ်ပူဇော်မယ်လို့ ကြံရွယ်ထားတယ်ဆို။ ဘယ့်နှယ်လဲ၊ အစီအစဉ် ပြောင်းလိုက်ပြီလား"

မိတ္တဥ္စယက ရယ်လိုက်သည်။

"ဟုတ်တယ်။ အစီအစဉ်ကို ခေတ္တ ဆိုင်းငံ့ထားတယ်။ ဗီဇဂုတ္တ၊ ယဇ်ပူဇော်မှုက ဗလိနတ်စာကျွေးတဲ့ အခန်းကို ဖယ်ပစ်လို့ မရဘူးလားဆိုတဲ့ အချက်ကို ကျုပ် စိတ်ကူးကြည့်နေတယ်"

"ဘယ့်နှယ်ကြောင့်လဲ" ဗီဇဂုတ္တလည်း ရယ်လိုက်လေသည်။

"မြို့စားကြီး ဗုဒ္ဓဘာသာ ရဟန်းများ ဟောကြားတဲ့တရား လောင်းရိပ်အောက်မှာ မိနေပြီ ထင်တယ်"

"ဒါ အံ့သြနေစရာ အကြောင်း မဟုတ်ပါဘူး။ ဒါလောက်သွေးမြေကျလို့ဘာ အကျိုးကျေးဇူး ရှိမှာလဲ။ ဒီသွေးမြေကျတဲ့ ဥစ္စာဟာ ဘာသာတရားမှာ အင်အား ချိနဲ့ခြင်းကိုပဲ ဖြစ်ပေါ်စေတယ်။ ဗုဒ္ဓဟောကြားခဲ့တဲ့ တရားဟာ ယုတ္တိနဲ့ မကင်းဘူး ဆိုတာတော့ အငြင်းပွားစရာ မလိုပါဘူး"

"မှန်လည်း မှန်တယ် မဟုတ်လား" ဗီဇဂုတ္တက အေးအေးပင် ပြောလိုက်သည်။

အတန်ကြာမျှ နှစ်ဦးစလုံး နှုတ်ပိတ်နေကြလေ၏။ ဗီဇဂုတ္တ ထလိုက်သည်။

"မြို့စားကြီး ဒီမှာနေရတာ ပျင်းပါတယ်။ မြို့ထဲ ထွက်လည်မယ်ဆိုရင် မြို့စားကြီးအနေနဲ့ ကန့်ကွက်စရာ မရှိဘူး မဟုတ်လား"

"ထူးထူးထွေထွေ လည်ချင်တဲ့စိတ် မရှိဘူးဆိုတဲ့ အကြောင်းကိုသာ ပြောတာပါ။ ကန့်ကွက်စရာအကြောင်း မရှိပါဘူး။ မောင် လည်ချင်တဲ့စိတ်ရှိရင် ကျုပ်လည်း လိုက်ပို့မယ်"

ဝင်းတံခါး၌ ရထားရှိနေသည်။ နှစ်ဦးသား ရထားပေါ် တက်ထိုင်ကြလေသည်။

မြို့၏ ဆူဆူညံညံအသံများကို ငြီးငွေ့သည်ဖြစ်၍ မိတ္တဥယသည် ယာဉ်ရထားကို ဂင်္ဂါမြစ်ဘက် ဦးလှည့်လိုက်လေ၏။ ဂင်္ဂါမြစ်ဆိပ်၌ လှေများ အသင့်ဆိုက်ထားသည်။ သေတံကနှင့် ယသောဓရာတို့ လှေတစ်စင်းပေါ်တက်ပြီး ထွက်မည့်ဆဲဆဲ ဖြစ်နေသည်ကို ဗီဇဂုတ္တ တွေ့ရသည်ဖြစ်၍ လှမ်းခေါ်လိုက်လေ၏။

"သေတံက"

သေတံကသည် ထိုအချိန်၌ ဂင်္ဂါမြစ်၏ လှိုင်းများပေါ်တွင် ကဟာန်ချီနေကြသော လှေနာဝါများကို ငေးစိုက်ကြည့်နေလေ၏။ ဗီဇဂုတ္တ၏ အသံကို မကြားပေ။ ယသောဓရာက သေတံကကို ပြောလိုက်လေ၏။

"ဟော ဟိုမှာ ဘဘနှင့် ဗီဇဂုတ္တတို့ လာနေကြတယ်"

သေတံကသည် ဦးခေါင်း လှည့်လိုက်လေ၏။ ထိုအခိုက် ရထားရပ်သွားပြီးလျှင် ဗီဇဂုတ္တနှင့် မိတ္တဥယတို့ ရထားပေါ်မှ ဆင်းလိုက်ကြလေ၏။ ထိုအချိန်၌ မမျှော်လင့်ဘဲ ဗီဇဂုတ္တရောက်လာခြင်းကို သေတံက မနှစ်မြို့ပေ။ ချက်ချင်း မျက်နှာပျက်သွားသည် - "သေသာ သေလိုက်ပါတော့" ဟု တိုးတိုး ညည်းလိုက်လေသည်။ ယသောဓရာက ထိုစကားကို ကြားလိုက်လေသည်။

ယသောဓရာ၏ အမူအရာသည် တည်ကြည်လေးနက် သွားလေ၏။

"သေတံက၊ ဘဝမှာ ချုပ်တည်းမှုဆိုတာ အင်မတန် လိုအပ်တဲ့အရာ မဟုတ်လား"

သေတံကသည် ယသောဓရာ၏ တည်ကြည်လေးနက်သော အမူအရာကြောင့် တွန့်သွားလေ၏။ သို့ဖြစ်လင့်ကစား ပြောမိအောင် ပြောလိုက်လေသည် - "ချုပ်တည်းမှုနဲ့ အချစ်ဟာ တစ်ခုနဲ့တစ်ခု ပဋိပက္ခ ဖြစ်ကြတယ်"

ထိုခဏ၌ မိတ္တဥယနှင့် ဗီဇဂုတ္တတို့သည် အနီးသို့ ရောက်ရှိလာကြသည်။ သေတံက၏မျက်နှာ၌ ဂနာမငြိမ်ခြင်း ရောနှောနေသော စိတ်ပျက်ဝမ်းနည်းခြင်း အမူအရာသည် ရွေ့လျားပျောက်ကွယ် မသွားသေးပေ။ ဗီဇဂုတ္တက သေတံက၏ မျက်နှာအမူအရာကို အကဲခတ်မိလေ၏။

"သေတံက၊ မင်းတို့ ထွက်လာကြပြီးတဲ့နောက်မှ ငါတို့လည်း ပျင်းပျင်းရှိတာနဲ့ ထွက်လာကြတယ်"

မရှိုပြုံး ပြုံးလျက် သေတံကက ပြန်ပြောလေသည်။

"ကျွန်ုပ် သခင်ကို မဆွကတည်းက အလည်ထွက်ဖို့ ပြောတယ်မဟုတ်လား"

အားလုံး လှေပေါ်တွင် ထိုင်လိုက်ကြသည်။ လှေသည် ဂင်္ဂါမြစ် ရေပြင်ထဲ ထွက်လာခဲ့လေသည်။ လေးဘက်လေးရပ်ရှိ ဂင်္ဂါမြစ် ရေပြင်ပေါ်၌ လှေများ သွားလာ

Typing - ငွေဇင်ယော်

နေကြသည်။ အချို့နေရာ၌ သီချင်း သီဆိုနေကြသည်။ အချို့နေရာ၌ တူရိယာ တီးမှုတ်နေကြသည်။ အချို့နေရာ၌ စကားပြော နေကြသည်။ အချို့နေရာ၌မူ ရယ်နေကြလေ၏။

ယသောဓရာက ပြောလိုက်လေသည်။

"သေတံက၊ ရှင် ကာသီကို သဘောကျသလား၊ ပါဋ္ဌလိပုတ်ကို သဘောကျသလား"

သေတံကသည် အတန်ကြာ စဉ်းစားပြီး ပြန်ပြောလေ၏။

"ကျွန်ုပ် ပါဋ္ဌလိပုတ်ကို ပိုသဘောကျတယ်။ ဘာဖြစ်လို့လဲဆိုရင် ကာသီက ပါဋ္ဌလိပုတ်လို တောက်ပြောင် ဝင့်ဝါမှု မရှိဘူး။ ကာသီက ပညာရေး အချက်အချာ သက်သက်သာဖြစ်တယ်"

"ဗီဇဂုတ္တ၊ ရှင်ကကော ဘယ်လိုသဘောရသလဲ"

"ကျုပ်လား၊ ကျုပ်ကတော့ အခုနေ့ရက်တွေမှာ ကာသီကို သဘောကျတယ်" -----

ယသောဓရာက တစ်ဖန် မေးလိုက်ပြန်၏။

"အခု နေ့ရက်တွေမှာ ဘာဖြစ်လို့ ကာသီကို သဘောကျရတာလဲ"

"ဒေဝီယသောဓရာ၊ နေရာဌာနတစ်ခုခုကို သဘောကျတယ် မကျဘူးဆိုတာ ပတ်ဝန်းကျင် အခြေအနေနဲ့ လိုက်လျောညီညွတ်မှုပေါ်မှာ အခြေတည်နေပါတယ်။ ကျုပ်တို့ဟာ နေရာဌာနကို သဘောကျကြတာ မဟုတ်ပါဘူး။ နေရာဌာနဆိုတာက ရုပ်ဝတ္ထုတစ်ခု သက်သက်သာ ဖြစ်တယ်။ ကျုပ်တို့ ကျင့်သားရနေတဲ့ ပတ်ဝန်းကျင် အခြေအနေ ဖြစ်တယ်။ လူတိုင်း လူတိုင်းဟာ မိမိတို့ မွေးဖွားတဲ့၊ မိမိတို့ ကြီးပြင်းလာတဲ့ နေရာဌာနကို သဘောကျကြတယ်။ အဲဒီ နေရာဌာနမှာ အမြဲတစေ နေလာခဲ့တဲ့အတွက် အပေါင်းအဖော်ဆိုတာလည်း အဲဒီ နေရာမှာပဲ ရှိနေတယ်။ ကျုပ်တို့ရဲ့ ဘဝဆိုတာ ရုပ်ဝတ္ထုတွေနဲ့ ဖန်တီးထားတာ မဟုတ်ဘူး။ စိတ်နဲ့သာ ဖန်တီးထားတာ။ ကျုပ်တို့ အပေါင်းအသင်းလုပ်နေတဲ့ လူတွေနဲ့သာ ဖန်တီးထားတာ။ အဲဒီလို အခြေအနေအရ ကျုပ်အနေနဲ့ ပါဋ္ဌလိပုတ်ကို ပိုပြီး သဘောကျတယ်ဆိုတာ ဓမ္မတာပဲ။ ဒါပေမဲ့ ဒီမှာ စကားက အပြီးသတ် မသွားသေးဘူး။ ပုံစံတစ်မျိုးတည်း ဖြစ်တဲ့ ပတ်ဝန်းကျင် အခြေအနေဟာ အခါခပ်သိမ်း လူအားလုံးအတွက် နှစ်သက်ကျေနပ်ဖွယ် ဖြစ်နေတာ မဟုတ်ဘူး။ ကျုပ်တို့ရဲ့ သဘောထားဟာ ပြောင်းလဲမှုကို လိုလားနေတယ်။ ပြောင်းလဲမှုအတွက် ကျုပ်တို့အနေနဲ့ တစ်ခါတလေ တခြားပတ်ဝန်းကျင် အခြေအနေမှာ သွားနေဖို့ လိုတယ်။ အဲဒီ တခြားပတ်ဝန်းကျင် အခြေအနေဟာ ကျုပ်တို့အတွက် ကျုပ်တို့ရဲ့ ပြောင်းလဲမှုကို လိုလားတဲ့ အာသာဆန္ဒ ပြေမသွားမချင်း နှစ်သက်ကျေနပ်စရာ ဖြစ်နေမှာပဲ။ ကျုပ် ကာသီမှာ နေရတာ အားမရသေးဘူး။ ဒါကြောင့် အခုနေ့ရက် အတောအတွင်းမှာတော့ ကျုပ် ကာသီကို ပိုပြီး သဘောကျတယ်"

ယသောဓရာက ရယ်လိုက်လေ၏။

"ဗီဇဂုတ္တ၊ ရှင်ဟာ ဦးနှောက် အတော်ကောင်းတဲ့ ပုဂ္ဂိုလ် ဖြစ်တယ်။ ရှင် ဆင်ခြေတက်ရင် ချေဖျက်လို့ကို မရတော့ဘူး" ထို့နောက် သေတံကအား ရယ်၍ ပြောလိုက်လေ၏။

"သေတံက၊ အသိပညာဆိုတာ ဆင်ခြေတက်လို့ ရတာမျိုး မဟုတ်ဘူး။ ရှင် ဗီဇဂုတ္တကို သတိထား၊ သိလား"

သေတံက ကလည်း ရယ်၍ ပြောလေ၏။

"ဒေဝီယသောဓရာ၊ ကျွန်ုပ်ဟာ ဗီဇဂုတ္တရဲ့ ဆရာတူတပည့် ဖြစ်တယ်။ ဒေဝီ ပြောသလိုဆိုရင် ဆရာအရှင် ရသေ့မြတ် ရတနမ္ဗရကိုလည်း သတိထားရလိမ့်မယ် ထင်တယ်"

ယသောဓရာက မရဲတရဲ ပြောလိုက်လေ၏။

"အဲဒါကိုတော့ ကျွန်မ ဘယ့်နယ်လုပ် ပြောရမလဲ မသိဘူး"

ဗီဇဂုတ္တက ပြောလိုက်လေသည်။

"ဒေဝီယသောဓရာ၊ အဲဒါကိုလည်း ဘာဖြစ်လို့ မပြောနိုင်ရမှာလဲ။ ကိုယ်မှန်တယ်လို့ ထင်တဲ့ အကြောင်းအရာ တစ်ခုကို ပြောရမှာ ဘာနောက်တွန့်နေစရာ လိုသလဲ"

Typing - ငွေဇင်ယော်

"နောက်တွန့်နေတာ မဟုတ်ဘူး ဗီဇဂုတ္တ။ ရှင်နဲ့ ပတ်သက်တဲ့ အကြောင်းကိုတော့ ကျွန်မ ဘာမဆို ပြောပြနိုင်တယ်။ ဘာဖြစ်လို့လဲဆိုရင် ရှင်နဲ့ ကျွန်မဟာ ဘယ်လောက် ရင်းနီးနေသလဲ ဆိုရင် တစ်ယောက်နဲ့ တစ်ယောက် ကွဲပြားခြားနား နေတယ်လို့ မမြင်တော့ဘူး။ ရသေ့မြတ် ရတနမ္ဗရနဲ့ ပတ်သက်လို့ကတော့ သူက လေးစားမြတ်နိုးအပ်တဲ့ ပုဂ္ဂိုလ်တစ်ယောက် မဟုတ်လား"

ဗီဇဂုတ္တသည် ယသောရောကို ကြည့်လိုက်သည်။ သူ၏ မျက်လုံးသည် ယသောရော၏ မျက်လုံးနှင့် ဆုံစည်းသွားလေသည်။ နှစ်ဦးသားသည် တစ်ဦးနှင့်တစ်ဦး အတန်ကြာမျှ မမိုတ်မသုန် ကြည့်နေကြလေ၏။ ယသောရော၏ မျက်လုံး၌ အရှက်လည်း မရှိပေ။ အရွံ့လည်း မရှိပေ။ ကျက်သရေတစ်မျိုး ရှိနေသည်။ ကြည်လင် ပြတ်သားသည်။ အပြစ်ကင်းစင်သည်။ ဗီဇဂုတ္တ၏ သွေးကြောများ၌ သွေးသည် အရှိန်ပြင်းစွာဖြင့် စီးဆင်းနေသည်။ နှလုံးသွေးသည် တဒိတ်ဒိတ်နှင့် ခုန်နေသည်။ ကိုယ်ကာယ တစ်ခုလုံး ဖျဉ်းကနဲ လှုပ်ရှားသွားလေ၏။ ဗီဇဂုတ္တသည် ယသောရောထံမှ မိမိမျက်လုံးကို ဖယ်ပစ်လိုက်လေ၏။ ထို့နောက် သူ၏ မျက်လုံးသည် သေတံက၏ မျက်လုံးနှင့် သွားဆုံလေသည်။ သေတံက၏ မျက်လုံးက သူ ဗီဇဂုတ္တ၏ အတွင်းစိတ်ကို သိရှိရိပ်မိသည် ဟူသည့် အချက်ကို ဖော်ပြနေသည်။ ဗီဇဂုတ္တသည် မိမိကိုယ်ကို လည်းကောင်း၊ သေတံကကို လည်းကောင်း ဒေါသထွက်နေသည်။

"သေတံက"

"ဘာလဲ သခင်"

ဗီဇဂုတ္တသည် စိတ်ကို ထိန်းလိုက်၏။

"ဘာမှ မဟုတ်ပါဘူး။ တို့ ဒီရောက်တာ ဘယ်နရက် ရှိသွားပြီလဲ"

ဗီဇဂုတ္တ၏ နှုတ်မှ ပြောလိုသည့်စကား ထွက်မလာကြောင်းကို သေတံက နားလည်လေသည်။ ရက်ကို တွက်ပြီးနောက် ပြောလိုက်လေ၏။

"ရှစ်ရက် ရှိသွားပြီ"

"ဒီလိုဆိုရင် ပါဋလိပုတ်ကို ပြန်ဖို့တော်ပြီ ထင်တယ်"

ထို့နောက် သေတံက ကြားရရုံ လေသံကလေးဖြင့် ပြောလိုက်လေ၏။

"စိတ္တရလေခါကို မေ့ပစ်ဖို့ဆိုတာ မလွယ်ဘူး။ ပါဋလိပုတ် ပြန်ကြဖို့ စီစဉ်ရင် ကောင်းလိမ့်မယ်"

ယင်းကဲ့သို့ ဗီဇဂုတ္တ ရှောင်တခင် စိတ်ပြောင်းသွားသည်ကို သေတံက ဝမ်းသာသွားသည်။ မိတ္တဥယနှင့် ယသောရောတို့ကမူ အံ့သြသွားကြ၏။ မိတ္တဥယက ပြောလိုက်လေသည်။

"ဘယ့်နှယ်လဲ ဗီဇဂုတ္တ၊ တကယ်ကို ပြန်ဖို့ ရည်ရွယ်တာလား"

ဗီဇဂုတ္တသည် ဦးခေါင်းငိုက်စိုက် ချလိုက်လေ၏။

"မြို့စားကြီး၊ ကျွန်ုပ်ကို ခွင့်လွှတ်ပါ။ စိတ်မြန် ကိုယ်မြန် ဟောဟောဒိုင်းဒိုင်း လုပ်တတ်တဲ့ ဉာဉ်ဆိုးတစ်ခု ကျွန်ုပ်မှာ ရှိပါတယ်။ နောက်တစ်နာရီလောက်ကြာရင် ကျွန်ုပ် ဘာလုပ်မယ်ဆိုတာ ကျွန်ုပ်အခု မသိဘူး။ ကျွန်ုပ် အခု ဆိုင်းမဆင့် ဗုံမဆင့် ပါဋလိပုတ်ကို သတိရလာတယ်။ ကာသီကို ငြီးငွေ့လာတယ်။ ကာသီမှာ ဆက်ပြီး တစ်စက်ကလေးမှ နေချင်စိတ် မရှိတော့ဘူး"

ယသောရောက မေးလိုက်လေ၏။

"ဒါဖြင့် ဘယ်တော့ ပြန်မယ် စိတ်ကူးသလဲ။ ကျွန်မတို့လည်း ပြင်ဖို့ ရှိသေးတယ်။ ဗီဇဂုတ္တ၊ စိတ်လိုက်မာန်ပါ လုပ်တဲ့အခါမျိုးမှာ တခြားပုဂ္ဂိုလ်တွေ အဆင်ပြေမပြေ ဆိုတာကို အာရုံပြုဖို့ ဆိုတာလည်း လူရဲ့ တာဝန်ဝတ္တရား ဖြစ်တယ်"

ဗီဇဂုတ္တ၏ မျက်နှာသည် ရှက်စိတ်ကြောင့် ဖြူရော်ရော် ဖြစ်သွားလေ၏။

“ယသောဓရာ၊ သင်ပြောတာ မှန်ပါတယ်။ ကျုပ်ကို ခွင့်လွှတ်ပါ၊ ဒေဝီရဲ့ အဆင်ပြေရေးကို ကျုပ် အာရုံပြုတယ် ဆိုတာကိုလည်း စိတ်ချထားပါ။ ဒေဝီအတွက် အဆင်ပြေတဲ့ အချိန်ကျမှပဲ ကျုပ် ပြန်ပါ့မယ်”

“မဟုတ်ဘူး ဗီဇဂုတ္တ၊ ကျွန်မအနေနဲ့ အဆင်မပြေစရာ ဘာမှ မရှိဘူး။ ကျွန်မက အကြောင်းကို ပြောပြတာပါ။ ရှင့် အလိုကျဖြစ်အောင် ကျွန်မတို့ နက်ဖြန်ညနေ ပြန်နိုင်အောင် စီစဉ်ပါ့မယ်။ ပစ္စည်း အနည်းအကျဉ်းတော့ ဝယ်စရာရှိတယ်။ နက်ဖြန်ခါ သေတံကနဲ့ အတူသွားပြီး ဈေးထဲက ဝယ်စရာရှိတဲ့ ပစ္စည်းကို ဝယ်လာခဲ့ပါမယ်”

---

## အခန်း ( ၁၉ )

ဗီဇဂုတ္တသည် မိမိကိုယ်ကိုမိမိ အံ့ဩနေ၏။ ယသောဓရာကို သူမသိမသာ စိတ်ပါဝင်စားနေလေသည်။ အကယ်၍ ထို့နေ့က သေတံက၏ မျက်နှာတွင် ပေါ်နေသော အမူအရာကသာ သူ့ကို သတိမပေးလျှင် ယသောဓရာကို လက်ခံကောင်း လက်ခံလိုက်တော့မည် ဖြစ်ပေသည်။

ဗီဇဂုတ္တသည် ကာသီသို့ မိမိ၏ စိတ်ဒုက္ခကို မေ့ပစ်ရန်အလို့ငှာ၊ မိမိ၏ စိတ်လှုပ်ရှားမှုကို ဖျောက်ဖျက်ပစ်ရန် အလို့ငှာ လာရောက်ခြင်း ဖြစ်လေသည်။ ပါဋ္ဌလိပုတ်တွင် နေလျှင်၊ စိတ္တရလေခါ၏ အနီးတွင် နေလျှင်၊ မိမိ၏ အဆောင်အယောင် ပတ်ဝန်းကျင်၏ အကြားတွင် နေလျှင်၊ သူ၏ နှလုံးအနာသည် သက်သာ ပျောက်ကင်းလာဖို့ရာ လမ်းမရှိပါ။ ပါဋ္ဌလိပုတ်၌ ယင်းကဲ့သို့ပင် သူစဉ်းစားမိလေသည်။ ယင်းသို့ စဉ်းစားပြီးလျှင် ပါဋ္ဌလိပုတ်မှ ထွက်လာခဲ့လေသည်။ ရည်မှန်းချက် ကင်းမဲ့သည့် ခရီးသွားတစ်ဦးကဲ့သို့ အိမ်တွင်းမှ အပြင်အပသို့ ထွက်လာခဲ့လေသည်။

“ရည်မှန်းချက် ကင်းမဲ့သည့် ခရီးသွားလော” ဗီဇဂုတ္တ၏ စိတ်ကူးသည် ပြောင်းလဲသွားလေပြီ - “လူတိုင်းလူတိုင်း ရည်မှန်းချက် ကင်းမဲ့သလော။ သို့မဟုတ် ရည်မှန်းချက် ကင်းမဲ့ခြင်းသည် ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အတွက် ဖြစ်နိုင်သလော။ ဖြစ်နိုင်လျှင်လည်း ဖြစ်ပေလိမ့်မည်” ဗီဇဂုတ္တသည် ချီတုံချတုံ ဖြစ်နေသည်။ ပြဿနာတစ်ခုသည် သူ၏ရှေ့မှောက်၌ ပေါ်လာပြန်လေသည် - “လူမှာ ရည်မှန်းချက်တစ်ခုခု ရှိသလော။ ပုဂ္ဂိုလ် တစ်စုံတစ်ယောက်သည် မိမိ မည်သည့်အတွက်လာသည်။ မည်သည့်အရာကို ပြုလုပ်လိုသည်။ မည်သည့်အရာကို ပြုလုပ်မည်ဟူ၍ ကြိုတင်ပြောပြ နိုင်ပါသလော။ မပြောပြနိုင်ပေ။ ယင်းသို့ ပြောပြဖို့ရန်မှာ မဖြစ်နိုင်ပေ။ လူသည် လက်အောက်ခံ ဖြစ်သည်။ မလွတ်လပ်ပေ။ ပတ်ဝန်းကျင် အခြေအနေ၏ ကျေးကျွန် ဖြစ်သည်။ ရည်မှန်းချက် ကင်းမဲ့သည်။ မသိအပ် မသိရသည့် အစွမ်းသတ္တိတစ်ခုက လူကို ကြိုးကိုင်နေသည်။ လူ၏ အလိုဆန္ဒမှာ ဘာတန်ဖိုးမျှမရှိ။ လူသည် မိမိကိုယ်မိမိ မှီခိုနေသူ မဟုတ်။ လူသည် လုပ်သူလည်း မဟုတ်။ လုပ်စရာ ကိရိယာ တန်ဆာပလာမျှသာ ဖြစ်၏”

ဗီဇဂုတ္တသည် တစ်ဖက်သို့ စောင်းလိုက်ပြန်သည်။ အိပ်မပျော်။ ညဉ့်နက်သန်းခေါင် ကျော်လွန်သွားလေပြီ။ လေးဘက်လေးရပ်၌ တစ်ခဲနက် တိတ်ဆိတ်ငြိမ်သက်ခြင်း လွှမ်းမိုးနေသည်။ ဗီဇဂုတ္တသည် တစ်ဖန် ထပ်၍ စဉ်းစားပြန်လေ၏ - “ငါ နက်ဖြန်ခါ ပါဋ္ဌလိပုတ်ကို ပြန်တော့မည်။ အဘယ်ကြောင့်နည်း” ဆက်၍ စဉ်းစားကြည့်၏ - “စိတ္တရလေခါနှင့် တွေ့ဆုံရအောင်၊ စိတ္တရလေခါကို ဆွဲခေါ်ရအောင်” ဗီဇဂုတ္တသည် မိမိကိုယ်ကို စိတ်ချယုံကြည်သည်။ အကယ်၍ သူကသာ အကျောက်အကန်လုပ်လျှင် စိတ္တရလေခါ ငြင်းဆန်လိမ့်မည် မဟုတ်ဟု သူသိသည်။ “ဟင့်အင်း၊ စိတ္တရလေခါဆီကို အခု မသွားတော့။ ဘာကြောင့် သွားရမှာနည်း။ ငါက စိတ္တရလေခါကို စွန့်ပစ်ခဲ့သလော။ မဟုတ်။ စိတ္တရလေခါကသာ ငါ့ကို စွန့်ပစ်ခဲ့သည် မဟုတ်လော။ ယင်းသို့ စွန့်ပစ်ခြင်းမှာ အဘယ့်ကြောင့်နည်း။ ဘုရားသခင်၏ အစီအမံဖြစ်ခဲ့သော် တားဆီးပိတ်ပင်၍ ရမည်မဟုတ်။ သို့ဖြစ်လျှင် ဘာကြောင့် စိတ်ဆင်းရဲနေရမည်နည်း။ စိတ္တရလေခါ သွားပြီ။ သွားချင် သွားပါစေ။ ငါ ကိုယ့်ဘဝကို ဘာကြောင့် ဒုက္ခရောက်အောင် လုပ်ရမည်နည်း”

*Typing - ငွေဇင်ယော်*

ဗီဇဂုတ္တသည် မျက်စိမှိတ်လိုက်သည်။ အိပ်ပျော်အောင် ကြိုးစား၍ အိပ်လေသည် - "စွန့်လွှတ်မှုနှင့် ဒုက္ခခံစားမှုကြောင့် ဘဝသည် ပျက်စီးဆုံးရှုံး သွားရမည်လော။ ဒုက္ခသည် ဘဝ၏ အစိတ်အပိုင်းတစ်ခု မဟုတ်လော။ လူတိုင်း လူတိုင်း၏ ကံကြမ္မာ၌ သုခသာလျှင် ပါသလော။ သုခ အရေးကြီးသလောက်ပင် ဒုက္ခလည်း အရေးကြီး၏။ သို့ဖြစ်လျှင် ဒုက္ခကို ခံရမည်။ စွန့်လွှတ်ခြင်း လမ်းစဉ်ကို ရွေးချယ်ရမည်။ ငါ ကိုယ့်တာဝန် ဝတ္တရားကို လုပ်ကိုင်ဆောင်ရွက်သင့်သည်။ ငါ၏ တာဝန်ဝတ္တရားကား အဘယ်နည်း"

ဗီဇဂုတ္တသည် ထပြီး မတ်တတ်ရပ်လိုက်သည်။ ရေအေး တစ်ခွက်ကို သောက်လိုက်၏။ မျက်နှာသစ်ပြီးလျှင် တစ်ဖန် လဲလျောင်းနေပြန်၏။ ----------------

"ငါ၏ တာဝန်ဝတ္တရားကား အဘယ်နည်း။ ငါ မွေးဖွားလာသည်မှာ အလုပ်လုပ်ရန်အတွက် ဖြစ်သည်။ ငါ၏ တာဝန်ဝတ္တရားမှာ အိမ်ထောင်သည် ဘဝဖြင့် နေသွားရန် ဖြစ်သည်။ ငါ၏ တာဝန်ဝတ္တရားမှာ မိမိ၏မျိုးဆက် ထွန်းကားပြန့်ပွားအောင် ပြုလုပ်ရန် ဖြစ်သည်။ ယင်းအတွက် ငါ့အနေဖြင့် လက်ထပ်ထိမ်းမြားဖို့ လိုအပ်သည်။ လက်ထပ်ထိမ်းမြားခြင်းသည် ဘုရားသခင် စီမံခန့်ခွဲခြင်းပင် မဟုတ်လော။ ထိုအကြောင်းကြောင့် စိတ္တရလေခါသည် ငါ၏ဘဝမှ ထွက်ခွာသွားခြင်း ဖြစ်တန်ရာသည်။ လက်ထပ်ထိမ်းမြားမည်။ တစ်ကြိမ်လောက် အိမ်ထောင်သည်ဘဝ၏ သုခကို ခံစားကြည့်မည်။ လက်ထပ်ထိမ်းမြားရန်အတွက် သတို့သမီးကောင်း တစ်ဦးလည်း ရှိနေပြီ။ ယသောဓရာ ... ယသောဓရာ။ ယသောဓရာသည် အလှနှင့်အယဉ်၌ စိတ္တရလေခါအောက် မနိမ့်ပေ။ ယသောဓရာသည် ရတနာ ဖြစ်သည်။ စင်ကြယ်သန့်ရှင်းသော ရုပ်လုံးဖြစ်သည်။ ယသောဓရာနှင့် လက်ထပ်ထိမ်းမြား ရမည်လော။ မိန်းမဂုဏ်သိက္ခာဟူသမျှ ယသောဓရာတွင် အပြည့်အဝ ရှိသည်။ သို့ဖြစ်လျှင် ယသောဓရာကို ဘာကြောင့် လက်မထပ်ရမှာနည်း။ သို့သော် ယသောဓရာနှင့် လက်ထပ်ဖို့ရန် ဖြစ်နိုင်ပါမည်လော။ ငါသည် တစ်ကြိမ် ယသောဓရာကို ငြင်းပယ်ခဲ့ပြီးလေပြီ။ ဘယ်လို မျက်နှာထားပြီး မိတ္တဥ္စယဆီက ယသောဓရာကို တောင်းမည်နည်း။ မြို့စားကြီး မိတ္တဥ္စယကလည်း ယသောဓရာကို ငါနှင့် လက်ထပ်ပေးရန် အလွယ်တကူ သဘောတူမည် မဟုတ်" ဗီဇဂုတ္တက ရယ်လိုက်လေသည် - "ဟင့်အင်း၊ ဒါ မဖြစ်နိုင်ဘူး။ ငါ အခု ယသောဓရာနှင့် လက်ထပ်ဖို့ကိစ္စကို စဉ်းစား၍ မဖြစ်တော့။ နောက်ကျသွားပြီ။ အလွန် နောက်ကျသွားပြီ။ စိတ္တရလေခါ- စိတ္တရလေခါပဲ ငါ့ဘဝမှာ ရှိနေသည်"

ဗီဇဂုတ္တ တစ်ဖန် ထလိုက်ပြန်သည်။ သူ့အဖို့ အိပ်ပျော်ဖို့ မလွယ်တော့ဟု သူနားလည်သွားသည်။ ထိုအချိန်၌ လမင်း ထွက်ပြူလာလေ၏။ ဗီဇဂုတ္တသည် အိမ်အပြင်ဘက် ထွက်လာခဲ့ပြီးလျှင် ဂင်္ဂါမြစ်ဆိပ်ဘက် လျှောက်လာခဲ့လေသည်။ နံနက်မိုးသောက် အလင်းရောက်ဖို့ရန် နှစ်ပဟိုရ်မျှ လိုသေးသည်။

ဗီဇဂုတ္တသည် ဂင်္ဂါမြင်ဆိပ် ရောက်လာခဲ့လေ၏။ လူအချို့ ထိုင်ပြီး စကားစမြည် ပြောဆိုနေကြသည်။ ဗီဇဂုတ္တလည်း ထောင့်တစ်ထောင့်တွင် ထိုင်လိုက်သည်။

ထိုနေရာ၌ လူသုံးယောက် ရှိနေ၏။ ထိုအခိုက်အတန့်၌ စကားပြောနေသူမှာ အရွယ်အားဖြင့် အသက်ခုနစ်ဆယ်လောက် ရှိပေလိမ့်မည်။ သူတော် သူမြတ်တစ်ဦး ဖြစ်၏။ သူ၏ မျက်နှာပေါ်၌ အရေများ တွန့်နေပြီ။ သူ့စကားရိပ် စကားကဲကို ခတ်ရသည်မှာ ရသေ့ရဟန်းတစ်ဦး ဖြစ်ပုံရ၏။ ကျန်နှစ်ယောက်မှာ သူ့ထက် အသက်အရွယ် ငယ်ကြ၏။ သူ၏ လက်ျာဘက်၌ သေးသေးသွယ်သွယ် လူငယ်တစ်ယောက် ထိုင်နေ၏။ အသက်မှာ အစိတ်ခန့်မျှ ရှိပေလိမ့်မည်။ အရပ်မှာ မနိမ့်မမြင့် ဖြစ်၏။ သူ၏ မျက်နှာတွင် စိုးရိမ်ကြောင့်ကြသည့် အရေးအကြောင်းများ ထင်၍နေသည်။ ရသေ့၏ လက်ဝဲဘက်၌မူ ခပ်ဝဝ လူကြီးတစ်ယောက် ထိုင်နေ၏။ အသက်ငါးဆယ် အရွယ်လောက် ရှိပေလိမ့်မည်။ သူ၏ မုတ်ဆိတ်ကျင်စွယ်များမှာ ရှည်လျားပြီး ထူထဲသိပ်သည်းနေ၏။ ဦးခေါင်းမှ ဆံပင်များမှာမူ ဖြူနေလေပြီ။ ရသေ့က ပြောနေ၏။

"အခု မင်း ရသေ့ရဟန်းလုပ်ဖို့အရွယ် မဟုတ်သေးဘူး။ သွား၊ ကိုယ့်တာဝန်ဝတ္တရားကို ကိုယ်ဆောင်ရွက်။ ဖခင်ပြောတဲ့ စကားကိုလည်း နားထောင်"

လူငယ်သည် ရသေ့၏ခြေထောက်ကို ဆုပ်ကိုင်လိုက်လေ၏။

*Typing* - ငွေဇင်ယော်

"တပည့်တော် အရှင်ဘုရားကို အားကိုးပါတယ်။ တပည့်တော်ကို ရသေ့ရဟန်း ပြုလုပ်ပေးပါ။ တပည့်တော် အခု လောကီလူ့ဘဝမှာ တွယ်တာမက်မောမှု မရှိတော့ပါဘူး။ လူ့ဘောင်မှာနေရင် ရည်မှန်းချက်တစ်ခုခု ရှိသင့်ပါတယ်။ တစ်ကြိမ် တွယ်တာမက်မောမှု ကင်းသွားပြီးတဲ့နောက် လူ့ဘောင်မှာ ဆက်နေရင် တပည့်တော် ကိုယ့်ဝိညာဉ်ကို ညှဉ်းပမ်းနှိပ်စက် နေတာမှတစ်ပါး တခြား ဘာမှ လုပ်မိမှာမဟုတ်ဘူး။ တပည့်တော် လူ့ဘောင်မှာ ငြိမ်းချမ်းမှု မရရှိပါဘူး။ ဒီနှစ်နှစ် အတောအတွင်း တပည့်တော် ဘယ်လောက် ဒုက္ခခံနေရတယ်ဆိုတာ အရှင်ဘုရား တပည့်တော်ရဲ့ ဖခင်ကို မေးကြည့်နိုင်ပါတယ်"

လူကြီးက ပြောလေ၏။

"ဟုတ်ပါတယ်။ ဒါပေမဲ့ မင်း ငါ့စကားကိုတော့ နားမှမထောင်ပဲ။ နောက်ထပ် အိမ်ထောင်ပြုလို့ ငါပြောသားပဲ။ မင်းအသက် အခုဘာရှိသေးလို့လဲ။ ဘဝနဲ့ မရဏဆိုတာဟာ အခါခပ်သိမ်း ဒွန်တွဲနေတယ်။ မင်းမှာ သားသမီးတစ်ယောက်မှ မရှိဘူး။ အခု မင်း ရသေ့ရဟန်းလုပ်လို့ မတော်သေးဘူး။ အိမ်ထောင်ပြုလိုက်လျှင် မင်းဘဝဟာ တစ်ဖန် သာယာစိုပြည်လာလိမ့်မယ်"

ရသေ့ကြီးက လူငယ်ကို ပြောလိုက်လေ၏။

"မင်းဖခင်ပြောတာ မှန်တယ်။ အချစ်ဆိုတာ မောဟလွှမ်းနေတဲ့ စိတ်ကူးယဉ်တစ်ခု ဖြစ်တယ်။ မိန်းမနဲ့ ယောကျ်ားရဲ့ ဆက်သွယ်မှုဟာ ကမ္ဘာလောကထဲမှာသာ ဖြစ်နိုင်တယ်။ ကမ္ဘာလောကမှ အပဆိုရင် မိန်းမနဲ့ ယောကျ်ားဟာ တစ်သီးတခြားဖြစ်တဲ့ ဝိညာဉ်များသာ ဖြစ်ကြတယ်။ ကမ္ဘာလောကထဲမှာတောင်မှ မိန်းမနဲ့ယောကျ်ားရဲ့ ဝိညာဉ်ကို တစ်ခုတည်း ပူးပေါင်း လိုက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ အချစ်ဆိုတာ ဝိညာဉ်ရဲ့ ဆက်သွယ်နီးစပ်မှု ဖြစ်တယ်။ အဲဒီ ဆက်သွယ်နီးစပ်မှုဆိုတာ ဒါလောက် အရေးကြီးလှတဲ့အရာ မဟုတ်ဘူး။ ပြတ်တောက်လည်း သွားနိုင်တယ်။ အဲဒီလို ပြတ်တောက်သွားတဲ့အခါ ကိုယ့်ဘဝကို ဒုက္ခရောက်အောင် လုပ်တာကတော့ အသိဉာဏ်နဲ့ယှဉ်တဲ့ အလုပ် မဟုတ်ဘူး။ မင်းရဲ့ တာဝန်ဝတ္တရားက အိမ်ထောင်ပြုရမှာ ဖြစ်တယ်။ အိမ်ထောင်မပြုဘဲနဲ့ မင်းဟာ ကိုယ့်တာဝန်ဝတ္တရားက သွေဖည်နေတယ်"

"ဘယ်လို သွေဖည်နေတာလဲ ဘုရား့"

"နားထောင်၊ မိန်းမဆိုတာ အားမဲ့သူ ဖြစ်တယ်။ အားမဲ့သူတစ်ယောက်ကို မှီခိုအားထားမှု ပေးဖို့ဟာ ယောကျ်ားတိုင်း ယောကျ်ားတိုင်းရဲ့ တာဝန်ဝတ္တရားဖြစ်တယ်။ လက်ထပ်ထိမ်းမြားခြင်းဖြင့်သာလျှင် ယောကျ်ားဟာ အားမဲ့တဲ့ မိန်းမကိုမှီခိုအားထားမှု ပေးတယ်၊ တကယ်လို့ ယောကျ်ားက မိန်းမကို မှီခိုအားထားမှု မပေးဘူးဆိုရင် မိန်းမရဲ့ အခြေအနေဟာ အလွန်တရာ စိုးရိမ်ကြောင့်ကြဖွယ် ဖြစ်သွားဖို့ ရှိတယ်။ ယောကျ်ားရဲ့ ရှေ့မှောက်မှာလည်း အခက်အခဲတွေ တစ်ပြုံတစ်ခေါင်းကြီး ရောက်လာလိမ့်မယ်။ မင်း အိမ်ထောင်ပြုဖို့ မရည်ရွယ်ဘဲနဲ့ ရသေ့ရဟန်း လုပ်ဖို့ ကြံရွယ်နေရင်တော့ မင်းဟာ သူ့ရဲဘောကြောင်တဲ့ အလုပ်ကိုလုပ်တဲ့ လူတစ်ယောက် ဖြစ်နေမှာပဲ။ မင်းဟာ အားမဲ့သူတစ်ယောက်ကို မှီခိုအားထားမှု ပေးဖို့ရန်ဖြစ်တဲ့ ကိုယ့်တာဝန်ဝတ္တရားက သွေဖည်နေတဲ့ လူတစ်ယောက် ဖြစ်နေမှာပဲ"

လူငယ်က ပြောလေ၏။ "တပည့်တော်က ကာမဂုဏ်အာရုံ စွန့်ပယ်ပြီး အကျင့်တရား မီးပုံထဲမှာ ကိုယ့်ကိုယ်ကို လောင်မြိုက်ဖို့ ကြံရွယ်နေတဲ့ လူပါ။ အဲဒါဟာ သူ့ရဲကြောင်တဲ့ အလုပ်ရဲ့ အမှတ်လက္ခဏာ မဟုတ်ပါဘူး"

ရသေ့ကြီးက ရယ်လိုက်လေ၏။

"မင်း အကျင့်တရား မီးပုံထဲမှာ ကိုယ့်ကိုယ်ကို လောင်မြိုက်ဖို့ ရည်ရွယ်တယ် ဟုတ်လား။ အဲဒါ ဘာကြောင့်လဲ။ မင်းချစ်သူက မင်းကို စွန့်ပစ်သွားတဲ့အတွက်ကြောင့် မဟုတ်လား။ ဒါပေမဲ့ မင်း အဲဒီ အကျင့်တရားဟာ အလကားပဲ။ ဘာမှ ကျေးဇူးမများဘူး။ ကိုယ့်ကိုယ်ကို သတ်တာ တစ်မျိုးပဲ။ အဲဒီ အကျင့်တရားမှာ ဘယ်လိုရည်မှန်းချက်မှ မရှိဘူး။ မင်း အလကား ကိုယ့်ကိုယ်ကို သတ်ချင်နေရသလား"

လူငယ်သည် ရသေ့၏ ခြေထောက်ပေါ်တွင် ဦးတင်လိုက်လေ၏။

"အရှင်ဘုရား အမိန့်ရှိတာကို လိုက်နာဆောင်ရွက်ပါမယ် ဘုရား" ထို့နောက် ထိုလူငယ်သည် သူ့ဖခင်နှင့်အတူ ထွက်ခွာသွားလေ၏။ -------------------------

ဗီဇဂုတ္တသည် ရသေ့ကြီး၏ရှေ့တွင် ဦးတင်ရှိခိုးလိုက်လေသည်။ ရသေ့ကြီးက ပြုံးပြီး မေးလိုက်လေ၏။

"ဘာလဲ၊ မင်းလည်း ရသေ့ရဟန်း လုပ်ချင်လို့လား"

ဗီဇဂုတ္တက လျှောက်ထားလိုက်သည်။

"ရသေ့ရဟန်း လုပ်ချင်လို့ မဟုတ်ပါဘူး။ ရသေ့ကြီး အမိန့်ရှိတဲ့ စကားတွေကို သဘောကျလွန်းလို့ လာထိုင်တာပါ"

ရသေ့ကြီးက ပြုံးလိုက်သည်။

"အခုလို ညဦးနက်သန်းခေါင် အချိန်မတော် ဂင်္ဂါမြစ်ကမ်းကို လာတဲ့လူဟာ သူတောင်းစားသော်လည်း ဖြစ်ရမယ်၊ သို့မဟုတ် ရသေ့ရဟန်းသော်လည်း ဖြစ်ရမယ်၊ ဒါမှမဟုတ်ရင် အဲဒီလူဟာ စိတ်နှလုံး ဂနာမငြိမ်တဲ့ ပုဂ္ဂိုလ်ရင်လည်း ဖြစ်ရမယ်"

"ရသေ့ကြီး ထင်တဲ့အတိုင်း မှန်ပါတယ်" ဗီဇဂုတ္တက ပြန်ပြောလေ၏။

"တပည့်တော်ရဲ့ စိတ်နှလုံး ဂနာမငြိမ်မှုဟာ သာမန် မဟုတ်ပါဘူး။ ရသေ့ကြီး အမိန့်ရှိတဲ့ စကားထဲမှာ အဲဒီစိတ်နှလုံး ဂနာမငြိမ်မှုနဲ့ ဆက်စပ်နေတဲ့ ပြဿနာကို တပည့်တော် မြင်တွေ့ရပါတယ်။ အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး တပည့်တော် ထပ်ပြီး မေးနိုင်ပါသလား ဘုရား"

"သဘောရှိ မေးနိုင်ပါတယ်"

"အောင်မြင် ထမြောက်မှုမရှိတဲ့ အချစ်အတွက် မိမိဘဝကို စတေးလိုက်တာဟာ ကိုယ့်ကိုယ်ကို သတ်ဖြတ်ခြင်းသာ ဖြစ်တယ်လို့ ရသေ့ကြီး အခုန အမိန့်ရှိပါတယ်။ ဒါပေမဲ့ လူ့ဘဝမှာ အချစ်ကို တသခြင်းဖြစ်တဲ့ စူးရှတဲ့ဝေဒနာဟာ သဘာဝကျတဲ့အရာ မဟုတ်ပါလား။ ဝေဒနာကို ဖိနှိပ်ထားခြင်းဟာ၊ သို့မဟုတ် အဲဒီဝေဒနာရဲ့ သဘာဝကျတဲ့အသွင်ကို အယောင်ဆောင် အတုအပ နည်းလမ်းတွေနဲ့ မေ့ဖျောက်ထားတာဟာ ကိုယ့်ကိုယ်ကို သတ်ဖြတ်ခြင်းပဲ မဟုတ်ပါလား ဘုရား"

ရသေ့ကြီးသည် အတန်ကြာမျှ ခပ်မဆိတ် နေလေ၏။ ထို့နောက်မှ အမိန့်ရှိလေသည်။

"မင်းပြောပြတဲ့ စကားဟာ မှန်ပါတယ်။ စိတ်ဆင်းရဲခြင်းဆိုတာဟာ အချိန်သမယ ရွေ့လျားသွားခြင်းနဲ့ အတူတကွပဲ ရွေ့လျား ပျောက်ကွယ်သွားတယ်။ လူတွေဟာ တစ်ဦးနဲ့တစ်ဦး သဘောသဘာဝ ကွဲပြားခြားနားကြတဲ့အတွက် စိတ်ဆင်းရဲခြင်း ရွေ့လျားကွယ်ပျောက်သွားတဲ့ အချိန်ကာလ အတိုင်းအတာကတော့ တစ်ဦးနဲ့တစ်ဦး မတူကြဘူး။ စိတ်ဆင်းရဲခြင်းကို အတုအပ အယောင်ဆောင် နည်းလမ်းတွေနဲ့ အချိန်ကာလ မရောက်ခင် ရွေ့လျားကွယ်ပျောက်သွားအောင် လုပ်တာကတော့ တကယ့်ကို သဘာဝမကျတဲ့အရာ ဖြစ်တယ်။ ဒါပေမဲ့ တစ်ခု မှတ်ထားရမှာက သဘာဝမကျတဲ့ နည်းလမ်းတိုင်းဟာလည်း ကိုယ့်ကိုယ်ကို သတ်ဖြတ်ခြင်း မဟုတ်ဘူး။ ငါတို့ဟာ သဘာဝမကျတဲ့ အတုအပ အယောင်အဆောင်ကို ဘယ်လောက် လက်ခံအသုံးပြု နေကြသလဲဆိုရင် အဲဒီသဘာဝမကျတဲ့ အတုအပ အယောင်အဆောင်တွေဟာ သူတို့အလိုအလျောက်ပဲ သဘာဝကျတဲ့အရာတွေ ဖြစ်ကုန်ကြပြီ"

"ကမ္ဘာဦးလူတွေဟာ အဝတ်မဝတ်ကြဘူး။ သစ်သီးသစ်ဥကိုသာ စားတယ်။ အဲဒါ သဘာဝကျတဲ့အရာ ဖြစ်တယ်။ အဝတ်ကိုဝတ်တာဟာ သဘာဝကျတဲ့အရာ မဟုတ်ဘူး။ ငါတို့ အခုစားနေတဲ့ အစားအစာများကို စားတာဟာ သဘာဝကျတဲ့အရာ မဟုတ်ဘူး။ ဒီစည်းစိမ်ဥစ္စာ ကာမဂုဏ်အာရုံ ခံစားစံစားမှု ဆိုတာတွေဟာလည်း သဘာဝကျတဲ့အရာ မဟုတ်ဘူး။ သဘာဝကျတဲ့ဘဝဟာ ထိုင်းတယ်။ ငြီးငွေ့စရာ ကောင်းတယ်။ အဲဒီ ထိုင်းတဲ့၊ ငြီးငွေ့စရာကောင်းတဲ့ ဘဝမှာ ပေါ့ပါးသွက်လက်မှု၊ လှုပ်ရှားမှုများ ဖြစ်လာစေရန်အတွက်ပဲ ဒီ

*Typing* - ငွေဇင်ယော်

အကအခုန်တို့၊ အတီးအမှုတ်တို့၊ ပွဲလမ်းသဘင်တို့ကို လူတို့ တီထွင်ဖန်တီး ကြတာဖြစ်တယ်။ အခုတော့ ငါတို့ဟာ အဲဒါတွေကိုပဲ ဘဝလို့ ခေါ်နေကြတယ်။ စိတ်ဆင်းရဲခြင်းကို သဘာဝမကျတဲ့ အတုအပ အယောင်ဆောင်နည်းလမ်းနဲ့ ရွှေ့လျားပျောက်ပျက်သွားအောင် ပြုလုပ်တာဟာ ဘယ်တော့မှ ကိုယ့်ကိုယ်ကို သတ်ဖြတ်ခြင်း မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုရင် အဲဒီလိုလုပ်တာဟာ သဘာဝကျတဲ့အရာ မဟုတ်ပေမယ့် ဓမ္မတာ သဘောတရားဖြစ်နေတဲ့ အတွက်ကြောင့် ဖြစ်တယ်"

"ကျေးဇူးတင်ပါတယ်" ဗီဇဂုတ္တ ထလိုက်သည်။

"တပည့်တော်ရဲ့ ဦးနှောက်ပေါ်က ဝန်ထုပ်ကြီးတစ်ခုကို ရသေ့ကြီး ဖယ်ရှား ပစ်လိုက်ပါတယ်။ ရသေ့ကြီး အမိန့်ရှိတဲ့ ဆုံးမစကားများကြောင့် တပည့်တော် ကိုယ့်တာဝန် ဝတ္တရားများကို ပိုင်းခြားသတ်မှတ်နိုင်ပါပြီ။ တပည့်တော်ကို ခွင့်ပြုတော်မူပါ" ယင်းသို့ ပြောလျက် ဗီဇဂုတ္တသည် ထိုနေရာမှ ထွက်ခွာလာခဲ့လေ၏။ -------------------

ထိုအချိန်၌ နံနက်မိုးသောက်လေ တိုက်ခတ်လာလေသည်။ အရှေ့ဘက် ကောင်းကင်၌ ရောင်ခြည် ပြူလာလေပြီ။ ကျေးငှက်များလည်း ပျံသန်းစ ပြုလာလေပြီ။ ဗီဇဂုတ္တသည် အိမ်ပြန် လာခဲ့လေ၏။ အိမ်ပြန်ရောက် ပြီးနောက် အိပ်လိုက်ရာ နှစ်ခြိုက်စွာ အိပ်ပျော်သွားလေ၏။

အိပ်ရာမှ ထသောအခါ နေ့လည် နှစ်ပဟိုရ် ရှိနေပြီ။ သေတံကနှင့်အတူ ယသောဓရာသည် လိုအပ်သည့် ပစ္စည်းများကို ဝယ်ခြမ်းရန် ဈေးသို့ ထွက်သွားလေသည်။

ကိုယ်လက်သုတ်သင်ပြီးသောအခါ ဗီဇဂုတ္တသည် မိတ္ထုဋ္ဌယထံ သွားလေ၏။ မိတ္ထုဋ္ဌယသည် ဗီဇဂုတ္တကို မြင်သည်နှင့်တစ်ပြိုက်နက် ပြောလိုက်လေသည်။

"ဘယ့်နယ်လဲ ဗီဇဂုတ္တ၊ ဒီကနေ့ အိပ်ရာထ နောက်ကျလှချေလား။ ညက ကောင်းကောင်း အိပ်မပျော်ဘူးလား"

"ဟုတ်ကဲ့၊ ကျွန်ုပ် တစ်ညလုံး စိတ်ကူးရင်းနဲ့ အချိန်ကုန်သွားတယ်"

"ဘာတွေ စိတ်ကူးနေတာလဲ"

"ဘဝရဲ့ အနာဂတ်ရေးနဲ့ ပတ်သက်ပြီး စိတ်ကူးနေမိတာပါ"

မိတ္ထုဋ္ဌယ အနည်းငယ် ပြုံးလိုက်လေ၏။

"ကိုယ့်ဘဝထဲက စိတ္တရလေခါ ထွက်သွားပြီးတဲ့နောက် ဘဝရဲ့ အနာဂတ်ရေးကို တွေးတောစိတ်ကူးတယ် ဆိုတာဟာ မဆန်းပါဘူး။ ဘယ့်နယ်လဲ ဗီဇဂုတ္တ၊ ဆုံးဖြတ်ချက် ချလိုက်ပြီလား"

မိတ္ထုဋ္ဌယ၏ အပြုံးတွင် ကွယ်ဝှက်နေသော ပြက်ရယ်ပြုမှုကြောင့် ဗီဇဂုတ္တ လန့်သွားသည်။ စကားကို ဆက်ပြောမည် လုပ်ပြီးမှ  တန့်သွားလေ၏။

"အခု ဆုံးဖြတ်ချက် မချရသေးပါဘူး။ ဒါပေမဲ့ မကြာခင် တစ်ခုခုတော့ ဆုံးဖြတ်ချက် ချရလိမ့်မယ်"

"ဗီဇဂုတ္တ၊ မောင် ဘယ်လိုဆုံးဖြတ်ချက်ချမယ်ဆိုတာ ကျုပ်သိပါတယ်။ ကျုပ်ဟာ လူတွေရဲ့ စိတ်သဘောကို အနည်းအကျဉ်းတော့ ခေါက်မိတဲ့ လူတစ်ယောက် ဖြစ်ပါတယ်"

ဗီဇဂုတ္တက စကားကို လှီးလွှဲပစ်လိုက်သည်။

"မြို့စားကြီး၊ မြို့စားကြီးရဲ့ တပည့်တွေကို ပြန်ဖို့အတွက် အစီအစဉ် လုပ်ကြဖို့ အမိန့်ပေးပြီးပြီလား"

"ပေးပြီးပါပြီ။ မောင့်တပည့်တွေကို ပြောဖို့လည်း သေတံကကို သတိပေးလိုက်ပါပြီ"

"ဟုတ်ကဲ့၊ ဒီလိုဆိုရင် ပြီးတာပါပဲ"

ထိုအချိန်၌ ယသောဓရာ၏ အသံကို အပြင်ဘက်မှ ကြားရလေ၏။

Typing - ငွေဇင်ယော်

"သေတံက၊ တကယ်လို့ ဒီပတ္တမြားဘယက်ကို ဘာဘ မကြိုက်ဘူးဆိုရင် ရှင် ပြန်ယူရမယ်နော်။ ရှင် တိုက်တွန်းလွန်းလို့သာ ကျွန်မ ဒီဘယက်ကို ဝယ်ခဲ့ရတာ"

ယင်းစကားသံနဲ့ အတူတကွ ယသောဓရာ အိမ်ထဲ ဝင်လာသည်။

ယသောဓရာက ရယ်ပြီး ပြောလေ၏။

"ဗီဇဂုတ္တ၊ ရှင်က အိပ်နေတာကိုး။ ဒီမှာ ကြည့်စမ်း။ ကျွန်မ ပစ္စည်းတွေ ဘယ်လောက် ဝယ်ခြမ်းလာခဲ့သလဲ။ ရှင် ဘာမှ မဝယ်ဘူးလား"

ဗီဇဂုတ္တက ပြုံးပြီး ပြောလေ၏။

"ဒေဝီယသောဓရာ၊ ကျုပ် ဘာပစ္စည်းမှ မလိုပါဘူး"

"လိုတာတော့ ကျွန်မလည်း မလိုပါဘူး။ ဒါပေမဲ့ ကာသီက အပြန်မှာ ကာသီက ပစ္စည်းတစ်ခုခုတော့ အထိမ်းအမှတ်အနေနဲ့ သယ်သွားသင့်တာပေါ့" ယင်းသို့ပြောလျက် ယသောဓရာသည် သူ၏ ပစ္စည်းများကို ဖွင့်ပြလေ၏။

"ဟောဒါ ဘယ့်နှယ်နေသလဲ" ယသောဓရာသည် ပတ္တမြားဘယက်ကို ဗီဇဂုတ္တ၏လက်ထဲ ထည့်ပြီး မေးလိုက်လေ၏။

"ကောင်းပါတယ်။ အဖိုးလဲ သိပ်တန်မှာပဲနော်"

"ဟုတ်ကဲ့။ ကျွန်မ မဝယ်ရသေးပါဘူး။ ဘာဘကို ပြဖို့ ယူလာခဲ့တာပါ"

မိတုဋ္ဌယက ပတ္တမြားဘယက်ကို လှမ်းယူလိုက်လေ၏။

"သမီး ဝယ်ချင်တဲ့ဆန္ဒရှိရင် ဝယ်ပါ"

ယသောဓရာသည် တခြားပစ္စည်းများကိုလည်း ထုတ်ပြလေသည်။ ပစ္စည်းအားလုံးကိုပင် နှစ်သက် သဘောကျကြသည်။

ဗီဇဂုတ္တသည် သေတံကကို ကြည့်လိုက်သည်။

"မင်းကော ဘာမှ မဝယ်ဘူးလား"

"သခင့်ကိုမှ ကျွန်ုပ် မပြောခဲ့ရပဲ။ ပြီးတော့ ကျွန်ုပ်အတွက် ဘာမှလည်း မဝယ်လိုပါဘူး"

"မဟုတ်ဘူး။ မင်း ကိုယ့်အတွက် တစ်ခုခု ဝယ်ခဲ့ဖို့ သင့်တယ်။ ငါလည်း ဈေးထဲသွားဦးမယ်။ ဒေဝီယသောဓရာ၊ တကယ်လို့ ဝန်မလေးဘူးဆိုရင် မြို့ထဲတစ်ခါ ထပ်သွားဦးစို့။ ကျုပ်အတွက် ကူညီပြီး ပစ္စည်း ရွေးချယ်ပေးစမ်းပါဦး"

"ကျွန်မ လိုက်နိုင်ပါတယ်။ ဒါပေမဲ့ ထမင်းစားပြီးမှ သွားမယ်။ အခုတော့ အမော မပြေသေးဘူး"

ထမင်းစားသောက်ပြီးသောအခါ ဗီဇဂုတ္တက မိတုဋ္ဌယကို မေးလိုက်သည်။

"မြို့စားကြီးလည်း လိုက်ခဲ့ပါလား"

"မလိုက်ပါရစေနဲ့။ ကျုပ် အသက်ကြီးပါပြီ။ မြို့ထဲက လူသူတွေကြားထဲ သွားလာရတာ ငြီးငွေ့လွန်းလို့ပါ"

ဗီဇဂုတ္တသည် သေတံကနှင့် ယသောဓရာကို ခေါ်ခဲ့ပြီးလျှင် ဈေးထဲသို့ ထွက်လာလေသည်။ ပထမဦးစွာ သုံးဦးသားသည် ရတနာဆိုင်သို့ ရောက်လာကြ၏။ ဗီဇဂုတ္တနှင့် သေတံကသည် စိန်လက်စွပ် တစ်ကွင်းစီ ဝယ်ကြသည်။ သူတို့ရှေ့တွင် အဖိုးအလွန်ထိုက်တန်သည့် ပုလဲသွယ်တစ်ကုံး တွေ့ရသည်။ ယသောဓရာက ထိုပုလဲသွယ်ကို ကြည့်နေသည်။ ဗီဇဂုတ္တသည် ထိုပုလဲသွယ်ကို ထုတ်ပြ ခိုင်းလေ၏။

"ဒေဝီယသောဓရာ၊ အဲဒီ ပုလဲသွယ် ဘယ့်နှယ်နေလဲ"

Typing - ငွေဇင်ယော်

"သိပ်လှတာပဲ ဗီဇဂုတ္တ။ ကျွန်မ ပထမ ဒါကို မတွေ့ဘူး။ နို့မဟုတ်ရင် ပတ္တမြားဘယက်ကို မယူဘဲ ဒီပုလဲသွယ်ကို ယူမှာပေါ့" ယင်းသို့ပြောလျက် သေတံကာဘက်သို့ လှည့်ပြောလိုက်ပြန်သည်။

"သေတံက၊ ဒီလိုဖြစ်ရတာ ရှင့်ကြောင့် သိလား"

ပုလဲသွယ်ကို ယူပြီးလျှင် ဗီဇဂုတ္တသည် ယသောဓရာ၏ လည်ပင်းတွင် တပ်ဆင်ပေးလိုက်လေ၏။

"ဒေဝီယသောဓရာ၊ ကျုပ်ရဲ့ လက်ဆောင်အဖြစ် ဒီပုလဲသွယ်ကို လက်ခံပါ"

ဗီဇဂုတ္တ၏ လက်နှင့်ထိသဖြင့် ယသောဓရာသည် ခြေဆုံးခေါင်းဆုံး တစ်ကိုယ်လုံး တုန်လှုပ်သွားလေ၏။ ပုလဲသွယ်ကို ဖြုတ်ပြီး ပြောလေ၏။

"ဗီဇဂုတ္တ၊ ကျွန်မ ဘဘဆီက အခွင့်မရဘဲ ဒီပုလဲသွယ်ကို လက်ခံလို့ မဖြစ်ဘူးထင်တယ်"

ဗီဇဂုတ္တသည် ပုလဲသွယ်ကို လှမ်းယူလိုက်လေသည်။

"ဒေဝီယသောဓရာ၊ ဒီပုလဲသွယ်ကို ငြင်းပယ်နေဖို့ မသင့်ပါဘူး။ ဒါပေမဲ့ မြို့စားကြီးရဲ့ သဘောတူညီချက်ကို ရယူဖို့ ပြောပြတာကတော့ လျော်ကန် သင့်မြတ်ပါတယ်"

---

**အခန်း ( ၂၀ )**

ကုမာရဂိရိသည် စိတ္တရလေခါ၏ အပြုအမူကို တအံ့တသြ ဖြစ်နေ၏။ စိတ္တရလေခါသည် သူ့ထံ ချဉ်းကပ်ရန် အလွန် စိတ်အားထက်သန်သူ ဖြစ်ခဲ့သည်။ သူက စိတ္တရလေခါကို မသိလိုက် မသိဘာသာ နေသော်လည်း စိတ္တရလေခါက သူ့ကို တမ်းတမ်းစွဲ ဖြစ်နေခဲ့၏။ ယင်းသို့ဖြစ်ပါလျက် စိတ္တရလေခါတွင် အဘယ့်ကြောင့် အပြောင်းအလဲ ဖြစ်ပေါ်လာရသနည်း။

ကုမာရဂိရိသည် စိတ္တရလေခါ၏ အပြုအမူကို အံ့သြသည်ထက် မိမိ၏ အပြုအမူကို ပို၍ အံ့သြနေသည်။ စိတ္တရလေခါကို တခြား ဖယ်ထုတ်ပစ်ရန် သူ အစွမ်းကုန် ကြိုးစားကြည့်လေသည်။ ယင်းသို့ဖြစ်ပါလျက် စိတ္တရလေခါကို သူ အဘယ့်ကြောင့် လက်ခံထားသနည်း။ မိမိအပေါ်မိမိ မယုံကြည်မှုကို ဖယ်ရှားပစ်လိုသည့် အတွက်ကြောင့် မဟုတ်လော။ ကုမာရဂိရိ၏ နယ်ပယ်သည် အနိုင် ဖြစ်သည်။ အရှုံးဟူသော အတွေး၊ အရှုံးဟူသော အသိသည် သူ့အတွက် အသစ်အဆန်း ဖြစ်သည်။ ကုမာရဂိရိသည် မိမိ၏ အားပျော့ချက်ကို သိရှိဟန် တူသည်။ ယင်းအားပျော့ချက်ကို ဖယ်ရှားပစ်ရန် အလို့ငှာသာလျှင် စိတ္တရလေခါကို သူ လက်ခံထားခြင်း ဖြစ်သည်။

ကုမာရဂိရိသည် စမ်းသပ်ကြည့်၏။ သို့ရာတွင် အောင်မြင်မှု မရရှိပေ။ အောင်မြင်မှု မရရှိခြင်းသည်လည်း မည်မျှ ထိတ်လန့်ဖွယ် ကောင်းသနည်း။ မိမိကိုယ်ကို သူအရှုံးပေးလိုက်ရ၏။ ထိုမျှသာမက သာမန်ကချေသည် တစ်ဦးကိုလည်း အရှုံးပေးလိုက်ရ၏။ မိမိကိုယ်ကို အရှုံးပေးလိုက်ရသည့်အတွက် စိတ်မချမ်းမသာ ဖြစ်နေ၏။ သို့ရာတွင် ယင်းစိတ်မချမ်းမသာမှုကို ကချေသည်အား အရှုံးပေးလိုက်ရသည့်အတွက် ဖြစ်ပေါ်လာသော ဒေါသစိတ်က ဖိနှိပ်ထားလေ၏။ ကုမာရဂိရိ၏နှုတ်မှ ထွက်လာလေသည် - "ကချေသည် စိတ္တရလေခါကို အနိုင်ရအောင် လုပ်မှ ဖြစ်မယ်။ ဒါပေမဲ့ ဘယ်လိုလုပ် အနိုင်ရအောင် လုပ်မလဲ"

"စိတ္တရလေခါဟာ ငါ့ကို ဘာကြောင့် မချစ်နိုင်ရတာလဲ" ကုမာရဂိရိ၏ စိတ်ထဲ၌ ပြဿနာ ပေါ်လာလေ၏ - "ပုဂ္ဂိုလ်တစ်ဦးကို ချစ်နေတဲ့အတွက်ကြောင့်ပဲ ဖြစ်လိမ့်မယ်။ တကယ်လို့ စိတ္တရလေခါဟာ ဗီဇဂုတ္တကို မချစ်တော့လို့ရှိရင် ငါ့ကို ပုံအပ်မှာပဲ။ ဗီဇဂုတ္တကို စိတ္တရလေခါရဲ့ လမ်းကြောင်းက ဖယ်ရှားပစ်ရလိမ့်မယ်"

Typing - ငွေဇင်ယော်

ကုမာရဂိရိ၏ ကျောင်းသခ်မ်းသို့ စိတ္တရလေခါ ရောက်နေသည်မှာ နှစ်လကျော်သွားပြီ။ ပြီးခဲ့သည့် အဖြစ်အပျက်မှာလည်း အချိန်တစ်လကြာမျှပင် ဟောင်းသွားလေပြီ။ ထိုအချိန် အတောအတွင်း ကုမာရဂိရိသည် မိမိကိုယ်ကို ချုပ်တီးထားလေ၏။ အားပျော့ချက်ကို စိုးစဉ်းမျှပင် မပြပေ။ စိတ္တရလေခါကို မိမိအထံ၌ နေစေလျက် ကာမဂုဏ်အာရုံကို စွန့်ပယ်မည်ဟူ၍ ကုမာရဂိရိ နေ့ရက်အတန်ကြာမျှ စဉ်းစား စိတ်ကူးလေသည်။ သို့ရာတွင် ယင်းစဉ်းစားစိတ်ကူးချက်သည် တာရှည်မခံပေ။ တစ်ကြိမ် တောက်လောင်လိုက်သောမီးသည် လောင်စာကို လိုလားတောင့်တ နေပေတော့သည်။ ကုမာရဂိရိသည် မိမိ၏ ဆုံးဖြတ်ချက်ကို ယိမ်းယိုင်မသွားအောင် မတတ်နိုင်ပေ။

ထိုနေ့တွင် ညဥ့်အချိန်၌ ကုမာရဂိရိသည် စိတ္တရလေခါကို မိမိအနီး၌ ထိုင်ရန် ညွှန်ကြားပြီးလျှင် ပြောလေသည်။

"ဒေဝီစိတ္တရလေခါ၊ တစ်လတောင် ရှိသွားပြီ။ ဒီတစ်လ အတောအတွင်းမှာ ကျုပ်ဟာ ကိုယ့်ကိုယ်ကို ကြိုးစားပြီး အပေါ်မြှင့်တင်ခဲ့တယ်။ အခု အားပျော့ချက် ကျုပ်ဆီက လွင့်ရှားပျောက်ကွယ်သွားပြီလို့ ကျုပ် ထင်တယ်"

"ဟုတ်ပါလိမ့်မယ်" စိတ္တရလေခါက ပြုံးရုံသာ ပြုံးလိုက်၏။

ကုမာရဂိရိသည် နှုတ်ခမ်းကို ကိုက်လျက် ပြောလေ၏။

"ကျုပ် သတင်းတစ်ခု ကြားတယ်။ ဗီဇဂုတ္တ ကာသီကို ခရီးထွက်သွားတယ်တဲ့။ သူနဲ့အတူ မိတ္ရဥ္စယနဲ့ မိတ္ရဥ္စယရဲ့ သမီး ယသောဓရာလည်း ပါသွားတယ်တဲ့"

"ယသောဓရာလည်း ဗီဇဂုတ္တနဲ့အတူ ပါသွားတယ်၊ ဟုတ်လား" စိတ္တရလေခါ အံ့အားသင့်သွားလေ၏။

ဤအကြိမ်၌မူ ကုမာရဂိရိက ပြုံးလိုက်လေသည်။

"ဒါ ဘာအံ့ဩစရာလိုသလဲ။ ဒေဝီစိတ္တရလေခါ၊ မင်း ဗီဇဂုတ္တကို ယသောဓရာနဲ့ လက်ထပ်ထိမ်းမြားပြီး အိမ်ထောင်သည်ဘဝနဲ့နေဖို့ တိုက်တွန်းပြောကြားခဲ့တယ် မဟုတ်လား။ အဲဒီလို ပြောခဲ့တာ အင်မတန် သင့်လျော်ပါတယ်။ ဗီဇဂုတ္တအတွက်လည်း ယသောဓရာနဲ့ ထိမ်းမြားလက်ထပ်လိုက်မယ်ဆိုရင် နာစရာ မရှိပါဘူး"

"ကျွန်မ မသိဘူး။ ကျွန်ုပ် မသိဘူး" စိတ္တရလေခါ၏ အသံမှာ ခက်ထန်မာကျော လာလေသည်။

"ဗီဇဂုတ္တအကြောင်း ဘာတစ်ခွန်းမှ ကျွန်ုပ်ကို မပြောပါနဲ့တော့"

"ဗီဇဂုတ္တအကြောင်း ဘာတစ်ခွန်းမှ မပြောရဘူး ဟုတ်လား။ ဘာကြောင့်လဲ။ မင်း ဗီဇဂုတ္တကို ချစ်နေတဲ့အတွက်ကြောင့် မဟုတ်လား။ ဗီဇဂုတ္တ အခြား မိန်းမတစ်ယောက်နဲ့ ချစ်တာ မင်း မခံနိုင်ဘူး မဟုတ်လား။ အဲဒီလိုဆိုရင် မင်း ဗီဇဂုတ္တကို ဘာဖြစ်လို့ စွန့်ပစ်လာခဲ့သလဲ။ မိန်းမကသာ ဘာမဆို လုပ်ပိုင်ခွင့်ရှိတယ်လို့ မင်း မှတ်ထင်နေတယ်။ ဗီဇဂုတ္တဟာ မင်းရဲ့ ကျေးကျွန်လုပ်ပြီး နေရမယ်လို့ မင်း ထင်မှတ်နေတယ်။ အဲဒီလို ဘယ်ဖြစ်နိုင်မလဲ" ကုမာရဂိရိ၏အသံ၌ ကလဲ့စားပြန်ချေသည့် စူးရှထက်မြက်သော ပြက်ရယ်ပြုမှု ရှိနေ၏။ သူ အရှုံးပေးခဲ့ရသော မိန်းမကို အနိုင်ပြန်ယူဖို့ရန်မှာ သူ၏ ရည်ရွယ်ချက် ဖြစ်လေသည်။ --------------------

စိတ္တရလေခါသည် စိတ်ဂနာမငြိမ်ဖြစ်ပြီး တုန်လှုပ်နေ၏။

"ကျွန်ုပ် လုပ်ခဲ့တာဟာ ဗီဇဂုတ္တရဲ့ ကောင်းကျိုးအတွက်သာ ဖြစ်တယ်။ ကျွန်ုပ်ဟာ ဗီဇဂုတ္တကို လူ့လောကရဲ့ အမြင်အရ အောက်ကိုတွန်းချခဲ့တယ်။ ကျွန်ုပ် သူ့ကို စွန့်ပစ်လာခဲ့ပြီး သူ့ကို အပေါ်ပြန်တင်ပေးခဲ့တယ်"

"အဲဒါကို ဘယ့်နှယ်လုပ် ယုံရမှာလဲ။ မင်း ကိုယ့်ကိုယ်ကို လှည့်စားနေတယ်။ ဒေဝီစိတ္တရလေခါ၊ ဗီဇဂုတ္တကို စွန့်ပစ်လိုက်တဲ့အခါတုန်းက မင်း ကျုပ်ကို ချစ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စွန့်ပစ်လိုက်တာ မဟုတ်လား"

ကုမာရဂိရိ၏ အသံသည် တင်းမာ ခက်ထန်လာလေသည်။ ယနေ့ ကုမာရဂိရိသည် မိမိဘဝအတွင်းသို့ စိတ္တရလေခါ ရောက်လာပြီးနောက် ပျောက်ဆုံးသွားခဲ့သော မိမိ၏ယခင်က သတ္တိ၊ ယခင်က လေးနက်ခြင်း၊ ယခင်က တန်ခိုးရှိန်စော်ကို မိမိ၏သန္တာန်တွင် ပြန်လည်တွေ့ရှိလေသည်။

"မင်း ဗီဇဂုတ္တကို လှည့်စားလို့ ရချင်ရမယ်။ ကျုပ်ကိုလည်း လှည့်စားလို့ ရချင်ရမယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုတော့ လှည့်စားလို့ ရမှာမဟုတ်ဘူး။ မင်းဟာ စိတ်အလိုလိုက်ပြီး စင်ကြယ်မြင့်မြတ်တဲ့ အချစ်ကို ခြေနဲ့ ကန်ကျောက်ပစ်ခဲ့တယ်။ မင်း ကျုပ်ဆီမှာ တစ်စုံတစ်ခုကို တွေ့တယ်။ မင်း ကျုပ်ကို တိမ်းညွတ်လာတယ်။ အဲဒီ အချိန်တုန်းက မင်းဆီမှာ တိရစ္ဆာန်စိတ်ဟာ အင်အားကြီးမား တောင့်တင်းနေတယ်။ မင်း လူ့စိတ်ကို ဖယ်ထုတ်ထားတယ်။ မင်း ဗီဇဂုတ္တ သဘောမတူဘဲနဲ့ ဗီဇဂုတ္တရဲ့ ဘဝကို ဝန်ပိနေအောင်၊ ဒုက္ခရောက်အောင် လုပ်ပြီးတော့ ကျုပ်ဆီ လာခဲ့တယ်။ ပြီးတော့ ဗီဇဂုတ္တကကော။ ဗီဇဂုတ္တကလည်း သာမန်ကချေသည် တစ်ဦးအတွက် အိမ်ထောင်ရှင့်သုခကို စွန့်လွှတ်ထားတယ်။ အဲဒါတင် မကသေးဘူး။ သူဟာ မင်းကို ချစ်တဲ့အကြောင်း သက်သက်နဲ့ပဲ ကိုယ့်ဘဝကို ဖျက်ဆီးလိုက်တယ်"

စိတ္တရလေခါက အော်ပြောလိုက်လေ၏။

"တော်ပါတော့။ တော်ပါတော့"

ကုမာရဂိရိသည် စိတ္တရလေခါကို စူးစိုက် ကြည့်ရှု လိုက်သည်။ ထို့နောက် ရယ်လိုက်လေ၏။

"တော်ရမယ် ဟုတ်လား။ ဒါလောက် ပြောတာလေးနဲ့ မင်း က္ကန္ဒြေမရ ဖြစ်နေတယ် ကချေသည်။ ဟင့်အင်း၊ မတော်နိုင်သေးဘူး။ စကားကို ဆုံးအောင် ပြောရလိမ့်မယ်။ မင်းလည်း နားမထောင်ဘဲ နေလို့ မရဘူး။ မင်းလုပ်ခဲ့တာ ကလဲ့စား ပြန်အချေခံရပြီ မဟုတ်လား။ အခုထက်ထိ မင်းကို ဗီဇဂုတ္တက ချစ်နေသေးတယ်လို့ မင်းထင်တယ်။ ဗီဇဂုတ္တက ဒီကိုပြန်လာတဲ့အခါ သူ့ဆီကို မင်းသွားရင် သူက မင်းကို လက်ခံလိမ့်မယ်လို့ မင်းထင်နေတယ်။ အဲဒီလို မင်းထင်နေရင်တော့ အမှားကြီး မှားလိမ့်မယ်။ မင်းရဲ့ အဆိပ်တန်ခိုးကို ဖယ်ရှား ဖျောက်ဖျက်ပစ်ဖို့ အတွက် သူ အမြိုက်ဆေး ရသွားပြီ။ မင်း သူ့ကို ပြုစားထားပေမယ့် ယသောရာက သူ့ကို ကယ်လိုက်ပြီ။ ဗီဇဂုတ္တဟာ အခုတော့ ယသောရာနဲ့ အတူ အိမ်ထောင်သည်ဘဝရဲ့ ချမ်းသာသုခကို မြိန်ရေ ရှက်ရေ ခံစားနေပြီ"

စိတ္တရလေခါ မျက်နှာပျက်သွားသည်။

"တကယ်ပြော နေတာလား ယောဂီ။ ဗီဇဂုတ္တ ယသောရာနဲ့ တကယ် လက်ထပ်လိုက်ပြီလား။ မဖြစ်နိုင်ဘူး။ ဘယ်တော့မှ မဖြစ်နိုင်ဘူး"

"မဖြစ်နိုင်ဘူး ဟုတ်လား" ကုမာရဂိရိ၏ အသံ၌ ရှိနေသော သရော်ခြင်းသည် နှလုံးအတွင်းသို့ လှံကဲ့သို့ စူးဝင်သွားသည်။

"မင်း စိတ်အလိုလိုက်ပြီးတော့ စင်ကြယ်မြင့်မြတ်တဲ့ အချစ်ကို ခြေနဲ့ကျောက်ပြီး ကျုပ်ဆီ လာတာကတော့ ဖြစ်နိုင်တယ်။ ဗီဇဂုတ္တက နတ်ဒေဝီနဲ့ ပမာတူတဲ့ မိန်းမတစ်ယောက်နဲ့ ထိမ်းမြားလက်ထပ်တာကတော့ မဖြစ်နိုင်ဘူး ဟုတ်လား။ ဟင်း … မင်းဟာ ဘယ်လောက် ဘဝင်မြင့်နေတယ် မသိဘူး။ ကိုယ့်ကိုယ်ကို အရမ်းကာရော အထင်ကြီးနေတယ်။ ယုံကြည်စိတ်ချနေတယ်။ မင်း ကျုပ်ကို မယုံလို့ရှိရင် သွားကြည့် ကြင်စဦး ဇနီးမောင်နှံ နှစ်ယောက် ဒီကနေ့ မနက်ကပဲ ရောက်လာကြတယ်။ သူတို့ကို သွားပြီး ဩဘာပေးလိုက်ပါဦး။ မင်း ကိုယ့်မျက်စိနဲ့ ကိုယ့်ချစ်သူ - အို မဟုတ်ပေါင် ယောင်လို့၊ ကိုယ့်ကျွန် တခြားမိန်းမ တစ်ယောက်နဲ့ ပလူးနေတာကို ကိုယ်တိုင်ကိုယ်ကျ သွားကြည့်ပေတော့"

"သူတို့ ပြန်လာကြပြီလား" စိတ္တရလေခါသည် မတ်တတ်ရပ်လိုက်သည်။ သူ၏ ကိုယ်မှာလည်း တဆတ်ဆတ် တုန်နေသည်။ သူ၏မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ ပါဠလိပုတ်မြို့ဘက် လှည့်ကြည့်လိုက်သည်။

"သူတို့ ပြန်လာကြပြီ ဟုတ်လား။ ယောဂီ၊ ကျွန်ုပ် ရှိခိုးတောင်းပန်ပါတယ်။ ကျုပ် အလကားပြောတာလို့ ပြောလိုက်စမ်းပါ"

"အလကားပြောတာလို့ ပြောရမယ် ဟုတ်လား။ ဟား ... ဟား ... ဟား ... အမှန်ကို အမှားလို့ ပြောရမယ် ဟုတ်လား။ သွား ... သွား ... မင်းကိုယ်တိုင် ကြည့်ချေ"

စိတ္တရလေခါ ထိုင်လိုက်လေသည်။

"ဟင့်အင်း၊ အားလုံး ဆုံးပြီ။ မသွားတော့ဘူး။ သွားလို့လည်း အပိုပဲ။ ကျွန်ုပ်ရဲ့ဥစ္စာ အလုခံရပြီ" စိတ္တရလေခါ၏ အသံ၌ ကရုဏာ ရှိနေသည်။

ကုမာရဂိရိသည် စိတ္တရလေခါအနီးသို့ တိုးလိုက်သည်။

"အားလုံးဆုံးပြီ ဟုတ်လား။ တစ်စုံတစ်ခုဟာ ဆုံးတယ်လို့ ရှိသလား။ တစ်စုံတစ်ခုရဲ့ အဆုံးဟာ အခြားတစ်စုံတစ်ခုရဲ့ အစဖြစ်တယ်။ လုံးလုံး ဆုံးသွားတယ်လို့ ဘယ်ရှိမလဲ။ ဒေဝီစိတ္တရလေခါ" ကုမာရဂိရိ၏ အသံသည် ပျော့ပျောင်းသွားလေ၏။ သူ၏အသံ၌ နူးညံ့ပျော့ပျောင်းသော လှုပ်ရှားမှုတစ်မျိုး ရှိနေသည်။

"ကျုပ် မင်းကို ချစ်နေပြီဆိုတာ မင်းသိတယ်။ မင်းကလည်း ကျုပ်ကို မချစ်တောင်မှ မုန်းတော့ မမုန်းဘူး။ မင်း ကျုပ်ရဲ့ဘဝထဲကို ဝင်လာချင်တယ်။ ဒါပေမဲ့ အခုအထိ ဝင်မလာနိုင်သေးဘူး။ အဲဒါ ဗီဇဂုတ္တကြောင့် ဖြစ်တယ်။ မင်း သူ့ဘဝကို မရှင်လန်း၊ မချမ်းမြေ့အောင် လုပ်တယ်။ ဗီဇဂုတ္တကတော့ ကြင်ဖက် ရသွားပြီ။ မင်းကော ကြင်ဖက် မရသေးဘူးလား။ ဒေဝီ စိတ္တရလေခါ၊ ကျုပ်မင်းကို ချစ်နေပြီ" ကုမာရဂိရိသည် စိတ္တရလေခါ၏ လက်ကို ကိုင်လိုက်လေသည်။

စိတ္တရလေခါကလည်း သူ၏ လက်ကို ရုန်းကန်ခြင်းမရှိဘဲ ကုမာရဂိရိ၏ လက်ထဲ ထည့်လိုက်လေ၏။ ဦးခေါင်းကို မော့လိုက်သည်။ ကုမာရဂိရိနှင့် အကြည့်ချင်း ဆုံသွားလေ၏။

ကုမာရဂိရိက ဆက်ပြောလေသည်။

"အခု ကျုပ်ရဲ့ တရားမွေ့ဟာ အချစ် ဖြစ်သွားပြီ။ မင်း ကျုပ်ဘဝထဲ ရောက်လာတယ်။ မင်း ကျုပ်ကို အချစ်တရားပြဖို့ ရောက်လာတယ်။ လာ ... ကျုပ်တို့ တစ်ပေါင်းတည်း၊ တစ်သားတည်း လုပ်ကြစို့"

ကုမာရဂိရိသည် ဦးခေါင်းငုံ့လိုက်၏။ စိတ္တရလေခါက ဦးခေါင်းအတန်ငယ် မော့လိုက်သည်။ သူတို့နှစ်ဦး၏ နှုတ်ခမ်းသည် ပူးနေကြသည်။ သူတို့နှစ်ဦး၏ နှုတ်ခမ်းသည် အတန်ကြာမျှ ပူးနေကြသည်။

ကုမာရဂိရိသည် သူရူးအသွင်ကဲ့သို့ ပြောမိပြောရာ ပြောနေသည်။

"မင်း ကျုပ်ကို မြှုပ်နှံဖို့ ရောက်လာတယ်။ ကျုပ်ကလည်း မြှုပ်နှံဖို့ အဆင်သင့် ဖြစ်နေတယ်။ အင်း ... ဘယ်လောက် ချမ်းသာသုခ ရှိသလဲ။ ဘယ်လောက် လှုပ်ရှားတက်ကြွမှု ရှိသလဲ။ ကျုပ်ရဲ့ အချစ်ဒေဝီ၊ ကျုပ်ရဲ့သခင် ဘုရင်မဒေဝီ၊ ဒီကနေ့ မင်းပျို့ရွယ်မှုရဲ့ မထောက်မီနိုင်တဲ့ ပင်လယ်သမုဒ္ဒရာထဲ နစ်မြုပ်ဖို့ ကျုပ် ရောက်လာပါပြီ"

ကုမာရဂိရိသည် မျက်လုံး မှိတ်လိုက်သည်။ စိတ္တရလေခါ၏ မျက်လုံးလည်း မှိတ်သွားသည်။ သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦးကို တင်းကျပ်စွာ ဖက်ထားကြလေ၏။

စိတ္တရလေခါက ပြောလိုက်သည်။

"ဒီလိုဆိုရင် အဲဒီအတိုင်းပဲ ဖြစ်ပါစေတော့"

---

နံနက်မိုးသောက် အိပ်ရာမှ နိုးသောအခါ စိတ္တရလေခါသည် စိတ် ကယောင်ချောက်ချား ဖြစ်နေလေ၏။ ဗီဇဂုတ္တ-ဗီဇဂုတ္တသည် သူ့ကို စွန့်သွားသည်။ ယင်းအတွေးသည် သူ့ကို မခံရပ်နိုင်အောင် ပြုမူဖန်တီးနေသည်။ သူ၏ ကမ္ဘာလောကသည် အမိုက်တိုက် အပြည့်

ဖြစ်နေသည်။ မိမိကိုယ်ကို သူ ထပ်ကာထပ်ကာ ဒေါသထွက်နေသည်။ ဗီဇဂုတ္တကို သူ့အဘယ့်ကြောင့် စွန့်လွှတ်လိုက်သနည်း။

ထိုအချိန်၌ ကုမာရဂိရိသည် အိပ်ပျော်နေတုန်း ရှိသေးသည်။ သူ၏မျက်နှာသည် ပုံပျက်နေသည်။ ချုပ်တည်းခြင်းကို တစ်ခဏ အတောအတွင်း၌ ချိုးဖဲ့ဖျက်ဆီးပစ်လိုက်သော တဏှာပေမသည် သူ၏ တောက်ပသော မျက်နှာပေါ်၌ မှုန်မွှားမွှား အဖုံးတစ်ခုကို ဖုံးလွှမ်းထားလိုက်လေသည်။ စိတ္တရလေခါသည် အတန်ကြာမျှ ကုမာရဂိရိကို စိုက်ကြည့်နေ၏။ ထို့နောက် ရုတ်တရက် အကြောင်းမရှိဘဲနှင့် တုန်လှုပ်သွားသည်။ ထိုနေရာ၌ စိတ္တရလေခါ ကြာကြာ ဆက်မနေနိုင်တော့ပေ။ အပြင်ဘက် ထွက်သွားသည်။ တစ်ညဥ့်လုံး အတူတွဲဖက်၍ ကာမဂုဏ် အာရုံကို ခံစားခဲ့သူအား အဘယ့်ကြောင့် ဤမျှ ကြောက်ရွံ့ ထိတ်လန့်နေသနည်း။ စက်ဆုပ် ရွံရှာနေသနည်း။ ယင်းအချက်ကို သူ တအံ့တသြ ဖြစ်နေမိသည်။

ဝိသာလဒေဝသည် ဘုရားဝတ်ပြုပြီး ခါစပင် ရှိသေးသည်။ စိတ္တရလေခါကို တွေ့ရသောကြောင့် နှုတ်ဆက်လိုက်လေ၏။

"ဒီကနေ့ ဒေဝီကို ကြည့်ရတာ မျက်နှာ မသာပါကလား။ ဘာဖြစ်လို့လဲ"

"ညက ကျွန်မ တစ်ညလုံး အိပ်မက်ဆိုး မက်နေတယ်" စိတ္တရလေခါက ပြုံးလိုက်သည်။

"အိပ်မက်ဆိုး မက်တဲ့အတွက် ကျွန်မ စိတ်လက် မကြည်မသာ ဖြစ်နေတာပါ။

"ဒီကနေ့ ဆရာအရှင် အခုထက်ထိ သခ်မ်းကျောင်း အပြင်ဘက် ထွက်မလာသေးပါလား"

"တရားထိုင်နေတုန်း ရှိသေးတယ် ထင်ပါရဲ့"

"တရားထိုင်နေတုန်း ရှိသေးတယ် ဟုတ်လား" အံ့သြသော အမူအရာဖြင့် ဝိသာလဒေဝက ပြောလိုက်သည်။

"ဒီကနေ့ ဆရာအရှင်ဟာ သူ့ဘဝရဲ့ စည်းကမ်းဥပဒေကို ပထမဆုံးအကြိမ် ချိုးဖောက်ဖျက်ဆီး ပစ်လိုက်တယ်"

အချိန်အတန်ကြာမျှ သူတို့နှစ်ဦး စကားမပြော တုဏှိဘော လုပ်နေ၏။ ထို့နောက်မှ ဝိသာလဒေဝက ပြောလိုက်လေသည်။

"ဒေဝီစိတ္တရလေခါ၊ ဒေဝီရဲ့ အိပ်မက်အကြောင်းကို ကျွန်ုပ် မသိရဘူးလား"

"အဲဒီအိပ်မက်ဟာ ကျွန်မရဲ့ အတိတ်ဘဝနဲ့ ဆက်စပ်နေတယ်ဆိုတဲ့ အကြောင်းကို သိရရင် တော်လောက်ရောပေါ့"

"အတိတ်ဘဝနဲ့ ဆက်စပ်နေတယ် ဟုတ်လား" ဝိသာလဒေဝသည် အတန်ငယ် စဥ်းစားလိုက်လေ၏။

"ဒေဝီ၊ တကယ်လို့ ဒေဝီသင့်တော်တယ်လို့ထင်ရင် ကျွန်ုပ် ဗီဇဂုတ္တအကြောင်းကို သွားပြီး စုံစမ်းပေးမယ်လေ။ သူ ပြန်လာပြီလား မသိဘူး"

"သူ ပြန်လာပြီဆိုတာတော့ ကျွန်မ သိတယ်" စိတ္တရလေခါ၏ အသံသည် ခြောက်ကပ်သွားသည်။

"ဒါပေမဲ့ သူ ပြန်လာကော ဘာဖြစ်မှာလဲ။ သူပြန်လာလာ မလာလာ ကျွန်မနဲ့ ဘာမှ မဆိုင်ပါဘူး"

ဝိသာလဒေဝက စိတ္တရလေခါကို ကြည့်လိုက်သည်။

"ဒေဝီ၊ ဒေဝီဟာ သိပ်ဆန်းကြယ်တဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်တယ်။ ဒေဝီကို နားလည်ဖို့ မလွယ်ဘူး။ ဟိုနေ့ကတင်ပဲ ဒေဝီ ဗီဇဂုတ္တဆီ သွားချင်တဲ့စိတ် ပေါ်နေသေးတယ် မဟုတ်လား"

စိတ္တရလေခါ၏ မျက်နှာသည် နီရဲသွား၏။

"ဟုတ်ပါတယ်။ ဟိုနေ့က ကျွန်မ သူ့ဆီ သွားချင်တဲ့စိတ် ပေါ်လာတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ဒီနေ့ မသွားချင်တော့ပါဘူး။ ကျွန်မရဲ့ ပုဂ္ဂိုလ်ရေး၊ ကျွန်မရဲ့ ဘဝနဲ့

Typing - ငွေဇင်ယော်

ပတ်သက်ပြီး ဒါလောက် စိတ်ပါဝင်စားမှု ပြနေတာဟာ ရှင့်အတွက် ဘယ်အထိ သင့်လျော်လျောက်ပတ်တယ် ဆိုတာကိုကော ရှင် စဉ်းစားကြည့်မိရဲ့လား"

ဝိသာလဒေဝ ဦးခေါင်း ငုံ့သွားလေ၏။ ဖြည်းဖြည်းအေးအေးပင် ပြန်ပြောလေသည်။

"ဒေဝီပြောတာ မှန်ပါတယ်။ ဒါပေမဲ့ ဒေဝီရဲ့ ပုဂ္ဂိုလ်ရေး၊ ဒေဝီရဲ့ ဘဝကို စိတ်ပါဝင်စားခြင်းရဲ့ အဓိပ္ပာယ်ဟာ ကိုယ့်ဆရာအရှင်ရဲ့ ဘဝကို စိတ်ပါဝင်စားခြင်းပဲ ဖြစ်တယ်။ အဲဒီလို စိတ်ပါဝင်စားတာဟာ ကျွန်ုပ်အတွက် သဘာဝလည်း ကျတယ်။ သင့်လျော်လည်း သင့်လျော်တယ်။ ဒေဝီစိတ္တရလေခါ၊ ဒီမှာ ဒေဝီရှိနေခြင်းဟာ ဒီသင်္ခမ်းကျောင်းရဲ့ ချုပ်တည်းမှု အပြည့်ရှိနေတဲ့ ငြိမ်းချမ်းမှုကို ဖျက်လိုဖျက်ဆီး လုပ်နေတယ်ဆိုတာ ဒေဝီ ကောင်းကောင်းသိပါတယ်။ ဒီသင်္ခမ်းကျောင်းမှာရှိတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းဟာ တစ်ဦးရဲ့ တော်တဲ့အလုပ်၊ မတော်တဲ့အလုပ်ကို ကျန်တစ်ဦးက ဝေဖန်နိုင်ခွင့်သာမကဘူး၊ စွက်ဖက်ခွင့် ကြားဝင်ခွင့်လည်း ရှိတယ်"

"ကျွန်မ အဲဒါကိုတော့ လက်မခံနိုင်ဘူး"

"ကောင်းပါပြီ။ ဒါပေမဲ့ ကျွန်ုပ် ဒီနေ့ ဗီဇဂုတ္တဆီကိုတော့ သွားရလိမ့်မယ်။ ကျွန်ုပ်ရဲ့ ဆရာတူတပည့် သေတံကနဲ့ တွေ့ဖို့အတွက် သက်သက်သွားမှာပါ။ ဒေဝီ တစ်ခါထပ်ပြီး စဉ်းစားပါဦး။ ကျွန်ုပ်တို့ကို သနားငဲ့ညှာပါဦးလို့ ကျွန်ုပ် ထပ်ပြီး ဒေဝီကို တောင်းပန်လိုက်ပါတယ်"

စိတ္တရလေခါက ရယ်လိုက်လေသည်။

"သနားငဲ့ညှာပါဦး ဟုတ်လား။ ဘယ်သူ့ကို သနားငဲ့ညှာရမယ်လို့ ရှင်ပြောနေတာလဲ။ ဘယ်သူ့ဆီက သင် သနားငဲ့ညှာမှု မျှော်လင့်တောင့်တနေတာလဲ။ ရှင် သူသတ်သမားဆီက ကရုဏာကို မျှော်နေတယ် ဟုတ်လား။ အဖျက်သမားဆီက အပြုကို တောင့်တနေတယ် ဟုတ်လား။ ရှင် မှားနေပြီ။ မှားနေပြီ" ယင်းသို့ပြောလျက် စိတ္တရလေခါသည် ထိုနေရာမှ ထွက်သွားလေ၏။

နေ့လယ်မွန်းတည့်အချိန်တွင် ဝိသာလဒေဝသည် မြို့ထဲမှ ပြန်လာ၏။ စိတ္တရလေခါသည် ဝိသာလဒေဝအလာကို စောင့်မျှော်နေသည်။ ဝိလာသဒေဝ အကြံပေးချက်ကို ခါးခါးသီးသီး ငြင်းဆန်လိုက်ပြီးပြီ ဖြစ်သော်လည်း၊ ဆုံးဖြတ်ချက်တစ်ခုကို ချပြီးပြီ ဖြစ်သော်လည်း၊ စိတ္တရလေခါသည် ဗီဇဂုတ္တအကြောင်းကို သိချင်ကြားချင်နေတုန်းပင် ရှိသည်။ ဝိလာသဒေဝ ပြန်ရောက်လာသောအခါ စိတ္တရလေခါသည် သင်္ခမ်းကျောင်း အပြင်ဘက်ရှိ ညောင်ပင်တစ်ပင်အောက်၌ လဲလျောင်းနေလေ၏။ ဝိသာလဒေဝကို မြင်သည်နှင့် တစ်ပြိုင်နက် ထထိုင်လိုက်လေသည်။

ဝိသာလဒေဝသည် စိတ္တရလေခါဆီသို့ တန်းလာလေသည်။

"ဒေဝီစိတ္တရလေခါ၊ ကျွန်ုပ် ဗီဇဂုတ္တနဲ့ မတွေ့ခဲ့ဘူး။ သေတံကနဲ့သာ တွေ့ခဲ့တယ်။ ကျွန်ုပ် ဟိုမှာ ကြာကြာလည်း မထိုင်ခဲ့ပါဘူး။ သေတံကက မြို့စားကြီး မိတ္တဥ္စယအိမ် သွားမယ့် တန်းလန်းဖြစ်နေလို့။ ကျွန်ုပ်လည်း သူနဲ့အတူ စကားပြောရင်းနဲ့ မိတ္တဥ္စယအိမ်ကို လိုက်သွားတယ်။ အိမ်ရောက်တော့မှ သူက အိမ်ထဲဝင်သွားပြီး ကျွန်ုပ်က ဒီကို ပြန်လာခဲ့တယ်"

စိတ္တရလေခါက မေးလေ၏။

"သေတံကက ရှင့်ကို ကျွန်မအကြောင်း မမေးဘူးလား"

"မေးပါတယ်။ ဒေဝီ နေကောင်းထိုင်သာ ရှိရဲ့လား ဆိုတဲ့အကြောင်းကို သူက ကျွန်ုပ်ကို မေးပါတယ်။ သူလည်း အလျင်စလို ဖြစ်နေတယ်။ နို့မဟုတ်ရင် ဒီတောင် လိုက်လာမလို့ပဲ။ အော် ... တစ်ခု ပြောရဦးမယ်။ ဒေဝီ အံ့သြနေမလား မသိဘူး။ သေတံကက ယသောဓရာကို ကြိုက်နေတယ်။ ယသောဓရာနဲ့ လက်ထပ်ချင်နေတယ်"

စိတ္တရလေခါ အံ့အားသင့်သွားလေ၏။

"သေတံကက ယသောဓရာနဲ့ လက်ထပ်ချင်နေတယ် ဟုတ်လား။ ကျွန်မတော့ ယသောဓရာ ဗီဇဂုတ္တနဲ့ လက်ထပ်ပြီးပြီလို့ ထင်နေတယ်"

Typing - ငွေဇင်ယော်

ဤအကြိမ်၌မူ ဝိသာလဒေဝက အံ့အားသင့်သွား၏။

"ယသောရောနဲ့ ဗီဇဂုတ္တ လက်ထပ်ပြီးပြီ ဟုတ်လား။ ဘယ်လိုထင်တာလဲ ဒေဝီ။ ဗီဇဂုတ္တဟာ ယသောရောကို တိမ်းညွတ်နေတယ်လို့တော့ သေတံကက ပြောပါတယ်။ ဒါပေမဲ့ ဗီဇဂုတ္တဟာ ယသောရောနဲ့ ဘယ်တော့မှ လက်ထပ်မှာ မဟုတ်ဘူးလို့ သူကယုံကြည်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒေဝီကို ချစ်နေတဲ့ ဗီဇဂုတ္တရဲ့ အချစ်ဟာ အစဉ်ထာဝရ တည်မြဲနေမှာ ဖြစ်တဲ့အတွက်ကြောင့်တဲ့"

စိတ္တရလေခါ ထလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဝိသာလဒေဝ။ ကျွန်မ ရှင့်ကို မချေမငံ ပြောခဲ့မိတဲ့အတွက် တောင်းပန်ပါတယ်။ ကျွန်မကို ခွင့်လွှတ်ပါ။ ကျွန်မ ဒီကနေ့ပဲ ဒီက ထွက်သွားမယ်ဆိုတာ ယုံကြည်စိတ်ချပါ"

စိတ္တရလေခါသည် သင်္ခမ်းကျောင်းထဲ တန်းဝင်သွားလေသည်။ ဝိသာလဒေဝက စိတ္တရလေခါ၏ အပြုအမူကို နားမလည်နိုင်အောင် ဖြစ်နေလေ၏။ နှုတ်မှလည်း ပြောလိုက်လေသည် - "တော်တော် ထူးတဲ့ မိန်းမပဲ"

ထိုအချိန်၌ ကုမာရဂိရိသည် လဲလျောင်းလျက် စိတ္တရလေခါအကြောင်းကို စဉ်းစားနေလေ၏။ သူ၏ စိတ်သည် ပျံ့လွင့်နေလေသည်။ စိတ္တရလေခါကို တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် သူရူးအသွင်ကဲ့သို့ စိတ္တရလေခါအနီးသို့ တိုးလာလေ၏။

"ဘယ်သွားနေတာလဲ ကျုပ်ရဲ့ ဘုရင်မ … လာလေ … လာ … "

သို့ရာတွင် စိတ္တရလေခါနှင့် အကြည့်ချင်း ဆုံသွားသည်နှင့် တစ်ပြိုင်နက် သူ၏ အရူးအမူးအသွင်သည် ပျောက်ကွယ်သွားလေသည်။ စိတ္တရလေခါ၏ မျက်လုံးသည် ချစ်ချစ်တောက်နေ၏။ ထိုမျက်လုံး၌ ရွံရှာမုန်းတီးခြင်း၊ စိတ်နာခြင်း၊ နောင်တရခြင်းများ ရောနှောပေါင်းဆုံ နေကြသည်။ အသား ဆတ်ဆတ်တုန်လျက် ပြောလိုက်လေသည်။

"အယုတ်တမာ၊ အလိမ်အညာ၊ တိရစ္ဆာန်၊ သွား … ဖယ် "

ကုမာရဂိရိသည် ဖယ်လိုက်လေ၏။ စိတ္တရလေခါက ဆက်ပြောလေသည်။

"သင် ကျွန်ုပ်ကို မလိမ့်တပတ်လုပ်တယ်။ တဏှာ ရာဂပိုး။ သင် ကျွန်ုပ်ကို ညာပြောတယ်။ သင့် အကျင့်တရားဟာ အောင်မြင်မှု ရမှာမဟုတ်ဘူး။ သင် ခေတ်အဆက်ဆက် နရက်ငရဲမှာ လောင်ကျွမ်းနေရလိမ့်မယ်။ ကျွန်ုပ် သွားမယ်။ သင် ကျွန်ုပ်ကို တားလို့ မရဘူး"

ကုမာရဂိရိက အရဲစွန့်လိုက်လေ၏။

"ကျုပ် လုပ်ခဲ့တာတွေဟာ မင်းကို ချစ်တဲ့အတွက် မျက်ကန်းအဖြစ်နဲ့ လုပ်ခဲ့မိတဲ့ အရာတွေသာ ဖြစ်ပါတယ်"

"တဏှာရာဂပိုး … ၊ သင် အချစ်ကို ဘာသိလို့လဲ။ သင်ဟာ ကိုယ့်အတွက် အသက်ရှင်နေတဲ့လူ ဖြစ်တယ်။ ငါစွဲ အတ္တစွဲသာ သင်ရဲ့ အာရုံစူးစိုက်ရာ ဖြစ်နေတယ်။ သင် ချစ်နည်းကို သိလို့လား။ အချစ်ဆိုတာ စွန့်လွှတ်ခြင်း ဖြစ်တယ်။ မိမိကိုယ်ကို စတေးခြင်း ဖြစ်တယ်။ မိမိကိုယ်ကို မေ့ပျောက်ခြင်း ဖြစ်တယ်။ သင်ရဲ့ တရားအကျင့်၊ သင်ရဲ့ အသိဉာဏ်ပညာ၊ သင်ရဲ့ ပူဇော်ဝတ်ပြုမှု၊ သင်ရဲ့ တရားဘာဝနာ အဲဒါတွေ အားလုံးဟာ အမှားချည်းပဲ။ အမှန်တရားနဲ့ ကောသ အရာအထောင် ဝေးတယ်။ သင်ဟာ မိမိရဲ့ တင်းတိမ် ရောင့်ရဲမှုအတွက် ရသေ့ရဟန်း အရေခြုံပြီးတော့ ကမ္ဘာလောကကို မလိမ့်တပတ်လုပ်ပြီး အိမ်ထောင်သည်ဘဝရဲ့ အခက်အခဲတွေကို မျက်နှာလွှဲခဲ့တယ်။ အဲဒါ သူရဲဘောကြောင်တာ မဟုတ်လား။ သင်ဟာ ကိုယ့်တဏှာ ရာဂကို နှစ်သိမ့် ရောင့်ရဲစေလိုတဲ့အတွက် ကျွန်ုပ်ကို လှည့်စားခဲ့တယ်။ ဒါနဲ့တောင်မှ သင် အချစ်စကား ပြောနေသေးတယ်"

ကုမာရဂိရိသည် ယင်းစော်ကားချက်ကို သည်းခံ မနေနိုင်တော့ပေ။ ထလိုက်သည်။

"သွားတော့ ကချေသည်။ ကျုပ် မင်းကို အလိုမရှိတော့ဘူး။ မင်း ကျုပ်ကို တွန်းလှဲခဲ့တယ်။ ပြီးတော့ မင်းကိုယ်တိုင်ပဲ ကျုပ်ကို ထုမ နေတယ်။ မင်း ကျုပ်ကို

အနိုင်ယူတယ်။ ကျုပ်ကလည်း မင်းကို အနိုင်ယူတယ်။ မင်း ကျုပ်ကို ဘာဖြစ်လို့ ကြိမ်းမောင်းနေရတာလဲ။ ကိုယ့်ကိုယ်ကို ပြန်ကြည့်ပါဦး။ ကိုယ့်မျက်နှာပေါ်မှာရှိနေတဲ့ တိရစ္ဆာန်ဆန်တဲ့ အရိပ်ကိုတော့ မင်း မြင်နိုင်စွမ်း ရှိမှာ မဟုတ်ဘူး။ အဲဒါကို ကျုပ်သိတယ်။ သွား ... ကိုယ့်ကျိန်စာကိုလည်း ကိုယ်နဲ့ တစ်ပါးတည်း ယူသွား ... ”

ကုမာရဂိရိသည် စိတ်ကို မထိန်းနိုင်သဖြင့် တဆတ်ဆတ် တုန်နေလေ၏။ ထို့နောက် အပြင်သို့ ထွက်သွားလေသည်။

---

## အခန်း ( ၂၁ )

မိတုဥ္စယ၏ အိမ်တော်မှ ပြန်လာပြီးသောအခါ သေတံကက ဗီဇဂုတ္တကို ပြောလေသည်။

“ယောဂီ ကုမာရဂိရိရဲ့ တပည့် ဝိလာသဒေဝနဲ့ ဒီကနေ့ တွေ့ခဲ့တယ်။ ဒေဝီ စိတ္တရလေခါ ကျန်းကျန်းမာမာ ရှိတယ်ဆိုတဲ့အကြောင်း သူက ပြောပြတယ်”

ဗီဇဂုတ္တ မည်သို့မျှ ပြန်မပြောပေ။

သေတံကက တစ်ဖန် ပြန်ပြောလေ၏။

“သခင်မကို ကျွန်ုပ် သွားတွေ့ရရင် မကောင်းဘူးလား”

“မသွားပါနဲ့” ဗီဇဂုတ္တက ပြန်ပြောလေ၏။

“သွားလို့လဲ အပိုပါပဲ”

စိတ္တရလေခါ အကြောင်းကို ဗီဇဂုတ္တ စိတ်ပါပုံ မရသည်ကို တွေ့ရသောအခါ သေတံကသည် စိတ် စနောင့်စနင်း ဖြစ်သွားပြီးလျှင် ဗီဇဂုတ္တအနီးမှ ထွက်သွားလေသည်။

ဗီဇဂုတ္တ၏ စိတ်ဂနာမငြိမ်မှုသည် ပါဋလိပုတ်သို့ ရောက်လာသော်လည်း ပြေပျောက် မသွားခဲ့ပေ။ တိုး၍သာ လာလေ၏။ သူ၏ နှလုံးထဲ၌ အတွေးနစ်ခုသည် တစ်ခုနှင့်တစ်ခု အပြင်းအထန် ယှဉ်ပြိုင် တိုက်ခိုက်နေကြ၏။ ရုပ်ပုံလွှာနှစ်ခုသည် သူ့ရှေ့မှောက်၌ ပေါ်နေသည်။ စိတ္တရလေခါ ထွက်သွားပြီးနောက် ဗီဇဂုတ္တသည် မိမိ၏ဘဝ၌ သွေ့ခြောက်မှုတစ်မျိုးကို တွေ့ကြုံခံစားနေရသည်။ ယင်းသွေ့ခြောက်မှုသည် သူ့အတွက် ခံရပ်နိုင်ဖွယ် မဟုတ်ပေ။ ယင်းသွေ့ခြောက်မှု ထဲတွင်ပင် ယသောဓရာ ဝင်ရောက်လာလေ၏။ ယခု ယသောဓရာကို လက်ခံလိုစိတ် ပေါ်လာသည်။ ယသောဓရာနှင့် လက်ထပ် ထိမ်းမြားလိုသည့် ဆန္ဒ ဖြစ်ပေါ်လာသည်။ သို့ရာတွင် ယသောဓရာကို တစ်ခါတုန်းက ငြင်းပယ်လိုက်ခဲ့ဖူး၏။ ယခု ထိုယသောဓရာကို မိတုဥ္စယထံမှ တောင်းယူရလျှင် သူ့အတွက် မဟာအရှုံးကြီး ဖြစ်ပေလိမ့်မည်။ သူ့ဝိညာဉ်က ထိုအရှုံးကို လက်ခံဖို့ရန် အသင့် မရှိပေ။

ဗီဇဂုတ္တသည် မောရယနိုင်ငံတော် စစ်အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်လေသည်။ ပါဋလိပုတ်သို့ ပြန်ရောက်လာပြီးသည့်နောက်၌ တိုင်းရေး ပြည်ရေး၌လည်း သူ စိတ်ပါဝင်စားခြင်း မရှိတော့ပေ။

ဗီဇဂုတ္တ၏ နှလုံးထဲ၌ ယင်းဂနာမငြိမ်မှုက လှုံ့ဆော်သည်ဖြစ်၍ အခိုက်အတန့်အားဖြင့် တွယ်တာတပ်မက်မှုကင်းခြင်း သဘောတစ်မျိုး ပေါ်ပေါက်လာလေသည်။ ဗီဇဂုတ္တသည် အပြင် မထွက်တော့ပေ။ အိမ်တွင်းပုန်းနေ၏။ မြို့၏ ကျယ်ပြန့်သော လူထု၊ ပွဲလမ်းသဘင်၊ အပျော်အပါးများသည် သူ့အတွက် အနှောင့်အယှက် ဖြစ်နေကြသည်။

ယနေ့ သေတံကက စိတ္တရလေခါ၏ အကြောင်း စကားစပြီး ဗီဇဂုတ္တ၏ နှလုံးတွင် နောက်ထပ် ဂနာမငြိမ်မှုတစ်ခု ပြုလုပ် ဖန်တီးလိုက်ပြန်လေသည်။ ဗီဇဂုတ္တသည် ထိုည အိပ်၍ မပျော်တော့ပေ။ စိတ္တရလေခါ ရှင်လန်းချမ်းမြေ့နေသည်။ ကျန်းမာချမ်းသာ နေသည်။ ဗီဇဂုတ္တက စိတ်ညစ်နေသည်။ စိတ်ဆင်းရဲနေသည်။ ဘယ်လိုမညီမျှခြင်းပါလိမ့်။ အရှုံးဖြစ်ချင် ဖြစ်ပါစေတော့။ ယသောဓရာနှင့် လက်မထပ်၍ မဖြစ်တော့ပေ။ မိမိဘဝ၏ ခြောက်သွေ့မှုကို ဖယ်ရှားဖျောက်ဖျက် ရပေတော့မည်။

Typing - ငွေဇင်ယော်

ဗီဇဂုတ္တ၏ အသံ၌လည်းကောင်း၊ ဗီဇဂုတ္တ၏ အမူအရာ၌လည်းကောင်း၊ စိတ္တရလေခါကို စိတ်ပါဝင်စားခြင်း မရှိပုံ၌လည်းကောင်း၊ သေတံကသည် ယခုအထိ တွေ့မြင်သိရှိဖို့ရန် မကြိုးစားခဲ့သော အမှန်တရားကို ပထမဆုံးအကြိမ် စတင်တွေ့မြင် သိရှိသွားလေသည်။ ထိုည၌ သူလည်း အိပ်မပျော်ပေ။

နံနက်မိုးသောက် အလင်းရောက်လာလေ၏။ ဗီဇဂုတ္တသည် ထိုနေ့တွင် အထူး ရွှင်လန်းနေ၏။ ယသောဓရာနှင့် လက်ထပ်တော့မည် ဆိုသည့်အကြောင်းကို မိတုဋ္ဌယကို ပြောပြတော့မည် ဟူ၍ ဆုံးဖြတ်ချက် ချထားလေ၏။

ဗီဇဂုတ္တ အပြင်ထွက်လာလေသည်။ ယနေ့ ပထမဆုံးအကြိမ် ဗီဇဂုတ္တ၏ မျက်နှာတွင် အကျင့်ပါနေသည့် သူ့ပင်ကိုအပြုံးကို တွေ့မြင်ရလေသည်။ နံနက်စာ စားသောက်ရန် ထိုင်လိုက်လေ၏။ သေတံကကို မတွေ့ရပေ။ အလုပ်အကျွေး တစ်ယောက်အား သေတံကကို အခေါ်ခိုင်းလိုက်လေ၏။

သေတံက ရောက်လာ၏။ မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ ကြောင့်ကြဗျာပါရ များနေကြောင်းမှာ ထင်ရှားပေါ်လွင်နေ၏။ ဗီဇဂုတ္တက မေးလိုက်လေ၏။

"သေတံက၊ မင်း နေလို့မကောင်းဘူးလား"

သေတံကက ဦးခေါင်းငုံ့လျက် ပြန်ပြောလေသည်။

"သခင်၊ နေလို့တော့ ကောင်းပါတယ်။ ဒါပေမဲ့ စိတ်မအေးရတဲ့ အကြောင်းတစ်ခု ရှိနေတယ်"

"ဘယ်လို အကြောင်းလဲ"

သေတံကလည်း အတန်ကြာမျှ တိတ်နေလေ၏။ ထို့နောက်မှ ဦးခေါင်းကို မော့လိုက်လေသည်။

"သခင်၊ သခင်ဟာ ကျွန်ုပ်အပေါ်မှာ အမြဲတစေ ကြင်နာ ထောက်ထားမှု ရှိခဲ့ပါတယ်။ သခင်ပဲ ကျွန်ုပ်ရဲ့ ဒုက္ခကိုငြိမ်းအောင် လုပ်နိုင်ဖို့ ရှိနေပါတယ်"

*Typing - ငွေဇင်ယော်*

ဗီဇဂုတ္တ ရယ်လိုက်လေ၏။

"မင်းဟာ ငါ့ညီနဲ့ ဘာမှ မခြားဘူးဆိုတာ မင်းသိတယ်မဟုတ်လား သေတံက။ ငါ တတ်နိုင်တဲ့ဟာဆိုရင် ဘာမဆို မင်းအတွက် ငါလုပ်ဖို့ အသင့်ပဲ"

"ကျွန်ုပ် သိပါတယ်။ ဒါကြောင့်မို့သာ သခင့်ကို တောင်းပန်ရဲတာပေါ့။ သခင်၊ ကျွန်ုပ် မြို့စားကြီး မိတုဋ္ဌယရဲ့သမီး ယသောဓရာနဲ့ လက်ထပ်ချင်တယ်"

ဗီဇဂုတ္တ မျက်လုံးပြူးသွားသည်။ ကင်း အကောင်တစ်ထောင်စုပြီး တစ်ပြိုင်တည်း အချက်ပေါင်း တစ်ထောင် ကိုက်လိုက်သလားဟု အောက်မေ့ရလေ၏။ အချိန်အတန်ကြာမျှ အကြောင်သား သေတံကကို ငေးကြည့်နေမိသည်။

"ဘာပြောတယ်၊ ယသောဓရာနဲ့ လက်ထပ်ချင်တယ်၊ ဟုတ်လား။ အဲဒီကိစ္စမှာ ငါ့အကူအညီ ဘာလိုလို့လဲ"

"အဲဒီအကြောင်းကို မိတုဋ္ဌယကို ပြောပေးစေချင်ပါတယ်"

"မိတုဋ္ဌယက သူ့သမီးနဲ့ လက်ဆက်ဖို့ ငါ့ကို တိုက်တွန်းခဲ့ဖူးတယ် ဆိုတဲ့အကြောင်းနဲ့ အဲဒီအခါတုန်းက ငါဟာ စိတ္တရလေခါ ရှိနေတဲ့အတွက် သူ တိုက်တွန်းတာကို ငြင်းပယ်ခဲ့တယ် ဆိုတဲ့အကြောင်းကို မင်း သိတယ် သေတံက၊ ပြီးတော့ စိတ္တရလေခါဟာ ငါ့ရဲ့ဘဝထဲက ထွက်သွားတယ် ဆိုတဲ့အကြောင်းနဲ့ ယသောဓရာကို ငါ အထိုက်အလျောက် တိမ်းညွတ်နေတယ် ဆိုတဲ့အကြောင်းကိုလည်း မင်း သိတယ်"

"သိပါတယ် သခင်။ ဒါပေမဲ့ သခင်ဟာ ယသောဓရာနဲ့ လက်ထပ်လိမ့်မယ်လို့တော့ ကျွန်ုပ် မထင်မိဘူး"

"ဟင့်အင်း၊ မင်းပြောတာ မဖြစ်နိုင်သေးဘူး သေတံက။ ငါ ယသောဓရာကို ချစ်နေပြီ။ ညကပဲ ယသောဓရာနဲ့ လက်ထပ်တော့မယ်လို့ ငါ ဆုံးဖြတ်ချက် ချလိုက်ပြီ"

ဗီဇဂုတ္တသည် ကယောင်ချောက်ချား ဖြစ်နေ၏။ သူ၏အသံသည် ထက်မြက်ခြင်း နက်နဲခြင်း အပြည့်ရှိနေ၏။

"မင်း ငါ့ကို ဘာလုပ်ဖို့ ပြောနေတာလဲ။ ဒါလောက် နာကျင်နေရတာ၊ ဒါလောက် စိတ်ဆင်းရဲနေရတာ၊ ဒါလောက် စိတ်လှုပ်ရှားနေရတာ ငါ့အတွက် မလုံလောက်သေးဘူးလား။ ကိုယ့်ဘဝကို ဖျက်ဆီးပစ်လိုက်ဖို့ မင်းက ငါ့ကို လိုလားနေတာလား။ မဖြစ်ဘူး သေတံက၊ မင်းပြောတာ မဖြစ်နိုင်ဘူး။ ငါ ယသောရောကို လက်ထပ်မယ်။ အဲဒါကို သေသေချာချာ မှတ်ထားပါ"

သေတံက၏မျက်လုံး၌ မျက်ရည် ပြည့်လျှံလာ၏။ ဗီဇဂုတ္တ၏ရှေ့တွင် လက်အုပ်ချီလိုက်လေသည်။

"သခင် ကျွန်ုပ်ကို ခွင့်လွှတ်ပါ။ ကျွန်ုပ် အပြစ်ရှိသူ ဖြစ်နေပါပြီ။ ကျွန်ုပ်ကို ခွင့်လွှတ်ပါ။ ကျွန်ုပ် ကိုယ့်အခွင့်အရေးရဲ့ အပြင်ဘက်ကို ထွက်သွားမိခဲ့တယ်။ ကျွန်ုပ်ကို ခွင့်လွှတ်ပါ။ သခင်၊ သခင်ရဲ့ နှလုံးသားဟာ ကြီးမား ကျယ်ပြန့်လှပါတယ်။ သခင်ဟာ စံတင်အပ်တဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ကျွန်ုပ်ကို ခွင့်လွှတ်ပါ"

ဗီဇဂုတ္တက အော်ပြောလိုက်လေ၏။

"ငါ့ကို အရှုံးမလုပ်နဲ့ သေတံက၊ သွား ... သွား။ ငါ တောင်းပန်ပါတယ်။ သွားပါတော့"

သေတံကသည် ဖြည်းညင်းစွာ ထိုင်နေရာမှ ထသွားလေ၏။ ---------------

ဗီဇဂုတ္တသည် မိမိလက်ဖြင့် မိမိဦးခေါင်းကို ထုလေသည်။

"ကံဆိုးလိုက်လေခြင်း" ထို့နောက် သူ့ဘာသာ ပြောနေ၏။

"မဖြစ်ဘူး ... မဖြစ်ဘူး၊ သေတံက၊ မင်းပြောတာ မဖြစ်နိုင်ဘူး။ ငါ လက်ထပ်မယ် ... ငါ လက်ထပ်မယ်။ စိတ်ချမ်းချမ်းသာသာ နေနိုင်ခွင့် ငါ့မှာ မရှိရတော့ဘူးလား"

ဗီဇဂုတ္တသည် မတ်တတ်ရပ်လိုက်သည်။

"ငါ အခု သွားမယ်။ ငါ့အဆုံးအဖြတ်ကို အနှောင့်အယှက် အဟန့်အတား လုပ်မယ့်လူ ဘယ်သူမှ မရှိဘူး။ ယသောရောနဲ့ လက်ထပ်မယ်လို့ ငါဆုံးဖြတ်ပြီးပြီ။ အခု ငါ့ အဆုံးအဖြတ်ကို ပြောင်းလဲပစ်လို့ မဖြစ်နိုင်တော့ဘူး" ဗီဇဂုတ္တသည် ယာဉ်ရထားကို အထုတ်ခိုင်းလိုက်လေ၏။

ထိုနောက် စဉ်းစားကြည့်ပြန်သည် - "ဒါပေမဲ့ သေတံကက ရှိနေသေးတယ်။ ယသောရောကို ချစ်ပိုင်ခွင့် သေတံကမှာ မရှိသလား။ ငါ ယသောရောကို တိမ်းညွှတ်နေတယ်ဆိုတာ သူ မသိဘူးလား" ဗီဇဂုတ္တ၏ တစ်ကိုယ်လုံးသည် ချစ်ချစ်တောက်နေသည်။ သူ၏ လည်ချောင်းမှာ ခြောက်ကပ်နေပြီ။ ရေအေးတစ်ခွက် သောက်လိုက်၏။ သူ၏ စိတ်ဂနာမငြိမ်မှုသည် လျော့သွားလေ၏။ သူ၏ဦးနှောက်သည် အတန်ငယ် အေးငြိမ်းမှု ရရှိသွားလေ၏ - "ဒါပေမဲ့ သေတံကမှာ ဘာအပြစ် ရှိလို့လဲ။ ချစ်တယ်ဆိုတာဟာ သူ့အတွက် ခမ္မတာ သဘောတရားပဲ မဟုတ်လား။ သူဟာ လုလင်တစ်ယောက် ဖြစ်တယ်။ သွေးနဲ့ကိုယ် သားနဲ့ကိုယ် ဖြစ်တယ်။ သဘာဝ လှုံ့ဆော်အားပေးချက်တွေလည်း သူ့မှာ ရှိနေတယ်။ စိတ္တရလေခါကို ချစ်နေတဲ့ ငါ့ရဲ့ အချစ်ဟာ သေဆုံးသွားပြီဆိုတဲ့ အကြောင်းကိုလည်း သူ ဘယ့်နှယ်လုပ် သိနိုင်ပါ့မလဲ"

ဗီဇဂုတ္တ၏ အတွေးသည် လမ်းပြောင်းသွားလေ၏ - "စိတ္တရလေခါကို ချစ်နေတဲ့ ငါ့ရဲ့အချစ်ဟာ သေဆုံးသွားပြီလား။ ဘာကြောင့် သေဆုံးသွားတာလဲ။ မိန်းမတစ်ယောက်ကို ချစ်ပြီး အခုတစ်ဖန် နောက်မိန်းမတစ်ယောက်ကို ချစ်နေပြန်ပြီ။ ငါဘယ်လောက် အားပျော့တဲ့လူ ဖြစ်သလဲ။ အချစ်ဆိုတာ ယာယီသာခံသလား"

ဗီဇဂုတ္တသည် နားဝေတိမ်တောင် ဖြစ်နေသည်။ ကိုယ်တိုင် တွေ့ကြုံနေရသည့်အရာ ဖြစ်စေကာမူ အချစ်ဆိုသည်မှာ ယာယီမျှသာခံ၏ဟူသော အချက်ကို လက်ခံဖို့ရန် အသင့်မရှိပေ - "ဟင့်အင်း၊ အချစ်ဟာ ယာယီသာ လက်ခံတယ်ဆိုတာ မဟုတ်ဘူး။ ဒါဖြင့်

ငါဘာဖြစ်လို့ ယသောဓရာကို လက်ထပ်ဖို့ ကြိုးစားနေရတာလဲ။ စိတ္တရလေခါကို ကလဲ့စားချေဖို့လား။ မဟုတ်ဘူး” စိတ္တရလေခါကိုမူ သူ စိတ်မနာပေ။

ဝင်းတံခါးဝသို့ ရထားရောက်လာလေ၏။ ဗိဇဂုတ္တသည် ယသောဓရာတို့၏ အိမ်တော်ဘက်သို့ ထွက်သွားလေသည်။ သို့ဖြစ်လင့်ကစား သူ၏အတွေးအမျှင်မှာ ပြတ်မသွားသေးပေ - “ချုပ်တည်းခြင်းရဲ့ အနက်အဓိပ္ပာယ်ဟာ ဒါလား။ ကမ္ဘာလောကမှာ ကိုယ့်ဖို့ ကိုယ့်အတွက်ဆိုရင် လူနဲ့ တိရစ္ဆာန် ဘာခြားတော့မလဲ။ သတ္တဝါတိုင်းဟာ ကိုယ့်အတွက် အသက်ရှင်နေကြတယ်။ လူတိုင်း လူတိုင်းဟာ ငါစွဲက လှုံ့ဆော်တဲ့အတွက် အလုပ်လုပ်နေကြတယ်။ ဒီလိုဆိုရင် ငါနဲ့ ကမ္ဘာလောကမှာရှိတဲ့ တခြားသတ္တဝါတွေနဲ့ ဘာခြားနားမှု ရှိတော့မလဲ။ ယသောဓရာနဲ့ ငါ လက်ထပ်လိုက်ရင် ဘယ်လို အကျိုးသက်ရောက်မှု ဖြစ်ပေါ်လာမလဲ။ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ ဘဝဟာ ကြေမွပျက်စီးသွားတော့မယ်။ အဲဒီပုဂ္ဂိုလ်ဆိုတာလည်း တခြားမဟုတ်ဘူး။ ငါ့ရဲ့ ညီချစ်နဲ့ ဘာမှမခြားတဲ့ သေတံက။ ငါဟာ ငါနှစ်သက်မြတ်နိုးတဲ့ ငါ့အမူအကျင့် ငါ့ဝါဒက သွေဖည်သွားရတော့မယ်။ ငါ ယသောဓရာကိုကော ချစ်နိုင်ပါ့မလား။ ငါ့စိတ်တွေ အခု ဂနာမငြိမ် ဖြစ်နေတယ်။ အခု မိမိရဲ့စိတ် မရွှင်လန်းမချမ်းမြေ့မှုကို ဖယ်ရှားပစ်လိုတဲ့ ရည်ရွယ်ချက်နဲ့ ငါ ယသောဓရာကို လက်ထပ်လိုက လက်ထပ်နိုင်တယ်။ ဒါပေမဲ့ နောင်အခါကျတော့ ဘာတွေ ဖြစ်လာမလဲ။ ဟင့်အင်း၊ ငါ လက်ထပ်နိုင်ခွင့် မရှိဘူး။ ငါ သေတံကရဲ့ဘဝကို ဒုက္ခရောက်သွားအောင် လုပ်နိုင်ခွင့် မရှိဘူး။ ငါ ကိုယ့်လမ်းစဉ်ကို သတ်မှတ်ရွေးချယ်ပြီးပြီ။ ဆင်ခြင်စဉ်းစားပြီး သတ်မှတ် ရွေးချယ်ပြီးပြီ။ ငါအခု အောင်မြင်မှုကို ရသည်ဖြစ်စေ၊ မအောင်မြင်မှုကို ရသည်ဖြစ်စေ၊ ဒုက္ခနဲ့ တွေ့သည်ဖြစ်စေ၊ သုခနဲ့ တွေ့သည်ဖြစ်စေ ကိုယ့်လမ်းစဉ်ကိုသာ ဆုပ်ကိုင်ထားသင့်တယ်။ တခြားပုဂ္ဂိုလ်များရဲ့ ချမ်းသာသုခဖြစ်ရေးမှ အနှောင့်အယှက်ပေးပြီး ကိုယ့်ချမ်းသာသုခဖြစ်ရေးကိုသာ အလေးထားတာဟာ သူရဲဘောကြောင်တဲ့အလုပ် ဖြစ်တယ်။ သူရဲဘောကြောင်တဲ့အလုပ် ဖြစ်ရုံသာမကဘူး။ ယုတ်ညံ့သေးသိမ်တဲ့ အလုပ်လည်း ဖြစ်တယ်။ ငါဟာ တခြားပုဂ္ဂိုလ်များကိုလည်း မတရား ပြုလုပ်နေတယ်။ ကိုယ့်ကိုယ်ကိုလည်း မတရားပြုလုပ်နေတယ်။ ငါတို့ရဲ့ ဝေပုံကျအတွက် သုခနဲ့ဒုက္ခ နှစ်မျိုးရှိနေတယ်။ အဲဒီ နှစ်မျိုးလုံးကို ရဲရဲဝံ့ဝံ့ ခံစားဖို့ရန်မှာ ငါတို့ရဲ့ တာဝန်ဝတ္တရား ဖြစ်တယ်”

*Typing* - ငွေဇင်ယော်

ရထားသည် မိတုဥ္ဆယ၏ အိမ်တော်သို့ ရောက်လာလေ၏။ ဗိဇဂုတ္တက မိတုဥ္ဆယကို အကြောင်းကြား ခိုင်းလိုက်သောအခါ မိတုဥ္ဆယသည် အပြင် ထွက်လာလေသည်။

ကျန်းမာချမ်းသာကြောင်း မေးမြန်းပြောဆိုပြီးသောအခါ မိတုဥ္ဆယက မေးလိုက်လေသည်။

“ဘယ့်နယ် ကျုပ်အိမ်ကို ဒုက္ခခံပြီး ရောက်လာတာ ကိစ္စများ ထူးလို့လား၊ ဗိဇဂုတ္တ”

ဗိဇဂုတ္တသည် အတန်ငယ် စဉ်းစားပြီးနောက် ပြောလိုက်လေ၏။

“မြို့စားကြီး မိတုဥ္ဆယ၊ မြို့စားကြီးရဲ့သမီး လက်ထပ်ဖို့ကိစ္စကို ပြောဖို့ ကျုပ်လာခဲ့တာပါ”

မိတုဥ္ဆယ၏ မျက်နှာပေါ်၌ အပြုံးတစ်ချက် ပေါ်လာလေ၏။

“ပြောလေ၊ ပြောပါ၊ အားနာစရာ မလိုပါဘူး”

ဗိဇဂုတ္တသည် မိတုဥ္ဆယ ပြုံးလိုက်သော အပြုံး၏ အဓိပ္ပာယ်ကို သိရှိနားလည်သွားသည်။ သူကလည်း ပြုံးလိုက်လေ၏။

“မြို့စားကြီး၊ ကျွန်ုပ် ကိုယ့်အတွက်တော့ ဘာမှ မပြောလိုပါဘူး။ ကိုယ့်အတွက် ပြောလည်း ပြောပြီးပါပြီ။ အခုလာရတဲ့ အကြောင်းကတော့ မြို့စားကြီးရဲ့ သမီးကညာကို သေတံကနဲ့ လက်ထပ်ထိမ်းမြား ပေးပါလို့ တောင်းပန်မလို့ လာခဲ့တာပဲ။ သေတံကဟာ အမျိုးကောင်းသားတစ်ဦး ဖြစ်တယ်။ ရုပ်ရည်လည်း ချောတယ်။ အကျင့်လည်းကောင်း၊ ပညာလည်းတတ်တယ်။ သူဟာ မြို့စားကြီးသမီးအတွက် လိုက်ဖက်တဲ့ သတို့သားတစ်ဦး ဖြစ်ပါလိမ့်မယ်။ ကျွန်ုပ်ထက်တောင် လိုက်ဖက်ပါလိမ့်ဦးမယ်”

ဗိဇဂုတ္တက ယင်းသို့ ပြောလိုက်သောအခါ မိတုဥ္ဆယသည် အံ့အားသင့်သွားလေ၏။ ယသောဓရာနှင့် မိမိကိုယ်တိုင် လက်ထပ်လိုသည့် အကြောင်းကို ပြောလိမ့်မည်ဟု ဗိဇဂုတ္တအား မိတုဥ္ဆယက မျှော်လင့်ထားသည်။ သေတံကအတွက် ပြောသည်ကို ကြားရသောအခါ မိတုဥ္ဆယသည် ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။ အတန်ကြာမျှ ခပ်မဆိတ်နေပြီး ပြောလိုက်လေ၏။

"ဗီဇဂုတ္တ၊ သေတံကဟာ တော်တဲ့လုလင်တစ်ဦးတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ လူရည်တတ်သားသမီးထဲက မဟုတ်ဘူး။ ဆင်းရဲနွမ်းပါးတဲ့ အထဲက ဖြစ်တယ်။ ဒီလိုအခြေအနေမျိုးနဲ့ ကျုပ်သေတံကအတွက် တောင်းပန်တာကို လက်ခံ စဉ်းစားနိုင်ဖို့တောင် မလွယ်ပါဘူး"

ဤအကြိမ်၌ ဗီဇဂုတ္တ အံ့အားသင့်သွားလေ၏။

"မြို့စားကြီး၊ မြို့စားကြီးဟာ မရေတွက်နိုင်တဲ့ ဥစ္စာနေများရဲ့ ပိုင်ရှင် ဖြစ်ပါတယ်။ ယသောဓရာအပြင် အခြားသားထောက် သမီးခံလည်း မြို့စားကြီးမှာ မရှိတော့ပါဘူး"

မိတ္တဥ္စယက ရယ်လိုက်လေ၏။

"ဗီဇဂုတ္တ၊ ကျုပ် စည်းစိမ်ဥစ္စာအပေါ်မှာ ကျုပ်ရဲ့သမီး ပိုင်ဆိုင်ခွင့် မရှိဘူး။ ကျုပ်ရဲ့အမွေစား အမွေခံက ကျုပ်မွေးစားသားဖြစ်တယ်။ မောင်ကိုယ်တိုင် ယသောဓရာကို ဘာဖြစ်လို့လက်မထပ်တာလဲ"

"ဟင့်အင်း၊ ကျွန်ုပ် လက်မထပ်ပါဘူး။ သေတံကနဲ့ ယသောဓရာ လက်ထပ်ဖို့ကိစ္စ လုံးလုံးမဖြစ်နိုင်ဘူးပေါ့"

မိတ္တဥ္စယက ခပ်အေးအေးပင် ပြန်ပြောလေသည်။

"ဟုတ်တယ် ဗီဇဂုတ္တ၊ သေတံကဟာ သင့်တော်တဲ့ သတို့သားကောင်းတစ်ယောက်ဖြစ်တယ်ဆိုတာ နားလည်ပေမယ့် သူ ဥစ္စာနေ ကြွယ်ဝချမ်းသာတဲ့ လူတစ်ယောက်ဖြစ်မလာမချင်း ကျုပ်သမီးကို သူနဲ့ မပေးစားနိုင်ဘူး"

ဗီဇဂုတ္တသည် အတန်ကြာမျှ စဉ်းစား စိတ်ကူးနေလေ၏။ ထို့နောက် ပြောလိုက်လေသည်။

"မြို့စားကြီး၊ ကျုပ် သေတံကကို မွေးစားမယ်။ သူ ကျွန်ုပ်ရဲ့အမွေစား အမွေခံဖြစ်ရော မဟုတ်လား။ အဲဒီ အခြေအနေမျိုး ရောက်ရင်တော့ မြို့စားကြီး မငြင်းပယ်သင့်ပါဘူး"

"မဟုတ်ဘူး ဗီဇဂုတ္တ၊ အဲဒီလိုလည်း မဖြစ်နိုင်ဘူး။ မောင်က အခုမှ အသက်ဘာရှိသေးလို့လဲ။ များမကြာခင်မှာ မောင်လက်ထပ်ချင် လက်ထပ်နိုင်တယ်။ အဲဒီအခါကျတော့ မောင့်သားရင်းကသာ မောင့် အမွေစား အမွေခံဖြစ်မှာ မဟုတ်လား"

"မြို့စားကြီး အမိန့်ရှိတာလည်း မှန်ပါတယ်။ အခု ကျွန်ုပ် လက်မထပ်ဘူး ဆိုပေမယ့် လူ့အလိုဆန္ဒဟာ ပြောလို့ဖြစ်တာမျိုး မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်ုပ် သေတံကနဲ့ ယသောဓရာတို့ လက်ထပ်ဖို့ သိပ်လိုလားတယ်။ လက်ထပ်လိုက်ရင် သူတို့နှစ်ယောက် ရွှင်လန်းချမ်းမြေ့ကြမှာ အမှန်ပဲ။ အဲဒီလို ဖြစ်ရအောင် ကျွန်ုပ် အကြီးမားဆုံး စွန့်လွှတ်မှုကို စွန့်လွှတ်လိုက်ဖို့ အဆင်သင့် ရှိနေပါတယ်။ မြို့စားကြီး၊ ကျွန်ုပ် မိမိပိုင်တဲ့ စည်းစိမ်ဥစ္စာအားလုံး သေတံကကို လွှဲပေးလိုက်မယ်"

မိတ္တဥ္စယသည် ကောင်းကင်ပေါ်မှ လိမ့်ကျသကဲ့သို့ ဖြစ်သွားလေ၏။

"မောင် ဘာပြောနေတယ်ဆိုတာ မောင်နားမလည်ဘူး။ မောင် စိတ်မှ ကောင်းရဲ့လား"

"မြို့စားကြီး၊ ကျွန်ုပ်အတွက် ဘာမှမပူနဲ့။ ကျွန်ုပ် မိမိပိုင်တဲ့ စည်းစိမ်ဥစ္စာအားလုံး သေတံကကို လွှဲပေးမယ်ဆိုတဲ့အကြောင်း မြို့စားကြီးရှေ့မှာ ပြောပြီးပြီ။ မြို့စားကြီး သက်သေအရာမှာ ရှိနေပါတယ်။ မြို့စားဆိုတဲ့ ဂုဏ်ထူးဘွဲ့ထူးနဲ့ ပတ်သက်လို့ကတော့ ဘုရင့်အမိန့်အာဏာ လိုလိမ့်မယ်။ အဲဒီကိစ္စနဲ့ ပတ်သက်လို့လည်း ဒီနေ့ပဲ ကျွန်ုပ် အရှင်မင်းကြီးရဲ့ ရှေ့မှောက်သွားပြီး စီစဉ်ပါ့မယ်။ ကဲ မြို့စားကြီး ငြင်းဆန်မနေသင့်တော့ပါဘူး"

မိတ္တဥ္စယသည် ဗီဇဂုတ္တအား မျက်လုံးပြူး ကြည့်လိုက်လေ၏။

"ကျုပ် မောင့်ကို တစ်ကြိမ်ထပ်ပြီး စဉ်းစားဖို့ အခွင့်ပေးလိုက်ပါတယ်။ မောင်ပြောတာကို လက်ခံပြီးတဲ့နောက်တော့ မောင် နောက်ပြန်ဆုတ်လို့ ရမှာ မဟုတ်တော့ဘူးနော်"

ဗီဇဂုတ္တသည် စကားလုံးတိုင်း စကားလုံးတိုင်းကို အလေးအနက်ထား၍ ပြောလိုက်သည်။

Typing - ငွေဇင်ယော်

"မြို့စားကြီး မိတ္တဥ္စယ၊ လုပ်မယ်လို့ ပြောထားတဲ့အရာကို ကျွန်ုပ် ဘယ်တော့မှ မလုပ်ဘဲ မနေဘူး။ ကျွန်ုပ်ဟာ လူသားတစ်ယောက် ဖြစ်တယ်။ ကတိမတည်တဲ့ အလုပ်ကို ကျွန်ုပ် နားမလည်ဘူး"

"ဒီလိုဆိုရင် မောင် အကြံပေးတာကို ကျွန်ုပ် လက်ခံပါတယ်" မိတ္တဥ္စယသည် တုန်ရီသောအသံဖြင့် ပြောလိုက်လေသည်။

ဗီဇဂုတ္တ ထရပ်လိုက်သည်။

"ကျွန်ုပ် သွားတော့မယ်။ ပစ္စည်းလွှဲအပ်တဲ့ စာချုပ်နဲ့ ဘွဲ့ထူးဂုဏ်ထူးအတွက် ဘုရင့်အမိန့်ရဖို့ ဒီကနေ့ပဲ အစီအစဉ် လုပ်ပါ့မယ်။ အချိန်ဆွဲနေဖို့ မလိုတော့ပါဘူး။ လက်ထပ်ဖို့ နေ့ကောင်း ရက်သာကိုတော့ မြို့စားကြီးပဲ ရွေးချယ်သတ်မှတ်ပါတော့"

မိတ္တဥ္စယက ထရင်း ပြောလိုက်သည်။

"ဗီဇဂုတ္တ၊ ကျုပ် ကမ္ဘာလောကကို မြင်ရပြီ။ မောင်ဟာ လူသား မဟုတ်ဘူး။ နတ်ဒေဝတာ ဖြစ်တယ်ဆိုတဲ့အကြောင်းကို ကျုပ် ပြောလိုပါတယ်" မိတ္တဥ္စယ၏ မျက်လုံး၌ မျက်ရည်လျှံ လာလေ၏။

ဗီဇဂုတ္တသည် သူ့အိမ်သို့ ပြန်ရောက်လာလေ၏။ သေတံက၏ ခန်းဆောင်ထဲသို့ ဝင်သွားသောအခါ သေတံကမှာ အိပ်ပျော်နေသည်။ အိပ်ရာခင်းမှာ ရွဲရွဲစိုနေ၏။ မျက်လုံးထဲက မျက်ရည်စတို့မှာ ခြောက်မသွားသေးပေ။ ဗီဇဂုတ္တသည် သေတံကကို နှိုးလေသည်။ သေတံက အိပ်ရာမှ နိုးလာသည်။

"ဘာလုပ်ရမလဲ သခင်"

"မင်း ငါ့ကို အခု သခင်လို့ မခေါ်နဲ့တော့၊ မြို့စားကလေး သေတံက"

ကျိုးကန်းတောင်းမောက် မျက်လုံးများဖြင့်ကြည့်ရင်း သေတံကက ပြောလေသည်။

"ဘာပြောနေတာလဲ သခင်"

"ငါ တကယ်ပြောနေတာ။ နားထောင်၊ မင်း ယသောဓရာနဲ့ လက်ထပ်ထိမ်းမြားဖို့ ကိစ္စကို မြို့စားကြီး မိတ္တဥ္စယကို ငါပြောပြတယ်။ သူက ငြင်းဆန်နေတယ်။ သူမငြင်းအောင် ငါ ငါ့စည်းစိမ်ဥစ္စာနဲ့ ဘွဲ့ထူးဂုဏ်ထူးကို သူ့ရှေ့မှောက်မှာပဲ မင်းကိုလွှဲအပ်လိုက်ပြီ။ မင်းနဲ့ ယသောဓရာ လက်ထပ်ဖို့ ကိစ္စကို သူ အခု ဘာမှ မကန့်ကွက်တော့ဘူး"

သေတံကသည် အတန်ကြာမျှ ငိုင်ပြီးလျှင် ဗီဇဂုတ္တကို မတုန်မလှုပ် ရပ်လျက် ကြည့်နေသည်။ ထို့နောက်မှ ငိုလိုက်သည်။

"ဟင့်အင်း၊ ဟင့်အင်း၊ ကျွန်ုပ် လက်မခံဘူး။ ကျွန်ုပ် ဘယ်လောက်ယုတ်မာတဲ့လူ ဖြစ်နေသလဲ။ သခင် ကျွန်ုပ်ကို ခွင့်လွှတ်ပါ။ ကျွန်ုပ် ထွက်သွားပါတော့မယ်။ ကျွန်ုပ်ကို ခွင့်လွှတ်ပါ။ ကျွန်ုပ်ဟာ သခင်ရဲ့ ဘဝကို ချေမွဖျက်ဆီးခဲ့ပါတယ်။ ကျွန်ုပ်လို ယုတ်ညံ့တဲ့လူကို သခင် ဘာဖြစ်လို့ ဒါလောက် ငဲ့ညှာ ထောက်ထားနေရတာလဲ။ ကျွန်ုပ် လက်မခံပါရစေနဲ့ သခင်" သေတံကသည် ဗီဇဂုတ္တ၏ ခြေထောက်ပေါ်တွင် လဲကျသွားလေသည်။

ဗီဇဂုတ္တသည် သေတံကကို ထူမ လိုက်လေသည်။

"သေတံက၊ ဖြစ်ရမယ့်အရာ ဖြစ်ပြီ။ မင်း ငါ့ကို ဘယ်လောက်ပဲဖြစ်ဖြစ် ချစ်တယ်ဆိုရင် ငါလုပ်တာကို မင်းမငြင်းပါနဲ့။ ကမ္ဘာလောကရဲ့ မျက်မှောက်မှာ ငါ လူလိမ်လူညာ မဖြစ်ပါရစေနဲ့။ ငါ ဒီစည်းစိမ်ချမ်းသာကို ခံစား စံစားခဲ့တာ များလှပါပြီ။ အခု ငြီးငွေ့သွားပြီ။ မင်းပဲ ဒီစည်းစိမ်ချမ်းသာကို ခံစား စံစားပါတော့။ ကဲ လာ ... ပစ္စည်းလွှဲစာချုပ်နဲ့ ဘွဲ့ထူးဂုဏ်ထူး ကိစ္စအတွက် ဘုရင့်အမိန့်ရဖို့ စီမံစရာ ရှိသေးတယ်"

---

Typing - ငွေဇင်ယော်

## အခန်း ( ၂၂ )

စိတ္တရလေခါ ပြန်လာလေ၏။ သို့ရာတွင် ဗီဇဂုတ္တနှင့်မူ မတွေ့ပေ။ တွေ့လည်း မတွေ့ဝံ့ပေ။ မိမိသည် ဗီဇဂုတ္တ၏ တရားခံ ဖြစ်နေသည်ဟူ၍ပင် သူသဘောရနေသည်။ မိမိအိမ်သို့သာ တန်းပြီး ပြန်သွားလေသည်။

စိတ္တရလေခါသည် မိမိ၏ လောကီအာရုံစုံရာ အိမ်ဂေဟာ၌ပင် ခပ်ကုပ်ကုပ် ခပ်ရို့ရို့ နေလေ၏။ ယင်းသို့ နေရခြင်း၌ ငြိမ်းချမ်းမှုကို တွေ့လေသည်။ သူသည် နောင်တ တစ်ဖန်ပူပန်ခြင်း မီးပုံထဲ၌ စိတ်ပါလက်ပါ လောင်ကျွမ်းပစ်လိုက်ရန် အာသာဆန္ဒ ပြင်းထန်နေသည်။ သူသည် မိမိကိုယ်ကို ရွံမုန်းနေသည်။ သူ့အလုပ်မှာ နေ့ညဥ့်မပြတ် တငိုငို တရီရီ လုပ်နေရန်သာလျှင် ဖြစ်နေလေသည်။

စိတ္တရလေခါသည် ဗီဇဂုတ္တကို ချစ်သည်။ ဗီဇဂုတ္တကို ချစ်သည့် အချစ်သည် သူ၏နလုံးထဲ၌ ဘယ်လောက် ခိုင်မာနေသည်၊ လေးနက်နေသည် ဆိုသည်ကို ဤရွေ့ဤမျှ နေ့ရက်ကာလ ကြာမြင့်စွာ ကွဲကွာနေရပြီးသည့်နောက်၌ သူ သဘောပေါက်လာလေသည်။ သို့ရာတွင် ယခုအခါတွင် အဖတ်ဆယ်၍ မရတော့ပေ။ နိမ့်ကျ ပျက်စီးသွားလေပြီ။ သူသည် ဗီဇဂုတ္တကို မည်မျှ ချစ်သနည်းဟူမူ ဗီဇဂုတ္တကို မလှည့်စားလိုပေ။ သူသည် အပြစ်ကို ကျူးလွန်ခဲ့သည်။ ယင်းအပြစ်ကြောင့် မျှော်လင့်ခြင်း ကင်းမဲ့သည့် ဝေဒနာ၏ ခံရပ်နိုင်ဖွယ်မရှိသော မီးလျှံထဲမှာ လောင်ကျွမ်း နေရခြင်းကိုသာလျှင် သူ လိုလားနေသည်။ လောင်ကျွမ်းလေလေ၊ ချမ်းသာသုခ ရလေလေ ဖြစ်နေသည်။ ငိုရလေလေ ငြိမ်းချမ်းမှု ရလေလေ ဖြစ်နေသည်။

ယင်းသို့အားဖြင့် စိတ္တရလေခါ နေထိုင်လာခဲ့သည်မှာ တစ်လမျှ ကြာရှိသွားလေ၏။ တစ်နေ့သ၌ ထုံးစံအတိုင်း ထိုင်ပြီး ငိုနေစဉ်အတွင်း ကျွန်မက သူ့ကိုလာပြီး အကြောင်း ကြားလေ၏။

"သေတံက သခင်မနဲ့ တွေ့ရအောင် ရောက်နေပါတယ်"

စိတ္တရလေခါ အံ့အားသင့်ပြီး ထလိုက်လေ၏။ ဗီဇဂုတ္တကများ ငါ့ကို အခေါ်ခိုင်းတာလား -
"ဘယ်မှာလဲ။ ငါလာခဲ့မယ်"

သေတံကသည် ညှိုးခန်း၌ထိုင်ပြီး စိတ္တရလေခါကို စောင့်နေသည်။ စိတ္တရလေခါကို တွေ့ရသောအခါ အံ့အားသင့်သွားလေ၏။ စိတ္တရလေခါမှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ သူ၏အလှသည် ပုံပျက်ပန်းပျက် ဖြစ်နေသည်။ သူ့ကို မှတ်မိဖို့ရန်ပင် မလွယ်ပေ။

"ဘယ်လို အခြေအနေတွေ ဖြစ်နေတာလဲ၊ ဒေဗီ"

"ဘာမှ မဖြစ်ပါဘူး" ယင်းသို့ပြောလျက် စိတ္တရလေခါ ထိုင်လိုက်သည်။

အတန်ကြာမျှ နှစ်ဦးလုံး တိတ်နေကြလေ၏။ စိတ္တရလေခါက မေးလိုက်သည်။

"ဗီဇဂုတ္တကော နေလို့ကောင်းရဲ့ မဟုတ်လား"

သေတံက၏ မျက်နှာတွင် စိတ်မချမ်းမြေ့သည့် အရိပ်အရောင်တစ်ကွက်သည် မသဲမကွဲ ပေါ်လာသည်။

"ဟုတ်ကဲ့၊ နေလို့ ကောင်းပါတယ်။ ဒါပေမဲ့ သူ အပြောင်းလဲခြင်းကြီး ပြောင်းလဲသွားပြီ"

"ပြောင်းလဲသွားပြီ၊ ဟုတ်လား" စိတ္တရလေခါ၏ သိလိုဇောသည် တိုးတက်လာလေ၏။

"ဘယ်လို ပြောင်းလဲသွားတာလဲ၊ သူ လက်ထပ်လိုက်ပြီလား"

မရှိသောအပြုံးဖြင့် သေတံကက ပြောလေ၏။

"ဟင့်အင်း၊ သူ လက်မထပ်သေးပါဘူး။ လက်ထပ်မှာက ကျွန်ုပ်ပါ။ မြို့စားကြီးသမီး ယသောဓရာနဲ့ ကျွန်ုပ် လက်ထပ်တော့မယ်။ အဲဒီ လက်ထပ်မင်္ဂလာပွဲအတွက် ပင့်ဖိတ်ဖို့ ကျွန်ုပ် လာခဲ့တာပါ။ ဗီဇဂုတ္တကတော့ ရောမ စွန့်လွှတ်ခြင်းကြီး စွန့်လွှတ်လိုက်တယ်။ ဗီဇဂုတ္တဟာ နတ်ဒေဝတာ ဖြစ်တယ်။ မြို့စားကြီး မိတုဥ္စယက သူ့သမီးကို ကျွန်ုပ်နဲ့ ပေးစားဖို့ ငြင်းဆန်နေတယ်။ ကျွန်ုပ်က ဆင်းရဲနွမ်းပါးတဲ့လူ ဖြစ်လို့တဲ့။ အဲဒါကြောင့် ဗီဇဂုတ္တက

သူ့မှာရှိတဲ့ စည်းစိမ်အကုန်လုံးနဲ့ ဘွဲ့ထူးဂုဏ်ထူးကို ကျွန်ုပ်ကို လွှဲပေးတယ်။ သူ ပါဠိလိပ်ပုတ်မှာ နေတော့မှာ မဟုတ်ဘူး။ တခြား ထွက်ခွာသွားလိမ့်မယ်။ ကျွန်ုပ်တို့ရဲ့ လက်ထပ်အခမ်းအနား မပြီးသေးလို့သာ သူ ဆိုင်းငံ့နေခြင်း ဖြစ်တယ်"

စိတ္တရလေခါ ရင်တဒိတ်ဒိတ် ခုန်နေသည်။ သူ၏မျက်လုံး၌ မျက်ရည်ပြည့်လာလေ၏။

"ဗီဇဂုတ္တဟာ ဒါလောက်တောင် လုပ်လိုက်တယ်ဟုတ်လား။ သေတံက၊ အဲဒါဟာ ရောမ စွန့်ခြင်းကြီးတစ်ခု ဖြစ်တယ်ဆိုတာ သိတယ်နော်။ အဲဒါတွေအားလုံးရဲ့ အခြေခံ အကြောင်းရင်းက တခြား မဟုတ်ဘူး။ ကျွန်မပဲ။ ဘာပဲဖြစ်ဖြစ်လေ၊ ကျွန်မရှင့်ကို ချီးကျူး ဂုဏ်ပြုလိုက်ပါတယ်။ သေတံက၊ ဘယ်တော့ လက်ထပ်ပွဲ ကျင်းပမလဲ"

"နောက်တစ်ပတ် တနင်္ဂနွေနေ့မှာ လက်ထပ်တဲ့အခမ်းအနား ပြုလုပ်ပါမယ်။ တနင်္လာနေ့မှာ မင်္ဂလာညှော်ခံပွဲ ကျင်းပပါမယ်။ အဲဒီ မင်္ဂလာညှော်ခံပွဲမှာ ဘုရင်မင်းမြတ်နဲ့ မင်းပရိသတ်များ စုံစုံညီညီ တက်ရောက်ကြပါလိမ့်မယ်။ ဒေဝီလည်း အဲဒီမင်္ဂလာညှော်ခံပွဲကို ဆက်ဆက် ကြွရောက်စေချင်ပါတယ်"

စိတ္တရလေခါက ပြောလေ၏။

"သေတံက၊ ကျွန်မကို သည်းခံစေချင်ပါတယ်၊ ကျွန်မ တခြားနေ့တစ်နေ့မှာ လာခဲ့မယ်။ မင်္ဂလာညှော်ခံပွဲ ကျင်းပတဲ့နေ့တော့ မလာပါရစေနဲ့။ ကျွန်မဘဝက တစ်မျိုး ဖြစ်နေလို့ပါ။ အဲဒီလို အခမ်းအနားမျိုးကို ကျွန်မအနေနဲ့ တက်ရောက်လို့ မတော်လို့ပါ"

"ဒေဝီစိတ္တရလေခါ၊ ဒေဝီဟာ ကျွန်ုပ်ကို မောင်လေးလို့ ခေါ်ပြီးပါပြီ။ မောင်တစ်ယောက်ရဲ့ တောင်းပန်ချက်ကို ငြင်းပယ်လို့ မသင့်ပါဘူး"

"ကျွန်မလာလို့ မဖြစ်နိုင်လို့ပါ သေတံက။ ကျွန်မ ဆုံးဖြတ်ချက် တစ်ခါချထားပြီးရင် ဖျက်ပစ်လို့ မရတော့ဘူးဆိုတာ ရှင်သိတယ် မဟုတ်လား။ ကျွန်မ အစ်မကြီးလို သဘောထားပြီး ရှင့်အပေါ် ချစ်ခင်ကြင်နာပါတယ်။ ကျွန်မ နောက်တစ်နေ့ကျမှ လာခဲ့ပါ့မယ်"

"ဒီလိုဆိုရင်တော့ ဒေဝီ သဘောအတိုင်းပါပဲ။ ဒါပေမဲ့ တစ်ခုတော့ ပြောပြရဦးမယ်။ တနင်္လာနေ့ ညပဲ ဗီဇဂုတ္တ ခရီးထွက်လိမ့်မယ်။ ထပ်ပြီး စဉ်းစားပါဦး"

အဲဒီည ဗီဇဂုတ္တ ခရီးထွက်မယ် ဟုတ်လား" စိတ္တရလေခါသည် အနည်းငယ် တွန့်သွားလေ၏။ သို့ရာတွင် တစ်ခဏ အတောအတွင်း၌ပင် အသံခပ်မာမာဖြင့် ပြောလိုက်လေသည်။

"သူ ခရီးထွက်တာနဲ့ ကျွန်မနဲ့ ဘာဆိုင်သလဲ။ ကျွန်မ ဆုံးဖြတ်ထားတာကို မပြင်ပါဘူး"

သေတံက ထလိုက်သည်။

"ဒေဝီ သဘောအတိုင်းပါပဲ"

သေတံက၏ လက်ထပ်မင်္ဂလာ အခမ်းအနား ကျင်းပပြီးစီး သွားလေပြီ။ မင်္ဂလာညှော်ခံပွဲ၌ ဘုရင်မင်းကြီးနှင့်တကွ အခြား ညှော်ပရိတ်သတ်များ တက်ရောက်ကြလေ၏။ ထိုနေ့၌ ဗီဇဂုတ္တသည် ညှော်ခံပွဲသို့ တက်ရောက်သည့် ညှော်ပရိတ်သတ်များအား ညှော်ခံနေသည်။ အားလုံးနှင့် အပြုံးမပျက်ပင် စကားပြောနေသည်။ သို့ရာတွင် သူ၏နှလုံးမှာမူ လောင်ကျွမ်းနေသည်။ စိတ္တရလေခါ ညှော်ခံပွဲသို့ ရောက်မလာသည်ကို သူ စိတ်မကောင်း ဖြစ်နေသည်။ ပါဠိလိပ်ပုတ်ကို နောက်ဆုံးအကြိမ်အနေဖြင့် ခွဲခွာမသွားမီ စိတ္တရလေခါကို မြင်သွားလိုသည့်စိတ်ဆန္ဒ ပြင်းပြနေလေသည်။ သို့ရာတွင် စိတ္တရလေခါ ရောက်မလာပေ။

ညှော်ခံပွဲ ပြီးသွားသောအခါ ဘုရင်မင်းကြီးက သေတံကအား ချီးကျူးဂုဏ်ပြုပြီးလျှင် မြို့စားကလေးဟူ၍ ခေါ်ဝေါ် သမုတ်လိုက်လေသည်။ ထို့နောက် ဗီဇဂုတ္တကို လှမ်းကြည့်လိုက်သည်။ ဗီဇဂုတ္တကို ခေါ်ပြီးလျှင် ဘုရင်မင်းကြီးသည် လက်ကို လေးစားစွာဖြင့် ဆွဲကိုင်လိုက်လေ၏။ ထို့နောက် မတ်တတ်ရပ်လိုက်သည်။ ဘုရင်မင်းကြီးနှင့်အတူ အခြား ညှော်ပရိတ်သတ် များလည်း မတ်တတ် ရပ်ကြလေ၏။ ညှော်ခံ ခန်းမဆောင်ကြီး၌ တိတ်ဆိတ် ငြိမ်သက်နေ၏။ ဘုရင်မင်းကြီးက အမိန့်ရှိလေသည်။

Typing - ငွေဇင်ယော်

"ဗီဇဂုတ္တ၊ သင်ဟာ မဖြစ်နိုင်တဲ့အရာကို ဖြစ်အောင် လုပ်ပြလိုက်တယ်။ သင်ဟာ လူသား မဟုတ်ဘူး။ နတ်ဒေဝတာ ဖြစ်တယ်။ ဒီကနေ့ မဖ္လိမဒေသပြည့်ရှင် ဘုရင်စန္ဒဂုတ်က သင့်ရှေ့မှောက်မှာ ဦးညွှတ်ပါတယ်" ယင်းသို့ ပြောပြီးလျှင် စန္ဒဂုတ်ဘုရင်မင်းကြီးသည် ဗီဇဂုတ္တ၏ ရှေ့မှောက်တွင် ဦးညွှတ်အရိုအသေ ပြုလိုက်လေသည်။ ထိုနေရာတွင် ရပ်နေကြသော ဧည့်ပရိတ်သတ်များမှာလည်း တစ်ယောက်မကျန် တစ်ပြိုင်နက် ဦးညွှတ်လိုက်ကြလေသည်။ ထိုအခိုက် မိန်းမ တစ်သိုက်ကြားမှ ရှိုက်သံတစ်သံ ပေါ်ထွက်လာလေသည်။

ဗီဇဂုတ္တသည် ဘုရင်မင်းကြီး၏ ရှေ့မှောက်၌ ဦးညွှတ် အရိုအသေပြုပြီးလျှင် ပြောလေသည်။

"အရှင်မင်းကြီး၊ အကျွန်ုပ်ဟာ အခုလို ရိုသေမြတ်နိုးမှုနဲ့ လုံးလုံးထိုက်တန်တဲ့လူ မဟုတ်ပါဘူး။ ဒီကနေ့ အကျွန်ုပ် ဖုန်းတောင်းယာစကာ တစ်ဦးရဲ့ အသွင်မျိုးနဲ့ ထွက်ခွာသွားပါတော့မယ်။ အကျွန်ုပ်ကို ဆုမွန် ပေးသနားတော်မူပါ၊ အရှင်မင်းကြီး"

ယင်းသို့ပြောလျှက် ဗီဇဂုတ္တသည် တံခါးဝဆီသို့ ထွက်သွားလေ၏။ ဧည့်ပရိသတ်တို့သည် နှစ်ဖက် နှစ်ချက်၌ စီတန်းပြီး ရပ်နေကြလေသည်။ ဧည့်ပရိတ်သတ်တို့အကြားမှ ဗီဇဂုတ္တသည် ထွက်သွားလေ၏။ ဗီဇဂုတ္တ၏ မျက်နှာပေါ်၌ မြင့်မြတ်စင်ကြယ်သော အပြုံးပေါ်နေသည်။ ဧည့်သည်များက ယင်းအပြုံး၌ အရှိန်အဝါ တစ်မျိုးကို တွေ့မြင်ရလေ၏။ အဖိုးအို အရွယ်မှစ၍ ကလေးသူငယ်အထိ အားလုံး လက်အုပ်ချီ၍ ရပ်နေကြလေ၏။ ဗီဇဂုတ္တသည် စည်းစိမ်ဥစ္စာနှင့် အာဏာတန်ခိုးတို့ ပြွမ်းနေသည့် ထိုလူစုလူဝေးထဲမှ ငြိမ်းချမ်းမှု၊ စွန့်လွှတ်မှုကို ရင်ဝယ်ပိုက်လျက် ထွက်ခွာသွားလေသည်။

အပြင်ဘက်၌ ဗီဇဂုတ္တ၏ အလုပ်အကျွေးများ ရပ်နေကြလေ၏။ ဗီဇဂုတ္တကို တွေ့ရသည်နှင့် တစ်ပြိုင်နက် ငိုကြွေးကြလေသည်။ ဗီဇဂုတ္တသည် တစ်ခဏမျှ ရပ်တန့်သွားလေ၏။ အားလုံးကို လှမ်းကြည့်လိုက်သည်။ ထို့နောက် ပြောလေ၏။

"မင်းတို့ သေတံကကို ငါ့လိုပဲ သဘောထားကြ။ ငါ့ကိုတော့ မင်းတို့ မေ့ပစ်လိုက်ကြ"

အလုပ်အကျွေးတို့သည် တိုး၍ပင် ငိုကြွေးကြလေသည်။ အချို့ကမူ တညီတညွတ်တည်း ပြောကြလေ၏။

"ကျွန်ုပ်တို့လည်း သခင်နဲ့ အတူ လိုက်မယ်"

ဗီဇဂုတ္တက တည်ကြည်လေးနက်သော အသံဖြင့် ပြောလိုက်သည်။

"ဘာပြောတယ်။ မင်းတို့ ဒီမှာ နေရမယ်လို့ ငါ အမိန့်ပေးတယ်။ တစ်ယောက်မှ ဒီက မသွားရဘူး"

အားလုံး ထိတ်လန့်ကြောက်ရွံ့ပြီး နောက်ဆုတ်သွားကြလေ၏။ ဗီဇဂုတ္တ ထွက်သွားလေသည်။ ညဉ့်တစ်ဝက် ကျိုးသွားပြီ။ မြို့အတွင်း၌ တိတ်ဆိတ် ငြိမ်သက်နေ၏။ ဗီဇဂုတ္တသည် တစ်လှမ်းချင်း လှမ်းသွားနေသည်။ သူတောင်းစား တစ်ဦး၏ အသွင်ကဲ့သို့ ခြေကျင် လျှောက်နေသည်။ သူ၏ ကိုယ်ပေါ်၌ ရိုးရိုးလူတစ်ယောက်ဝတ်သည့် အဝတ်မျိုးသာလျှင် ဝတ်ထားသည်။ သူပိုင်ဆိုင်၍ ငွေဒင်္ဂါး ကျပ်အနည်းငယ်မျှသာလျှင် သူ့လက်ထဲတွင် ရှိလေ၏။

ဗီဇဂုတ္တသည် ခြေသံလိုလို ကြားလိုက်ရလေ၏။ တဖြည်းဖြည်း ထိုခြေသံမှာ နီးကပ်လာလေ၏။ ဗီဇဂုတ္တ နောက်ဖက် လှည့်ကြည့်လိုက်လေ၏။ အမိုက်တိုက်အတွင်း၌ မည်သည့် အရာကိုမျှ မတွေ့ရပေ။ ရှေ့သို့ ဆက်သွားလေသည်။

ခြေသံမှာ နီးသထက် နီးလာ၏။ ထိုအမိုက်တိုက်အတွင်းမှ အဝတ်ခြုံထားသည့် အသွင်သဏ္ဍာန်တစ်ခု ပေါ်လာလေ၏။

"ကျွန်မရဲ့ နတ်ဒေဝတာ"

ဗီဇဂုတ္တ ရပ်တန့်သွား၏။

"ဘယ်သူလဲ"

"ကျွန်မရဲ့ နတ်ဒေဝတာ၊ ကျွန်မရဲ့ နတ်ဒေဝတာ … ကျွန်မကို ခွင့်လွှတ်ပါ" ယင်းသို့ပြောလျက် ထိုအသွင် သဏ္ဌာန်သည် ဗီဇဂုတ္တ၏ ခြေထောက်ပေါ် လဲကျသွားလေသည်။

ဗီဇဂုတ္တသည် မာကျောသောအသံဖြင့် ပြောလိုက်လေ၏။

"စိတ္တရလေခါလား။ ကျုပ်ဘဝရဲ့ ကျိန်စာ၊ မင်း ဘာဖြစ်လို့ ဒီကို လာတာလဲ။ သွား … သွား"

ဗီဇဂုတ္တနောက်သို့ ဆုတ်လိုက်လေ၏။

"အခု အားလုံး ကိစ္စပြီးသွားပြီ။ မင်း ဘာဖြစ်လို့ လာတာလဲ"

"ကိုယ့် နတ်ဒေဝတာရဲ့ ခြေအစုံက မြူမှုန့်ကို ယူဖို့အတွက် လာတာပါ။ ကိုယ့်နတ်ဒေဝတာကို ရှိခိုး ပူဇော်ဖို့အတွက် လာတာပါ" စိတ္တရလေခါ မတ်တတ်ရပ်လိုက်သည်။

"ကျွန်မ ရှင့်ဘဝကို ဖျက်ဆီးမိခဲ့ပါတယ်။ ရှင် ကျွန်မကို ကျိန်စာဆိုပါ။ အပြစ်ဒဏ် ပေးပါ။ ညှဉ်းဆဲ နှိပ်စက်ပါ။ ဒါပေမဲ့ မုန်းတော့ မမုန်းပါနဲ့"

ဗီဇဂုတ္တသည် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေသည်။ ခက်ထန်သော အသံဖြင့်ပင် ပြောလိုက်လေသည်။

"စိတ္တရလေခါ၊ အားလုံး ကိစ္စတုံးသွားပြီ။ အားလုံး ကိစ္စတုံးအောင်လုပ်တာ မင်းပဲ။ မင်း ကုမာရဂိရိရဲ့ သင်္ခမ်းကျောင်းက ထွက်ခွာပြီး ကျုပ်ဆီကို မလာခဲ့ဘူး။ ကျုပ် စိတ်အပျက်ကြီး ပျက်ခဲ့ရတယ်။ ကျုပ်ကို နှိပ်စက်ရအောင် ဘာဖြစ်လို့ အခု ပြန်လာတာလဲ။ ကျုပ်ဆီမှာ အခု ဘာမှမရှိတော့ဘူး။ နှလုံးထဲမှာလည်း တက်ကြွရွှင်လန်းမှု မရှိတော့ဘူး။ အိတ်ထဲမှာလည်း ရွှေငွေ မရှိတော့ဘူး။ ကျုပ် သွားပါရစေ"

စိတ္တရလေခါသည် ဗီဇဂုတ္တ၏ လက်ကို ကိုင်လိုက်လေသည်။

"ဟင့်အင်း၊ ရှင် မသွားရဘူး။ တစ်ရက်လောက်တော့ ရှင် ကျွန်မရဲ့ ဧည့်သည်အဖြစ်နဲ့ နေရဦးမယ်။ သွားချင်ရင် နက်ဖြန်ကျမှပဲ သွားပါ"

ဗီဇဂုတ္တသည် သူ့လက်ကို အတင်းရုန်းလေ၏။

"ကျုပ်ရှေ့က ဖယ်ပေးပါ။ မင်းအခု ကျုပ်ကို တားလို့မရတော့ဘူး။ မင်း ကိုယ့်အဖျက်လုပ်ငန်းရဲ့ အကျိုးအာနိသင်ကို ကြည့်ပါ။ ရယ်ပါ။ ကဲ ဖယ်ပေးပါတော့၊ ကျုပ် သွားပါရစေ" ဗီဇဂုတ္တသည် ရှေ့သို့ ဆက်သွားလေ၏။

စိတ္တရလေခါသည် ဗီဇဂုတ္တ၏ ခြေထောက်ကို ဖမ်းဆွဲထားလေ၏။

"ရှင် မသွားရဘူး။ ရှင့်ကို ကျွန်မ သွားခွင့်မပေးဘူး။ ရှင် ကျွန်မနဲ့အတူ ကျွန်မအိမ်ကို လိုက်ခဲ့ရမယ်။ ဗီဇဂုတ္တ၊ ရှင့်နှလုံးထဲမှာရှိတဲ့ ကျွန်မကို ချစ်တဲ့အချစ် သေဆုံးသွားပြီလား။ ပြောစမ်းပါ" စိတ္တရလေခါသည် ရှိုက်၍ ရှိုက်၍ ငိုလေတော့သည်။

ဗီဇဂုတ္တလည်း မထိန်းနိုင်တော့ပေ။

"ကျုပ် နှလုံးထဲမှာရှိတဲ့ အချစ်သေဆုံးသွားရင် ကျုပ် အခုလို ဘယ်မှာ စည်းစိမ်ကို စွန့်လွှတ်မှာလဲ။ စိတ္တရလေခါ၊ ကျုပ် နှလုံးထဲမှာရှိတဲ့ မင်းကို ချစ်တဲ့အချစ် သေဆုံးသွားဖို့ ကျုပ် လိုလားတယ်။ ဒါပေမဲ့ ကျုပ်လိုလားသလို ဖြစ်မလာဘူး။ ဖြစ်နိုင်တော့မှာလည်း မဟုတ်ဘူး"

ယင်းသို့ပြောလျက် ဗီဇဂုတ္တသည် စိတ္တရလေခါကို ထူမပြီး ပွေ့ဖက်ဖို့ရန် ဟန်ပြင်လိုက်လေ၏။ သို့ရာတွင် စိတ္တရလေခါက နောက်သို့ ဆုတ်လိုက်သည်။

"ကျွန်မရဲ့ နတ်ဒေဝတာ၊ ကျွန်မကိုယ်ကို မထိပါနဲ့။ ကျွန်မဟာ မသန့်ရှင်း မစင်ကြယ်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေပါတယ်။ ကျွန်မဟာ ယုတ်မာသူ၊ အပြစ်ရှိသူ တစ်ယောက် ဖြစ်နေပါတယ်။ ရှင် ကျွန်မအိမ်ကို လိုက်ခဲ့ပါ။ ပြီးတော့ ကျွန်မကို သန့်ရှင်းစင်ကြယ်အောင် လုပ်ပေးပါ။ ရှင့် ကျိန်စာမီးပုံထဲထည့်ပြီး ကျွန်မကို သန့်ရှင်းစင်ကြယ်သွားအောင် လုပ်ပေးပါ"

"ကဲ လာ သွားမယ်" ဗီဇဂုတ္တက ပြောလိုက်သည်။

"လာ သွားမယ်လေ … စိတ္တရလေခါ။ ကမ္ဘာလောကမှာ မင်းရဲ့စကားတစ်ခုပဲ ကျုပ် မငြင်းဆန် မတွန်းလှန်နိုင်တာ ရှိတယ်။ ကျုပ်ကို လိမ့်ကျအောင် တွန်းချချင်သလောက်

တွန်းချပေတော့။ ဒါပေမဲ့ နက်ဖြန်ခါကျရင် မတားမြစ်ပါဘူး၊ သွားခွင့်ပြုပါမယ် ဆိုတဲ့ ကတိကိုတော့ ပေးရမယ်"

"ကျွန်မ ကတိ ပေးပါတယ်"

စိတ္တရလေခါ၏ အိမ်သို့ ရောက်သွားကြသည်။ စိတ္တရလေခါသည် ဗီဇဂုတ္တအတွက် အိပ်ရာ ပြင်ပေးလေ၏။ ထို့နောက် ပြောလိုက်သည်။

"ကဲ... အိပ်ပါ။ နက်ဖြန်ခါကျတော့မှ စကားပြောကြမယ်" ယင်းသို့ ပြောလျက် စိတ္တရလေခါ ထွက်သွားလေသည်။ ဗီဇဂုတ္တသည် အံ့သြငေးမောပြီး ကျန်နေခဲ့လေ၏။

နံနက် မိုးလင်းသောအခါ စိတ္တရလေခါသည် ဗီဇဂုတ္တထံသို့ ရောက်လာလေ၏။

"ကဲ သခင်၊ ကျွန်မကို သခင်ရဲ့ ခြေမှာကပ်နေတဲ့ မြူမှုန်ကို ပေးသနားပါတော့"

ဗီဇဂုတ္တသည် စိတ္တရလေခါ၏ အပြုအမူကို အံ့သြသွားလေ၏။

"ဘယ်လို လုပ်တာလဲ စိတ္တရလေခါ"

"ကျွန်မ ကိုယ့်ကိုယ်ကို စင်ကြယ်သန့်ရှင်းအောင် လုပ်တာပါ။ ကျွန်မဟာ ကိုယ့်လမ်းစဉ်က သွေဖည် သွားခဲ့ပါတယ်။ ကျွန်မဟာ ကုမာရဂိရိရဲ့ တဏှာ့သားကောင် ဖြစ်သွားမိခဲ့ပါတယ်။ ကျွန်မဟာ ကိုယ့်ကိုယ်ကို ဒေါသထွက်ပြီး သူ့ကို ပုံအပ်မိခဲ့ပါတယ်။ ကျွန်မ အဲဒီကိုယ်ကို စင်ကြယ်သန့်ရှင်းအောင် လုပ်လိုပါတယ်" စိတ္တရလေခါသည် သူ့ဇာတ်ကြောင်းကို အကုန်အစင် ဗီဇဂုတ္တအား ပြောပြလေ၏။

"ကဲ အခု ကျွန်မဘာဖြစ်လို့ ရှင့်ဆီမလာသလဲဆိုတာ ရှင်အခု နားလည်သွားပြီ မဟုတ်လား။ ကျွန်မကို ခွင့်လွှတ်ပါတော့နော်"

"ဒါပဲလား" ဗီဇဂုတ္တက ရယ်လိုက်လေ၏။

"စိတ္တရလေခါ မင်းသိပ်မှားတယ်။ ကျုပ်ကို တလွဲထင်ခဲ့တယ်။ မင်းကျုပ်ကို ခွင့်လွှတ်ဖို့ တောင်းပန်နေတယ် ဟုတ်လား။ စိတ္တရလေခါ၊ အချစ်ကိုယ်တိုင်က စွန့်လွှတ်မှုတစ်ခု ဖြစ်တယ်။ မေ့ထားမှုတစ်ခု ဖြစ်တယ်။ စွဲလမ်းမှုတစ်ခု ဖြစ်တယ်။ အချစ်ရဲ့ စည်းဝိုင်းထဲမှာ ဘယ်လို အပြစ်မျိုးမှ မရှိဘူး။ အဲဒီတော့ ခွင့်လွှတ်မှုဆိုတာလည်း ဘယ်ဖြစ်နိုင်တော့မှာလဲ။ ဒါပေမဲ့ မင်းက ပြောစေချင်တယ်ဆိုရင်တော့ ကျုပ် ပြောပါ့မယ်။ ကျုပ် မင်းကို ခွင့်လွှတ်ပါတယ်"

စိတ္တရလေခါသည် ဗီဇဂုတ္တ၏ ခြေထောက်ကို ကိုင်ပြီးလျှင် ပြောလိုက်လေသည်။

"ဒါဖြင့် ရှင် ကျွန်မကို လက်ခံပါလား"

"ဘယ်ဖြစ်နိုင်တော့မှာလဲ ဒေဝီစိတ္တရလေခါ။ ကျုပ်က သူတောင်းစား တစ်ယောက် ဖြစ်နေပြီ။ ကျုပ် စည်းစိမ်ဥစ္စာကို စွန့်လွှတ်လိုက်ပြီးပြီ။ အခု ဘယ်မှာလာ ဖြစ်နိုင်တော့မှာလဲ"

"ကျွန်မဆီမှာ မရေတွက်နိုင်တဲ့ ဥစ္စာပစ္စည်းတွေ ရှိပါတယ်။ ကျွန်မကို ရှင်ပိုင်ဆိုင်တယ်။ ကျွန်မရဲ့ ဥစ္စာပစ္စည်းကိုလည်း ရှင်ပိုင်ဆိုင်တာပဲ။ ရှင် ဥစ္စာပစ္စည်း ဘယ်မှာချို့တဲ့လို့လဲ။ ရှင် ကိုယ့်ကိုယ်ကို ဘာဖြစ်လို့ သူတောင်းစားလို့ ပြောနေရတာလဲ"

"မင်း ဥစ္စာပစ္စည်း၊ မင်းစည်းစိမ် ဟုတ်လား။ အဲဒါတွေဟာ ကျုပ်အတွက် အသုံးမဝင်တော့ပါဘူး။ ကျုပ် စည်းစိမ်ဥစ္စာကို စွန့်လွှတ်လိုက်တာဟာ တစ်ဖန်ပြန်လည် သိမ်းပိုက်ဖို့ စွန့်လွှတ်လိုက်တာ မဟုတ်ဘူး။ အစဉ်ထာဝရ စွန့်လွှတ်လိုက်ခြင်းသာ ဖြစ်တယ်။ ကျုပ် မင်းကိုလည်း သူတောင်းစားမတစ်ဦးရဲ့ အသွင်မျိုးနဲ့သာ လက်ခံနိုင်မယ်"

စိတ္တရလေခါ မတ်တတ်ရပ်လိုက်သည်။

"ဒါဖြင့် အဲဒီလိုပဲ ဖြစ်ကြပါစို့ -

ကမ္ဘာလောကထဲကို ကျွန်မတို့နှစ်ယောက် သူတောင်းစားလုပ်ပြီး ထွက်သွားကြမယ်။ အချစ်-အချစ် တစ်ခုတည်းသာ ကျွန်မတို့ရဲ့ အားထားမှီခိုရာ ဖြစ်ပေစေတော့။ ကျွန်မရဲ့ နတ်ဒေဝတာ၊ ကျွန်မပိုင်တဲ့ စည်းစိမ်ဥစ္စာတွေကို ဒီကနေ့ပဲ ကျွန်မ လှူဒါန်းပစ်ပါတော့မယ်။

ညကျတော့ ကျွန်မတို့နှစ်ယောက် ထောက်မမီနိုင်တဲ့ ကမ္ဘာလောကထဲကို အချစ်လှေစီးပြီး ထွက်ခွာသွားကြပါစို့”

စိတ္တရလေခါ၏ မျက်နှာသည် ဝင်းလက်တောက်ပ လာသည်။ သူ၏ မျက်လုံး၌ အရောင်အဝါတစ်မျိုး ပေါ်လာလေ၏။ သူ၏ ဝိညာဉ်မှာလည်း ပြိုးပြိုးပြက်ပြက် ဖြစ်သွားလေ၏။

ဗီဇဂုတ္တသည် စိတ္တရလေခါကို နမ်းစုပ်လိုက်သည်။

“တို့ နှစ်ယောက် ဘယ်လောက် ချမ်းသာသုခ ရှိနေကြသလဲ”

---

## နိဂုံး

တစ်နှစ် လွန်မြောက်ပြီးသော အခါ၌ ... ရသေ့မြတ် ရတနမ္ဗရက အမိန့်ရှိလေသည်။

“ကဲ ... သေတံက၊ မင်းလက်ထပ်ပြီးပြီ။ အိုးနဲ့ အိမ်နဲ့ ဖြစ်နေပြီ။ မင်းကို ငါ တစ်ခု မေးမယ် - ဗီဇဂုတ္တနဲ့ ကုမာရဂိရိ နှစ်ယောက်ရှိတဲ့အနက်က ဘယ်သူက မကောင်းမှုကို ကျူးလွန်ပြုလုပ်တဲ့လူ ဖြစ်သလဲဆိုတာ မင်း ငါ့ကို ပြောပြနိုင်ပဲ့မလား”

သေတံကသည် ရတနမ္ဗရအား ဦးညွှတ်အရိုအသေ ပြုလိုက်လေ၏။

“ရသေ့မြတ်၊ ဗီဇဂုတ္တဟာ နတ်ဒေဝတာ ဖြစ်ပါတယ်။ ကမ္ဘာလောကမှာ သူဟာ စွန့်လွှတ်မှုရဲ့ ရုပ်လုံးရုပ်သွင် ဖြစ်ပါတယ်။ သူ့နှလုံးဟာ ကျယ်ပြန့်ကြီးမားလှပါတယ်။ ကုမာရဂိရိကတော့ တိရစ္ဆာန်မျှသာ ဖြစ်ပါတယ်။ သူဟာ ကိုယ့်အတွက်သာ အသက်ရှင်နေသူ ဖြစ်ပါတယ်။ ကမ္ဘာလောကမှာ သူအသက်ရှင်နေတာဟာ အလကားပဲ။ အပိုသက်သက်ပဲ။ သူဟာ ဘဝရဲ့ နိယာမ သဘောတရားတွေနဲ့လဲ ဆန့်ကျင်ဘက် ဖြစ်နေတယ်။ ကိုယ့်ချမ်းသာသုခအတွက် သူဟာ ကမ္ဘာလောကရဲ့ အခက်အခဲတွေက မျက်နှာလွှဲနေတယ်။ ကုမာရဂိရိဟာ မကောင်းမှုကို ကျူးလွန်ပြုလုပ်နေတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်”

“ကဲ ... ဝိသာလဒေဝကကော ပြောစမ်းပါဦး။ မင်းကတော့ ယောဂီရဲ့ တပည့်ခံပြီး ယောဂီတစ်ဦး ဖြစ်လာတယ်။ ကုမာရဂိရိနဲ့ ဗီဇဂုတ္တ နှစ်ယောက်ရှိတဲ့အနက်က ဘယ်သူဟာ မကောင်းမှုကို ကျူးလွန်ပြုလုပ်တဲ့ပုဂ္ဂိုလ် ဖြစ်သလဲဆိုတာ ငါ့ကို ပြောပြနိုင်ပဲ့မလား”

ဝိသာလဒေဝသည် ရတနမ္ဗရအား ဦးညွှတ် အရိုအသေ ပြုလိုက်သည် -

“ရသေ့မြတ်၊ ယောဂီ ကုမာရဂိရိဟာ အနိုင်မခံ အရှုံးမပေးတဲ့လူ ဖြစ်ပါတယ်။ သူဟာ ငါစွဲ သက္ကာယစွဲကို ချိုးနှိမ် နှိပ်ကွပ်ထားတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။ သူဟာ ကမ္ဘာလောကရဲ့ အပေါ်ဘက်ကို အများကြီး ထိုးထွက်လွတ်မြောက်နေတဲ့လူ ဖြစ်ပါတယ်။ သူ့ အကျင့်တရား၊ သူ့အသိဉာဏ်ပညာ၊ သူ့ စွမ်းရည်သတ္တိဟာ ကျပ်ပြည့်တင်းပြည့် ဖြစ်ပါတယ်။ ဗီဇဂုတ္တကတော့ တဏှာရဲ့ကျေးကျွန် ဖြစ်ပါတယ်။ သူ့ဘဝဟာ ကမ္ဘာလောကရဲ့ စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ ကာမဂုဏ် အာရုံထဲမှာပဲ နစ်မြုပ်နေပါတယ်။ သူဟာ မကောင်းမှုကို ကျူးလွန်ပြုလုပ်တဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။ သူဟာ မကောင်းမှု တင်းကြမ်းပြည့်နေတဲ့ ကမ္ဘာလောကရဲ့ အဓိက အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်”

ရသေ့မြတ် ရတနမ္ဗရက အမိန့်ရှိလိုက်လေ၏။

“မင်းတို့နှစ်ယောက်ဟာ ပတ်ဝန်းကျင် အခြေအနေ တစ်မျိုးစီမှာ နေခဲ့ကြရတဲ့အတွက် မင်းတို့ရဲ့ မကောင်းမှု အယူအဆဟာလည်း တစ်ဦးနဲ့တစ်ဦး ကွဲပြားခြားနား နေကြပြီ။ မင်းတို့ သွားနိုင်ကြပြီ။ မင်းတို့ ပညာစုံပြီ။ ငါ့ဆီက နိဂုံးချုပ် သင်ခန်းစာတစ်ခုကိုပဲ နောက်ဆုံး နားထောင် သွားကြပေတော့”

“ကမ္ဘာလောကမှာ မကောင်းမှုဆိုတာ ဘာမှမဟုတ်ဘူး။ မကောင်းမှုဆိုတာ လူ့အမြင် တစ်ဦးနဲ့တစ်ဦး မတူခြင်းရဲ့ အခြားအမည်နာမ ဝေါဟာရ စကားလုံးမျှသာ ဖြစ်တယ်။ လူတိုင်း လူတိုင်းဟာ ဒီကမ္ဘာလောက ဇာတ်ခုံပေါ်မှာ ကိုယ့်အခန်း ကိုယ့်အကွက်ကို ကပြ အသုံးတော်ခံဖို့ ရောက်လာကြတယ်။ မိမိရဲ့စိတ်ဓာတ်က လှုံ့ဆော်တဲ့အတွက် သူတို့ဟာ မိမိ မိမိတို့ရဲ့ အခန်းကို ထပ်ခါထပ်ခါ ကပြအသုံးတော်ခံကြတယ်။ လူ့ဘဝဆိုတာ အဲဒါပဲ။ လူလုပ်တဲ့ အရာဟူသမျှဟာ သူ့စိတ်သဘောအရသာ ဖြစ်တယ်။ သူ့ စိတ်သဘောဟာလည်း

ပတ်ဝန်းကျင် သဘာဝအတိုင်း ဖြစ်တယ်။ လူဟာ မိမိရဲ့ အရှင်သခင် မဟုတ်ဘူး။ ပတ်ဝန်းကျင် အခြေအနေရဲ့ ကျေးကျွန် ဖြစ်တယ်။ ပတ်ဝန်းကျင် အခြေအနေရဲ့ လက်အောက်ခံ ဖြစ်တယ်။ လူဟာ ပြုလုပ်သူ မဟုတ်ဘူး။ ပြုလုပ်ရာ ပြုလုပ်ကြောင်း ကိရိယာ တန်ဆာမျှသာ ဖြစ်တယ်။ ကဲ အဲဒီတော့ ကောင်းမှု မကောင်းမှုဆိုတာ ဘယ်မှာလာပြီး ရှိနိုင်ဦးတော့မှာလဲ”

“လူမှာ ငါစွဲဟာ အဓိကဖြစ်တယ်။ လူတိုင်း လူတိုင်း ချမ်းသာသုခကို လိုလားကြတယ်။ ချမ်းသာသုခ ထင်မြင်ယူဆချက်ကတော့ တစ်ဦးနဲ့တစ်ဦး မတူကြဘူး။ တချို့က ချမ်းသာသုခကို ဉစ္စာဓနမှာ တွေ့ကြတယ်။ တချို့က ချမ်းသာသုခကို သေရည်သေရက်မှာ တွေ့ကြတယ်။ တချို့က ချမ်းသာသုခကို ကာမဂုဏ်လိုက်စား ပျော်မြူးခြင်းမှာ တွေ့ကြတယ်။ တချို့က ချမ်းသာသုခကို စွန့်လွှတ်ခြင်းမှာ တွေ့ကြတယ်။ ကမ္ဘာလောကမှာ ဒုက္ခတွေ့မယ့် အရာဆိုရင် ဘယ်လိုအရာကိုမှ ကိုယ့်စိတ်သဘောနဲ့ ပြုလုပ်တဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိဘူး။ အဲဒါ လူရဲ့ စိတ်သဘောပဲ။ လူရဲ့အမြင် တစ်ဦးနဲ့တစ်ဦး မတူညီခြင်းပဲ”

“ဒါကြောင့် ကမ္ဘာလောကမှာ မကောင်းမှုရဲ့ အနက်အဓိပ္ပာယ်ကို တစ်မျိုးတည်းဖွင့်လို့ မရဘူး။ ငါတို့ဟာ မကောင်းမှုကိုလည်း လုပ်တာ မဟုတ်ဘူး။ ကောင်းမှုကိုလည်း လုပ်တာ မဟုတ်ဘူး။ ငါတို့ မလုပ်မဖြစ်တဲ့ အလုပ်ကိုသာ လုပ်ရခြင်း ဖြစ်တယ်”

ရတနမွှရသည် မတ်တတ်ရပ်လိုက်သည်။

“အဲဒါ ငါ့အယူအဆ ဖြစ်တယ်။ မင်းတို့ အဲဒါကို လက်ခံချင် လက်ခံ၊ လက်မခံချင်နေ၊ ငါကတော့ မင်းတို့ကို အတင်းလက်မခံခိုင်းဘူး။ အတင်းလက်ခံခိုင်းလို့လည်း မရဘူး။ သွားကြပေတော့။ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ နေနိုင်ကြပါစေ။ အဲဒါ မင်းတို့အတွက် ငါ့ရဲ့ ဆုမွန်ဖြစ်တယ်”

ပြီးပါပြီ။

www.mmcybermedia.com

Typing - ငွေဇင်ယော်

